www.burmeseclassic.com

တို့စာပေ

# စမ်းချောင်း အင်းစိန် ဟားဗတ်

မသီတာ(စမ်းချောင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မသီတာ(စမ်းချောင်း)



၁၉၆၆ ခုနှစ်မှာ မွေး။
၁၉၉၀ ခုနှစ်မှာ ဆရာဝန်ဘွဲ့ရ။
၁၉၈၄-၈၅ခုနှစ်ကတည်းက မဂ္ဂဇင်းဝတ္ထုတိုတွေ
စရေး။ ၁၉၉၀ ခုနှစ် အယ်ဒီတာ တာဝန်ကို
နာမည်မခံဘဲ ခံယူခဲ့ဖူး။
၁၉၉၃ ခုနှစ်မှာ နိုင်ငံရေးလှုပ်ရှားမှုကြောင့်
ထောင်ဒဏ် အနှစ် နှစ်ဆယ် ချမှတ်ခံခဲ့ရ။
အကျဉ်းကျနေစဉ် အတွင်း စာပေနှင့်
လူ့အခွင့်အရေး ဆုများ ချီးမြှင့်ခံခဲ့ရ။
၁၉၉၉ ခုနှစ်အင်းစိန်ထောင်က
လွတ်မြောက်လာခဲ့။
**အရောင်စစ်နေကြာ** လုံးချင်းဝတ္ထု၊
**ချီရုရ ပုုး ရည့်နှံအပါအဝင်** မဂ္ဂဇင်းဝတ္ထုတိုများ
**ရောင်စဉ်များရဲ့အစွန့်နှင့်** ရသနယ်မြေအတွင်းရေး
အမည်ရှိ ဝတ္ထုတိုနှင့်ရသစာရေးဆရာများ
အင်တာဗျူးစာအုပ်(**လေးနက်** ကလောင်အမည်ဖြင့်)
**တစ်၊ သုည၊ တစ်ဆယ်နှင့် ဆယ်ကျော် သက်တို့**
**ဖတ်ဖို့** ဆောင်းပါးပေါင်း ချုပ်စာအုပ်၊
**မှာတမ်းလက်ဆင့်ကမ်း**အမည်ဖြင့် အယ်ဒီတာ့
စကားစာအုပ်၊ **နေဝန်းနီ** ကာရန်များ ကဗျာ
ဘာသာပြန်စာအုပ်၊ **ဆယ်ကျော်သက်တို့ အတွက်**
**သုံးဖြတ်ရမယ့် အချက် ၆ ချက်** ဘာသာပြန်
စာအုပ်၊ **The Roadmap** မှတ်တမ်းလုံးချင်းဝတ္ထု
(**Suragamika** ကလောင်အမည်ဖြင့်)
တို့ကို ထုတ်ဝေခဲ့ပြီး ဖြစ်။

ငါတို့စာပေ

အမှတ် (75-D)၊ ဗိုးစိန်လမ်းနှင့် ဗျိုင်းငရေအိုးစင်လမ်းထောင့်၊
ဗဟန်း၊ ရန်ကုန်။
Ph: 09 73055543, 559773

www.burmeseclassic.com

စာမူမူပိုင် မသီတာ(စမ်းချောင်း)

ပါရမီစာပေမှ ပထမအကြိမ် အမြစ် ၂၀၀၂ နိုဝင်ဘာတွင်
ထုတ်ဝေ တစ်ထောင် ပုံနှိပ်ထုတ်ဝေသည်။ ပုံနှိပ်တိုက်မှာ
ရန်ကုန်မြို့ရှိ ဝင်းပယ်ပုံနှိပ်တိုက်ဖြစ်သည်။
မျက်နှာဖုံး ပန်းချီကို ဖိုးနိုင်းပန်းချီ မြင့်ဆောင်ကျော်က သရုပ်ဖော်သည်။
အတွင်းဓာတ်ပုံ ဖိုးနိုင်းများကို ဖြိုးဦးမိုင်က ပြုလုပ်သည်။

စမ်းချောင်း အင်းစိန် ဟားဗတ် စာအုပ်တွင် ဖော်ပြထားသည်များမှ
တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း
အခန်းလိုက်သော်လည်းကောင်း
ဓာတ်ပုံများကိုသော်လည်းကောင်း
တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ
တစ်ဆင့်ပြန်လည် ကူးယူဖော်ပြခြင်းကို ခွင့်မပြု။
စာရေးသူ၏ ခွင့်ပြုချက်ရမှသာ
တစ်ဆင့် ဖော်ပြရန် အသိပေးအပ်သည်။

တန်ဖိုး ၄၀၀၀ကျပ်

Memoir
Printed in Myanmar
ISBN 978-99971-0-001-6

မသီတာ(စမ်းချောင်း)
စမ်းချောင်း အင်းစိန် ဟားဗတ် / မသီတာ(စမ်းချောင်း)
ပါရမီစာပေ၊ ၂၀၀၂
၂၅၇-စာ၊ ၁၃ စင်တီ x ၂၀ စင်တီ
(၁) စမ်းချောင်း အင်းစိန် ဟားဗတ်

# စမ်းချောင်း-အင်းစိန်-ဟားဗတ်

ဦးဝင်းတင် အမှာ ၁၃
ဦးမျိုးမြင့်ငြိမ်း အမှာ ၁၇
မမွှားရီအရှင်ဝိရိယ(တောင်စွန်း) အမှာ ၂၅

၁။ ဝိုးတဝါးအိပ်မက်များနှင့် လမ်းလျှောက်ခြင်း ၂၆

က။ မူလတန်းအိပ်မက်များ ၂၆
မြကျွန်းသာမှ အစပြု၍
ဆေးတုကြောင့် ဆေးရုံရောက်
အားကျစိတ်နဲ့ အရုက်အကြောက်
အိပ်မက်ကို အမွေဆက်ခံလို့

ခ။ ဆယ်ကျော်သက်အိပ်မက်များ ၃၅
လက်တွေ့ထဲက အိပ်မက်၊ ပုံပြင်ထဲက ဘဝ
ခေါင်းမီးလောင်ခဲ့ရသည့် စာကြမ်းပိုးဘဝ
မုဒုကို စွဲလမ်းလာခြင်း
ပဋ္ဌာစာရီထေရီကို အားကျခြင်း
နောက်ဆုံးတော့ ကလောင်ကိုင်မည်

ဂ။ အိပ်မက်များကို ဖမ်းဆုပ်ခြင်း ၄၂
လူမယုံသည့် စာရေးဆရာမဘဝ
သုတေသနစာတမ်းလား တိုင်စာလား
ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်

www.burmeseclassic.com



၂။ အမှောင်တွင်းထဲသို့ လိမ့်ကျခြင်း ၄၇

က။ တွင်းနှုတ်ခမ်းပေါ်မှာ
တော်လှန်ရေးအစ
ဆိုရှယ်လစ်နောက်ဆုံးနေ့များ
ဗွန် ဇူလိုင် အရေးအခင်းများ
ရှစ်လေးလုံးအရေးတော်ပုံ အောင်ရမည်
ပြည်သူ့ခေါင်းဆောင် ပေါ်ထွက်ပြီ
အာဏာသိမ်းပြီ
မျဉ်းစောင်းများနှင့် ဆောင်းပါး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
သက်ရှိကွန်ပျူတာ ငြီးငွေ့လာခြင်း
မမေ့နိုင်စရာ စည်းရုံးရေးခရီးများ
ဦးအောင်ကြီးနှင့် အဖွဲ့ချုပ်လမ်းခွဲ
မွန်ခရီးနှင့် ဒေါ်ခင်ကြည်ရှာပန်
ရဲရင့်သော၊ ရက်စက်သော ဧရာဝတီ
ဧရာဝတီသားတို့ ဇွဲ
တစ်ကျော့ပြန်ပုသိမ်
မနားတမ်း ရှမ်း၊ ကယား သွားမည်
မအောင်မြင်သော ကချင်ခရီး
တစ်သက်မှာတစ်ခါသာ ဆင်နွှဲနိုင်ခဲ့သည့် အဖွဲ့ချုပ်သင်္ကြန်
ဆရာဦးဝင်းတင်ကို ဖမ်းပြီ
အာဇာနည်နေ့နှင့် နေအိမ်အကျယ်ချုပ်
အယ်ဒီတာစားပွဲဆီသို့

ခ။ တွင်းခုလတ်မှာ ၈၇
ရွေးကောက်ပွဲနှင့် နောက်ဆက်တွဲ
ထီပေါက်ပြီးလက်မှတ်ပေါက်သည့်အဖြစ်
ဘာတွေဖြစ်ကုန်ကြပြီလဲနှင့် နောက်ဆုံးနှစ်အပိုင်း(ခ)
ညောင်သီး၊ လေးသံများနှင့်အတူ
အမည်မခံ အယ်ဒီတာဘဝ



အလုပ်သင်ဆရာဝန်ဘဝနှင့် မောင်သော်က၏
နောက်ဆုံးနေ့များ
တစ်ခါတုန်းက မောင်သော်က
လက်မချင်း ဆုံသည့် ခဏ
ငယ်အိပ်မက်ကို လမ်းခွဲခြင်း (သို့) အဝေးရောက်ဘွဲ့
ဘာမဆို အခမဲ့လုပ်သည်
ညီလာခံအကြို၊ နေကြာအစ

ဂ။ တွင်းအခြေသို့ ၁၀၇
စစ်ကြောရေးနှင့် ပုဉ်းမနားခရီး
ခေတ်ပြိုင်၊ မီးရထား
ထောက်လှမ်းရေးကို တော်ချာလုပ်ခြင်း
အင်းစိန်ထောင်သို့
နားငရဲ မျက်စိငရဲ

ဃ။ တွင်းအခြေမှာ ၁၁၇
စကတည်းက ယဉ်သကို (သို့) ထောင်ရောက်စ
အနောက်တိုက်ကို ပို့ခြင်း
အနှစ်နှစ်ဆယ် ဆိုပါလားဟော့
အကျဉ်းဆောင်မှာ တစ်ညနေ
အကျဉ်းသူဘဝ အစ
ထောင်ဝင်စာလူဆိုး
အတွင်းထောင်ဝင်စာနှင့် ပြဿနာများ
အားကိုးရသည့် မချူး
ဝန်ကြီးလာမယ်တဲ့
ပဟေဠိလုပ်လာသည့် ထောင်မှူးမ
အမေရိကန်လွှတ်တော်အမတ်နှင့် တွေ့ဆုံခြင်း
ညီလာခံနှင့် ဒိုင်ယာလော့ခ်
မာစတာဘရိမ်းမို့ စကားမပြောရတဲ့
အားဆေးများကို မှီဝဲခြင်း

www.burmeseclassic.com

www.burmeseclassic.com




အချုပ်တိုက် ဝမ်းလေဒီရှိုး
ဆုတ်ယုတ်လာသည့် ကျန်းမာရေး
စည်းရုံးရေးနှင့် ဆက်ဆံရေး
ခေတ်သစ်ရော်ဘင်ဆန်ခရူးဆိုး

၃။ မိမိကိုယ်ကို ကုစားခြင်း ၁၅၁

က။ အနာတရများ
အင်းဆက်များနှင့်အတူ
တီဘီ စဖြစ်ခြင်း
ဆေးမတိုးဘဲ ရောဂါတိုး
ဆိုးသထက်ဆိုးလာသည့် ဝေဒနာ
ဝေဒနာနှင့်အပြိုင် ဆရာဝန်ကို ရင်ဆိုင်
သားအိမ်နှင့် အသည်းပြဿနာ
ထောင်မှာ ကုမရတော့

ခ။ လွတ်လပ်မှု ၁၆၆
အင်းစိန်ဆေးရုံသို့
ပီတိနှင့် သောကအရော ဂွဒ်မောနင်း
ထောင် ပြန်ပို့မည်
အတိုတောင်းဆုံး အစာငတ်ခံ ဆန္ဒပြမှု
လွတ်လပ်ခြင်း၏ အနက်မှန်
မပြီးနိုင်သော ရုန်းကန်မှု
ရာဇဝတ်သားတို့ ရင်ဆိုင်ပုံ
စာမေးပွဲကျခြင်း

ဂ။ အကြောက်တရား ၁၈၃
ကိုယ်မပါဘဲ ကျင်းပသည့်မွေးနေ့
နိုင်ငံခြားသား အကျဉ်းသူ
အဲ့ဖွယ်ဆေးကုသမှုများ





မဆုံးနိုင်သော ရင်ဆိုင်မှုများ
သံဝေဂအစ
အနာဂတ်ကို သုံးသပ်ခြင်း
လွတ်လပ်ခြင်း၏ နောက်ထပ်အနက်
ကံကို သုံးသပ်ခြင်း
လက်တွေ့ကျမည့် လွတ်မြောက်ရေး
အကြောက်ဖြစ်ဆုံး အကြောက်တရား

ဃ။ သဒ္ဓါ၊ သီလ ၂၀၀
သီလက စမည်

င။ သုတ၊ လုံ့လ၊ သတိ၊ ပညာ ၂၀၄
တစ်ကိုယ်တော် ထောင်မွေ့ရိပ်သာ
ရုပ်နာမ်သဘာဝ
သိစိတ်တရားခံ
အကြောင်းနှင့် အကျိုး
အနိစ္စ၊ ဒုက္ခ၊ အနတ္တ
ထမင်းပြဿနာ ဝင်ရှင်းခြင်း
ဖြစ်ပျက်အစဉ်တန်း
ပြန်ဖြစ်မှာကို ပျက်မှာထက် ကြောက်
ပြေးစရာ မြေမရှိ
အားထုတ်ပြီးနောက်

၄။ အမှောင်ထဲမှာ လျှောက်ထွက်ခြင်း ၂၃၀

က။ ပကတိကို လက်ခံခြင်း ၂၃၀
ထောင်တွင်းထောင်ပ ကမ္ဘာ
နိစ္စပတ် ဥပုသ်
ပျော့ပျော့နှင့် နံသည့် ကြောင်ချေး
ပကတိနှင့် သဟဇာတ


www.burmeseclassic.com

www.burmeseclassic.com




စာပေဆုနှင့် စာမေးပွဲထပ်ကျခြင်း
ရန်သူမျိုးငါးပါး
ထောင်ထဲက လုံးချင်းတိုက်
အချုပ်သစ်များ
အားဆေးများနှင့် နောက်ထပ်ဆု

ခ။ အစမှကို အာခံခြင်း ၂၄၆
ဝင်လာမစဲ တသဲသဲ
ဂုဏ်ပြုပြန်ပြီ
ထမင်းဖြူတစ်လုပ်၏ ကြမ္မာ
ရေပြဿနာ
ရှင်းရပြန်ပြီ
ရေနစ်ခါချိုးခွင့် တင်ရခြင်း
ပုံစံပြဿနာ
တစ်ကျော့ပြန်နာကျင်မှု
ရောဂါအခြေအနေ ဆိုးသထက်ဆိုးလာပြီ
အနာချင်းမတူသည့် အနာ
ဖိနှိပ်မှုနှင့် သွေးခွဲမှု
နဝတမှသည် နအဖ
ထောင်ပြောင်းကြပြီ
ဆယ်နှစ်တည်စေအမိန့်

ဂ။ အဂတိမဲ့ ဆက်ဆံခြင်း ၂၇၄
ဂရုစိုက်ပြလာခြင်း
မချူး လွတ်ပြီ
မပြီးနိုင်သော ကုထုံးနှင့် ဝေဒနာ
တင်းမာလာသည့် ပြင်ပနိုင်ငံရေး
အပြင်က လူဖမ်းပွဲ
ရောဂါရှာခွင့်မရ
သရက်သီးလေးလုံး သင်ခန်းစာ





၃။ အလယ်လမ်းမှာ လျှောက်လှမ်းခြင်း ၂၉၄

က။ မျှော်လင့်မထားသောဖြစ်ရပ် ၂၉၄
တရားမဝင် သိလိုက်ရသော 'မောင်လေးဆုံးပြီ'
ပို့ခွင့်မရလိုက်သော မောင်လေးအသုဘ
မိဘကျေးဇူးဆပ်ဖို့

ခ။ ထင်မှတ်မထားသည့် အိမ်အပြန် ၃၀၆
စစ်ကြောရေးတဲ့
ဆေးရုံဖြစ်သွားပြန်ပြီ
နောက်ဆုံးအချိန်ထိ ညာ
လွတ်လူ့စကား
ပြင်ပကမ္ဘာသို့ အဝင်
နောက်ဆုံးအချိန်ထိ ပြဿနာရှာ
အိမ်မရောက်မီ ထရန်စစ်များ
အိမ်ပြန်ရောက်ပြီ

ဂ။ ပိုပြီးကျယ်သည့် ထောင် ၃၁၈
အနှောင်အဖွဲ့များမှ ကြိုဆိုခြင်း
အစ်မနှင့် ပြန်အဆုံ
ထောက်လှမ်းရေးတွေနှင့် တွေ့ကြပြန်ပြီ
တပ်မှူး၏ တောင်းပန်စကား
အရောင်စစ်နေကြာ ပြန်ထွက်ပြီ
ဆရာဝန်ဘဝကို ပြန်စ
စကားစစ်ထိုးမှုများ
ပတ်စ်ပို့တင်ခြင်း

ဃ။ ရွေးချယ်ထားသည့် လက်ရှိဘဝ ၃၃၅
မသီတာစမ်းချောင်း ၃၄၆


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ကြိမ်တို့သံ ညံ့ညံ့ပေးကြစို့
# စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်

ဟံသာဝတီဦးဝင်းတင်

၁။

မသိတာက သူ့'ဘာလဲဟဲ့ လူ ငရဲ'စာမူ တစ်ထွေးတစ်ပိုက်ကြီး လာပေးသွားတယ်။ စကားလေးဘာလေး ဝင်ပြောပါအုံးဆရာတဲ့။ သူ့စာအုပ်အမည်က 'စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်'ပါ။ ဘာလဲဟဲ့ လူငရဲဆိုတာက ကျွန်တော်ရဲ့ ထောင်ပြန်မှတ်တမ်းစာအုပ်နာမည်ပါ။

သူ့စာအုပ် ကျွန်တော်စာအုပ် သဘောသရုပ်က ဆင်တူရိုးမှားဖြစ်လို့ သူ့စာမူကို'သူ့ဘာလဲဟဲ့ လူငရဲ'လို့ တင်စားလိုက်တယ်။ ကျွန်တော့်စာအုပ်ကိုတော့ 'စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်'လို့ ပြောမရနိုင်ပါဘူး။

ကျွန်တော် စမ်းချောင်းမှာ နေခဲ့ဖူးတယ်။ ၁၉၄၈-၄၉ လောက်က လှည်းကူး စာဘူးတောင်းတိုက်ပွဲမှာ ကျသွားခဲ့တဲ့ မောင်မောင်မြင့်တို့နေတဲ့ လမ်းမှာ။ လမ်းနာမည် မေ့နေပြီ။

ကျွန်တော် အင်းစိန်မှာ နေခဲ့ဖူးတယ်။ ၁၉၈၉-၂၀၀၈ လောက်က လူ့ငရဲလို့ ကျွန်တော် တံဆိပ်ရိုက်ခဲ့တဲ့ အင်းစိန်ထောင်မှာ (နွားသတ်ရုံပို့မယ့်နွားအို၊ နွားပိန်ကို သံပူတံဆိပ်ရိုက်သလိုမျိုးပေါ့)။

ဟားဗတ်ကတော့ ကျွန်တော်နဲ့ ကံမဆုံပါဘူး။ ဟားဗတ်ပြန် သူငယ်ချင်းတွေကို လွမ်းရတုန်း။ ဦးဝင်းကြည်(မြင်းခြံ)တရားရုံးချုပ် ရှေ့နေကြီး။ ၁၉၅၀ လောက်က စာပေဗိမာန်မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်တယ်။ အခုတော့ ကွယ်လွန်ရှာပါပြီ။ ဦးညွန့်ဝေ(အစိုးရစီးပွားရေးပညာရှင်ကြီး) ၁၉၈၈ လောက်ကတည်းက ဒီနေ့အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ နိုင်ငံရေးလုပ်တယ်။ မသေရှာသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စာအုပ်နာမည်ကို မသီတာစာအုပ်မှာ ပုံနှိပ်။ သူ့စာအုပ်နာမည်ကို ကျွန်တော့်စာအုပ်မှာ ပုံနှိပ်။ ရတာပါပဲ။ ကျွန်တော့်စာအုပ်ကလည်း ထောင်အကြောင်း၊ သူ့စာအုပ်ကလည်း ထောင်အကြောင်း၊ ကောင်းတာချင်းတူနိုင်တော့ အမည်ချင်းပြောင်းလဲ ကိစ္စမရှိ။

ကိစ္စမရှိတော့ မဟုတ်ဘူး။ ကိစ္စရှိတယ်။ သူ့စာအုပ်က ပိုကောင်းနေတာကိုး။ အကောင်းပေါ် အကောင်းဆင့်တယ်ဆိုပြီး အဆင့်စကား အလကားမှုးတင်းပြောတာ မဟုတ်ပါဘူး။

ကျွန်တော့်စာအုပ်က သတင်းစာကလောင်နဲ့ရေးတယ်။ အဖြစ်ကိုရေးတာ။ သနစ်ကိုရေးတာ။ ထောင်ဆိုတာ ငရဲဟော့လို့ ပြောပြတာ။ ထောင်ဆိုတာ ကျောင်းဟော့လို့ ပြောပြတာ။ ရသဆွဲ့ရှားတယ်။ ခံစားချက်များတယ်။

မသီတာစာအုပ်က စာပေကလောင်နဲ့ရေးတယ်။ ဝေဒနာကိုရေးတာ။ စေတနာကိုရေးတာ။ 'ထောင်ဆိုတာ စိတ်ခံယူချက်ရှင့်'လို့ ပြောပြတာ။ 'ထောင်ဆိုတာ ရုပ်ခံစားချက်ရှင့်'လို့ ပြောပြတာ။ ရသပြည့်လျှံတယ်။ ခံစားချက်ဖောင်းလံတယ်။

၂။

သူ့စာအုပ်တစ်နေရာမှာ မသီတာက သူဝတ်ပုံစားပုံ ပြောင်းရပြင်ရပုံ ပြောဟန်ဆိုဟန် ပြင်ရဟန် ပြောင်းရဟန်တွေကို ပြောပြတယ်။ ဟိုအရင်တုန်းက သူစကားပြောရင် 'ကျွန်ုပ်'ကို ထည့်ခဲ့တယ်။ ထောင်ထဲရောက်တော့ 'ကျွန်တော်'တောင် မသုံးတော့ဘူး။ 'ကျွန်မ'လို့ ပြင်ယူတယ်။ ယောကျ်ားလျာ ထင်မှာစိုးလို့တဲ့။

ကျွန်တော် မှတ်မိတာကတမျိုး။ ၁၉၈၈ ကုန်ပိုင်းတစ်နေ့ မသီတာတို့ ကျွန်တော့်စားပွဲကို ရောက်လာတယ်။ ပြောလိုက်တာ။ အကျွန်ုပ်၊ အကျွန်ုပ်တွေ ထပ်ခါထပ်ခါ။ အပီယဝါစာတွေ မိုးလုံးပြည့်။ ကျွန်တော်လန့်သွားတယ်။ ဆရာကြီး ရွှေဥဒေါင်းနဲ့ စကားပြောနေရသလား ထင်မိတယ်။

အဲဒီအချိန်က မသီတာ စာရေးဆရာဖြစ်နေပြီ။ ဆရာဝန်ဖြစ်နေပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ လုပ်အားပြည့်လာပေးနေတာ။ သူ့ဝတ္ထုတို၊ ရှည် ၆၀ ကျော် ပုံနှိပ်ပြီးနေပြီ။

ဒီချုပ် ခေတ်ဦးပိုင်း ပျော်စရာအချိန်တွေအကြောင်း ဖတ်ရတယ်။ မှတ်တမ်းမှတ်ရာတွေ မကျန်တော့တဲ့ ဒေါ်စုခရီးစဉ်တွေအကြောင်း ခေတ်ရှန့်



သင်းသင်းဖတ်ရတယ်။ ၁၉၈၉ ဒီချုပ် သကြံန်အကြောင်း တူးပို့တူးပို့သံ ငြိမ့်ငြိမ့် ဖတ်ရတယ်။

မသီတာ မာတယ်၊ စွာတယ်၊ နွားတယ်။ ဒီအချိန်က ဇဟိုကော်မတီဝင်တွေဖြစ်တဲ့ မောင်မိုးသူနဲ့ တကျက်ကျက်၊ ဝင်းခက်နှင့် တစောင်စောင်။ သူ့အပြောအဆိုအမူအရာတွေက 'ဂျမ်းတောဂျစ်တိုက်'။ ထောင်ဘဝဆိုတာ လွယ်လွယ်နဲ့မရ။ ပြေးခုန်ပစ်ပြိုင်ပွဲတမျိုးဖြစ်တဲ့ တုတ်ထောက်ခုန်ပြိုင်ပွဲလိုပဲ။ အဝေးကြီးကပြေးလာပြီး ဖွဲ့ကျင်းကြီးအနားရောက်တော့ ထောက်လှမ်းခုန်ရတယ်။ နောက်ဆုံးမှာ ကျင်းကြီးထဲမကျခင် လွန့်ခုန်ရတယ်။ တောက်လျှောက်ပြေးတယ်၊ ခုန်တယ်။ ကျင်းထဲရောက်ပြန်တော့ ကောင်းကောင်းမကျပက်လက်ဖင်ထိုင်ကျတယ်။ အခွင့်မသင့်ရင် ကိုယ့်ခြေထောက်ကျတာကတစ်နေရာ၊ ကိုယ့်တင်ပါးကျတာကတခြား။ ဒီလိုနဲ့ နေ့၊ ရက်၊ လ၊ နှစ် အမှတ်အသားတွေ လွဲကုန်တယ်။ ရဲဘော်ရဲဘက် အသိစိတ်တွေ ကွဲကုန်တယ်။

မသီတာက ထောင်ထဲမဝင်ခင် အခန်းတွေမှာရော၊ ထောင်ထဲရောက်တဲ့ အခန်းတွေမှာရော၊ ထောင်သတင်းပုလင်းတွေ၊ အာဏာရှင်အစိုးရသတင်းပုလင်းတွေ စုံတကာစေ့နေအောင် ရေးထားတယ်။ စပ်စပ်စုစု သုတေသနစိတ်ကလေးကြောင့်လည်းဖြစ်တယ်။ ရှာရှာဖွေဖွေ မရ၊ ရတာချွေ (ယတြာချေမဟုတ်) စိတ်ဓာတ်ကြောင့်လည်း ဖြစ်တယ်။

မြန်မာနိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ်တွေကို ကမ္ဘာ့သတင်း၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ သတင်းတွေ၊ အာဏာရှင်ရပ်ကွက်သတင်းတွေ ကျောထောက်နောက်ခံထား ရေးခြယ်ပြသွားတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော် သတင်းတွေကို ဖတ်ရတာ လှလိုက်တာ။ ပေါင်မုန့်ညှိမြာကြားမှာ အဆီတစ်ထပ်၊ အသားတစ်ထပ်၊ အရွက်တစ်ထပ်၊ ဒိန်ချဉ်တစ်ထပ်၊ အစီအရီထပ်ပြီး အားရပါးရ ဟပ်ရသလို အရသာရှိတယ်။

၃။

ကျွန်တော် အင်းစိန်ထောင်ထဲမှာ နှစ် ၂၀ နေခဲ့တယ်။ ၂၀၀၈ စက်တင်ဘာ ၂၃ မှ လွတ်တယ်။ ထောင်သက်တစ်လျှောက်လုံး ကျွန်တော့်ကို တစ်ယောက်တည်း တိုက်ပိတ်ထားခဲ့တယ်။ ကျွန်တော့်ကို ချော့တယ်။ နီးနီးနီးပဲ။ ချောက်တယ် နီးနီးနီးပဲ။ ခံဝန်ချက်ထိုးခိုင်းတယ်။ နီးနီးနီးသဲ

www.burmeseclassic.com



၂၀၀၅ မှာ လွတ်ပေးမယ်ဆိုပြီး လူတွေ အများကြီးနဲ့အတူ ထောင်ဘူးဝထုတ်ထားတယ်။ ထောင်ဘူးကျမှ တိုက်ထဲပြန်ပိတ်တယ်။ ကျွန်တော်ကတော့ နီးနီးနီးပဲ။

ကျွန်တော် ထောင်ကလွတ်လာတဲ့ ညနေ မီဒီယာတွေနဲ့ တွေ့တယ်။ မြန်မာပြည်ကြီး တစ်ပြည်လုံး ထောင်ကျနေတယ်။ ထောင်ထဲက လူတွေရော၊ ထောင်ပြင်ကလူတွေပါ အားလုံး အားလုံး အကုန်လုံးလွှတ်ပေးမှ ကိစ္စပြတ်မယ်။ မဟုတ်ရင် လွှတ်/တောင်းသံတွေ တစ်ပြည်လုံးညံနေဦးမှာပဲ။ ကျွန်တော် အဲဒီလို မြန်မာ၊ ကမ္ဘာ တစ်ပြည်လုံးကြားအောင်ဟစ်ခဲ့တယ်။

မသီတာကလည်း ဒီစာအုပ်မှာ ကျွန်တော့်အသံနဲ့ တစ်ထပ်တည်း ဟစ်ခဲ့တယ်။ ထောက်လှမ်းရေးက မသီတာကို လာတွေ့တယ်။ ရန်စွယ်ငေါ ငေါပြောဝာယ်။ 'အရေးကြီးတယ် ထင်တဲ့နေရာတွေ ပုဂ္ဂိုလ်တွေဆီသွားရင် အကြောင်းကြားပါ' ပြောတယ်။

မသီတာက ထောက်လှမ်းရေးကို ပညာပေးလိုက်တယ်။ သူထောင်ထဲမှာတုန်းကလည်း ထောက်လှမ်းရေးကို တော်ချာ (ညှဉ်းပမ်းမှု)ပြန်ပေးခဲ့တယ်။

သူ့စာအုပ် နိဂုံးပိုင်းမှာ မသီတာက *'အင်းစိန်ထောင်မှ လွတ်မြောက်လာသော်လည်း ပိုပြီး ကျယ်ဝန်းသည့် 'မြန်မာနိုင်ငံ အကျဉ်းထောင်' ထဲမှ မထွက်နိုင်ဘဲ ဖြစ်ရပြန်ပါသည်'* လို့ ရေးထားတယ်။

အကျဉ်းထောင် ပရဝဏ်တွေကို ကျဉ်းအောင်၊ မြောင်းအောင်၊ သေးအောင်၊ ငယ်အောင် ချုံ့ပစ်ဖို့ ကျွန်တော်တို့ ကြိမ်တို့ကြရပါတယ်။

မသီတာရဲ့ ဒီစာအုပ်ဟာ 'ကြိမ်တစ်တို့' ဖြစ်ပါတယ်။ မသီတာလို နိုင်ကျဉ်းဟောင်း၊ ကလောင်အပေါင်းတို့ 'ကြိမ်တို့' တွေ ပြောင်ပြောင်လက်လက် မွေးထုတ်နိုင်ကြပါစေ။

**ဟံသာဝတီ ဦးဝင်းတင်**

**စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ် စသည်··· စသည်ဖြင့်···**

**မျိုးမြင့်ညိမ်း**

**စမ်းချောင်း**

၁၉၈၀ ခုနှစ်လွန်ကာလများမှာပါ။

စားပွဲရှေ့မှာ ရိပ်ခနဲ အဖြူအစိမ်းတစ်စုံတွေ့လို့ မော့ကြည့်တော့ ဆယ်ကျော်သက်မိန်းကလေးတစ်ယောက် တွေ့တယ်။ မျက်လုံးချင်းဆိုင်မိချိန်မှာပဲ 'ဇာနည့် ဆရာမပါ' လို့ ပြောသံတိုးတိုးကြားလိုက်တယ်။ ဇာနည်ဆိုတာ ကျွန်တော့်သား ဇာနည်မျိုးမြင့်ညိမ်းပါ။ သားရဲ့ဆရာမဆိုမှ သူ့ကို မှတ်မိတယ်။ ပုဇွန်တောင် အေးတံတားနားက ကျူရှင်မှာ သားကို သွားကြိုတဲ့ အခါတွေ့နေကျ ကျူရှင်ကြိုချိန် နောက်ကျနေရင် သားကိုထိန်းရင်း ဝရန်တာ တနေ စောင့်မျှော်နေကျ သားဘေးက ဆရာမ။

သားက သူငယ်တန်းပဲ ရှိသေးတာမို့ မိဘဆီအထိ ဆရာမလိုက်လာပြီး တိုင်စရာအကြောင်းတော့မရှိ။ ဒါကြောင့် ဘာများလည်း စမ်းစစ်ကြည့်တော့ ပေဖူးလွှာမဂ္ဂဇင်းကို စာမူလာပို့တာပါလို့ ဆိုပါတယ်။ အဲဒီကာလမှာ အဲဒီအရွယ် စာရေးသူတစ်ယောက် မဂ္ဂဇင်းတိုက်ကို စာမူလာပို့တာ သူပထမဆုံးပဲဖြစ်မယ်ထင်ပါတယ်။ အဲဒီကာလတွေမှာ တခြားမဂ္ဂဇင်းတွေကိုလည်း သူစာမူပို့တယ်။ တချို့မဂ္ဂဇင်းတွေက သူ့အဖေ သို့မဟုတ် သူ့အမေရဲ့ စာမူလာပို့တဲ့ကလေးလို့ ထင်ကြတယ်ဆိုတာ နောင်ခင်မင်ရင်းနှီးလို့ စကားစမြည်ပြောရင်း ရယ်ဖြစ်တယ်။

အဲဒီအချိန်က ပေဖူးလွှာမဂ္ဂဇင်းဆိုတာ မြန်မာပြည်မှာ ထောင်မြင့် ကျော်ကြားတဲ့ မဂ္ဂဇင်းပါ။ ပေဖူးလွှာနဲ့အပြိုင် မဟေသီ၊ ချယ်ရီ၊ ရှုမဝ၊ စံပြန် ··· အစရှိသည်။

www.burmeseclassic.com



သူ့စာမူတွေ ဖတ်ကြည့်တော့ သူရေးဟန်ထူးခြားနေတာတွေ့ရတယ်။ ပြောရမယ်ဆိုရင် အဲဒီအချိန်ဟာ စိတ်အလျဉ် ဝတ္ထုတွေ ခေတ်စားပါတယ်။ Stream of Conciousness လို့ ဒီဝတ္ထုတွေကို ဆိုကြတယ်။ မနုလေးက စာရေးဆရာတွေ အုံနဲ့ ကျင်းနဲ့တွင်ကျယ်လာတဲ့အချိန်ပါ။ လူငယ်မျိုးဆက်သစ်တွေ တစ်ခေတ်ဆန်းချိန်လို့ ဆိုရပါမယ်။ သူရေးတဲ့ဝတ္ထုတွေကို ဖတ်တော့ အတွေးဝတ္ထု၊ အတွေ့ဝတ္ထု၊ အတွေးထဲက အတွေ့ဝတ္ထု၊ အတွေ့ထဲက အတွေးဝတ္ထု၊ အတွေးထဲက အတွေးဝတ္ထု၊ အတွေ့ထဲက အတွေ့ဝတ္ထုဆိုတာ တွေတွေ့ရတယ်။ ထူးခြားတာက သူများမမြင်တဲ့အမြင်မျိုး သူ့မှာရှိတယ်။ သူများမတွေးတာမျိုးသူတွေးတယ်။ သူများမတွေ့တာမျိုး သူတွေ့တယ်။ ဒါတွေကပဲ သူ့ကို စာရေးဆရာဖြစ်စေခဲ့တာပါပဲ။

သူနေတာ စမ်းချောင်းမှာပါ။ ဆေးတက္ကသိုလ် ပထမနှစ်ကျောင်းသူဖြစ်တယ်။ ဆယ်တန်းစာမေးပွဲဖြေနေချိန်ထိ ဘောလုံးကန်တယ်။ အခုအချိန်လို အမျိုးသမီးဘောလုံးအသင်းတွေရှိရင် သူက ဆရာဝန်စာရေးဆရာ ဘောလုံးသမား ဖြစ်မယ်ထင်ပါတယ်။

မဂ္ဂဇင်းတွေမှာ ဝတ္ထုကဗျာရေးသူတွေ စာမူပို့လေ့ရှိတယ်။ တစ်ပုဒ်၊ နှစ်ပုဒ်ပေးပြီး စိတ်ကုန်သွားတတ်ကြတယ်။ တစ်ခါတရံ အဲဒီတစ်ပုဒ်၊ နှစ်ပုဒ်ထဲက အယ်ဒီတာက ကြိုက်လို့ မဂ္ဂဇင်းမှာ ဖော်ပြမယ်ဆိုရင်တောင် အဲဒီစာရေးသူကို ပြန်ဆက်သွယ်လို့မရအောင် ခြေရာပျောက်သွားကြတယ်။ တချို့ကျတော့ တစ်ပုဒ်ပယ်ရင် နှစ်ပုဒ်ပို့တယ်၊ နှစ်ပုဒ်ပယ်ရင် လေးပုဒ်ပို့တယ်ဆိုတာမျိုး ရှိတယ်။ သူကတော့ တစ်ပုဒ်ပယ်ရင် နောက်တစ်ပုဒ် လွယ်အိတ်ထဲကထုတ်ပေးဖို့ အဆင်သင့်ရှိနေတတ်တဲ့ စာရေးဆရာမျိုးပါ။ ဒါကြောင့်မို့လဲ စာရေးသက် ၄ နှစ် ၊ ၅ နှစ်အတွင်းမှာ မဂ္ဂဇင်းဝတ္ထုတို ၅၀ ကျော် ပုံနှိပ်ဖော်ပြပြီးဖြစ်ခဲ့ပါတယ်။ ကလောင်နာမည် မသီတာ (စမ်းချောင်း)ဆိုတာလည်း လူသိထင်ရှားကလောင် ဖြစ်ခဲ့ပါတယ်။

စာပေလောက အမှောင်ခေတ်ထဲမှာ ရဲရင့်စွာဖြတ်သန်းရင်း ၁၉၈၈ လူထုလှုပ်ရှားမှုကြီးထဲမှာ သူပါဝင်လာခဲ့ပါတယ်။ ကြွေးကြော်သံများ၊ ခြိမ်းခြောက်သံများ၊ ဟစ်ကြွေးသံများ၊ သေနတ်သံများ ကြားထဲမှာဖြတ်သန်းရင်း လူငယ်ပန်းချီဆရာတွေနဲ့အတူ အရောင်သစ်ဆိုတဲ့ ဂျာနယ်ကိုဦးဆောင်ခဲ့တယ်။ ဒို့အရေးဆိုတဲ့ နေ့စဉ်သတင်းစာမှာပါဝင်ခဲ့တယ်။ သက်တမ်းမရှည်လှဘဲ လွတ်လပ်ခွင့်ဆုံးရှုံးအပြီးမှာ ဒီမိုကရေစီရေးလှုပ်ရှားမှုအခွင့်ရေးတွေအတွက်



လှုပ်ရှားကြရတော့လည်း သူက တက်ကြွစွာပါဝင်ခဲ့ပါတယ်။ မြန်မာပြည်တစ်နံတစ်လျားစည်းရုံးရေးခရီးစဉ်များမှာ တက်ကြွစွာ၊ ပေတေစွာ၊ ရဲရင့်စွာ အတူလှုပ်ရှားခဲ့ဖူးပါတယ်။

## အင်းစိန်

၁၉၉၀ ခုနှစ် ဂန္ဓီညီလာခံအပြီး နိုင်ငံရေးလှုပ်ရှားမှုများမှာ ကျွန်တော်အကျဉ်းချခံရပါတယ်။ အကျဉ်းထောင်ထဲက ဘဝတွေအကြောင်း မပြောချင်ပေမယ့်လည်း ဒီနေရာမှာတော့ ပြောဖို့လိုမယ်ထင်ပါတယ်။ ထောင်ထဲရောက်ပြီဆိုတာနဲ့ တစ်လောကလုံးကို မျက်ခြည်ပြတ်သွားရတော့တာပါပဲ။ စာမဖတ်ရ၊ စကားမပြောရ၊ သီချင်းမဆိုရ စသည် စသည်ဖြင့်။ မရခြင်းအားလုံးကို အဲဒီနေရာမှာ ကြုံရတယ်။ အဆိုးဆုံးကတော့ ကမ္ဘာလောကကြီး ဘာဖြစ်နေသလဲဆိုတာ မသိရတာပါပဲ။ အဲဒီအခြေအနေထဲက ရနိုင်သမျှနည်းလမ်းနဲ့ ပြင်ပကမ္ဘာကို ကျွန်တော်တို့ ဆက်သွယ်ကြတယ်။ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေသိရအောင် ကြိုးစားကြတယ်။ သတင်းဟာ ကျွန်တော်တို့ အသက်လို့ သဘောထားကြတယ်။ စိတ်ဓာတ်ရှိတဲ့သူတွေကို ဆက်သွယ်ကြည့်တယ်။ အကူအညီပေးသူဝန်ထမ်းကိုမေးထုတ်တဲ့အပြင် သက်ဆိုင်ရာကို အကြောင်းကြားမယ်ဆိုတဲ့ နိုင်ငံကျော်စာရေးဆရာကိုလည်းတွေ့ရတယ်။ ဒီတစ်ခါတော့ ရှိပါစေ။ နောင်များတော့မလာပါနဲ့ဆိုပြီး ငါးပိကြော်တစ်ထုပ်လက်ဆောင်ပေးလိုက်သူလည်းရှိတယ်။ ရေးပေးလိုက်တဲ့စာကို တုန်တုန်ယင်ယင်ဖတ်ရင်း ကျွန်တော့်ကို မဖမ်းပါနဲ့ဆိုသူလည်းရှိတယ်။ အဲဒီအထဲမှာ သူမပါဘူး။ ရဲရင့်စွာပဲ ကူညီနိုင်ခဲ့တယ်။ သူ့ရဲ့အကူအညီနဲ့ပဲ ၁၉၉၃ ခုနှစ် ဩစတြေးလျား နိုင်ငံ ဗီယာနာမှာလုပ်တဲ့ နိုင်ငံတကာလူ့အခွင့်အရေးညီလာခံကို ပုံစံအင်္ကျီမှာ စာရေးပြီး ပို့ပေးနိုင်ခဲ့တယ်။ အန္တရာယ်ကြီးလှတဲ့ အလုပ်ပါ။ ဒါပေမယ့် သူတာဝန်ယူနိုင်ခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ အင်းစိန်အကျဉ်းထောင်ထဲ သူရောက်လာတယ်။ ထောင်ဝင်စာထွက်တဲ့ တစ်နေ့မှာ သူ့ကို အမျိုးသမီးအချုပ်ဆောင်အဝမှာ တွေ့လိုက်ရတယ်။ ခပ်တည်တည်ပါပဲ။ ဘတ်စကားမှတ်တိုင်မှာ ဘတ်စကားစောင့်နေသလိုမျိုးပါပဲ။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက် ထောင်ထဲရောက်လာတဲ့အတွက် စိတ်မကောင်းဖြစ်ပေမယ့် သူဟာ သူလုပ်ရမယ့် အလုပ်တွေလုပ်ရင်း အကျဉ်းထောင်ထဲ ရောက်လာတယ်လို့ သတ်မှတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ်၊ စက်တင်ဘာမှာ ကျွန်တော် ထောင်ပြောင်းရတယ်။ သာယာဝတီကို ရောက်တယ်။ သူ့နဲ့ပတ်သက်လို့ တစ်ခါတစ်ရံ သတင်းကြားရတယ်။ ကျန်းမာရေးမကောင်းကြောင်း၊ ဆေးရုံတက်ရကြောင်း၊ အသက်အန္တရာယ်စိုးရိမ်ရကြောင်း စသည် စသည်ဖြင့် စိုးရိမ်ပူပန်စရာသတင်းများသာ ဖြစ်ပါတယ်။

၁၉၉၉ ခုနှစ်မှာ သူ့ရဲ့ ကျန်းမာရေးအခြေအနေအရပ်ရပ်ကြောင့် အကျဉ်းထောင်က သူ့ကို လွှတ်ပေးလိုက်ပါတယ်။ အင်းစိန်အကျဉ်းထောင်က သူလွှတ်မြောက်တယ်။

၂၀၀၂ ခုနှစ်မှာ သာယာဝတီအကျဉ်းထောင်က ကျွန်တော်လွှတ်မြောက်ပါတယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာ အစောင့်အကြပ်ထူပြောစွာ ချထားပါတယ်။ သွားလေရာမှာ တကောက်ကောက်လိုက်ရမယ့်သူတွေ ရှိနေတယ်။ လမ်းတွေ့ရင် ကိုယ့်ကို စကားမပြောချင်ကြဘူး။ မတွေ့တာကြာတဲ့ ဆရာသမားတွေကို အားရဝမ်းသာနှုတ်ဆက်ရင် ဆရာတွေက ကိုယ့်မျက်နှာမကြည့်ဘူး။ နောက်တော်ပါးတွေကို တွေဝေစွာကြည့်နေတယ်။ ဒါမှမဟုတ် အဝေးကို ငေးနေကြတယ်။ လက်ဖက်ရည်ဆိုင်ဝင်ထိုင်ရင် အလျှိုလျှိုထသွားကြတယ်။ ဘာတွေလဲ။

ရွှေအမြုတေမဂ္ဂဇင်းမှာ တာဝန်ယူရတဲ့ အချိန်မှာ သူ့ဆီက အကူအညီယူရပါတယ်။ ဆယ်စုနှစ်တစ်ခုမက စာပေလောကနဲ့ ကင်းကွာသွားခဲ့ပြီး နောက် အယ်ဒီတာစားပွဲကို ပြန်ထိုင်တဲ့အခါ စာပေလောကသားအသစ်တွေကို ကိုယ်သိမနေတာ အတော်ဆိုးပါတယ်။ သူ့စကားကိုယ်မသိ ကိုယ့်စကား သူမသိ သနားပါဘိဆိုတာမျိုး..။

ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းကို နောင်တော်တွေရဲ့ အစီအစဉ်နဲ့ လုပ်ဖြစ်တယ်။ သူ့ကို အကူအညီတောင်းရပါတယ်။ ကျွန်တော်နဲ့အတူ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းကို ၂၀၀၂ အောက်တိုဘာကစပြီး အကောင်အထည်ဖော်ခဲ့ကြတယ်။ အခု ၁၀ နှစ်ရှိပြီ။ ဆယ်ကျော်သက်လူငယ်တွေအတွက် ရည်ရွယ်ပြီး လုပ်ခဲ့ကြတာပါ။ ၂၀၀၅ ခုနှစ်မှာ သူ နိုင်ငံကူးလက်မှတ်ရတယ်။ အိုင်အိုဝါမှာ နိုင်ငံတကာ စာရေးဆရာများနဲ့ သူရှိနေတယ်။ ဒါပေမယ့် ဖူးငုံမဂ္ဂဇင်းကို သူတစ်နေ့မှ အဆက်မပြတ်ခဲ့ဘူး။ Online ကနေ အယ်ဒီတာလုပ်နိုင်ခဲ့တယ်။ နောက်တော့ Brown University က ဧည့်သည်အဖြစ် သွားရောက်တော့လည်း ဖူးငုံမဂ္ဂဇင်းရဲ့ အယ်ဒီတာအဖြစ်



Online ကနေပဲတာဝန်ယူခဲ့ပြန်ပါတယ်။ အဲဒီမှတစ်ဆင့် ဟားဗတ်မှာရှိတဲ့ Redcliff ကို သူရောက်ခဲ့ပြန်ပါတယ်။ အခု ဒီစာအုပ်ကို သူက Harvard မှာတုန်း ရေးခဲ့တာပါ။

စာသမားများအနေနဲ့ကတော့ ထောင်ဆိုတာ ဘဝတက္ကသိုလ်ပါပဲ။ ဒီဘဝတက္ကသိုလ်ထဲကနေ စာရေးဆရာတွေရဲ့ ဆောင်းပါးတွေ၊ ဝတ္ထုတွေ အများကြီးပေါ်ထွက်ခဲ့တယ်။ ဒီနေ့အထိ ဖတ်ရတုန်း မှတ်ရတုန်းပါပဲ။ ဒီအတွေ့အကြုံတွေက ဘဝနဲ့ရင်းခဲ့ကြရတာတွေချည်းပါပဲ။ ချိုမြိန်တဲ့အတွေ့အကြုံများတော့ မဟုတ်ပါ။

မသီတာက သူ့အတွေ့အကြုံတွေကို ရေးတယ်။ ခါးသီးလှတဲ့ အတွေ့အကြုံတွေပါ။ ကိုယ်ကိုယ်တိုင် သူနဲ့ မလှမ်းမကမ်းမှာ ရှိနေပေမယ့် သူဘာဖြစ်နေမှန်းမသိရပါ။ ၈ ပေ၊ ၁၀ ပေအခန်းထဲမှာ နေကြရတာချည်းပေမယ့် အားလုံးကိုယ့်အသက်ကိုယ်မွေးကြရတာတွေချည်းပါပဲ။ အားလုံးကောင်းပါတယ် ဆရာကြီးလို့ အော်နေတဲ့ ဘာယာညစောင့်ရဲ့ အောမှာ မနက်မိုးလင်းတော့ သေနေတဲ့အကျဉ်းသားတွေရှိတယ်။ ဘာယာညစောင့်ကတော့ ၁၅ မိနစ်တစ်ကြိမ် အားလုံးကောင်းကြောင်း သတင်းပို့ရတယ်။

ဆရာဝန်တစ်ယောက်ဖြစ်တဲ့ မသီတာ၊ စာရေးဆရာတစ်ယောက်ဖြစ်တဲ့ မသီတာ၊ ဒီမိုကရေစီရေးကြိုးပမ်းနေတဲ့ မသီတာ၊ လူ့အခွင့်အရေးရရှိရေးကြိုးပမ်းနေတဲ့ မသီတာ၊ လွတ်လပ်စွာ ရေးသားပြောဆိုခွင့်တောင်းဆိုတဲ့ မသီတာ စသည် စသည်ဖြင့် မသီတာရဲ့ အခန်းကဏ္ဍများ အဲဒီအကျဉ်းထောင်မှာ မှတ်ကျောက်တင်တာပါပဲ။

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးဆုံးရှုံးမှုတွေရှိတယ်။ လူတစ်ယောက်ရဲ့ မွေးရာပါမူလအခွင့်အရေးတွေ ဆုံးရှုံးတယ်။ ပါးစပ်ရှိပါလျက် ပြောခွင့်မရှိဘူး။ လက်ရှိပါလျက် ရေးခွင့်မရှိဘူး။ ခေါင်းဆိုတာ ငြိမ့်လို့ရတာတစ်ခုတည်း မဟုတ်ဘူး။ ခါရမ်းချင်လည်း ခါရမ်းခွင့်ရှိတယ်။ ငြင်းဆိုချင်ရင် ငြင်းဆိုခွင့်ရှိတယ်။ ဒါဟာ လူတစ်ယောက်ရဲ့ မွေးရာပါအခွင့်အရေးဖြစ်တယ်။

ထောင်ထဲရောက်နေတဲ့ ခေတ်ပညာတတ်ဆရာဝန်တစ်ယောက်။ သူ့ကျန်းမာရေးကို သူတာဝန်ယူခွင့်မရှိဘူး။ သူ့အသက်ကို သူ့ဆယ်တင်ခွင့်မရှိဘူး။ သူ့ကျန်းမာရေးကို သူစောင့်ရှောက်ရခွင့်မရှိဘူး။

မသီတာ ကျန်းမာရေးချို့ယွင်းလာတဲ့အခါ သူ့ကျန်းမာရေးအခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေကို သူသိတယ်။ ဒါပေမယ့် သူက အကျဉ်းသားဖြစ်တယ်။ သက်ဆိုင်ရာ တာဝန်ကျဆရာဝန်ရဲ့ လွဲမှားတဲ့ ကုသမှုကိုခံရတယ်။ လွဲမှားနေကြောင်းပြောတော့ ပညာသည်ချင်းပြောတာမဟုတ်တော့။ အကျဉ်းသားနဲ့ အရာရှိဆိုတဲ့ အနေအထားနဲ့ ပြောရပါတယ်။

ဒီစာအုပ်မှာ ကျွန်တော်ကိုယ်တိုင် အခံစားရဆုံး၊ အစာနှာနိုင်ဆုံးက အင်းစိန်ဆေးရုံကို မသီတာ သွားရောက်ရတဲ့ အချိန်ပါ။ သူ့ကိုတွေ့တော့ ဆရာဝန်မှန်းသိနေတဲ့ သူနာပြုတွေက ရယ်မောရင်း ဂွတ်မောနင်းဒေါက်တာလို့ နှုတ်ဆက်တယ်။ သူတာဝန်ထမ်းဆောင်ခဲ့ရာ ဆေးရုံမှ ခွဲခွာခဲ့ရပြီး ၂ နှစ်ကျော်အကြာမှာ အဲဒီဂွတ်မောနင်းဒေါက်တာဆိုတဲ့ နှုတ်ခွန်းဆက်သံကို ကြားခွင့်ရတယ်။ ဒါကို သူက ဒီလိုရေးဖွဲ့တယ်။

နောက်တစ်နေ့မှာတော့ တော်တော်စောစောတည်းက နိုးနေဖြစ်သည်။ ထောင်မှာ မနက် ၅ နာရီတန်းဖွင့်အမီ ထနေကျမို့လည်းဖြစ်မည်။ သည်တော့ ရဲမေတွေ အဖော်လုပ်ပြီး အပေ့ါအပါးသွား၊ မျက်နှာသစ်ဖို့ စီစဉ်ရသည်။ ပြည်သူ့ဆေးရုံများ၏ ထုံးစံအတိုင်း ဆေးရုံဆောင် အိမ်သာရေချိုးခန်းတွေမှာ ဟောင်းအိုနေသည်တိုင် ပိုးသတ်ဆေးရည်နံ့ တကြိုင်ကြိုင်နှင့် ရှိလှသည်။ လမ်းမှာ လူနာအမျိုးသမီးအချို့နှင့် ဆုံတော့ အသိအမှတ်ပြုသည့် သဘော၊ ဝမ်းနည်းစိတ်မကောင်းသည့်သဘော၊ နေကောင်းအောင်နေဖို့ အားပေးသည့် သဘောမျိုးဖြင့် ဝိုင်းကြည့်ကြကာ ပြုံးပြကြသည်။ လက်မထောင်ပြကြသည်။ ထဘီအပြာဝတ်သူနာပြုလေး နှစ်ယောက်၊ သုံးယောက်က ဖြတ်သွားရင်း 'ဂွတ်မောနင်း' ဟု လှမ်းနှုတ်ဆက်ခံလိုက်ရချိန်မှာတော့ ကျွန်မတစ်ကိုယ်လုံး လေထဲမှာ လွင့်တက်သွားသလို ခံစားလိုက်ရသည်။ နားထဲမှာ 'ဂွတ်မောနင်း' ဆိုသည့် အသံက အဆက်မပြတ်ပဲ့တင်ထပ်နေသည်။

မှုဆလင်ဆေးရုံမှာ တာဝန်ထမ်းစဉ်တစ်လျှောက် နေ့စဉ်နှင့်အမျှ တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ ကြားနေကျ သူနာပြုများနှင့် ဆရာဝန်များ အချင်းချင်းကြား 'ဂွတ်မောနင်း' နှုတ်ဆက်သံကို ကြားခွင့်မရတော့သည်မှာ နှစ်နှစ်ပြည့်လုလုတွင် သည်လို အရှင်လတ်လတ်နှင့် လတ်လတ်ဆတ်ဆတ် အားရပါးရကြီး ပြန်ကြားလိုက်ရခြင်းလောက် မည်သည့်အရာကမှ မင်္ဂလာကျက်သရေမရှိနိုင်တော့သလို ဝမ်းနည်းလွမ်းဆွတ်စရာလည်း မကောင်းတော့ပါ။ လွတ်လပ်သော နေ့ရက်များ၏ 'ဂွတ်မောနင်း' အရသာကို ကျွန်မက အင်းစိန်ပြည်သူ့ဆေးရုံကြီး၏ အိမ်သာတွေကြားမှာ တစ်ဖန်ပြန်လည်ခံစား



လိုက်ရခြင်းလည်း ဖြစ်သည်။ ကျွန်မနှုတ်ဖျားမှ ပီသချိုမြအားရှိလှစွာ 'ဂွတ်မောနင်း' ဟု အငမ်းမရ တုံ့ပြန်လိုက်ရချိန်မှာ နောက်ထပ်သူနာပြုတစ်ယောက်က 'ဂွတ်မောနင်း ဒေါက်တာ' ဟု တုံ့ပြန်လေရာ မျက်ရည်တွေ ဝဲတက်လာသည်ထိ ပီတိနှင့် အလွမ်း၏ အစွမ်းသတ္တိကို ပက်ပက်စက်စက် ခံစားလိုက်ရပြန်သည်။ နောက်ထပ် သေချာသွားသည်က ထိုကဲ့သို့ 'ဂွတ်မောနင်း' ဟု တုံ့ပြန်လိုက်သော ကျွန်မသည် အင်းစိန်ထောင် ခြောက်ဆောင်အချုပ်တိုက် အခန်းနံပါတ် ၃ မှာ ရှိနေသည့် ကျွန်မ မဟုတ်တော့ခြင်းပင်။ မှုဆလင်ဆေးရုံမှာတုန်းကလို လေသံမျိုးဖြင့် အခုအခံမဲ့ 'ဂွတ်မောနင်း' ကို တွန်းလှန်စိတ်မဲ့ သီကျူးရေရွတ်လိုက်နိုင်သော ကျွန်မကိုယ်ကျွန်မလည်း အံ့သြနေမိသည်။

လူတိုင်းဟာ လွတ်လပ်မှုကို လိုချင်ကြတယ်။

လွတ်လပ်ခြင်းရဲ့ အရသာကို မလွတ်လပ်တော့တဲ့အချိန်မှာမှ သိပါတယ်။ အဲဒီလိုပါပဲ။ မလွတ်လပ်ခြင်းရဲ့ ခါးသီးမှုများကို လွတ်လပ်ချိန်မှာပိုပြီး သိပါတယ်။

ဒီစာအုပ်ကို သူရေးဖို့ အချိန်ကာလ ၇ နှစ်မျှစောင့်ဆိုင်းခဲ့ရပါတယ်။ အဲဒီ ၇ နှစ်လုံး သူ့ရင်ထဲမှာ တနုံ့နုံ့ကြိတ်မှိတ်ခံစားရတာပါ။ ဒါတွေကို သူက ဘယ်သူ့ကိုမှမပြောပဲ ရင်ထဲမှာ သိမ်းထားခဲ့တာပါ။

၂၀၀၅ ခုနှစ် သူပြည်ပထွက်ခွာခွင့်ရပြီးတဲ့နောက် ဟားဗတ်မှာရှိတဲ့ Redcliff Institute မှာ ရောက်ရှိနေတဲ့ အချိန်ကျမှသူ့ရင်ထဲက ခံစားမှုတွေကို ထုတ်အန်လိုက်တာပါ။ ဒီနေရာမှာ သူပြောသမျှအားလုံးဟာ အကျဉ်းသားတစ်ယောက်ချင်းစီရဲ့ ခံစားမှုများကို ကိုယ်စားပြုနေတယ်။ သူ့လိုပဲ မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးမှာ ရှိနေတဲ့ ၊ ရှိနေခဲ့တဲ့ အကျဉ်းသားအားလုံးခံစားတွေ့ကြုံရင်ဆိုင်ရတဲ့ အတွေ့အကြုံတွေပါပဲ။

ဒါတွေကို ဆရာမမသီတာ(စမ်းချောင်း)က သူ့ရဲ့ ကလောင်ဖြင့် မှတ်တမ်းတင်ဖော်ထုတ်လိုက်တာဟာ စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်ဆိုတာ ဖြစ်လာတာပါ။

၁၉၈၇ ခုနှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။ မြန်မာနိုင်ငံကို Oxford က မြန်မာစာ ဆရာမကြီး ဒေါ်ခင်ခင်ချောခေါ် Mrs Ellot ရောက်ရှိလာခဲ့ပါတယ်။ ဆရာမကြီးက မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ စာပေဟောပြောပွဲတွေကို မှတ်တမ်းတင်ပေးဖို့ ကျွန်တော်တို့ ဗေဒုံးလွှာ အယ်ဒီတာအဖွဲ့ကို အကူအညီတောင်းခဲ့ပါတယ်။ မှတ်မှတ်ရရ အင်းစိန်က

www.burmeseclassic.com

www.burmeseclassic.com



စာပေဟောပြောပွဲမှာ ဟောပြောပွဲအပြီး မြန်မာစာရေးဆရာများနဲ့ ဒေါ်ခင်ခင်ချောတွေ့ဆုံစကားပြောဖို့ ကျွန်တော်တို့ စီစဉ်ပေးရပါတယ်။ အဲဒီ ဆရာဆရာမတွေထဲမှာ မသီတာလည်းပါပါတယ်။ ကျွန်တော်တို့က ဗီဒီယို မှတ်တမ်းတင်ရတယ်။ နောက်တစ်နေ့မှာ မသီတာ ကျွန်တော့်ဆီရောက်လာ ပါတယ်။ အဲဒီလို ဗီဒီယိုရိုက်ကူးခြင်းကို သဘောမတူကြောင်း၊ သူနဲ့ပတ်သက် တဲ့အပိုင်းများကို ဖြတ်ပေးဖို့တောင်းဆိုတာပါ။ သူက Low Profile နေလို သူသာဖြစ်ကြောင်း အကျယ်တဝင့်ရှင်းပြပါတယ်။

ကျွန်တော် သူ့ကို တစ်ခွန်းပဲပြောခဲ့ပါတယ်။ "မသီတာ မင်းကို မြန်မာပြည်မှာ အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက်အဖြစ် ငါမျှော်လင့် ထားတာ မဟုတ်ဘူး။ မင်းကို ကမ္ဘာ့စာပေစင်မြင့်မှာပါ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်ဖြစ်ဖို့ ငါမျှော်မှန်းတယ်" ဆိုတာပါပဲ။ ကျွန်တော့် စကားကို သူ ဘယ်လိုခံစားတယ် ကျွန်တော်မသိပါ။ ဒါပေမယ့် ဆယ်စုနှစ် နှစ်ခုကျော် ကြာပြီးတဲ့အခါ သူဟာ ကမ္ဘာ့စာပေစင်မြင့်များမှာ၊ စာပေပွဲတော် များမှာ၊ စာပေစကားဝိုင်းများမှာ အခိုင်အမာနေရာယူထားလိုက်ပါပြီ။

အဲဒီအတွက် ကျွန်တော်ဂုဏ်ယူတယ်။ ကွန်ကရက်ကျူလေးရှင်းပါ မသီတာ။

မျိုးမြင့်ညိမ်း

# နမောသတ္တုသဒေဝမနုသာနံ
# သရုပ်မှန်၊ သရုပ်သကန် အတင်းအဖျင်းနဲ့ကြော်ငြာ

မွေ့ဘောရီအရှင်ဝိရိယ(တောင်စွန်း)

မသီတာ(စမ်းချောင်း)က သူ့ရဲ့ ထောင်တွင်းအတွေ့အကြုံစာအုပ် အတွက် အမှာစာရေးပေးဖို့ လျှောက်ထားစာနဲ့အတူ စာမူကြီးကိုပေးပို့လာ ပါတယ်။ သာမန်ကြည့်မယ်ဆိုရင်တော့ ဓမ္မစာပေရေးသားနေတဲ့ ရဟန်း တော်တစ်ပါးနဲ့ နိုင်ငံရေးမကင်းတဲ့ ထောင်တွင်းအတွေ့အကြုံဆိုတာ ဘာမှ ဆီဆိုင်၊ မပတ်သက်လှဘူးလို့ထင်ရပေမယ့် ထောင်တွင်းမှာ အကျဉ်းချခံနေရ သူတစ်ဦးက တစ်နေ့မှ နာရီ(၂၀)ခန့်လောက် ဝိပဿနာတရားကို အားထုတ်ခဲ့ တယ်ဆိုတဲ့အကြောင်းကို တွေ့ရတော့ ကိုယ်နဲ့ဆီဆိုင်ပတ်သက်သလို အတော် လည်း စိတ်ဝင်တစားဖြစ်ပါသွားပါတယ်။

ဟုတ်ပါတယ်။ မိမိအနေနဲ့ ထောင်တွင်းအတွေ့အကြုံဆိုတာ လူထု ဦးလှ စတဲ့အတွေ့အကြုံရှိသူတို့ရဲ့ စာအုပ်တွေကို ဖတ်ဖူးခဲ့တာပဲရှိခဲ့ပေမယ့် တောင်စွန်းမှာမိမိနေထိုင်တဲ့ ကျောင်းတိုက်က ရဲဘက်အကျဉ်းစခန်းနဲ့စည်းရိုး တိုက်ဖြစ်နေတော့ ဒီစခန်းထဲကပဲ ဖြတ်သန်းသွားလာနေရတာရယ်၊ ဝါတွင်း အဖိတ်နေ့တိုင်း ထောင်ကျရဲဘက်များကို တရားဟောပေးဖို့ ထောင်ထဲအထိ သွားလာခဲ့ရတာတွေရယ်ကြောင့် ထောင်မြင်ကွင်းနဲ့ ထောင်အသံတွေကတော့ မြင်ချင်မကြားချင်အဆုံးပါပဲ။

ရဲဘက်လို့ခေါ်တဲ့ အကျဉ်းသားတို့ရဲ့ နေ့စဉ်လုပ်ကိုင်စားသောက် နေထိုင်ရတာတွေ ထောင်ဝန်ထမ်းနဲ့ ထောင်သားတို့ရဲ့ပြောဆိုဆက်ဆံမှုတွေကို အနီးကပ်မျက်ဝါးထင်ထင် တွေ့မြင်ရတဲ့အခါ ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးတဲ့

www.burmeseclassic.com

www.burmeseclassic.com



'စပါတာကတ်' ဆိုတဲ့ ရောမရဲ့ကျေးကျွန်ခေတ် ရုပ်ရှင်ကားကိုတောင် သိပ်ပြီး မအံ့သြမိလောက်အောင် အလွန်ရိုင်းကြမ်းတဲ့ ဘဝမျိုးကြီးပါ။ ဒီလိုနေရာမျိုးမှာ ရောက်ရှိကျခံနေရသူတစ်ဦးအနေနဲ့ သာမန်လူယဉ်ကျေးတို့ရဲ့ အကျင့်စရိုက်မျိုးကိုတောင် စောင့်ထိန်းနိုင်ဖို့ မဖြစ်နိုင်လောက်တဲ့ အခြေအနေပါ။ 'ဒီလောက်ရိုင်းကြမ်းလှတဲ့ ဘဝနဲ့ ပတ်ဝန်းကျင်ထဲမှာ အမှန်ယဉ်ကျေးသိမ်မွေ့လှတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေထဲက အယဉ်ကျေး အသိမ်မွေ့ဆုံးဖြစ်တဲ့ ဝိပဿနာတရားကို ဘယ်လိုများနှလုံးသွင်းပြီး ပွားများအားထုတ်ပါလိမ့်' ဆိုတဲ့ သိချင်စိတ်ကြောင့်ပဲ ဒီစာမူကို အစအဆုံးဖတ်ဖြစ်သွားခဲ့ပါတယ်။

ဒီစာထဲက ဝိပဿနာတရား အားထုတ်မှုနဲ့ပတ်သက်လို့တော့ ချမ်းမြေ့ဆရာတော်ဘုရားကြီးကို လျှောက်ထားပြီးဖြစ်တယ်ဆိုလို့ အထူးမပြောလိုတော့ပါဘူး။ ဒီစာမူကိုဖတ်ပြီး မိမိစိတ်ထဲမှာ ရုတ်တရက်သတိရလာမိတဲ့ အကြောင်းအရာကိုပဲ နည်းနည်းပြောချင်ပါတယ်။

ဒီစာမူကိုဖတ်ပြီး မိမိစိတ်ထဲမှာ ရုတ်တရက် သတိရလာမိတာကတော့ ငယ်ငယ်ကဖတ်ခဲ့ရဖူးတဲ့ စာရေးဆရာသခင်တင်ဦး(ဗိုလ်သခင်ဆရာ)ရဲ့ 'တင်းဝင်ခန္ဓာ' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကိုပါ။

သခင်တင်ဦးရဲ့ဆောင်းပါးထဲက မိမိမှတ်သားမိသလောက်ကတော့ လူဆိုတာခန္ဓာငါးပါးကို ရရှိပြီးလို့ 'အူဲ' လို့ အော်လိုက်ချိန်ကစပြီး 'ဒီကလေးတယ်အငိုသန်ပါကား' ဆိုတဲ့ အတင်းပြောသံနဲ့အတူ လောကကြီးထဲကို ရောက်လာကြတာဖြစ်လို့ လူတိုင်းရဲ့ခန္ဓာဟာ အတင်းအဖျင်းနယ်ပယ်ထဲမှာ အကျုံးဝင်တဲ့ တင်းဝင်ခန္ဓာတွေချည်းဖြစ်ကြောင်း။ တင်းဝင်ခန္ဓာတွေပီပီ သူတို့ကိုယ်တိုင် အရွယ်ရောက်လာကြတဲ့အခါမှာလည်း အတင်းပြောတတ်တဲ့ တင်းဝင်ခန္ဓာတွေချည်းပဲဖြစ်ကြောင်းနဲ့ အစချီထားပါတယ်။

ပြီးတော့ လူတိုင်းရဲ့ပတ်ဝန်းကျင်ဆိုတာကလဲ အဆိုးနဲ့အကောင်း ရောနှောတွေကြုံနေကြရတာဆိုတော့ ဆိုးကြောင်းနဲ့ကောင်းကြောင်းကိုပဲ ပြောနေရတာဖြစ်ကြောင်း၊ ဒီလို ပြောကြတဲ့အထဲက ဆိုးသူကို မဆိုးကြောင်း ပြောတာကိုပဲ 'အတင်းအဖျင်းပြောတယ်' လို့ သတ်မှတ်မယ်ဆိုရင် မြတ်ဗုဒ္ဓရဲ့ ဖြစ်တော်စဉ်များကို ဖော်ပြတဲ့ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများမှာလည်း ဘုရားအလောင်းရဲ့ ကောင်းကြောင်းနဲ့ ဒေဝဒတ်ရဲ့ဆိုးကြောင်းများကိုပဲ ဖော်ပြထားတာကို တွေ့ရမှာဖြစ်ကြောင်းများနဲ့ သူ့ရဲ့တင်းဝင်ခန္ဓာ အယူအဆကို အကာအကွယ်ယူပြီး သူကိုယ်တိုင်သတင်းစာသမားဘဝ ရောက်တဲ့အခါ



သူတို့သတင်းစာကနေ သူတို့ပါတီနဲ့ပါတီခေါင်းဆောင်တွေရဲ့ ကောင်းသတင်းနဲ့ ဂုဏ်ပုဒ်တွေကို ရှန်းရှန်းဝေဖော်ပြသလို သူတို့ပါတီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဖဆပလပါတီနဲ့ ဗိုလ်ချုပ်အောင်ဆန်း အစရှိတဲ့ ဖဆပလခေါင်းဆောင်တွေရဲ့ အပြစ်အနာအဆာတွေကိုလည်း နေ့စဉ်မပြတ်ပယ်ပယ်နယ် နယ်စွပ်စွဲပုတ်ခတ်ရေးသားခဲ့ကြောင်းများကို ဖော်ပြထားပါတယ်။

အဲ… နောက်ဆုံးသူအကျတ်တရားရသွားပုံနဲ့ ပတ်သက်လို့တော့ တစ်နေ့မှာ နိုင်ငံရေးပါတီခေါင်းဆောင်များနဲ့ သတင်းစာဆရာတို့တွေ့ဆုံတဲ့ ပွဲတစ်ပွဲအပြီးမှာ ဖဆပလပါတီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒီးဒုတ်ဦးဘချိုနဲ့ ဘက်ပင်းပါခဲ့မိကြောင်း၊ သူကတော့ လိပ်ပြာမသန့်ဘဲ အားတုံ့အားနာဖြစ်နေပေမယ့် ဆရာချိုကတော့ သူ့ကိုချိုသာကြည်လင်တဲ့ မျက်နှာနဲ့ကြည့်ပြီး 'မောင်တင်ဦးလားဟေ့။ လာပါဦးကွယ်။ ကြုံတုန်းမောင်ရင်တို့ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ တစ်ခုခုကျွေးပါရစေ' လို့ ဖိတ်ခေါ်ပါသတဲ့။

သူကတော့ ကြောင်အမ်းအမ်း မျက်နှာနဲ့ကြည့်ပြီး 'ဦးရယ်… ကျွန်တော်တို့သတင်းစာက ဦးတို့ပါတီနဲ့ ဦးတို့မကောင်းသတင်းတွေကို နေ့စဉ်ဖော်ပြနေတာ ဘာများကျေးဇူးတုံ့ပြန်စရာရှိလို့လဲ' ဆိုတော့ 'အေး… အဲဒီလိုမောင်ရင်တို့သတင်းစာက နေ့စဉ်မပြတ်ရေးသားနေတဲ့အတွက်ကြောင့် ခုဆိုဦးတို့ပါတီအပေါ် လူတွေကပိုပြီးစိတ်ဝင်စားလာကြသလို ထောက်ခံတဲ့ ဦးရေတွေလဲ ပိုပိုတိုးလာသကွဲ့။ ဒါကြောင့် ဦးတို့ပါတီအနေနဲ့ ကြော်ငြာခကုန်စရာမလိုဘဲနေ့စဉ်ကြော်ငြာပေးနေတဲ့ မောင်ရင်တို့ကို ကျေးဇူးတင်လွန်းလို့ပါ' ဆိုတဲ့ အကြောင်း ပြောလိုက်တော့ သူလည်း အူကြောင်ယောင်နအဖြစ်ကနေ ရှက်အမ်းအမ်းကြီးပြန်ပြီး နောင်တရသွားခဲ့တဲ့ အကြောင်းများပါပဲ။

သူ့စာထဲမှာ သူတို့သတင်းစာရဲ့ တင်းဝင်ခန္ဓာလုပ်ရပ်များနဲ့ မြတ်ဗုဒ္ဓရဲ့ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများကို မတန်မရာနှိုင်းယှဉ်ပြထားပေမယ့် ရှုမြင်သုံးသပ်မှုနဲ့ ရည်ရွယ်ချက်စေတနာချင်းက ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတာပါ။

မြတ်ဗုဒ္ဓက ဖြစ်တော်စဉ်ဇာတ်တော်များကို ဟောကြားတယ်ဆိုတာ လောကအပေါ် ပညာနဲ့ရှုမြင်၊ ကရုဏာနဲ့သုံးသပ်ပြီးတော့မှ ကောင်းမှု ဆိုးမှုနဲ့ ကောင်းကျိုး ဆိုးပြစ်တို့ကို သိသာထင်ရှားအောင် ဟောပြတာဖြစ်လို့ ကောင်းမှု ဆိုးမှုဆိုတဲ့ လောကရဲ့သရုပ်မှန်နဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတဲ့ လောကရဲ့သရုပ်သကန်များသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်စေတနာကလည်း 'ကိုယ့်ကိုချစ်စေ၊ သူ့ကိုမုန်းစေ' ဆိုတဲ့ အလိုဆိုးမပါဘဲ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ လောကဓမ္မယဉ်ကျေးမှုတရား လူတိုင်းလေးစားလိုက်နာရေးအတွက် သာဓကအဖြစ်နဲ့ ဟောတော်မူခဲ့တာပါ။

သူတို့သတင်းစာမှာ ရေးသားခဲ့တယ်ဆိုတာတွေကတော့ (သူ့စကားအတိုင်း ကောက်ချက်ချကြည့်ရင်) ပုဂ္ဂိုလ်စွဲပါတီစွဲဆိုတဲ့ အတ္တကို အခြေခံပြီး လောကအပေါ်မှာလည်း ကြိုက်မကြိုက်ဆိုတဲ့ ဝေဒနာနဲ့ ရှုမြင် ရှုံ့ငြိုး အာဃာတနဲ့သုံးသပ်ပြီး သရုပ်မှန်ကို ရှောင်ကွင်းတဲ့ လုပ်ကြံ အတင်းအဖျင်းတွေပဲဖြစ်ပါလိမ့်မယ်။ ရည်ရွယ်ချက်စေတနာကလည်း ကိုယ့်အပေါ်ချစ်စေ၊ သူ့အပေါ်မုန်းစေဆိုတဲ့ စေတနာဆိုးနဲ့ ရေးသားဖော်ပြနေကြတာမျိုးပါ။


ဒါကြောင့်လည်း သူတို့ရေးသား ဖော်ပြသမျှတွေကို ဖတ်ရှုကြတဲ့ ပြည်သူတွေက သူတို့အပေါ်အမုန်းပွားပြီး သူတို့မုန်းစေလို သူတို့အပေါ် အချစ်ပိုကာ အတင်းအဖျင်းအဖြစ်ကနေ ကျော်ကြားသဘောမျိုးသက်ရောက်သွားခဲ့တာ ဖြစ်ပါလိမ့်မယ်။

အခု မသိတာ(စမ်းချောင်း)ရဲ့ စာအုပ်မှာလည်း သူဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံထဲက ကောင်းသူဆိုးသူတို့ရဲ့ ကောင်းကြောင်း၊ ဆိုးကြောင်းတွေ အတော်လေးပါနေတာကို တွေ့ရပါလိမ့်မယ်။

ဒါတွေဟာ သရုပ်မှန်တဲ့ သရုပ်သကန်တွေပဲလား။ ကျော်ကြားသဘော သက်ရောက်သွားစေတဲ့ အတင်းအဖျင်းတွေပဲလားဆိုတာကတော့ ဖြတ်သန်းခဲ့ကြရတဲ့ ခေတ်ကာလပတ်ဝန်းကျင်အပေါ်မှာ မျက်ခြည်မပြတ်ကြတဲ့ စာဖတ်သူများကသာ အဆုံးအဖြတ်ပေးနိုင်ကြမယ် ထင်ပါတယ်။

သရုပ်မှန်တဲ့ သရုပ်သကန်တို့ ကို အမြင်သန်အသိပွားနိုင်ကြပါစေ။

မဇ္ဈိမဘောဂီအရှင်ဝိရိယ(တောင်စွန်း)



# မသိတာ(စမ်းချောင်း)

စမ်းချောင်း အင်းစိန် ဟားဗတ်

www.burmeseclassic.com

www.burmeseclassic.com

# ဝိုးတဝါးအိပ်မက်များနှင့် လမ်းလျှောက်ခြင်း

## မူလတန်းအိပ်မက်များ

### မြကျွန်းသာမှ အစပြု၍

ကြီးမားသော ဂိတ်တံခါးကြီးက သူ့ရင်ခွင်ကို နှစ်ခြမ်းခွဲကာ ဖွင့်ပြနေခဲ့သည်။ ဂိတ်တံခါးကြီး မိတ်ဆက်ပေးလိုက်သည်က အဓိပတိလမ်း။ အဓိပတိလမ်းအဆုံးမှာ သစ်ပုပ်ပင်နှင့် ဘွဲ့နှင်းသဘင်ခန်းမ။ အဝေးမှကြည့်လျှင်ပင် ကျက်သရေရှိလှသည့် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ။ ခန်းမအဆောက်အအုံ ဘေးတစ်ဘက်တစ်ချက်က ခြင်္သေ့ကြီးနှစ်ကောင်။ ရှေ့မလှမ်းမကမ်းမှာက ဖြောင့်တန်းရှည်လျား တုတ်ခိုင်သည့် တစ်ကိုယ်တော် သစ်ပုပ်ပင်။ ဂိတ်တံခါးကို လွန်သည်နှင့် ဘယ်ဘက်မှာ ကျောင်းဆောင် အဆောက်အဦများ။ ညာဘက်မှာ မြက်ရိုင်းရှည်တွေ ကြီးစိုးသည့် ကွင်းပြင်။ မြက်ရိုင်းရှည်ကွင်းပြင်ကို သေချာကြည့်လျှင် မြင်ရနိုင်သည်က ခပ်ဟောင်းဟောင်း အုတ်ဂူတစ်လုံး။ အနီးအနားမှ ညိုမှိုင်းမှိုင်းမြက်ခင်း၊ မြေနီလမ်းတို့နှင့် ရွက်စိမ်းဖားဖား ကံ့ကော်ပင်တွေကြားမှာ ထိုအုတ်ဂူက မထင်မရှား။

'ဒီဂူက နယ်ချဲ့ကိုဆန့်ကျင်ရင်း ကျဆုံးခဲ့တဲ့ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ရဲ့ ဂူပေါ့။ ဒီကွင်းပြင်နေရာမှာတော့ တစ်ခါတုန်းက အဆောက်အဦကြီးရှိခဲ့တယ်။ အခုတော့ မရှိတော့ဘူး။ စစ်တပ်က ဖြိုချဖျက်ဆီးခဲ့တာ။ အဲဒီတုန်းက ကျောင်းသားကျောင်းသူတွေ တော်တော်လေးသေခဲ့ကြတယ်။ အဖမ်းလည်း ခံခဲ့ရတယ်။ ဖေဖေက အဲဒီတုန်းက ကိစ္စတစ်ခုကြောင့် ရန်ကုန်မြို့ထဲမှာ ညအိပ်တာ။ နောက်နေ့မနက် ကျောင်းဝင်းထဲပြန်လို့မရတော့ ညနေမှ ပြန်ဝင်လို့ရတော့ ဒီသမဂ္ဂအဆောက်အဦကြီးက မရှိတော့ဘူး။ တစ်ခါတ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ကျောင်းသားတွေ စုဝေးပြီး အစည်းအဝေးလုပ်ကြ၊ လက်ဖက်ရည်ဆိုင်ထိုင်ကြ လုပ်ခဲ့တဲ့နေရာပေါ့'ဟု ဖေဖေရှင်းပြခဲ့သည်။

ထိုစဉ်က ကျွန်မမှာ ကျောင်းနေစ မူလတန်းအရွယ်။ လူမှန်းသိတတ်စကတည်းက အရောက်ဖြစ်ဆုံးနေရာသည် ကျွန်မတို့ ငယ်စဉ်ကနေသော အိမ်နားက ရွှေဘုန်းပွင့်ဘုရား၊ သာကေတခုံးတံတား ပြီးလျှင် ရန်ကုန်တက္ကသိုလ်ဝင်းသာ ဖြစ်ခဲ့သည်။ ဖေဖေသည် သူ့ကျောင်းတော်ဟောင်းကို ချစ်မြဲ၊ လွမ်းမြဲမို့ ကျွန်မတို့မောင်နှမတစ်တွေကို ပုဇွန်တောင်မှ ကမာရွတ်၊ ရန်ကုန်အရှေ့ပိုင်းမှ အနောက်ပိုင်းခရီးကို ပြည်သူပိုင်ဘတ်စ်ကားဖြင့်ပင် တခုတ်တရ လိုက်ပို့ခဲ့သည်မှာ စနေ၊ တနင်္ဂနွေတိုင်းလိုလိုပင်။ ကျောင်းဝင်းထဲက အဆောင်များ၏ အမည်၊ မည်သည့်နာမည်ကျော် ကျောင်းသားများနေခဲ့သည်၊ ယခု သူတို့ ဘာဖြစ်နေသည် စသဖြင့် မြကျွန်းသာအကြောင်းကို ဖေဖေ့ထံမှ အပတ်စဉ်လိုလို ကြားနာခွင့်ရခဲ့သည်။ အပင်ကြီးငယ်များနှင့် စိမ်းလန်းမြဲဖြစ်သော၊ အင်းလျားကန်ရေပြင်ကျယ်ကို မေးတင်ထားသောသည့်ရန်ကုန်တက္ကသိုလ်ကို အများက မြကျွန်းသာဟု တင်စားခေါ်ခဲ့ကြသည်။ ကျွန်မတို့မောင်နှမလည်း မြကျွန်းသာ၏ ရင်ခွင်မှာ တစစ ပျော်ပိုက်လာခဲ့သည်။ ကိုလိုနီခေတ်မှသည် ယနေ့ထိ မြန်မာ့သမိုင်း၏ စာမျက်နှာများကို ဖတ်ကြမည်ဆိုလျှင် မြကျွန်းသာကို ချန်ထားမရ။ မြကျွန်းသာ၏သမိုင်းသည် အများအားဖြင့် မလှပ။ သွေး၊ မျက်ရည်၊ စွန့်လွှတ်အနစ်နာခံမှု၊ တိုက်ပွဲ၊ ရုန်းကန်မှု၊ စိန်ခေါ်မှုတွေ ပြည့်နှက်နေသည့် မြကျွန်းသာ၏သမိုင်းက ကျွန်မကို ကောင်းကောင်းကြီး ဖမ်းစားနိုင်ခဲ့သကဲ့သို့ ကိုလိုနီခေတ်အဆောက်အဦများ၊ စိမ်းလဲ့ညို့မှောင်သော အပင်ကြီးများနှင့် သာယာလှပသော အင်းလျားကန်၊ ထို့ထက် ပျားပန်းခတ်လှုပ်ရှားတက်ကြွနေကြသည့် မြကျွန်းသာ ကျောင်းတော်သူ၊ ကျောင်းတော်သားများ၏ ပုံရိပ်တို့က ကျွန်မကို ညှို့ထားနိုင်ခဲ့သည်။

## ဆေးတုကြောင့် ဆေးရုံရောက်

ထို့ကြောင့်ပင် လူမှန်းသိတတ်စမှာ ပထမဦးဆုံး မက်ခဲ့သော အိပ်မက်သည် ထိုမြကျွန်းသာ၏ရင်ခွင်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့အခမ်းအနားတက်ရောက်နိုင်ရေးပင် ဖြစ်ခဲ့ပေသည်။ ထိုအိပ်မက်က ကျွန်မကို စာကြိုးစားသော မူလတန်းကလေးတစ်ယောက် ဖြစ်စေခဲ့သည်။ တစ်ခါက ဆရာမဖြစ်ခဲ့ဖူးသော မေမေကတော့ ကျွန်မကို ဆရာဝန်တစ်ဦး ဖြစ်စေချင်ခဲ့သည်။



ကျွန်မက ငယ်လွန်းလှသည်ဖြစ်ရာ မြကျွန်းသာ၏ ဘွဲ့နှင်းသဘင်ခန်းမတွင် တက်ရောက်ဘွဲ့ယူနိုင်မည့် မည်သည့်ဘွဲ့မျိုးကိုမဆို ရယူလိုစိတ်သာ ရှိခဲ့သည်။

သို့သော် ကျွန်မသည် လူမှန်းသိတတ်စကတည်းက ကျန်းမာရေးချူချာလွန်းလှသည်။ ဒုတိယကမ္ဘာစစ်အတွင်း မိဘနှစ်ပါးကွယ်လွန်ခဲ့ကာ ညီအစ်ကိုမောင်နှမများ၏ အထောက်အပံ့ဖြင့် ကျောင်းတက်ခဲ့ရသော ဖေဖေက ကျောင်းမြန်မြန်ပြီးအောင် စီးပွားရေးဘွဲ့ကို ယူခဲ့ရသော်လည်း သူဝါသနာပါရာ ဆေးပညာကို အိမ်သုံးဆေးဝါးများ လေ့လာခြင်းဖြင့် ဆည်းပူးတတ်သောကြောင့် ကျွန်မတို့ နေထိုင်ရာ တိုက်ခန်းကျဉ်းကျဉ်းလေးမှာ ဆေးဝါးစုံလင်သလောက် ကျွန်မတို့မောင်နှမသုံးယောက်မှာ ဆေးနံ့ကိုလည်း ယဉ်ပါးခဲ့ကြသည်။ ဆေးသောက်ရမှာ မကြောက်ကြသလို ဆေးရုံနံ့ကိုလည်း နံသည်ဟု မမှတ်ယူခဲ့ကြ။ မည်သို့ဆိုစေ ကျွန်မမှာ ငယ်စဉ်ကပင် ဓာတ်မတည့်သည့်ပြဿနာက ရှိနေခဲ့သည်။ အနံ့စူးစူးဝါးဝါးများ၊ အိမ်မွေးတိရစ္ဆာန်တို့၏အမွေးများ၊ ပင်လယ်စာများ၊ အေးလွန်းပူလွန်းသော ရာသီဥတု စသဖြင့် ကျွန်မ မတည့်သည့်အရာတွေက များလွန်းလှသည်။ ထိုအရာများကို အချိန်အတန်ကြာ ထိတွေ့လိုက်သည်နှင့် တစ်ကိုယ်လုံး ယားယံကာ အဖုအပိန့်တွေ ဖြစ်လာတတ်ပေသည်။ ထို့ထက်တစ်ဖန် မူလတန်းအရွယ်မှာ သာမန်တုပ်ကွေးများအတွက် ဆေးခန်းမှပေးလိုက်သော ပဋိဇီဝဆေးကို သောက်လိုက်ရာမှ ကိုယ်ပူချိန် ၁၀၆-၇ အထိ ဖြစ်ခဲ့ကာ သတိလစ်မေ့မျောသွားခဲ့ပြီး ကလေးဆေးရုံသို့ တက်ခဲ့ရသည်။ နောက်နေ့တွင် မေမေ့အစီအစဉ်အရ ကျွန်မတို့မောင်နှမတစ်ယောက်စီက တာဝန်ယူဆွမ်းလောင်းရသော အိမ်သို့ နေ့တိုင်းကြွသည့် ဘုန်းဘုန်းက တိုက်တွန်းသဖြင့် ကျွန်မသောက်ဖြစ်ခဲ့သော ဆေးကို ဆန်းစစ်ခဲ့ရာ အစစ်အမှန်မဟုတ်ဘဲ ဆေးဝါးအတု ဖြစ်နေခဲ့ပါသည်။ ထိုဆေးအတု၏ဒဏ်ကို ကျွန်မ ယခုတိုင် ခံစားနေရသည်ဟု ဆိုရမလိုပင်။ ကျွန်မ၏ ဓာတ်မတည့်သောဝေဒနာမှာ ယခင်ကထက် ပိုမိုဆိုးဝါးလာပြီး ယခုတိုင်အောင် မပျောက်နိုင်တော့။ ထိုစဉ်က ကလေးဆေးရုံမှာ သတိရတစ်ချက် မေ့တစ်ချက်နှင့် မြင်တွေ့ခံစားရသော ဆေးရုံမျက်နှာချင်းဆိုင်ရှိ တရုတ်သင်္ချိုင်း တံခါးနီနီနှင့် စူးရှရှဆေးရုံနံ့တို့မှာ ကျွန်မ၏ မမေ့နိုင်သော အာရုံများထဲမှ တစ်ခုပင်။ ဆေးရုံဆေးခန်းတို့နှင့် အမြဲလိုလို ထိတွေ့ဆက်ဆံခဲ့ရသော အခါ ကျွန်မသည် ဆရာဝန်၊ သူနာပြုတို့ကို သဘောကျချစ်ခင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခံစားနေရသော ဝေဒနာများကို သက်သာအောင် ပြုစုကုသသောသူများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့သည်။ သို့နှင့် မေမေ့ဆန္ဒကြောင့်မဟုတ်ဘဲ ကျွန်မ ဆေးကုသခြင်းကို စိတ်ဝင်စားလာခဲ့သည်။ ငယ်အိပ်မက်တွင် ဆရာဝန်တစ်ယောက်ဖြစ်ရေးသည် မှတ်မှတ်ထင်ထင်။

## အားကျစိတ်နှင့် အရှက်အကြောက်

ထို့အတူ ငယ်ဘဝက ပုံပြင်ပေါင်းများစွာကို ကြားနာနားထောင်ခဲ့ရသည့်အနက် မာသာထရီဇာနှင့် ဒေါ်ဦးဖွန်းတို့၏ ကရုဏာ၊ စေတနာ၊ အနစ်နာနှင့် လုပ်ရပ်တို့သည် ကျွန်မနားထဲမှတစ်ဆင့် နှလုံးသားထဲထိ ရောက်ခဲ့ကြသည်။ ကျောင်းသင်ခန်းစာမှာ သင်ကြားခဲ့ရသော ရခိုင်အမျိုးသမီးကြီး ဒေါ်ဦးဖွန်း၏ သက်ကြီးရွယ်အိုများအပေါ် စီစဉ်ဆောင်ရွက်လုပ်ကိုင်ပေးခဲ့ပုံများကို အားကျခဲ့သော်လည်း သူ့အကြောင်းက သည့်ထက်ပိုပြီးလည်း ကျွန်မအဖို့ လက် လှမ်းမမီနိုင်ခဲ့။ အိန္ဒိယမှာ အရွယ်မရွေး နူနူဝဲဝဲလူမရွေး ကူညီစောင့်ရှောက်နေသည့် အယ်လ်ဘေးနီးယန်းအမျိုးသမီးကြီး မာသာထရီဇာ့အကြောင်းကတော့ ဖေဖေ ယူလာတတ်သော နိုင်ငံခြားသတင်းမဂ္ဂဇင်းများနှင့် ဖေဖေနားထောင်တတ်သော ဘီဘီစီမြန်မာပိုင်းအစီအစဉ်တို့မှတစ်ဆင့် မြင်တွေ့ကြားသိရသည်မို့ ပိုပြီးရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ ကျွန်မ၏ ငယ်ဘဝစံပြပုဂ္ဂိုလ်တစ်ဦးမှာ မာသာထရီဇာ ဖြစ်လာခဲ့သည်။ သို့သော် မူလတန်းကျွန်မအဖို့ မာသာထရီဇာကို အားကျစိတ်မှာ သူကဲ့သို့ သူတစ်ပါးကို ကူညီချင်စိတ်ပါဝင်ခဲ့သည့်ပြင် သူကဲ့သို့ သူတစ်ပါးတို့က ချီးမွမ်းဂုဏ်ပြုခံရလိုသည့်စိတ်တို့လည်း ပါဝင်ခဲ့ပါသည်။

ထို့ပြင် ကျွန်မ၏ နောက်အတွေ့အကြုံပြာစ်ခုက သူတစ်ပါးထက် အခွင့်ထူးခံရလိုစိတ်ကို တိုက်ခိုက်နှိမ်နင်းခဲ့ပြန်ပါသည်။ နယ်မှာနေသော ကျွန်မ၏ဝမ်းကွဲမောင်နှမများကို ကျွန်မတို့မောင်နှမက ဦးဆောင်ပြီး ရန်ကုန်မြို့တစ်ခွင် လှည့်လည်ပြသဖို့ အခွင့်အရေးကို ကျွန်မအသက်ဆယ့်တစ်နှစ်မှာ ဖေဖေက ပေးခဲ့ပါသည်။ လူကြီးတွေမပါဘဲ သွားကြရသည့်ပြင် ငွေကြေးလည်း အလုံအလောက်ထည့်ပေးလိုက်သည်မို့ အပျော်ကျူးခဲ့ကြရာ နောက်ဆုံးတွင် ဖေဖေတာဝန်ထမ်းဆောင်ရာ ဟိုတယ်ခရီးလက်အောက်ခံ ကရဝိက်ဟိုတယ်မှ ရေခဲမုန့်ကို တန်းစီဝယ်မစားဘဲ ဖေဖေ့နာမည်ပြောပြီး အခမဲ့



အငြိမ့်သား ထိုင်စားဖြစ်ခဲ့ကြပါသည်။ ထိုစဉ်က တန်းစီစောင့်ဆိုင်းနေသူတို့၏ အကြည့်များကို ကိုယ့်အပေါ် အားကျကြည့်ဟု ယူဆခဲ့ကာ သဘောကျနေခဲ့သမျှ ဖေဖေ့ကို ပြန်လည်အစီရင်ခံသည့်အခါ သူ့ရာထူးနှင့် နာမည်ကို အသုံးချကာ သူများထက် အခွင့်အရေးပိုလိုချင်ခြင်းကို ဖေဖေက ပြင်းပြင်းထန်ထန် ရှုတ်ချပြစ်တင်ခဲ့ပြီးနောက် ကျွန်မတို့အားလုံး အပျော်တွေပျောက်သကဲ့သို့ ရေခဲမုန့်အရသာပင် မခံစားနိုင်ခဲ့တော့ပါ။ ထိုမှတစ်ဆင့် ယခုတိုင်လည်း သည်လို ရေခဲမုန့်မျိုးစားရမည်ကို ရှက်ကြောက်စိတ်က ဖြစ်ခဲ့ရပါပြီ။ ငယ်အိပ်မက်ထဲမှာပင် ကျွန်မသည် သူများတန်းစီလျှင် မိမိလည်း တန်းစီဖို့ နမေလေးတော့ချေ။

## အိပ်မက်ကို အမွေဆက်ခံလို့

ငယ်ငယ်က ပျော်ခဲ့ရသည့်ကာလများတွင် နွေရာသီကျောင်းပိတ်ရက် ခရီးရှည်များက ထိပ်ဆုံးက ပါခဲ့ပါသည်။ ခရီးထွက်သည်ကို ဝါသနာပါလှသော မေမေနှင့် မော်လမြိုင်မှာနေသည့် အဘိုးအဘွားတို့ကြောင့် ကျွန်မတို့မိသားစု နွေရာသီတိုင်း ခရီးတစ်ခုတော့ ထွက်ဖြစ်ခဲ့ကြသည်။ မော်လမြိုင်သွားရသည်မှာ ခရီးထွက်သည်ထက် အဘိုးအဘွားနှင့်အတူနေရန် သွားသည်မျိုးမို့ မော်လမြိုင်ခရီးထက် အခြားခရီးအချို့ကို ပိုပြီးမှတ်မှတ်ထင်ထင်ရှိခဲ့သည်။ မော်လမြိုင် တစ်ဖက်ကမ်း ဘီလူးကျွန်း၊ ပုဂံ၊ မန္တလေး၊ ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း စသည်ဖြင့် ခရီးစဉ်တွေမှာ သဘာဝရှုခင်းအလှ၊ ဗိသုကာလက်ရာအလှ၊ အစားအသောက်၊ ရာသီဥတု၊ တိုင်းရင်းသားဓလေ့ထုံးစံနှင့် ဘာသာစကား၊ လေယူလေသိမ်း စသဖြင့် မတူခြားနားသည့် အရာများကို တအံ့တဩ တွေ့ကြုံခံစားသိမြင်ရသဖြင့် ကြည်နူးပျော်ရွှင်ခိုက်မှာ 'တွေ့လား၊ ဖေဖေတို့နိုင်ငံက ဘယ်လောက်လှလဲ။ ဒီနေရာမှာ တချို့နိုင်ငံတွေမှာလို လျှပ်စစ်ကြိုးဆွဲ ကောင်းကင်ကားတန်းတွေ ဆင်နိုင်ရင်၊ မိသားစုအပန်းဖြေစခန်းကြီးမျိုးဖန်တီးနိုင်ရင် ဖေဖေတို့ နိုင်ငံခြားဝင်ငွေလည်း တိုးမယ်။ နိုင်ငံခြားသားအများကြီးကလည်း ဖေဖေတို့နိုင်ငံ ဘယ်လောက်လှကြောင်း သဘာဝသယံဇာတ ဘယ်လောက်ကြွယ်ဝကြောင်း သိသွားကြမယ်'ဟု ဖေဖေက သူ့အိပ်မက်တွေကို မမောတန်း ပြောနေတတ်သည်။ သည်တော့ ကျွန်မမှာ ကြက်သီးမွေးညင်းထောင်ထကာ မြန်မာပြည်မှာ [illegible]ဖြစ်ရသည်ကို ဂုဏ်ယူနေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဆုံး များပြားလှသော ဘုရားကြီးဘုရားကြားမှာ လျှောက်သွားရင်း ဆယ်တစ်ရာစုပုဂံ၏ ကြွယ်ဝမှုနှင့် ရှေးက ပျူ၊ မွန်၊ မြန်မာတို့၏ လက်ရာမြောက်ဗိသုကာတို့ကို နားမလည်နိုင်သေးသည့်တိုင် မှန်းဆဂုဏ်ယူမိခဲ့ဖူးပါသည်။ မန္တလေးကျုံးကို ငေးကြည့်ရင်း၊ ပါတော်မူပုံပြင်ကို နားထောင်ရင်း၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ဖူးမြော်ရင်း ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးအတွက် နားမလည့်တလည်နှင့်ပင် ကြေကွဲမိခဲ့ပြန်ပါသည်။ ဖေဖေ့ဘက်မှ ဆွေမျိုးများရှိရာ သီပေါနှင့် ရှမ်းပြည်နယ်ဒေသအချို့ကို လည်ပတ်ခဲ့စဉ်မှာလည်း အသွင်မတူသည့် ဆွေမျိုးများအပေါ် ချစ်ခင်သည့် ခံစားမှုကို ရခဲ့ပြန်ပါသည်။ ပြည်တွင်းခရီးအတွေ့အကြုံတို့ကို အိမ်နီးနားချင်းကလေးများနှင့် ကျောင်းနေဖက်သူငယ်ချင်းများအား ပြန်ပြောင်းပြောပြခဲ့သည့်အခါ ကျွန်မမှာ သူတို့ထက် ဗဟုသုတပိုရှိသည်ဟု ခံစားမိရာက မိမိကိုယ်မိမိ ယုံကြည်စိတ်လည်းတိုးပွားခဲ့ပါသည်။ ကျွန်မ၏အတွေးအမြင်သည် ရန်ကုန်၏ ၁၂ ပေ၊ ပေ ၅၀ တိုက်ခန်းကျဉ်းနှင့် နံရံလေးဘက်ကြားက ကျောင်းတို့ထဲမှာ လမ်းဆုံးမနေခဲ့ရသည့်အတွက်လည်း မူလတန်းအရွယ် ကျွန်မ၏ အိပ်မက်များသည် တောင်ပံတလူလူ လွင့်ဝဲနေခဲ့ကြပါသည်။

ငယ်ဘဝမှ အမှတ်ရနေမိသည်က အိပ်ရာဝင်နောက်ကျခြင်းပင်။ ညစဉ်ညနက်သည့်တိုင် ဖေဖေနှင့်မေမေ၏ ခုတင်ပေါ်မှာ နားနေရင်း ဖေဖေနှင့် မေမေ ပြောသမျှ လူမှုရေး၊ စီးပွားရေးကိစ္စ အထွေထွေကို နားထောင်တတ်ခဲ့သည်ကလည်း ကျွန်မဘဝအတွက် လူဖြစ် စောစေခဲ့သည့်အကြောင်း ဖြစ်ပေမည်။ မူလတန်းဘဝမှာပင် ဖေဖေနှင့်မေမေတို့ ခံစားနားလည်သမျှကို လိုက်လံခံစားဖြစ်ခဲ့သည်မို့ နားလည်မှုအရာတွင်လည်း လူကြီးတို့၏ နားလည်မှုအတိုင်းအတာကို ယဉ်ပါးကျက်စားမိခဲ့ပြန်ပါသည်။ သို့သော် ထိုစဉ်က ခံစားမှုနုနယ်သည့် ကလေးပီပီ ကြားဖူးသမျှ ဒုက္ခရောက်နေသူ၊ အဆင်မပြေနေသူများအတွက် ညတိုင် ဘုရားရှိခိုးသည့်အခါ ဝေဝေဆာဆာ ဆုတောင်းသမှုကို ပြုခဲ့မြဲဖြစ်ပါသည်။ ကိုယ့်ထက်အဆင်ပြေကြွယ်ဝနေသူတွေအပေါ် အားကျစိတ်ဖြစ်ခဲ့မှုမျိုး ရှိ၊ မရှိ မမှတ်မိသော်လည်း ကိုယ့်ထက် အဆင်မပြေဖြစ်နေသူတို့အတွက် ပူပန်စိုးရိမ်စိတ်နှင့် တစ်နည်းနည်းအားဖြင့် ကူညီဖေးမလိုစိတ်များ ဖောဖောသီသီ ဖြစ်ထွန်းခဲ့သည်ကိုဖြင့် မှတ်မိနေပါသေးသည်။ သို့ဖြင့် မူလတန်းအရွယ် ကျွန်မ၏ ညပိုင်းဘုရားရှိခိုးချိန်သည် ထိုကိစ္စများအတွက် ဆုတောင်းမှုတို့ကြောင့် ကျွန်မောင်နှမများထက် ပိုကြာမြင့်ခဲ့ပေသည်။



ထို့နောက်မှာ ကျွန်မသည် အကလေးဘဝမှ လူငယ်ဘဝသို့ ရုတ်ခြည်းကူးပြောင်းသွားသလို ဖြစ်ခဲ့ပြန်ပါသည်။

❖

## ဆယ်ကျော်သက်အိပ်မက်များ

### လက်တွေ့ထဲက အိပ်မက်၊ ပုံပြင်ထဲက ဘဝ

အမိုးအကာမဲ့ ဘတ်စ်ကားမှတ်တိုင်လေးကား ဓာတ်မီးတိုင်ပေါ်မှာ ချိတ်ထားသည့် ဘတ်စ်ကားနံပါတ်ပြားပိုင်းကြောင့်သာ သိသာထင်ရှားနေရသည်။ သို့သော် ပုရွက်ဆိတ်အုံတစ်အုံနှယ် ခရီးသွားလူထုများက စုပြုံတိုးဝှေ့ဆောင့်ဆိုင်းနေကြသည့် သင်္ကေတကြောင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ဓာတ်တိုင်ပေါ်ကို မော့မကြည့်ဘဲ သည်နေရာမှာ ကားမှတ်တိုင်မှန်း သိကြပြန်သည်။ စနစ်တကျတန်းစီထားခြင်း မဟုတ်သော်လည်း လူအားလုံးလိုလိုက ကားလာရာဘက်ဆီ လှမ်းမျှော်နေကြပုံမှာ ယိမ်းတိုက်ထားသလိုဖြစ်နေသည်။ အများစု၏ မျက်နှာမှာတော့ ကမ္ဘာဦးလူတို့ နေနှင့်လကို မျှော်သလို ခည်သည့်အချိန်လာမည်မှန်းမသိသည့် ဘတ်စ်ကားအား မျှော်တော်ဇောနှင့်ဓာနေသည့်အမောကို ဆင်ယင်ထားကြပြန်သည်။ သည်လူအုပ်စုမျိုးထဲကို အမျှော်အင်အားဖြည့်ရန် ကျွန်မသည် ဘတ်စ်ကားဂိတ်များစွာသို့ ရောက်ခဲ့ဖူးပြီ။ ယခုထက်ထိလည်း ကိုယ်ပိုင်ကား ဝယ်မစီးနိုင်သည့် ကျွန်မတို့မိသားစုမှာ ပြည်သူပိုင်ဘတ်စ်ကားများကိုသာ အားကိုးရမြဲဖြစ်ရာ ဘတ်စ်ကားစီးရသည့် အတွေ့အကြုံမှာ လတ်ဆတ်သစ်လွင်မြဲဖြစ်သကဲ့သို့ ဘဝ၏ပုံရိပ်တစ်စိတ်တစ်ဒေသလည်းဖြစ်ပါသည်။ သို့သော် ထိုဆယ်ကျော်သက်ကာလကတည်းက 'ငါ ဘယ်တော့များ ကိုယ်ပိုင်ကားဝယ်စီးနိုင်မှာပါလိမ့်' ဟု မတွေးမိခဲ့ဘဲ 'ငါတို့ဆီမှာ ပြည်သူပိုင်ဘတ်စ်ကားတွေကို ပိုပြီးအကျိုးရှိရှိနဲ့ အများပြည်သူတွေ အဆင်ပြေပြေစီးနင်းနိုင်အောင် ဘယ်လိုများ ဖြေရှင်းနိုင်မှာပါလိမ့်' ဟူသော အစဉ်တစိုက် တွေးတောဖြစ်ခြင်းကလည်း ကျွန်မ၏ မပြည့်စုံနိုင်သေးသော အိပ်မက်တစ်ခု ဖြစ်ပါသည်။

ကျွန်မ၏ ဆယ်ကျော်သက်မတိုင်မီကာလလေးမှာပင် ဇာတိမြို့မှ အတိုးနှင့် အဘွား ရန်ကုန်သို့ ပြောင်းရွှေ့လာသဖြင့် ကျွန်မတို့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ပုဇွန်တောင်မှ စမ်းချောင်းသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ အဘိုး၊ အဘွားနှင့်အတူ နေခဲ့ရခြင်းကလည်း ကျွန်မဘဝမှာ အရေးပါသည့် အပြောင်းအလဲဖြစ်ပါသည်။ အဘိုးက ၁၉၂၀ ပထမတက္ကသိုလ်ကျောင်းသားသပိတ်မှာ မော်လမြိုင်မှ အထက်တန်းကျောင်းသားဘဝဖြင့် ပါဝင်ခဲ့သဖြင့် ကျောင်းထုတ်ခံလိုက်ရပြီးနောက် မိမိဘာသာသင်ယူပျိုးထောင်ခဲ့သော လူတစ်ဦးဖြစ်လာခဲ့ရာ သူနှင့် လက်ပွန်းတတီးနေခဲ့ရသော ဆယ်ကျော်သက်ကာလသည် ထူးခြားခဲ့ပြန်ပါသည်။ အထူးသဖြင့် ကျွန်မသည် အခြားဆယ်ကျော်သက်များကဲ့သို့ တွေးရိုးတွေးစဉ် မတွေး၊ ပြောရိုးပြောစဉ် မပြောတတ်ခဲ့တော့။ ထိုစဉ်က အဘိုးမှာ အသက်ရှစ်ဆယ်နားကပ်နေပြီး သူ့ငယ်ဘဝအတွေ့အကြုံများနှင့် သူ မည်ကဲ့သို့ တွေးခေါ်ရင်ဆိုင်ဖြတ်သန်းပုံများကို ပြောပြခဲ့ရာ ကျွန်မအတွက် နမူနာပြုစရာ ဖြစ်မှန်းမသိ ဖြစ်ခဲ့ပါသည်။ နယ်ချဲ့လက်အောက်မှာ သူမည်သို့ မည်ပုံ ရပ်တည်ခဲ့ပုံကို ပြောခဲ့ရာမှာ သူ့ဖြေရှင်းပုံများကို ကျွန်မ အသေးစိတ် မမှတ်မိသည့်တိုင် နာခံသည်လည်း မဟုတ်၊ အာခံသည်လည်း မခြောက်သည့် သဘောတရားကိုမူ သတိထားမိခဲ့ရပါသည်။ သို့ဖြင့် အဘိုး၏တကယ့်ဖြစ်ရပ်ပုံပြင်များက ကျွန်မ၏ အနာဂတ်ဘဝရင်ဆိုင်ပုံကို အတန်အသင့် လွှမ်းမိုးခဲ့ပါတော့သည်။

## ခေါင်းမီးလောင်ခဲ့ရသည့် စာကြမ်းပိုးဘဝ

အဘိုးကြောင့် ကျွန်မသည် စာကို သဲကြီးမဲကြီး ဖတ်တတ်လာခြင်းကလည်း ကျွန်မ၏ ဆယ်ကျော်သက်အိပ်မက်ကို ပြောင်းလဲစေခဲ့ပါသည်။ ဆရာဝန်တစ်ယောက်ဖြစ်ချင်ခဲ့သည့် ငယ်အိပ်မက် မပျောက်ပျက်သေးသော်လည်း စာပေနှင့်ပတ်သက်သည့် အိပ်မက်တစ်ခု ပိုမက်တတ်လာခဲ့ပါသည်။ အဘိုးက ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဂန္ထဝင်ဝတ္ထုကြီးများမှအစ စာအုပ်မှန်သမျှကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်လေ့ရှိသည့်ပြင် နေ့စဉ်ထုတ်သတင်းစာကိုပင် မာတိကာမှအစ ဖတ်သကဲ့သို့ မှတ်စုစာအုပ်အနားမှာထားပြီး စာဖတ်သူ ဖြစ်ပါသည်။ သူ့စာအုပ်ဗီရိုကို စတင်မိတ်ဆက်သည်မှစပြီး စာအုပ်စာပေတို့၏ ဩဇာသည် ကျွန်မ၏ ဆယ်ကျော်သက်ဦးပိုင်းကာလကို လုံးဝဥဿုံ လွှမ်းမိုးအနိုင်ယူသွားခဲ့ပါတော့သည်။ အိမ်ရှိစာအုပ်နှင့် မတင်းတိမ်နိုင်ခဲ့သလို အငှားဆိုင်မှ ရနိုင်သည့် ခေတ်ပေါ်မဂ္ဂဇင်း၊ ဝတ္ထုများနှင့်လည်း မကျေနပ်နိုင်ခဲ့သော ကျွန်မမှာ ဆွေမျိုးဉာတကာနှင့် မိတ်ဆွေသင်္ဂဟတို့က



သူတို့ကိုယ်ပိုင် အိမ်တွင်းစာကြည့်တိုက်ကလေးများကို သုံးစွဲခွင့်ပြုသည်နှင့် နေ့စဉ်မပျက် ထိုင်လည်းဖတ်၊ အိပ်လည်းငှားသည့် ပရိသတ်ဖြစ်ခဲ့ပြန်ပါသည်။ လမ်းပေါ်မှာ ပြေးလွှားခုန်ပေါက်ကစားရသည်ကို မက်မောခုံမင်သည့် အရွယ်မှ အပျိုဖော်ဝင်သည့်အရွယ် ရောက်လာချိန်တွင် စာပေ၏ ဆွဲဆောင်မှုနှင့် ဩဇာကို မည်သို့မျှ မရုန်းထွက်နိုင်ခဲ့သော ကျွန်မသည် အိမ်တွင်းပုန်း စာကြမ်းပိုးတစ်ယောက်ဖြစ်လာကာ လူပျို အပျိုသဘာဝ အပြုအမူအားလုံးကို မသိကျိုးကျွံ ကျော်လွှန်ဖြစ်ခဲ့ပါတော့သည်။ ညလုံးပေါက်စာဖတ်ခြင်းဖြင့် တစစ ကျန်းမာရေးချွတ်ယွင်းလာသော ကျွန်မကို စိုးရိမ်ကာ ညနက်နက်မှာ ကျွန်မအခန်း မီးလင်းနေလျှင် လှမ်းအော်ပြီး သတိပေးခံရတတ်သောကြောင့် စောင်ကို ခေါင်းမြီးခြုံကာ မီးအိမ်ကို ရင်ခွင်ထဲထည့်ပြီး စာဖတ်ရာမှ ဆံပင်တွေ မီးလောင်သွားခဲ့ဖူးသည့် ဆယ်ကျော်သက်ကျွန်မမှာ စာအုပ်တစ်အုပ်အုပ်ကို မထိမကိုင် မဖတ်မရှုနေလျှင် ပြစ်မှုကြီးတစ်ခုကျူးလွန်နေမိသည့်အလား စိတ်ချောက်ချားတတ်သည့် စိတ္တဇလည်း ရှိလာခဲ့ပါသည်။

ကလေးဘဝမှာ ကိုယ်လက်လှုပ်ရှားကစားရသည့် ကစားနည်းမျိုးစုံကို မောင်လေးနှစ်ယောက်နှင့်အတူ ဖြောင်းဆန်အောင် ဆော့ကစားခဲ့ရာမှ အပျိုဖော်ဝင်သည်နှင့် စာပေ၏ညို့မှတ်ကို ကြုံရသောအခါ မလှုပ်မရှား ငြိမ်သက်သွားခဲ့ပြန်ပါသည်။ အမှန်တော့ ကျွန်မမှာ မောင်နှစ်ယောက်နှင့်အတူ ကြီးပြင်းခဲ့ရသည့်အတွက် ယောကျ်ားလေးတစ်ယောက်အသွင် ပြုမူနေထိုင်ခဲ့ပြီး ကိုယ့်ကိုယ်ကိုလည်း မိန်းမတစ်ယောက်အဖြစ် မမြင်နိုင်ခဲ့။ မိန်းကလေးတစ်ယောက်၏ အဆင်အပြင်မျိုးကိုလည်း လုံးဝစိတ်မဝင်စားခဲ့သူသာ ဖြစ်ပါသည်။ ထိုစဉ်က မြန်မာပြည်မှာ ခေတ်စားခဲ့သော ရုရှားစာပေနှင့် အခြား လက်ဝဲလက်ယာစာပေများကို ဖတ်ဖြစ်ခဲ့သော်လည်း ကျွန်မကို ပိုပြီး စွဲဆောင်နိုင်ခဲ့သည်မှာ ဗုဒ္ဓစာပေဖြစ်ခဲ့ခြင်းကလည်း ကျွန်မ၏ ဆယ်ကျော်သက်အိပ်မက်ကို အရောင်ဆန်းတွေ ခြယ်မှုန်းပေးခဲ့ပါသည်။ ဘာသာရေးစာပေဖတ်ရာမှာလည်း မိန်းမတို့အတွက် ညွှန်းဆိုထားသမျှကို ကျော်ဖတ်ပြီး ယောကျ်ားကောင်းတို့ ကျင့်ကြံအပ်သည့် စိတ်ဓာတ်နှင့် အပြုအမူမျိုးကိုတော့ မှတ်စုထား ထုတ်ယူသလို လိုက်နာနိုင်အောင် အစွမ်းကုန်အားထုတ်တတ်ခဲ့ပြန်ပါသည်။ ကျားကျားလျားလျားဖြစ်အောင် ကြိုးစားနေသည့် ကျွန်မ၏ ရုပ်ရည်မှာ နူးညံ့သိမ်မွေ့သည့်အပြုအမူမျိုး မရှိသော်လည်း ဘာသာရေးစာပေက ကျွန်မ၏ နှလုံးသားကိုတော့ သိမ်မွေ့အောင် ချုပ်ကိုင်ထားနိုင်ခဲ့ပါသည်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးစာပေကို စတင်စွဲလမ်းရသည်မှာ ဆရာကြီးဦးသုခ၏ မေတ္တာသုတ်ဖြစ်ပြီး ထိုစဉ်က စစ်ပြန်မဂ္ဂဇင်းတွင် အခန်းဆက်ပါသည်ကို လစဉ်စောင့်ဖတ်ခဲ့ရပါသည်။ မေတ္တာကို ရွတ်ဖတ်ရသည့်သုတ္တန်သဘောထက် လိုက်နာကျင့်သုံးရမည့် ဘုရားဟောကျင့်စဉ်အဖြစ် သဘောကျကြည်ညိုဖွယ်ဖြစ်အောင် ရေးထားသည်ဖြစ်ရာ ဆယ်ကျော်သက်ကျွန်မမှာ အပြည့်အဝမဟုတ်သည့်တိုင် ဘဝတစ်သက်တာအတွင်း အတော်များများကို လိုက်နာနိုင်အောင် ကြိုးစားလိုစိတ်များ ဖြစ်လာခဲ့ရပါသည်။ မေတ္တာသုတ်စာသားများကို ဖွင့်ဆို ရှင်းပြရာမှာ ကျွန်မရင်ကို ထိစေခဲ့သော ဝါကျများ အတော်ကိုများပြားလှပါသည်။

## မုဒုကို စွဲသမ်းလာခြင်း

*'ကိလေသာအားလျော်စွာ လူသိမခံနိုင်သော ကိုယ်နှုတ်အမှုအရာများနှင့် မိမိတို့ကိုယ် မိမိတို့ ကြည်ညိုမရနိုင်သောအခါဝယ် ဗုဒ္ဓ၏အလိုတော်ကျ မဟုတ်သေးတာ တွေးပြုပြင်နိုင်မှ 'သုဟုဇူ'ဖြစ်မယ်လို့ ဟောတော်မူတယ်။ ဆိုလိုတာက သူတစ်ပါးက မိမိကို ကြည်ညိုခံနိုင်ဖို့ထက် မိမိကိုယ်မိမိ ကြည်ညိုနိုင်အောင် သိက္ခာရှိရမယ်၊ ဖြောင့်မတ်ရမယ်၊ သူတစ်ပါးကိုလည်း ကိုယ်က မလိမ်နဲ့၊ ကိုယ့်ကိုယ်ကိုလည်း ပြန်မလိမ်နဲ့ပေါ့' (မေတ္တာသုတ်၊ သုခ၊ စာ ၂၉)*

*'မှန်သောကိစ္စမှာ နူးနူးနဲ့ ကိုယ့်အလိုကို မြဲမြဲစွာ ဆုပ်ကိုင်ထားတာဟာ 'မုဒု'ရဲ့သဘောပဲ။' (မေတ္တာသုတ်၊ သုခ၊ စာ ၅၀)*

*'ကာယကံ၊ ဝစီကံ 'မုဒု'ဖြစ်ပြီး မနောကံ 'မုဒု'မဖြစ်လျှင်တော့ ကျန်တဲ့နှစ်ပါးရဲ့ 'မုဒု'တွေဟာ အယောင်ဆောင်တာပဲ။ လူပေါ်လူဓော်လုပ်တာတွေပဲ ဖြစ်သွားလိမ့်မယ်။' (မေတ္တာသုတ်၊ သုခ၊ စာ ၇၇)*

*'ဘယ်သူကဲ့ရဲ့ကဲ့ရဲ့ ဘုရားမကဲ့ရဲ့အောင်နေ။ ဆရာတော် ဦးဖုမ်' (မေတ္တာသုတ်၊ သုခ၊ စာ ၁၂၁)*

မေဖေ့ရိုးသားမှုက ကျွန်မတို့မိသားစုကို ထမင်းဝရုံသာ စွမ်းနိုင်သဖြင့် အပျိုဖော်ဝင်လာသော ဆယ်ကျော်သက်ကျွန်မမှာ သူများတကာလို လုပခေတ်မီစွာ ဝတ်ဆင်သုံးစွဲနိုင်သည့်အနေအထား မရှိသည်ကို ကောင်းကောင်းသဘောပေါက်ခဲ့ပါသည်။ မေတ္တာသုတ်အဟောအရ ရောင့်ရဲတင်းတိမ်သူဖြစ်အောင် ကြိုးစားဖို့မှာလည်း ဆယ်ကျော်သက်လိုအင်နှင့် ခွင်မကျဖြစ်နေခဲ့ပြန်ပါသည်။ နောက်ပြဿနာတစ်ခုက ကိုယ့်ကိုယ်ကိုလည်း ကြည်ညိုချင်၊ ဘုရား



အကဲ့ရဲ့ကိုလည်း မခံချင်ဆိုသည့်စိတ် ဖြစ်နေခြင်းပင်။ သည်လိုနှင့် ဆယ်ကျော်သက်ကျွန်မအဖို့ အိမ်၏ ကျပ်တည်းသော စီးပွားရေးအခြေအနေအရ မဖြစ်မနေ တင်းတိမ်ရောင့်ရဲရမည့် အနေအထားကို မေ့လျော့နိုင်မည့်၊ ဆယ်ကျော်သက်လိုအင်တွေကို နှစ်နှစ်ကာကာကြီး လျစ်လျူရှုနိုင်မည့် နည်းလမ်းကို ကြံဆရပါတော့သည်။ တစ်နည်း ကိုယ်နှင့် နှုတ်မှာ အခြေအနေအရ တင်းတိမ်သင့်သည်မို့ တင်းတိမ်ရသည့် အယောင်ဆောင်တင်းတိမ်မှု မဖြစ်ရအောင်၊ ချုပ်တည်းသည်းခံရခြင်းထက် စိတ်ထဲမှာ နှစ်လိုကျေနပ်စွာ ရောင့်ရဲနိုင်ခြင်းဖြစ်ရအောင် ကြိုးစားရပါတော့သည်။ မိမိကိုယ်ကိုလည်း ညာရာမကျ ဘုရားဟောကိုလည်း ကျင့်သုံးရာကျဆိုသည့် နည်းလမ်းကို စဉ်းစားရသည်မှာ ဆယ်ကျော်သက်တစ်ယောက်အဖို့ စိန်ခေါ်မှုတစ်ရပ်ပင်။ နောက်ဆုံးမှာတော့ ဘုရားဟော ပဋာစာရီထေရီအတ္ထုပ္ပတ္တိကပင် ကျွန်မကို အကောင်းဆုံးအဖြေထုတ်ပေးခဲ့ပါသည်။

## ပဋာစာရီထေရီကို အားကျခြင်း

ပဋာစာရီထေရီမှာ အများသိကြသည့်အတိုင်း လင်သေ၊ သားဆုံး၊ မိဘနှင့် မိသားစုအားလုံးဆုံးကာ တစ်ကိုယ်တော် ကျန်ရစ်ချိန်မှာ အဝတ်အစားပင် မကပ်နိုင်အောင် ရူးသွပ်သွားခဲ့ဖူးပါသည်။ မြတ်စွာဘုရား၏ တရားရေအေးကို နာကြားရသည့်နောက် သောတာပန်အဖြစ်ကို ချက်ချင်းရကာ အရိယာအဖြစ်သို့ ရောက်ခဲ့သော်လည်း ထိုခဏမှာ ပဋာစာရီ၏ အပြောင်းအလဲကို မသိကြသူတို့က မြတ်စွာဘုရားကို ဖူးမြော်နေသည်က အဝတ်မဲ့ကိုယ်စလာနှင့်မို့ မသင့်လျော်ဟု ဆိုခဲ့ကြပါသည်။ သို့သော် အရိယာအဖြစ်သို့ ပြောင်းသွားပြီဖြစ်သော ပဋာစာရီမှာ 'ရတနာသုံးပါးတည်းဟူသော ပန်းခိုင်ကိုလည်းကောင်း၊ ငါးပါးသီလတည်းဟူသော ခါးဝတ်ပုဆိုး အဝတ်တန်ဆာကိုလည်းကောင်း၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတပ္ပဖြစ်သည့် သူတော်ကောင်းဥစ္စာ ခုနစ်ဖြာတည်းဟူသော ကျောက်မျက်အဆင်တန်ဆာတို့ကိုလည်းကောင်း ဆင်မြန်းထားပြီးဖြစ်သည့်အတွက် ပကတိအဝတ်အစားမဲ့နေသည့်တိုင် သင့်လျော်လျောက်ပတ်နေသည်ဟု ပြန်လည်ချေပထားသည်ကို ဖတ်လိုက်ရသည့်အခါ ကျွန်မအတွက် ဘဝနေနည်းထိုင်နည်းကို ရပါတော့သည်။ ထို့နောက် ပန်းပန်ဖို့မတွေးဘဲ သရဏဂုံတည်ဖို့သာ တွေးသကဲ့သို့ အဝတ်အဆင်ဆန်းတွေ ဝယ်ဝတ်ရဖို့ မတွေးဘဲ ငါးပါးသီလလုံဖို့ တွေးရ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ကျွန်မတစ်ယောက်တည်း ခွန်အားနှင့် တတ်စွမ်းသည့်ကိစ္စဖြစ်သကဲ့သို့ ကျွန်မအတွက် အတော်ကြီးသက်သောင့်သက်သာ ရှိစေခဲ့ပါသည်။ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာလုံးကို မဖြည့်ဆည်းနိုင်သေး၊ မပိုင်ဆိုင်နိုင်သေးသော်ငြား သနပ်ခါးအမွှေးနံ့သာအစ ရွှေငွေစိန်ကျောက်အဆုံး ဆယ်ကျော်သက်သမီးပျိုတို့ ဆင်ယင်သုံးစွဲချင်သမျှတို့ကို နှစ်နှစ်လိုလို လျစ်လျူရှုနိုင်ခဲ့ပါသည်။

ဒုလ္လဘသီလရှင် ဝတ်ခြင်း၊ ဆယ်ရက်တရားစခန်းဝင်ခြင်းတို့ကို ဆယ်ကျော်သက်ဘဝမှာ အားထုတ်ဖြစ်ခဲ့သည်ကလည်း ကျွန်မအတွက် အကျိုးများခဲ့ပါ:ပည်။ သာသနာ့ဘောင်မှာ မည်သို့ကျင့်ကြံ နေထိုင်ကြသည်ကို ကိုယ်တွေ့ကြုံရသကဲ့သို့ ဝိပဿနာကမ္မဋ္ဌာန်း၏ အခြေခံကိုလည်း ကောင်းကောင်းလေ့ကျင့်ခွင့်ရခဲ့ခြင်းသည် နောင် ထောင်တွင်းတွင် တရားအားထုတ်ဖြစ်သောအခါ ကြီးစွာသောအထောက်အကူကို ဖြစ်စေခဲ့ပါသည်။ ဒုလ္လဘသီလရှင် ဝတ်ခဲ့စဉ်က ဘဝမှာ နောက်ထပ်ဖြစ်ချင်တာတွေ မရှိတော့လောက်အောင် ခံစားရပြီး လူပြန်မထွက်ချင်သည့်စိတ်အထိ ဖြစ်ခဲ့ဖူးသော်လည်း အလွန်အကျူး မပြင်းထန်ခဲ့ပေ။ ထို့နောက်မှာ နေ့တိုင်း ရှစ်ပါးသီလနှင့်နေသလို နေနိုင်အောင် ကြိုးစားသွားနိုင်လျှင် လောကကျိုး၊ ဓမ္မကျိုး နှစ်မျိုးစလုံး ထမ်းနိုင်သည့်ဘဝမျိုးကို ဖန်တီးနိုင်မည်ဟု အိပ်မက်သစ် ဖြစ်လာရာမှ ဆယ်တန်းကျောင်းဖွင့်အမီ လူထွက်ဖြစ်သွားခဲ့ပါသည်။

## နောက်ဆုံးတော့ ကလောင်ကိုင်မည်

တစ်ဖက်မှာလည်း လစဉ်ထုတ်မဂ္ဂဇင်းအချို့ကို စွဲလမ်းသထက် စွဲလမ်းလာပြီး စာပေကို ကိုယ်တိုင်ဖန်တီးလိုစိတ်က ပြင်းပြလာခဲ့ပါသည်။ ထို့ပြင် ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ သတင်းအမှောင်ချမှုကြောင့် ကမ္ဘာမှာ ဘာဖြစ်နေသည်ကို ဟုတ်တိပတ်တိ မသိခဲ့ရသော်လည်း ဖတ်ခွင့်ရသမျှ စာပေထဲမှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုတည်ထောင်သူများ၊ တော်လှန်ရေးသမားများ၊ ငြိမ်းချမ်းရေးသမားများအားလုံးကို အားကျစိတ်ကလည်း ရှိခဲ့ပြန်ပါသည်။ သူတို့တွေနှယ် ထူထဲလေးပင်သော အတ္ထုပ္ပတ္တိမျိုး ရှိချင်ခဲ့ပါသည်။ သို့သော် ကျွန်မမှာ ကိုယ်ပိုင်အတွေ့အကြုံဟူသရွေ့ ဘာမှ မယ်မယ်ရရ မရှိခဲ့သေး။ တစ်ခုကောင်းသည်က ကျွန်မတို့မိသားစုမှာ စားအိုးကြီးလာသည့်အလျောက် မေမေက ကိုယ်ပိုင်ကျူရှင်လေးဖွင့်ဖြစ်ခဲ့ရာမှ



ပတ်ဝန်းကျင်ကို ပိုမိုထိတွေ့ခွင့် ရလာခြင်းပင်။ အထက်တန်းကျောင်းနှင့် တက္ကသိုလ်စပ်ကြားကာလတချို့မှာ စာအုပ်ပုံထဲ ခေါင်းစိုက်ထားခဲ့သလို မူကြိုမှသည် အလယ်တန်းအထိအရွယ်ရှိ ကျောင်းသားကျောင်းသူ ခြောက်ဆယ်ကျော်ကိုလည်း ဆရာလုပ်ခဲ့ရပြန်ပါသည်။ စမ်းချောင်းမှာနေကာ ပုဇွန်တောင်မှာ ကျူရှင်သွားပြရသည့်အတွက် ပြည်သူပိုင်ဘတ်စ်ကားများနှင့် ယဉ်ပါးလာခဲ့သကဲ့သို့ ရန်ကုန်မြို့ကိုလည်း ပိုမိုမြင်တွေ့ခွင့်ရလာခဲ့ပါသည်။

ဆိုရှယ်လစ်ခေတ်ဆယ်ကျော်သက်မို့ သည့်ထက်ပိုပြီး နိုင်ငံ့အကြောင်း ဆေ့ခွင့်မသာခဲ့သော်လည်း ကျွန်မ ကောင်းကောင်းသဘောပေါက်ခဲ့သည်မှာ ကျွန်မတို့ လူမှုအဖွဲ့အစည်း၏ မပြေလည်မှုနှင့် ဆင်းရဲမွဲတေမှုပင်။ အခြားကမ္ဘာ့နေရာအချို့မှာ မည်မျှပြေလည်နေသည်ကို မသိခဲ့သော်လည်း ကျွန်မနားမှလူတွေ မပြေလည်သည်ကိုတော့ ကျွန်မ သိခဲ့ရသည်။ ကျွန်မကိုယ်တိုင် မပြေလည်သည့် မိသားစုထဲမှာ ရှိနေခဲ့သည်။ ပြောရိုးပြောစဉ် မရှိမရှားဟု ပြောရမည့် အနေအထားမှာရှိသည့်တိုင် မပိုမလျှံဟု ဆိုရမည့် မိသားစုဘဝမှာ ကျွန်မကျင်လည်ခဲ့သည်မို့ ကျွန်မ၏ ပတ်ဝန်းကျင်မှာလည်း ထိုနည်းနှင်နှင်။ အစိုးရဝန်ထမ်းမိသားစုဘဝများစွာနှင့် လက်လုပ်လက်စား မိသားစုဘဝများစွာ အကြောင်းကိုသာ သိခွင့်ရခဲ့သည့်အတွက်လည်း တွေ့ကြုံရသမျှနှင့် တွေးခေါ်မိသမျှတို့ကို စာပေအဖြစ် ဖန်တီးလိုစိတ်ဖြစ်လာခဲ့ကာ ဝတ္ထုတိုတွေ ရေးစပြုလာခဲ့ပါသည်။ ကိုယ့်ကိုယ်ကို မငြိုငြင်ဖြစ်အောင် ကြိုးစားလေ့ရှိသော ကျွန်မက ကျွန်မ၏ ပတ်ဝန်းကျင်ပုံရိပ်များကို အခြေခံကာ ဝတ္ထုတိုများစတင်ရေးဖြစ်လာခဲ့ပါသည်။ ထိုဝတ္ထုတိုတွေကို မဂ္ဂဇင်းတိုက်တွေဆီ ပေးပို့ရန် ကြိုးစားခဲ့ရာမှ ကျွန်မ၏ ဆယ်ကျော်သက်နှောင်း ဘဝပုံရိပ်သည် တစ်မျိုးတစ်ည် ပြောင်းလာခဲ့ပါတော့သည်။

❖

www.burmeseclassic.com



## အိပ်မက်များကို ဖမ်းဆုပ်ခြင်း

### လူမယုံသည့် စာရေးဆရာမဘဝ

ကျဲကျဲတောက်ပူနေသည့် နေရောင်အောက်မှာ ကန္တာရဆူးပင်များက ခြေကားယား လက်ကားယားနှင့် နေပူခြောက်လှန်းခံထားရသည့်အသွင် ဖြစ်နေသော်လည်း အရွက်ဖားဖားဝေနေတတ်သည့် ထနောင်းပင်နှင့် တမာပင်ကြီးများ၏အရိပ်ကတော့ အဝေးမှ ခရီးသွားဧည့်သည်များကို ချွေးသိပ်ပေးဖို့ လက်ယပ်ခေါ်နေသယောင်။ မျက်စိတဆုံးကျယ်ပြောသည့် ဧရာဝတီမြစ်ကမ်းဘေးမှာ ရာဂဏန်းမျှသော ဘုရားစေတီအဆူဆူက အေးချမ်းသပ္ပါယ်စွာ။ မအေးချမ်းကြသည်က ပုဂံသူပုဂံသားများ၊ နိုင်ငံခြားနှင့် ပြည်တွင်းခရီးသွားတွေကို မှီခိုပြီး ဒေသထွက်ကုန် ယွန်းထည်လုပ်ငန်းနှင့် ရှင်သန်နေရသည့် ပုဂံသည် ၁၉၈၇ နှောင်းပိုင်းတွင် ဧည့်အလာကျဲရာမှ စီးပွားရေးအဆင်မပြေဖြစ်လာခဲ့သည်။ ကျွန်မက ၁၉၈၆ မှာ လုပ်အားပေးခရီးစဉ်အဖြစ် ပုဂံညောင်ဦးမှာ တစ်လတာနေခဲ့ပြီးနောက် ပုဂံနောက်ခံဝတ္ထုတိုများစွာကို ရေးဖြစ်ခဲ့ပြီး ပုဂံကိုလည်း တစ်နှစ်တစ်ခေါက် သွားဖြစ်ခဲ့သည်။ ၁၉၈၇ နှောင်းပိုင်းငွေစက္ကူများ တရားမဝင်ဖြစ်ပြီးစတွင် ပုဂံကို တစ်ခေါက်ပြန်ရောက်တော့ စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းတွေကို မြင်လာခဲ့သည်။ ဘယ်သူက ဘယ်လိုစသည် မသိ။ ပုဂံမှာ ရွှေတူး၍ရသည်ဆိုကာ အိမ်တိုင်းလိုလိုက ယွန်းမထိုးကြတော့ဘဲ ရွှေကျင်ဖို့ပြင်လာကြသည်။ သည်လိုနှင့် ပုဂံဝန်းကျင်မှာ ဇွက်ပေါက်လာသလို သစ်စေးနှင့် ယွန်းထိုးအပ်ကိုသာ ကိုင်ခဲ့ကြသော ပုဂံသူပုဂံသားတွေက ခုတော့ မြေတူးမြေသယ်၊ မျောဆင်၊ ရွှေကျင် လုပ်လာနေကြသည်။ ပုဂံကိုချစ်သော ကျွန်မအဖို့ ရေးစရာတွေ့လျက် အရေးခက်လှသော ပုဂံ့အဖြစ်ကိုကြည့်ရင်း ကြေကွဲခဲ့ရသည်။ အိပ်မက်မဟုတ်သော သည်လိုဒုက္ခမျိုးတွေကို ကျွန်မတို့ တိုင်းရင်းသားမောင်နှမသားချင်းတွေ ဘယ်လိုများနှင့် ဘယ်လောက်ထိ ခံစားနေရသလဲဆိုသည့် အမေးက နှစ်ဆယ်စွန်းစ ကျွန်မကို ခေါင်းခဲစေခဲ့ပြီ။

အမှန်တော့ ဆယ့်ကိုးနှစ်၊ နှစ်ဆယ်၊ နှစ်ဆယ့်တစ်နှစ်၊ ၁၉၈၅-၈၆-၈၇ ကာလများသည် ကျွန်မ၏ ငယ်ဘဝမှာ အလုပ်အများဆုံးလုပ်ဖြစ်ခဲ့သည့် ကာလများဖြစ်ခဲ့သည်။ ဆေးကျောင်းမှာလည်း အရေးကြီးသည့် စာသင်နှစ်များဖြစ်ခဲ့ပြီး ဝတ္ထုရေးနေ၊ အပြင်စာတွေဖတ်နေသဖြင့် ကျောင်းစာမှာ



ညံ့သွားရသည်ဆိုသည့်အဖြစ်မျိုး အဖြစ်မခံနိုင်ခဲ့သောကြောင့် ကျွန်မမှာ ဆေးကျောင်းမှာလည်း အမှတ်ကောင်းကောင်းနှင့် ထူးထူးချွန်ချွန်အောင်ဖို့ ကြိုးစားဖြစ်ခဲ့သည်။ ကြိုးစားသလောက်လည်း အရာထင်ခဲ့သည်။ စာပေလောကဘက်မှာလည်း တစ်လတည်း မဂ္ဂဇင်းသုံး၊ လေးအုပ်မှာ ကျွန်မ၏ ဝတ္ထုတိုများတစ်ပြိုင်တည်း ဖော်ပြလာခဲ့သည်။ သာမန်ပြည်သူတို့၏ဘဝကိုလည်း ထင်ဟပ်၊ ရေးဟန်လည်း သီးခြားဖြစ်ကာ တွေးစရာလည်း အမြဲချန်ထားတတ်သည့် ကျွန်မ၏ဝတ္ထုတိုများကို ကလောင်ကြီးကလောင်ဟောင်းများကိုယ်တိုင်က သတိထား စောင့်ဖတ်လာခဲ့ကြသည်။ ကျွန်မ၏ စာဖတ်လောဘကြောင့် ကျွန်မမှာ အရွယ်ထက်ရင့်သော စာပေများကိုသာ ဖတ်ရှုဖြစ်ခဲ့ရာ ရေးဖြစ်သည့်အခါမှာလည်း ဆယ်ကျော်သက် လွန့်တစ်ယောက်၏ အတွေး၊ အရေးမျိုးနှင့် မနီးစပ်ဘဲ ဖြစ်နေခဲ့ပါသည်။ အချို့လူများက ကျွန်မကိုယ်တိုင်ရေးသည်ဟုပင် မယုံကြည်ခဲ့ကြပေ။ ထိုသို့သံသယဖြစ်ခံခဲ့ရခြင်းမှာလည်း ကျွန်မကို ကြွပ်ဆတ်သော ကောင်မလေးအဖြစ် တွန်းပို့ခဲ့ပြန်သည်။

မိမိကိုယ်တိုင် တွေးခေါ်ဖန်တီးထားသည့် ဝတ္ထုများကို စာပေတန်ဖိုးဖြင့်ခေဖန်ဘဲ သည်အရွယ်က သည်လိုရေးနိုင်တာ ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယဖြစ်ခံရသောအခါ မိမိ၏အရွယ်ထက် ရင့်ကျက်နေသည့် အတွေးနှင့်အရေးကို မိမိဘာသာ သတိမထားမိခဲ့ဘဲ ကျွန်မကိုမှ သံသယဖြစ်ရကောင်းလားဟု ဒေါသတွေကြီးဖြစ်ခဲ့သည်။ အလားအလာရှိသည်ကို ရိပ်မိသော်လည်း ဖေးမလက်တွဲခေါ်ဖို့ထက် တပည့်မွေးဖို့ ကြံခဲ့သည့်ကလောင်ကြီးအချို့ကို တွေ့ရသည့်အခါမှာတော့ ငယ်ငယ်က မှတ်စုစွဲနေသည့် စာသားအချို့ကို နှုတ်ကိုးကားဖြစ်ခဲ့သည်။ *'ထိကရုံးနွယ်သည် အသာအယာကိုင်ကြည့်သောအခါ ကျုံ့သွားတတ်သော်လည်း အရွန်ဖိညှပ်သောအခါမူ ဆူးဖြင့်ထိုးသကဲ့သို့ ဆရာမိဘ စသောသူမြတ်တို့အား မုဒုဂုဏ်ဖြင့် ကိုင်းညွတ်အပ်သော်လည်း ကောက်ကျစ်စဉ်းလဲသော လူယုတ်မာတို့အားမူ မကိုင်းမညွတ်ဘဲ တောင့်တင်းခက်မာရမည်'(ဆရာညာဏအပြော၊ မေတ္တာသုတ်၊ သုခ၊ စာ-၅၄)*။ အမှန်တော့ သူတို့ထက်မက ယုတ်မာကောက်ကျစ်သူတို့ကို မကြုံဖူးသေးသည့်အတွက် ကျွန်မမှာ စိတ်ခံစားမှုအရ ထိုကလောင်ကြီးအချို့ကို တောင့်တင်းခက်မာစွာ တုံ့ပြန်ဖြစ်ခဲ့သည်။ လူချင်းဆက်ဆံဖူးစရာပင်မလိုဘဲ သူတို့ရေးသည့်စာကို ကျွန်မ မလေးစားနိုင်သည့်အားလျော်စွာ ထိုလူကြီးများနှင့် အသိအကျွမ်းမဖြစ်လို မိတ်ဆက်ပေးစရာမလိုဟုပင် ပြောခဲ့ဖူးသည်။ မှားရ

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတို့မှ စာမူလာတောင်းလျှင်လည်း သူတို့မဂ္ဂဇင်း၏ ရည်ရွယ်ချက်ကို ပီပီပြင်ပြင် မပြောနိုင်လျှင် ကျွန်မ၏ စာမူကို မပေးနိုင်ဟု တုံ့ပြန်ဖြစ်ခဲ့သည်။ ထို့ကြောင့် ဖြူကောင်လို ဆူးတွေနှင့်ကလောင်ရှင်အဖြစ် သူတို့ဘက်မှ ပြန်လည်တုံ့ပြန်ခဲ့ကြသည်။ စာမူခဖြင့် ကျောင်းလခပေးနိုင်သကဲ့သို့ ခရီးတို ထွာစရိတ်အချို့နှင့် မိသားစုအတွက် တိုလီမုတ်စ ပံ့ပိုးနိုင်နေပြီမို့ 'မုဒု' တွေ လျော့ပါးလာသည့် ကျွန်မကိုယ် ကျွန်မ အပြစ်မမြင်တတ်ခဲ့။ ငယ်အိပ်မက်မှာ မပါခဲ့သော ပုံရိပ်ကို ကျွန်မပိုင်ဆိုင်ခဲ့သော်လည်း ငယ်အိပ်မက်ထဲက ဖြစ်ချင်ခဲ့သောအရာတွေလည်း ဖြစ်သင့်သလောက် ဖြစ်နေပြီမို့ ပတ်ဝန်းကျင်၏ ချီးမွမ်းချေကျောက်မှုမှန်သမျှကို ကျွန်မ လျစ်လျူရှုဖြစ်ခဲ့တော့သည်။

## သုတေသနစာတမ်းလား တိုင်စာလား

တစ်ဘက်မှ ဆေးကျောင်းသူဘဝမှာလည်း နောက်ဆုံးနှစ် အပိုင်း(က) ပြည်သူ့ကျန်းမာရေးဘာသာရပ်အတွက် လေ့လာရေးခရီးသွားရာမှ နယ်မြို့တွေမှာ ကျန်းမာရေးဝန်ထမ်းများက ထင်သလိုကြဲနေကြသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်လာခဲ့သည်။ မြို့နယ်ဆရာဝန်ကြီးက ကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းတွေကို အထက်သို့တင်ပြရာတွင် ကြည့်လှအောင် ညာဝါးတွက်ချက်နိုင်ရန် သူ့ကားဒရိုင်ဘာကို စေခိုင်းခဲ့ခြင်းအား မြင်ခဲ့ရသကဲ့သို့ ကျေးရွာကျန်းမာရေးအဆောက်အဦ ဆောက်ဖို့ဆိုကာ အလှူခံပြီး သူ့အိတ်ထဲထည့်နေသော ကျေးလက်ကျန်းမာရေးမှူးနှင့်လည်း အခြေအတင် စကားများဖြစ်ခဲ့ပြန်သည်။ သည်တော့ သာမန်ဆေးကျောင်းသူတစ်ဦး၏ စာမေးပွဲအတွက် တင်သွင်းသောစာတမ်းမှာ တိုင်စာသဘောမျိုးပင် သက်ဝင်လာခဲ့ပြန်သည်။ သည်လောကမှာလည်း ကျွန်မသည် စာမေးပွဲအောင်လျှင် ပြီးရောဆိုကာ သက်ဆိုင်ရာက ပေးသည့် အချက်အလက်များနှင့် စာတမ်းရေးပြီး အောက်ခြေမှာ ဘာလုပ်လုပ် မသိချင်ယောင်ဆောင်လိုက်ကြသည့် ထုံးတမ်းစဉ်လာကို ဖောက်ဖျက်သူဖြစ်ခဲ့ပြန်သည်။ ထိုစဉ်က မှန်ဖို့နှင့် သူများတကာကို ကိုယ့်လိုပဲ မှန်နေဖို့က လွဲပြီး ဘာမှ အပိုမတွေးတတ်ခဲ့သဖြင့်လည်း ကျွန်မသည် စုန်းပြူးတစ်ယောက်ဖြစ်နေခဲ့ပြန်သည်။ သို့ဖြင့် ထိုစဉ်ကတည်းက ကျွန်မ၏ အိပ်မက်သည် အထူးကုသမားတော်တစ်ဦးဖြစ်ကာ လိုအပ်မည့် နေရာဒေသများတွင် ဆေးကုသမှုတာဝန်ကို ထမ်းဆောင်ရေးနှင့် မလုံလောက်တော့ဘဲ အများပြည်သူများ အမှန်တကယ်အားထားနိုင်မည့် ကျန်းမာရေး



စောင့်ရှောက်မှုကို ကိုယ်တိုင်ဖန်တီးတည်ထောင်ရေး ဖြစ်လာခဲ့ပေသည်။ ထိုစဉ်က ခပ်ရိုးရိုးအိပ်မက်ခဲ့သည်မှာ အခမဲ့ဆေးရုံ၊ ဆေးခန်းတစ်ခု တည်ထောင်နိုင်ရေးပင်။

## ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်

ထိုကာလများမှာ ကမ္ဘာ့အကြောင်းကို မြန်မာ့စာနယ်ဇင်းအချို့မှာ အတန်အသင့် ဖော်ပြခွင့်ရလာချိန်မို့ ပါကစ္စတန်မှ ဘာနာဇီယာဘူတို၊ ဒီလစ်ပိုင်မှ ကိုရာဇန်အကွီနို စသည့် အမျိုးသမီးတွေအကြောင်းကို သိခွင့်ရခဲ့သကဲ့သို့ ဆိုဗီယက်ပြည်ထောင်စုမှ ဂေါ်ဘာချော့၏ ပယ်ရီစတွိုက်ကာနှင့် ဂလပ်စ်နော့စ်တို့ကိုလည်း မြည်းခွင့်ရခဲ့သည်။ ထိုစဉ်က မြန်မာပြည်မှာ အင်တာနက်မရှိသေးသည်မို့ သတင်းတွေကို ဖြစ်ဖြစ်ချင်း မဖတ်နိုင်ခဲ့သော်လည်း သိသင့်သလောက်တော့ သိခွင့်ရခဲ့ကြသည်။ မြန်မာပြည်တနံတလျားမှာလည်း စာပေဟောပြောပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပခွင့်ရနေချိန်ဖြစ်သည်။ ထိုစဉ်က စာရေးဆရာကြီးများက တာဝန်ကျေလှစွာ စာပေဟောပြောပွဲများမှ တစ်ဆင့် စာဖတ်ပရိသတ်နှင့်တကွ ပရိသတ်အားလုံးကို နား၊ မျက်စိဖွင့်ပေးခဲ့သည်။ ထိုစဉ်က စာပေဟောပြောပွဲများမှာ ပရိသတ်ထောင်နှင့်ချီပြီး တက်ကြသည်အထိ အောင်မြင်စည်ကားခဲ့သည်။ ကိုယ့်အစုအဖွဲ့နှင့် ကိုယ် စာပေဆွေးနွေးပွဲမျိုးတွေလည်း ရှိခဲ့ပြန်ရာ ကိုယ်က မသိဖြစ် မဖတ်ဖြစ်လိုက်သော ကမ္ဘာ့သတင်းရှိလျှင်ပင် အကြာကြီး မျက်ခြည်ပြတ်မနေဖြစ်တော့။ သို့နှင့် စာဖတ်ရင်း၊ စာရေးရင်း ကမ္ဘာကြီးအကြောင်း ပိုသိလာခဲ့ပြီး ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ဖြစ်သွားခဲ့သော ကိုယ့်နိုင်ငံ၏ ဖြစ်ရပ်ပေါ်မှာ ယူကျုံးမရဖြစ်တတ်လာခဲ့ပြီ။

ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌလည်းဖြစ်၊ နိုင်ငံတော်သမ္မတလည်းဖြစ်သော ဗိုလ်ချုပ်ကြီးဟောင်း ဦးနေဝင်းနှင့်ပတ်သက်ပြီး တီးတိုးဝေဖန်သံတွေကလည်း တစ်စစ ကျယ်လောင်လာခဲ့သည်။ သူကလည်း ၁၉၈၇ ဩဂုတ်လ ၁၀ ရက်နေ့က ပါတီအစည်းအဝေးမှာ အပြောင်းအလဲနှင့်ပတ်သက်ပြီး တစ်စွန်းတစ်စ စတင်ပြောကြားလာခဲ့သည်။ သည်ကြားမှာ ၁၉၈၇ စက်တင်ဘာလ ၅ ရက်နေ့တွင် ခုနစ်ဆယ့်ငါးကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်နှင့် နှစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူများကို တရားမဝင်ကြေညာခဲ့ရာမှ တက္ကသိုလ်ကျောင်းများခေတ္တပိတ်လိုက်ရသကဲ့သို့ နိုင်ငံအနှံ့

www.burmeseclassic.com

www.burmeseclassic.com



မတည်ငြိမ်မှုတွေ စတင်လာခဲ့သည်။ ကျွန်မတို့မိသားစုမှာတော့ မေမေက ငွေကိုင်ဖြစ်ပြီး ထူးဆန်းစွာ ထိုငွေစက္ကူများကို သဘောမကျဆိုကာ အခြားငွေစက္ကူများနှင့် လဲထားလေ့ရှိသဖြင့် ဆုံးရှုံးမှုမကြီးမားခဲ့။ ကျွန်မ ရထားခဲ့သော စာမူခအနည်းအကျဉ်းနှင့် အဘွား၏ငွေအချို့သာ ဆုံးသွားခဲ့ရသည်။ သို့သော် အိမ်တိုင်းလိုလိုမှာ အနည်းနှင့် အများ ဆုံးရှုံးခဲ့ကြကာ အချို့ဆိုလျှင် ငွေကြေးပမာဏ ဆုံးရှုံးမှု ကြီးမားလွန်းသဖြင့် စိတ်သောကဖြစ်ကာ နှလုံးထိခိုက်ပြီး ဆေးရုံရောက်၊ သေဆုံးရသည်အထိ ဖြစ်ရသည်ကို နောက်ဆုံးနှစ်ဆေးကျောင်းသူ ကျွန်မက လက်တွေ့မျက်မြင်ဖြစ်ခဲ့ရသည်။ ထိုစဉ်က ကျောင်းပိတ်ခိုက်မှာ ကျွန်မအဖို့ အနာဂတ်ကို ကြိုတင်မမှန်းဆနိုင်ခဲ့ဘဲ ပုဂံကို ခရီးထွက်ဖို့ စီစဉ်ဖြစ်ခဲ့သည်။ သို့သော် ခရီးထွက်ဖြစ်ရာမှ ရန်ကုန်မြို့တော်ပြင်ပမြန်မာ့အခြေအနေကို ပိုပြီးမြင်တွေ့စာနာဖြစ်ခဲ့သည်။ နိုင်ငံရေးအရ လှုပ်ရှားမှုမျိုးကို မတွေးတတ်ခဲ့သော်လည်း နေ့စဉ်နှင့်အမျှ တလှုပ်လှုပ်ဖြစ်လာနေသော နိုင်ငံရေးအပြောင်းအလဲကို သတိထားမိစတော့ ပြုလာခဲ့သည်။ သို့တိုင် ငယ်စဉ်ကတည်းက နေ့စဉ်မပြတ် ပြုမြဲဖြစ်သော ဘုရားရှိခိုးခြင်း၊ ဘုရားစာရွတ်ခြင်းနှင့် ဘုရားဂုဏ်တော် ပုတီးစိတ်ခြင်းတို့ဖြင့်သာ သည်ရင်ခုန်ဖွယ် အပြောင်းအလဲမှာ အေးငြိမ်းမှုရအောင် ကြိုးစားရင်း နောင်နှစ် ၁၉၈၈ ခုနှစ်မှာ ဆေးပညာဘွဲ့ကို ကျွန်မ ချစ်ခဲ့ရသော၊ ငယ်ကတည်းက အိပ်မက်ခဲ့ရသော ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ တက်ရောက်ယူနိုင်လိမ့်ဦးမည်ဟု အိပ်မက်မက်နေခဲ့ပါသေးသည်။

□

# အမှောင်တွင်းသို့ လိမ့်ကျခြင်း

## တွင်းနှုတ်ခမ်းပေါ်မှာ

**တော်လှန်ရေးအစ**

ရေဘုံဘိုင်ခေါင်းတိုင်းလိုလိုက အကောင်းပကတိ မရှိကြတော့။ ရေလာဘုံဘိုင်နှင့် ရေမရပ်ဘုံဘိုင်များက အများစုဖြစ်သဖြင့် ဖွင့်ရပိတ်ရလွယ်သော ဘုံဘိုင်မှာ လူတွေက တန်းစီနေရသည်။ ခွဲစိတ်ခန်းဝင်မည့်သူတွေ လက်ကို တံတောင်ဆစ်ထိ ဆေးရဦးမည်။ အခါမဟုတ်ရွာသောမိုးကြောင့် ရာသီက အေးနေသဖြင့် ခုလိုမနက် စောစောစီးစီးမှာ အိပ်ရာထဲ ကွေးနေချင်စိတ်က မကုန်နိုင်ဘဲ ထိုင်းမှိုင်းနေသည်။ သည်အခိုက်မှာ တစ်စွန်းတစ်စ ကြားနေရသည့် အသံတွေက ကျွန်မကို ကောင်းကောင်းကြီးလှုပ်နှိုးခဲ့တော့သည်။ 'ပွဲချင်းပြီးဖြစ်သွားတဲ့ ကောင်လေးကို မော်ကျူရီမှာ ညကထားပြီး မနက်အစောကြီးမှာ ရွှေ့သွားသလိုလို ပြောနေကြတယ်။ နောက်တစ်ယောက်ကတော့ အဆောင်ကိုး-တစ်ဆယ်မှာတဲ့' 'သနားပါတယ်။ ကျည်ဆံက တွေကို ဖောက်ထွက်သွားတာ' 'ဟိုကောင်လေးကိုလည်း ဆရာကြီးက သေနတ်ဒဏ်ရာနဲ့ဆုံးတယ်လို့ မှုခင်းဆေးစာ ထုတ်ပေးတာကို ပြဿနာဖြစ်သေးတယ်ဆိုပဲ' 'ညက အဲဒီနားမှာ မီးမှောင်ချပြီးမှ ပစ်တာတဲ့' 'ရိုးရိုးရန်ပွဲလေးကို ဒီလောက်ထိ ဖြေရှင်းတာက ဘာသဘောလဲ။ လူတွေက စိတ်တိုကြပြီးသားလေ' ညက ကျွန်မတို့မိသားစု ရှစ်နာရီ မြန်မာ့အသံသတင်းရော ရှစ်နာရီဆယ့်ငါး ဘီဘီစီမြန်မာပိုင်းအစီအစဉ်သတင်းပါ နားမထောင်ဖြစ်ဘဲ အိပ်ပျော်သွားခဲ့ကြသည်မို့ သည်မနက် ဆေးရုံရောက်တော့ ဆရာ၊ ဆရာမများနှင့် သူနာပြုတွေ ပြောသမျှကို ကျွန်မ တော်ရုံနှင့် နားမလည်ခဲ့။ နောက်မှ တစ်နေ့က ကြို့ကုန်းရှိ 'စန္ဒာဝင်း' လက်ဖက်ရည်ဆိုင်မှာ ဖြစ်ပွား

www.burmeseclassic.com



ခဲ့သည့် စက်မှုအင်ဂျင်နီယာကျောင်းသားများနှင့် အရပ်သားအချို့ကြား ရန်ပွဲ အပြီးမှာ မကျေမနပ်ဖြစ်နေကြသည့် ကျောင်းသားများကို မနေ့ညက လုံထိန်း တပ်က ပစ်ခတ်နှိမ်နင်းခဲ့ကြောင်း သိခဲ့ရသည်။

ထိုနေ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ထိုသတင်းက လူတိုင်းပြောနေ ကြပြီး ကျွန်မတို့သူငယ်ချင်းတစ်စုကလည်း အဆောင်ကိုး-တစ်ဆယ်က ကျောင်းသားကို သွားဝင်ကြည့်ဖို့ ကြံနေခဲ့ကြသည်။ ထိုစဉ်က မင်းသား ဝင်းဦးကလည်း အူမကြီးကင်ဆာနှင့် ထိုအဆောင်မှာ တက်နေသည်မို့ သူ့ကို သွားကြည့်သလိုနှင့် သွားကြဖို့ စိတ်ကူးရကြပြီး အဆောင်ကိုး-တစ်ဆယ်ကို ရောက်သွားခဲ့ကြသည်။ သီးခြားအခန်းကျဉ်းလေးထဲမှာ ကိုစိုးနိုင်က အရုပ် တစ်ရုပ်လို တုံးလုံးပက်လက်။ သူ့နာမည်ကို ထိုအခန်းထဲရောက်မှ သိရပြီး သူ့ကို သွေးစွန်းနေသည့်အဝတ်အစားနှင့်ပင် တွေ့ခဲ့ရသည်။ ဆေးပိုက်၊ ဆီးပိုက်တွေနှင့် သတိတောင် ကောင်းကောင်းမရဖြစ်နေသည့် သူ့ကို ခြေချင်း က ခတ်ထားသေးသည်။ အခန်းက မှောင်ကုပ်ကုပ်နှင့် အနံ့အသက်ကလည်း ဆေး၊ သွေး၊ ချွေးတွေ ရောပွမ်းနေသည့် မနှစ်မြို့ဖွယ်ရာ အနံ့မျိုး။ ဘေးမှာ လည်း လက်နက်ကိုင်ယူနီဖောင်းတွေက ရှိနေသေးသည်။ ပတ်ဝန်းကျင်အနေ အထားအရရော၊ သူ့ကိုမြင်ရသည့်မြင်ကွင်းအရပါ စိတ်နှလုံးကြေကွဲစရာမို့ ကျွန်မတို့အားလုံး ဆွံ့အနှုတ်ဆိတ်နေခဲ့သည်။ ဆရာဝန်မဖြစ်ကြသေးသည့်တိုင် အတွေ့အကြုံအရ ကိုစိုးနိုင်ကို သည်တစ်ခါ တွေ့ရခြင်းသည် ပထမနှင့် နောက်ဆုံးဟု သိနေကြသဖြင့် မည်သူကမျှ စကားဟဟမဆိုကာ ထိုအခန်းထဲ မှ ထွက်လာခဲ့ကြသည်။ ထိုနေ့ညနေတွင်ပင် ကိုစိုးနိုင်ကွယ်လွန်သွားခဲ့သည်။ အခင်းဖြစ်သည့် ၁၉၈၈ မတ်လ ၁၃ ရက်နေ့ညက သေဆုံးခဲ့သော မြို့ပြ အင်ဂျင်နီယာကျောင်းသား ကိုဘုန်းမော်၏အလောင်းကိုလည်း မကြာမီက ဖွင့်သည့် ဂျပန်ဆေးရုံကြီး မော်ကျူရီမှာ ထားသလိုလိုကြားရပြန်သဖြင့် ကျွန်မတို့တစ်တွေ ဂျပန်ဆေးရုံကြီးဘက် သွားခဲ့ကြသော်လည်း ဆေးရုံဝင်း မှာရော၊ လမ်းမတော်ဆေး ကျောင်းဝင်းမှာပါ လုံခြုံရေးက တင်းကျပ်နေခဲ့သည့် အတွက် ဘာမှအထူးအထွေ မသိခဲ့ကြပြန်။ နောက်တော့ လူသုံးနည်းသည့် တာမွေသင်္ချိုင်းမှာ အကျဉ်းရုံးပြီး မီးသင်္ဂြိုဟ်ပစ်ခဲ့သည်ဟု ကြားကြရပြန် သည်။ ကျောင်းသားချင်းဟူသည့်အသိက ကျွန်မတို့ ကျောင်းသားအားလုံး ကို တပ်လှန့်ခဲ့ပြီ။

ထို့ကြောင့် မတ် ၁၄ ရက်နေ့မှာ ရန်ကုန်စက်မှုတက္ကသိုလ်မှာ ကျောင်း



သားဆန္ဒပြပွဲဖြစ်ခဲ့ပြီး ၁၅ ရက်နေ့မှာ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်(ရာဇူ) မှာ ဆန္ဒပြပွဲကြီး ပေါ်ပေါက်လာသည်။ သည့်နောက်မှာတော့ အခြေအနေ ဆွေက ပိုပြီးပက်စက်ဆိုးရွားလာခဲ့သည်။ မတ် ၁၆ ရက်မှာ ရန်ကုန်ဝိဇ္ဇာ နှင့်သိပ္ပံတက္ကသိုလ် ကျောင်းသားလှုပ်ရှားမှုကြီးပေါ်ပေါက်လာကာ အင်းလျား ကန်စောင်းတံတားဖြူဝန်းကျင် လုံထိန်းတပ်က ဆန္ဒပြကျောင်းသားများအား ရက်စက်စက် ရိုက်နှက်သတ်ဖြတ် ဖမ်းဆီးခြင်းများ လုပ်လာခဲ့သည်။ ရိုက်နှက်ခံထားရမှုကြောင့် ထွက်မပြေးနိုင်ကြတော့သော ကျောင်းသား ကျောင်းသူများကို အချုပ်ကားနှစ်စီးပေါ်မှာ မဆံ့ရင်ကာ ထိုးကြိတ်ထည့်သွင်း ဘင်ဆောင်ပြီး အင်းစိန်ထောင်ကို ပို့ခဲ့ရာတွင် အစိုးရသတင်းစာအဆိုအရပင် လေးဆယ့်တစ်ဦး သေဆုံးခဲ့ရသည်။ ထိုအလောင်းတွေကို သက်ဆိုင်ရာက မိသားစုကိုပင် ပြန်မအပ်ဘဲ ကြံတောသင်္ချိုင်းမှာ သင်္ဂြိုဟ်ပစ်လိုက်ပြန်သည်။ ကျောင်းသားကျောင်းသူ ခြောက်ရာကျော် အဖမ်းခံရသည်။ သည်မှာ တံတား ဖြူအရေးအခင်းဟု အမည်တွင်ခဲ့သည်။ ထိုစဉ်ကတော့ ကျွန်မတို့ နောက်ဆုံး နှစ်ဆေးကျောင်းသူ ကျောင်းသားတွေမှာ တစ်နေ့တာ စာသင်ချိန်များတွင် ကျောင်းဝင်းထဲမှာထက် ဆေးရုံအသီးသီးမှာ အုပ်စုငယ်လေးများခွဲပြီး သင်ရ ချိန်မို့ ဂယနဏ မတွေ့ကြုံလိုက်ကြရချေ။ အမှန်တော့ အကြားနှင့်ခံစားရ သည့်အတွက် ပိုပြီးစိတ်မကောင်းခဲ့ကြ။ ကိုယ်မြင်ယောင်ချင်သလို မြင် ယောင်ကာ ဒေါသတို့ကလည်း ပိုသကဲ့သို့ ကိုယ့်ကိုယ်ကိုလည်း အားမရခဲ့ ကြ။ သို့သော် ကျွန်မတို့ကျောင်းတွေက စာသင်ကောင်းနေဆဲ။ စာမေးပွဲတွေ ကလည်း ရက်ခြားလိုလို ရှိနေဆဲ။ ထို့နောက်မှာတော့ ယခင်က ဘီဘီစီမြန်မာ ပိုင်းအစီအစဉ်ကို ရှိမှန်းပင်မသိသည့် လူမျိုးတွေကပါ ညတိုင်း ရှစ်နာရီ ဆယ့်ငါးမှာ ရေဒီယို ကလိကြတော့သည်။ မကြာမီမှာ ဆရာဝန်ဖြစ်ရတော့ မည့် နောက်ဆုံးနှစ် ဆေးကျောင်းသူဘဝမို့ ယခင်ကထက် စာကို ဖိကြိုးစားနေ ရသည့်တိုင် သည်အဖြစ်အပျက်တွေက ကျွန်မကို ကိုင်လှုပ်ခဲ့ပြီဖြစ်သည်။

## ဆိုရှယ်လစ်နောက်ဆုံးနေ့များ

မေလဆန်းမှာ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး၏ ဦးနေဝင်းထံ ပေးစာ ထွက်လာခဲ့ပြီး လူအတော်များများက မကျေနပ်မှုတွေကို ပြောလာကြသကဲ့သို့ တော်လှန်ရေးကောင်စီတက်ခါစက ဖြစ်ရပ်တွေအကြောင်း ပိုကြားလာရသည်။ မေလ ၁၅ ရက်မှာ မတ်လအရေး အခင်းအပေါ် စုံစမ်းရေးကော်မရှင်၏

www.burmeseclassic.com

www.burmeseclassic.com



အစီရင်ခံစာ ပေါ်ထွက်လာသော်လည်း အများစုက ထိုအစီရင်ခံစာကို အမှန်ဟု မယုံကြည်ခဲ့ကြ။ သည်လိုနှင့် လိပ်ခဲတည်းလည်း နိုင်ငံရေးမိုးလေဝသအောက်မှာ ကျွန်မတို့တွေလည်း နေမထိထိုင်မသာ ရှိနေခဲ့ပြီး တိုင်းပြည်အေးချမ်းရန် ဘုရားမှာ သံပုရာသီးကပ်ဆိုသည့် အပြောတွေကို နားထောင်၊ သံပုရာသီးကပ်၊ ပုတီးစိပ်ကာ ဘုရားမှာ ဆုတောင်းသည့်အလုပ်ကို လုပ်ဖြစ်ခဲ့ပြန်သည်။ ဘယ်လိုပဲ ဘာသာရေးစာပေတွေ ဖတ်ခဲ့သည်ဆိုဆို၊ ဗုဒ္ဓကမ္မကို သံသရာထွက်ရပ်လမ်းအတွက် အားကိုးစေချင်မှန်း သိသည်ဆိုဆို ဘာသာရေးကို မျက်မှောက်ဘဝ ပြဿနာများအတွက် အဖြေတစ်ခုလို့ ကျွန်မအားကိုးခဲ့သည်။ သို့သော် ထိုစဉ်ကတော့ သည်လိုအားကိုးမိခြင်းမျိုး အပေါ်မှာ မိရိုးဖလာဆန်မှန်း၊ ပညာမဲ့ဆန်မှန်း မည်သို့မျှ မတွေးဖြစ်ခဲ့ချေ။ ကျွန်မ၏ မကြာခင် ပြည့်ဝတော့မည့် အိပ်မက်ကလေးအတွက် တိုင်းပြည်ကြီး အေးချမ်းဖို့ လိုသည်ကိုး။ ထို့အတွက် ကျွန်မက မည်သို့ပါဝင်နိုင်မည်နည်း။ ကျွန်မ မသိတတ်သေး။ ကျွန်မ သိသမျှက သီလကိုလုံအောင် ထိန်းပြီး သစ္စာပြုဆုတောင်း တိုင်တည်ဖို့၊ ခံစားတွေ့မြင်ရသမျှကို အမှန်အတိုင်း အရှိအတိုင်း အဖြူပေါ် အမည်းတင် ရေးသားစီကုံးဖို့။

ထိုနေ့က ဇွန် ၂၁။ ကလေးဆေးပညာဘာသာရပ်၏ အရေးကြီးဆုံး ပို့စတင်စာမေးပွဲက နီးကပ်နေပြီမို့ ကျွန်မတို့ သူငယ်ချင်းတစ်တွေ စာကို သဲကြီးမဲကြီးကျက်နေခဲ့ကြသည်။ သည်ရက်တွေမှာ ကျောင်းသားလှုပ်ရှားမှုများ ရှိမည်ဟု ကြားနေရသော်လည်း နီးရာဓားဖြစ်သည့် စာမေးပွဲက သည်ညနေမှာတင်ရှိသည်မို့ တစ်မနက်လုံး ကလေးဆေးရုံထဲမှာပဲ စာအတူကျက်ကြ၊ ငြီးငွေ့လာလျှင် ပြီးခဲ့သည့်လတွေအကြောင်းနှင့် ဘီဘီစီမြန်မာပိုင်း အစီအစဉ်၏ အသံလွှင့်ချက်တွေအကြောင်း ပြောကြဖြင့် ပတ်ဝန်းကျင်ကို မျက်ခြည်ပြတ်နေမိခဲ့ကြသည်။ သို့သော် မွန်းလွဲပိုင်းရောက်ချိန်မှာ ဘယ်သူက ဘယ်လိုစကြားလာသည်မသိ၊ ရာဇူးထဲမှာ ဟောပြောပွဲများရှိသကဲ့သို့ လမ်းမတော်ဆေးကျောင်းထဲမှာပါ ဟောပြောပွဲတွေ ရှိနေပြီး မြေနီကုန်းဘက်မှာ ဆန္ဒပြရာနေရာကို လုံထိန်းကားတွေ ဝိုင်းထားနေပြီဟု ကြားလိုက်ကြရသည်။ အားလုံးက လှုပ်လှုပ်ရှားရှားဖြစ်သွားချိန်မှ ညနေပိုင်းကျင်းပမည့် စာမေးပွဲ မရှိတော့ဘဲ ကျောင်းပိတ်လိုက်ပြီဟု ဆရာမတစ်ယောက်က လာကြေညာလိုက်သည်။ ဘတ်စ်ကားတွေလည်း မဆွဲကြတော့ဘဲ ကားလမ်းတွေလည်း ပိတ်နေပြီဟု သိလိုက်ရချိန်မှာ လောလောဆယ် စိတ်ညစ်နေရသည့် စာမေးပွဲ



အတွက် စိတ်ပေါ့သွားသလောက် ဘာတွေဖြစ်ကုန်ကြပြီလဲဆိုသည့် အတွေးများနှင့်အတူ အိမ်အပြန်ကို ပူသူတွေ ပူကုန်ကြသည်။

## ဇူလိုင်အရေးအခင်းများ

ကျွန်မလည်း ထိုနေ့က ကံကောင်းထောက်မစွာ ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာဦးမျိုးမြင့်ညိမ်း၏ အကူအညီဖြင့် အိမ်ပြန်ရန်ခက်သည့် သူငယ်ချင်းကိုပါခေါ်ပြီး လမ်းမတော်ဆေးကျောင်းဘက်က ဟောပြောပွဲကို ခဏဝင်နားထောင်ကာ စမ်းချောင်းအိမ်သို့ ချောချောမောမော ပြန်ရောက်ခဲ့သည်။ အိမ်ပြန်ရောက်ပြီးမှ မြေနီကုန်းမှာ ကျောင်းသား၊ လူထုတို့နှင့် လုံထိန်းများ အခြေအနေတင်းမာနေကြောင်း ကြားသည်မို့ မောင်နှမတွေနှင့်အတူ ပဒုမ္မာကွင်းဘက်ကို ထွက်လာခဲ့ကြသည်။ သို့သော် ကျွန်မတို့အုပ်စု ပဒုမ္မာကွင်းဆယ်လောက်ရောက်ချိန်မှာ သေနတ်သံတွေ အဆက်မပြတ်ကြားလိုက်ရပြီး စမ်းချောင်းလမ်းတစ်လျှောက် အသက်လုပြီးပြေးလာသည့် လူအုပ်ကြီးနှင့် တက်ပင်းတိုးတော့သည်။ ရှေ့ကိုလည်း ဘယ်လိုမှ ဆက်တိုးလို့မရတော့ အိမ်ကိုသာ ပြန်ခဲ့ကြရသည်။ ထိုနေ့မှာပင် ကျွန်မ၏ မကြာခင်ပြည့်ဝတော့မည့် အိပ်မက်ကလေး ပျောက်ဆုံးသွားတော့မည်ဟု ရိပ်စားမိခဲ့ပြီ။ ထိုညက ရာဇူးအပါအဝင် အခြားတက္ကသိုလ်တွေ ပိတ်ကြောင်းကြေညာကာ နောက်နေ့မှာ ဆေးကျောင်းအားလုံး ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ကြေညာခဲ့သည်။ ည ၆ နာရီ၊ မနက် ၆ နာရီ အိမ်ပြင်မထွက်ရ ကာဖျူးအမိန့်လည်း ထွက်လာခဲ့သည်။ ကျောင်းသားအတော်များများ အဖမ်းခံခဲ့ရပြီ။ မပြည့်နိုင်သော ဆုတောင်းများကို ကျွန်မ ထပ်မံတောင်းဖြစ်ခဲ့ပြန်ပြီ။

ဇူလိုင်လဆန်းမှာ ကျောင်းသားအချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း တောင်ကြီးနှင့် ပြည်မြို့တွေမှာ ဘာသာရေးအဓိကရုဏ်းဆန်သည့် အရေးအခင်းတွေ ဖြစ်လာခဲ့ပြန်သည်။ ပြည်မှာ မာရှယ်လော ကြေညာရသည်အထိ ဖြစ်ခဲ့ပြီး နိုင်ငံအနှံ့မှာ လူတွေ ကျီးလန့်စာစား ဖြစ်နေကြပြီ။ သည်အရေးအထားမှာ ဇူလိုင်လ ၂၃ မဆလပါတီ ဗဟိုကော်မတီ အရေးပေါ်ညီလာခံမှာ ဦးနေဝင်းက လူထုကို တရားဝင် စိန်ခေါ်ခြိမ်းခြောက်လိုက်တော့သည်။ ထိုစဉ်က လူထုအများစုမှာ ဖြစ်ခဲ့သည့်ကိစ္စတွေအပေါ် မနှစ်မြို့ကြသည့်တိုင် တရားမဝင်ကြေညာခဲ့သည့် ငွေစက္ကူတွေကို တန်ဖိုးရာတန်ကြေးတူ အခြား ငွေစက္ကူများနှင့် ပြန်လည်လဲလှယ်ပေးလေမလားဟု သူ့မိန့်ခွန်းကို နားစွင့်

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေခဲ့ကြသော်လည်း ဦးနေဝင်းက 'တိုင်းပြည်တစ်ပြည်လုံး လူထုကို ကျွန်တော် သိစေချင်တယ်။ နောင်ကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်လို့ ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တာ။ မိုးပေါ်ထောင်ပြီး ခြောက်တာ မဟုတ်ဘူး'ဟု ပြတ်ပြတ်သားသား စိန်ခေါ်ခဲ့ပါတော့သည်။ သို့သော် ထိုနေ့က ၁၉၆၂ ခုနှစ် ကျောင်းသားသမဂ္ဂ အဆောက်အဦဖြိုချခဲ့ခြင်းနှင့်ပတ်သက်ပြီး ရှင်းခဲ့သလို တစ်ပါတီစနစ်ကြိုက်သလား၊ ပါတီစုံစနစ်နဲ့ပဲ သွားချင်တာလားဟုလည်း မေးခဲ့ပါသည်။ ဇူလိုင်လ ၂၅ ရက်မှာတော့ ပါတီဥက္ကဋ္ဌအဖြစ်ကနေ နုတ်ထွက်ခဲ့သည်။ သို့သော် လူထုက ဦးနေဝင်းမှာသာ အာဏာရှိနေသေးသည်ဟု ယုံကြည်ခဲ့ကြသည်။ ၂၇ ရက်နေ့မှာ ဦးစိန်လွင် သမ္မတဖြစ်လာခဲ့ပြီး ဩဂုတ်လ ၁ ရက်နေ့မှာ ဦးအောင်ကြီးနှင့် အခြားနိုင်ငံရေးသမားဟောင်း ဆယ်ဦးကို ဖမ်းဆီးခဲ့သည်။ ဩဂုတ်လ ၂ ရက်ညပိုင်း ရွှေတိဂုံကုန်းပေါ်မှာ ကျောင်းသားအချို့ လှုပ်ရှားမှု စတင်ခဲ့ပြီးနောက် ၃ ရက်နေ့မှာ မာရှယ်လော အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။ တက္ကသိုလ်တွေပိတ်ပြီး နယ်ပြန်ပို့ခံလိုက်ရသည့် ကျောင်းသားများက နယ်အနှံ့မှာ စည်းရုံးနေပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အထွေထွေသပိတ်ကို ၈ ရက်နေ့မှာ စတင်မည်ဟု ကြေညာသည့် စာရွက်စာတမ်းများထွက်ပေါ်လာခဲ့သည်။ ထိုစဉ်က ကျောင်းလည်းတက်စရာမလိုတော့သည့်အတွက် အိမ်ပြင်ထွက်ဖို့ အကြောင်းပြချက်က မရှိသလောက် နည်းနေသည်။ မဂ္ဂဇင်းတိုက်တွေကို သွားဖို့ရာမှာလည်း အိမ်က စိတ်မချသလို တိုက်တစ်ချို့မှာလည်း အကြောင်းကြောင်းကြောင့် လူရှင်းနေတတ်သည်မို့ မသွားဖြစ်လှ။ သူငယ်ချင်းများနှင့်လည်း တယ်လီဖုန်းဖြင့်သာ အဆက်အသွယ်ရှိပြီး မည်သူကမှလည်း ကိုယ့်ကို ဆန္ဒပြသည့်အဖွဲ့နှင့် ပူးပေါင်းဖို့ လှမ်းမခေါ်ကြ။ ကျွန်မမှာ အိမ်တွင်းအောင်းရင်း အခြေအနေကောင်းလာပြီး ကျောင်းပြန်ဖွင့်လျှင် ဖြေရမည့်စာမေးပွဲအတွက်ပဲ စာကျက်ရမလို၊ လတ်တလော တွေ့မြင်ခံစားရသမျှကိုပဲ ချရေးရမလိုနှင့် အဆုံးမှာတော့ ဘာဆိုဘာမှမလုပ်ဖြစ်ဘဲ သတင်းနားစွင့်လိုက်၊ စိတ်ညစ် ဒေါသဖြစ်လိုက် နှင့်သာ ရှိနေခဲ့သည်။



## ရှစ်လေးလုံးအရေးတော်ပုံ အောင်ရမည်

သည်လိုနှင့် ဩဂုတ်လ ၈ ရက်နေ့ရောက်လာပြီး နိုင်ငံနှင့်အဝန်း အထွေထွေသပိတ်ကြီးကို စတင်ခဲ့ပြီ။ သို့သော် ကျွန်မက အိမ်ထဲက ထွက်လို့ မရနိုင်သေး။ အဘိုးက ၁၉၈၆ မှာတည်းက ဆုံးပါးခဲ့ပြီမို့ သူ့အကူအညီကို မရနိုင်။ အဘွားကလည်း အေးလွန်းသည်မို့ ကူပြောနိုင်မှာမဟုတ်။ ဖေဖေနှင့် မေမေကတော့ တစ်ခုခုဖြစ်မှာ စိတ်ပူကာ ကျွန်မတို့မောင်နှမသုံးယောက် စလုံးကို အပြင်ပေးမထွက်တော့။ အိမ်ထဲမှာ ဖုန်းပြောလိုက်၊ သတင်း နားထောင်လိုက်နှင့် ဘာမှ မယ်မယ်ရရ မလုပ်ဖြစ်ဘဲ ရှိနေခဲ့သည်။ ဩဂုတ် လ ၁၀ ရက်နေ့ မနက်မှာ သူငယ်ချင်းတွေ ဖုန်းခေါ်လာပြီး ရန်ကုန်ဆေးရုံ ကြီးမှာ အစာငတ်ခံဆန္ဒပြပွဲ လုပ်နေသည်ကို လုံထိန်းတပ်က ဝင်ပစ်ရာမှာ ကျောင်းသားအချို့သာမက လူနာအချို့နှင့် ဆရာဝန်၊ သူနာပြုအချို့ပါ ထိမှန် အထိရာရကာ သေသည့်သူပင်ရှိသည်ဟု ကြားလိုက်ရသည်။ ဆေးရုံလူနာ ဆောင်၏ နံရံပေါ်မှာ ကျည်ရာတွေ ကျန်နေခဲ့သေးကြောင်း၊ လူနာဆောင်မှန်း သိလျက်၊ ဆေးဝန်ထမ်းတို့၏ဝတ်စုံကို မြင်တွေ့လျက် အကြောင်းမဲ့ချိန်ရွယ် ပစ်ခတ်သွားခဲ့သည်ဟု ကြားရသည့်အခါတွင်တော့ ကျွန်မ၏ချုပ်တည်းနိုင် စွမ်းလည်း ကုန်ဆုံးသွားတော့သည်။ အမှန်တော့ ငယ်က အိပ်မက်ခဲ့သော အတ္ထုပ္ပတ္တိ ထူထူထဲထဲဖြစ်ချင်သည့်ကိစ္စအတွက် ခိုင်လုံသော အကြောင်းအရာ တို့ ကျွန်မမျက်စိရှေ့မှာ ရောက်နေပါလျက် ကျွန်မက အိမ်တွင်းအောင်းနေရ သည့်အဖြစ်မှာ အတော့်ကို ဆိုးရွားခဲ့ပါသည်။ ယခင်က မိဘကို ချစ်သော စိတ်က ကျွန်မကို မပြတ်သားရက်နိုင်အောင် တားမြစ်ခဲ့သော်လည်း ကျွန်မတို့ ၏ အပြစ်မဲ့လူနာနှင့် ဆေးဝန်ထမ်းများကိုပင် အကြောင်းမဲ့ ပစ်သတ်ရက်သော ဆေလတပ်ကို ကျွန်မဘက်မှ တောင့်တင်းခိုင်မာစွာ ဆက်ဆံပါမှ မေတ္တာသုတ် အဟောကို အမှန်တကယ် လိုက်နာသောသူဖြစ်ရမည်မို့ မိဘနှစ်ပါးကို စည်းရုံးဖို့ ပြင်ရတော့သည်။ သို့နှင့် ကျွန်မတစ်သက်မှာ ပထမဆုံးအကြိမ် အဖြစ် မိဘကို ဥပါယ်တံမျှင်သုံးဖြစ်ခဲ့သည်။ ဒဏ်ရာရလူနာတွေ ဆေးရုံကြီး မှာ များသည်ထက် များလာနေသည်မို့ လုပ်အားပေးလိုသဖြင့် သွားကူ မည်ဟု အကြောင်းပြလိုက်သောအခါ အလွယ်တကူပင် ပါမစ်က ကျလာခဲ့ သည်။ အမှန်တော့ ဖေဖေရော မေမေပါ ကျွန်မတို့အားလုံး မည်သို့မည်ပုံ ရပ်တည်ပါဝင်သင့်သည်ကို လက်ခံခဲ့ကြသည်ပင်။ သားသမီးမို့ ကာယိက ဒုက္ခ၊ စိတ္တဒုက္ခတွေ ရောက်ရမှာကို မလိုလားသည့်အတွက်သာ တားမြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်ပင်။ သို့သော် လူသားချင်းစာနာသည့် လူသားစင်စစ်စိတ်ဓာတ်က သူတို့ကို အနိုင်ယူသွားခဲ့ကာ ကျွန်မကို ရုဋ္ဌလိပ် ရေထဲလွှတ်သလို လွှတ်ခဲ့ကြပါသည်။ ကျွန်မကလည်း လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် တော်လှန်ရေးရေပြင်ထဲ စုံးစုံးမြုပ် ငုပ်လျှိုးသွားခဲ့ပါတော့သည်။

ဩဂုတ်လဆန်း လူသတ်ပွဲကြီးအပြီးမှာ ကာဖျူးက ည ၈ နာရီမှ မနက် ၄ နာရီသို့ ပြန်လျှော့ခဲ့ပြီး ၁၂ ရက်နေ့မှာ ဦးစိန်လွင် ရာထူးမှ အနားယူခဲ့သည်။ သည်ကြားမှာ မြန်မာပြည်အနှံ့ ဆန္ဒပြပွဲတွေ အဆက်မပြတ်တော့သလို နိုင်ငံ့ဝန်ထမ်းအချို့ပင် ဆန္ဒပြပွဲမှာ ပါဝင်လာခဲ့သည်။ အစိုးရပိုင်စက်ရုံ၊ ဂိုဒေါင်များနှင့် အဆောက်အဦများကို လုယက်ဖျက်ဆီးမှုတွေ ဖြစ်လာသည်။ အစိုးရယန္တရားသည် ယိုယွင်းသထက်ယိုယွင်းလာခဲ့ပြီ။ ၁၉ ရက်နေ့မှာ ဒေါက်တာမောင်မောင် သမ္မတဖြစ်လာခဲ့ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို ပြန်လည်ဖွဲ့စည်းဖို့ ပြင်ဆင်နေကြပြီ။ ရန်ကုန်ဆေးရုံကြီး လူနာဆောင် ၁၉-၂၀ ရှေ့ကွက်လပ်သည် ပင်မသပိတ်စခန်းဖြစ်လာကာ ကျွန်မလည်း မိဘကိုသာ ဆေးရုံမှာလုပ်အားပေးမည်ဆိုခဲ့သော်လည်း တကယ်တမ်းမှာတော့ အရှေ့ပိုင်းဆေးရုံဘက်မှာ ရက်သတ္တပတ်မျှ လုပ်အားပေးဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ သပိတ်မှောက်လမ်းလျှောက်အုပ်စုနှင့် လိုက်လိုက်၊ စာရေးဆရာမောင်သော်ကတို့လို ဆရာကြီးများ၏ ရန်ကုန်တစ်ခွင် ဟောပြောပွဲတွေနောက် လိုက်လိုက်နှင့် ရှိခဲ့သည်။ ပန်းချီဆရာမမမွေးမှာ ကျွန်မနှင့် အိမ်ချင်းနီးပြီး စိတ်တူကိုယ်တူလည်း ဖြစ်သည်မို့ ကျွန်မတို့နှစ်ယောက်သား တစ်နေကုန်လိုလို လမ်းများခဲ့သကဲ့သို့ ကိုယ်တိုင်က တစ်ခုခုလှုပ်ရှားနိုင်အောင် နည်းလမ်းရှာနေဖြစ်ခဲ့ကြသည်။ ဩဂုတ်လ ၂၄ ရက် မနက်မှာတော့ ရန်ကုန်ဆေးရုံကြီးမှာ ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးတရားပွဲကို လုပ်သွားခဲ့ပြီး သွားရေးလာရေး အခက်အခဲကြောင့် ကျွန်မတို့ မမီခဲ့လိုက်ပါ။ ထိုနေ့နေ့လယ်မှာ မာရှယ်လော ရုတ်သိမ်းကြောင်း သတင်းထွက်လာခဲ့သည်။ သမ္မတဒေါက်တာမောင်မောင်က စက်တင်ဘာ ၁၂ ရက်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပေးမည်ဟု ဆိုသည်။ သို့သော် စိတ်အနာကြီး နာသွားပြီဖြစ်သည့် လူထုက ဘာကိုမှ အယုံအကြည်မရှိကြတော့။ ထိုနေ့ညမှာ ဖမ်းဆီးထားသည့် နိုင်ငံရေးသမားများနှင့် ကျောင်းသားများကို ပြန်လွှတ်ပေးခဲ့သည်။ နောက်တစ်နေ့ ဩဂုတ် ၂၅ မှာ ယောင်က လွှတ်ကာစ ဦးအောင်ကြီးက စမ်းချောင်း ပဒုမ္မာကွင်းမှာ ဟောပြောပွဲတစ်ခုလုပ်ခဲ့ပြီး "စစ်တပ်ကို စိတ်နဲ့တောင် မပစ်မှားနဲ့" ဟု ထည့်ပြောခဲ့ရာ စစ်တပ်ကို စိတ်အနာကြီးနာကာစ လူထုက မကျေနပ်ခဲ့ကြချေ။ နောက်နေ့မနက်မှာ ဒေါ်အောင်ဆန်းစုကြည်၏ တရားပွဲရှိသည်ဟု သတင်းကြားရပြန်တော့ ကျွန်မတို့အားလုံး မနက်ဖြန်ကို အားခဲထားလိုက်ကြသည်။



## ပြည်သူ့ခေါင်းဆောင် ပေါ်ထွက်ပြီ

ဩဂုတ်လ ၂၆ မနက်ကတော့ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်မှာ ဒေါ်အောင်ဆန်းစုကြည်၏ တရားပွဲကျင်းပခဲ့သည်။ ကျွန်မက မမွေးနှင့်အတူ သွားနေကျမို့ ပန်းချီဆရာ၊ ကာတွန်းဆရာအုပ်စုနှင့် အတူရှိနေခဲ့သည်။ ထိုစဉ်က ရပ်ကွက်မြို့နယ်အသီးသီးမှာ ကိုယ့်လုံခြုံရေး ကိုယ်တာဝန်ယူနေကြရပြီမို့ သမဂ္ဂတစ်ခုခု၏ အဖွဲ့ဝင်ကဒ်ရှိလျှင် ပိုပြီးလုံခြုံသည်။ ကျွန်မမှာ ပန်းချီ၊ ပန်းပု၊ ကာတွန်းဆရာများ သမဂ္ဂအဖွဲ့ဝင်ကဒ်လုပ်ထားပြီး သည်အုပ်စုနှင့်ပဲ အမြဲအတူရှိနေဖြစ်သည်။ ရန်ကုန်တစ်မြို့လုံးလိုလိုက သွားနားထောင်ကြသည့် သည်တရားပွဲမှာ ဘယ်တုန်းကမှ အသုံးမပြုသဖြင့် တောထနေသည့် အနောက်ဘက်မုခ်သည် လူပင်လယ်အဖြစ် အသွင်ပြောင်းသွားခဲ့သည်။ ဆန္ဒပြစစ်ကြောင်းတွေကြောင့် လမ်းတွေပိတ်နေသဖြင့် ဒေါ်အောင်ဆန်းစုကြည်က တော်ရုံနှင့်မရောက်လာခဲ့။ မတ်တပ်ရပ်နေရုံ တစ်နေရာစာသာ နေရာရသည့် လူပင်လယ်ထဲမှာ ရပ်စောင့်ကြရင်း ပန်းချီမျိုးမြင့်၊ ကာတွန်းရွှေမင်းသား၊ ကာတွန်းဝင်းထွန်း၊ မမွေးနှင့် ကျွန်မတို့မှာ လမ်းပေါ်မှာ ဆန္ဒပြရုံနှင့် ကျွန်မတို့ တာဝန်မကျေနိုင်ဟု သဘောပိုက်ကြသည်မို့ ရှေ့ကို ဘာလုပ်ရင်ကောင်းမလဲဟု တိုင်ပင်ဖြစ်ကြသည်။ စာပေစိစစ်ရေးအပါအဝင် အစိုးရဌာနတွေလည်း အလုပ်မလုပ်တော့သည့်ပြင် လုပ်သား၊ ကြေးမုံ စသည့် နိုင်ငံပိုင်သတင်းစာတိုက်တွေလည်း သပိတ်မှောက်ဆန္ဒပြနေကြပြီ။ ဆန္ဒပြသတင်းတွေကို နိုင်ငံပိုင်သတင်းစာမှာ ဖော်ပြလာသည်။ ခွင့်ပြုမိန့်မပါဘဲ ထုတ်ဝေသည့်စာစောင်အချို့ကို စတင်တွေ့လာရသည်။ သည်တော့ လက်ရေးစာစောင်လေးတစ်ခု လုပ်ကြဖို့ စိတ်ကူးလိုက်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ တရားပွဲက လူတော်တော်များများ၏ သူ့အပေါ်အမြင်ကို အကောင်းဘက်သို့ ပိုမိုပြောင်းလဲစေသည်။ သူ့အပေါ်မှာ နိုင်ငံ့လွတ်လပ်ရေးဖခင်နှင့် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း နိုင်ငံခြားသားနှင့် အိမ်ထောင်ပြုပြီး နိုင်ငံခြားမှာ အနေများသည့်အတွက် မြန်မာလူထုနှင့် နိုင်ငံရေးကို နားမလည်၊ မစာနာနိုင်ဟု မြင်ထားကြသူတွေအားလုံးကို ဘဝင်ကျအောင် သူ ပြောသွားနိုင်ခဲ့သည်။ ဟောပြောပွဲက အပြန် ကျွန်မတို့အုပ်စုက ဂျာနယ်နာမည်ရွေးနေစဉ်မှာပင် အင်းစိန်ထောင်တွင်းပြဿနာအကြောင်း ကြားလာခဲ့ကြသည်။ လွတ်ငြိမ်းချမ်းသာအမိန့်ကြောင့် ၁၉၈၀ မတိုင်မီနှင့် နောက်ပိုင်းနိုင်ငံရေးသမား အများစုလွတ်ခဲ့သော်လည်း ရာဇဝတ်အကျဉ်းသားများ ကျန်နေရာ ထောင်တွင်းမီးရှို့မှုဖြစ်ခဲ့ကာ ထောင်ဖောက်ရန် ကြံစည်ခဲ့ကြသည်။ ထောင်ဝန်ထမ်းတို့၏ အကြမ်းဖက်နှိမ်နင်းမှုကြောင့် အကျဉ်းသားသုံးဆယ့်ခြောက်ဦး သေဆုံးခဲ့သည်ဟု သတင်းထုတ်ပြန်ပေးခဲ့သည်။ သည့်နောက်မှာတော့ အကျဉ်းသားများကို လမ်းစရိတ်မဆိုသလောက်ပေးကာ လွှတ်ပေးခဲ့သည်။ ရာဇဝတ်အကျဉ်းသားများမို့ အခြေမဲ့အနေမဲ့ဖြစ်ပြီး နေစရာ၊ ဝတ်စရာ၊ စားစရာမဲ့သည့်သူတို့တွေမှာ ဆန္ဒပြသူတွေကြား ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာခဲ့ပြန်သည်။ အခြေအနေက ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာခဲ့သလို ဆန္ဒပြပွဲတွေက ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာခဲ့သည်။ ဆန္ဒပြအဖွဲ့တွေ၊ သမဂ္ဂတွေလည်း မရေမတွက်နိုင်အောင် ပေါ်ထွက်လာခဲ့သည်။ ကျွန်မတို့အုပ်စုကလည်း ကိုမင်းဝေအောင်ပေးသည့် 'အရောင်သစ်'နာမည်နှင့် လက်ရေးစာစောင် လုပ်ကြရာ ကျွန်မက တစ်ဦးတည်းသော တိုက်ထိုင်စာရေးဆရာ၊ အယ်ဒီတာဖြစ်ပြီး ကိုဆွေညိုက ဓာတ်ပုံသတင်းထောက် ဖြစ်လာသည်။ ပန်းချီကာတွန်းဆရာများ စုထုတ်ကြသည်မို့ ကာတွန်းနှင့် ပန်းချီကို ဦးစားပေးပြီး ခေါင်းကြီးနှင့် ဆောင်းပါးများကို ကျွန်မက ပင်တိုင်ရေးဖြစ်ကာ တစ်ရက်ခြားတစ်စောင်ထွက်သည်။ ဒီဇိုင်းကို မောင်မျိုးမင်းက အဓိကတာဝန်ယူကာ ကျွန်မက ကိုယ်လိုချင်သည့် စာမျက်နှာဖွဲ့စည်းပုံကို သူနှင့်ညှိရသလို ဦးရွှေမင်းသား၊ ကိုမျိုးမြင့်၊ ကိုဝင်းထွန်း၊ ကိုမြိုး၊ ကိုဘိုဘိုထွန်း၊ ဦးဆန်းထွန်း၊ ကိုညိုကြီး(မောင်ဟန်)၊ ကိုသည်မောင်မောင်ဉာဏ်တို့ လက်ရေးနှင့်ရေးထားသည့် စာပိုဒ်တွေကို အဆက်အစပ်မှန်အောင် စိစစ်ကာ စာဖောင်ပေါ်မှာ ကပ်နိုင်အောင် ကော်လည်းကူသုတ်ပေးရသည်။ တစ်ပြိုင်တည်းမှာ တက္ကသိုလ်ဝင်းအတွင်းနှင့် ဆေးရုံကြီးအတွင်းပိုင်းမှာ ကျင်းပသည့် အရေးကြီးသောအစည်းအဝေးများကို ကျွန်မက ကျောင်းသူတစ်ယောက်အဖြစ်နှင့်လည်း အလွယ်တကူ ဝင်ထွက်နိုင်သဖြင့် သွားရောက်သတင်းယူဖြစ်ကာ ကိုယ့်'အရောင်သစ်'အတွက်သာမက အယ်ဒီတာတွေ



စုထုတ်သည့်''ဒို့အရေး'သတင်းစာနှင့် ကျောင်းသားသမဂ္ဂကထုတ်သည့်'သမဂ္ဂ'စာစောင်တို့အတွက်လည်း ရေးပေးဖြစ်သည်။ သည်လိုနှင့် ထမင်းနပ်မမှန်တာမျိုး ကြုံလာခဲ့ရသည့်တိုင် အတွေ့အကြုံသစ်တွေနှင့် တက်ကြွလန်းဆန်းနေခဲ့ပြန်သည်။

စက်တင်ဘာပထမပတ်ထဲမှာတော့ ရန်ကုန်မြို့၏ နေရာတိုင်း လိုလိုမှာ ပြည်သူပိုင်စက်ရုံဖောက်ပွဲ၊ ပစ္စည်းလုပွဲတွေ များသည်ထက် များလာပြီး ဆန္ဒပြလူထုကို အန္တရာယ်ပြုရန် ကြံရွယ်သူဟု သံသယ ရှိသူတို့ကို လူထုက ခေါင်းဖြတ်သတ်ဖြတ်မှုမျိုးပင် ပေါ်ပေါက်လာခဲ့သည်။ ပြည်သူပိုင်ဘဏ်စ်ကားတွေ မပြေးသလောက် ဖြစ်လာခဲ့ကာ အများအားဖြင့် စမ်းချောင်းနှင့် မြို့လယ်ကို လမ်းလျှောက်ကြရသည်။ လူထုအချင်းချင်း မယုံသင်္ကာဖြစ်မှုတွေ ပိုများလာသည်။ နယ်မြို့ တိုင်းလိုလိုမှာလည်း လုယက်မှုအပါအဝင် မတည်ငြိမ်မှုတွေ တစ်ပြိုင်နက် ဖြစ်လာခဲ့သည်။ စက်တင်ဘာ ၉ ရက်မှာ တပ်မတော်လေမှ စစ်သည်တွေ သပိတ်ထဲ ပါလာပြီး ၁၀ ရက်နေ့မှာ လက်ရှိသမ္မတဒေါက်တာမောင်မောင်က ပါတီညီလာခံမှာ ပါတီစုံစနစ်အတွက် ဆန္ဒခံယူပွဲလုပ်တော့ဘဲ ရွေးကောက်ပွဲသာလုပ်တော့မည်ဟု ကြေညာခဲ့သည်။ သပိတ်ကော်မတီနှင့် လူထုက လက်မခံဘဲ ကြားဖြတ်အစိုးရဖွဲ့ဖို့ တောင်းဆိုခဲ့ကြသည်။ ၉ ရက်နေ့မှာ သူသာလျှင် တရားဝင်ဝန်ကြီးချုပ်ဟု ကြေညာသောဦးနု ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦး၊ ဦးအောင်ကြီး၊ လွတ်လပ်ရေးတိုက်ပွဲဝင် ဗိုလ်ရန်နိုင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ကြားဖြတ်အစိုးရဖွဲ့ကြဖို့ ဝိုင်းတိုက်တွန်းခဲ့ကြသော်လည်း လူကြီးတွေက အချိန်ယူစဉ်းစားမည်ဟုသာ အကြောင်းပြန်ခဲ့သည်။ ဝန်ထမ်းတွေ အလုပ်ပြန်ဆင်းဖို့ ကြေညာချက်တွေ ထွက်လာသည်။ ၁၇ ရက်နေ့မှာ ကုန်သွယ်ရေးဝန်ကြီးဌာနအဆောက်အဦးမှာ သပိတ်အင်အားစုနှင့် စစ်တပ်တင်းမာမှုဖြစ်ပွားပြီး အခြေအနေတွေ ရှုပ်ထွေးလာခဲ့သည်။ နောက်နေ့ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ကျောင်းသားအဖွဲ့အစည်းအားလုံးနှင့် သမဂ္ဂအသီးသီး စုစည်းပြီး အစည်းအဝေးကြီးတစ်ရပ်ကို ကျင်းပမည်ဟု ကြေညာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အာဏာသိမ်းပြီ

ထိုနေ့မနက်က ရက်ပေါင်းများစွာ ပင်ပန်းလာခဲ့သည့်ဒဏ်ကြောင့် ကျွန်မဖျားနေခဲ့သော်လည်း အလုပ်တွေ အရေးကြီးသဖြင့် ဆေးသောက်၊ အနွေးထည်စွပ်ကာ မြို့ထဲသို့ သွားခဲ့သည်။ သည်အစည်းအဝေးမှာ ပြင်ပက သတင်းသမားတွေကိုပေးမဝင်ဘဲ ကျောင်းသားတွေချည်း စည်းဝေးကြတာမို့ 'ဒို့အရေး'ဆရာတွေက သူတို့အတွက်ပါ ကျွန်မကို အလုပ်လုပ်ပေးစေချင်သည်။ တစ်မနက်လုံး အလုပ်ရှုပ်ပြီး ဘွဲ့နှင်းသဘင်ခန်းမရှေ့ကိုရောက်တော့ ညနေနှစ်ချက် ခွဲနေပြီ။ မနက်စာပင် မစားရသေး။ ထမင်းထုပ်ဝေတာကို ယူစားပြီး ခန်းမထဲကို ဝင်ခဲ့လိုက်သည်။ လေကားထစ်တွေကိုကျော်ပြီး ခန်းမအတွင်းရောက်သည်နှင့် ကျွန်မတစ်ကိုယ်လုံး ရှိန်းမြမြဖြစ်လာသည်။ ကျောင်းသားတွေနှင့် သမဂ္ဂသမားတွေက သူ့လမ်းကြောင်းနှင့်သူ နေရာယူလို့။ ကိုလိုနီခေတ်အဆောက်အအုံတစ်ခု၏ အတွင်းပိုင်းထက် ဘာမှမပိုသော ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ကျွန်မစိတ်တွေ အကြီးအကျယ်လှုပ်ရှားနေခဲ့သည်။ ငယ်အိပ်မက်ထဲမှာ သည်နေရာကို ရောက်ဖူးခွင့်ရမည့် အခြေအနေနှင့် အချိန်အခါသည် သည်လို ချွေးသံတရွှဲရွှဲ၊ နှာရည်ယိုမျက်လုံးပူပြီး အဖျားသွေးငွေ့ငွေ့မှာ မနက်စာကို ညနေမှ ဖြစ်သလိုစားလိုက်ရသည့် အခြေအနေ အချိန်အခါမျိုးမှ မဟုတ်ပေဘဲ။ ဆေးပညာသိပ္ပံဘွဲ့ကို ပဝါနှစ်စ အသာချကာ မိဘနှစ်ပါးနှင့်အတူ တက်ရောက်ယူငင်ရမည့် အခြေအနေနှင့် အချိန်အခါလေ။ ခုတော့ မထင်မှတ်သည့် အချိန်မှာ မထင်မှတ်သည့် အနေအထားမျိုးနှင့် သည်ခန်းမထဲကို ကျွန်မ ရောက်နေခဲ့ရပြီလေ။ လက်ထဲမှာ ကက်ဆက်၊ ကင်မရာတွေနှင့်၊ ပတ်ဝန်းကျင်မှာ ထောင်နှင့်ချီသော ကျောင်းသားတွေ၊ သပိတ်သမားတွေ။ ဒါဟာ ကျွန်မအတွက် အိပ်မက်မဟုတ်တာဖြင့် သေချာသည်။ ကျွန်မတို့ 'အရောင်သစ်'က နောက်တစ်ရက်မှ ထွက်မှာမို့ အချိန်ရသော်လည်း 'ဒို့အရေး'က နေ့စဉ်ထုတ်မို့ အလျှင်လိုသည်။ ညနေမှောင်လျှင် အိမ်ပြန်ခက်သည့် ပြဿနာကလည်း ရှိသည်မို့ ကျွန်မက ကက်ဆက်ကို သွားဆေးကျောင်းသား စိုးဝင်းဦးလက် အပ်ခဲ့ကာ မြို့ထဲပြန်ဖို့ စီစဉ်သည်။ ဓာတ်ပုံကလည်း ရိုက်ပြီးပြီ။ အစည်းအဝေးအစကိုလည်း ကျွန်မ တက်ပြီးပြီ။ ဆက်ဆွေးနွေးမည့် အကြောင်းအရာတွေကိုလည်း တီးခေါက်ကြည့်ပြီးပြီ။ အသေးစိတ်အတွက် အစည်းအဝေးပြီးလောက်သည့်အချိန်မှာ ကက်ဆက်ကို



သွားပြန်ယူမည်ဟု စီစဉ်ကာ ကျွန်မ တက္ကသိုလ်ဓမ္မာရုံရှေ့မှ ဘတ်စ်ကားစောင့်စီးပြီး မြို့ထဲပြန်သည်။ ကားက မြေနီကုန်းကို ကျော်သည်နှင့် ကားပေါ်တက်လာသည့်လူ တွေထံမှ စိတ်ချောက်ချားစရာသတင်းကို စကြားရသည်။ စစ်တပ်က အာဏာသိမ်းလိုက်သတဲ့။

## မျဉ်းစောင်းများနှင့် ဆောင်းပါး

'အရောင်သစ်'ကို မရောက်ခင်မှာပင် လမ်းပေါ်မှာ လူတွေ ပြေးလွှားအော်ဟစ်နေသည်ကို စမြင်ရသည်။ အခန်းထဲ ဝင်ဝင်ချင်း မမွေးတို့အုပ်စုက ကျွန်မကို စိုးရိမ်တကြီး မျှော်နေကြရာမှ သက်ပြင်းချကြသည်။ ကာဖျူးက ညနေခြောက်နာရီမို့ ခုချက်ချင်းပြန်မှဖြစ်မည်ဟု အားလုံးက ဆုံးဖြတ်သည်။ 'အရောင်သစ်'ကို ဘယ်လို ဆက်လုပ်မှာလဲမေးတော့ အခြေအနေအရ နက်ဖြန်မှာ ပြန်တွေ့ပြီးမှ ဆုံးဖြတ်ကြမည်ဟု သဘောတူကြသည်။ 'ဒို့အရေး'ဆရာတွေကတော့ မနက်အမီ ထွက်ဖြစ်အောင် ထွက်ကြမည်။ သူတို့အားလုံး ပုံနှိပ်စက်တစ်ခု၏ ထပ်ခိုးမှာ အသင့်ရှိနေကြပြီ။ ကျွန်မကသာ သတင်းကို ရေးပြီး ညဘက်မှာ ဖုန်းထဲကနေ ဖတ်ပြရမည်ဟုဆိုသည်။ ကျွန်မက ကက်ဆက်ပြန်မရနိုင်တော့သော်လည်း စိုးဝင်းဦးက ကျွန်မထံ ဖုန်းဆက်ပေးမှာ သေချာသည်မို့ သတင်းဆောင်းပါး ခပ်တိုတိုတော့ ရေးပေးနိုင်မည်ဟု ကတိပေးသည်။ ကားတစ်တန်၊ ခြေလျင်တစ်တန်ဖြင့် ကျွန်မတို့အိမ်ကို ဇောချွေးသန်သန် ပြန်ရောက်ခဲ့ကြသည်။ အိမ်မှာ ဖေဖေနှင့်မေမေရော၊ အစ်ကိုနှင့်မောင်လေးတွေပါ ကျွန်မကို သောကကိုယ်စီဖြင့် မျှော်နေကြပြီ။ ရေဒီယိုကို အချိန်ပြည့်ဖွင့်ထားလိုက်ရာ 'နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေစိုးမိုးရေးကောင်စီ'၏ ကြေညာချက် ၁/၈၈၊ ၂/၈၈ တွေက အချိန်ပြည့်လာနေသလို စစ်ချီတေးတွေက အဆက်မပြတ်။ စိတ်ထဲမှာ ထူပူပြီး သတင်းကို စရေးသည်။ ပြင်လိုက် ဖျက်လိုက်။ စိုးဝင်းဦး ဖုန်းဆက်လာသည်။ အခြေအနေမကောင်း။ ရာဇူးကို စစ်တပ်က ဝိုင်းထားသည်။ သူပြောနိုင်သမျှ အစည်းအဝေးသတင်းကို ပြောသွားခဲ့ပြီး သူတို့တွေ ဆေးကျောင်းဘက်ရောက်အောင်သွား၊ ညအိပ်ကာ မနက်ပိုင်းမှာ သပိတ်ဆက်မှောက်သည်။ ဆက်ဦးမည်ဟု ဆိုသည်။ သူ ပြောသမျှနှင့် သတင်းဆောင်းပါးတစ်ပုဒ်ကို ပြီးအောင်ရေးသည်။ ညစာစားဖို့ မိသားစုကခေါ်မှ ထစားဖြစ်သော်လည်း စားမပြီးခင်မှာ 'ဒို့အရေး'က ဖုန်းလာသည်။ စာမျက်နှာသုံးမျက်နှာနီးပါး

www.burmeseclassic.com

www.burmeseclassic.com



သတင်းဆောင်းပါးကို ကျွန်မက ဖတ်ပြပြီး သူတို့က ကက်ဆက်ဖြင့် အသံဖမ်းထားကြသည်။ နှစ်ဘက်လုံးမှာ ရေဒီယိုကို အသံမြှင့်ပြီး ဖွင့်ထားသဖြင့် ၁/၈၈ နှင့် ၂/၈၈ ကလည်း ထိုကက်ဆက်ထဲမှာ ရောပါနေတော့သည်။ လက်မဆေးရသေးသည့်အတွက် ထမင်းလုံးတွေက ကျွန်မလက်မှာ ခြောက်သွားသလို စိတ်လှုပ်ရှားမှုနှင့် စာဖတ်ပြရမှုကြောင့် ကျွန်မ အာခေါင်တွေခြောက်နေသည်။ ကျွန်မနောက်မှ မိသားစုကလည်း သောကကြောင့် ဒေါသတွေ ဆူဝေနေကြပြီ။ မနက်ဖြန်မှာ 'ဒို့အရေး' ထွက်မထွက် မသေချာသော်လည်း ကျွန်မအဖို့ကတော့ အိမ်ထဲကအိမ်ပြင် ထွက်လမ်း ဘယ်မမြင်တော့။

နောက်နေ့မနက် အိမ်ထဲက မထွက်နိုင်သည့်ကြားမှာ ဖုန်းတွေက အဆက်မပြတ်။ ဘယ်နားမှာ ဘယ်လိုတွေပစ်ပြီး ဘယ်လောက်တောင် သေနေကြပြီဆိုသည့် သတင်းတွေက တရစပ်။ 'ဒို့အရေး' ဆရာတွေလည်း စာဖောင်တွေ စီ/ရိုက်ပြီးကာမှ ဘာမှလုပ်မရတော့။ စိုးဝင်းဦးလည်း သွားဆေးကျောင်းမှာ ပိတ်မိနေပြီး တစ်ယောက်ယောက်ကို အကူအညီတောင်းပေးပါဟု လှမ်းဆက်သေးသည်။ သို့သော် သေနတ်သံတွေ တဖြောင်းဖြောင်းကြားနေရပြီး ခဏအတွင်းမှာ သူ့ဖုန်းလည်း လိုင်းကျသွားသည်။ အိမ်ကမိသားစုကလည်း ကျွန်မကို ဖုန်းပင် ပေးမပြောစေချင်ကြတော့။ ကျွန်မကလည်း ရပ်မရတော့သည့် တော်လှန်လိုစိတ်တွေနှင့် အိမ်ပြင်ထွက်ရေး ဉာဏ်များနေခဲ့သည်။ ထိုစဉ်က ကိုယ့်အသက်အန္တရာယ်ထက် သည်တော်လှန်ရေးကို အဆုံးမြန်မြန်သတ်လိုစိတ်ကသာ ကြီးထွားနေခဲ့ပြီး ရေရှည်တိုက်ပွဲတစ်ခုဖြစ်လာမည်ဟု မမှန်းတတ်ခဲ့ချေ။ သည်လိုနှင့် လူပေါင်းလေးထောင်နီးပါး သေဆုံးခဲ့သည့် အာဏာသိမ်းပွဲက အထမြောက်သွားခဲ့သည်။ သို့သော် ဝန်ထမ်းတွေ ရုံးပြန်မတက်မချင်း အစိုးရယန္တရားက ပြန်မလည်ပတ်နိုင်ဟု တွေးဖြစ်ကြသည်။ ဆေးရုံကြီးမှာ ဒဏ်ရာရလူနာတွေပုံနေပြီဟူသည့် လိမ်ရိုးလိမ်စဉ်ဖြင့် အိမ်မှထွက်ခွင့်ရသည်နှင့် ဆရာဦးဝင်းတင်နှင့် အယ်ဒီတာတွေ စုတွေ့သည့်နေရာကို ရောက်သွားခဲ့သည်။ ဆရာဦးဝင်းတင်က အလုပ်သမားသပိတ် မလှန်ရေးကို အဓိကကြိုးစားသော်လည်း မအောင်မြင်တော့။ ဝန်ထမ်းတွေ ရုံးပြန်တက်ကြသည်။ နောက်ပိုင်းမှာ ကျွန်မတို့တွေက သူများတွေလိုလည်း ရှောင်တိမ်းတာ မလုပ်ချင်သည်မို့ ထိုင်နေကျမဟုတ်သည့် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဆွေးနွေးရသည်။ ထိုစဉ်က ဝင်ငွေလည်းမရှိကြတော့သည်မို့ လမ်းတွင်တွင်လျှောက်ဖြစ်ရာ စာအုပ်အဟောင်းဆိုင်လေးမှာ ပန်းချီ



ဆရာပေါလ်ဂေါဂင်အကြောင်း ရေးထားပြီး ဆရာတင့်တယ် ဘာသာပြန်သည့် 'လစန္ဒာနှင့် ခြူးပိုက်ဆံ' စာအုပ်ကို ဦးမျိုးမြင့်ညိမ်း၊ ကိုမျိုးမြင့်၊ ကိုဝင်းထွန်း၊ မမွေးနှင့် ကျွန်မတို့ငါးယောက်သား ဝယ်ချင်သော်လည်း မဝယ်နိုင်ခဲ့ကြ။ စာအုပ်ဖိုးငွေနှစ်ကျပ်ကို ငါးယောက်ပေါင်းပြီးတောင် မသုံးနိုင်ခဲ့။ သို့သော် အရေးတော်ပုံအတွက် ဘာလုပ်နိုင်ဦးမလဲဆိုသည့် အတွေးတွေနှင့် လမ်းဆက်လျှောက်နေခဲ့ကြသည့် ကာလဖြစ်ပါသည်။ စစ်အစိုးရက ပါတီတွေ ဖွဲ့စည်းခွင့်ပြုမည်ဟု ကြေညာသည်။ သည်လိုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဥက္ကဋ္ဌဦး အောင်ကြီး၊ ဒု-ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ဖွဲ့ခဲ့သည်။ ဆရာဦးဝင်းတင်က တွဲဖက်အထွေထွေအတွင်းရေးမှူးဖြစ်လာသလို ဦးမျိုးမြင့်ညိမ်းကလည်း ဖွဲ့စည်းစပါတီအတွက် အဖွဲ့ဝင်လျှောက်လွှာအစ၊ အလံအလယ်၊ ဆိုင်းဘုတ်အဆုံး အားလုံးကူညီလုပ်ကိုင်ပေးနေပြီ။ ကျွန်မတို့ 'အရောင်သစ်' အဖွဲ့တွေကိုလည်း ပါတီရုံးအတွက် ကူကြဖို့ပြောလာသည်။ ကျောင်းတွေလည်း ပြန်မဖွင့်သေး၊ မဂ္ဂဇင်းတိုက်တွေလည်း ပြန်မလည်ပတ်နိုင်သေးတာမို့ တခြားလည်း ဘာမှလုပ်စရာမရှိကြ။ ခက်နေသည်က မည်သည့်ပါတီဝင်မျှ မဖြစ်လိုကြခြင်းပင်။ သည့်နောက် ကိုယ့်မူလအနုပညာ၊ အတတ်ပညာတွေကို ပြန်လည်အသုံးပြုနိုင်၊ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည့်အချိန်အထိ ကူကြမည်ဟု ဆုံးဖြတ်ပြီး ထိုစဉ်က အဖွဲ့ချုပ်ရုံးချုပ် တည်ရှိရာ ၄၄ တက္ကသိုလ်ရိပ်သာလမ်းသို့ ကျွန်မတို့ ရောက်သွားခဲ့ကြသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ထောင်ကာစပါတီမို့ အဆောက်အဦးရော အသုံးအဆောင်ပါ ဘာမှမရှိသေးသလို ရန်ပုံငွေကလည်း မလုံလောက်သည်မို့ ကျွန်မတို့ အုပ်စုမှာ တစ်ဦးချင်းအလှူရှင်တွေက လှူဒါန်းသည့် စားပွဲ၊ ကုလားထိုင်များကိုဝါလိုက်လံစုစည်းပြီး ရုံးခန်းကို ဖြစ်အောင်ပြည်တည်ကြရသည်။ စက်တင်ဘာ ၂၇ မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဆိုင်းဘုတ်ထောင်နိုင်ခဲ့ပြီ။ ကျွန်မတို့က ပထမဆုံးတော့ အဖွဲ့ဝင်လျှောက်လွှာရောင်းသည့် တာဝန်ကို ယူရသည်။ နောက်မကြာခင်မှာ ဆရာဦးဝင်းတင်၏ အစီအစဉ်အရ အဖွဲ့ဝင်နံပါတ်နှင့် ကဒ်ပြားထုတ်ပေးရေးအတွက် လိုအပ်သည့် ကုဒ်များကို မြို့နယ်အမည်နှင့် လူဦးရေအလိုက် သတ်မှတ်ပေးပြီး ပင်မမှတ်တမ်းထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



သည့်အလုပ်ကိုလည်း ကျွန်မကပင် တာဝန်ယူလိုက်ရတော့သည်။ ဂဏန်းနံပါတ်များ မှတ်ရသည်ကို သဘောကျတတ်သော်လည်း ကိုယ်ကျွမ်းကျင်ရာ အတတ်ပညာ၊ အနုပညာကို အသုံးချရခြင်းမျိုးမဟုတ်သဖြင့် ကျွန်မ သည်လို လုပ်အားပေးရခြင်းကို ဘဝင်မကျ။

အဖွဲ့ဝင်လျှောက်လွှာက ရောင်းအားကောင်းလွန်းသဖြင့် ကျွန်မတို့တွေ ထမင်းပင် ဝေါ်ကြပြန်သည်။ မဆလလက်အောက်မှာ ၂၆ နှစ် အောင့်အည်း စောင့်စည်းခဲ့ကြရသဖြင့် ခုတော့ လျှောက်လွှာရောင်းပေးသူတွေ ထမင်းစားနား မည်ဆိုတာကိုပင် မစောင့်နိုင်ကြ။ အဖွဲ့ဝင်လျှောက်လွှာတွေ ပြန်ဝင်လာတော့ အဖွဲ့ဝင်ကဒ်ပြားတွေ ပေးရဖို့ ဖြစ်လာသည်။ အဖွဲ့ဝင်နံပါတ် စီစဉ်ရဖို့ ဖြစ်လာသည်။ ဆရာဦးဝင်းတင်က လူဦးရေအနည်းအများအလိုက်၊ မြို့နယ် အက္ခရာဝလိစဉ်အလိုက် အဖွဲ့ဝင်နံပါတ်တွေကို သတ်မှတ်ဖို့ ပြင်ဆင်သည်။ အဖွဲ့ဝင်နံပါတ်တစ်ခုကို မြင်သည်နှင့် မည်သည့်မြို့နယ်ကမှန်း သိနိုင်အောင် သူက စီစဉ်ချင်သည်။ သည်လိုနှင့် ကျွန်မက အဖွဲ့ဝင်နံပါတ်ကုဒ်အမှတ် အသားများကို ဆရာ့ညွှန်ကြားချက်နှင့်အညီ ရေးဆွဲအတည်ပြုရသည်။ သည်လိုနှင့် အဖွဲ့ဝင်စာရင်းစာအုပ်မှာ မှတ်ပုံတင်စာရင်းသွင်းရမည့်သူသည် ကျွန်မ ဖြစ်လာခဲ့သည်။ မြို့နယ်အလိုက် မှတ်ပုံတင်စာရင်း ရေးသွင်းမှုကို လည်း သီးခြားလုပ်ပြီး ထိုမှတ်တမ်းများကို လုပ်အားပေးတွေက ကူကြသော် လည်း အဖွဲ့ဝင်အားလုံး၏ စာရင်းမှတ်တမ်းကတော့ အရေးကြီးလွန်းသဖြင့် မည်သူ့ကိုမျှ တာဝန်မပေးနိုင်။ အဖွဲ့ဝင်လျှောက်လွှာအလွှတ်ကို ကိုင်ထားလျှင် ပင် စစ်တပ်၏ အဖမ်းအဆီးကို ခံရနိုင်သည့်ကာလမို့ မည်သူတွေ အဖွဲ့ဝင်ကြ သည်ဆိုသည့် အသေးစိတ်အချက်အလက်တွေ မပေါက်ကြားရေးမှာ အဖွဲ့ဝင် များ၏ လုံခြုံရေးမို့ အမှားမခံနိုင်။ သည်တော့ သက်ဆိုင်ရာ မြို့နယ်တွေကို စာရင်းသွင်းရသူတွေက ကုဒ်များများ မမှတ်ရသည့်တိုင် ကျွန်မမှာတော့ ကုဒ်ပေါင်းငါးရာနီးပါးနှင့် မူးနောက်နေခဲ့သည်။ သည်ကြားထဲ နယ်မြို့ထဲ စည်းရုံးရေးဆင်းကြတော့မည့်အဖွဲ့ချုပ်နှင့် ဆိုင်ရာမြို့နယ်က အဖွဲ့ဝင်လူကြီး လူငယ်တွေအတွက် အဖွဲ့ဝင်ကဒ်ကလည်း အမြန်ရအောင် လုပ်ပေးဖို့လိုသေး သည်။ မဆလခေတ်က 'အရေးကြီးပုဂ္ဂိုလ်' ဆိုသည့် အသုံးအနှုန်းကို ခါးသီး နေပြီမို့ ကျွန်မမှာ ထိုလူတွေအတွက် အဖွဲ့ဝင်ကဒ်ကို ဦးစားပေးလုပ်ရန်ပြောလာ သည့် လူတွေက 'သည်တစ်ယောက်က ဗီအိုင်ပီမို့' ဟု စကားစရံနှင့် ဒေါသတွေ ထွက်လာကာ 'အရေးကြီး' 'ဦးစားပေး' ဆိုသည့် ဝေါဟာရများ



နှင့် တောင်းဆိုလျှင် လက်မခံနိုင်၊ 'အလျင်အမြန်ကိစ္စ' ဟုပြောမှ လက်ခံမည် ဟု အကဲဆတ်ခဲ့ပြန်သည်။

## သက်ရှိကွန်ပျူတာ ငြီးငွေ့လာခြင်း

သည့်နောက်မှာတော့ ရုံးကနေ အိမ်ပြန်ရောက်ပြီး သတင်းနားထောင် သည့်အခါ မြို့နယ်နာမည်တွေ ကြားမိလျှင် ဆိုင်ရာကုဒ်ကို ရေရွတ်မိသည် အထိ မပြီးနိုင်သောအလုပ်တွေ၏ ဖိစီးမှုကို ခံစားလာရသည်။ တချို့ညတွေ မှာ ကျွန်မတို့ ကဒ်အဖွဲ့သားတွေ အိုဗာတိုင်ဆင်းပြီး အလုပ်လုပ်ကြရသည့် အခါမှာလည်း ထမင်းစားရုံစားပြီး ချက်ချင်းစားပွဲပြန်ထိုင်၊ စာရင်းပြန်သွင်းဖို့ ဆော်ဩတတ်သည့် ကျွန်မ၏ အလုပ်လောဘကြောင့် အချင်းချင်းတွေက ကျွန်မကို မျက်လုံးပြူးလာကြသည်။ ထိုစဉ်က အသက်ကလည်း နှစ်ဆယ့် နှစ်နှစ်ပြည့်ရုံမို့ ကိုယ်အပင်ပန်းခံနိုင်သလို တခြားသူတွေလည်း အပင်ပန်းခံ နိုင်ရမည်ဟု တွေးပြီး ခဏနားရအောင်ပြောလာသူကို မျက်မှောင်ကျုံ့ ရှုတ်ချ တတ်သည်အထိ အလုပ်လောဘကြီးဖြစ်ခဲ့သည်။ သို့သော် မိမိတတ်မြောက် သည့် အတတ်ပညာ၊ အနုပညာအလုပ် မဟုတ်သဖြင့် မကြာခင်မှာပင် ကျွန်မသည် စာရင်းသွင်းသည့်အလုပ်ကို ငြီးငွေ့လာခဲ့သည်။ သက်ရှိ ကွန်ပျူတာဟု ခေါ်ခံရသည်အထိ ကုဒ်တော်တော်များများကို အလွတ်ရနေ သလို အမည်စာရင်းတော်တော်များများကိုလည်း အဖွဲ့ဝင်အမှတ်ဖြင့် တွဲပြီး မှတ်မိနေတတ်သော်လည်း သည်မှတ်မိနေရခြင်းကပင် ကျွန်မအဖို့ ပင်ပန်း ဆင်းရဲမှုကို ဖြစ်စေသည်။ ထိုအချိန်မှာတော့ အိမ်ကလည်း ကျွန်မ ဘာလုပ်နေ သည်ကို သိသွားခဲ့ပြီဖြစ်သည်။ ဘာမဆို အမှန်အတိုင်းပြောလိုက်မှ နေသာ ထိုင်သာ ရှိသည့်အကျင့်က မပျောက်သေးသဖြင့် ကျွန်မဘာသာပဲ ရာသီဥတု ကြည်လင်နေသည့်တစ်ရက်မှာ ဖွင့်ပြောခဲ့သည်လေ။

သည်တော့ ကျွန်မထုံးစံအတိုင်း ခရီးတစ်ခုလောက်ထွက်မှ ဖြစ်မည်ဟု တွေးမိလာသည်။ သံချေးတက်နေသော ကျွန်မ၏ 'မုဒု' စိတ်ကလေးကို ကျွန်မ ကြွေးချွတ်ချင်လာသည့်အလျောက် ဘုရားပုထိုး စေတီတွေများပြီး ကျွန်မချစ်သော ပုဂံသူပုဂံသားတို့ရှိရာ ပုဂံကို တစ်ကိုယ်တော်ထွက်သွားဖို့ တွေးခဲ့သည်။ အမှန်တော့ အာဏာမသိမ်းခင်ကတည်းက ခေါင်းအင်ခံနေရ ကြည်ထဲမှာ အရေးတော်ပုံကာလမှတ်တမ်းတွေ ထိန်းသိမ်းဖို့ လုပ်အားပေးလို

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် လာကူလှည့်ပါလားဟု ပန်းချီဆရာမ မသီဂီက ကျွန်မကို ခေါ်ခဲ့ဖူးသည်။ သို့သော် ငယ်စိတ်က သည်လိုငြိမ်နေရမည့် အလုပ်မျိုးတွေကို စိတ်မဝင်စားသဖြင့် မသွားဖြစ်ခဲ့။ ခုတော့ ကုဒ်နံပါတ်တွေနှင့် နပန်းလုံးနေရပြီ။ အိမ်ကိုလည်း ဖြစ်ကြောင်းကုန်စင် ရှင်းပြပြီးဖြစ်ကာ ဖေဖေနှင့် မေမေကလည်း နားလည်အားပေးခဲ့သည်မို့ အဆင်ကတော့ ပြေနေပြီ။ ခုတစ်ခါ အငြိမ်မနေလိုတော့သဖြင့် ပုဂံကို တစ်ကိုယ်တော်သွားမည်ဟု ပြောဖြစ်သည်။ ရုံးမှာလည်း ကြေညာလိုက်သည်။ ဒါမှ ကျွန်မ၏အလုပ်တွေအတွက် လူစားထိုးနိုင်မည်ကိုး။ သည်အချိန်မှာ ဆရာဦးဝင်းတင်က မိုးမကျခင်မှာ ဒေါ်စုအနေဖြင့် မြန်မာပြည်တစ်နံတစ်လျား စည်းရုံးရေးခရီးများ ထွက်သင့်ကြောင်း အကြံပြုရာမှ ၁၉၈၈ အောက်တိုဘာ ၃၀ မှာ ပထမဆုံး တိုင်းငါးတိုင်းစည်းရုံး ရေးခရီးစဉ်သွားကြဖို့ ဖြစ်လာခဲ့သည်။ သည်တော့ ကျွန်မ၏ တစ်ကိုယ်တော်လေလွင့်မည့်အကြံကို သိသွားကြသည့် ဘကြီးမိုး (စာရေးဆရာဒါရိုက်တာမောင်မိုးသူ)နှင့် ဦးမျိုးမြင့်ညိမ်းတို့က အစ်မ၏ စည်းရုံးရေးခရီးစဉ်နှင့်သာ လိုက်နိုင်ရန် စီစဉ်လိုက်ကြသည်။

## မမေ့နိုင်စရာ စည်းရုံးရေးခရီးစဉ်များ

ခရီးစဉ်ကို လုံခြုံရေးနှင့် စည်းရုံးရေးတာဝန်ယူထားသည့် လူငယ်များ အပါအဝင် လူကြီးအချို့လည်း လိုက်ပါမည်ဖြစ်သကဲ့သို့ မှတ်တမ်းအတွက် ပြန်ကြားရေးကလည်း လိုက်ကြရမည်ဖြစ်သည်။ ထိုစဉ်က ကျွန်မတို့အဖွဲ့က မှတ်ပုံတင်နှင့် ပြန်ကြားရေးကို ပူးတွဲလုပ်ဆောင်ပေးနေချိန်။ ကျွန်မတို့ဆီက ဓာတ်ပုံတက္ကသိုလ်အေးမြင့်က မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုအတွက် အပြင်က မောင်မောင်ညွှန့်တို့ အဖွဲ့ကို ငှားမည်။ အဖွဲ့ဝင်လျှောက်လွှာကိစ္စနှင့် ပြန်ကြားရေးကိစ္စအဝဝအတွက် ခေါင်းဆောင်က ဦးမျိုးမြင့်ညိမ်း။ ခရီးသွားအင်အား သုံးဆယ်ကျော်၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နောက်ဆုံးနှစ် ဆေးကျောင်းသူဖြစ်သည့် ကျွန်မရယ်လို့ တာဝန်တွေ သတ်မှတ်ကာ ပထမဆုံး ခရီးကို ထွက်ခဲ့ကြသည်။ ကျွန်မက ပြန်ကြားရေးကားနှင့်ပဲ လိုက်ပါပြီး အဖွဲ့ဝင်လျှောက်လွှာ၊ အလံ၊ တံဆိပ်၊ ဖွဲ့စည်းပုံစာအုပ် စသည့် ရောင်းချဝေစရာတွေကို ကူလုပ်ပေးသလို ခရီးစဉ်မှတ်တမ်းကိုလည်း မိမိသဘောနှင့်မိမိ ရေးမှတ်ဖြစ်သည်။ လမ်းခရီးမှ မြို့နယ်ရုံးတွေမှာ အစ်မ(ဒေါ်အောင်ဆန်းစု



ကြည်ကို သုံးရောင်ခြယ်နှင့် လူငယ်အုပ်စုက အန်တီဟုခေါ်ပြီး ကျွန်မတို့ ပြန်ကြားရေးနှင့် လူလတ်ပိုင်းတွေက အစ်မဟုခေါ်ပါသည်။)ပြောဆိုဆွေးနွေးသမျှကို ဦးမျိုးမြင့်ညိမ်းက လက်ရေးနှင့် လိုက်မှတ်ဖို့ ကြိုးစားသော်လည်း အခြားကိစ္စတွေ ပေါ်လာလိုက် ထဖြေရှင်းလိုက်နှင့် အဆင်မပြေခဲ့။ ဗီဒီယိုကလည်း အကုန်လုံးမှတ်တမ်းမတင်နိုင်။ သည်လိုနှင့် ဆေးကျောင်းမှာ ဆက်ချာလိုက်နေကျ ကျွန်မကသာ အဓိကမှတ်တမ်းသမား ဖြစ်သွားခဲ့သည်။ ပထမဆုံးခရီး၏ ပထမဆုံးနေ့မှာပင် ပြဿနာတွေက ဖြစ်လာခဲ့သည်။ ကျွန်မတို့ ပြန်ကြားရေးကားက ဓနိကုန်းနားမှာ ပျက်ပြီး ဘယ်လိုမှ ဆက်မထွက်နိုင်တော့။ ကားပြင်ရန် ဦးမျိုးမြင့်ညိမ်းက ဓနိကုန်းမှာ ကားနှင့်အတူ ချန်နေခဲ့ရကာ ကိုအေးမြင့်အပါအဝင် ကျန်ပြန်ကြားရေးအဖွဲ့ကို ရန်ကုန်-ပြည် ပြေးဆွဲသည့် ပုဂ္ဂလိက ကားပေါ် တင်ပေးလိုက်ပြီး ရှေ့က သွားနှင့်သည့် အစ်မတို့ကားတန်းကို ပြည်မှာ အမီတွေ့အောင် လိုက်စေခဲ့သည်။ ထိုစဉ်က နယ်အချို့မှာ အဖွဲ့ချုပ်လျှောက်လွှာနှင့်အတူ တွေ့လျှင်ပင် ဖမ်းလားဆီးလား လုပ်နေသည့်အတွက် ကျွန်မတို့မှာ ကျန်ခဲ့မည့်သူကိုရော၊ သွားကြမည့်သူကိုပါ အပြန်အလှန်စိတ်ပူကြရင်း လူစုခွဲရသည်။ အရေးကြီးပစ္စည်းတွေ တစ်ပုံတပင်(ငွေထည့်သည့် ထင်းရှူးသေတ္တာ အသေးလေးတစ်လုံးအပါ)နှင့် ကျွန်မတို့အုပ်စု ပြည်ကို ရောက်သွားကြသည်။

ကျွန်မကတော့ လမ်းတစ်လျှောက်လုံးမှာ မှတ်တမ်းသမား၊ ဈေးရောင်းသမဖြစ်ခဲ့သလို ညအိပ်နားနေရာရောက်သည်နှင့် ဆေးမှူးဖြစ်သွားပြန်သည်။ တစ်နေကုန် လူပင်လယ်ထဲမှာ လုံးထွေးပြေးလွှားခဲ့ရသည့်အတွက် ညတိုင်ဆို တစ်ဖွဲ့လုံးမှာ ဒဏ်ရာတွေ၊ အနာတရတွေ၊ မအီမသာ နွမ်းလျမှုတွေနှင့် ကျွန်မ၏ ယာယီဆေးခန်းမှာ လူပြည့်လို့။ ခရီးစဉ်ကို အနီးကပ်လိုက်ပါလာသည့် ထောက်လှမ်းရေးသမားတွေ မျက်စိရှေ့မှာတင် လုယက်ပြေးလွှားကာ အားပေးကြိုဆိုနေခဲ့ကြသည့် လူထုအပေါင်း၏ပုံရိပ်တွေက ကျွန်မအတွက် တစ်သက်မမေ့နိုင်စရာ။ သည်ခရီးစဉ်တစ်ခုလုံး၏ မှတ်တမ်းကိုလည်း ခရီးစဉ်ကုန်ဆုံးပြီး ရန်ကုန်ပြန်ရောက်သည့်နေ့မှာ အစ်မနှင့်တကွ အလုပ်အမှုဆောင်အဖွဲ့လက်ထဲ ပေးလိုက်ချင်သဖြင့် ဆေးခန်းချိန်ပြီးသည် ကျွန်မက စာတွေ တကုပ်ကုပ်ရေးဖြစ်ခဲ့ပြန်သည်။ သည်လောက်မေ့ခဲ့သည့်ကြား ပင်ပန်းသည့်ကြားမှာ ကျွန်မ ဘယ်တော့မှမမေ့ခဲ့သည်က ပုံမှန်ဘုရားဝတ်ပြု၊ ဘုရားစာရွတ်ဖတ်ကာ ပုတီးစိပ်ဖို့ပဲ ဖြစ်သည်။ သည်ဘာသာရေး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပြုမှုကတော့ ကျွန်မ၏ မူလဘူတ အခြေခံအကျဆုံး ဘာသာရပ်။ သည်လိုနှင့် ကျွန်မတို့အုပ်စု ပခုက္ကူကို ရောက်လာခဲ့ကြသည်။ ပခုက္ကူ၏ အားပေးမှုကတော့ အံ့မခန်း။ ဘုန်းကြီးကျောင်းနှင့် စာသင်တိုက်များသာ ရှိသည်ဟု ထင်ရသော ပခုက္ကူမှာ လူထုကြီးကြား ကျွန်မတို့တစ်တွေ မတ်မတ်ရပ်နိုင်အောင်ပင် မနည်းကြိုးစားခဲ့ရသည်။ ရပ်နေရင်းက ဘေးမှ လူအုပ်၏ တိုးဝှေ့မှုကြောင့် မြေသားနှင့်ခြေဖဝါး မထိလိုက်ဘဲ ၃၆၀ ဒီဂရီ လည်သွားခဲ့ဖူးသူတွေလည်း အများကြီး။ အစ်မနောက်ကို မျှော်လင့်ချက်တွေ တစ်သီကြီးနှင့် လိုက်လာနေကြသူတွေကို တွေ့မြင်ရသည်က ကြည်နူးစရာ ကောင်းသလို ကြေကွဲစရာလည်း ကောင်းလှသည်။ ဖုန်တထောင်းထောင်း ကြားမှာ ကျွန်မတို့ကားတန်းအား မီအောင် စက်ဘီးနင်းလာသည့် ကောင်မ လေးကို 'မမောဘူးလား' ဟု ကိုအေးမြင့်က စ,တော့ 'မမောပါဘူး၊ ကိုယ့် အမေကို ပြန်တွေ့ရသလိုပဲ၊ ပျော်တာပေါ့' ဟု ချက်ချင်းပြန်ဖြေလိုက်သည်။ ကျွန်မတို့ အားလုံးပီတိဖြင့် ဆွံ့အခဲ့ကြရပြီ။ ညဘက်နားနေရာရောက်တော့ ဘကြီးမိုးက 'အခုပဲသိလိုက်ရတယ်၊ မိုက်ကယ်အဲရစ်ကို အစိုးရက ဗီဇာ သက်တမ်းထပ်မပေးတော့ဘဲ ပြန်ခိုင်းလိုက်တယ်၊ ဒီတော့ သူ မကြာခင် ပြန်ရတော့မယ်၊ ဒီခရီးစဉ်က ခုမှ နှစ်ရက်ပဲရှိသေးတာ၊ ခေါ်စုသာ သူ့အတွက် ရန်ကုန်ပြန်မယ်လို့ ဆုံးဖြတ်ရင်တော့ ခရီးစဉ် အားလုံးဖျက်ပစ်ရမှာပဲ' ဟု ဆိုလာသည်။ ကျွန်မတို့တစ်တွေ ခဏတော့ ခေါင်းကြီးသွားကြသည်။ အစ်မဘယ်လိုဆုံးဖြတ်မလဲ။

'အို··· ဘာဖြစ်လဲ၊ သူ့အတွက် ဘာမှနောက်ဆံတင်းစရာ မရှိတော့ ဘူးပေါ့။ ဒါဆို ခရီးစဉ်ကို နောက်ထပ်သုံးရက်လောက် တိုးလိုက်ပါလား ဆရာ။ ကျွန်မတို့ ရှမ်းပြည်မြောက်ပိုင်းပါ သွားကြတာပေါ့' အစ်မဆီက သည်အဖြေကို ကြားရတော့ မအံ့သြသည့်တိုင် သူ့မျက်နှာကို အငေးသား အချိန်အကြာကြီး ကြည့်နေဖြစ်ခဲ့သည်။ နောက်တစ်နေ့မနက်မှာတော့ ကျွန်မ တို့ ပုဂံကို ရောက်သွားခဲ့ကြသည်။ အာနန္ဒာဘုရားဖူးကြတော့ ကျွန်မမှာ ဘုရားကို ဖြောင့်ဖြောင့်မဖူးနိုင်ဘဲ ကျွန်မ၏ ဇာတ်ကောင်ဖြစ်ခဲ့ဖူးသော မိမိကံလေးကို အပြေးအလွှားရှာပြီး အခြေအနေ မေးလိုက်သေးသည်။ အရေး တော်ပုံကာလအလွန် ပုဂံအခြေအနေမှာ အတော်လေးဆိုးရွားနေခဲ့ပြီ။ (သည် ခရီးက ပြန်ရောက်ပြီး မကြာခင်မှာ ပုဂံက စာတစ်စောင်ရခဲ့ရာ စီးပွားရေး အဆင်မပြေလွန်းကြသဖြင့် ပြောင်းဆန်ကိုသာ စားနေကြရကြောင်း အပါ



အဝင် သူတို့အဖြစ်တွေကို သိခွင့်ရခဲ့သည်။ ထုံးစံအတိုင်း သည်အကြောင်းကို ဝတ္ထုအဖြစ် ရေးဖြစ်ခဲ့သော်လည်း စာပေစိစစ်ရေးမှ ခွင့်ပြုချက်မရနိုင်ဆိုကာ ငြင်သည့်အယ်ဒီတာကမျှ မသုံးချင်ခဲ့ကြသဖြင့် ယခုတိုင် မြန်မာပရိသတ်တွေ မဖတ်နိုင်ကြသေးချေ။) ထို့နောက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်မြေ နတ်မောက်အပါအဝင် မကွေးတိုင်းနှင့် မန္တလေး၊ စစ်ကိုင်းဘက် ဆက်ထွက် ဖြစ်ခဲ့သည်။ လယ်ဝေးနှင့် အချို့မြို့နယ်များမှာ ဆိုင်ရာမြို့နယ်ငြိမ်ဝပ်ပိပြားရေး ကောင်စီ၏ နှောင့်ယှက်မှုအချို့ ရှိသည့်တိုင် ဟောပြောပွဲအားလုံးလိုလို အေးအေးချမ်းချမ်း ပြီးဆုံးသွားခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်းခရီးစဉ်မှာတော့ ကျောက်မဲ၊ သီပေါလောက်ထိသာသွားသဖြင့် တိုလွန်းလှသော်လည်း ကျွန်မ ၏ဆွေမျိုးသားချင်းများနှင့် ပြန်တွေ့ရသဖြင့် စိတ်ကြည်နူးရသည်။ (ကျွန်မတို့ စတည်းချရာနေရာမှာ ကျွန်မ၏ အမျိုးအိမ် ဖြစ်နေခြင်းကလည်း ကျွန်မကို ပိုပြီးကျေနပ်စေခဲ့ပါသည်။)

## ဦးအောင်ကြီးနှင့် အဖွဲ့ချုပ် လမ်းခွဲ

သည်ခရီးက ပြန်ရောက်ပြီး နောက်နေ့မနက် နိုဝင်ဘာ ၁၄ မှာ ကျွန်မ၏လက်ရာ ပြန်ကြားရေးအဖွဲ့၏ ခရီးအစီရင်ခံစာကို ပေးလိုက်နိုင်သည့် အတွက် ကျွန်မတို့အဖွဲ့က ကျေနပ်ခဲ့ကြသော်လည်း ဦးအောင်ကြီးနှင့်ပတ် သက်သည့် သတင်းတချို့က ကျွန်မတို့ကို အားလျော့စေခဲ့သည်။ ဦးအောင် ကြီးက အဖွဲ့ချုပ်မှာ ကွန်မြူနစ်များ ဝိုင်းရံနေသည်ဟု စွပ်စွဲဖို့ ပြင်ဆင်နေ ကြောင်း ကြားသိလာရသည်။ သို့သော် ပထမဆုံး စည်းရုံးရေးခရီးစဉ်နှင့် ပတ်သက်ပြီး မှတ်တမ်းစာအုပ် ထုတ်ဝေဖို့အတွက် ကျွန်မမှာ အအားမရ တော့။ ခရီးစဉ်မှတ်တမ်းနှင့် မိန့်ခွန်းတွေကို ပြန်ရေးရသည်။ ဓာတ်ပုံတွေကို ပြန်စိစစ်ပြီး စာအုပ်အတွက် ပြင်ဆင်ရသည်။ သည်လိုနှင့် ကျွန်မတို့ ခရီးစဉ် ကိစ္စတွေကို အဓိကလုပ်ကိုင်လာကြရပြီး မှတ်ပုံတင်ကဒ်ကိစ္စတွေနှင့် ဝေးလိုက် လာသည်။ သို့သော် မှတ်ပုံတင်နှင့် ပြန်ကြားရေးမှ လူတွေကတော့ မတွေ့ အတူ။ ပိုလာသည်က ခရီးစဉ်မှာ ပိုရင်းနှီးလာခဲ့သည့် သုံးရောင်ခြယ်အဖွဲ့ ကျွန်မအဖို့တော့ ဝတ္ထုတိုပင် ကောင်းကောင်းမရေးနိုင်တော့ဘဲ အဖွဲ့ချုပ်မှ သတင်းလွှာအပါအဝင် မှတ်တမ်းစာ အုပ်များကိစ္စ၊ အဖွဲ့ချုပ်ရုံး ကျောင်း စကားပြောပွဲ၊ စကားရည်လုပွဲကိစ္စတို့နှင့် အလုပ်ရှုပ်သည်ထက် ရှုပ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုဝင်ဘာ ၂၄ ရက် ဗဟိုလူငယ်လုပ်ငန်းအဖွဲ့ဝင် လူငယ်အုပ်စု စည်းရုံးရေးခရီး မသွားခင်မှာ အစ်မက ဩဝါဒအမှာစကား ပြောခဲ့ပြီး ကဗျာဆရာကြီး ရုဒ်ယာ့ဒ်ကစ်ပလင်း၏ 'အကယ်၍' ကဗျာကို အနက်ဖွင့် ရှင်းပြခဲ့ရာ ကျွန်မမှာ သဘောအကျကြီးကျကာ ကဗျာအဖြစ် ဘာသာပြန်ဖြစ်ခဲ့ သည်။ ကျွန်မ၏ ဘာသာပြန်ကဗျာစာသားတွေကို အစ်မကလည်း သဘောတူသဖြင့် အဖွဲ့ချုပ်ဝင်တွေအတွက် ပုံနှိပ်ထုတ်ဝေဖို့ ပြင်ဆင်ခဲ့ကြသည်။ ကိုယ့်ကိုယ်ကို ဘာသာပြန်သူအဖြစ် ဖော်ပြရန်မဝံ့သေးသဖြင့် အစ်မကပြော သွားသည်ကို ပြန်လည်ရေးသားရပါသည်ဟုသာ ပုံနှိပ်ခဲ့သည်။ ယခုတော့ ထို'အကယ်၍'ကဗျာမှာ အစ်မ၏ လက်ရာအဖြစ် လူသိများနေပြီ ဖြစ်သည်။

နိုဝင်ဘာ ၂၅ မှာ ဦးအောင်ကြီးက အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်နှင့် ဗဟိုဦးစီးအဖွဲ့ဝင်များဖြစ်သော ဦးဝင်းတင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်၊ ဦးမိုးသူ၊ ဦးကိုယု၊ ဦးချမ်းအေး(မောင်စူးစမ်း)၊ ဦးထွန်းတင်၊ ဦးတင်ရွှေ(မုံရွာ ဦးတင်ရွှေ)တို့ကို ကွန်မြူနစ်များဟု အတိအလင်းစွပ်စွဲလာခဲ့ကာ ထိုလူကြီးများ အား အဖွဲ့မှ ထုတ်ပေးရန်ထိ တောင်းဆိုလာခဲ့သည်။ အဖွဲ့ချုပ် အလုပ်အမှု ဆောင်အစည်းအဝေးက ထိုသဘောထားကို ဒီဇင်ဘာ ၃ ရက်နေ့တွင် ပါတီတွင်း မဲခွဲဆုံးဖြတ်မည်ဟု ထုတ်ပြန်သည်။ ကန့်ကွက်မဲ ၂၈ မဲ၊ ထောက်ခံမဲ ၁၃ မဲနှင့် ဦးအောင်ကြီးရှုံးနိမ့်ခဲ့ပြီး ဦးအောင်ကြီးအား အဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့သည်။ သူ့လူများလည်း အဖွဲ့ချုပ်မှ နုတ်ထွက်သွားခဲ့ကာ သူ့ဘက် မှ ကန့်ကွက်မဲပေးခဲ့သူ ဦးကြည်မောင်တစ်ယောက်သာ ကျန်ခဲ့သည်။ သည်မှာ ကျွန်မတို့ အလုပ်ပိုရှုပ်ရ ပြန်သည်။ ထိုနေ့က စွပ်စွဲချက်၊ ဖြေရှင်း ချက်တွေကို တံခါးပိတ်အစည်းအဝေးဖြင့် ကျင်းပခဲ့သော်လည်း ပြည်သူ အားလုံးက စိတ်ဝင်စားနေသဖြင့် ရက်ပိုင်းအတွင်း ပြည့်ပြည့်စုံစုံ ထုတ်ပြန်နိုင် ရန် ထိုအစည်းအဝေးမှတ်တမ်း ကက်ဆက်ခွေကို ကျွန်မက တစ်ညလုံး မိုးအလင်း မှတ်တမ်းပြန်ရေးပြီး နောက်နေ့မှာ လက်နှိပ်စက်စာစီကာ ပုံနှိပ်ဖို့ လုပ်ကြရသည်။ သည်လိုနှင့် ကျွန်မမျှော်လင့်ခဲ့သော မိမိတတ်ကျွမ်းသည့် အတတ်ပညာ၊ အနုပညာဖြင့် လုပ်အားပေးခွင့်ကို အပြည့်အဝရလာခဲ့သည်။ စာမျက်နှာဖွဲ့စည်းသည့် အတတ်ပညာအပါအဝင် သတင်းစာပညာရပ် တစ်စိတ်တစ်ဒေသကိုပါ ဆရာဦးဝင်းတင်နှင့် ဦးမျိုးမြင့်ညိမ်းတို့ထံမှ ဆည်းပူး ခွင့်ရခဲ့သည်။ ဝတ္ထုတိုသမားစစ်စစ်ကနေ ဂျာနယ်လစ်တစ်ပိုင်းဘဝကို မသိ မသာပြောင်းယူခဲ့ရပြီ။ တိုက်တိုက်ဆိုင်ဆိုင် အရေးတော်ပုံမတိုင်မီက ရေးထား



ခဲ့သော ကျွန်မ၏ ဝတ္ထုတိုတစ်ပုဒ်မှာလည်း အောက်တိုဘာလထုတ် ရှုမဝ တွင် ဆုတ်ဖြဲခြင်းခံလိုက်ရသည်။ မီးပျက်သည့်အကြောင်း ပါသွားသဖြင့်ဟု အကြောင်းပြခဲ့သော်လည်း အမည်းရောင်စာရေးဆရာစာရင်းဝင် ဖြစ်နေပြီ သားဟု တွေးမိစပြုလာသည်။

## မွန်ခရီးနှင့် ဒေါ်ခင်ကြည် ရှာပန

ထိုအချိန်က တောင်ကိုရီးယားမှာ သမ္မတချွန်ဒူးဝှမ်၏ အဂတိသတင်း နှင့် ကျောင်းသားသပိတ်ကြောင့် ချွန်ဒူးဝှမ်က ဝန်ခံကာ ရာထူးမှ နုတ်ထွက် သည့်သတင်းတွေ လူသိများလာသည်။ ပါကစ္စတန်မှာ ဘနာဇီယာဘူတို ဝန်ကြီးချုပ် ဖြစ်လာသည့်သတင်းကတော့ ရေပန်းအစားဆုံးသတင်းပင်ဖြစ် တော့သည်။ ပုံနှိပ်မီဒီယာအချို့ ပြန်အသက်ဝင်စမှာ ဘူတိုသတင်းက မျက်နှာ ဖုံးသတင်းဖြစ်လာသည်။ နိုဝင်ဘာ ၃၀ ရက်မှာ စစ်အစိုးရက 'လွှတ်လပ် သောရင်းနှီးမြှုပ်နှံမှုဥပဒေ' ပြဋ္ဌာန်းခဲ့ရာ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ စစ်အစိုးရ နှင့် သံတမန်ရေးဆက်သွယ်မှုများ စတင်ပြုလုပ်လာခဲ့သည်။ သည့်နောက် မှာ မွန်ပြည်နယ်ခရီးစဉ်အတွက် ကျွန်မတို့ ပြင်ဆင်ကြရသည်။

ခရီးစဉ်လမ်းကြောင်းကို ဒေသခံနယ်မြေစည်းရုံးရေးမှူးအချို့နှင့် ဆွေးနွေး နေစဉ်မှာပင် အစ်မအမေ ဒေါ်ခင်ကြည်၏ အခြေအနေမှာ ဆိုးရွားသည်ထက် ဆိုးရွားလာခဲ့သည်။ သို့သော် ခရီးတိုမို့ ကျွန်မတို့ အစီအစဉ်ကို မဖျက်ဖြစ် တော့။ နိုဝင်ဘာ ၁၄ ရက်မှာ စထွက်ပြီး ထွက်စမှာ ပဲခူးတိုင်းနှင့် ရခိုင်ပြည် နယ်ကို စည်းရုံးရေး သွားမည့် ဥက္ကဋ္ဌဦးတင်ဦးတို့အဖွဲ့လည်း ပါလာခဲ့သည်။ သည်ခရီးမှာလည်း လူထုက အုံနှင့်ကျင်းနှင့် အားပေးမြဲ။ သည်ခရီးစဉ်ကို နောက်ကလိုက်လာသည့် ထောက်လှမ်းရေးကားက ပျက်သွားရာ အစ်မက သူတို့ထဲကနှစ်ယောက်ကို ပြန်ကြားရေးကားနှင့် လိုက်ခဲ့ရန် ခေါ်လိုက်သည်။ သည်လိုနှင့် ကျွန်မလည်း ဘုံပျောက်သလောက်ဖြစ်ကာ ဟိုင်းလပ်စ်ကား ခေါင်မိုးပေါ် တက်စီးလိုက်၊ နောက်မှတွယ်စီး လိုက်နှင့် လိုက်ပါခဲ့ရသည်။ သို့သော် အဖွဲ့ချုပ်တံဆိပ်၊ အလံနှင့် ဖွဲ့စည်းပုံစာအုပ်တွေကို လက်မလည် အောင် ရောင်းချနေရသဖြင့် ကျွန်မက သူတို့နှစ်ယောက်ကို ကားပေါ်လိုက် လာမှတော့ ကူညီပေးရမည်ဟုဆိုကာ ငွေသိမ်းခိုင်း၊ ပစ္စည်းထုတ်ပေးခိုင်းနှင့် တန်အောင် ခိုင်းဖြစ်ခဲ့သေးသည်။ သည်လိုခရီးစဉ်တွေမှာ အစ်မက လူ့ဘောင်

www.burmeseclassic.com

www.burmeseclassic.com



သစ်ပါတီက လှုငယ်ခေါင်းဆောင်နှစ်ယောက်ကိုလည်း ခေါ်လေ့ရှိပြီး ပထမ ခရီးစဉ်မှာ ကိုရဲနိုင်အောင်(ကိုဝ)နှင့် ကိုဝင်းမြင့်အောင် ပါလာသလို သည်ခရီးစဉ်မှာ ကိုမိုးဟိန်းနှင့် ကိုမိုးသီးဇွန် ပါလာခဲ့သည်။ မော်လမြိုင်ခရီးမှာ အနောင့်အယှက်နည်းပါးပြီး ဘီလူးကျွန်းမှ ရွာငယ်လေးတွေထဲအထိ ရောက်ဖြစ်သည့်ခရီးဖြစ်သည်။ ရွာလေးတစ်ရွာအလွန် ကားလမ်းပေါ်ကို တအာက်ခေါင်းပေါင်းထားသည့် ဦးကြီးတစ်ယောက် တက်လာကာ 'လယ်သမားတစ်ချက် ကြည့်မယ်ဟေ့'ဟု ဆိုပြီး ကားရပ်နိုင်းကာ အစ်မကို ဘာစကားမှ အထွေအထူးမဆိုဘဲ ခေါင်းတညိတ်ညိတ်နှင့် ကြည့်နေခဲ့သည့် ပုံရိပ်ကလည်း ကျွန်မတို့အတွက် မမေ့နိုင်စရာပါ။

ဒီဇင်ဘာ ၁၈ ရက်မှာ ကျွန်မတို့ ပြန်ရောက်ကြပြီး ထုံးစံအတိုင်း ခရီးစဉ်မှတ်တမ်းစာအုပ်နှင့် ဗီဒီယိုခွေထုတ်ဖို့ ပြင်ကြရပြန်သည်။ ကျွန်မက မှတ်တမ်းသမားမို့ ဗီဒီယိုခွေတည်းဖြတ်ခြင်းကို ကူရသလို နောက်ခံစကားပြောအတွက်လည်း စာသားတွေ ရေးသားပေးရသည်။ သည်ခရီးမှာ အားသာလာသည်က အစ်မပြောသမျှ တွေကို လက်နှင့်လိုက်မှတ်ရုံမက ကက်ဆက်နှင့်ပါ မှတ်တမ်းတင်ဖြစ်ခြင်းပင်။ သည့်အပြင် ခရီးစဉ်တစ်လျှောက်လုံး မော်လမြိုင်က အိမ်မှာပဲ စတည်းချသည့်အတွက် ကျွန်မအဖို့ ဒိုင်ယာရီမှတ်တမ်းကောင်းကောင်းရေးနိုင်သလို နေ့စဉ်ဘုရားဝတ်ပြုသည့်ကိစ္စမှာလည်း ပိုလွယ်ကူခဲ့ခြင်းပင်။ သည်ခရီးအပြီးမှာ ရောဝတီတိုင်းခရီးကို စီစဉ်ဖို့ စောင့်ညှိနှိုင်းနေစဉ်မှာပင် အစ်မအစမ ဒေါ်ခင်ကြည့်အခြေအနေမှာ အဆိုးရွားဆုံး ဖြစ်လာခဲ့သည်။ ဒီဇင်ဘာ ၂၇ မှာ ဒေါ်ခင်ကြည် ကွယ်လွန်သည်။ နဝတအစိုးရက ရှာပနက်ိစ္စကို ကူညီမည်ဆိုကာ အရာရှိအဆင့်စစ်သည်အချို့အား အစ်မနေထိုင်ရာ ၅၄ တက္ကသိုလ် ရိပ်သာလမ်းကို ပို့လိုက်သည်။ ရှာပနက်ိစ္စမှာလည်း၊ အုတ်ဂူဒီဇိုင်း၊၊ ခေါင်းဒီဇိုင်းကိစ္စတွေအတွက် ကျွန်မတို့ ပြန်ကြားရေးနှင့် မှတ်ပုံတင်ကဒ်မှ အနုပညာသမားတွေက အလွန်အလုပ်များကြပြန်သည်။ သည့်နောက်မှာ မှတ်တမ်းကိစ္စ၊ ရှာပနအခမ်းအနား ကျင်းပမည့် ၁၉၈၉ ဇန်နဝါရီလ ၂ ရက်နေ့အတွက် ကြိုတင်ပြင်ဆင်မှုများစွာ။ သည်ကြားမှာ ဆရာဦးတင်မိုး၏ 'သမီးလက်သို့ သပြေခက်'ကို ထုတ်ဝေဖြစ်ခဲ့သည်က အမှတ်တရ။ နောက်ပိုင်းမှာ ကျွန်မတို့ ပြန်ကြားရေးအုပ်စုကြောင့် ဆရာကဗျာများစွာကို 'အမျိုးချုပ်ဝင်များအတွက်သာ ကန့်သတ်'ဆိုပြီး ထုတ်ဝေဖြစ်ခဲ့သည်။ 'အမေ့သား စကားတိုးတိုး ပြောလှည့်ပါ'၊ 'သမိုင်းစာမျက်နှာက



အထိရာများ'၊ 'မိုးမသောက်တဲ့နှစ် များ'တို့ကို လက်ကမ်းစာစောင်များသဖွယ် ထုတ်ဖြစ်သည်။

## ချိုရင့်သော ရက်စက်သော ဧရာဝတီ

ရှာပနက်ိစ္စအပြီးမှာ ဧရာဝတီတိုင်းခရီးစဉ်အတွက် ပြင်ကြရပါပြီ။ ထိုစဉ်က ကျွန်မ၏အသွားမှာ အစာအိမ်သွေးကြောပေါက်သဖြင့် ဆေးရုံတင်ထားရချိန်မို့ ကျွန်မမှာ ဆေးရုံတစ်ဖက်စောင့်ရင်း ရုံးမှာ ပြင်ဆင်ရင်းကနေ သင်္ဘောဆိပ်ကို တန်းဆင်းပြီး ခရီးစဉ်ကို လိုက်ခဲ့ရပါသည်။ သည်ခရီးစဉ်မှာ တိုင်းမှူးဗိုလ်ချုပ်မြင့်အောင်ကြောင့် အခက်အခဲ၊ အနှောင့်အယှက်ပေါင်းအနန္တကို ကြုံခဲ့ရသည့်အတွက် စိတ်လှုပ်ရှားစရာ ကောင်းသလို ကျွန်မတို့ ပြန်ကြားရေးအဖွဲ့၏ လှုပ်ရှားမှုကလည်း ပိုပြီးအကွက်စေ့ ထက်မြက်ခဲ့ကြပါသည်။ ခရီးကို ခါတိုင်းလို ကားနှင့်မစီစဉ်ဘဲ သင်္ဘောနှင့် စီစဉ်ခဲ့ကြပြီး မျက်နှ ဆိပ်ကမ်းမှမစွာမီ ညကတည်းက ပြဿနာတချို့က ရှိနေခဲ့ပါသည်။ ပထမဆုံးဆိုက်ကပ်သည့် ထနီးရွာတွင် ကျွန်မတို့အဖွဲ့၏ 'မြတ်မေတ္တာ' သင်္ဘောပေါ်မှာ ကျွေးမွေးဖို့ ထမင်းအိုး၊ ဟင်းအိုးလာပို့သူတွေကို စစ်တပ်က ဝါးရိုက်နှားရိုက်နှင့် ပြဿနာရှာတာမျိုးကအစ၊ လပွတ္တာမှာ တစ်မြို့လုံးရှိသမျှ ဆော်စပီကာတွေအားလုံးကို ရဲစခန်းမှာ သိမ်းထားတာမျိုး အလယ်၊ ကျုံမငေးမှာ 'ကျည်ထိုး'လို့ အမိန့်ပေးပြီး ချိန်ရွယ်ခံရတာ အဆုံးအဖုံဖုံသော အတွေ့အကြုံတွေကို တွေ့ကြုံပြီး ကျွန်မတို့အုပ်စု ဧရာဝတီတိုင်း မြို့တော်ပုသိမ်ကို ရောက်ခဲ့ပါပြီ။ ထိုစဉ်က ပုသိမ်မှာ နေ့မထွက်ရအမိန့်ထုတ်ထားသည်ဟု ကြားခဲ့ရသဖြင့် လူတွေနှင့် တွေ့ရမည်မဟုတ်ဟု မှန်းထားခဲ့သည့်အတိုင်း မြို့တစ်မြို့လုံး လူတွေရှင်းနေပြီး ကျွန်မတို့ တည်းခိုစရာနေအိမ်ရှိသည့် လမ်းကိုပင် ထိပ်နှစ်ဘက်မှာ ကင်းချပိတ်ထားလိုက်သေးသည်။ စားစရာအတွက် အပြင်ထွက်ရသည်ပင် အဆင်မပြေအောင် ဖန်တီးထားခြင်းပင်။ နောက်နေ့နက် လမ်းထိပ်ထွက်သည့်အခါမှာလည်း နောက်တစ်မျိုးသော ပြဿနာက စောင့်နေပြန်ပါသည်။

ကျွန်မတို့အုပ်စုက လမ်းထိပ်ကိုကျော်ပြီး လမ်းလျှောက်ထွက်မြင်နေသည်ကို တပ်စုတစ်စုက လှံစွပ်တွေအသင့်တပ်ထားသည့် သေနတ်တွေကို ချိန်ရန်အသင့်အနေအထားနှင့် ချိန်ရွယ်ပြီး စောင့်ကြိုလိုက်ကြပါသည်။ သို့

www.burmeseclassic.com



သော် အစ်မက ချိန်ရွယ်ထားသည့်သေနတ်များကြားမှပင် အေးဆေးတည်ငြိမ်စွာ ဖြတ်ကျော်လျှောက်လှမ်းလိုက်သည့်အတွက် ကျွန်မတို့ တစ်အုပ်စုလုံးလည်း သွေးအေးအေးနှင့်ပင် လှံစွပ်များကို ပွတ်သီကာ ဆက်လျှောက်လိုက်ကြပါသည်။ သည့်နောက်မှာတော့ တာဝန်ကျစစ်ဗိုလ်က 'အစ်မ မသွားပါနဲ့၊ အစ်မ မသွားပါနဲ့'ဟု အစ်မကို တောင်းတောင်းပန်ပန် လာပြောတော့သည်။ လမ်းဘေးဝဲယာမှာရှိနေသည့် လူထုအချို့က ကြောင်ကြည့်နေရာမှ 'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ'ဟု စတင်အော်လာကြသည်။ နောက်ဆုံးမှာတော့ ကျွန်မတို့အုပ်စုကို ကားဖြင့်ပင် ဘုရားဘက် သွားခွင့်ပြုလိုက်ရသည်။ သို့သော် ထပ်ကြပ်မကွာ လိုက်လာသည့် စစ်ကားတွေကြောင့် လူထုက အနားသီဖို့ပင် မလွယ်ခဲ့။ သည့်အတွက် တိုင်းမှူးက စိတ်အကြီးအကျယ်ဆိုးကာ ဟိုင်းကြီးကျွန်းဘက်ထွက်မည့် အစီအစဉ်ကို ပျက်အောင် မည်သည့်ရေယာဉ်၊ မော်တော်ယာဉ်မျှ အငှားမလိုက်နိုင်အောင် တားမြစ်ခဲ့ပါသည်။ အစ်မက သို့ဆိုလျှင် ပုသိမ်မှာ သူ လနှင့်ချီကာအခြေချပြီး လမ်းလျှောက်သွားနိုင်မည့် မြို့ရွာတွေကို စည်းရုံးရေးဆင်းမည်ဟု တုံ့ပြန်ခဲ့ရာမှ ဟိုင်းကြီးကျွန်းခရီးစဉ် အထမြောက်သွားခဲ့ရပါသည်။

## ရောဝတီသားတို့ ဖွဲ့

ထိုစဉ်က အနီးအနားမှ ရွာတွေမှာလည်း လှေထွက်ခွင့်မပေးသည့်အပြင် ပုသိမ်ကို လာမည်ဆိုလျှင် ပြဿနာဖြစ်နိုင်သဖြင့် အစ်မကို တွေ့ချင်လွန်းသည့် လူအချို့နှင့် အဖွဲ့မှ တာဝန်ရှိသူအချို့က ရေငုပ်ကာ လာကြရပါသည်။ အဝတ်အစားတွေကို ရေအိုးကြီးတွေထဲမှာ ထည့်ကာ မျှောလာပြီး လူတွေက ကျူရိုးဖြင့် အသက်ရှူကာ ရေအောက်မှာ ငုပ်ပြီးကူးခတ်ကာ ကျွန်မတို့ရှိရာ အရောက်လာခဲ့ကြသည်ကို မြင်တွေ့ရသည်မှာ စိတ်နှလုံးထိခိုက်ရလွန်းလှပါသည်။ ထိုသူတို့၏ မေတ္တာ၊ စေတနာနှင့် ဇွဲတို့က အစ်မအပါအဝင် ကျွန်မတို့အားလုံးကို ခွန်အားရှိစေသလို စာနာသနားဖြစ်စေပါသည်။ ထို့ကြောင့်ပင် အစ်မက မြန်မာပြည်ကလူတွေ ဧရာဝတီတိုင်းက လူတွေမျိုးချည်းဆိုလျှင် ကောင်းမည်ဟုပင် ဆိုဖြစ်ခဲ့ပါသည်။ အာဏာပိုင်တို့၏ နှောင့်ယှက်မှုကတော့ ရှိမြဲပင်။ ဟိုင်းကြီးကျွန်းမှာလည်း အဖွဲ့ချုပ်ရုံးစိုက်ရာအိမ်များအတွင်းမှာသာ အစ်မက ဟောပြောနိုင်ပြီး လူအများကို စကားပြော



ခွင့်ရအောင် အတော်ကြီးကြိုးစားခဲ့ကြရပါသည်။ ဟိုင်းကြီးကအပြန် ပုသိမ်အဝင်မှာတော့ ကျန်နေခဲ့သည့် စည်းရုံးရေးမှူးတော်တော်များများကို ဖမ်းဆီးပြီးဖြစ်သည်။ ထိုစဉ်က အစ်မမှာ အစာမကြေဘဲ ဝမ်းလျှောနေခဲ့သလို ကျွန်မမှာလည်း ငယ်စဉ်ကတည်းက ဖြစ်နေကျ ဓမ္မတာလာစဉ် မနေနိုင်လောက်အောင် နာကျင်ကိုက်ခဲသည့် ဝေဒနာကို ခံစားနေရချိန် ဖြစ်ပါသည်။ သည်လမ်းထဲက သည်အိမ်ထဲမှာပဲ နောက်တစ်ရက် ထပ်ပြီး အချိန်ကုန်မခံနိုင်ဟုတွေးကာ ထိုညက အစီအစဉ်တွေ ဆွဲကြရသည်။

လက်ရှိအခြေအနေကို ရန်ကုန်ရုံးချုပ်သာမက လူထုအချို့ပါ သိနေကြပြီမို့ လူထုထံ သတင်းအမှန်ရောက်ရန် ပိုပြီးအရေးကြီးလာပါသည်။ အစ်မကို ဘီဘီစီမြန်မာပိုင်းအစီအစဉ်မှ အင်တာဗျူးရန် စီစဉ်ခဲ့ကြရသလို ရန်ကုန်ရုံးချုပ်မှာ နေ့စဉ်သတင်းလွှာထုတ်ဝေနိုင်ရန် ကြံကြရသည်။ အစီအစဉ်အရ ရန်ကုန်ရုံးချုပ်မှ တစ်နေ့တစ်ယောက်အားဖြင့် ကျွန်မတို့အုပ်စု ညအိပ်ရင်နားမည့် မြို့ရွာတိုင်းကို အရောက်လာကာ ညပိုင်းမှာ ကျွန်မက အသင့်ရေးပေးမည့် တစ်နေ့တာဖြစ်စဉ်သတင်းလွှာကို ယူဆောင်၊ နောက်နေ့မနက် ရန်ကုန်အရောက်ပြန်ပြီး ကျန်ရစ်သည့် ပြန်ကြားရေးအဖွဲ့မှ ညနေသတင်းလွှာတစ်စောင် နေ့စဉ်ထုတ်ဝေသွားရန် ဖြစ်သည်။ ထိုစဉ်က အီးမေးလ်၊ အင်တာနက်ဆိုထားနှင့် လက်ကိုင်ဖုန်းလည်း မရှိ။ လိုင်းဖုန်းတွေမှာ သူတို့ဖြတ်တောက်ထားသဖြင့် သုံးမရလောက်နီးနီးဖြစ်နေပြီမို့ ကျွန်မတို့မှာ ရှေးခေတ်နည်းအတိုင်း ဆက်သားနှင့် သတင်းပို့ဖို့ ကြံခဲ့ကြရပါသည်။ သည်လိုအနေအထားမရောက်မီ စောစောပိုင်းကတည်းက လော်စပီကာတွေ ဖမ်းထားသည့် လပွတ္တာမှာ အက်ဖ်အမ်မိုက်ခရိုဖုန်းနှင့် လှိုင်းတိုရေဒီယိုကို အသုံးပြုကာ ကျွန်မတို့၏ 'မြတ်မေတ္တာ'သင်္ဘောပေါ်မှ ပါလာသည့် ဆောင်းဘောက်စ်တွေကတစ်ဆင့် အစ်မ၏အသံကို ပြန်လွှင့်နိုင်အောင် ကြိုးစားခဲ့ကြပြီးဖြစ်ရာ ကျွန်မတို့ ပြန်ကြားရေးအုပ်စုအဖို့ လက်တွေ့မီဒီယာသင်ခန်းစာကို ကျေလည်ပြီးရင်း ကျေလည်ရင်း ဖြစ်ခဲ့ကြပါသည်။

## တစ်ကျော့ပြန်ပုသိမ်

ဟိုင်းကြီးက ပြန်ရောက်ပြီး နောက်နေ့မှာတော့ ညနေစောင်းကျောင်းဆင်းရုံးဆင်းချိန်မှာ အစ်မ၏ စိတ်ကူးနှင့် အစီအစဉ်အတိုင်း ကျွန်မတို့အားလုံးက အသင့်စုဆောင်းထားသည့် စက်ဘီးတွေကို ထုတ်စီးကာ မြို့လယ်ဈေးကို

www.burmeseclassic.com

www.burmeseclassic.com



ပတ်တော့သည်။ အစ်မ၏စက်ဘီး စထွက်ထွက်ချင်းမှာ ဘာမှမရိပ်မိသေးသည့် တာဝန်ကျတပ်စုက ကျွန်မတို့အားလုံးလိုလို စက်ဘီးကိုယ်စီနှင့် နောက်ကလိုက်ထွက်တော့မှ နောက်ကနေ ကားနှင့်လိုက်ဖို့ပြင်သည်။ သို့သော် အလျှိုအလျှိုပေါ်လာသည့် လူထုတို့၏ စက်ဘီးများစွာကို ထိုးဖောက်၍မရနိုင်တော့။ ထိုနေ့ညနေက ပုသိမ်လမ်းမတွေမှာ စက်ဘီးတွေ လျှံသွားသည်။ နောက်နေ့ညနေမှာတော့ ထုံးစံအတိုင်း ဟိုင်းလပ်စ်အမိုးဖွင့်ပေါ်မှာ အစ်မက မတ်တပ်လိုက်ပါရင်း ပုသိမ်တစ်ပတ်ပတ်ကာ လူထုကို စကားပြောနှုတ်ဆက်ဖြစ်သည်။ ပုသိမ်အခြေအနေက ပွင့်ထွက်သွားပြီမို့ အဖမ်းအဆီးကြမ်းတော့မည့် အနေအထားလည်းရှိကာ ကျွန်မတို့လည်း သည်မှာကြာနေပြီမို့ နောက်နေ့မနက်မိုးလင်းသည်နှင့် ပုသိမ်က ခွာခဲ့ကြသည်။

ကျွန်မတို့ ကားတန်းနောက်မှာ မီးသတ်ကားတစ်စီးဖြင့် လမ်းကိုရေလိုက်ဖြန်းခဲ့သည်။ အမှန်တော့ သည်လိုစိတ်ကူးက တိုင်းမှူး၏ အယူသီးမှုကို သက်သေခံသည်။ သဘောက မကောင်းဆိုးဝါးလာပြီးသွားလျှင် သူ့အငွေ့အသက် မကျန်ရစ်အောင် ရေဖြင့်ဆေးကြောလိုက်သည့် သဘောမျိုးဖြစ်သည်။ ကျွန်မတို့အဖွဲ့တွေက သူတို့အတွက် မကောင်းဆိုးဝါးဟု ခံယူပုံရသည်။ နောက်ပိုင်း ဧရာဝတီတိုင်းက ထွက်ကာ ပဲခူးတိုင်းဘက် ရောက်ခဲ့သည့်တိုင် အနှောင့်အယှက်တွေက မပြီးနိုင်သော်လည်း ဆက်သွားအစီအစဉ်ကလည်း အသားကျနေပြီမို့ ရန်ကုန်လူထုသာမက နိုင်ငံအဝန်းကပါ သည်ခရီးကို သည်းထိတ်ရင်ဖိုဇာတ်ကားတစ်ကားကို စောင့်ကြည့်သလို စောင့်ကြည့်အားပေးခဲ့ကြသည်။ ကျွန်မအတွက်လည်း သည်ခရီးစဉ်မှာ မီဒီယာသမားတစ်ယောက်အဖြစ် အတွေ့အကြုံတွေ စုံခဲ့သည်ဟု ဆိုရမည်။ စိတ်ရှုပ်စရာ၊ ဒေါသဖြစ်စရာကောင်းသလို ရင်ခုန်စရာ၊ ကျေနပ်စရာကောင်းသည့် အတွေ့အကြုံကို သည်ခရီးက အပြည့်အဝ ပေးစွမ်းနိုင်ခဲ့သည်။ ပြန်ရောက်တော့လည်း ခါတိုင်းခရီးတွေကို အတော်ကြီး တည်းဖြတ်ပြီးမှ ဗီဒီယိုမှတ်တမ်းခွေ ထုတ်ခဲ့သော်လည်း ဧရာဝတီခရီးကိုဖြင့် အတတ်နိုင်ဆုံး မဖြတ်မတောက်ဘဲ အမြန်ဆုံးဖြန့်ချိနိုင်အောင် မအိပ်မနေ ကြိုးစားကြရပြန်သည်။ သည်ခရီးမှတ်တမ်းဗီဒီယိုအတွက် နောက်ခံစကားပြောစာသားကို ရေးခဲ့ရတာရော၊ အချိတ်အဆက်ကောင်းအောင် တည်းဖြတ်ရတာရော ကျွန်မသဘောအကျဆုံး အလုပ်များ ဖြစ်ခဲ့ပြန်ပါသည်။



## မနောတမ်း၊ ရှမ်း ကယား သွားမည်

ဧရာဝတီက ပြန်ရောက်ပြီး မကြာမီ ဖေဖော်ဝါရီလ ၂၈ မှာ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ရန်နိုင် ကွယ်လွန်သွားခဲ့သည်။ ထို့နောက် တနင်္သာရီတိုင်းခရီးစဉ်က စောင့်နေသည်။ ဧရာဝတီ၏ နောက်ဆက် တွဲတာဝန်များကြောင့် သည်ခရီးကိုတော့ ကျွန်မတို့ ပြန်ကြားရေးက လိုက်နေကျသူများမဟုတ်သည့်သူတွေကို တာဝန်ပေးထည့်လိုက်ခဲ့ကြသည်။ အမှန်တော့ တနင်္သာရီကအပြန်မှာ ရှမ်း၊ ကယားခရီးစဉ်က စောင့်နေသည်မို့လည်း ခုလို အလှည့်နှင့်လိုက်ကြမှ ရန်ကုန်ရုံးက အလုပ်တွေကို နိုင်နိုင်နင်းနင်းလုပ်နိုင်မှာဖြစ်သည်။ ဖေဖော်ဝါရီလဆန်းမှာ ပြည်ထောင်စုနေ့အမီ ပင်လုံကို အရောက်သွားကြမည်ဟု ဆုံးဖြတ်သဖြင့် စီစဉ်ချိန်က မရှိလှ။ ဧရာဝတီမှတ်တမ်းစာအုပ် ထုတ်ဖို့ပင် မလွယ်။ ရှမ်း-ကယားခရီးစဉ်က ဧရာဝတီခရီးနှင့်ယှဉ်လျှင် အတော်ကြီးအေးချမ်းလှသည်။ သည်ရှမ်းပြည်ခရီးက တောင်ပိုင်းခရီးဖြစ်ပြီး ကယားပြည်နယ်ခရီးစဉ်ကတော့ ပိုပြီးအမှတ်တရဖြစ်သည်။ လုံးဝမရောက်ဖူးသေးသည့် ဒေသဖြစ်သလို ကွဲပြားသည့်ယဉ်ကျေးမှုက ကျွန်မကို ကောင်းကောင်းဖမ်းစားခဲ့သည်။ သို့သော် တိုင်းရင်းသားအရေးတွေ ပြောရဆိုရမို့ အစ်မအဖို့တော့ သတိထားရသည့်ခရီးပင်။

ရာသီဥတုအေးချိန်မှာမှ သည်လိုဒေသတွေကို ခရီးထွက်ရသည့်အတွက် ကျွန်မ၏ ကျန်းမာရေးကလည်း ဖောက်ဖောက်လာသည်။ အေးလွန်းလျှင် ဖြစ်တတ်သည့် Allergic အလားဂျစ်ခေါ် အဖုအပိန့်တွေထွက်ပြီး ယားယံလာတတ်သည့် တုံ့ပြန်မှုလွန်ကဲသည့် ပြဿနာက ခရီးတစ်လျှောက်လုံးမှာ ဒုက္ခပေးသည်။ ဆေးမှူးခေါ်လာပြီး ဆေးမှူးကို ဝိုင်းဂရုစိုက်နေရသလိုဖြစ်သွားလောက်အောင် ကျွန်မ ကျန်းမာရေးချူချာခဲ့သည်။ သည်ခရီးစဉ်အစမှာပင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ကိုမိုးသီးဇွန်၏ 'အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် သုံးသပ်ချက်' စာတမ်းထွက်လာခဲ့ပြီး အစ်မကို အတော်လေးဝေဖန်ထားခဲ့သည်။ ထိုစဉ်က အိန္ဒိယမှာလည်း ဘာသာရေးခေါင်းဆောင် အယာတိုလာခိုမေနီက စာရေးဆရာ ဆယ်လ်မွန်ရပ်ရှ်ဒီ၏ ဝတ္ထုဖြစ်သည့် 'စေတန်ကဗျာများ' ကို ဘာသာရေးစော်ကားမှုအဖြစ် သတ်မှတ်ကာ အစ္စလာမ်တွေက သူ့ကို အပြတ်ရှင်းရန် ကြေညာခဲ့သည့်အတွက် အရှေ့အလယ်ပိုင်းမှာလည်း ကယောင်အရေးက

www.burmeseclassic.com



မအေးချိန်ဖြစ်သည်။ ကျွန်မအတွက်တော့ အဖွဲ့က ထုတ်သမျှ မှတ်တမ်းလွှာ၊ သတင်းစဉ်နှင့် ဗီဒီယိုနောက်ခံစကား၊ တည်းဖြတ်မှုတွေကြားမှာ ရှုပ်ပွပြီး ကလေးကို ကိုယ့်ဘာသာ အမှောင်ချထားမိသလို ဖြစ်ခဲ့သည့်ကာလများပင်။

## မအောင်မြင်သော ကချင်ခရီး

မတ် ၁၃ ရက်မှာတော့ မနှစ်က ကျဆုံးသွားသည့် ကိုဘုန်းမော်တို့ ကျောင်းသားများအတွက် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်စက်မှု တက္ကသိုလ်ဝင်းထဲမှာ ကျင်းပရာ အစ်မ၊ ဦးတင်ဦးနှင့်အတူ တစ်ရုံးလုံးလိုလို သွားဖြစ်ခဲ့ကြသည်။ သည်အစည်းအဝေးမှာ 'သတ္တိဆိုတာ လက်ထဲမှာ လက်နက်ကိုင်ပြီး ကိုယ်လုပ်ချင်တာ လုပ်ရဲတာကို ခေါ်တာမဟုတ်ဘူး။ သတ္တိဆိုတာ လက်ထဲမှာ လက်နက်မရှိဘဲ ကိုယ်လုပ်ချင်တာ လုပ်ရဲတာကို ခေါ်တယ်'ဟု အနက်ရသည့် အစ်မ၏ အတိုဆုံးသောမိန့်ခွန်းကို ပရိသတ်က အားပါးတရ ထောက်ခံခဲ့ကြသည်။ သည့်နောက်မှာတော့ ကချင်ပြည်နယ်ခရီးစဉ်အတွက် ပြင်ဆင်ကြရပြန်သည်။ အစ်မနှင့် အချို့ကို လေယာဉ်နှင့်စီစဉ်ပြီး ပြန်ကြားရေးနှင့် လုံခြုံရေးသမားတွေကတော့ ရထားဖြင့် သွားနှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျွန်မက ရထားအုပ်စုနှင့် လိုက်သွားဖြစ်ခဲ့ပြီး ကျွန်မတို့ မြစ်ကြီးနားကိုရောက်ပြီး နောက်နေ့မှာ ရန်ကုန်ရုံးချုပ်မှာ ပြဿနာဖြစ်နေကြောင်း သတင်းတချို့ရလာသည်။ မတ်လ ၂၇ ရက်ဖြစ်ပြီး ရန်ကုန်လုံခြုံရေး တင်းကျပ်ချိန်မို့ အစ်မထွက်လာဖို့မလွယ်ဟု မှန်းခဲ့ကြသည်။ ထင်သည့်အတိုင်း နောက်နေ့ လေယာဉ်ကွင်းမှာ သွားကြိုကြတော့ မည်သူမှ ပါမလာ။ ရန်ကုန်၊ မန္တလေးကိုလည်း ဖုန်းခေါ်လို့ပင် မရတော့။

သည်လိုနှင့် တစ်အုပ်စုလုံး အမြန်ဆုံး ရန်ကုန်ပြန်ဖို့ ဆုံးဖြတ်ကြသည်။ မနက်ဖြန်မနက်ရထားနှင့် မန္တလေးဆင်းပြီး ညနေရထားနှင့် ရန်ကုန်ဆက်ဆင်းကြမည်။ ဖြစ်ချင်တော့ ထိုနေ့ညနေက ချောင်းဆိုးနေသည့် ကျွန်မက ကိုယ့်ဘာသာ ပင်နယ်ဆလင် (Penicillin)မတည့်သည်ကို မသိဘဲ အမ်ပယ်ဆလင် (Ampicillin)တွေ သောက်ထားပြီး ဝမ်းလျှောနေချိန် ဧရာဝတီမြစ်ဆိပ်မှာ ရေဆင်းချိုးခိုက် သတိလစ်မေ့မြောသွားခဲ့သည်။ ထိုညက ဆေးတွေထိုး၊ သောက်ကာ နားခဲ့သော်လည်း အခါမဟုတ်ရွာသောမိုးက မိုးသီးကြီးတွေ ကြွေကျခဲ့သည်အထိ သည်းထန်ခဲ့သည်မို့ ကောင်းကောင်းမအိပ်နိုင်ဘဲ



နောက်သုံးနာရီမှာ ဘူတာဆင်းခဲ့ကြရသည်။ အရေးထဲ မြစ်ကြီးနား-မန္တလေး ရထားလက်မှတ်က လုံးဝမလွယ်။ နောက်ဆုံး ထိုင်ခုံနှင့် လက်မှတ်နှစ်စောင် ရလျှင်ပင် ဖြစ်သည်ဟု မနည်းတောင်းယန်ကာ ရထားပေါ်တက်ခဲ့ကြရသည်။

ဖြစ်ချင်ပြန်တော့ ရထားက နဘားနှင့် ဆားမော်ကြားမှာ တွဲချော်မှု တစ်ခုကြောင့် ဆက်ထွက်မရဘဲ တစ်ညအိပ်လိုက်ရသည်။ သည်လိုခေါင်သည့်နေရာမှာ စားစရာလည်း ဘာမှမရှိ၊ ရှိသမျှကလည်း ကျွန်မကို ကျွေးဖို့ မသင့်တော်။ ကျွန်မအခြေအနေကလည်း အတော်ကြီးမကောင်းလှ၊ သွေးပေါင်ချိန် အကျကြီးကျကာ လှုပ်လျှင်ပင် မောနေသည်။ အနီးအနားက ရွာထဲမှ သူနာပြုဆရာမ သွားရှာကြသည့်အခါမှာလည်း မြို့တက်ပြီး လခသွားထုတ်ရာက အပြန်မှာ သူလည်း ပိတ်မိနေချိန်။ မတ်လနေက ပြင်းလှသည့်အတွက် တွဲထဲမှာ မနေနိုင်ဘဲ ရထားသံလမ်းပေါ် ခေါင်းအုံးကာ တွဲအရိပ်ကိုခိုပြီး ကျွန်မက မှိန်းနေရသည်။ ကျွန်မတို့ ပြန်ကြားရေးအဖွဲ့ကတော့ ထမင်းတောင် ကောင်းကောင်းရှာမရသည့် ထိုနေရာမှာ သည့်ထက်သွေးပေါင်ချိန် ကျလာကာ ကျွန်မများ တိမ်းပါးသွားခဲ့လျှင်ဆိုသည်အထိ ပူပန်နေခဲ့ကြသည်။ နောက်ဆုံးမှာတော့ နဘားက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ရှာတွေ့သွားကြပြီး ကျွန်မအတွက် ကြက်ဥပြုတ်ကြော်နှင့် ထမင်းတစ်ယန်းကန်ကို ရှာလာနိုင်ခဲ့သည်။ ရထားရပ်နားခဲ့သည့်အတွက် လေးဆယ့်ရှစ်နာရီကြာမြင့်ခဲ့သော ထိုခရီးမှာ ထိုထမင်းက ကျွန်မအသက်ကို ကယ်သွားခဲ့ပါသည်။ မန္တလေးကို မနက်ငါးနာရီ မှာရောက်ပြီး ညနေလေးနာရီ ထွက်မည့်ရထားနှင့် ရန်ကုန်ဆင်းဖို့ စီစဉ်တော့ ဘူတာမှာပဲ လက်မှတ်တန်းစီကြရပြန်သည်။ ထိုင်ခုံကို ပျဉ်းမနားထိသာရကာ ဟိုဘက်မှာ ထိုင်ခုံမဲ့အဖြစ် လိုက်ကြရမည်။ ဘာကြီးဖြစ်ဖြစ် ရန်ကုန်ကို အမြန်ရောက်အောင် လုပ်ရတော့သည်။ ပါလာသည့် ထင်းရှူးသေတ္တာလေးပေါ်မှာ တစ်ဦးတည်းသော လူမမာ ကျွန်မက ထိုင်ဖို့ ခွဲတမ်းချကာ ရထားပေါ်တက်ခဲ့ကြရသည်။

ရန်ကုန်ပြန်ရောက်တော့ ကျွန်မ၏ ကိုယ်အလေးချိန်က ပေါင်ရှစ်ဆယ်သာသာပဲ ကျန်တော့သည်။ ဖေဖေနှင့် မေမေက ကျွန်မကို နောက်နောင် ဘယ်ခရီးစဉ်ကိုမှ မလိုက်ပါနှင့်တော့ဟု ယတိပြတ်ဆိုလေပြီ။ သည်လိုနှင့် အစ်မက ညောင်တုန်းခရီးတိုလေးကို ဧပြီလဆန်းမှာ သွားတော့ ကျွန်မ မလိုက်ဖြစ်ခဲ့။ နောက်တစ်ကြောင်းကတော့ သံချပ်ကိစ္စပင်။ မြစ်ကြီးနားက ပြန်ရောက်ပြီး တခြားအကြောင်းတွေပြောရင်း အစ်မက ကျွန်မကို ရုံးတွင်း

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ပြိုင်ပွဲလေး လုပ်ရလျှင် ကောင်းမည်၊ သူ့ခြံမြက်ခင်းမှာ လုပ်ရအောင်ဟု စကားစရာမှ ကျွန်မက မြို့နယ်အသီးသီးကို စာပို့ကာ ရုံးရှေ့မှာ စင်ထိုးပြီး လုပ်မည်ဟု ပြောဖြစ်လိုက်သည်။ အားလုံးက သဘောတူကြကာ အဖွဲ့ချုပ် မြို့နယ်များအတွက် အကြောင်းကြားသလို ရုံးချုပ်ကိုယ်စားပြု သံချပ်အဖွဲ့လေး လုပ်ချင်စိတ်ကြောင့် ပြန်ကြားရေးနှင့် မှတ်ပုံတင်သမားတွေ ဗျာများကြရပြန်သည်။ နောက်ဆုံးမှာ သံချပ်ဆရာ ဗေလုဝနှင့် ကုသိုလ်က ကူညီကာ အဖွဲ့သားတွေ သံချပ်တိုက်ကြပြီ။ ရုံးဝင်းထဲမှာ မဏ္ဍပ်ထိုးဖို့ကို မြို့နယ်အတွေ့ တွေ့အုပ်ချုပ်ရေးမှူးရုံးမှာ စာတင်တော့ တာဝန်ခံမည့်သူ ခုနစ်ယောက်က လက်မှတ်ထိုးရမည်ဟု ဖြစ်လာပြန်သည်။ ကျွန်မတို့ ပြန်ကြားရေးတွေ ပျော့်ပျော်ကြီး လက်မှတ်ထိုးလိုက်ကြသည်။ အားလုံးအဆင်သင့်ဖြစ်သည့်နေ့ မနက်မှာ အစ်မက ညောင်တုန်းမှ ပြဿနာတွေနှင့် ပြန်ရောက်လာသည်။ အစ်မကို ချိန်ထားပြီးကာမှ မပစ်လိုက်ရသည့် စိတ်ဆိုးသည့် စစ်ဗိုလ်နှင့်တွေ့ လာပြီး ရောက်ရောက်ချင်း သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စီစဉ်ပေးကြရသည်။ သို့သော် အစ်မတို့ကားတန်းက အိမ်အပြန်မှာ အဖွဲ့ချုပ်အလံကို လွှင့်ထူလာခဲ့သည်ဟုဆိုကာ လုံခြုံရေးအဖွဲ့ဝင်တချို့နှင့် ကားပေါ်က အုပ်စုကို ဖမ်းထားလိုက်ကြသည်။ သို့နှင့် အစ်မလည်း စိတ်တိုကာ တက္ကသိုလ်ရိပ်သာလမ်း ထိပ်မှာ ထိုအဖွဲ့နှင့် ရှင်းကြရပြန်သည်။ ပြီးမှ အရေးပေါ်သတင်းစာရှင်းလင်း ပွဲကို လုပ်နိုင်ခဲ့သည်။ ထို့နောက်မှာတော့ ကျွန်မတို့၏ ပြန်ကြားရေးလုပ် ဆောင်ချက်များတွင် အထင်ကရ အဖြစ်ဆုံးသော သင်္ကြန်သံချပ်ပွဲကို ကျင်းပ နိုင်ခဲ့သည်။

## တစ်သက်မှာ တစ်ခါသာ ဆင်နွှဲနိုင်ခဲ့တဲ့ အဖွဲ့ချုပ်သင်္ကြန်

အဖွဲ့ချုပ်မှာ ကျင်းပသော သံချပ်ပြိုင်ပွဲမှာ တတ်သိပညာရှင်မှ လူကြီး အချို့ကို အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်စေသည်။ ပရိသတ်အကြိုက်ဆုံး ဆုကိုတော့ လက်ခုပ်သံအများဆုံးရသည့်အဖွဲ့ကို ပေးဖို့ ဆုံးဖြတ်ကြသည်။ ထိုစဉ်က ရုံးရှေ့မှာ လူအုပ်က တစ်နေ့ကုန် လျော့သွားသည်မရှိဘဲ များသည် ထက် များလာခဲ့သကဲ့သို့ ပရိသတ်ထဲမှ သံချပ်အဖွဲ့များကို ဆုကြေးငွေတွေ ပေးတာလည်း မနည်းမနောပါ။ ဆုကြေးတွေကို ကြေညာပေးဖို့၊ အမှတ် ပေါင်းတွေကို ပြင်ဆင်ဖို့၊ နေပူပူမှာ အဝေးက လာကြရသည့်အတွက်



ဝင်ပန်းနွမ်းလျကာ နေထိုင်မကောင်းသည့် မြို့နယ်အသီးသီးမှ သံချပ်အဖွဲ့ဝင် တွေကို ဆေးကုပေးဖို့ စသဖြင့် ကျွန်မမှာ ဗျာများနေခဲ့သည်။ သည်ပွဲမျိုးက လည်း နောက်တစ်ပွဲထပ်မရှိနိုင်သည့်ပွဲ ဖြစ်လေသည်။ သံချပ်တွေ အားလုံး က အနုပညာလည်း မြောက်၊ တော်လှန်ရေးသဘောလည်း ပါ၊ သံချပ်လည်း ဗိသမို့ အားပေးသည့် ပရိသတ်က တက္ကသိုလ် ရိပ်သာလမ်းမကြီးအပြည့်။ မဏ္ဍပ်က လမ်းမပေါ် တက်ထိုး၍မရ သောကြောင့် ရုံးချုပ်အဆောက်အဦ ရှေ့က ခြံဝင်းထဲမှာပင် အိမ်ကို ကျောပေးပြီး ထိုးထားရသဖြင့် ကျဉ်းပြီး အဝေးကကြည့်ရတာ ခက်ခဲသည်။ သို့သော် လူတွေက သည်းခံပြီး နားထောင်ကြသည်။ ထိုအချိန်က မြို့တော်ဝန်က သန့်ရှင်းရေးအတွက် 'ဒါသင့်မြို့တော်' ဆိုပြီး ဆိုင်းဘုတ်တွေထောင်ကာ သတိပေးနေချိန်။ ထို အချက်ကို သံချပ်အဖွဲ့က 'ဒါသင့်မြို့တော်၊ ဒါတွေ သင့်နေတဲ့မြို့တော်၊ ဒါသင့် မြို့တော်တဲ့ဟေ့'ဟု လက်မနှင့် လက်ညှိုးကို သေနတ်ပုံလုပ်ပြီး ဗျည်သင့်ပုံလုပ်ပြကာ နိမိတ်ဆောင်ပြက်လုံးတွေ ထုတ်သည်။ အလှပိုင်းမှာ ငွေကြေးအခက်အခဲကြောင့် ဝတ်စုံအပြင်အဆင် အားနည်းကြသော်လည်း အကပိုင်း၊ သံချပ်ပိုင်း၊ ဟာသပိုင်းမှာ အားကောင်းလှသည်။ သင်္ကြန်နှင့် သံချပ်ကို အကောင်းဆုံးတွဲဘက်နိုင်ခဲ့သည့် ပွဲဖြစ်ခဲ့သည်။ သင်္ကြန်အပြီး ခြေးမုံသတင်းစာဆောင်းပါးတစ်ပုဒ်မှာ အဖွဲ့ချုပ်သံချပ်နှင့်ပတ်သက်ပြီး ဆယန်အပုပ်ချမှုများ ပါလာသည်အထိ ကျွန်မတို့ သံချပ်ပြိုင်ပွဲက လူထုရင်ထဲ မှ ခံစားချက်များကို ကိုယ်စားပြုနိုင်ခဲ့သည်။ နောက်ပိုင်းမှာ မြို့နယ်တော်တော် များများမှ သံချပ်အဖွဲ့သား သုံးဆယ်လောက်အထိ အဖမ်းခံခဲ့ကြရသော်လည်း လက်မှတ်ထိုး တာဝန်ခံခဲ့သည့် ကျွန်မတို့ ခုနစ်ယောက်ကတော့ ဘာမှမဖြစ်ခဲ့ ကြပေ။

သင်္ကြန်အပြီးမှာ တရုတ်ပြည်မှာလည်း ကျောင်းသားတွေက ဒီမို ကရေစီရေးအတွက် ဆန္ဒပြတောင်းဆိုမှုကို စတင်နေကြပြီဟု သိခဲ့ကြရသည်။ နာမည်ကျော်တီယန်မင်ရင်ပြင် ဆန္ဒပြမှု စတင်တော့ ဧပြီ ၂၁။ ပြီးခဲ့သည့် လက မကျေပွဲအဖြစ် အစ်မက ကချင်ခရီးစဉ်ကို ဧပြီ ၂၄ မှာ ပြန်ထွက်သွား ခဲ့သည်။ သင်္ကြန်သံချပ်ခွေကိစ္စ၊ စာရင်းအင်းကိစ္စများနှင့် ကျွန်မ ထိုခရီးကို မလိုက်နိုင်တော့။ ထို့နောက် ဥရောပမှာ သံကန့်လန့်ကာ ပြိုသွားခဲ့သည်။ ဟန်ဂေရီနှင့် ဩစတြီးယားကြားက မိုင် ၁၅၀ အရှည်ရှိ သံဆူးကြိုးတံတိုင်းကြီး ပြိုသွားပြီ။ သို့သော် အာရှတရုတ်မှာတော့ ဆန္ဒပြသူတွေကို တီယန်မင်ရင်ပြင်

www.burmeseclassic.com



မှာ ဝန်ကြီးချုပ်ကျောက်ကိုယန်က သွားတွေ့ပြီး နောက်နေ့ မေလ ၂၀ ရက်မှာ ပေကျင်း၌ မာရှယ်လောအမိန့် ထုတ်ပြန်လိုက်သည်။ ကျောင်းသားတွေက မေ ၃၀ တွင် ဒီမိုက်ရေစီနတ်သမီးရုပ်တုကို တီယန်မင်ရင်ပြင်မှာ စိုက်ထူလိုက်သည့်နေ့မှာ မြန်မာပြည်မှာ ရွေးကောက်ပွဲဥပဒေ ထွက်လာသည်။ ဇွန် ၄ ရက်မှာ တီယန်မင်ရင်ပြင် သွေးစွန်းခဲ့ပြီး ဆန္ဒပြကျောင်းသားများ သေဆုံးဖမ်းဆီးခံကြရသည်။ ထိုနေ့က ဥရောပပိုလန်မှာ အတိုက်အခံအဖွဲ့က ရွေးကောက်ပွဲအနိုင်ရခဲ့သည်။ ကမ္ဘာကြီးသည် တပွက်ပွက် ပွက်နေသောဒယ်အိုးတစ်ခုနှင့် တူလာသည်။ ကျွန်မကတော့ ဘုရားဝတ်ပြု မပျက်သည့်အလုပ်ကလွဲလျှင် ကျောင်းစာတွေရေး၊ ဝတ္ထုတိုကိုပါ မသိကျိုးကျွံပြုဖြစ်ခဲ့သည်။

## ဆရာဦးဝင်းတင်ကို ဖမ်းပြီ

သို့သော် ဖေဖော်ဝါရီလက ရှမ်းခရီးမှာ သွားဖြစ်ခဲ့သည့် မိဘမဲ့ကလေးကျောင်းတစ်ခုနှင့်ပတ်သက်ပြီး ခံစားရေးဖွဲ့ဖြစ်သည့် 'ဆူးဒဏ်မဲ့ရွက်သစ်များဝေပါစေသား' ဝတ္ထုတိုသည် ဦးမျိုးမြင့်ညိမ်းက အချိန်အားခိုက်မှာ လုပ်နေသော 'ရုပ်ရှင်အမြုတေ' မဂ္ဂဇင်း ဇွန်လထုတ်မှာ ပါလာသည်။ သည်ဝတ္ထုမှာ အစ်မကလည်း 'အစ်မ' ဆိုသည့် ဇာတ်ကောင်ဖြစ်နေသကဲ့သို့ သည်ဇွန်လမှာ အစ်မ၏မွေးနေ့ကလည်း ရှိနေရာ ကျွန်မက ထိုဝတ္ထုပါသည့် မဂ္ဂဇင်းကို အစ်မအား မွေးနေ့လက်ဆောင်ပေးဖြစ်သည်။ ထိုဝတ္ထုသရုပ်ဖော်ပုံမှာ ကျွန်မတို့၏ ပန်းချီဆရာ ကိုမျိုးမြင့်က ဆွဲပေးထားပြီး အစ်မကို မျက်မှန်တပ်ထားသည့်ပုံ ရေးပေးထားသည်။ သည်ဇွန်လထဲမှာ ပြန်ကြားရေးနှင့် သာသနာရေး ဝန်ကြီးဌာနက ပုံနှိပ်ထုတ်ဝေရေးနှင့်ပတ်သက်သည့် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ကျွန်မတို့အဖွဲ့ချုပ်က 'အဖွဲ့ဝင်များအတွက်သာ ကန့်သတ်' ဟု ရိုက်နှိပ်ထုတ်ဝေနေသော စာရွက်စာတမ်းထုတ်ဝေခြင်းကို ကန့်သတ်ရန် ကြိုးစားလာခဲ့သည်။ မူလတန်းကျောင်းတွေ ပြန်ဖွင့်ပေးလိုက်သည်။

ဇွန် ၂၁ မှာ မနစ်က မြေမီးကုန်းအရေးအခင်းနှစ်ပတ်လည်အဖြစ် အခမ်းအနားကျင်းပရာ အစ်မက ပန်းခွေသွားချသည်။ ရန်ရင်းဆန်ခတ်ဖြစ်သည်ဟုဆိုကာ သေနတ်ဖြင့် လူစုခွဲရာမှ ယခင်မဆလ ပါတီကို ပြောင်းလဲဖွဲ့စည်းထားသော တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီ(တစည)ပါတီဝင်



တစ်ဦး ကွယ်လွန်သွားခဲ့သည်။ နယ်စပ်ကို ရှောင်ပြေးသွားသော ကျောင်းသားတွေပြန်လာလျှင် အရေးမယူဟုကြေညာသလို ပြန်လာသည့်ကျောင်းသားစာရင်းကိုလည်း ကြေညာပေးနေသည်။ အခြေအနေက ရှုပ်ထွေးနေစဉ်မှာပင် လှိုင်ယယ်ခေါင်းဆောင် ကိုစိုးသိမ်းကိစ္စနှင့်ပတ်သက်ပြီး အမှုဆင်ကာ ဆရာဦးဝင်းတင်ကို ဇူလိုင်လ ၄ ရက်နေ့မှာ ဖမ်းဆီးခဲ့သည်။ အမှန်တော့ ကိုစိုးသိမ်းက အမျိုးသမီးတစ်ဦးနှင့် အချစ်နယ်ကျွံပြီး ကိုယ်ဝန်ဖျက်ချနိုင်းသည့်ပြဿနာနှင့် တရားစွဲခံရခြင်းဖြစ်ပြီး ဆရာကတော့ ကိုစိုးသိမ်းအဖေကရုံးကို ဖုန်းဆက်လာစဉ်မှာ ကိုစိုးသိမ်းက ရုံးမှာမရှိချိန်မို့ မရှိကြောင်း ဖုန်းထက်ခံဖြေပေးသူသာ ဖြစ်သည်။ ဒါကို တရားခံအား လျှို့ဝှက်ပေးထားသည်ဆိုကာ ကြံဖန်ပြီး ဆရာကို တရားစွဲခြင်း ဖြစ်သည်။ ရုံးချိန်းသို့ သွားရောက်အားပေးခွင့်ရသည်မို့ ကျွန်မတို့အားလုံး ကားတန်းချီကာ သွားကြပြီး ဆရာ့ကို ထမင်းကျွေးရင်း၊ ဆေးစစ်ပေးရင်း မေးမြန်းစစ်ဆေးမှုတချို့ကို နားစွင့်ကြသည်။ သို့သော် နဂိုကတည်းက ဇွတ်ဇာတ်လမ်းဆင်ထားသည့်အတိုင်း ဆရာ့ကို လျှို့ဝှက်ချက် ထိန်ချန်ထားသည်ဆိုကာ ထောင်သုံးနှစ်ချလိုက်သည်။ ထိုသုံးနှစ်၏နောက်မှာ နောက်ထပ်ဆယ့်ခြောက်နှစ် လိုက်ပါလာဦးမည်ဟု မည်သူကမျှ မရိပ်မိသေးသည့်တိုင် ကျွန်မတို့အားလုံး စိတ်ဆိုးခဲ့ကြသည်မှာ ဆိုဖွယ်မရှိ။ အမှန်အတိုင်းဆိုရလျှင် ပြန်ကြားရေးကိစ္စ တော်တော်များများကို ဆရာ့ညွှန်ကြားမှုဖြင့် လုပ်နေသည့်အတွက် ကျွန်မတို့ပြန်ကြားရေးမှာ အတော်ကြီးအားလျော့သွားခဲ့ရသည်။ သို့သော် သည်ကိစ္စမှာပဲ အရှုံကို နှစ်မထားနိုင်။ နောက်လမှာ အာဇာနည်နေ့ ချီတက်ကြဖို့ စီစဉ်နေတာက ရှိနေသေးသည်။

## အာဇာနည်နေ့နှင့် နေအိမ်အကျယ်ချုပ်

ဇူလိုင်လဆန်းမှာ သန်လျင်နှင့် မြို့တော်ခန်းမတို့မှာ ဗုံးပေါက်ကွဲမှုတွေဖြစ်လာခဲ့သည်။ တရားဝင်မှတ်ပုံတင်ထားသော ပါတီများမှ ၁၄၄ ပါတီထ ခေါင်းပြီး အာဇာနည်နေ့အခမ်းအနားအတွက် လှုပ်ရှားမှုအစီအစဉ်ကို ရွေးချ ကြသည်။ ထို့အပြင် အဖွဲ့ချုပ်ကို အကြောင်းကြောင်းဖြင့် ဖျက်သိမ်းမည် ဆိုလျှင် ထွက်ပေါက်ရအောင် အသက်ကယ်ပါတီ တည်ထောင်ရန်၊ ဆရာဦးအင်းတင် လမ်းကြောင်းချပေးခဲ့သည့်ပါတီတွင်း ရွေးကောက်ပွဲမှတစ်ဆင့်

www.burmeseclassic.com



အမတ်လောင်းရွေးချယ်ရန်၊ အဖွဲ့ချုပ်လူငယ်နှင့် အဖွဲ့ချုပ်ရုံး ရုံးအဖွဲ့ ပြန်လည်ဖွဲ့စည်းရာမှာ ရွေးကောက်ပွဲစနစ်ကို သုံးကြရန် စသဖြင့် များပြားလှသော အလုပ်တွေကြားမှာ ကျွန်မ မအားနိုင်ခဲ့ပြန်။ ဇူလိုင် ၁၆ မှာ စစ်အစိုးရက အာဇာနည်နေ့ လွှမ်းသူ့ပန်းခွေချအခမ်းအနားကို တက်ရောက်ရာတွင် လူငါးဦးထက် ပိုပြီးစီတန်းလမ်းလျှောက်လျှင် ဖမ်းမည်ဟု ကြေညာလိုက်သည်။ ၁၄၄ ပါတီအစည်းအဝေးမှာလည်း ထိုနေ့အစီအစဉ်ကို ပြန်လည်ဆန်းစစ်ဖို့ တွေးကြသူနှင့် ရွှတ်တိုးဖို့ ဆုံးဖြတ်သူတို့ဖြင့် သဘောထားတွေ စုံလင်လာသည်။ ဇူလိုင် ၁၇ မှာ မာရှယ်လောပြဋ္ဌာန်းလိုက်သည်။ အစ်မကတော့ ပြည်သူလူထုနှင့်အတူ ပန်းခွေချရမှုဖြစ်မည်ဟု ဆန္ဒထုတ်ဖော်သည်။ ခါတိုင်းဆိုလျှင် ခြံထဲက ပြန်ကြားရေးတဲမှာပဲ အလုပ်လုပ်ရင်း ဖြစ်သလိုအိပ်လိုက်ကာ မနက်ဖက်အခမ်းအနားကို တက်နေကျဖြစ်သော်လည်း ဇူလိုင်လ ၁၈ မှာ ကျွန်မတို့ ပြန်ကြားရေးတစ်အုပ်စုလုံးလိုလိုက အိမ်ပြန်အိပ်ဖြစ်ကြသည်။ ဓာတ်ခဲတွေ အားသွင်းဖို့၊ လိုမည့်ပစ္စည်း ပစ္စယတွေ ပြင်ဆင်ဖို့တွေကို အချိန်မရသဖြင့်၊ ကြိုမလုပ်ခဲ့နိုင်ကြသဖြင့် ထိုညကိုတော့ အိမ်အသီးသီး ပြန်ကြမည်၊ မနက်မှာမှ ဆုံနေကျ အမြဲစိမ်းဆိုင်လေးမှာ ပြန်ဆုံပြီး ဓာတ်လမ်းစကြမည်ဟု ဆုံးဖြတ်ကြသည်။ ထိုနေ့ညနေကတည်းက ရွှေတိဂုံဘုရားနားတစ်ဝိုက်မှာ ရာနှင့်ချီသော စစ်သား၊ ရဲ၊ လုံထိန်းတွေနှင့် စစ်ကားတွေ နေရာယူထားပြီး ညဉ်းမှာကတည်းက ရပ်ကွက်အတွင်းပိုင်းတွေထဲထိ ပတ္တာရောင် လှည့်နေကြသည်။ သို့သော် ထိုနေ့ညနက်သည်ထိ ကျွန်မ နားလည်ထားသည်က လူစုလူဝေးနှင့် ချီတက်ပွဲကို အစ်မက ဦးဆောင်ပြီး မနက်ဖြန်မနက် အာဇာနည်ကုန်းရှိရာ သွားကြမည်။

သို့သော် မနက်ခြောက်နာရီ မထိုးမီမှာတင် ခြံထဲမှမသီဂီက ကျွန်မထံ ဖုန်းဆက်လာသည်။ ခြံဝန်းကျင်မှာ အစောင့်အကြပ်တွေ အလွန်များနေပြီး အခြေအနေ ဘာမှန်းမသိ၊ ထို့ကြောင့် ခြံထဲကို မလာကြနှင့်၊ အခြေအနေကိုသာ နားစွင့်နေ၊ ကျန်ပြန်ကြားရေးအဖွဲ့တွေကိုပါ ပြောပေးပါဟုဆိုသည်။ ကျွန်မ ခေါင်းနပန်းကြီးသွားသည်။ လက်လှမ်းမီသမျှကို ဖုန်းလှမ်းဆက်သည်။ မမွေးက ခြံနားထိ သွားကြည့်မည်ဟုဆိုကာ ထွက်သွားသည်။ ပြန်ကြားရေးအဖွဲ့တွေက မြေနီကုန်းမှာ အရင်ဆုံပြီးမှ အတူသွားကြဖို့ တိုင်ပင်သည်။ သို့သော် လမ်းတော်တော်များများက ပိတ်နှင့်ပြီ။ ခြံနားထိသွားကြည့်တော့ မမွေးတို့လည်း ခြံထဲဝင်မရဘဲ လှည့်ပြန်လာကြရသည်။ မနက်ပိုင်းမှာ



နဂိုအစီအစဉ်ရှိနေသေးသည်အထင်နှင့် မြို့နယ်အချို့မှ အလံထောင်ကာ ချီတက်လာသော အုပ်စုတွေအားလုံး အရိုက်ခံ၊ အပစ်ခံ၊ အဖမ်းခံလိုက်ကြရသည်။ ညနေပိုင်းမှာ ခြံနားထိရောက်အောင် သွားနိုင်ခဲ့သော်လည်း ဝင်ခွင့်ကားမရတော့။ ခြံထဲမှာ ညအိပ်ကျန်ခဲ့သည့် အဖွဲ့သားတွေအားလုံးကို အင်းစိန်ထောင်ပို့လိုက်ပြီး အစ်မကို နေအိမ်အကျယ်ချုပ် ချထားလိုက်ကြောင်း တီဗီက ကြေညာလိုက်သည်။ ဆယ်လနီးပါး ရက်ခြားဆိုသလို အိုဗာတိုင်ဆင်းကာ အလုပ်လုပ်ခဲ့ကြသည့် နေရာမို့ ခြံထဲက ပြန်ကြားရေးတဲထဲမှာ ရှိသမျှ မှတ်တမ်းမှတ်ရာ စာအုပ်၊ ဓာတ်ပုံ၊ ဗီဒီယိုခွေတွေသာမကဘဲ ကျွန်မတို့၏ အဝတ်အစားများနှင့်တကွ ၈၈-၈၉ ဒိုင်ယာရီများကိုပါ သိမ်းဆည်းထားခဲ့ကြသည်မို့ သည်တစ်ခါ ဆုံးရှုံးမှုလောက် ကြေကွဲရသည်မျိုး မရှိနိုင်တော့။ အစ်မအပါအဝင် လုပ်ဖော်ကိုင်ဖက်တွေအားလုံးကိုလည်း ခွဲကြရပြီ။ ကံကောင်းထောက်မပြီး ထောင်နှုတ်ခမ်းကနေ လွတ်သွားခဲ့သော်လည်း ကျန်ခဲ့သည့် ရှည်းတွေကို အကြောင်းပြုကာ ကျန်ခဲ့သည့် လုပ်ဖော်ကိုင်ဖက်တွေကို ညှဉ်းပန်းနှိပ်စက်ပြီး ဖော်ကောင်လုပ်ခိုင်းနိုင်သည့် အနေအထားမှာမို့ စိတ်ပူရသည်က နှစ်ဦးနှစ်ဘက်လုံးကို ဖြစ်နေပြန်သည်။ ကိုယ့်အရေးလည်း မအေး၊ သူ့အရေးလည်း မချမ်း။ မူလဘာသာရပ်ဖြစ်သည့် ပုတီးနှင့် ပရိတ်တွေကို အနီးစပ်ဖြစ်ရုံကလွဲပြီး တခြားလည်း ဘာမှမလုပ်နိုင်တော့။ နောက်နေ့တွေမှာ တတိတိဆွဲခံရသည့် အဖွဲ့ဝင်လူကြီး လူငယ်စာရင်းကိုသာ နားစွင့်လိုက်ရင်း ထောင်ဝင်စာထုတ်ပံ့ပိုးရေးကိုသာ အာရုံထားကြရတော့သည်။

ရုံးချုပ်ကိုလည်း အစ်မအိမ်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းမှာ ဆက်မဖွင့်တော့သည့်အတွက် မရောက်ဖြစ်တော့။ ခါတိုင်းလိုပဲ လက်ဖက်ရည်ဆိုင်မှာ ပြန်ဆုံကာ ရှေ့ရေးတွေးဆဖြစ်ကြသည်။ မဂ္ဂဇင်းစာစောင်အချို့လည်း ထွက်နေကြပြီ။ ဩဂုတ်ထဲမှာ အလယ်တန်းကျောင်းတွေ ပြန်ဖွင့်လာပြီး မကြာမီ ကျောင်းတွေ ပြန်ဖွင့်တော့မည်ဟု ကြားလာရသည်။ စာပြန်နွေးရမှာ သတိပြန်လည်လာသည်။ တကယ်တော့ နောက်ထပ် ကိုးလအတွင်း ကျောင်းပြီးတော့မည့်အချိန်မှာ ပိတ်ခဲ့သည့်အတွက် ကျွန်မ အတန်းတွေကို ပြန်ဖွင့်ပေးမည့်သတင်းကလည်း တော်တော်ထွက်လာသည်။ ကျွန်မတို့အတန်းတွေက ဆေးရုံမှာပဲ စာသင်၊ လက်တွေ့လေ့လာရန်တွေမို့ ကျောင်းအဆောက်အဦကို ဖွင့်ရန်မလိုဘဲ အတန်းတွေ ပြန်စလို့ရသည့် အတန်းလည်းဖြစ်နေသည်။ သို့သော် စာပြန်ဖတ်လျှင်ပင်

www.burmeseclassic.com



ဘယ်ကစရမှန်းမသိ၊ ဆေးရုံခွဲတမ်းကို ဘယ်လိုပြန်ချပေးမည်မှန်း မသိ။ သည်တော့ ဘယ်ဘာသာရပ်ကို စကိုင်ရမည်မှန်း မဝေခွဲတတ်။ ထို့ပြင် မီဒီယာပိုးကလည်း အတော်ကြီးဝင်နေပြီ။ အဖွဲ့ချုပ်မှာ တတ်သိသာသည်ထက် ပိုကျယ်ပြန့်သည့် ပုံနှိပ်မီဒီယာအတတ်ပညာတွေကို စိတ်ဝင်စားနေပြီ။ သည်အချိန်မှာ ဦးမျိုးမြင့်ညိမ်းက ရုပ်ရှင်အမြုတေမဂ္ဂဇင်းကို အချိန်ပိုင်း ပြန်လုပ်နေသည်မှာ လအတော်ကြာပြီမို့ သူ့ဆီမှာ အလုပ်ဆက်သင်ဖို့ ဆုံးဖြတ်သည်။ သည်လိုပဲ မမွေးတို့၊ ကိုမျိုးမြင့်တို့ကလည်း ပန်းချီခန်းပြန်ဖွင့်ဖြစ်ကြသည်။

အယ်ဒီတာစားပွဲဆီသို့

သည်လိုနှင့် မဂ္ဂဇင်းဖောင်ကိုင်အတတ်ကို လိုက်သင်ဖြစ်သည်။ ထိုစဉ်က ခဲစာလုံးခေတ်မို့ ဖောင်စီ၊ ဖောင်ဆင်းက ခုခေတ်လို မလွယ်ရေးချမလွယ်၊ အမှားလည်း နည်းနည်းမှ မခံနိုင်။ သည်မှာတော့ အဖွဲ့ချုပ်မှာတုန်းကလို မဟုတ်တော့။ နည်းနည်းမှ မိန်းမ မဆန်သော ကျွန်မက အဖွဲ့ချုပ်ရုံးနှင့် ခရီးစဉ်များမှာ ကြီးကြီးငယ်ငယ် မည်သူ့ကိုမဆို ရင်ထဲကရှိသည့်အတိုင်း အားမနာတမ်း ပြောတတ်ခဲ့သူဖြစ်သည်။ ကိုယ့်ကို မိန်းကလေးအဖြစ် အသိအမှတ်ပြုခံရမှာကိုလည်း နည်းနည်းမှမကြိုက်။ ယောပုဆိုးနှင့် ရှမ်းတိုက်ပုံအဝတ်များသဖြင့်လည်း ရံဖန်ရံခါ အစ်မကပင် သုံးရောင်ခြယ်ကျောင်းသားများနှင့် မှားတတ်ပြန်သည်။ သုံးရောင်ခြယ်တွေကလည်း ရံဖန်ရံခါဝတ်တတ်သည့် ထဘီနှင့်တွေ့ရလျှင်ပင် ဟားမဆုံး။ အပြောအဆိုကလည်း ပိသသာလေးသောနှင့် ပစ်သလို။ အသက်အရွယ်အရ ပင်ပန်းဒဏ်မခံနိုင်ဘဲ နေ့လယ်နေ့ခင်းခဏတဖြုတ် အနားယူချင်ကြောင်းပြောသည့် ဆရာကြီးတစ်ယောက်ကို 'အိပ်ချင်ရင် ရုံးမလာနဲ့ပေါ့။ တစ်မိနစ်မှာ စက္ကန့်ခြောက်ဆယ်အလုပ်လုပ်ရမယ်' ဟု ဆိုလို ဆို၊ ကိုယ့်စိတ်နှင့် အခန့်မသင့်တာ ဖြစ်လာလျှင် လူကြီးသူမကိုလည်း 'ဘကြီးမိုး၊ လာ ရန်ဖြစ်မယ်၊ မကျေနပ်ဘူး' ဟု ပြောလိုပြောနှင့် အတော်ကြီးဆိုးခဲ့ကြောင်း ဝန်ခံရပါမည်။ ဆရာဦးဝင်းတင်ကို လူငယ်ကို တစ်ခု စကားသွားပြောခိုက်တွင်ပင် စားပွဲကို လက်သီးနှင့်ထုပြီး ပြောတာမျိုးက မလွတ်။ လွယ်အိတ်ကို စလွယ်သိုင်းပြီး လျှောက်တတ်သလို အချင်းချင်းကို မကျေနပ်လျှင်လည်း လက်သီးတပြင်ပြင်နှင့်၊ အခန့်မသင့်လျှင် ဘယ်ဝိုက်ညာဝိုက် ထိုးပစ်ဖို့လည်း ဝန်မလေး။ မျက်နှာကလည်း ထာဝရ



ရှုသိုးသိုး။ မျက်မှောင်က ကြုတ်ထားပြီး မသိမကျွမ်းဖူးသူတွေကို ပြုံးပြဖို့ကအတွန့်တိုတတ်သေး။ ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ဘယ်သူ့စကားကိုမှ အပ်ကျမတ်ကျ နားထောင်ဖို့ စိတ်မကူး။

သည်စရိုက်ကို အားလုံးက နောကြေပြီးသား။ အမှန်တော့ အသက်အလေး နှစ်ဆယ့်နှစ်နှစ်ကို မနေ့တစ်နေ့က ပြည့်ထားသည့် မိန်းမမကယောကျ်ားမကျ လူငယ်တစ်ယောက်ကို ဆရာဝန်လောင်း၊ စာရေးဆရာပေါက်စ၊ တော်လှန်ရေးပိုးဝင်နေသူအဖြစ် ဝိုင်းပြီး သက်ညှာနားလည်ပေးခဲ့ကြသဖြင့်လည်း ကျွန်မက ကိုယ့်ကိုယ်ကို ဟုတ်လှပြီအမှတ်ဖြင့် အချိုးမပြေမပြေခဲ့ဟု သုံးသပ်မိရသည်။ ထိုအသက်အရွယ်မှာ ကျွန်မ လုပ်နိုင်တာနှင့် လုပ်နေခဲ့တာတွေ များပြားလွန်းသည်ကို လူကြီးတွေရော၊ လူငယ်တွေကပါ သတိထားမိခဲ့ကြသဖြင့်လည်း ကျွန်မ ဆိုးသမျှ ခွင့်လွှတ်ပေးခဲ့ကြပုံ ရပါသည်။ သည်လိုပုံ သည်လိုအချိုးနှင့် ကျွန်မက မဂ္ဂဇင်းတိုက်မှာ လိုက်ထိုင်ပြီး ဖောင်ကိုင်ပညာသင်မည်ဆိုသောအခါ ဦးမျိုးမြင့်ညိမ်းက ကတိတစ်ခု အရယူတောင်းတော့သည်။ 'တိုက်ပေါ် တက်လာတဲ့လူထဲမှာ အရူးပါ ပါကောင်းပါမယ်၊ စာရေးဖို့ ကြိုးစားနေသူတွေနဲ့ စာရေးဆရာတွေချည်းပဲမို့ ဘာပဲဖြစ်ဖြစ် သူတို့နဲ့ ဆက်ဆံရေးပြေပြစ်အောင် ကြိုးစားရမယ်။ လူတိုင်းကို ဆရာခေါ်နိုင်ရမယ်' တဲ့။ ဘာကြီးဖြစ်ဖြစ် ဘာမှလုပ်စရာမရှိခိုက်မို့ ကတိပေးဖြစ်ခဲ့သည်။

မဂ္ဂဇင်းတိုက်က တိုက်ခန်းတစ်ခု၏ အိမ်ရှေ့ဧည့်ခန်းနေရာလေးသာမို့ ထိုင်စရာနေရာပင် သိပ်မရှိလှ။ သို့သော် ပုံနှိပ်စက်က လမ်းထိပ်မှာပဲမို့ အဆင်ပြေသည်။ ပရုဖ်ဖတ်သည့် သင်္ကေတက အစ၊ အင်ပေတံအလယ်၊ စာဖောင်ဖွဲ့စည်းပုံ Layout, Dummy လေးအောက်၊ ဒမ်မီအဆုံး အားလုံးကို သင်ရင်း လုပ်၊ လုပ်ရင်း သင်နှင့် ၁၉၈၉ ၏ မိုးကာလသည် ဘာမှမကြာလိုက်သလို။ ထိုစဉ်က ဦးဝင်းငြိမ်းက စီမံဘဏ္ဍာမှာ အလုပ်လုပ်နေဆဲမို့ နေ့လယ်ပိုင်းလောက်မှ ရုံးက ရောက်လာတတ်သည်။ ထိုစဉ်က ကွန်ပျူတာ ပေါ်သေးသမို့ စာမူတစ်ပုဒ်ချင်းစီအတွက် ကိုယ်လိုချင်သည့် စာစီအင်အရွယ်အစားကို ပေးရသည်။ ပြီးတော့ ဂယ်လီပရုဖ်ထုတ်ဖတ်၊ ပရုဖ်[illegible]ချင်ထုတ်၊ အသင့်အကွက်ချထားသည့် ကဒ်ထူစာမျက်နှာကြီးပေါ်မှာ ကိုယ်လိုချင်သည့် ဖွဲ့စည်းပုံအတိုင်း သရုပ်ဖော်ပုံ၊ ကောက်စာနှင့် စာသားတို့ကို ထိုက်ကပ်ရသည်။ ကောက်စာအတွက် Stancil စတန်ဆယ်နှင့် စာလုံးရေးသည့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုပါ ကျွန်မက လုပ်ဖြစ်ခဲ့သည်။ ပန်းချီဆရာတွေကိုသာ စာမျက်နှာဖွဲ့သည့်အလုပ်ကို အပ်သော်လည်း ကျွန်မကတော့ အလုပ်သင်မို့ စာမူကူဖတ်သည့် အလုပ်ကနေ ဖောင်ဆင်းပြီး ဖလင်ထုတ်၊ စက်တင်၊ စာအုပ်ချုပ်သည့်နေရာထိ အဆင့်တိုင်းမှာ ဝင်လုပ်ဖြစ်ရာမှ အမည်မခံသည့် အယ်ဒီတာပေါက်စ ဖြစ်လာခဲ့ပြန်သည်။ သို့သော် တိုက်ထဲမှာ ကတီကြောင့် ငြိမ်နေတတ်သော်လည်း အပြင်က လက်ဖက်ရည်ဆိုင်တွေမှာ ကိုယ့်ဘာသာတစ်ယောက်တည်း လွတ်လွတ်လပ်လပ်ရှိနေလျှင် နေချင်သလို နေတတ်သေးသည်။ အမှန်တော့ ၁၉၈၈ အစောပိုင်းမှာ ဆင်ကလောင် စာရေးဆရာကြီးတစ်ဦးက ကျွန်မအပေါ် ကလောင်ပေါက်စပေပဲသဘောနှင့် အလေးအနက်မဆက်ဆံခဲ့သည်ကို အာခံတုံ့ပြန်ခဲ့ဖူးသကဲ့သို့ နာမည်ရလာခိုက် မဂ္ဂဇင်းအသစ်တွေက စာမူလာတောင်းသည့်အခါ သူတို့ဦးတည်ချက်ကို သဘောမကျလျှင် စာမူမပေးနိုင်ဟု ငြင်းဆန်ခဲ့ဖူးသည့်အတွက် စာရေးဆရာကြီးတွေကလည်း ကျွန်မဆိုလျှင် ခပ်တွန့်တွန့်ဖြစ်ခဲ့နိုင်ကြောင်း မတွေးတတ်။ စာရေးသက်လေးနှစ်လောက်အတွင်းမှာ ဝတ္ထုတိုရှည်ခြောက်ဆယ်ကျော် ပုံနှိပ်ခဲ့ပြီးသလို မီဒီယာအတွေ့အကြုံကလည်း ရှိနေပြီမို့ ကိုယ့်အလုပ်သာ ကိုယ်သိပြီး ကိုယ့်အရှိန်နှင့်ကိုယ် လိမ့်နေမြဲဖြစ်ပြန်သည်။

သို့သော် ပြဿနာက နိုင်ငံရေးလှုပ်ရှားမှုတစ်ခုခုကို မလုပ်ရလျှင် ဘဝင်မကျတော့ခြင်းပင်။ ထိုစဉ်က ဆိုဗီယက်ယူနီယံ၏ အကွဲအပြဲကလည်း ပိုပြီးပီပြင်လာချိန်။ ကိုယ်ကလည်း ကျောင်းသားဆိုသည့် ဂုဏ်ပုဒ်ကို ပိုင်နေသေးသကဲ့သို့ လုပ်နိုင်တာတွေကလည်း ပိုများလာ၊ အသိုင်းအဝိုင်းကလည်း ကျယ်လာမို့ တက်ကြွနေသည့်အချိန်။ စက်တင်ဘာမှာ အထက်တန်းကျောင်းအပါအဝင် သက်မွေးပညာသင်ကျောင်းတွေ ပြန်ဖွင့်လာခဲ့သည်။ နိုဝင်ဘာမှာတည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင်ဆိုသည့် နဝတ၏ စစ်ရေးအမြင်အရလမ်းတံတားတည်ဆောက်ခြင်းတွေ စလုပ်လာသကဲ့သို့ ကေအန်ယူ၊ ကေအိုင်အို၊ မွန်ပြည်သစ်ပါတီ စသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားမတရားအသင်း ကြေညာတာတွေ စလုပ်လာသည်။ ထို့အတူ ကျွန်မတို့နောက်ဆုံးနှစ်အပိုင်း(ခ)အတန်းကို ပြန်ဖွင့်ပေးလိုက်ပြီး ဆေးရုံခွဲတမ်းတွေချပေးလာသည်။ မဂ္ဂဇင်းပိုးကလည်း စူးစူးနစ်နစ်ဝင်နေပြီမို့ ကျောင်းစာတစ်ဘက်၊ မဂ္ဂဇင်းအလုပ်တစ်ဘက် လုပ်ဖြစ်ပြန်သည်။ သည်ကတည်းက ကျွန်မဘဝမှာ အလုပ်နှစ်ခုကို တစ်ပြိုင်နက် လုပ်ကျင့်က အသားကျနေခဲ့မှန်း



ခုမှ ပြန်သုံးသပ်မိသည်။ သည်အချိန်မှာ ဥရောပတွင် အပြောင်းအလဲတွေအများကြီး ဖြစ်လာသည်။ အရှေ့ဂျာမနီက ဂိတ်တံခါးတွေကိုဖွင့်ပြီး အရှေ့နှင့်အနောက် လွတ်လပ်စွာ သွားလာခွင့်ပြုလိုက်သည်။ ချက်ကိုစလိုဗားကီးယားမြို့တော် ပရက်မှာ ကျောင်းသားလှုပ်ရှားမှုအပြီး ကွန်မြူနစ်ပါတီကအာဏာစွန့်သွားခဲ့သည်။ ပြဇာတ်ဆရာ ဗားကလပ်ဟာဗဲလ်က ရွေးကောက်ခံသမ္မတ ဖြစ်လာသည်။ ဆိုဗီယက်မှ ဂေါ်ဘာချော့ဗ်နှင့် အမေရိကန်သမ္မတဂျော့ဘုရှ်အကြီးတို့က စစ်အေးကာလ ပြီးဆုံးရန် အားထုတ်လာကြသည်။ အခြားနေရာတွေမှာလည်း အပြောင်းအလဲတွေ များသည်။ ဘာရာဓီးနှင့်ချီလီမှာ ပထမဆုံး လွတ်လပ်သည့်ရွေးကောက်ပွဲပေါ်လာသည်။ တောင်အာဖရိကမှာ သမ္မတဒီကလပ်ခ်က ပြည်သူပိုင်အဆောက်အဦနှင့် ယာဉ်ရထားများပေါ်တွင် အသားအရောင် ခွဲခြားသည့်စနစ် အဆုံးသတ်ပြီဟု ကြေညာသည်။ ဖိလစ်ပိုင်မှာ သမ္မတ အကွီနိုအစိုးရကို တပ်က အာဏာသိမ်းလိုက်သည်။ မွန်ဂိုးလီးယားကလည်း ကွန်မြူနစ်နိုင်ငံကနေ ဒီမိုကရက်လူ့ဘောင်ကိုအသွင်ပြောင်းသွားသည်။ သို့သော် ကျွန်မတို့ဆီမှာတော့ အဖွဲ့ချုပ် ဥက္ကဋ္ဌဦးတင်ဦးကို ထောင်သုံးနှစ်ချလိုက်သည်။ ၁၉၉၀ မေ ၂၇ မှာ ကျင်းပသည့်ရွေးကောက်ပွဲကို တရားမျှတမည်ဟု မည်သူကမျှ မယုံကြဘဲ ဖြစ်နေချိန်တွင်နေအိမ်အကျယ်ချုပ်ကျခံနေသည့် အစ်မက သူ ရွေးကောက်ပွဲဝင်တော့မည်ဟု ကြေညာလိုက်သည်။ သည်လိုနှင့် ၁၉၈၉ နှစ်ကုန်ချိန်မှာ ကျွန်မကနောက်ဆုံးနှစ် ဆေးကျောင်းသူတစ်ပိုင်း၊ အလုပ်သင်အယ်ဒီတာ တစ်ပိုင်းဖြစ်လာသည်။

❖

## တွင်းခုလတ်မှာ

### ရွေးကောက်ပွဲနှင့် နောက်ဆက်တွဲ

ကျောင်းပြန်ဖွင့်သည်ဆိုသည့်တိုင် ကျောင်းပရဝုဏ်မှာ အတန်းဖော်တွေသာဖြင့် အတန်းသားအားလုံးကို လွယ်လွယ်နှင့် ပြန်မတွေ့ရ။ အတန်းထဲမှာ လူတွေ လျော့သွားပြီဟုတော့ သိနေသည်။ အချို့က ထောင်ခိုသွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



အချို့က နိုင်ငံခြားထွက်သွားကြသည်။ ညီအစ်ကိုမောင်နှမတစ်တွေလို ခင်မင်ခဲ့သည့် သူငယ်ချင်းအချို့လည်း တော်လှန်ရေးအပေါ်အမြင်နှင့် ရပ်တည်ချက်တွေရာက အခင်အမင်ပျက်ကာ သူငယ်ချင်းအဖြစ်မှ ပြတ်စဲသွားကြသူတွေ ရှိခဲ့ကြသည်။ ကျွန်မမှာလည်း ကိုယ့်ကြောင့် သူငယ်ချင်းတွေ ထိခိုက်မှာကို မလိုလားသဖြင့် ကိုယ့်လှုပ်ရှားမှုတွေကို ကျောင်းနှင့်ဝေးရာမှာ အာရုံပြုထားလိုက်သည်။ ဆေးရုံမှာ မှင်မပျက်စာသင်နေဖြစ်သော်လည်း အခြေအနေပေးသည်နှင့် မဂ္ဂဇင်းတိုက်သွားရင်း ထောင်သတင်းနှင့် လှုပ်ရှားမှုသတင်းတွေ နားစွင့်ဖြစ်သည်။ ဇန်နဝါရီလဆန်းမှာ အစ်မ၏ ရွေးကောက်ပွဲဝင်ပြိုင်ရန် အဆိုတင်သွင်းမှုကို တစည ပါတီမှ ဦးလဘန်ဂရောင်က ကန့်ကွက်သဖြင့် ဆန္ဒပြမှုတချို့ဖြစ်သလို အစ်မလည်း ရွေးကောက်ပွဲ ဝင်ခွင့်မရတော့။ မည်သူကမျှ အသိအမှတ်ပြုမခံရသည့် စစ်အစိုးရက ငွေကြေးအကျပ်အတည်းကို တိုက်ရိုက် မြန်မာသံရုံးပိုင်မြေပိုင်းဖြတ်ရောင်းချပြီး ဖြေရှင်းလာသည်။ ကေအန်ယူစခန်း တစ်ခုဖြစ်သည့် သေဘောဘိုးကို သိမ်းလိုက်သည်။ စီးပွားရေးဦးပိုင်လီမီတက်ကို စတင်ဖွဲ့စည်းကာ တိုင်းပြည်စီးပွားရေးကို လက်ဝါးကြီးအုပ်ဖို့ စပြင်သည်။ ထိုအချိန်မှာ ဂျာမနီမှာ အရှေ့ဂျာမနီခေတ်က ထိန်းသိမ်းခဲ့သော စတာဇီဌာနချုပ်မှ ထောက်လှမ်းရေးမှတ်တမ်းတွေကို အများပြည်သူအား ကြည့်ခွင့်ပြုခဲ့ရာ လူတွေ ကြိတ်ကြိတ်တိုး သွားကြည့်ကြသည်။ ဖေဖော်ဝါရီ ၁၁ မှာ ထောင်သက် ၂၇ နှစ် ရှိသည့် တောင်အာဖရိက လူထုခေါင်းဆောင် နယ်လ်ဆင်မဲန်ဒဲလား လွတ်မြောက်လာခဲ့သည်။ ဆိုဗီယက်ယူနီယံမှာ ဂေါ်ဘာချော့ဗ် သမ္မတဖြစ်လာသော်လည်း ခွဲထွက်လိုသည့် လီသူယေးနီးယားက တစ်ဖက်သတ်လွတ်လပ်ရေးကြေညာတာမျိုး ဖြစ်လာသည်။

မတ်လဆန်းမှာ ရုပ်မြင်သံကြားကနေ ပါတီများကို မဲဆွယ်ခွင့် ဆယ့်ငါးမိနစ်စီပေးသည်။ အန်အယ်လ်ဒီကိုယ်စား ဘဘဦးကြည်မောင်က ပြောရာတွင် လူထုက လှိုက်လှိုက်လှဲလှဲ သဘောကျ အားပေးကြသည်။ သို့သော် ဆရာဦးဝင်းတင်၏ လမ်းကြောင်းအတိုင်း ပါတီတွင်း ရွေးကောက်ပွဲများဖြင့် အမတ်လောင်းရွေးချယ်မှုကို မလုပ်ခဲ့သည့်အတွက် အချို့ပြည်နယ်နှင့် မြို့နယ်များကို ကိုယ်စားပြုယှဉ်ပြိုင်မည့် အန်အယ်လ်ဒီအမတ်လောင်းအချို့ကို လူထုက ဘဝင်မကျ။ တစ်ခုရှိသည်က နယ်အချို့မှာ အမျိုးသားမှတ်ပုံတင်ထုတ်ပေးမည် အကြောင်းပြပြီး တစညကဒ်တွေ ထုတ်ပေးတာမျိုးအပါအဝင် အစိုးရဘက်မှ ဘက်လိုက်မှု၊ မတရားမှုများကို နည်းအဖုံဖုံဖြင့် အားထုတ်ခဲ့



ခြင်းကြောင့် လူထုက အမတ်လောင်းထက် အန်အယ်လ်ဒီအလံကိုသာ မဲပေးဖို့ အားထက်သန်ကြသည်။ ထိုစဉ်က ပါတီအသီးသီးမှ အထိမ်းအမှတ်ရုပ်ပုံကို ရွေးချယ်ရာတွင် 'ခမောက်'ကို ရွေးချယ်ခဲ့သဖြင့် ယခင်က နယ်မှာသာ အသုံးများသော ခမောက်တွေ တစ်နိုင်ငံလုံးကို လွှမ်းမိုးသွားခဲ့သည်။ ယော၊ ပင်နီနှင့် ခမောက်သည် ပါတီဝင်မဟုတ်သူများကပင် အမြတ်တနိုးဝတ်ဆင်လာသည့် အသုံးအဆောင်များဖြစ်လာခဲ့ပြီး ရိုးရာထည်တွေလည်း ခေတ်ပြန်ထလာသည်အထိ အန်အယ်လ်ဒီ၏ ပုံရိပ်ကို လူထုက အတတ်နိုင်ဆုံး ပွားများခံယူခဲ့ကြသည်။ ကျွန်မအဖို့တော့ စမ်းချောင်းမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူမှာ ရုံးမှာလည်း အလုပ်တူတူ လုပ်ဖူးသကဲ့သို့ ခရီးစဉ်အချို့ကိုလည်း အတူသွားခဲ့ဖူးသည့် ဦးခင်မောင်ဆွေ ဖြစ်နေခဲ့သဖြင့် မူရောလူပါ ဆန္ဒနှင့်ကိုက်ညီစွာ မဲပေးနိုင်ခဲ့ပါသည်။

## ထီပေါက်ပြီး လက်မှတ်ပျောက်သည့်အဖြစ်

မေ ၂၇ မရောက်မချင်း အန်အယ်လ်ဒီအပေါ် ဖိနှိပ်မှုတွေကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မှာ မဟုတ်ဟု သံသယဖြစ်ခဲ့ရာက ရွေးကောက်ပွဲနေ့ ရောက်လာခဲ့သည်။ ထိုစဉ်က နဝတခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ရွေးကောက်ပွဲပြီးလျှင် စစ်တပ်က စစ်တန်းလျားပြန်သွားမည်ဆိုသည့် ကတိအထပ်ထပ်ကြောင့် လူထုအများစုက ရွေးကောက်ပွဲကို ထွက်ပေါက်တစ်ခုအဖြစ်လည်းကောင်း၊ ဘဝ၏ အမှတ်တရအတွေ့အကြုံအဖြစ်လည်းကောင်း အားခဲခဲ့ကြသည်မှာ ထင်ရှားလှပါသည်။ နောက်အလွန်ဆုံး ကြာလျှင် တစ်နှစ်လောက်အတွင်း အရပ်သားအစိုးရ ပေါ်လာတော့မည်ဆိုသည့် မျှော်လင့်ချက်ကိုယ်စီနှင့် လူထုက မဲရုံတွင်မဖွင့်ခင်ကပင် တန်းစီစောင့်နေခဲ့ကြသည်။ ညနေစောင်းလို့ မဲရုံပိတ်ကာ မဲရေတွက်သည့်အခါမှာလည်း လူထုက တရုန်းရုန်းနှင့် မျက်ခြည်ပြတ်မခံ။ ညပိုင်းမှာတင် ရန်ကုန်နယ်မြိတ်တော်တော်များများမှာ အန်အယ်လ်ဒီအနိုင်ရကြောင်း သိလာပြီ။ ညဘက် ဘီဘီစီ၊ ဗွီအိုအေတို့မှာလည်း နယ်မြို့တော်တော်များများမှာ အန်အယ်လ်ဒီအနိုင်ရကြောင်း သတင်းတွေကြားလာရသည်။ နောက်ဆုံးမှာလိုင် ၁ ရက်နေ့မှာ တရားဝင်ကြေညာချက် ထွက်လာခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၃ ပါတီမှ အမတ်လောင်း ၂၃၈၀ ဦးက အမတ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



၄၈၅ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ရာ အန်အယ်လ်ဒီမှ အမတ်နေရာ ၃၉၂ နေရာအတွက် အနိုင်ရခဲ့သည်။ *အတားအဆီး အနှောင့်အယှက်တွေ ကြားမှ လူထုက တာဝန်ကျေလွန်းခဲ့သည့် သည်ရလဒ်ကို နားထောင်တွေ့ မြင်ရင်း ကျွန်မတို့တွေ ကြည်နူးမျက်ရည်ကျခဲ့ရသည်။*

သို့သော် မကြာမီမှာပင် ရွေးကောက်ပွဲပြီးရုံနှင့် တပ်မတော်၏ တာဝန် တွေ မပြီးသေးကြောင်း နဝတက လေသံပြောင်းပြောလာသည်။ အခြေအနေ က မဟန်တော့သည်ကို ရိပ်မိသည့် ရွေးချယ်ခံအမတ်တွေက ဇူလိုင် ၉ ရက်နေ့မှာ နဝတထံ လွှတ်တော်ခေါ်ယူပေးရေး စာပို့ခဲ့သည်။ သို့သော် နဝတဘက်မှ တုံ့ပြန်မှုက အခြေခံဥပဒေအသစ်ကို ရေးဆွဲပြီးမှသာ ထိုအခြေခံ ဥပဒေအရ လွှတ်တော်ခေါ်ယူရေးကို လုပ်ပေးနိုင်မည်ဟု ဖြစ်လာခဲ့သည်။ လူထုအပါအဝင် ပါတီတွေအားလုံးက လမ်းစပျောက်တော့မည်ကို သတိထား မိလာကြသည်။ မျှော်လင့်ချက်တွေ တသီကြီးနှင့် ရှိခဲ့ရာမှ ခုလို မရေရာသည့် အနေအထားကို ပြန်ရောက်မလို ဖြစ်ရမည့်အရေးတွေ ဖြစ်လာသည်။ သည်မှာ ဇူလိုင် ၂၇ မှ ၂၉ အတွင်း အန်အယ်လ်ဒီမှ ရွေးချယ်ခံအမတ်တွေက ဗိုလ်အောင်ကျော်လမ်း ဂန္ဓီခန်းမမှာ အစည်းအဝေးကြီးတစ်ခု ကျင်းပလာခဲ့ သည်။ လူထုက သည်အစည်းအဝေးကနေ စင်ပြိုင်အစိုးရတစ်ရပ် ဖွဲ့လိုက် ကာ နိုင်ငံတကာမှ အသိအမှတ်ပြုမှုကို ခံယူပြီး တိုက်ပွဲပုံသဏ္ဌာန် ဖော်လေ မည်လားဟု မျှော်လင့်ကြပြန်သည်။ အန်အယ်လ်ဒီအနိုင်ရသည်ဟု ကြေညာ ပြီးသည်နှင့် တရုတ်သံအမတ်ကြီးက ရုံးချုပ်အထိ လိုက်လာပြီး ဂုဏ်ပြု စကားဆိုခဲ့သည်ကို ထောက်ကာ ထိုစဉ်က နိုင်ငံတကာ၏ အားပေးမှုကို မလွဲမသွေ ရနိုင်သည်ဟု တွက်ကြသည်။ သို့သော် ထင်သလို ဖြစ်မလာ။ အန်အယ်လ်ဒီက လွှတ်တော်ခေါ်ယူပေးရေးနှင့်သာ ပွဲသိမ်းလိုက်သည်။ ရန်ကုန်မှာ နိုင်ငံရေးအရ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေချိန်တွင် မန္တလေးမှာ သံဃာ တွေက သပိတ်မှောက်ကံဆောင်ပွဲကို ကျင်းပလိုက်ကြသည်။ ဘုရားဟောအရ ကံဆောင်ကြခြင်းဖြစ်ပြီး လူထုအပေါ် ညှဉ်းပန်းနှိပ်စက် မတရားပြုကျင့်သည့် စစ်တပ်၏ သာရေး နာရေးကိစ္စအဝဝကို သံဃာတော်များက လျစ်လျူရှု သပိတ်မှောက်လိုက်ခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် အများစုရှိသည့်အတွက် တင်းတိမ်ရောင့်ရဲပြီး နိုင်ငံရေးအရ မတက်ကြွနိုင်ဟု အထင်ခံရသည့် မြန်မာ့ မြေပေါ်မှာ ဗုဒ္ဓဘာသာရဟန်းတော်များက နိုင်ငံရေးလှုပ်ရှားမှုတစ်ခုကို ဦးဆောင်လိုက်ခြင်း ဖြစ်သည်။



## ဘာတွေဖြစ်ကုန်ကြပြီလဲနှင့် နောက်ဆုံးနှစ် အပိုင်း(ခ)

သည်ကြားမှာ ထုံ့ပိုင်းထုံ့ပိုင်းနှင့် ဆွေးနွေးဖြစ်နေသော လက်ကမ်း စာစောင် ဖြန့်ချိရေးကိုလည်း သိပ်လုပ်ချင်နေခဲ့သည်။ သည့်မတိုင်ခင်က အရှိုးသားနေ့အထိမ်းအမှတ်အဖြစ် လုပ်ခဲ့ဖူးသည့် အတွေ့အကြုံကလည်း ရှိနေသည်။ သည်အချိန်မှာ ကိုမင်းလူက 'ဘာတွေဖြစ်ကုန်ကြပြီလဲ' ကဗျာ ကို လာပြသည်။ သူ့ထုံးစံအတိုင်း ဟာသနှောပြီး ရေးထားသည့် သရော်စာ ကဗျာဖြစ်နေကာ သဘောအကျကြီးကျပြီး ဦးမျိုးမြင့်ညိမ်းနှင့်အတူ ထိုကဗျာကို ရိုက်လက်ကမ်းစာစောင်ဖြစ်အောင် ကြံလိုက်ကြကာ သုံးရောင်ခြယ်က ကိုစိန် ထိုင်လက်ကို အပ်လိုက်သည်။ သည့်နောက်ပိုင်းမှာ ကဗျာက မိတ္တူပြန်ကူးပြီး ဆောင်းကြသည်အထိ လူထုကြားမှာ ပေါက်လာသည်။ မဂ္ဂဇင်းတိုက်မှာက လည်း လုပ်လက်စ ရုပ်ရှင်အမြုတေက မှတ်ပုံတင်ပိုင်ရှင်မှ ပြန်ယူသွားသဖြင့် ဦးဝင်းငြိမ်းနာမည်နှင့် ထုတ်ဝေခွင့်ကျကာစ 'ရွှေအမြုတေမဂ္ဂဇင်း'ကို လုပ်ဖြစ် ကြသကဲ့သို့ နားထားသည့် ပေဖူးလွှာကိုလည်း ဇွန်လမှာကတည်းက တစ်ပြန် အသက်သွင်းဖြစ်ကာ ကျွန်မက 'လေးနက်'ကလောင်နာမည်နှင့် စာပေရေးရာ အင်တာဗျူးတွေကို တာဝန်ယူခဲ့သည်။ ထုတ်ကာစ 'ရွှေ'က ပေါ့ပ်အသား ဆေးမို့ အလုပ်မရှုပ်သော်လည်း 'ပေဖူးလွှာ'ကတော့ ရသဦးစားပေးမို့ ဂရုစိုက် ရသည်။ ကျောင်းတစ်ဘက်နှင့်မို့ ယခင်လောက် မကူနိုင်တော့သည့်တိုင် ကိုယ်တာဝန်ယူထားသည့်ကဏ္ဍကိုတော့ ကျွန်မက လစဉ်အချိန်မှီ ပေးနိုင် အောင် ကြိုးစားဖြစ်သည်။

ကိုမင်းလူက 'ကလောင်ငယ်'ကဏ္ဍကို တာဝန်ယူပေးပြီး ထိုကဏ္ဍ အတွက် Logo လိုဂိုကို ကျွန်မနှင့် ဆေးကျောင်းအတန်းဖော် ဒီဇိုင်နာ နိုးကျော်က ကလောင်တံကို ခွပ်ဒေါင်းလိုဖြစ်အောင် ရေးပေးသည်။ ထိုအချိန် ဩဂုတ်လဆန်းမှာ အမတ်တော်တော်များများ အဖမ်းခံလိုက်ရသကဲ့သို့ ဘုန်းကြီးကျောင်းတစ်ရာကျော်ကို ဝင်တိုက်ခိုက်ကာ သံဃာတော်များ ရာနှင့် ချီကာ အဖမ်းခံရ၊ ထောင်ချခံလိုက်ရသည်။ အမတ်တွေကို စင်ပြိုင်အစိုးရ ဖွဲ့ရေးအတွက် လျှို့ဝှက်အစည်းအဝေးကျင်းပမှုဖြင့် ထောင်ဒဏ်အနှစ်နှစ်ဆယ် ချမှတ်ခဲ့သကဲ့သို့ သိက္ခာကြီး ဝါကြီး နာမည်ကြီး ဆရာတော်ကြီးများကိုလည်း ထောင်ဒဏ်ဆယ်နှစ်အထိ ချမှတ်ခဲ့သည်။ နဝတသတင်းဌာနက နောက်ပိုင်း ထုတ်ပြန်သော ရှင်းတမ်းစာအုပ်တွင် ပဉ္စင်းတစ်ပါး၏ ပြင်မှာ 'မွှာစရိုသ

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်ရောက်ရန် ထိုကျောင်းတိုက်သို့ ရောက်ရှိနေသဖြင့်'ဟု ပါလာသည်အထိ ရမ်းရမ်းကားကား ဖမ်းဆီးအပြစ်ပေးခဲ့ကြသည်။ ထို့ထက်ဆိုးသည်က သံဃာအများစုကို ရဲဘက်စခန်းနှင့် ဝေးလံသောထောင်များသို့ပို့ကာ လူဝတ်လည်း ချွတ်လဲခိုင်းခဲ့ခြင်းဖြစ်သည်။ သည်လိုနှင့် နောက်ဆုံး နှစ်အပိုင်း (ခ)စာမေးပွဲဖြေရန် လပိုင်းအလိုမှာ စိတ်မချမ်းမြေ့ဖွယ်တွေက တသီကြီးဖြစ်လာသည်။ ကိုယ့်အရေးနှင့်ကိုယ် မအေးရသည့်အထဲ အီရတ်က ကူဝိတ်ကို ဝင်ကျူးကျော်ပြီး ပင်လယ်ကွေ့စစ်ပွဲက လည်း ဖြစ်လာသည်။ သတင်းဝေ်နေသည့် လူထုက ပင်လယ်ကွေ့ စစ်ပွဲသတင်းပါသည့် မဂ္ဂဇင်းကို အားပေးလိုက်ကြသည်မှာ အလွန်ပင်။

## ညောင်သီး၊ လေးသံများနှင့်အတူ

ဆေးကျောင်းမှာ နောက်ဆုံးနှစ်အပိုင်း(ခ)စာမေးပွဲကို လူတိုင်းကကြောက်ကြသည်။ နောက်ဆုံးနှင့် အရေးအကြီးဆုံး၊ အခက်ဆုံး စာမေးပွဲလည်းဖြစ်သည်။ စာမေးပွဲက ရေးဖြေတွေကို စက်တင်ဘာ ၂၄ မှာ စတင်မည်။ စက်တင်ဘာ ၉၊ ၁၀၊ ၁၂ ရက်တို့မှာ ကိုစိန်လှိုင်၊ ဦးမျိုးမြင့်ညိမ်းနှင့် ကိုမင်းလူတို့ အဖမ်းခံလိုက်ရသည်။ ကျွန်မက စာမေးပွဲဖြေခါနီး မဂ္ဂဇင်းတိုက်မသွားတော့ဘဲ နားမည့်အစီအစဉ်အစား တိုက်မှာ မိုးလင်းကမိုးချုပ် အလုပ်လုပ်ရသည့်အစီအစဉ်ကို ပြောင်းလိုက်ရသည်။ ထိုစဉ်က ဦးဝင်းငြိမ်းက ရုံးဝန်ထမ်းဖြစ်ပြီး ဖောင်ဆင်းဖောင်ကိုင်အပိုင်းကိုလည်း လုပ်လေ့မရှိသဖြင့် ကျွန်မမှ တိုက်မသွားလျှင် မဂ္ဂဇင်းတွေ ကမောက်ကမ ဖြစ်သွားနိုင်နေသည်။ ကိုမင်းလူ တာဝန်ယူခဲ့သည့် ကလောင်သစ်ကဏ္ဍကိုလည်း ကျွန်မကပဲ ဆက်လက်တာဝန်ယူလိုက်ရသည်။ ဖြစ်ချင်တော့ ဖောင်ပိတ်ရက်နှင့် စာမေးပွဲရက်က တစ်ထပ်တည်း။ သူတို့သုံးယောက် ပါသွားသွားချင်းမှာ နောက်ထပ်ကြောက်ရသည်က ကျွန်မကို ဘယ်တော့လာဆွဲမလဲဆိုသည့်ကိစ္စ။ သုံးယောက်အနက် သည်ကိစ္စမှာ ကျွန်မအနေနှင့် ထိုကဗျာကို ထုတ်ဖြစ်အောင် အစအဆုံး ကူညီခဲ့သည်ကို အတိအကျသိသူက ဦးမျိုးမြင့်ညိမ်း၊ အတန်အသင့်သိသူက ကျန်နှစ်ယောက်လုံး။ သည်တော့ တစ်ယောက်မဟုတ် တစ်ယောက်က နှိပ်စက်သည့် ဒဏ်မခံနိုင်ဘဲ ဖော်လျှင် သည်စာမေးပွဲတောင် ဖြေရဖို့လမ်းမမြင်။ စာမေးပွဲအတွက် သောက၊ လုပ်ဖော်ကိုင်ဘက်တွေအတွက် သောက



နှင့် မိမိလုံခြုံရေးအတွက် သောကတွေက များသလောက် လူက တစ်စက်မှ မနားနိုင်။ မဂ္ဂဇင်းနှစ်အုပ် ထွက်ဖြစ်အောင် အလုပ်လည်း လုပ်၊ စာလည်း ကျက်။ စာမေးပွဲကို မနက် ကိုးနာရီကနေ ဆယ့်နှစ်နာရီထိ ရေးဖြေဖြေနေခိုက် အခန်းရှေ့မှာ လူစိမ်းဖြတ်သွားတာ တွေ့လျှင် ကျောချမ်းလာ၊ ကြက်သီးထလာရတာလည်း မကြာခဏ။ စာမေးပွဲပြီးတော့လည်း ၃၃ လမ်းပြေး၊ အမ်မီကိုင်၊ ဖောင်ဆင်း၊ စာမူရွေးချယ်၊ ပရုဖ်ဖတ်၊ ပုံအပ်။ ထိုစဉ်က တံခွန်အယ်ဒီတာ ဦးစိန်မျိုးမြင့်ကတော့ ညနေစောစောပိုင်းမှာ လာကူပေးပြီး သူကလည်း စမ်းချောင်းမှာနေသည်မို့ အတူပြန်ကြသည်။ အိမ်ပြန်ရောက်မှ နောက်နေ့မနက် ကိုးနာရီမှာ ဖြေရမည့်ဘာသာအတွက် စာစကျက်။ ရေးဖြေမပြီးခင်း သည်လိုပုံနှင့် ကျွန်မက စက်ရုပ်တစ်ရုပ်လို လည်ပတ်နေခဲ့သည်။ စိတ်သောကအပူတွေအတွက်ကတော့ မူလကအတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ ရွတ်နေကျပရိတ်၊ သုတ္တန်တွေ ရွတ်ဖတ်။ သည်လိုနှင့်သာ ကျွန်မ ခံနိုင်ရည်ရှိရှိ အလုပ်မပျက်အောင် ကြိုးစားခဲ့ရသည်။ စာမေးပွဲအတွက်ကတော့ တော်တော်ဆေးဝေးကတည်းက စာတွေကြိုဖတ်ပြင်ဆင်ထားသည်မို့ သိပ်မကြောက်။ သောကာ စာမေးပွဲကျသွားပြီး နောက်ခြောက်လမှာ ကိုယ်ကထောင် မကျသေးလျှင် ထပ်ဖြေလို့ ရသေးသည်။

ရေးဖြေအပြီးမှာတော့ အချိန်အနည်းငယ် အားလာကာ ခုထိလည်း အဖမ်းမခံရသေးသဖြင့် ကိုယ့်လူတွေ ကိုယ့်ကိုညာကာ ပထုတ်လိုက်ကြပြီဟု ယုံမိနေသည်။ သို့သော် သူတို့ကို ပြန်မလွှတ်သရွေ့၊ တရားမစွဲသရွေ့ စိတ်တော့ မချရသေး။ နှုတ်ဖြေအတွက် ပြင်ဆင်ရသည်က သိပ်မခက်တော့။ စာမေးပွဲကို ခွဲစိတ်နှင့် သားဖွားမီးယပ်ပညာမှာ အမှတ်ကောင်းကောင်းနှင့် အောင်သော်လည်း ဆေးပညာဘာသာကတော့ အောင်သည်ဆိုရုံ။ သည်အချိန်မှာ မထင်မှတ်ဘဲ ဦးဝင်းငြိမ်းက လေဖြတ်သွားသည်။ သူ့ကိုယ်စားအလုပ်တွေလည်း လုပ်လာရသလို သူ့ကိုလည်း ဆေးရုံမှာ သွားကြည့်ရသည်။ တိုက်မှာတော့ ဆရာမမြနှောင်းညိုက အင်အားဖြည့်ကူလာသလို ကိုလင်းနိုင်ဦး၊ ပန်းချီမြင့်မောင်ကျော်တို့ကလည်း ကူကြသည်။ သို့သော် အလုပ်လုပ်ရသည်မှာ အဆင်မပြေ။ ကျွန်မကလည်း အလုပ်သင်ဆရာဝန်ဖြစ်သွားပြီမို့ နေ့ဂျူတီ၊ ညဂျူတီတွေနှင့် တိုက်အတွက် ယခင်ကလောက် အချိန်မပေးနိုင်တော့။ သည်အချိန်မှာ ဦးမျိုးမြင့်ညိမ်းတို့ သုံးယောက်ကို ရုံးထုတ်ပြီး တစ်လခန့်အကြာမှာ ထောင်ခုနစ်နှစ်စီ ချလိုက်သည်။ သူတို့မိသားစုတွေကို

www.burmeseclassic.com

www.burmeseclassic.com



အားပေးတာ၊ သူတို့ချန်ခဲ့သည့် အလုပ်တွေကို စေတနာ့ဝန်ထမ်း လုပ်ပေးတာတွေသာ တတ်နိုင်ခဲ့သည်။

## အမည်မခံ အယ်ဒီတာဘဝ

'ပေဖူးလွှာ' အင်တာဗျူးကို ကျွန်မက တာဝန်ယူထားရာမှာလည်း ဝတ္ထုတိုသမားတွေကို ယေဘုယျဆန်သော မေးခွန်းများဖြင့် သုတေသနဆန်ဆန် တင်ဆက်ခြင်းဖြစ်ရာ သူ့ဟာနှင့်သူတော့ ဗာဟီရမများ။ တစ်ဦးချင်း၏ လက်ရာတွေကို ကောက်နုတ်မေးမြန်းစရာ မလို။ ကျွန်မအတွက် အလုပ်များစေသည်က 'ကလောင်ငယ်'ကဏ္ဍ။ သည်ကဏ္ဍက စာမူအဝင်များသထက်များသလို သည်ကဏ္ဍမှနေ ကလောင်ကြီးများ၊ နာမည်ရကလောင်ရှင်များ၊ အယ်ဒီတာများပင် ပေါ်ထွက်ခဲ့ပါသည်။ ထိုကဏ္ဍကိုတော့ ကျွန်မ သံယောဇဉ်အတော်ကြီးခဲ့သည်။ စိတ်တိုင်းကျရွေးပြီး အကောင်းဆုံးဖော်ပြသကဲ့သို့ စာမျက်နှာလည်း များများပေးဖြစ်ခဲ့ရာ စိစစ်ရေးနှင့် စကားအများဆုံး ပြောရသည့်ကဏ္ဍလည်း ဖြစ်ခဲ့ပြန်သည်။ နောက်ပိုင်းမှာ 'ပေဖူးလွှာ' ဌေး ထုတ်သည့်သူကို တခြားအယ်ဒီတာအဖွဲ့နှင့်သာ ဆက်လုပ်ဖို့ ပြောဖြစ်စရာ အကြောင်းတွေ ပေါ်လာသည်။ 'ရွှေ'ကတော့ ပေါ့ပ်မို့ သူ့ဟာနှင့်သူ သွားလို့ရနေသည်။ သည်လိုနှင့် အလုပ်သင်ဆရာဝန်ဘဝကိုသာ အပီအပြင် ခံယူလိုက်ပြီး လွတ်လပ်သော စာရေးသူဘဝ ပြန်ရောက်သွားသည်။ ကမ္ဘာကြီးကတော့ ပြောင်းလဲစပြုနေပြီ။ အောက်တိုဘာလဆန်းမှာကတည်းကဲ ဂျာမနီနှစ်နိုင်ငံက ပေါင်းစည်းသွားသည်။ လလယ်မှာ ဂေါ်ဘာချော့ဗ် ငြိမ်းချမ်းရေးနိုဘယ်ဆုရကြောင်း သတင်းတွေ ဖတ်ကြရသည်။ အရှေ့အလယ်ပိုင်း အစ္စရေးနှင့် ပါလက်စတိုင်းကတော့ ချမြဲ နက်မြဲ။ ၁၉၉၀ နှစ်ကုန် ဒီဇင်ဘာ ၁၈ မှာတော့ နယ်စပ်ဖြတ်ကျော် ထွက်ပြေးသွားသည့် ရွှေကောက်ခံအမတ်များ စုပေါင်းကာ အဝေးရောက်ညွှန့်ပေါင်းအစိုးရကို ဖွဲ့ခဲ့သည်။

၁၉၉၁ နှစ်ဆန်းမှာ သဲကန္တာရမုန်တိုင်းစစ်ဆင်ရေးဆိုကာ အီရတ်ကို အပြုတ်နှံသည့် စစ်ဆင်ရေးကို အမေရိက ဦးစီးခဲ့သည်။ တစ်လအတွင်းမှာ အီရတ်ခေါင်းဆောင် ဆဒမ်ဟူစိန်က သူ့တပ်တွေကို ကူဝိတ်ကနေ ရုပ်ပေးလိုက်သည်။ မြန်မာလူထုက အားကျပြီး ဟိုမျှော်သည်မျှော် မျှော်တတ်လာသည်။ မဂ္ဂဇင်းတွေကလည်း အားရဝမ်းသာဖော်ပြကြသည်။ မတ်လဆန်းမှာ



ချိုးဆလစ်တွင် မီလိုဆိုဗစ်ကို ဆန္ဒပြမှုတွေ အကြီးအကျယ်ဖြစ်လာသည်။ မြန်မာပြည်တွင်းမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဥက္ကဋ္ဌဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းတင်တို့ကို အဖွဲ့မှထုတ်ပြီး ပြန်လည်ဖွဲ့စည်းလိုက်သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေဖြစ်လာသည်။ ရုရှားမှာလည်း ဂေါ်ဘာချော့ဗ်နောက်ပိုင်း ခေါင်းဆောင်ပိုင်းအခြေအနေတွေက ပြောင်းလဲနေသည်။

## အလုပ်သင်ဆရာဝန်ဘဝနှင့် မောင်သော်ကာ၏နောက်ဆုံးနေ့များ

ကျွန်မအတွက် အမှတ်မထင်သည့် အမှတ်တရဖြစ်ရပ်တစ်ခုလည်း ဧပြီလဆန်းမှာ ဖြစ်ခဲ့သည်။ ထိုစဉ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှာ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ကျနေခဲ့ သည်။ အရေးပေါ်ဌာနမို့ အလုပ်က မအားလှ။ တစ်နေ့ (၈ ရက်နေ့)တော့ ကျွန်မတို့ အလုပ်ရှုပ်နေချိန်မှာ အကျဉ်းဦးစီးယူနီဖောင်းတွေနှင့် လူတစ်သိုက်က အခန်းထဲ ဖိုးဖိုးဖားဖားတတ် ဝင်လာပြီး သေဆုံးလူနာ ပါလာသဖြင့် သေဆုံးကြောင်းအတည်ပြုပေးရန် ပြောကြသည်။ လူနာကို အရေးပေါ်ခန်းထဲ ခေါ်လာပေးဖို့ တာဝန်ကျဆရာဝန်အစ်မက ပြောသော်လည်း သူတို့က တင်းတင်းမာမာ ငြင်းကြသည်။ သည်တော့ ထိုအစ်မက ကျွန်မကို လက်နှိပ်ဓာတ်မီးယူခဲ့ပြီး သူ့နောက်လိုက်ပေးဖို့ ခေါ်သည်။ ကျွန်မတို့က အရေးပေါ်ဌာနရှေ့မှာ ရပ်ထားသည့် စစ်ဟီးနိုးကားကြီးပေါ်ထိ တက်ကြည့်ရသည်။ လူနာက နိုင်ငံရေးအကျဉ်းသားဖြစ်မည်ဟု ကျွန်မ မှန်းတတ်နေခဲ့သော်လည်း ကျွန်မနှင့် သိကျွမ်းသူ မဟုတ်တာတော့ သေချာနေသည်။ အတော်ကြီး နွမ်းနွမ်းနယ်နယ်ဖြင့် သေဆုံးသွားရသည့်ပုံရှိသော်လည်း သူငယ်အိမ် အလုပ်လုပ်မလုပ်သာ စမ်းသပ်နိုင်ပြီး ဒဏ်ရာအနာတရ ရှိ၊ မရှိ ကြည့်ခွင့်မသာ။ သူတို့အုပ်စုက ကျွန်မတို့ကို အမြန်ဆင်းပြီး သေစာရင်း အမြန်ထုတ်ပေးဖို့ လောနေကြသည်။ စာရင်းဖြည့်ကာမှ ဦးညိုဝင်းမှန်း သိရတော့သည်။ စာရေးဆရာမ မစန်းမွှေး၏ ခင်ပွန်း ယခင်ပြည်သူ့အရေးတော်ပုံပါတီမှ ဦးညိုဝင်းပင်။ သည်လိုနှင့် ကျွန်မ၏ ဆေးရုံကြီးအလုပ်ခွင်သည် စိတ်မချမ်းမြေ့ဖွယ်ရာများနှင့် ပြည့်သည်ထက် ပြည့်လာခဲ့သည်။

အဆိုးဆုံးနှင့် မည်သို့မျှ မမေ့နိုင်သော အတွေ့အကြုံက ၁၉၉၁

www.burmeseclassic.com



ရှိသောနေရာမှာ မြင်ခဲ့သည်။ ထိုစဉ်က ကျွန်မက ညဂျူတီ။ ညနေပိုင်း ဂျူတီအဝင်မှာ ကျွန်မကို ဂျူတီလဲသွားသည့် သူငယ်ချင်းက တီးတိုးသတင်း ပေးသွားသည်။ ဆရာမောင်သော်က ညနေက ဆေးရုံရောက်လာကြောင်း၊ Heart Attack မို့ စိုးရိမ်ရကြောင်း၊ ယခု Intensive Care Unit (Cardiac ward) နှလုံးရောဂါဌာန အထူးကြပ်မတ်ဆောင်သို့ ပို့ထားကြောင်း၊ ဆရာက ဝေဒနာကြောင့် နွမ်းလျနေသော်လည်း သူ့ကိုမေးသမျှကို ကောင်းကောင်းဖြေနိုင်သေးကြောင်း ပြောလာသည်။ ကျွန်မကတော့ ဘယ်လောက်ပဲ ဆရာ သတိကောင်းနေသေးသည်ဆိုဆို အလွန်အမင်း စိတ်ပူသွားခဲ့သည်။ အရေးထဲမှာ ထိုနေ့ညက အဆိပ်သင့်လူနာတွေ တပုံတပင် ရောက်လာသည့် အတွက် ကျွန်မအဖို့ ဘယ်ကိုမှ မသွားသာ။ စိတ်ထဲမှာတော့ အခုပင်ပြေးပြီး အိုင်စီယူကို သွားကြည့်ချင်နေသည်။ သို့သော် သူငယ်ချင်းက 'ငါတို့က အဲဒါ မျက်စိကောင်းသေးရဲ့လားလို့မေးတော့ အဘိုးကြီးနဲ့ ကောင်မလေးဆိုရင် ကောင်မလေးပဲ မြင်တယ်လို့ ပြန်ဖြေတယ်'ဟု ပြောသွားတာကို တွေးပြီး ဆရာ့သရော်စာအစွမ်းကို တသသ သဘောကျပြီး ဖြေသိမ့်နေရသည်။ ထိုစဉ်က နဝတ ဥက္ကဋ္ဌက ဗိုလ်ချုပ်ကြီးစောမောင်ဆိုသည့်တိုင် အများစုက အာဏာသည် အဘိုးကြီးဦးနေဝင်းလက်ထဲမှာသာ ရှိသေးသည်ဟု ယူဆနေကြချိန်ဖြစ်ပြီး အစ်မဒေါ်အောင်ဆန်းစုကြည်ကိုလည်း အတွေ့အကြုံမရှိသည့် မိန်းကလေး(ကောင်မလေး)အဖြစ် သူတို့စစ်တပ်ဘက်က စကားတင်းဆိုနေချိန် ကိုး။

## တစ်ခါတုန်းက မောင်သော်က

ဆရာမောင်သော်ကနှင့် ပတ်သက်လျှင် ကျွန်မမှာ သတိရစရာတွေက လည်း များလွန်းသည်။ အရေးအခင်းဟောပြောပွဲတွေမှာလည်း လိုက်နားထောင်ဖြစ်ခဲ့ပြီး နောက်ပိုင်း ပုံနှိပ်တိုက်တစ်ခုမှာ ဆရာနှင့် အယ်ဒီတာတွေစုပြီး ပြောကြသည့်အခါတွေမှာလည်း ကျွန်မက လိုက်နားထောင်ဖြစ်သည်။ နောက်တော့ ကစ်ပလင်း၏ 'အံကယ်၍'ကို ကျွန်မက ဘာသာပြန်မှန်း သိသွားသည့်အခါမှာလည်း 'သတ္တိရှိလိုက်တာ။ ငါက မနိုင်မှာကြောက်လို့ မပြန်ရဲသေးတာ။ နင်က ရဲရဲကြီးကို လက်စွမ်းပြတော့တာကိုး။ သတ္တိကောင်းမှ ကောင်း'ဟု တပြုံးပြုံးနှင့် လက်မထောင်ပြရင်း ပြောမဆုံးတော့။ ကျွန်မတို့



ဘိုင်းငါးတိုင်းနှင့် ရှမ်းပြည်မြောက်ပိုင်းခရီးမှာလည်း သူက ရှေ့ဆို၊ စစ်ကိုင်းခရီးစဉ်တွေကို ဦးဆောင်စီစဉ်ခဲ့သည်။ ထိုစဉ်က မှတ်တမ်းအတွက် ကားပေါ် အဆင်းအတက်လွယ်အောင် ကျွန်မက ဟိုင်းလပ်စ်ကို လက်တန်းမှာ ခိုစီးလေ့ ရှိရာ သူက စိတ်ပူလို့မဆုံး။ ကျွန်မကို အားလုံးက မိန်းကလေးတစ်ယောက်လို သတ်မှတ်ထားကြသည့်တိုင် သည်လိုခိုစီးတာကိုတော့ ခွင့်မပြုသင့်ဟု သူတို့ဦးမျိုးမြင့်ညိမ်းကို တဖွဖွပြောခဲ့ဖူးသည်။ ဆရာ့သရော်စာတွေရော၊ ကိုယ်တွေ့ဖြစ်ရပ် 'တိုက်ရေယာဉ် ၁၀၃'ကိုပါ နှစ်နှစ်ကာကာ သဘောကျခဲ့ရ သူမို့ ကျွန်မက နောင်မှာ သူရေးဖြစ်မည့် ထောင်တွင်းအတွေ့အကြုံတွေကို လည်း ဖတ်ချင်ခဲ့သည်လေ။

သည်တော့ ထိုနေ့ည ဂျူတီကထွက်တော့ အိမ်ပြန်ရေမိုးချိုးပြီး မအိပ် တော့ဘဲ ဆေးရုံကို ပြန်လာခဲ့ကာ မနက်ပိုင်းတာဝန်ကျသည့် သူငယ်ချင်းကို အကူအညီတောင်းရသည်။ သူက သဘောတူကာ ဆရာ့ကို ရှာပုံတော်ဖွင့်ကြ သည်။ နှစ်ယောက်လုံး ဂျူတီကုတ်၊ နားကြပ်တွေကိုယ်စီနှင့် နှလုံးရောဂါဌာန အထူးကြပ်မတ်ဆောင်ကို သွားရာလမ်းမှာ စိတ်ထဲက အတော်ကြီးဝမ်းနည်း နေပြီ။ သည် အဆောင်ရှေ့နေရာမှာ ၁၉၈၈ က သပိတ်စခန်းချသည့် နေရာ။ အစ်မ ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးလူထုတရားပွဲ သည်နေရာ မှာ။ သည်ပွဲမှာ အစ်မနှင့် လူထုကို မိတ်ဆက်ပေးခဲ့သူက ဆရာ။ ဆရာ သည်နေရာဝန်းကျင်ကို သည်လိုလူနာအဖြစ် ပြန်ရောက်လာရတာ ဘယ်လိုမှ စိတ်အေးစရာမရှိ။ မေးမြန်းစုံစမ်းပြီး အတော်ကြာမှ ဆရာ့ကို ထားသည့် သီးခြားအခန်းကို သိခဲ့ရသည်။ အခန်းဝမှာ အရပ်ဝတ်နှင့် ထောက်လှမ်းရေး ဟု ယူဆရသူတွေရှိနေတာကို ကျွန်မတို့ သတိထားမိကြသည်။ အခန်းတံခါး က ပိတ်ထားသည်မို့ ခွင့်တောင်း ပြီးဝင်ဖို့ မဖြစ်နိုင်မှန်းလည်း ရိပ်မိသည်။ ကံကောင်းချင်တော့ သူနာပြု ဆရာမတစ်ဦးက ဆေးအိုးကြီးတစ်လုံးကို ကိုင်ကာ အခန်းတံခါးကို ဖွင့်လိုက်သည်။ ကျွန်မတို့နှစ်ယောက်သားလည်း ခုန်းခနဲ အခန်းထဲကို လိုက်ဝင်ချလိုက်သည်။

## ထမ်းမချင်း ဆုံသည့် ခဏ

အခန်းထဲမှာ ဆရာက ငြိမ်သက်စွာ လဲလျောင်းလို့။ စက်တွေက ဆရာ့ကိုယ်ပေါ်မှာ။ အဝတ်အစားတွေကို စက်တွေနှင့် ဝတ်ရ ထားရ ခက်မှာ မို့ဆိုသည့်သဘောနှင့် ဆရာ့ကိုယ်ပေါ်မှာ လွှမ်းပေးထားသည်။ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ စောင်က အတော်ကြီး ညစ်နွမ်းနေသလို ထောင်မှ ပါလာသည့် ပလတ်စတစ်အသုံးအဆောင်တွေကလည်း ဟောင်းဟောင်းညစ်ညစ်တွေ။ အရောင်ပြောင်ပြောင်ဆိုလို့ စားပွဲစုတ်စုတ်ပေါ် တင်ထားသည့် လက်ထိတ်တစ်စုံသာ ရှိသည်။ စိုးတက်လာသည့် မျက်ရည်နှင့် ဝမ်းနည်းစိတ်ကို ဖုံးဖိဖို့နှင့် ကိုယ့်ကိုယ်ကို သတိလက်လွတ်မဖြစ်စေဖို့ သတိပြုမိချိန်မှာ ကျွန်မလက်တွေက ဆရာ့လက်ကောက်ဝတ်ဆီ ရောက်သွားကာ သွေးခုန်နှုန်းကို စမ်းလိုက်သည်။ အမှန်တော့ ဆရာ့သွေးခုန်နှုန်းကို မစမ်းမိဘဲ ကျွန်မ၏ တဒိန်းဒိန်းခုန်နေသော နှလုံးခုန်သံကိုသာ ကြားမိစမ်းမိနေခဲ့သည့် အခိုက်အတန့်ပါ။ ပါးစပ်မှလည်း ဆရာ့ကို ခေါ်နေကျ 'ဆရာ'နှင့် 'ကြာကြာ ဆရာ့တူများက အူရဲ့ ဘာသာဖြင့် အဘာဟုခေါ်သည့်အတိုင်း'ဟု မခေါ်မိအောင် သတိထားရသည်။ 'ဘယ်လိုနေသေးလဲ အဘာ။ နေကောင်းလား'။ ကျွန်မနှုတ်က ထွက်သွားသည့်အသံဟုပင် ကျွန်မ ကိုယ့်ဘာသာ မယုံ။ ဆရာက မျက်လုံးဖွင့်ကြည့်သည်။ ဆရာ့မျက်လုံးတွေကိုပဲ ကျွန်မက စိုက်ကြည့်နေခဲ့သည်။ ထိုခဏမှာ ဆရာ့မျက်လုံးတွေ အရောင်ပြောင်းသွားသည်။ ပြီးတော့ သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသည့် ကျွန်မလက်ဖဝါးတွေထဲမှာ သူ့လက်မကို ရအောင် ထောင်ပစ်လိုက်သည်။ ကျွန်မကလည်း ကျွန်မလက်မကို ထောင်ထားသည့်အတိုင်း သူ့လက်ဖျံပေါ် ဖိချလိုက်သည်။ ထိုခဏမှာ တစ်ကမ္ဘာလုံး တိတ်ဆိတ်နေသည်ဟုသာ ကျွန်မ မှတ်မိခဲ့သည်။ ရုတ်တရက် မှီ ကြောင်သွားသည့် ယူနီဖောင်းဝတ်ထောက်လှမ်းရေးနှင့် ရဲ၊ အကျဉ်းဦးစီးဝန်ထမ်းတွေက ဘယ်ကဘယ်လို ပေါ်လာသည် မသိ။ အခန်းထဲ ဝင်လာကြပြီ။ အခြေအနေကို ပါးနပ်သည့် သူနာပြုဆရာမကြီးက 'ဒေါက်တာတို့ ရပါပြီ'ဟု စဆိုသည်။ ကျွန်မတို့နှစ်ယောက် အခန်းပြင်ရောက်တော့ ထောက်လှမ်းရေးတစ်ဦးက ဘာအတွက်လာလဲ၊ ဘယ်ဌာနကလဲဟု ခပ်အေးအေးပဲ မေးသည်။ ကျွန်မတို့ကလည်း အရေးပေါ်မှာ ဆုံခဲ့သည့်လူနာအားလုံးကို နောက်ဆက်တွဲအခြေအနေ လိုက်ကြည့်တာဟုဆိုကာ နာမည်တွေ ပေးခဲ့လိုက်သည်။

ထိုနေ့ညနေက ဆရာ့ဇနီးကြီးကြီးဒေါ်လှရင်ဆီ အပြေးသွား သတင်းပို့ပြီး နောက်နေ့မှာလည်း ဝင်တွေ့ဖို့ ကြိုးစားမိသေးသည်။ သို့သော် မရတော့။ သူနာပြုအချို့က သူတို့ ဆရာ့ကို ကောင်းကောင်းစောင့်ရှောက်သည့်အကြောင်း စိတ်မပူရန် ပြောပြသည်။ ဆရာ့ကို အားလုံးက ချစ်ကြသလို ဌာနအကြီးအကဲ ဆရာဝန်မကြီးကလည်း အစွမ်းကုန်ကြည့်ရှုပေးနေသည့်အတွက် စိတ်ထဲမှာ



နောက်ဆုံး၊ လေးရက်ဆို ထူထူထောင်ထောင်များ ဖြစ်လာမလားဟု တွေးသည်။ သို့သော် နောက်နေ့ ဇွန် ၁၁ မနက်အစောကြီးမှာ ဆရာဆုံးကြောင်း ကြားလိုက်ရသည်။ သိသိချင်း အပြေးသွားသော်လည်း မမီတော့။ ဆရာ့ကို အဆေးတိုက်ပို့နှင့်ကြပြီ။ ဆရာဝန်အချို့နှင့် သူနာပြုအချို့က မှတ်တမ်းအချို့မှ မှတ်မိသမျှကို ပြန်ပြောပြသည်။ တတိယအကြိမ် နှလုံးအတက်ခ်ကို မနက်သုံးနာရီထိုးခါနီးမှာဖြစ်တော့ ကာဖျူးချိန် မကုန်သေးသည့်တိုင် ဆရာမကြီး ဒေါက်တာဒေါ်ခင်မေစန်းက သက်ဆိုင်ရာမှ လမ်းကြောင်းလှမ်းတောင်းပြီး အမီလာကာ အစွမ်းကုန်ကြိုးစားသော်လည်း မရခဲ့ကြောင်း၊ ဆရာက 'ငါ ဒီနေရာမှာ စပြီး ဒီနေရာမှာ ဆုံးမယ်ထင်တာပဲ'ဟု ထိုနေ့ညဦးမှာကဘဲက ပြောခဲ့ကြောင်း၊ ဆရာမကြီးမှာလည်း ယူကျုံးမရ ငိုခဲ့ကြောင်းတွေ ဝိုင်းပြောကြသည်။ ကျွန်မကတော့ ဆရာ၏ နောက်ဆုံးအကြည့်များနှင့် လက်မ:ပင်္ကေတတွေကိုသာ ပြန်တွေးရင်း ငိုချမိသည်ထက် ကြေကွဲခြင်းမျိုးဖြင့် ကြေကွဲဖြစ်ခဲ့သည်။ ဆရာရေးမည့် စာတွေ မဖတ်ရတော့မှာလောက် ကြေကွဲစရာ ဘယ်မှာ ရှိမှာပါလိမ့်။

## ယယ်အိပ်မက်ကို လမ်းခွဲခြင်း (သို့) အဝေးရောက်ဘွဲ့

ပြည်ပမှာ ဆိုဗီယက်ယူနီယံကြီး အစိတ်စိတ်အမွှာမွှာဖြစ်သွားသည့် သတင်းက ၁၉၉၁ တစ်နှစ်လုံးကို လွှမ်းမိုးထားသည်။ ပြည်တွင်းမှာတော့ ဘိုကလေးတစ်ပိုက်မှာ သောင်းကျန်းသူလှုပ်ရှားမှုတွေ ရှိသည်ဆိုကာ တပ်က အမွှထိုးစစ်ဆင်ပြီး ဖမ်းဆီးသတ်ဖြတ်မှုတွေ လုပ်လာသည်။ ကရင်တိုင်းရင်းသားအများစုမှာ ဒုက္ခကြီးစွာ တွေ့ရသည်။ သို့သော် သတင်းက ပြည်ပကို အိပ်မထွက်။ အထူးသဖြင့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းမျိုး မထွက်လာသဖြင့် ပြည်တွင်းမှာတင် ခပ်အုပ်အုပ်နှင့် ပြီးသွားသည်။ ကျွန်မတို့ဆေးကျောင်းက အလုပ်သင်ဆရာဝန်ကာလထဲမှာပင် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပသည်။ ငယ်က အိပ်မက်ထဲမှာ ရာဖူးက ဘွဲ့နှင်းသဘင်ခန်းမကြီးမှာ ပဝါနှစ်စသားချကာ အခမ်းအနား တက်ရရေးက အရေးပါခဲ့သလောက် ခုတော့ စိတ်ထဲမှာ သည်လိုအခမ်းအနားမျိုးကို ရင်ခုန်စရာထက် ကြေကွဲစရာဖြစ်သွားနေမိသည်။ အတန်းဖော် အချို့က ဘယ်ဆီဘယ်မှာ ရောက်နေသည်မသိသည့် အခမ်းအနားတက်ရမှာကို စိတ်မတွေ့။ ထူးချွန်သော အတန်းဖော်အချို့

www.burmeseclassic.com

www.burmeseclassic.com



ထလည်း သည်လိုပဲ သဘောရကြသည်။ တစ်ဖန် ဆေးကျောင်းအစဉ်အလာအရ ညှိုနှိုင်းညှိခံပွဲနှင့် အမှတ်တရစာအုပ် လုပ်ဖို့ကိုပင် အများစုက စိတ်မပါကြ။ အားလုံးက သည်အလုပ်တွေကို လူမစုံဘဲ လုပ်ရမှာ ကတစ်ကြောင်း၊ ရှုအရ မပျော်သင့်ဟု ခံယူကြသည်ကတစ်ကြောင်း၊ အထက်အဆင့်ဆင့်မှ တားမြစ်ချက် အဆင့်ဆင့်ကို လက်မခံ မလိုက်နာလိုသည်ကတစ်ကြောင်းဖြင့် မလုပ်လိုကြ။ သည်တော့ မိဘနှစ်ပါးကို အကြောင်းအကျိုးရှင်းပြပြီး အဝေးရောက်ဘွဲ့ယူဖို့ ဆုံးဖြတ်ရသည်။ အငယ်နှစ်ယောက်အဖို့ ဘွဲ့ရရေး မသေချာတော့သဖြင့် မေမေကတော့ ကျွန်မကို ဘွဲ့တက်ယူစေချင်သည်။ ဖေဖေကတော့ နားလည်သည်။ နောက်ဆုံးတော့ အဝေးရောက်ဘွဲ့ယူဖို့ပဲ အတည်ပြုလိုက်ကြသည်။ ငွေကုန်ကြေးကျလည်း နည်းမည်ပေါ့။ ပင်နီရင်ဖုံးအင်္ကျီနှင့် ပတ်စ်ပို့တ်ပုံကို အကျအနသွားရိုက်ပြီး အဝေးရောက်ဘွဲ့အတွက် ထိုဓာတ်ပုံနှင့် လျှောက်လွှာတင်လိုက်သည်။ ငွေဆယ့်ငါးကျပ်သွင်းပြီး အချိန်တန်တော့ ဘွဲ့လက်မှတ်က အိမ်ရောက်လာသည်။

သည်နှစ်မှာပင် အစ်မဒေါ်အောင်ဆန်းစုကြည်ကို နိုဘယ်လ်ဆုကော်မီတီက ငြိမ်းချမ်းရေးဆိုင်ရာ နိုဘယ်လ်ဆု ချီးမြှင့်ခဲ့သည်။ ဆုချီးမြှင့်ပွဲကျင်းပချိန်နှင့်ကိုက်ပြီး ကျောင်းသားလှုပ်ရှားမှုတစ်ခု ပေါ်လာသည်။ အစ်မအပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဖြစ်သည်။ ထိုအချိန်မှာ ကျွန်မတို့က အလုပ်သင်ပြီးခါနီး ဂျူတီခွဲတမ်းတွေနှင့် ရှုပ်ယှက်ခတ်နေသဖြင့် လှုပ်ရှားမှုဆီ မရောက်ခဲ့ရ။ သို့သော် ထောက်လှမ်းရေးတွေက ကျွန်မဆီ ရောက်လာသည်။ ဘာကြောင့်မှန်းမသိဘဲ စစ်ကြောရေးစခန်းဆီ ကျွန်မကို မျက်နှာအဝတ်စည်းပြီး ခေါ်သွားကြသည်။ သူတို့မေးသမျှတွေကို ကျွန်မ သိပ်နားမလည်။ ဘာကို သိချင်နေမှန်း မသဲကွဲ။ သူတို့က သိလားဟု မေးနေသည့် လူတော်တော်များများကို ကျွန်မ သေသေချာချာမသိ။ သိသည့် လူတွေကျပြန်တော့လည်း မဆုံတာကြာပြီဖြစ်သည့် လူများမို့ သူတို့ပုံပန်းသဏ္ဌာန်ကိုပင် ကောင်းကောင်းမဖော်နိုင်။ သူတို့ မေးသည့်အထဲမှာ ထူးဆန်းတာတစ်ခုက အဝေးရောက်ဘွဲ့ကို ဘာလို့ ယူခဲ့တာလဲဆိုတာ ပါလာသည်။ သည်တစ်ခုကိုတော့ သူတို့ မယုံမှန်းသိသိနှင့် ငွေကြေးအခက်အခဲရှိလို့ဟု ဖြေလိုက်သည်။ သို့သော် သူတို့ ဘာမှစောဒကမတက်။ နောက်တစ်ရက်မှာ ကျွန်မကို အိမ်ပြန်ပို့မည်ဟု ဆိုသည်။ မျက်နှာမှာ အဝတ်ပြန်စည်းပြီး ကားပေါ်တင်လာခဲ့ရာ တစ်နေရာမှာတော့ အဝတ်ကို ဖြည်ပေးလိုက်သည်။ ထိုခဏမှာ



မြင်လိုက်ရသည်က ရာဇူး၏ ဘွဲ့နှင်းသဘင်ခန်းမနောက်ကျော။ ကျွန်မစိတ်ထဲမှာ အတော်ကြီးခံစားလိုက်ရသည်။ သည်ခန်းမနှင့် ကျွန်မကြားမှာ အကြောင်းအရာတွေ များပြားဆန်းကြယ်လှချည့်။

## ဘာမဆို အခမဲ့လုပ်သည်

အလုပ်သင်ကာလ ပြီးဆုံးတော့ တိုက်မှာလည်း 'ရွှေ'တစ်အုပ်တည်းဖြစ်နေသည့်အပြင် ဦးဝင်းငြိမ်းလည်း နေကောင်းနေပြီမို့ ဆရာဝန်တစ်ယောက်အဖြစ် ရပ်တည်ရေးကို စဉ်းစားရသည်။ ဝန်ထမ်းဆရာဝန်ဘဝတော့ မဖြစ်ချင်။ ကိုယ်က လျှောက်သည့်တိုင် အလုပ်ခန့်မခန့်ကလည်း မသေချာ။ အထူးသဖြင့် ကိုယ့်လိုလူမျိုးကိုပေါ့။ ဆေးကျောင်းမပြီးခင် ဦးနေဝင်းပုံတွေ ဘတ္တသိုလ်အသီးသီးမှာ ဖြုတ်ချဖို့လုပ်သည့် ကျောင်းသားတွေထဲမှာ ပါသည်ချီး မှားမှားယွင်းယွင်း စွပ်စွဲခံထားရတာကလည်း ရှိခဲ့သေးသည်။ ဆရာဝန်ဖြစ်လာသော်လည်း ဆေးကုပြီး စီးပွားဖြစ်ဖို့ မမျှော်မှန်းသည့်အပြင် နွမ်းပါးသူတွေကို ဆံထုံးစိုက်၊ ဆီစိုက်ကုပေးမည့် စိတ်ဓာတ်အရ ကိုယ်ပိုင်ဆေးခန်းဖွင့်လျှင် ကျိန်းသေပေါက် မမြတ်နိုင်မှာကို သိနေသည့်အတွက် မိဘတွေကသည်း ဘွဲ့လွန်တက်ဖို့သာ ကြိုးစားစေချင်သည်။ သည်မှာ အချိန်တော်တော်များများ ပြန်အားသွားသည့် ကျွန်မကလည်း မူလအတိုင်း နိုင်ငံရေးလှုပ်ရှားသူတွေနှင့် ပိုပြီး ခပ်စိပ်စိပ်တွေ့လာကာ လုပ်နိုင်တာမှန်သမျှ အကုန်လုပ်တော့သည်။ အင်္ဂလန်မှာ ကျောင်းဆက်တက်နိုင်ရန် အခြေခံစာမေးပွဲတစ်ခုကို ဖြေဖို့ ပြင်ဆင်သလို စာတွေလည်း ပိုဖတ်ဖြစ်လာသည်။ ၁၉၉၁ ခရစ္စမတ်နေ့မှာ ဂေါ်ဘာချော့ဗ် သမ္မတအဖြစ်မှ နုတ်ထွက်သွားသည်။

၁၉၉၂ နှစ်ဆန်းမှာတော့ နောက်ထပ်ဆိုရှယ်လစ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ယူဂိုဆလားဗီးယား ပြိုကွဲပြန်သည်။ ဆလိုဗေးနီးယားနှင့် ခရိုအေးရှားတို့ လွတ်လပ်ရေး ကြေညာသည်။ ရုရှမှာ ယဲ့လ်ဆင်က ခေါင်းဆောင်ဖြစ်လာသည်။ ဖေဖော်ဝါရီလဆန်းမှာ ဥရောပသမဂ္ဂ စတင်ဖွဲ့စည်းသည်။ ဧပြီလဆန်းမှာ ဆာရာယေဗိုအရေး ပေါ်လာသည်။ တပေါင်းလပြည့်နေမှာ မြို့ထဲကအဖွဲ့တွေကို ထောင်ရှစ်နှစ်စီချလိုက်ကြောင်း ကြားရသည်။ ကျွန်မသည်း အလုပ်မရှိဖြစ်နေရင်း လုံးချင်းတစ်အုပ်ရေးဖို့ စိတ်ကူးနေသည်။ အစ်မဒေါ်အောင်ဆန်းစုကြည်၏ 'ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ခြင်း' စာအုပ်ကို

www.burmeseclassic.com



တော်ဖြစ်သည်။ နိုဘယ်လ်ဆုပေးပွဲမတက်ဖြစ်လိုက်သည့် အစ်မအတွက် တစ်ခုခုရေးချင်နေသည်။ မတ်လကုန်မှာ အစ်မစမ်းစမ်းနွဲ့(သာယာဝတီ)က ဆရာအထောက်တော်လှအောင်၏ ကျန်းမာရေးအခြေအနေမှာ နောက်ဆုံးအချိန်ရောက်နေပြီး အနီးကပ်ကြည့်ပေးမည့် ဆရာဝန်မရှိဟုဆိုသဖြင့် ကျွန်မက နေ့စဉ်သွားကြည့်ပေးဖြစ်သည်။ ဆရာ့ကို ရောဝတီခရီးစဉ်မှ ပြန်လာကာစတွင် အကူအညီတစ်ခုတောင်းခဲ့ဖူးသည်။ သည့်နောက် မတွေ့ဖြစ်ကြ။ ခုတော့ နေ့စဉ်ပြန်တွေ့ရသည်။ သို့သော် ဆရာ့အခြေအနေက မကောင်း။ အသည်းကင်ဆာဖြစ်ကာ ဆရာကြီးဦးခင်မောင်ဝင်းက ရံဖန်ရံခါ လာကြည့်ပေးသည်။ တစ်စစ ချို့ယွင်းလာတော့ ခြောက်နာရီခြားတစ်ခါ ဆော်လျူကော့တက်ဖ် ထိုးရန်သာ ညွှန်ကြားတော့သည်။ သို့သော် ဧပြီ ၇ ရက်တွင် ဆရာဆုံးသည်။

သည်လိုနှင့် သင်္ကြန်ကာလ လွန်မြောက်ခဲ့ပြီ။

ဧပြီ ၂၃ မှာ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်ကို ကျန်းမာရေးအခြေအနေကြောင့်ဟုဆိုကာ အနားပေးလိုက်သည်။ ဗိုလ်ချုပ်ကြီးသန်းရွှေ ဥက္ကဋ္ဌ ဖြစ်လာသည်။ သူ့ကိုမြင်မြင်ချင်း စိတ်ထဲမှာ ရှုရှက ယဲ့လ်ဆင်လိုလူဟု ခံစားရသည်။ နောက်နေ့ ၁၉၉၂၊ ဧပြီ ၂၄ မှာ နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်မရှိသည့် နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်ဆိုကာ သတင်းစာထဲမှာ ဓာတ်ပုံတွေ ဝေဝေဆာဆာနှင့် ပါလာသည်။ ခြံထဲမှာ ဖမ်းမိထားသည့်သူ အများစုနှင့် နိုဘယ်လ်လှုပ်ရှားမှုထဲကလူတွေ လွတ်လာသည်။ မသီဂီ၊ ကိုကေမြိုး၊ ဘကြီးမိုးနှင့်တကွ လုပ်ဖော်ကိုင်ဖက် အတော်များများ ပြန်လွတ်လာသဖြင့် ထိုရက်ပိုင်းမှာ မအားရ။ နေ့စဉ်လိုလို ထောင်ရှေ့မှာ သွားစောင့်ဖြစ်သည်။ တဖြည်းဖြည်း လွတ်ပေးတာတွေ ကြဲသွားသည်။ ကျန်သည့် ကိုယ့်လူတွေမပါနိုင်တော့ဟု တွေးမိလာသည်။ မေလဆန်းမှာ ဦးနေဝင်းက အစိုးရရုံးဌာနတွေမှာ သူ့ရုပ်ပုံတွေ ဆက်မချိတ်ကြ ပါနှင့်တော့ဟု ကြေညာလာသည်။ ကျောင်းမပြီးခင်က သူ့ဓာတ်ပုံဖြုတ်ချရန် လှုံ့ဆော်သည်ဟု စွပ်စွဲကာ ပါမောက္ခချုပ်၊ မော်ကွန်းထိန်းနှင့်တကွ ပါမောက္ခများက ခေါ်တွေ့ခံရတာ မှတ်မိကာ ရယ်ချင်နေမိသည်။ အားလုံးက အကွက်ချကစားနေသည့် စစ်တုရင်ကွက်တွေ ဖြစ်နေပြီဟု ရိပ်မိသထက် ရိပ်မိလာသည်။ သည်အချိန်မှာ မမစမ်း မိတ်ဆက်ပေးမှုဖြင့် ဒေါက်တာခင်ဇော်ဝင်းကို စတင်သိကျွမ်းကာ ဆရာ့ကြောင့် ထိုစဉ်က ဗြိတိသျှ သံတမန်ဖြစ်သည့် ဇစ်ကီဘိုမင်ကို စတင်သိရသည်။ မှတ်မှတ်ရရ ရွေးကောက်ပွဲနေ့ နှစ်ပတ်



သည် မေ ၂၇၊ ၁၉၉၂။ သည့်နောက်မှာတော့ လက်ရှိမြန်မာစာပေအခြေအနေနှင့်ပတ်သက်သည့် စာတမ်းတစ်စောင်ကို အန်နာအဲလော့တ်က ပြုစုနေသဖြင့် အကူအညီလိုသည်ဟု ဆိုသည်။ သည်မှာတင် ကျွန်မက စာမျက်နှာ ၁၅၀ ကျော်သည့် စာတမ်းတစ်စောင်ကို ပြုစုပေးဖြစ်သည်။ မြန်မာလိုဖြစ်နေသည့်အတွက် ဇစ်ကီနှင့် ကျွန်မကပဲ ဘာသာပြန်ကြရမည်မို့ ကျွန်မတို့နှစ်ယောက်ကြား ရင်းနှီးမှုက ပိုများလာကြသည်။ ဖြစ်ချင်တော့ သူနှင့်ကျွန်မက ၁၉၆၆ ဖွားတွေချည်း။ သည်လိုနှင့် ၁၉၉၂ သည် အလုပ်အရှုပ်ဆုံးနှစ်တစ်နှစ်ဖြစ်လာသည်။

ဇွန်လထဲမှာ အစ္စရေးမှာ ယစ်ဇက်ရာဘင် ဝန်ကြီးချုပ်ဖြစ်လာသလို ချက်မှာ ဟာဗဲလ်က သမ္မတအဖြစ်မှ အငြိမ်းစားယူသည်။ ဇွန်လကုန်မှာ အမျိုးသားညီလာခံအတွက် ကြိုတင်အစည်းအဝေး လုပ်မည်ဟု ကြေညာသည်။ ထိုစဉ်က ဝင်ငွေနှင့် ရာထူးရမည့် ဘာအလုပ်မှ မလုပ်တဲ၊ လုပ်နိုင်တာ အကုန်လုပ်နေသည့် ကျွန်မကို ဘကြီးမိုးက ဘားလမ်း မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံမှာ မကြာသေးခင်က လွတ်လာသည့် ဒေါက်တာတင်မျိုးဝင်း ထိုင်နေပြီမို့ ကျွန်မလည်း လုပ်အားသွားပေးသင့်သည်ဟု ပြောလာသည်။ ကျွန်မက ရုံးမှာကတည်းက ဆရာ့ကို ခပ်စိမ်းစိမ်းမို့ မသွားချင်သော်လည်း နာ့ဝန်ထမ်းဆရာဝန်ဘဝကိုတော့ လိုချင်သည်မို့ သွားဖြစ်သည်။ ဆေးရုံအနေဖြင့် လုပ်ကိုင်နေတာတွေက စိတ်ဝင်စားစရာကောင်းသလို အမှန်ယ်နွမ်းပါးသူများအတွက် အမှန်တကယ်အားကိုးရာနေရာ ဖြစ်နေသည်မို့ ပြီးလုပ်အားပေးချင်စိတ်တွေဖြစ်လာကာ ကျွန်မ မှန်မှန်သွားဖြစ်တော့သည်။

သည်ကာလတွေမှာ ၁၉၉၁ နှစ်ကုန်က တိုင်ဝမ်မှ ပြန်ရောက်နေသည့် မောင်လေးအကြီးက စက်ဘူကို ထပ်ထွက်သွားပြီး ကျွန်မတို့နောက်ကွယ်မှာ စွဲနေသည့် မောင်လေးအငယ်က အဖမ်းခံလိုက်ရကာ ထောင်သုံးနှစ်ကျသွားသည်။ ထိုစဉ်မှာ ကျွန်မက ထောင်ထဲမှ ဦးမျိုးမြင့်ညိမ်းနှင့် စာအဆက်အသွယ်ရကာ အထဲမှသတင်း အပြင်ထုတ်ကာ ဇစ်ကီနှင့်တကွ သူမိတ်ဆက်ပေးသည့် နိုင်ငံခြားသတင်းထောက်တွေကို သတင်းတွေ့ပေးဖြစ်လာသည်။ အပြင်မှ ရှားပါးသတင်းမျိုးတွေကိုလည်း အထဲကလူတွေသိအောင် ပေးနိုင်လာသည်။ မောင်လေးအငယ်ကြောင့်လည်း ထောင်သတင်းကို နိုင်ငံရေးအကျဉ်းသားအကြောင်းသာမက ရာဇဝတ်အကျဉ်းသားများ အကြောင်းပါ ပိုသိလာ

www.burmeseclassic.com



သည်။ ဆေးရုံက လုပ်အားပေးမို့ ခွဲခန်းကြီး ရှိသည့် ရက်ပိုင်းတွေမှာပဲ သွားတာ ကျန်ရက်တွေမှာ စာရေးဖို့ ကြိုးစားဖြစ်သည်။ ရွှေတိဂုံအရှေ့ဘက် မုခ်မှ အခမဲ့ကျူရှင်မှာ အင်္ဂလိပ်စာ... သင်ဖြစ်ရင်း နွမ်းပါးလှသည့် ကလေးတွေအကြောင်း ပိုသိသလို ပိုရင်းနှီးလာခဲ့သည်။ ချမ်းမြေ့ရိပ်သာမှာ တစ်ပတ်တစ်ရက် အခမဲ့ဆေးခန်းထိုင်ပေးဖြစ်သလို တို့တို့တိတိ လူမှုရေး အလုပ်တွေ လိုက်လုပ်ပေးဖြစ်သည်။ ကိုယ့်မှာသာ ဝင်ငွေရသည့် အလုပ်မရှိ သေးသော်လည်း (မောင်လေးအကြီး လှမ်းပို့သည့်ငွေနှင့် မိသားစုအဆင်ပြေရုံ ပြေနေသည့်အတွက်) သူများကို အလုပ်ရအောင် ကူရှာပေးတာမျိုးကို နေပူပူ မိုးသဲသဲ ကိုယ်တိုင်ကိုယ်ကျ လိုက်လုပ်ပေးဖြစ်နေခဲ့သည်။

## ညီလာခံအကြို၊ နေကြာအစ

သည်ကြားထဲမှာ ညီလာခံကိစ္စကို မကျေလည်သဖြင့် အကြို အစည်း အဝေး တက်ကြမည့်သူတွေကို လိုက်ဆွေးနွေးသည့်အလုပ်ကလည်း လုပ်ဖြစ် ပြန်သည်။ ထို့ကြောင့်ပင် ကယားမှ ဘာဘာဦးစောဦးရယ်၊ ကရင်မှ အစ်မ ဒေါ်နန်းခင်ထွေးမြင့်တို့နှင့် ရင်းနှီးဖြစ်သည်။ စိတ်ဝင်စားစရာအလုပ်တွေနှင့် မအားနိုင်သည့်တိုင် လုံးချင်းတစ်အုပ် ရေးချင်စိတ်က မျိုသိပ်မရ။ သည်တော့ လုံးချင်းအတွက် ရုပ်ရှင်ရိုက်ကွင်းတွေကို လိုက်ကြည့်ဖို့ ကြိုးစားရပြန်သည်။ ကိုယ်ရေးမည့် ဇာတ်မှာ ဇာတ်ကောင်က ပန်းချီဆရာမ၊ ရုပ်ရှင်သရုပ်ဆောင် ဖြစ်ကာ အကယ်ဒမီပေးပွဲ မတက်နိုင်သည့်ဇာတ်ဖြစ်ပြီး အဓိကမှာ ရိုက်ကွင်း ပေါ်က အားပြိုင်မှုအကြောင်းသာ ဖြစ်သည်။ ဇာတ်ဖွဲ့စည်းပုံနှင့် တင်ပြပုံကို သမားရိုးကျ မရေးလိုသဖြင့် ပြင်ဆင်စရာတွေက အများသား။ ကိုယ်သိချင် တာက မင်းသား၊ မင်းသမီးအကြောင်းမဟုတ်ဘဲ ရိုက်ကွင်းအထာမို့ ကျွန်မ က ကိုယ်နှင့် ခင်ခင်မင်မင်ရှိနိုင်သည့် ကိုမောင်မောင့်(မင်းသားကျော်သူ)ကို အကူအညီတောင်းဖြစ်သည်။ မရွှေစီးကွက်ဆိုတာကလည်း ကျွန်မငယ်သူငယ် ချင်းတစ်ဦး၏ အစ်မဝမ်းကွဲမို့ ခင်မင်နေသည်။ မေမေနှင့်ဖြစ်စေ၊ မမွေးနှင့်ဖြစ် စေ ကျွန်မက ရိုက်ကွင်းတွေ လိုက်ဖြစ်သည်။ မမွေးကတော့ ကျွန်မထက် အသက်ကိုးနှစ်လောက်ကြီးသော်လည်း ၈၈ အရေးတော်ပုံကာလကတည်း က စိတ်တူကိုယ်တူမို့ သူငယ်ချင်းဟုပင် ဆိုရမည့်သူ။ ကျွန်မနှင့် မမွေးမှာ မိန်းမ မဆန်သည့်ပုံစံတွေ အကျင့်တွေနှင့်မို့ အများက ကျွန်မတို့နှစ်ယောက်



ကပူးတွဲတွဲဖြစ်နေတာကိုပင် မျက်စိလည်ချင်ချင်။ ပြီးတော့ ပန်းချီရေးသည့် ကျွန်မ၏ဇာတ်ကောင်အတွက် မမွေးက အားကိုးရာ။

သည့်နောက်မှာတော့ ကျွန်မက 'အရောင်စစ်နေကြာ'ကို ၁၉၉၂ ဇွန်ခါနီးမှာ စရေးဖို့ ပြင်သည်။ သည့်မတိုင်ခင်က ၁၉၉၂ နိုဝင်ဘာမှာ (လှထုဒေါ်အမာ မွေးနေ့ပွဲကျင်းပရာ မန္တလေးမှ ပုဂံသို့ဘုရားဖူးသွားကြမည့်) ကျွန်မနှင့် မမွေးအစီအစဉ်အရ ကျွန်မအပေါင်းအသင်းတွေပါ လိုက်လာကာ အမှတ်တရခရီးစဉ်တစ်ခုလည်း ထွက်ဖြစ်ခဲ့သည်။ သည်ခရီးမှာ မေမေလည်း ပါသည်။ ကာတွန်းဦးရွှေမင်းသား၊ ရာသက်ပန် (တောင်ငူဆောင်)၊ ခက်မာ၊ မောင်မောင်ထွေး၊ သန်းဝင်းထွဋ်၊ ညီဆင်းသစ် စသဖြင့် အုပ်စုလိုက် သွားခဲ့ ကြပြီး ပျဉ်းမနားမှ ကိုမိုးကြီးတို့အုပ်စုလည်း လာပူးပေါင်းသဖြင့် ထို ၉၂ ခုခရီးက အမှတ်တရ ဖြစ်ခဲ့သည်။ ခရီးက အပြန်မှာလည်း သည်အုပ်စုက တရုန်းရုန်းနှင့်။ သည်ကြားထဲ ၉၂ ဒီဇင်ဘာ ၃၁ ရက်မှာ မမွေးက ကိုက်ပေါ်က ပြုတ်ကျကာ လက်ကျိုးသွားသဖြင့် မမွေးကိုပြုစုကြရင်း ကျွန်မ အိမ်မှာနှင့် ဆေးရုံမှာပါ သည်အုပ်စုက တရုန်းရုန်းဖြစ်လာသည်။ သည်ကြား ထဲမှာ ရင့်မှည့်နေသည့် 'အရောင်စစ်နေကြာ'ကို ကျွန်မက မွေးဖွားလေတော့ သူတို့အုပ်စုနှင့် စကားပြောရာမှာပင် ခါတိုင်းလို ကျွန်မကိုယ်ကျွန်မ 'ကျွန်ုပ်'တို့ 'ကိုယ်'တို့ မပြောဖြစ်ဘဲ 'နေကြာကလေ'ဟု ဆိုမိသည်ထိ စာအုပ်ထဲမှာ နစ်နေဖြစ်သည်။ ၁၉၉၃ နှစ်ဆန်းမှာ အဆုံးသတ်နိုင်ခဲ့သော်လည်း စာပေ စိစစ်ရေးမှာ သောင်တင်သွားပြန်သည်။ ခြစ်ရာဖျက်ရာ ဗရပွနှင့် 'နေကြာ'ကို စိစစ်ရေးက ပြန်ရလာတော့ ပြင်တန်တာပြင်ပြီး ထပ်တင်ရပြန်သည်။ သည် အချိန်မှာ အမျိုးသားညီလာခံက စနေပြီ။ ထင်ထားသည့်အတိုင်း ညီလာခံ တက်ခွင့်ရသူ၏ ရှစ်ပုံတစ်ပုံကသာ ရွေးချယ်ခံကိုယ်စားလှယ်များဖြစ်ကာ ကျန်ကိုယ်စားလှယ်တွေက နဝတအလိုကျတွေ။ ညီလာခံက စာတမ်းဖတ်ပွဲ လောက်တောင် ပုံမကျ။ ပြောဆိုဆွေးနွေး ငြင်းခုံခွင့်ပင် မရှိ။

၁၉၉၃ နှစ်ဆန်းမှာ အမေရိကန်၌ ဒီမိုကရက်တစ်သမ္မတ ဘီလ် ကလင်တန် တက်လာသည်။ မတ်လတွင် အိန္ဒိယဘုံဘေမှာ ဗုံးပေါက်ကွဲ မှုကြီး ဖြစ်လာသည်။ မြောက်ကိုရီးယားက နျူကလီးယားလက်နက် မပြန့်ပွား ရေးစာချုပ်မှ နုတ်ထွက်ပြီး စုံစမ်းရေးအဖွဲ့ကို အဝင်မခံ ငြင်းပယ်လာသည်။ ကျွန်မကတော့ ရုံးပြန်ကျလာသည့် လုံးချင်းအတွက် ပန်းချီ၊ ရုပ်ဖော်ပုံ ရေးကတစ်ဘက်၊ ဆေးရုံအလုပ်၊ ဘုန်းကြီးကျောင်းစာသင်ခန်းအလုပ်၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးအတွက် ထောင်ဝင်စာအလုပ်၊ အခြားသတင်း အထုပ်အသွင်း အလုပ်များနှင့် ရှုပ်သည်ထက် ရှုပ်လာခဲ့သည်။ အမျိုးသားညီလာခံအရေးလည်း မျက်ခြည်ပြတ်မခံဖြစ်ပြန်။ သည်ကြားထဲမှာ ၁၉၉၃ ဂျနီဗာမှာ ကျင်းပမည့် ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံအတွက် ရည်ရွယ်ထားသည့် ထောင်ထဲမှ အခြေအနေများကို ရေးထားသော ပေးစာအား ထောင်ယူနီဖောင်း ဂျာစီအင်္ကျီမှာ ရေးပြီး ဦးမျိုးမြင့်ညိမ်းက ကျွန်မဆီ ပို့လိုက်သည်။ ကျွန်မက ချက်ချင်းဆိုသလို ဗစ်ကီဆီ လက်လွှဲသည်။ မနှစ်က လူ့အခွင့်အရေးအစီရင်ခံစာအတွက် လာခဲ့သည့် ယိုဇိုယိုကာတာနှင့်အတူ ပါလာပြီး ကျွန်မနှင့်ပါ တွေ့သွားသည့် ဗုနက်တာဆီ ဆက်ရောက်သွားကာ ညီလာခံကျင်းပတော့ ဂျာစီက အခန်းနံရံမှာ ချိတ်လျက်သား။ စာရေးသူအားလုံးနှင့်အတူ ကျွန်မလည်း ကျေနပ်သည်။ အန္တရာယ်များမှန်း သိသည့်တိုင် သည်လို ထိရောက်သည့် အကူအညီမျိုးကို ပေးနိုင်နေသဖြင့် ထောင်ထဲနှင့်ရော၊ သံတမန်၊ သတင်းထောက်များနှင့်ပါ ကျွန်မ အဆက်အသွယ် မပြတ်ဖြစ်။ သည်လိုနှင့် ၁၉၉၃ က နှစ်ဝက်ကျိုးလာပြီ။ 'အရောင်စစ်နေကြာ'က ပထမဆုံးဖောင် စက်ပေါ်ကကျလာပြီ။ မကြာမီမှာ စာအုပ်ထွက်နိုင်တော့မည်။ အင်္ဂလန်မှာ ဆရာဝန်အဖြစ် ပညာရေး၊ အသက်မွေးရေး ဆက်နိုင်ရန် အခြေခံဖြစ်သည့် စာမေးပွဲအတွက် လျှောက်လွှာလည်း တင်ဖြစ်သွားပြီ။ တော်ဝင်ခွဲစိတ်ပညာသင်စာမေးပွဲ ဖြေနိုင်ရန် စာတွေလည်း အတော်ကျက်ဖြစ်နေသည်။ ရှေ့လုပ်ငန်းစဉ်တွေ တသီကြီးနှင့် ဖြစ်လာသည်။ ငယ်ကတည်းက စိတ်ကူးယဉ်ခဲ့သည့် အခမဲ့ဆေးရုံကို ချဲ့ထွင်ပြီး စိတ်ကူးယဉ်နေခဲ့သည်။ သင်္ဘောတစ်စင်းပေါ်မှာ ခွဲစိတ်ခန်းကအစ ဆေးရုံငယ်စားလေးလို ပြင်ဆင်ပြီး ဧရာဝတီတစ်နံတစ်လျား လျှောက်သွားကာ အခမဲ့ဆေးကုသမှုကို လုပ်မည်။ ဈေးကွက်မဝင်နိုင်သော်လည်း အများအကျိုးရှိနိုင်မည့် သုတေသနစာတမ်းများနှင့် စာကောင်းပေမွန်တို့ကို ထုတ်ဝေမည့် စာပေတိုက်တစ်ခုကို လုပ်နိုင်အောင် ကြိုးစားမည်။ သည်အလုပ်တွေကို ဝိုင်းလုပ်ကြမည့်သူတွေ အားလုံးအတွက် စီစဉ်ထားသည့် ဥယျာဉ်ဝင်းခြံကြီးထဲတွင် မိဘမဲ့ကလေးတွေကို မွေးစားမည်။ မိဘမဲ့ ဂေဟာသဘောမဟုတ်ဘဲ သည်ဝင်းထဲက မိသားစုအသီးသီးထဲမှာ အမိ၊ အဖ မောင်နှမရယ်လို့ ခေါ်စရာရပြီး နွေးထွေးလုံခြုံမှုနှင့် အနာဂတ်အာမခံချက်ကို မွေးဖွားပေးမည့်နေရာသဘော ဖြစ်အောင် ကြိုးစားမည်။ အိပ်မက်တွေက ပိုပြီးအရောင်စုံကာ ပိုပြီးတိကျလာခဲ့သည်။ သို့သော်...။



# တွင်းအခြေသို့

## စစ်ကြောရေးနှင့် ပျဉ်းမနားခရီး

၁၉၉၃ ဇူလိုင်လကုန်မှာ ကျွန်မအိမ်ကို ထောက်လှမ်းရေးတွေ ရောက်လာခဲ့သည်။ ထိုစဉ်က ကျွန်မက အိမ်မှာမရှိ။ စာသွားကျက်နေချိန်။ အိမ်ပြန်ရောက်တော့ အိမ်ရှေ့အိမ်မှာ ဝင်စောင့်နေသည့် သူတို့အုပ်စုက ချက်ချင်းဆိုသလို လိုက်ဝင်လာကြသည်။ ကျွန်မအခန်းကို အဓိကရှာကြသည်။ ကျွန်မအခန်းက နဂိုကတည်းက ညစ်ပတ်ရှုပ်ပွနေသည့် အခန်းမို့ သူတို့ထဲမှ တစ်ယောက်ကပင် 'ဆားပုံထားရမလိုပဲ' ဟု ပြောလာသည်။ သူတို့တွေ့သွားသည့်အရာအများစုက စာအုပ်တွေ။ သို့သော် သူတို့နားမလည်ဘဲ ချန်ထားခဲ့သည့် စာအုပ်တွေလည်း ရှိနေသေးသည်။ ဗီဒီယိုခွေတွေမှာလည်း မောင် ...ကျော်၏ ရက်ပ်ခွေတွေက အများသားမို့ ကြားမှာရောနေသည့် "Cry Freedom" လို တောင်အာဖရိက လှုပ်ရှားမှုနောက်ခံခွေမျိုးတွေကို မျက်စိ...သွားသည်။ သူတို့ရှာတွေ့သည့်အထဲမှာ ထောင်ထဲကို သွင်းဖို့ ရည်ရွယ်...လျှို့ဝှက်သတင်းတွေရေးထားသည့် စွပ်ကျယ်စဖြတ်ပိုင်းတစ်ခု ပါသွားသည်။ အခြေအနေက ကောင်းဖို့မမြင်။ သို့သော် မှင်ကတော့ ထိမထင်ပေ။ ...တုန်းက ပျဉ်းမနားဘက်က လက်လုပ်တောင်ဆရာတော်က ဝါဝင်...အတွက် နှစ်ရက်သာဖူးမြော်ခံသည်မို့ မေမေနှင့် ကျွန်မက နေ့ချင်းပြန်ခရီး...ဖို့ စီစဉ်ထားသည်။ ရန်ကုန်ကနေ ညရထားစီးပြီး ပျဉ်းမနားကို မနက်...စောရောက်၊ ဆရာတော်ကို သွားဖူးပြီး ညနေမှာ ညရထားပြန်စီးလာ...သည့် ခရီးတိုလေးဖြစ်သည်။ သူတို့က သက်သေခံစာအုပ်နှင့် ပစ္စည်းတွေ...ကာ ကျွန်မကိုခေါ်သွားမည်ဆိုတော့ မေမေက နှစ်ခုတောင်းဆိုသည်။ ...က ညစာမစားရသေးသည့် ကျွန်မကို တစ်ခုခုကျွေးပြီးမှ ခေါ်သွားဖို့နှင့် ...ညနေ ရထားချိန်အမီ ပြန်ပို့ပေးဖို့။ သူတို့က 'ခဏပါ'ဟု ဆိုမြဲဆိုသည်။ ကျွန်မက ထိုကာလများအတွင်း စိတ်ဖိစီးမှုနှင့် အလုပ်ဒဏ်တွေ...သဖြင့် အစားကောင်းကောင်းမစားနိုင်သည့်အတွက် ပိန်လှီလှသည်။ ...ကလည်း မေမေ့ကို ထမင်းမစားတော့ဘဲ ရှိသည့်ရေခဲမုန့်လေးပဲ စား...သည်ဟုပြောကာ ကျွန်မသွားလေရာယူသွားနေကျ စိပ်ပုတီးနှင့် ...ရေးစာ... ထည့်ထားသည့်အိတ်လေးကို ယူလာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်မကို မျက်စိမပိတ်ဘဲ ခေါ်လာသည်မို့ မဟာဗန္ဓုလလမ်းပေါ် ဝိုင်အမ်စီအေနှင့် ကပ်လျက် အခွန်ရုံးပေါ်ကို ခေါ်လာမှန်းသိသည်။ ကျွန်မ မတိုင်ခင်မှာ သုံးရောင်ခြယ်က လူငယ်အချို့ကို ဖမ်းထားမှန်းသိထားပြီးဖြစ်သော်လည်း ကျွန်မဆီမှာ တွေ့သည့်ပစ္စည်းတွေက သူတို့ လုံးလုံးမသိသည့်ကိစ္စတွေ ပါနေသည်မို့ အခြေအနေက ရှုပ်ထွေးမည့်ပုံ ဖြစ်နေသည်။ စစ်ကြောရေးအခန်းထဲ ရောက်တော့ ညဆယ့်တစ်နာရီ ထိုးတော့မည်။ သည်တော့ ဘာဆို ဘာမှမစခင် ကျွန်မ နေ့စဉ်ပြုနေကျ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဘုရားစာရွတ်သည့်ကိစ္စကို အလျင်လုပ်လိုကြောင်း ကျွန်မ ပြောဖြစ်သည်။ သန်းခေါင်ကျော်လျှင် နောက်တစ်နေ့ ရောက်သွားမှာမို့ မဖြစ်ဟု ကျွန်မက ပြောသည်။ သူတို့က ရယ်စရာလိုသဘောထားပြီး ခွင့်မပြုနိုင်ဟု ဆိုသည်။ ကျွန်မကလည်း အသက်ကိုးနှစ်အရွယ်ကတည်းက ယနေ့ထက်တိုင် ဘယ်လိုပဲ အလုပ်များများ သည်နိစ္စဝတ်ကို ပျက်ဖူးသည်မရှိ၍ သည်လိုမှ မလုပ်ရလျှင် သည်ညအဖို့ ဘာမေးမေး မဖြေနိုင်ဟု အကြောက်အကန်ပြောဖြစ်သည်။ သူတို့ထဲမှ အချို့က ဒေါသဖြစ်ပြီး အချို့က ရယ်သည်။ နောက်ဆုံးတော့ ကျွန်မကို အချိန်နာရီဝက်ပေးလိုက်သည်။ အမှန်တော့ ရှေ့မှာ ဘာတွေရင်ဆိုင်ရမည်ဆိုတာ မသိသေးချိန်မှာ ဘုရားရှိခိုးလိုက်ရခြင်းက ကျွန်မအတွက် အကောင်းဆုံးအားဆေးပင်။

## ခေတ်ပြိုင်၊ မီးရထား

သူတို့သိချင်သည်က 'ခေတ်ပြိုင်ဂျာနယ်'ကိစ္စ။ သူတို့ဖမ်းထားသည့် သုံးရောင်ခြယ်လူငယ်တွေကို ကျွန်မက သည်ဂျာနယ်ကို ပေးဖူးသည်ဟု ဆိုသည်။ ကျွန်မအိမ်မှာ တွေ့သည့်အထဲမှာလည်း သည်ဂျာနယ်က မပါသဖြင့် ကျွန်မက ဘူးခံသည်။ နောက်ပိုင်းမှာ သူတို့က အတော်များများသိထားပြီးသယောင် ပြောလာသဖြင့် ကျွန်မပေးခဲ့ဖူးကြောင်း၊ သို့သော် ကျွန်မပိုင်စွည်း မဟုတ်ဘဲ ငှားဖတ်တာဖြစ်သဖြင့် သူတို့ဆီက ပြန်တောင်းပြီး ပိုင်ရှင်ကို ပြန်ပေးလိုက်ပြီဟု ပြောလိုက်သည်။ တကယ်လည်း ထိုစဉ်က လုပ်ခဲ့သမျှတွေက ပွစာကြဲနေသဖြင့် ဘာမှမမှတ်မိတော့။ စာစောင်ကို ပြန်တောင်းခဲ့ဖူးတာ သေချာမှတ်မိသည်။ ပြန်ရမရတော့ မသေချာ။ သို့သော် ပြန်ရခဲ့သည်ဟုသာ စွဲနေသည်။ စာစောင်ကို ဘယ်ကရလဲမေးတော့ ပထမ



မှာ စာတိုက်က ရောက်လာသည်ဟု ဖြေသည်။ သူတို့က မဖြစ်နိုင်ကြောင်း၊ စာတိုက်က စာမှန်သမျှ သူတို့ဖောက်ကြည့်ကြောင်း ဝန်ခံသည်။ နောက်တော့ သူငယ်ချင်းဆီက ငှားဖတ်ကြောင်း ဖြေလိုက်သည်။ ပိုင်ရှင်ဘယ်သူလဲဆိုတော့ အမှန်အတိုင်း ဗစ်ကီဟု ဖြေလိုက်သည်။ ထိုစဉ်က ဗစ်ကီမှာ တာဝန်ချိန်ပြီးဆုံးပြီး အင်္ဂလန်ပြန်ရောက်နေပြီ။ သည်လိုနှင့် တခြားပစ္စည်းတွေအကြောင်း နည်းနည်းပါးပါးမေးကာ ကျွန်မကလည်း အညာအလှိုင်းတွေလှိုင်နှင့် စိတ်ရှည်လက်ရှည် ပြန်ဖြေဖြစ်သည်။ သူတို့က ကျွန်မကို အံ့သြနေကြပြန်သည်။ 'ခင်ဗျား ဘာမှမဖြစ်သလိုပဲ၊ ညက ရေခဲမုန့်လေးပဲ စားထားတာ။ ကျွန်တော်တို့လည်း ဘာမှထပ်မကျွေးဘဲ ညလုံးပေါက် စစ်နေတာ။ အိပ်ရ၊ မစားရနဲ့လည်း ခင်ဗျားကြည့်ရတာ ဘာမှမဖြစ်သလိုပဲ'ဟု ဆိုသည်။ အမှန်က စိတ်ဖိစီးမှုထက် စိတ်လှုပ်ရှားမှုကြောင့်ထွက်လာသည့် Adrenalin အက်ဒရီနလင်အစွမ်းကြောင့်ရော၊ ထိုကာလတွေမှာ တစ်နေကုန် မုန့်ဟင်းခါးတစ်ပွဲလောက်နှင့် နေသားကျနေသည့်အတွက်ကြောင့်ပါ ကျွန်မက ပုံမပျက်။ သည်လို အိပ်ရေးမဝ၊ အစားမစားနိုင်ဖြစ်နေတာပဲ ကြာလှပေါ့။ 'အရောင်ခစ်နေကြာ'နှင့် 'အမျိုးသားညီလာခံ'က တစ်ဆက်တည်း ဖြစ်သွားကတည်းကလေ။ နောက်နေ့ညနေသုံးနာရီမှာ အိမ်ပြန်ပို့မည်ဟု ဆိုလာသည်။ ပျဉ်းမနားသွားနိုင်အောင်ဖြစ်ပြီး လိုအပ်လျှင် ပြန်လာခေါ်မည်ဆိုကာ အိမ်ပြန်ပို့လိုက်သည်။

မေမေတို့က အံ့သြဝမ်းသာနှင့် ခရီးကို ဖျက်လိုက်မလားဟု ဆိုသည်။ ကျွန်မက မဖျက်ချင်။ သူတို့က စောင့်ကြည့်နေဦးမှာ သေချာသည်။ သည်တော့ ကျွန်မတို့ပြောသမျှသည် အမှန်ဖြစ်ကြောင်း သိသာရန် သည်ခရီးသွားမှဖြစ်မည်။ သည်လိုနှင့် ရေမိုးချိုးပြီး ဘူတာဆင်းသည်။ သည်ခရီးကနဂိုကတည်းက အပျော်ခရီး မဟုတ်သည့်အတွက် ရထားပေါ်မှာ ကျွန်မကနှမ်းလျနေသည်။ မေမေ့ရင်ခွင်မှာ ခေါင်းတိုးဝင်ပြီး အတွေးတွေလည်းယောက်ယက်ခတ်နေသည်။ ၁၉၉၂ လွှတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်လာသည့်သူတွေ၏ အတွေ့အကြုံရှင်းတမ်းတွေကို နားထောင်ကာ ထောင်အတွေ့အကြုံမျိုး ရချင်စိတ်က ရှိနေသေးတာကိုလည်း ဝန်ခံရမည်။ ထို့ကြောင့် ပြန်ခေါ်ပြီး ထောင်ကျရဦးမည်ဆိုလျှင်လည်း သိပ်မကြာခင်မှာ ပြန်လွတ်သည်ဟု တွေးနေမိသည်။ အများဆုံး ခုနစ်နှစ်ပေါ့ဟု တွေးရင်းကနေ အနေရဦးမှနောက်ထပ် ဘာမှမလုပ်တော့ဖို့၊ သူ့အနေနှင့် သည့်ထက်ထောင်ကြီး စိတ်ညှိုးသွား

www.burmeseclassic.com



မရှိတော့လို့ စိတ်လျှော့ပြီး အေးအေးဆေးဆေး အင်္ဂလန်မှာ ဘွဲ့လွန်သွားတက်ဖို့သာ လုပ်တော့ဖို့ ပြောသံတွေ ကြားကာမှ စိတ်က ရထားပေါ် ပြန်ရောက်သည်။ ရထားဥဩသံနှင့် တဂျုတ်ဂျုတ် လှုပ်ခါနေသည့် ရထားအရှေ့မှာ မမေ့ရင်ခွင်ထဲ ခေါင်းထိုးထည့်ပြီး ဘာမှမတွေးဘဲ အိပ်ပျော်အောင် ကြိုးစားလိုက်သည်။ နောက်နေ့မှာ ပျဉ်းမနားရောက်၊ လက်လုပ်တောင် သွား၊ ဆရာတော့်ကို ဖူးမြော်ပြီး ဆုတွေ တသီကြီးတောင်းကာ ညနေပိုင်းရထားနှင့် ရန်ကုန်ပြန်လာသည်။ ရထားဥဩသံနှင့် တဂျုန်းဂျုန်းအသံတွေက ကျွန်မနားထဲမှာ ကုန်နေဆဲ။ နောက်နေ့တွေမှာ မမွေးတို့နှင့်တွေ့ကာ ကျွန်မ၏ ရွေးရေးမရေးရာပုံကို ပြောပြီး မှာစရာရှိတာ မှာရသည်။ ထင်သည့်အတိုင်းပင် နောက်နှမ်ရက်၊ သုံးရက်လောက်အကြာမှာ ကျွန်မကို နောက်တစ်ကြိမ် (နောက်ဆုံးအကြိမ်)လာခေါ်ကြပါပြီ။ သည်တစ်ခါတော့ ပြန်ရဖို့မလွယ်ကြောင်း ရိပ်မိနေပါသည်။

## ထောက်လှမ်းရေးကို တော်ချာလုပ်ခြင်း

ကျွန်မက လွတ်လမ်းနည်းနေမှန်းသိသည်နှင့် ကိုယ့်ဘက်က အကျအဆုံးနည်းမည့် နည်းလမ်းကို တွေးဖြစ်သည်။ တကယ်တမ်း ရင်ဆိုင်ရပြီဆိုတော့လည်း လူက သိပ်မတည်ငြိမ်နိုင်။ သူတို့က ကျွန်မကို ခပ်ကြမ်းကြမ်းဆက်ဆံလာလျှင် ကြောက်လန့်ပြီး ပြန်မဖြေနိုင်သည့်အသွင်ကို တကူးတကဆောင်နေစရာပင် မလို။ သည်အချိန်မှာ တစ်ခုပဲ သတိထားသည်။ ကြောက်ကြောက်နှင့် မေးသမျှ ပြောမည့်အသွင်ဖြစ်နေကာ တကယ်မှာ ပြောမထွက်ရေး။ နောက်တစ်ခုက သူတို့ကလည်း မေးမြန်းသူကို ပုံစံအမျိုးမျိုးနှင့် ကျွန်မထံ လွှတ်သည်။ ခပ်ကြမ်းကြမ်းပုံနှင့်သူ လာလျှင် ကျွန်မ ခေါင်းညိတ်ခေါင်းခါပင် မလုပ်တော့။ မျက်လုံးအကြောင်သားနှင့် ကြည့်နေလိုက်သည်။ 'ဆရာမ'ဟုခေါ်ပြီး လေချိုသွေးမည့်သူလာလျှင်တော့ တချို့မေးခွန်းတွေကို လိုအပ်သလောက် ဖြေပေးလိုက်သည်။ နောက်တစ်ဖန် ထိုလူကို 'ကျွန်မသိသလောက် အားလုံးပြောသွားမှာပါ။ အားလုံးပြောပြီးတဲ့နောက်မှာတော့ ဘာမှထပ်မမေးနဲ့တော့။ ဘယ်လိုမေးမေး သည့်ထက် ပိုသိမှာမဟုတ်တော့ အလကားပဲ'ဟု ပြောလိုက်သည်။ သည်လိုနှင့် ကျွန်မဆီကို လေချိုသွေးပုဂ္ဂိုလ်တွေပဲ ရောက်လာသည်။ ကျွန်မထံမှ သိမ်းဆည်းသွားသည့် စာရွက်စာတမ်းအများအပြားကိုဖတ်ပြီး ထောက်လှမ်းရေးတွေ မျက်စိလည်နေကြသည်။ ကျွန်မဆီမှာ အယူအဆရေးရာစာအုပ်နှင့် စာရွက်စာတမ်းအများအပြားတွေ့သော်လည်း အယူဝါဒ(-ism)တွေက အမျိုးမျိုး အဖုံဖုံ။ သည်မှာသူတို့ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး မေးလာတော့သည်။



'ခင်ဗျားက ဘာလဲ။ ဘာ -ism ကို ယုံကြည်တာလဲ။ ခင်ဗျားဖတ်နေတာတွေက အစုံပဲ။ ဒါ ဘာဖြစ်တာလဲ'တဲ့။

'ကျွန်မက စာရေးတဲ့လူဆိုတော့ အားလုံးကို ဖတ်ရတာပေါ့။ အဲဒါ ဘာမှမဖြစ်ပါဘူး'

'ခင်ဗျားတကယ်ယုံကြည်တဲ့ -ism တစ်ခုတော့ ရှိရမှာပေါ့'

'ရှိသားပဲ။ Buddhism လေ'

သူတို့ ဘာမှဆက်မမေးနိုင်ဘဲ ရပ်သွားသည်။ ပြီးခဲ့သည့် အခေါက်က ဘုရားမရှိခိုးရလျှင် မေးသမျှ မဖြေနိုင်ဟု ကျွန်မ တင်းခံခဲ့တာတွေက ရှိနေသဖြင့် ကျွန်မအဖြေကို သူတို့လက်မခံဟု မပြောနိုင်ကြ။ ကျွန်မအလှည့်။ ဗုဒ္ဓဘာသာကို မိရိုးဖလာ ကိုးကွယ်နေတာမျိုးမဟုတ်ဘဲ -ism တစ်ခုလို လေ့လာလိုက်စားပြီး ယုံယုံကြည်ကြည်နှင့် ကျင့်သုံးသွားလျှင် ကမ္ဘာကြီး အမှန်တကယ်ငြိမ်းချမ်းမည်ဟု ကျွန်မ ယုံကြည်ကြောင်းပြောဖြစ်တော့ သူတို့ထဲမှ မည်သူကမျှ စောဒကမတက်။ သည်လိုနှင့် သူတို့က ကျွန်မ၏ ဓာတ်ပုံကျယ်စကိစ္စဆီ ရောက်သွားသည်။ 'အဲဒါ ဝတ္ထုပြပွဲလုပ်ဖို့ စိတ်ကူးနဲ့ ရေးကြည့်တာ'ဟု ကျွန်မက ဖွင့်တင်သည်။ 'ဟိုးအရင်ပြက္ခဒိန်တွေကို ပိတ်စမှာ ဆေးဆိုးပန်းရိုက်နဲ့ ရိုက်ပြီး အပေါ်အောက်သစ်သားတန်း လေးနဲ့ ချိတ်ထားလို့ရအောင် လုပ်ကြတာတွေကို အားကျလို့လေ။ ကျွန်မရဲ့ ဝတ္ထုတို့၊ ကဗျာတို့ကို အဲဒီလို ပိတ်စပေါ်မှာ ရေးပြီး ချိတ်ဆွဲပြီး ပြပွဲလေးတစ်ခု လုပ်ချင်လို့ စမ်းထားတာ'ဟု မယုံနိုင်မှန်း သိသိနှင့် ပြောဖြစ်ပြန်သည်။ သူတို့လည်း ဘာဆက်ပြောရမှန်းမသိတာနှင့် စာပေါ်က ကုဒ်စကားလုံးတွေကိုဖော်ဖို့ ကြိုးစားကြသည်။ ကျွန်မလည်း အမှန်နှင့်အမှားကို ရောထွေးပြီး ရုတ်တရက်ပေါ်လာသည့် ထွင်လုံးတွေနှင့် ညှပ်ပြောဖြစ်သည်။ မယုံနိုင်ကြသော်လည်း စောဒကမတက်နိုင်ကြ။

သည်လိုနှင့် ညသန်းခေါင်ကျော်ပြီး မနက်နှစ်နာရီနား ကပ်လာသည်။ 'ကဲ ခင်ဗျားလည်း အိပ်တော့။ နောက်မှ ဆက်မေးတော့မယ်'ဟု သူတို့က ဆိုသည်။ သည်မှာ ကျွန်မက စ,ရစ်သည်။ 'ဟာ...မအိပ်ပါဘူး၊ မေးစရာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သာတွေ အားလုံးသာမေးလိုက်ပါ။ နောက်နေ့ ချန်မထားပါနဲ့။ ကျွန်မကို ကျွန်မမိသာတွေက မျှော်နေသလို ဦးလေးတို့ ရှင်တို့ကိုလည်း ရှင်တို့မိသားစု တွေက မျှော်နေမှာပဲ။ ဒီတော့ မြန်မြန်ပြီးရင် မြန်မြန်အိမ်ပြန်နိုင်ကြမှာ မဟုတ်လား။ အခု ဒီတစ်ညလောက် မအိပ်တော့ ဘာဖြစ်မှာလဲ။ မြန်မြန်သာမေး ပေးပါ။ ပြီးရင် ကျွန်မအိမ်ပြန်ချင်ပြီ'ဟု ဇွတ်တင်သည်။ သူတို့က အိပ်ဖို့ပြော ကျွန်မက မအိပ်ဖို့နားချနှင့် ကြာတော့ သူတို့ထဲက တစ်ယောက်က နည်းနည်း တင်းလာသည်။ 'ခင်ဗျားကလည်း ကျွန်တော်တို့က လူတွေဗျ။ အိပ်ချိန်တန် ရင် အိပ်မှဖြစ်မှာပေါ့။ ဘာလဲ ခင်ဗျားက ကျွန်တော်တို့ကိုပြန်ပြီး Torture တော့ချာလုပ်နေတာလား'ဟု ဆိုသည်။ ရင်ထဲမှာ ဟားတိုက်ရယ်ချင် စိတ်က ကျလိကျလိ။ ဖြစ်မှဖြစ်ရလေ။ ဘာပဲဖြစ်ဖြစ် သူတို့နှင့် ဘယ်လို ဆက်ဆံရမည်ကို ကျွန်မက နောကြေစပြုလာသလို သူတို့ကလည်း ကျွန်မကို ဘယ်လို ဆက်ဆံမှ ရမည်ဟု သိစပြုလာသည်။ နောက်ဆုံးမှာ သူတို့အကြံကို လက်ခံပြီး အိပ်လိုက်သည်။ အိပ်ချင်စိတ်က တကယ်မရှိသည့်တိုင် အနား တော့ ရသွားသည်။ သူတို့ကိုပြောခဲ့သမျှအားလုံးကို ပြန်တွေးပြီး အလွတ် ပြန်ကျက်ရသည်။ နောက်တစ်ခါ ထပ်မေးလျှင် သည်အဖြေအတိုင်း အတိ အကျပြန်ဖြစ်မှ ကျွန်မဖြေသမျှ အမှန်ဟု သူတို့ ယုံကြည်မည်။

နောက်နေ့တွင် ကျွန်မကို ဆက်မေးရာမှာ တချို့နာမည်တွေကို မည် သည့်နည်းနှင့်မျှ ထုတ်ပြော၍မဖြစ်ရာ လှီးလွှဲပြီးဖြေနေလိုက်သည်။ သူတို့က လည်း အဟောင်းတွေ ပြန်မေးလိုက်နှင့် ကျွန်မ ဘယ်လောက်ထိမှန်အောင် ပြောနေလဲ အကဲစမ်းကြသည်။ သို့သော် ကျွန်မဘက်က ထပ်ပြန်တလဲလဲ သည်အဖြေပဲပေးနေကာ အချိန်တွေ ဆွဲပစ်လိုက်သည်။ ကျွန်မကို အဓိက ခြိမ်းခြောက်သည်က ကျွန်မထံမှ အရေးယူနိုင်မည့် နောက်ထပ်မည်သူတစ်ဦး တစ်ယောက်၏ နာမည်မျှ ထပ်မရရှိဖြစ်နေသဖြင့် ကျွန်မကသာ နံပါတ်တစ် တရားခံဖြစ်သွားလိမ့်မည်ဆိုခြင်းပင်။ သည့်အတွက်တော့ ကျွန်မလည်း ဘာမှမတတ်နိုင်။ ထပ်ဖော်စရာမလိုဟု ကျွန်မက ယတိပြတ်တွေးပြီးသား။ သို့သော် ပြဿနာမှာ ရှေ့ကဖမ်းခံထားရသူတွေက နာမည်တွေ ဖော်နေ သလောက် ကျွန်မဆီက ဗစ်ကို့အပြင် ဘာနာမည်မှ ထပ်မရ။ စွပ်ကျယ် ပေါ်မှ နာမည်တော်တော်များများကိုလည်း ကွယ်လွန်သူ ဆွေမျိုးများနှင့် လုပ်ဖော်ကိုင်ဖက်များ၏ နာမည်များအဖြစ် ဖော်ထားသည်ကိုး။ သည်လိုနှင့် အမှုက ကျွန်မမှာ လမ်းဆုံးတော့မည်။ မတတ်နိုင်။ စွပ်ကျယ်ထဲက တချို့



နာမည်တွေကို ဖော်လိုက်လျှင် ကျွန်မကြောက်သည်က 'ခေတ်ဖြိုင်'တိစ္စ မဟုတ်။ 'ကုလသမဂ္ဂလူ့အခွင့်အရေး ညီလာခံ'ဆီ ရောက်သွားသည့် ဂျာစီ တိစ္စမို့ ဘယ်လိုမှမဖြစ်။ သည်တော့ သည်နေ့ညမှာ အချိန်တွေဆွဲလာရင်း နောက်ဆုံးမှာ စဉ်းစားရင်း မခံနိုင်တော့သဖြင့် အိပ်ပျော်သွားသည်ဟု ယုံကြည်အောင် အိပ်ပစ်လိုက်သည်။ မနေ့ညက သူတို့ကို မအိပ်နှင့်ဟုပြော ထားသူမို့ သည်ညမှာ ကျွန်မ ဇက်ကျိုးကာ အိပ်ချင်မူးတူးနှင့် ဖြေနေတာကို ကြည့်ပြီး သူတို့က ဘာမှထပ်မပြောဘဲ အိပ်တော့ဟု ခွင့်ပေးလိုက်သည်။

နောက်နေ့မှာတော့ ပြဿနာက ပြန်လာသည်။ သို့သော် စွပ်ကျယ် တိစ္စကို သူတို့လည်း ငြီးငွေ့သွားကာ တခြားစာရွက်စာတမ်းများနှင့် လူများ အကြောင်း ရောက်လာသည်။ တုံးစံအတိုင်း ကိုယ့်အတိုင်းအတာနှင့်ကိုယ် ဖြေနေသည်။ သို့သော် သူတို့ကျွေးသည့်ထမင်းက ဆန်ကြမ်းဖြစ်ပြီး ဟင်းက ဆီပြန်ပြန်မို့ ကျွန်မက အစာမကြေဘဲ အန်သည်။ သည်မှာ ကျွန်မကို အမြဲစောင့်နေသော ရဲမကောင်မလေးတစ်ယောက်က တိုင်းရင်းဆေးဆိုပြီး ရှောက်ပေါင်းဆေး တိုက်သည်။ သောက်ပြီးကတည်းက ဆေးမှာ အချဉ် ဖောက်ထားသဖြင့် အရက်နံ့ရသလို ထင်မိသည်။ ဆေးသောက်ပြီး သူတို့ မေးတာ ဖြေနေရင်း သူတို့က ကျွန်မကို ကြောက်လန့်တကြားကြည့်ပြီး အံ့ဩနေကြသည်။ 'ခင်ဗျားမျက်နှာ၊ ခင်ဗျားမျက်နှာ ဘယ်လိုဖြစ်တာလဲ'ဟု အထိတ်တလန့်ဆိုသည်။ သေချာသည်။ ကျွန်မလည်း မျက်နှာမှာ ယားလာ သလို ထူအမ်းအမ်းဖြစ်လာနေသည်ကို သတိထားမိနေသည်။ အလာဂျီက တစ်ကိုယ်လုံးကို ပြန့်ပြီ။ အမှန်တော့ ရေလည်း မချိုးထားရသည့်အတွက်ရော၊ ရှုန်အလိမ်းလိမ်းနှင့် သည်လိုနေရာမျိုးမှာ အချိန်အကြာကြီး သက်သောင့် သက်သာမဖြစ် နေနေရသည့်အတွက်ပါ အလာဂျီက ဖြစ်ချင်ချင်။ အရက်လို အချဉ်ဖောက်ထားသည့် ဆေးကြောင့် အလာဂျီအဖုတွေက ရုန်းထလာကြပြီ။ သူတို့လည်း ဘာမှစဉ်းစားမနေတော့ဘဲ နီးရာဆေးခန်းတစ်ခုဆီ အမြန်ခေါ် သွားကြတော့သည်။ ထိုညကတော့ သူတို့က ဆေးခန်းက ပြန်ရောက်သည်နှင့် ကျွန်မကို ဘာမှမစဉ်းစားဘဲ အိပ်လိုက်တော့ဟုပြောသည်။ နောက်နေ့မှာတော့ အိပ်ရေးဝသွားသည့် ကျွန်မက ယားတာလည်း အတန်သက်သာပြီ။ သည်အတောအတွင်းမှာ ကျွန်မ သိလိုက်ရသည်က သူတို့တွေ အမြဲတာလ အတန်ကြာ ကျွန်မနှင့်ပတ်သက်ပြီး ရေလိုက်လွဲနေခဲ့ကြခြင်းပင်။ သူတို့ရထား သည့် သတင်းအချို့အရ ဆရာဝန်အမျိုးသမီးတစ်ဦးနှင့် စာရေးဆရာအမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ဦးတို့က အမျိုးသားညီလာခံ ဆန့်ကျင်ရေးမှာ ပါဝင်ပတ်သက်နေသည်ဟုသာ သိထားကြပြီး အမျိုးသမီးနှစ်ဦးအဖြစ် အထင်မှားနေကြခြင်းပင်။ ခုတော့ ထိုနှစ်ယောက်ပေါင်းမှာ ကျွန်မတစ်ယောက်တည်းဟု သိသွားခဲ့ကြပြီ။ သည်လိုနှင့် သူတို့က ဘာမှ ထပ်ထွေထွေထူးထူး မေးမနေတော့ဘဲ စစ်ချက်တွေကို ပြန်ရေးကာ အင်းစိန်ထောင် သွားပို့တော့မည်ဟုဆိုသည်။ ကျွန်မက လက်ပတ်နာရီအပါအဝင် ပစ္စည်းအချို့ကို အိမ်ကို ပေးပေးရင်း အိမ်မှ အဝတ်အစားအချို့နှင့် အစားအသောက်အနည်းငယ် ပြန်ယူခဲ့ပေးဖို့ ပြောလိုက်သည်။

## အင်းစိန်ထောင်သို့

သည်လိုနှင့် ၁၉၉၃ ဩဂုတ်လ ၅ ရက်နေ့ညမှာ ကျွန်မကို အင်းစိန်ထောင်သို့ ပို့သည်။ ထောင်ဗူးဝမှာ ပြဿနာက ဖြစ်ပြန်သည်။ အချုပ်သားမို့ ဖိနပ်ချွတ်ရသည်။ အမှန်တော့ သည်ကိစ္စက သိပ်ကြီးကျယ်တာမဟုတ်ပေမဲ့ ကျွန်မက ဖိနပ်မချွတ်ချင်။ အချုပ်သား ဖိနပ်စီးလျှင်ရော ဘာဖြစ်မလဲ။ သို့သော် သည်လိုသွားပြောလို့ မရနိုင်။ 'ဖိနပ်ချွတ်ပြီး သည်လိုမြေကြီးပေါ် လျှောက်ရင် အလာဂျီဖြစ်လာလိမ့်မယ်'ဟု ကျွန်မကဆိုတော့ မယုံချင့် ယုံချင်။ နောက်ဆုံး လျှောက်ကြည့်လေ၊ ဖြစ်လာရင်တော့ စီးခွင့်ပေးမယ်ဆိုပြီး တုံ့ပြန်သည်။ သည်မှာ ကျွန်မလည်း နည်းနည်းတော့လန့်သည်။ အလာဂျီက ဖိနပ်ချွတ်လျှောက်ရုံနှင့် ဖြစ်ချင်မှ ဖြစ်မှာကိုး။ ဘုန်းကြီးကျောင်းတွေ၊ ဘုရားတွေမှာ ခြေဗလာနှင့်လျှောက်သည့်တိုင် အမြဲဖြစ်တာမျိုး မရှိ။ ခုတော့ ဖြစ်ချင်ရာဖြစ် လျှောက်ပြရုံသာ။ မဖြစ်တော့လည်း သူများတွေလိုပဲ ဖိနပ်ချွတ်လိုက်ရုံပေါ့။ သို့သော် ငယ်ပေါင်းကြီးဖော်အလာဂျီက အတော့်ကို အလိုက်သိသည်။ ခြေဗလာနှင့်လှမ်းတာ ဆယ်လှမ်းမပြည့်သေး။ အဖုအပိန့်လေးတွေက ခြေဖမိုးနှင့် ခြေဖနောင့်မှာ ပေါ်လာသည်။ သူတို့လည်း အံ့သြသွားသည်။ အမှန်တော့ ကျွန်မလည်း ကိုယ့်ဘာသာကိုယ် အံ့သြခဲ့သည်။ ကြည့်ရတာ စိတ်လှုပ်ရှားနေသဖြင့် Histamin ဟာစ်စတာမင်းတွေ ထွက်လိုက်လာတာ ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ဗူးဝကို ဖြတ်သည့်အခါမှာ ကျွန်မ ဖိနပ်ချွတ်စရာ မလိုတော့။ သူတို့ကလည်း ကျွန်မ၏ ဆတ်ဆတ်ထိမခံ ကိုယ်ခန္ဓာအကြောင်း ကျက်မိလာသည်ကြောင့် ထောင်ဝန်ထမ်းတွေကို ကျွန်မ



သည် ကျွန်းမာရေးကောင်းသူတစ်ယောက် မဟုတ်ကြောင်းတော့ မှာထားခဲ့ကြသည်။ သည်လိုနှင့် အမျိုးသမီးအချုပ်ဆောင်၏ ရုံးခန်း မျက်နှာချင်းဆိုင်က အခန်းလေးတစ်ခုထဲသို့ ကျွန်မ ရောက်သွားသည်။

ထိုစဉ်က ကျွန်မကို ထားသောအခန်း၏ ဘေးခန်းမှာ ယောက်ျားလျာအုပ်စုကို ညတိုင်သိပ်သည့်အခန်းဖြစ်သည်။ ထောင်မှာ လိင်တူချင်း သောင်းကျန်းသည့်ကိစ္စက ရှိနေသည့်အတွက် ညပိုင်းမှာ သူတို့အားလုံးကို သီးခြားထားလိုသဖြင့် သူတို့ဆယ်ယောက်လောက်က ကျွန်မဘေးခန်းမှာ ဖြစ်နေသည်။ ငယ်ငယ်ကတည်းက ယောက်ျားလေးတစ်ယောက်လို နေလာခဲ့သည့်တိုင် ကျွန်မက ဓမ္မပဒထဲက ယောက်ျားကောင်းမျိုး ဖြစ်ချင်သူမို့ သူတို့အုပ်စုလို ပုံစံမျိုးဟု အထင်ခံရမှာ ကြောက်သည့်စိတ်ကြောင့် မေမေထည့်ပေးလိုက်သည့် ကျွန်မ ဝတ်နေကျ ပုဆိုးတချို့ကိုပင် ဝတ်ရမှာ မရဲတော့။ နောက်တော့ ဘယ်လိုပဲ သည်ထဲမှာ နောက်ထပ်အချိန်ကာလတစ်ခုကို နေရဦးမည် ဆိုစေဦး၊ သည်နေရာသည် ယာယီနေရာတစ်ခုသာဖြစ်သည်ဟူသည့် ခံယူချက်ဖြင့် ကျွန်မက အပြင်မှာနေသည့်ပုံစံအတိုင်း မနေဖြစ်အောင် ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။ ထိုနေ့မှစပြီး ကျွန်မကိုယ် ကျွန်မ 'ကျွန်မ'ဟု သုံးရန် နှုတ်စလျှာစကို ရဲဆေးတင်ကျင့်ရတော့သည်။ တစ်သက်လုံးက အိမ်မှာနှင့် မိဘဆွေမျိုးတွေကြားမှာ မေမေ သင်ထားသလို 'မီး'ဟု 'သမီး'ကို အဖျားဆွတ်ပြီး ပြောတတ်သလို နိုင်ငံရေးဝန်းကျင်မှာ 'ကျွန်ုပ်'ဟုဆိုမြဲဖြစ်ကာ ဆေးရုံဝန်းကျင်မှာတော့ 'ကိုယ်'ဟု ပြောတတ်နေကျဖြစ်သည့်အတွက် 'ကျွန်မ'ဟု ကိုယ့်ကိုယ်ကို မသုံးတတ်သေး။ ဖြစ်ချင်တော့ ထိုရောက်ရောက်ချင်းညမှာ ဟိုဘက်ခန်းက ကိုယ်တော်မတစ်ယောက်က ကျွန်မကို စကြည့်ပါတော့သည်။ သူ့ကိုယ်သူ 'ဖိုးချစ်'ဟု ဆိုပြီး ကျွန်မအကြောင်း စပ်စုလာသည်။ ဘာပဲဖြစ်ဖြစ် စစ်ကြောရေးထက်စာလျှင် ထောင်မှာက စိတ်ဖိစီးမှုနှင့် တာယီကဒုက္ခတွေ သက်သာသွားသည်ဆိုသည့် ရှေ့ရှေ့က လူဟောင်း မိတ်ဆွေများ၏ ပို့ချချက်တွေ မှန်သင့်သလောက်တော့ မှန်သည်။ ခုခဲ စကားပြောဖော်က ရနေပြီ။ သူက မူးယစ်ဆေးရောင်းဝယ်မှုဖြင့် အမှုနှင့် ထွက်နေသည်ဟု ဆိုသည်။ ဘာပဲဖြစ်ဖြစ် အိမ်ကို ဆက်သွယ်ပေးနိုင်မည့်သူတစ်ယောက်တော့ ရပြီဟု သတ်မှတ်လိုက်ပြီး အဆင်ပြေအောင် ဆက်ဆံဖို့ တွေးရသည်။ သုံးထပ်သားနံရံတစ်ချပ်လည်း ခြားနေသဖြင့် သူ့ဘက်က

www.burmeseclassic.com

www.burmeseclassic.com



ကျွဲလာမှာမျိုးလည်း မပူရ။ သူ့ကို 'မမချစ်ချစ်' ဟုခေါ်ပြီး ကိုယ့်ကိုယ်ကို 'တိုယ်' ဟု သုံးနှုန်းတော့ အောင့်သက်သက်နှင့် ခံရှာသည်။

## နားငရဲ မျက်စိငရဲ

နောက်နေ့တွေမှာ နေ့ခင်းတိုင်ဆိုလျှင် အချုပ်ဆောင်၏တစ်နေ့တာလည်ပတ်ပုံဇယားတွေကို ငေးပြီး ညတိုင်မှာ မမချစ်ချစ်နှင့် စကားပြောရသည်။ ရောက်စနေ့တွေမှာ ပြဿနာက အစားအသောက်နှင့် အကြားအမြင်။ အစားအသောက်က အိမ်မှ ထည့်ပေးလိုက်တာတွေက မုန့်တွေမို့ ထမင်းနှင့် ရောစားစရာမရှိ။ ထောင်ကကျွေးတာက ဘာမှန်းမသိသည့်အရွက်တွေကို တီ၊ လောက်၊ ပိုးလောက်လန်း၊ သဲ၊ ခဲ စသည့် အညစ်ကြေးများ ရောနေသည့် သံချေးရောင်၊ မီးခိုးနံ့တို့နှင့် ပြည့်စုံသည့် ရေထဲမှာ ထည့်ပြုတ်ထားသည့်တာလပေါနှင့် ဖလံဖြူမှိုတက်၊ ပျော့စိဖတ်ဖြစ်နေသည့် ငရုတ်သီးတောင့်နည်းနည်းစွက်ထားသော ညှီစို့စို့ငါးပိစိမ်းစားအစိမ်း။ နဂိုကလည်း အစားအသောက်ကို ဟုတ်တိပတ်တိ မစားဖြစ်သည့်အချိန်မျိုးမို့ သည်အရာတွေကို ဘယ်လိုမှစိတ်မဝင်စား၊ မျိုချလို့မရ။ စိတ်ထဲမှာ အမှုကိစ္စအတွက် သောင်မတင် ရေမကျဖြစ်နေရတာတွေလည်း ပါနေသဖြင့် စားချင်သောက်ချင်စိတ်က ပိုမရှိ။ သည်ထဲမှာ အဆိုးဝါးဆုံးပြဿနာက ထောင်ဝန်ထမ်းတွေနှင့် အချုပ်သားအမျိုးသမီးအချို့၏ အဆဲဋ္ဌီကာ။ ယုတ်ညံ့ပေ့ပျက်သော ဝေါဟာရတွေကို စက်သေနတ်ပစ်သလိုတစ်မျိုး၊ လက်နက်ကြီးနှင့် စိမ်ပြေနပြေ ထုသလိုတစ်ဖုံ ဆဲရေးတိုင်းထွာနေကြတာကို ကြားရတာလောက် ကြောက်စရာကောင်းတာ မရှိတော့ဟု ထင်သည်။ စစ်ကြောရေးမှာတုန်းကမှ သည်လိုမျိုးတွေ မကြားရသဖြင့် သည်လောက်မကြောက်ဖြစ်ခဲ့။ ခုတော့ ကိုယ့်နားရွက်တွေက အလာဂ္ဂီမဖြစ်ဘဲ ထူပူနေခဲ့သည်။

မြင်ရသမျှတွေကလည်း အော်ဂလီဆန်စရာတွေချည်း။ မည်သည့်အကျင့်စရိုက်ပျက်အမှုမျိုးနှင့် တရားဆိုင်နေရသည့် အချုပ်တရားခံမျိုးမဆို ငွေတတ်နိုင်ပြီး ထောင်ဝင်စာထုပ်ကောင်းကာ စားကောင်းသောက်ဖွယ်တွေကို ဝေမျှပေးကမ်းနိုင်လျှင် ထောင်မှာတော့ သူကောင်းဖြစ်နေသည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လိမ်လည်မှု၊ အလွဲသုံးစားမှုနှင့် ကျလာသည့် စရိုက်ပျက်အချုပ်သမတွေက မူလတန်းပညာရေးသာတတ်သည့် ထောင်



ဝန်ထမ်းမတွေကို ငွေကြေး၊ လက်ဆောင်ပစ္စည်းများနှင့် လိုင်းဝင်ထားသဖြင့် သူတို့မည်မျှ မတရားကျင့်ကျင့် ပြဿနာမရှိ။ မည်သည့် မတရားစွဲဆိုခံရသည့် အချုပ်သားမဆို ငွေမရှိ၊ ထောင်ဝင်စာမရှိလျှင် ဖိထောင်းခံ၊ အနှိမ်ခံ။ မိန်းမာမည်ကိုမိမိ စာလုံးမပေါင်းတတ်သော ထောင်ဝန်ထမ်းမငယ်ငယ်ပေါက်ပေါက်က နိုးရာပါပစ္စည်းဝယ်ခြမ်းမိကာ အမှုရင်ဆိုင်နေရသည့် ဘွဲ့ရပညာတတ်၊ ငွေကြေးမကြွယ်ဝဘဲ အနေအထိုင်ရိုးသည့် အမျိုးသမီးကြီးကို နမ်းပြားမတန်အောင် နှိမ်ချခေါ်ဆိုပြီး လူကြားမှာ ထဘီကို အကြာကြီးဖြန့်ထားကာ ရှာဖွေရေးလုပ်တာမျိုးက အချုပ်ဆောင်၏ နိစ္စဓူဝကိစ္စ။ အချိန်မတော်သမ်းလျှောက်နှင့် ပြည့်တန်ဆာပုဒ်မတွေ တပ်ထားခံရသည့် ထောင်ကိုအိမ်ဦးခန်းကြမ်းပြင်လို မကြာခဏလာနေကျ ကောင်မလေးတွေကိုဖြင့် ထောင်ဝန်ထမ်းမတွေက သူတို့၏ခြေသလုံးသား ပိန်ညှောင်ဝတုတ်အရွယ်စုံအပေါ် မေးစေ့ဖြင့် နှိပ်နယ်ခိုင်းလိုခိုင်း။ သည်လိုမြင်ကွင်းတွေအပြင် သူတို့စိတ်ထင်လျှင် မထင်သလို ကျွဲရိုက်နွားရိုက် ရိုက်တတ်သည့် မြင်ကွင်းတွေက အမှန်မကို ထိတ်လန့်စေခဲ့ပြီ။ သူများတကာ ထောင်အတွေ့အကြုံရေးသလို ရေးဖူးချင်သဖြင့် ထောင်ကျမှာကို စိတ်ဝင်စားခဲ့ဖူးသလောက် ခုလို အနိဋ္ဌာရုံတွေကို မြင်တွေ့ကြားသိလာရချိန်မှာတော့ သည်လိုအဖြစ်ဆိုး၊ စကားဆိုးတွေကို မည်သို့သောသတ္တိမျိုးနှင့် စာဖွဲ့ရမည်နည်းဟု တွေးတောစပြုလာခဲ့ပါပြီ။

❖

## တွင်းအခြေမှာ

### စကာတည်းက ယဉ်သကို (သို့) ထောင်ရောက်စ

မအချုပ်ဆောင်ရှေ့က တိုက်ခန်းလေးမှာ နေရစဉ်ကာလများအမှုကို ရုံးတင်မည့်ရက်၊ ရုံးထုတ်မည့်ရက်များကို နားစွင့်နေရသည်။ ရှေ့ပြင်ပင်ဖြစ်စေ အိမ်ကို အသိပေးအကြောင်းကြားလိုစိတ်က ကြီးစိုးနေသည်။ ထိုစဉ်က မောင်လေးအငယ်ဆုံးက မူးယစ်ဆေးဝါးမှုနှင့် ထောင်ကျနေသဖြင့် သူကတော့ ကျွန်မရောက်နေပြီဖြစ်သည့် အကြောင်းကို သိပြီဖြစ်နေမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



တွေ့မိသည်။ သူသိလျှင် ဖေဖေနှင့်မေမေလည်း သိမည်ပင်။ သို့သော် အင်းစိန်ထောင်နားမှာ အင်းစိန်ဘူတာက ရှိနေရာ မီးရထားဥသြသံ ကြားရတိုင်း မေမေနှင့် ထွက်ခဲ့သည့် ခရီးတို့နှင့် မေမေ့ရင်ခွင်ကို တမ်းတလွမ်းဆွတ်စိတ်တို့ကြောင့် ဖြေဆည်မရနိုင်ခဲ့။ မေမေလည်း မည်သို့ရှိလေမလဲ။ အတွေးထဲမှာပင် ကြေကွဲမဆုံးတော့။ အမှန်တော့ ထိုစဉ်က မေမေ့ကြေကွဲမှုကကြီးမားလွန်းကာ အိပ်ရာပေါ်မှာ လူးလိမ့်ငိုကြွေးရင်းက ခုတင်ပေါ်မှ လိမ့်ကျကာ လက်ကျိုးသွားသည်အထိ ဖြစ်ခဲ့ကြောင်း နောင်အတော်ကြီးကြာမှ ကျွန်မကို အသိပေးခဲ့ပါသည်။ ထို့နောက် ဟိုဘက်ခန်းက မမချစ်ချစ်ကို ခိုင်းသည့်ကိစ္စမှာလည်း အရာကမရောက်လှ။ သည်လိုနှင့် တာဝန်ရှိသူကိုယ်လွတ်ရုန်းထွက်ပြေးသွားသဖြင့် ကျွန်ရစ်သူကို ကောက်ဖမ်းတာ ခံလိုက်ရသော ပညာတတ်အချုပ်သူတစ်ယောက်ကို ကျွန်မတွေ့လိုက်ရပြီး သူကဖေဖေအလုပ်လုပ်နေရာနှင့် မလှမ်းမကမ်းမှာနေသူမို့ အိမ်ကို အကြောင်းကြားရတာ အလွန်အဆင်ပြေသွားသည်။

ထို့ပြင် အချုပ်ဆောင်ရုံးခန်းမှာ တောက်တိုမယ်ရ ခိုင်းထားသည့် ဆေးခြောက်အရောင်းအဝယ်မှုနှင့် အမှုရင်ဆိုင်နေရသော တောသူကောင်မလေးတစ်ယောက်ကလည်း ကူညီသည်။ သည်လိုနှင့် ပထမဆုံး ရုံးချိန်းရက်အကြောင်း အပြင်ကို ကျွန်မ အကြောင်းကြားလိုက်နိုင်သည်။ ကျွန်မတို့ကို ရုံးမထုတ်ဖြစ်သော်လည်း ဘားလမ်းက စတီးဝပ်မှာ ကျွန်မတို့ကို ရုံးထုတ်မည်အထင်နှင့် လာစောင့်နေကြသူတွေက ရာချီပြီး ရှိနေကြောင်း သတင်းတွေပြန်ကြားလာရသည်။ မအချုပ်ဆောင်မှ ရုံးချိန်းပြန်လာသူ အားလုံးလိုလိုက သည်နေ့ စတီးဝပ်မှာ စောင့်နေသည့်လူအုပ်ကြီးက သူတို့ကားတွေ ဆိုက်လိုက်တိုင်း ကျွန်မပါသလားဟု မေးကြကြောင်း ပြန်ပြောကြသည်။ အမှုအနေအထားက ဘာမှန်းမသိသေးသည့်တိုင် ခုလိုသတင်းမျိုးကြားရတာ အားရှိလှသည်။ သည့်နောက်မှာတော့ ထောင်တွင်းတရားရုံးမှာပင် ကျွန်မတို့ကို ရုံးထုတ်ပြီး သက်သေခေါ်သည်။ ဘယ်တုန်းကမှ မသိဖူးသော လူနှစ်ယောက်က ကျွန်မအတွက် သက်သေဆိုကာ တရားသူကြီးဆီမှာ အစစ်ခံကြသည်။ စစ်ကြောရေးမှာ ဘာထွက်ခဲ့ထွက်ခဲ့ တရားသူကြီးရှေ့မှာ ထွက်ဆိုချက်သည်သာ တရားဝင်ကြောင်း သဘောပေါက်သည်မို့ ထိုနေ့က ထွက်ချက်တွေအတတ်နိုင်ဆုံး ကျစ်ကျစ်လျစ်လျစ်နှင့် အမှားနည်းအောင် ထွက်ဆိုဖြစ်ခဲ့သည်။ သည့်နောက်မှာ တရားသူကြီးက စက်တင်ဘာ ၂၇ ရက်မှာ အမှု



ခတင်စစ်ဆေးမည်ဖြစ်ပြီး ထိုနေ့မှာ ရှေ့နေရောက်လာနိုင်လျှင် ရှေ့နေငှားခွင့်ပေးမည်ဟု ဆိုသည်။ သည်တော့ ကျွန်မလည်း ထိုနေ့မှာ ရှေ့နေတစ်ယောက်နှင့်အတူ လာခဲ့ကြဖို့ ဖေဖေနှင့်မေမေ့ဆီ လျှို့ဝှက်အကြောင်းကြားရသည်။

## အနောက်တိုက်သို့ ပို့ခြင်း

သို့သော် ကျွန်မက အပြင်ကို ဆက်သွယ်ကြောင်း သတင်းပေါက်ကြားကာ ၁၉၉၃ စက်တင်ဘာ ၂၂ ရက်မှာ ကျွန်မကို ရုံးခန်းရှေ့ကအခန်းထဲမှထုတ်ကာ မအချုပ်ဆောင် တိုက်ခန်းဆီ ပို့လိုက်ကြသည်။ တိုက်ခန်းက ထောင်ကျအကျဉ်းသားတွေသာ ထားပြီး ကျွန်မကိုတော့ အန္တရာယ်ရှိသဖြင့် အချုပ်သားတွေကြား မထားနိုင်တော့ဟု ဆိုသည်။ အချုပ်တိုက်မှာ ထိုစဉ်က သခင်ဇင်ဇနီး ဒေါ်ကြည်ကြည်နှင့် သမီးမဒုံကတစ်ခန်း၊ ဗိုလ်စကြာရောင်ဇနီးဒေါ်ခင်ရီနှင့် သမီးမခင်နှင်းရီက တစ်ခန်း၊ အရေးအခင်းကာလက ခေါင်းဖြတ်မှုဖြင့် သေဒဏ်ကျခံရပြီး ၁၉၉၂ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နှစ်နှစ်ဆယ် တစ်ကျွန်းပြောင်းလဲကျခံနေရသော ဒေါ်အုန်းမြဒေါ်ညွန့်၊ မချူးတို့က တစ်ခန်းစီရှိနေပြီး ကျန်အခန်းလွတ်မှာ ကျွန်မ နေရသည်။ ပိုသန့်ရှင်းကာ လေဝင်လေထွက်ကောင်းသည့်အခန်းဖြစ်သဖြင့် ကျွန်မအတွက် ပိုပြီးအဆင်ပြေသည်။ စားရေးသောက်ရေးမှာလည်း အားလုံးကဝိုင်းကျွေးကြသဖြင့် အဆင်ပြေသထက် ပြေလာသည်။ အပြင်မှာပင် မတတ်နိုင်သဖြင့် မစားဖူးခဲ့သော ပုဇွန်ထုပ်ကြီးနှင့် ဧည့်သည်အကြီးစားအရွယ် စတော်ဘယ်ရီသီးများကို ထောင်ထဲရောက်မှ အဘွားဒေါ်ကြည်ကြည်တို့သားအမိကျွေးသဖြင့် စားဖူးလာသည်။ ညနေတိုင်းမှာ ညာဘက်ခန်းမှ မနှင်းနှင့် ဘယ်ဘက်ခန်းမှ မချူးတို့က စကားစမြည် လှမ်းပြောကြသည်။ ကျန်သူတွေက နားထောင်သမား။ ကျွန်မကလည်း ပြောပြနိုင်သမျှ ကျွန်မအကြောင်းအချို့ကို ပြောပြဖြစ်သည်။

စက်တင်ဘာ ၂၇ မှာ ရုံးထုတ်တော့ ဖေဖေနှင့်မေမေရော၊ ရှေ့နေဦးဝင်းမောင်ကိုပါ တွေ့လိုက်ရသည်။ ဦးဝင်းမောင်က အဖွဲ့ချုပ်က ရှေ့နေဖြစ်ပြီး ဦးခင်မောင်ဆွေမှ စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။ သို့သော် တရားသူကြီးက ထောင်ဝင်စာပင် ခွင့်မပြုရသေးသော ကျွန်မကို ရုံးချိန်းအမီ ရှေ့နေပါ အပါခေါ်လာနိုင်တာတွေ့ရတော့ အံ့သြသလို သဘောမကျ။ မတတ်သာ

www.burmeseclassic.com



သဖြင့်သာ ဦးဝင်းမောင်ကို ကျွန်မ၏ ရှေ့နေအဖြစ် လက်ခံလိုက်သော်လည်း ကျွန်မနှင့် ဦးဝင်းမောင်မှာ အမှုကိစ္စအတွက် ဘာမှမည်မည်ရရ ပြောခွင့်မရ။ အမှုမှာ ပါဝင်သည့် လူတွေက အမျိုးသားချည်း ဆယ်ယောက်။ ထိုဆယ်ယောက်မှာ ငါးယောက်က ကျွန်မ မည်သည့်အခါကမျှ မမြင်ဖူးသူတွေ ဖြစ်နေပြန်သည်။ ထို့အပြင် ကျွန်မတို့အမှုတွဲထဲမှ တစ်ယောက်က နောက်အမှုတွဲတစ်ခုဖြစ်သည့် ဆရာဒေါက်တာအောင်ခင်ဆင့်တို့ အမှုတွဲထဲမှာ ပါနေကြောင်း သိလိုက်ရသည်။ ထိုအခါကျမှ ဆရာအဖမ်းခံနေရမှန်း သိသလို ထိုအမှုတွဲနှစ်ခုလုံးမှာ ပါသူကို ကျွန်မက မကြားဖူး မမြင်ဖူး။ အမှုအတွက် အစိုးရဘက်က တင်ထားသည့် သက်သေက ၅၂ ယောက်။ ထိုလူတွေထဲမှာ အဖွဲ့ချုပ်က လူသုံးလေးယောက်ကလည်း ပါနေပြန်သည်။ အမှုသွားအမှုလာမှာ ကျွန်မကိုယ်တိုင် ရှင်းရှင်းလင်းလင်း နားမလည်နိုင်အောင် ရှုပ်ထွေးနေသည်။ နောက်ပြဿနာတစ်ခုက တစ်စုတစ်စည်းတည်း အချုပ်ခံထားရသည့် ထို အမျိုးသားဆယ်ယောက်က တရားရုံးမှာ အချင်းချင်းဖော်ကောင်လုပ်ကြ၊ လွှဲချကြနှင့် ဖြုတ်စဖြင်းတောင်း။ အမှုက တစ်ရက်ခြား၊ သုံးရက်ခြားဆိုသလို စစ်ပြီးသက်သေတွေ များလွန်းသဖြင့် မိုးလင်းမိုးချုပ် စစ်နေရသည်။ အမျိုးသမီးက ကျွန်မတစ်ယောက်တည်း ပါသမို့ လက်ထိပ်တွေဘာတွေ မသုံးဘဲ မမောင်ခင်မှာ အဆောင်ပြန်ခွင့်ကိုလည်း တရားသူကြီးဦးသန့်စင်က စီစဉ်ပေးသည်။ စစ်ခုံရုံးတွေမရှိတော့သော်လည်း အထူးတရားရုံးဟုခေါ်ပြီး အင်းစိန်ထောင်ထဲမှာပင် စစ်သည်။ ဖေဖေနှင့် မေမေ့ကို နွမ်းနွမ်းနယ်နယ် တွေ့ရသော်လည်း စိတ်ဓာတ်ကျနေဟန်တော့ မရှိ။ သူတို့လည်း ဖြတ်သန်းခဲ့ရတာတွေ များနေသဖြင့် ခံနိုင်ရည်ရှိတန်သလောက် ရှိနေကြပြီ။ တရားရုံးဝန်းကျင်ကို မမွေးတို့အုပ်စုအပါအဝင် မိတ်ဆွေသူငယ်ချင်း အချို့က အရောက်လာအားပေးကြသည်။ အရောင်စစ်နေကြောကို ထုတ်ဝေခွင့် ရပ်စဲခံလိုက်ရကြောင်းလည်း ကြားသိရသည်။

## အနှစ်နှစ်ဆယ် ဆိုပါလားဟေ့

ကျွန်မကို စစ်သည့်နေ့မှာတော့ ထောက်လှမ်းရေးက လူတွေရော တရားရုံးကလူတွေပါ ပြုံးစိစိဖြစ်ခဲ့ကြပြန်သည်။

'နာမည်က မသီတာနော်'



'ဟုတ်ကဲ့'

'အသက် ၂၇ နှစ် ဟုတ်လား'

'မဟုတ်ပါဘူး'

တရားသူကြီးက မျက်လုံးပြူးသွားသလို တီးတိုးစကားပြောနေသံတွေ ထိတ်သွားသည်။

'အချုပ်ထဲမှာပဲ ၂၇ နှစ်မွေးနေ့က ရောက်သွားပြီ။ အခု ၂၈ ထဲမှာ' ရယ်သံဟဟကို ကြားရသည်။

သည့်နောက်မှာ ကျွန်မ၏ ရှေ့နေဦးဝင်းမောင်ကို ကျွန်မအား မေးခွန်းအချို့ မေးခွင့်ပေးသည်။

'ရုံးတော်ပေါ်မှာတင်ပြထားတဲ့ 'ခေတ်ပြိုင်'ဂျာနယ်တွေဟာ မသီတာကသာ သိမ်းဆည်းသွားတဲ့ စာစောင်တွေပါလား၊ မသီတာပိုင် စာစောင်တွေလား'

'သည်ဂျာနယ်တွေရဲ့ မူရင်းပိုင်ရှင်ဖြစ်သူက သူ့ပိုင်အမှတ်အသားတစ်စုံတစ်ရာကို စာစောင်တွေပေါ်မှာ ရေးထိုးထားခြင်းမရှိသလို ကျွန်မကလည်း ငှားရမ်းဖတ်ရှုခဲ့ဖူးသူသာ ဖြစ်တဲ့အတွက် ကိုယ်ပိုင်အမှတ်အသားတစ်စုံတစ်ရာ မမှတ်ထားဖြစ်ခဲ့ပါဘူး။ ဒီတော့ အခုရုံးတော်ပေါ်မှာ တင်ပြထားတဲ့ စာစောင်တွေဟာ တစ်ချိန်က ကျွန်မအနေနဲ့ ငှားရမ်းဖတ်ရှုခဲ့ဖူးပြီး မူလပိုင်ရှင်ကို ပြန်လည်ပေးအပ်ခဲ့တယ်လို့ အမှတ်ရနေတဲ့ စာစောင်တွေ ဟုတ်၊ မဟုတ် ကျွန်မအနေနဲ့ မပြောနိုင်ပါဘူး'

ဦးဝင်းမောင်က သူ မထင်ထားသည့် ကျွန်မ၏အဖြေကို ကြားပြီး ခေါင်းတညိတ်ညိတ်ဖြစ်သည်။ သည့်နောက်မှာ အစိုးရဘက်က ဆွဲချရှေ့နေက တရားသူကြီးကို ကျွန်မ၏ ထွက်ချက်များအား ရှေ့ဖတ်စာရေးထံ ကျွန်မကပင် တိုက်ရိုက်ပြောကြားနိုင်ကြောင်း၊ သူ့အနေဖြင့်သော်လည်းကောင်း၊ ကျွန်မ၏ရှေ့နေဦးဝင်းမောင်မှသော်လည်းကောင်း စာပြန်စီပေးရန် မလိုကြောင်း၊ ယခုကဲ့သို့ ကျွန်မမှ တိုက်ရိုက်ထွက်ဆိုချက်ကို ရှေ့ဖတ်စာရေးမှတ်တမ်းတင်ခြင်းအား တရားသူကြီးမှ ခွင့်ပြုလျှင် သူ့ဘက်မှလည်း သဘောတူကြောင်း၊ သို့မှသာ အမှုစစ်ချိန် ကြန့်ကြာမှုမရှိမှာဖြစ်ကြောင်း တင်ပြလာတော့သည်။ အပြန်အလှန်မေးခွန်းများကို မေးမြန်းရာတွင်လည်း ကျွန်မနှင့်သိသည့် ကျန်အမှုတွဲများမှ အမှုသွားထင်ရှားအောင် မေးတတ်နိုင်ခြင်း ရှိခဲ့ကြ။ သည်လိုပုံနှင့် အမှုကြောင်းသက်သက်အရဆိုလျှင် ကျွန်မမှာ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မဲ့သူအဖြစ် ကွင်းလုံးကျွတ်လွတ်မြောက်ဖို့သာ ရှိနေသည်။ သို့သော် သည်ခုံရုံးတွေက တရားရုံးမဟုတ်ဘဲ မတရားရုံးသာ ဖြစ်သည်ကိုး။ ၁၉၉၃ အောက်တိုဘာ ၁၀ ရက်နေ့မှာ အရေးပေါ်စီမံချက်ဥပဒေပုဒ်မ ၅-ည အရ ထောင်ဒဏ် ၇ နှစ်၊ မတရားအသင်းပုဒ်မ ၁၇(၁)အရ ထောင်ဒဏ် ၃ နှစ်၊ တရားမဝင်ပုံနှိပ်ဥပဒေပုဒ်မ ၁၇ နှင့် ၂၀ အရ ထောင်ဒဏ် ၅ နှစ်စီ၊ စုစု ပေါင်း ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။ ကျွန်မတို့အုပ်စုကို အမိန့်မချမီ က အဖွဲ့ချုပ်နှင့် အခြားလှုပ်ရှားသူများ၏ ထောင်ဒဏ်ကြမ်းခင်းဈေးမှာ ၇ နှစ်သာ ဖြစ်ခဲ့သည်။ ဆရာမောင်သော်က တစ်ဦးတည်းသာ အနှစ်နှစ် ဆယ်ချခံရသဖြင့် ဆရာ့အတွက် ရည်စူးပြီးလုပ်ဖြစ်ခဲ့သည့် လက်ကမ်းကဗျာ စာစောင်လေးမှာ ဆရာမ မစိမ်းပင်မှ သူ၏ 'မီးခြစ်တစ်ဆံ' ကဗျာကို 'အနှစ်နှစ်ဆယ်ဆိုပါလားဟေ့' ဆိုသည့် စာသားနှင့် စဖွင့်ခဲ့သည်ကို အမှတ်ရ သွားမိသည်။ အမိန့်ချပြီးချိန်မှာ ဖေဖေ၊ မေမေတို့အပါအဝင် စောင့်နေကြ သည့် အပေါင်းအသင်းတွေနှင့် စကားပြောခွင့်မကြုံတော့ဘဲ ဘူးဝကို မရောက် ခင် ကားပေါ်ကနေပဲ လက်ဟန်ခြေဟန်ပြကာ အော်ဟစ်ပြီး 'အနှစ်နှစ်ဆယ်' ဟု အသိပေးရသည်။ သူတို့တွေမျက်နှာပေါ်က အံ့သြစိတ်ပျက်ဟန်တွေကို ကြည့်ရင်း 'မကြာပါဘူး၊ အဲဒီလောက်' ဟု ပြန်အားပေးခဲ့ရပြီး ထောင်ထဲ ပြန်ရောက်သွားခဲ့သည်။

## အကျဉ်းဆောင်မှာ တစ်ညနေ

ထောင်ကျသွားပြီဆိုတော့လည်း ကျွန်မကို အကျဉ်းဆောင်ဘက် ပြောင်း ဖို့လုပ်ကြသည်။ အချုပ်တိုက်ဘက်ကတော့ ကျွန်မက အမှုသွားအရလွတ်မှာ ဟု ပြောတတ်လွန်းသဖြင့် ခုလို မထင်မှတ်လောက်သည့် ထောင်ဒဏ်ကြီးကို မကြားဝံ့ မခံနိုင်ဖြစ်နေမှာ စိုးရိမ်ကြသည်။ အမှန်တော့ စပြီးအဖမ်းခံရကတည်းက ဘာမဆိုဖြစ်လာနိုင်သည်ကို မျှော်လင့်ပြီးသားမို့ ထွေထွေထူးထူး တော့ ဝမ်းနည်းမနေတော့။ မနှစ်က လွတ်ငြိမ်းချမ်းသာခွင့် အတွေ့အကြုံ ကြောင့်လည်း မျှော်လင့်ချက်က ကြီးနေသေးသည်။ အနှစ်နှစ်ဆယ်လုံးလုံး တော့ မနေရလောက်ဘူးဆိုတာကို ယုံကြည်နေခဲ့သည်။ အကျဉ်းဆောင်ကို ရောက်ရောက်ချင်း မစိမ်းပင်က 'အနှစ်နှစ်ဆယ်ဆိုပါလားဟေ့' ဟု အော်ပြီး ကြိုဆိုသည်။ ထိုနေ့ကတော့ ကျသစ်ထုံးစံအရ အဆောင်ထဲမှာ ညအိပ်လိုက်ရ သည်။ ရှိသမျှ ထောင်ကျဦးရေငါးရာကျော်က ခေါင်းချင်းဆိုင် ခြေချင်းယှက်



ကာ အတန်းလိုက် အိပ်ကြရသည့်နေရာမို့ အနံ့ပေါင်းစုံသလို အမြင်အကြားတွေ လည်း ထွေပြားလှသည်။ အများတကာသည့် အိမ်သာကလည်း ကျွန်မတို့ တိုက်ခန်းတွေမှာ သုံးကြရသလို ဓောက်တိမ်တိမ် စဉ့်ဇလားမျိုးသာမို့ လျှံလန် ကျက်မတတ် ပိုးလိုးပက်လက် ဟိုးလိုးဟောင်းလောင်း။ အယုတ္တ အနတ္တ အဆိုသံတွေနှင့် လုပ်ပိုင်ခွင့်ရထားသည့် တန်းစီး၊ ဘာယာနှင့် ငွေကြေးကြွယ်ဝ သည့် ဆေးမှု၊ အလွဲသုံးစားမှုသမားတွေ၏ နိုင်ထက်စီးနင်း ဆက်ဆံရေးတွေ ကလည်း ထိုဓောက်တိမ်တိမ် အိမ်သာဇလားတွေလို ပိုးစိုးပက်စက် အနံ့ အလောင်းလောင်း။ နံရံလေးဘက် အလုံပိတ်တိုက်ခန်း၊ သော့ခလောက်၊ သံတံထိတ်၊ ခြေကျဉ်းစသည်တို့ထက် ကြောက်မက်ဖွယ်ကောင်းသည့်အရာ တွေက သည်နေရာသိန်ခန်းတွေမှာ ရှိနေတာ သေချာသည်။ သည်လိုစရိုက်တွေ နှင့် လူတွေကို ဘယ်ကနေ ဘယ်လိုစပြီး ဆက်ဆံရမလဲဆိုသည့် ပြဿနာက ကျွန်မအတွက် အကြီးမားဆုံးပြဿနာ။

နောက်နေ့မနက်မိုးလင်းတော့ နိုင်ငံရေးအကျဉ်းသူ ၅ ညအုပ်စုက ကျွန်မကို လာခေါ်ပြီး သူတို့၏ ရစ်ဆောင်အပေါ်ထပ်သို့ ခေါ်သွားသည်။ သည်မှာ လူအမျိုးမျိုး၏ ရင်ဖွင့်ချက်အဖုံဖုံကို နားထောင်ရပြန်သည်။ မနေ့ည ကမှ ထောင်အနှစ် နှစ်ဆယ်ကျလာသည့် ကျွန်မကို နောက်သုံးလနေလျှင် လွတ်ရက်စေ့တော့မည့်သူက သူ မည်မျှလွတ်ချင်နေကြောင်း စီကာပတ်ကုံး ပြောလာသလို ခေတ်အဆက်ဆက်က မိသားစုလိုက် နိုင်ငံရေးလုပ်ပြီး ထောင် ထွတာ အသားကျနေသူက ကျွန်ုပ်ဒ်မတွေနှင့်ကျလာသော အကျဉ်းသူများက နိုင်ငံရေးအကျဉ်းသားများနှင့်အပြိုင် အခွင့်အရေးတချို့ကို လိုချင်နေကြောင်း၊ ထို့ကြောင့် သူက ၅ ညတွေလို အခွင့်အရေးလိုချင်လျှင် နိုင်ငံရေးပုဒ်မနှင့်သာ ထောင်ထဲလာသင့်သည်ဟု ပြောလိုက်ကြောင်း စသည်ဖြင့် အမျိုးမျိုးပြောလာ ကြသည်။ တချို့ကလည်း 'ဒီလိုထောင်ကျမှာကို မသိလို့လား။ ဘာလို့ ကိုယ့်ပညာနဲ့ကိုယ် ဆေးရိုးရိုးကုမစားတာလဲ' ဟု မေးလိုက်ပြန်သည်။ 'ဟုတ် တဲ့၊ ကျွန်မက မူကြိုသမဂ္ဂအဖွဲ့ဝင်အဖြစ် ထောင်ကျလာတာမဟုတ်ပါဘူး။ ထောင်ကျနိုင်မယ်မှန်းလည်း သိပါတယ်၊ သည်လောက်နှစ်ကြီးမယ်လို့တော့ ထင်ဘူးပေါ့။ နိုင်ငံရေးမှုနဲ့ ကျပေမဲ့ အကျဉ်းသားတွေကြားမှာ တစ်မူထူးခြား အခွင့်ထူးခံအကျဉ်းသားဖြစ်ဖို့တော့ စိတ်ကူးမရှိပါဘူး။ ကိုယ့်ကို ဖမ်းတော့ တစ်ချိန်လုံး သူတို့အစိုးရက မတရားဘူးဆိုတာ လူသိရှင်ကြားပြနေမှာမို့ ခံနေရပေမဲ့ အချည်းနှီးတော့ ဖြစ်မသွားဘူးလို့ပဲ ယုံကြည်ပါတယ်' ဟုသာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်ဖြစ်ခဲ့သည်။ အချုပ်တိုက်မှာ ရေချိုးရတာ တစ်ခန်းချင်းစီမို့ သီးခြားဖြစ်သလောက် ခုတော့ အဆောင်မှာမို့ အများနှင့်အတူ တန်းစီပြီး ဘာယာကအော်ပေးသလို 'ခပ်'ဆိုမှ ပုံစံပန်းကန်ပြားနှင့် ရေကို ခပ်ပြီး 'ချိုး'ဆိုမှ ကိုယ်ပေါ် ရေလောင်းချရသည့်အတွေ့အကြုံက သိပ်တော့အဆင်မပြေ။ ထို့ကြောင့် ၅ ညတွေ သီးခြားရေချိုးဆင်းချင်သည့် ၅ ညအခွင့်အရေး ကာကွယ်သူ၏ သဘောထားကို ချက်ချင်းနားလည်စာနာသွားမိသလို လွှတ်ခါနီးပေမဲ့ အခုကိုပဲ လွှတ်ချင်နေသည့်သူ၏ ဆန္ဒကိုလည်း သဘောပေါက်ပေးရပြန်သည်။ သို့သော် ရေးစရာတွေတော့ တထောကြီး တွေ့ရပဟဲ့ဟုသည့် အတွေးနှင့် စိတ်ထဲမတော့ သိပ်ထိထိခိုက်ခိုက် မဖြစ်လှသေး။

## အကျဉ်းသူဘဝအစ

သို့သော် ထိုနေ့ညနေမှာ တန်းပိတ်ချိန် ညနေ ငါးနာရီရောက်တော့ ကျွန်မကို သည်အကျဆောင်မှာ မထားရဘဲ အချုပ်တိုက်ကိုပဲ ပြန်ပို့မည်ဟု ဆိုကာ ပြန်ခေါ်လာခဲ့ကြရာက မအချုပ်တိုက် အခန်းနံပါတ်သုံးထဲ ကျွန်မ ပြန်ရောက်သွားခဲ့သည်။ တိုက်က အဖွဲ့တွေလည်း ကျွန်မကို ဝမ်းသာအားရ ပြန်ကြိုကြသည်။ မနေ့က ပါသွားသည့် ကျွန်မ၏ စားစရာလေးတွေကို အကျဆောင်ဘက်မှာ ဗူးတွေ ဘာတွေနှင့် သေသေချာချာ ထည့်ပြုပေးထားခဲ့ကြသည်မို့ ကျွန်မ ပြန်လာတော့ ပစ္စည်းတွေက များလာခဲ့သည်။ သူတို့မှာ ရှိသမျှထဲက ဝေခွဲပေးလိုက်ကြပြီး နောက်နေ့တွေမှာ အင်အားတိုးပဟဲ့ဟု သဘောရနေကြသော အကျဆောင်အဖွဲ့ကို ကျေးဇူးတင်လွမ်းသွားဖြစ်သည်။ သို့သော် သည်တိုက်မှာတော့ ညနေထောင်ပိတ်ချိန်ကနေ အိပ်ချိန် ကိုးနာရီ သံချောင်းမခေါက်မချင်း အခန်းပေါက်က သံဇကာကွက်နား ထွက်ရပ်ပြီး စကားပြောသည့် အလေ့အထက အတော်လေး အသားကျနေပြီ။ လူငယ်ပဲ၍ မချူးနှင့် မနှင်း နှစ်ယောက်ရှိရာ အောက်တိုဘာလကုန်ခါနီးမှာ မနှင်းကို အဆောင်ပြောင်းလိုက်သည်။ မနှင်းအမေကတော့ နှစ်ဧကာ လွှတ်သွားသည်။ သည်လိုနှင့် မချူးနှင့် ကျွန်မ ပိုခင်မင်ဖို့ ဖြစ်လာသည်။ သို့သော် ငယ်ပြီး ချောမောလှပသလောက် အပြောအဆို ကြမ်းကြမ်းတမ်းတမ်း ဖြစ်နေသည့် မချူးနှင့် စိတ်ရောကိုယ်ပါ ရင်းနှီးဖို့ရာမှာ သိပ်တော့မလွယ်လှ။

ထိုစဉ်က ကျွန်မမှာ ထောင်တွင်းလိင်တူအချစ်တော်ထားခြင်း၊ ယှဉ်



ဆက်ဆံခြင်းတွေ ရှိနေသည့်အတွက်ကြောင့် အပြင်မှာလို ကျားကျားလျားလျား နေလိုက်လျှင် ထိုလူတွေကဲ့သို့ ထင်မှတ်များမှာ ကြောက်ကာ ပါလာသည့် ရှုဆိုးတွေကို ဝတ်နေသေးသော်လည်း ပြောနေကျ 'ကိုယ်'နာမ်စားအစား 'ကျွန်မ'အသုံးအနှုန်းကို အတွင်းကျင့်နေချိန်လည်းဖြစ်သည်။ ထို့ပြင် သည်ထဲမှာ ခဏပဲနေရမှာဆိုသည့် အတွေးအထင်ကလည်း ရှိနေသေးရာ နေရခိုက်အတွင်းမှာ ကိုယ့်စိတ်ကိုယ် ကိုယ်ချိုးနှိမ်ပြီး လူမျိုးတစ်ရာတစ်ပါးနှင့် အဆင်ပြေအောင် ကြိုးစားကြည့်ချင်စိတ်ကလည်း ရှိနေပြန်သည်။ အမှန်တော့ အတတ်ဆန်းထွင်သလို စိတ်ကူးနေခြင်းသက်သက်မဟုတ်ဘဲ ကျွန်မ၏ မူလဘူတဘာသာရပ်ဖြစ်သော ဘာသာရေးအဆုံးအမကို ပို့ပြီး အချိန်ပေးလိုက်မှာမို့ ကြိုးစားနေခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် ငယ်ရွယ်နုပျိုပြီး ဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်ကာ ချမ်းသာကြွယ်ဝသည့် မိသားစုမှဖြစ်သော မချူးတစ်ယောက် ခုလိုစိတ်ကြမ်းကိုယ်ကြမ်းဖြစ်နေရာမှ အတန်အသင့်ပြောင်းလဲသွားအောင် ကျွန်မဘက်မှ အကြမ်းမဖက်ဘဲ အနုနည်းဖြင့် ဖြိုရန် အကြံလည်း ဖြစ်မိသည်။ အကြောင်းတစ်ခုမှာ သူက ကျွန်မလို ဘယ်လိုနည်းနှင့် ထောင်ဝန်ထမ်းတွေကို အသုံးချရမည်၊ ဆန့်ကျင်ရမည်ဆိုတာကို တွေးနေသူလည်း ဖြစ်ခြင်းပင်။ သူ့ဘဝကြုံတွေ့ရမှုများကြောင့် ခုလို စိတ်ထိခိုက်နေရသည်ကို ကျွန်မက နားလည်ပေးနိုင်သည်လေ။

ကျွန်မတို့ထက်အသက်အတန်ငယ်ကြီးသော တိုက်သူအစ်မတစ်ယောက်ကို ခင်မင်သော်လည်း သူက ကျွန်မရောက်ကတည်းက 'ထောင်မှူးမကို ဆိုင်းဝင်ချင်လား၊ အစ်မဆက်သွယ်ပေးနိုင်တယ်။ အမေ့ကို ဆရာဝန်ဆေးစာနဲ့ ဆောင်ဖွင့်ချိန်ကနေ ထောင်ပိတ်ချိန်အထိ အခန်းတံခါးဖွင့်ထားခွင့်ရအောင် ချုပ်ထားတာမျိုးရော လုပ်ချင်လား။ ညည်းရဲ့ အလာကျိုကို အကြောင်းပြုပြီး ချုပ်လို့ရအောင် အစ်မဆက်ပေးမယ်' စသဖြင့် ပြောလာသူမို့ ထောင်တိုကျွန်မ ရင်ဆိုင်မည့်ပုံနှင့် သူတို့ရင်ဆိုင်မည့်ပုံ မည်သို့မျှ မတူညီနိုင်ကြောင်း သဘောပေါက်ကာ အတွင်းကျကျ ဆက်ဆံဖို့မဖြစ်နိုင်ဟု သဘောပိုက်မိခြင်းသည်။ သူ့ကိုတော့ 'ထောင်မှူးဆိုတာ မင်းခစား ကမ်းနားသစ်ဝင်မို့ တစ်ယောက်ပြောင်းတိုင်း တစ်ခါလိုင်းဝင်နိုင်အောင် မချမ်းသာကြောင်း၊ အလာကျိုလည်း သူ့အမေ၏ နှလုံးရောဂါလို ချက်ချင်းသေနိုင်လောက်သည့်ရောဂါ ဆောက်မှုသဖြင့် ကိုယ်တိုင်ဆရာဝန်ဖြစ်နေသည့် ကျွန်မအနေဖြင့် နောက်ဆရာဝန်တစ်ဦးကို လည်ဆယ်သည့်ဆေးစာ ရေးပေးရန် မတောင်းဆိုနိုင်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ အဆင်ပြေအောင် ရှင်းပြဖြစ်ခဲ့သည်။ အမှန်တော့ ကျွန်မက ပွင့်ပွင့် လင်းလင်းနှင့် လာဘ်ပေးလာဘ်ယူသဘာဝကို အားမပေးနိုင်ကြောင်း ပြော ခဲ့သင့်သော်လည်း ထိုစဉ်က သူတို့ကျွေးထားသည့် အစားအသောက်တွေကို မြိန်မြိန်ယောင်ပြီး ပြောမထွက်ခဲ့။

## ထောင်ဝင်စာလူ့ဆိုး

သည်လိုနှင့် ထောင်ကျထောင်ဝင်စာ တွေ့ရသည့်ရက်ကို ရောက်လာ ခဲ့သည်။ ဖေဖေ၊ မေမေ့ကို မှောင်အုပ်အုပ် အောက်သိုးသိုး အခန်းထဲက သံဇကာနှစ်ထပ်နောက်မှာ စောင့်တွေ့ရသည့် ထောင်ဝင်စာ ခံစားချက်သည် ချိုသလိုနှင့် ခါးသော၊ စပ်သလိုနှင့် ဆိမ့်သော ခံစားချက်မျိုးဟု ဆိုရပါမည်။ ထောင်ဝင်စာခန်း၏ ခါးစပ်စပ်အရသာက မိသားစုနှင့် တွေ့ခွင့်ရသည့် ချိုဆိမ့်ဆိမ့်အရသာနှင့် ရောထွေးသွားမြဲ။ အမှန်တော့ ထောင်အနှစ်နှစ်ဆယ် ဆိုသည့် ဖိစီးမှုကို ကျွန်မ မည်သို့မျှ မခံစားဖြစ်ခဲ့ခြင်းမှာ နှစ်ပတ်တစ်ခါတိုင်း ဖေဖေ၊ မေမေတို့ထံမှ ထောင်ဝင်စာလာအတွေ့ကို စိတ်သေလက်ချ မျှော်လင့် နိုင်နေသရွေ့သာ ဖြစ်ပါသည်။ ထောင်သက်ကို အနှစ်နှစ်ဆယ်ဟု မည်သည့် အခါကမျှ မတွေးဖြစ်ဘဲ မိဘနှင့် ထောင်ဝင်စာတစ်ကြိမ် တွေ့ပြီးတိုင်း နောက်ဆယ့်လေးရက်အကြာမှာ နောက်တစ်ကြိမ် တွေ့ရဦးမည်ဆိုသည့် ခံစားချက်၊ မျှော်လင့်ချက်များဖြင့် နောက်ထပ်ဆယ့်သုံးရက်ကို ကျော်ဖြတ် နိုင်ခဲ့ပြန်သည်။ အကျဉ်းသားငါးဆယ်လောက်ကို မိသားစုဝင်တစ်ရာလောက် က တစ်ပြိုင်တည်း တွေ့ဆုံခွင့်ရသည့် ထောင်ဝင်စာခန်း၏ ဖွဲ့စည်းပုံမှာ ဖုံးခိုကျင်းရှည်မျောမျောကို သံဇကာ နှစ်ထပ်ဖြင့် အကန့်လေးကန့် ပိုင်းထား သလိုမျိုး ဖြစ်သည်။ အခန်း၏အမြင့်က ခြောက်ပေခွဲလောက်သာရှိပြီး မြေပြင် မှ သုံးပေလောက်ထိ အုတ်တေအကန့်နှင့် အုတ်ခုံတွေကို အတန်းလေးတန်း စီတန်းထားပြီး ကျန်အမြင့်မှာ သံဇကာနှစ်ထပ် ကာထားသည့်အတွက် အပြင်ဘက် အလင်းထဲမှ ဝင်လာသည့် မိသားစုတွေက ဆိုင်ရာအကျဉ်းသား ကို လွယ်လွယ်နှင့် မရှာနိုင်ကြ။ မီးချောင်းဖြူဖြူ ဝါဝါတွေက ခရမ်းချဉ် သီးအလင်းလောက်သာရှိပြီး သန့်ရှင်းရေးရယ်လို့ ဟုတ်တိပတ်တိလည်း မလုပ်ထားသည့်အပြင် အကျဉ်းသားပေါင်းစုံ၏ ကိုယ်နံ့ပေါင်းစုံကလည်း သည်ထဲမှာ ကြိုင်လှိုင်နေတတ်သည်မို့ ထောင်ဝင်စာတစ်ကြိမ်အတွက်



ကန့်သတ်ချိန် ဆယ့်ငါးမိနစ်သည်ပင် ငရဲတစ်ခြမ်း၊ နတ်စခန်းတစ်ပိုင်းဆိုတာ မျိုး ဖြစ်နေသည်။ ပတ်ဝန်းကျင်အနေအထားက ငရဲခန်းဖြစ်သော်လည်း မိသားစုဝင်တွေ၏ မျက်နှာကို မြင်ရသလို ယူလာသည့် စားစရာ၊ အသုံး အဆောင်တို့ကိုလည်း လက်ခံနိုင်ကြတော့မည်ဖြစ်သဖြင့် နတ်စခန်း တစ်ထောက်ဟုပင် ထင်နေတတ်ကြပါသည်။ မိသားစုဆီက ပါလာသည်မှာ 'ဘဲဥပြုတ်'နှင့် 'ငါးပိကြော်'ပင် ဖြစ်စေဦး နေ့စဉ် ထောင်ကပေးသည့် 'အရသာမဲ့ဟင်းရွက်နှင့် ပိုးကောင်စုံရေလုံပြုတ်'၊ 'မစပ်သော ဖလံဖြူငရုတ် သီးခြောက်နှင့် မကျက်သော ငါးပိခပ်ညံ့ညံ့'တို့ထက် သာလွန်ကောင်းမွန် သော နတ်သုဒ္ဓါဟု အကျဉ်းသားတို့က သဘောထားကြသည်ကိုး။ သည်လို အနက်တွေ ကွယ်သည့် ထောင်ဝင်စာကို ကျွန်မကလည်း ကျန်အကျဉ်းသား များနည်းတူ တန်ဖိုးထားသလောက် ကျွန်မဖြင့် ထောင်ဝင်စာတစ်ခါထွက် လျှင် ပြဿနာက တစ်ခုမဟုတ်တစ်ခု ဖြစ်တတ်မြဲ။

တကယ်တော့ 'ကြီးနိုင်ငယ်ညှဉ်း ဂနိုင်ဥပဒေသ' ကြီးစိုးသည့်ထောင် မှာ အရာရှိက ဝန်ထမ်းကို နိုင်၊ ဝန်ထမ်းက တန်းစီး၊ ဘာယာတို့လို အကျဉ်းသားခေါင်းတွေကို နိုင်၊ သူတို့က သာမန် အကျဉ်းသားကို နိုင်နင့် အဆင့်ဆင့်အနိုင်ကျင့်ကြသည်မှာ မဆန်း။ သည်တော့ ထောင်ဝင်စာထုပ်ကို စီစစ်ရေးကလည်း အပြင်က စာပေစိစစ်ရေးလို မူကတစ်ပိုင်း၊ လူကတစ်ပိုင်း။ မူအရ ငြိလည်း ပယ်၊ လူက နားမလည်၊ သဘောမတွေ့လည်း ပယ်ဆိုသည့် စာပေစိစစ်ရေးကမှ တော်သေးသည်။ ထောင်ဝင်စာထုပ်စီစစ်ရေးမှာက မူအရ သွင်းခွင့်မရှိဆိုပြီး ကိုယ့်မိသားစုက ပေးသည့်အထုပ်ကို သိမ်းတာကတစ်မျိုး၊ ရှာဖွေရေးလုပ်သည့် ဝန်ထမ်းက သူသွားရည်ယိုစ်၍ အနိုင်ကျင့်ပြီး သိမ်းတာက တစ်ဖုံ၊ ခွင့်ပြုရမည့်အစားအသောက်တချို့ကိုပင် ခိုးကျင့်နှိုက်ကျင့်တွေ အတာမသတ်နိုင်သဖြင့် နည်းနည်းဖြစ်ဖြစ် နှိုက်ယူထားတာက တစ်ပိုင်း၊ သည်လိုလုပ်တာကို မခုခံရဲအောင် ဟိန်းဟောက်ခြောက်စား ဗိုလ်ကျအော် ငေါက်တာက တစ်သွယ်။ သည်ကြားထဲ အထုပ်တွေထဲမှာ စာလို၊ ငွေလို တစ်ခုခုရောထည့်မှာ စိုးသဖြင့်ဆိုကာ တစ်ချောင်းတည်းသော ဒန်ခွန်းစုတ်ဖွဲ့ဖွဲ့ နှင့် ငါးပိကြော်ထုပ်ထဲ မွှေလိုက်၊ သကြားထုပ်ထဲ မွှေလိုက်ဆိုတာမျိုး ကြုံတာက ရှိနေပြန်သည်။ သည်တော့လည်း ကျွန်မနှင့် ထောင်ဝင်စာခန်း ဝန်ထမ်းတွေနှင့် တခြိမ်းခြိမ်း ပြဿနာတွေဖြစ်မြဲ။ ကျွန်မက ကိုယ့်အထုပ် တွေကို သည်လိုဘုံဖွန်းနှင့် အမွှေမခံ။ ရှာချင်သပဆိုလျှင် ဇွန်းအသစ်ရှာပြီး

www.burmeseclassic.com

www.burmeseclassic.com



ထင်းနှင့် သကြားလိုအထုပ်များ ခွဲခြားပြီး မွေမှ လက်ခံမည်ဟုပြောတော့ ကျွန်မတို့ ကြီးကျယ်သတဲ့။

## အတွင်းထောင်ဝင်စာနှင့် ပြဿနာများ

သည်အချိန်မှာ မိဘနှင့် နှစ်ပတ်မှာတစ်ခါ ထောင်ဝင်စာတွေ့ရသလို ထောင်ကျနှင့်သည့် မောင်လေးနှင့်လည်း တစ်လဝန်းကျင်မှာ တစ်ခါ အတွင်းထောင်ဝင်စာ တွေ့ခွင့်ရသည်။ ထောင်ကျနေသည့် မိသားစုဝင်ချင်း ပြန်တွေ့ခွင့်ရသည့် ထောင်ဝင်စာဖြစ်ကာ အမျိုးသမီးဆောင်နှင့် အမျိုးသားဆောင်၏ အခြေအနေများကို ဖလှယ်နိုင်သည့် ထောင်ဝင်စာလည်း ဖြစ်သည်။ မောင်လေးကတော့ မည်သည့်အစား အစာကိုမှ ယူလာပေးသည် မရှိခဲ့။ ကျွန်မကသာ ကိုယ့်ထောင်ဝင်စာထုပ်ထဲမှ သူ့အတွက် ဖယ်ချန်ထားသည့် အစားအစာ၊ အသုံးအဆောင်အချို့ကို ယူသွားပေးဖြစ်သည်။ သူနှင့် ကျွန်မကြားမှာ အဓိကပြောဖြစ်သည်က သားနှင့်သမီး နှစ်ယောက်လုံးအတွက် ပင်ပန်းခံကာ ထောင်ဝင်စာပေးပို့နေသည့် မိဘနှစ်ပါးအား ငဲ့ညှာသောအားဖြင့် နောင်မှာ မူးယစ်ဆေးကို မသုံးစွဲရန်၊ မိဘမေတ္တာကို သဘောပေါက်ကာ မိဘအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ကြိုးစားသွားရန်လောက်သာ ဖြစ်သည်။ သူ့ကိုထားသည့်အဆောင်မှာ နိုင်ငံရေးအကျဉ်းသား မရှိသဖြင့် တခြားဘာမှတော့ မသိရ။ သတင်းအစအနတွေ ကြားရတတ်သော်လည်း အများအားဖြင့်ကတော့ ကောလာဟလတွေသာ ဖြစ်သည်။ အမှန်တော့ ငယ်ရွယ်သည့် ဆေးစွဲသူတွေအတွက် သည်လိုစရိုက်ပေါင်းစုံကို သင်ကြားတတ်မြောက်နိုင်သည့် အကျဉ်းထောင်မှာ ပြစ်ဒဏ်ပေးပြီး ဆေးစွဲစိတ်ပြောင်းလဲကာ ပြုပြင်လာအောင် ကြိုးစားနေခြင်းသည် လက်တွေ့မကျဟု နားလည်ထားသော်လည်း သည်စနစ်နှင့် သည်အဖြေကို ပြောင်းလဲနိုင်စွမ်းလည်း ကိုယ့်မှာ မရှိခဲ့ပါ။ မောင်လေးကို အတတ်နိုင်ဆုံး နားလည်မှုတွေ ပေးပြီး သူ့စရိုက်တွေ ပြင်လာအောင် ကြိုးစားခဲ့သော်လည်း သူ့အပေါင်းအသင်းအချို့နှင့် ဆွေမျိုးနီးစပ်မှ လူကြီးအချို့က သူ့ကို ကျွန်မတို့ ကျန်မိသားစုဝင်တွေက နှိမ်ချဆက်ဆံနေသည်ဟု မြင်လာအောင် သွေးထိုးခဲ့ကြကြောင်း နောင်းမှ သိခဲ့ရပါသည်။ ထို့ကြောင့် သူက ဖေဖေ၊ မေမေနှင့် ကျွန်မတို့ပြောသမျှကို လက်မခံဘဲ ဆန့်ကျင်ခဲ့ခြင်းပင်။ ယခု ထောင်ကျသည့်အခါ ထိုလူတွေက သူ့အနားမှာ မရှိတော့သလို



သူ့ကို မည်သို့မျှ မကူညီကြတော့ဘဲ ကျွန်မတို့မိသားစုကသာ သူ့အတွက် လိုလေသေးမရှိ ကြိုးစားဖြည့်ဆည်းပေးနေကြောင်းတော့ သူ သိလာပါပြီ။ အတွင်းထောင်ဝင်စာ တွေ့ရသည့်အခါမှာတော့ ဖေဖေ၊ မေမေက ပေးထားသည့် ထောင်ဝင်စာထုပ်ထဲမှ ဖဲ့ချန်ကာ သူ့ကို ပေးနေသေးသည့် ကျွန်မ၏ စေတနာကိုတော့ သူက အသိအမှတ်ပြုနိုင်ပါလာပြီ။ သူနှင့် ကျွန်မကြားမှာ အတွင်းထောင်ဝင်စာက အဆင်ပြေသော်လည်း ကျွန်မနှင့် ထောင်ဝင်စာများမှာတော့ အဆင်မပြေမြဲသာပါ။

တစ်ခါကတော့ ဖျော်ရည်ပုလင်းတွေထဲမှာ အရက်ရောပြီးသွင်းတာ ထားဖူးလို့ဆိုကာ ကျွန်မ၏ လိမ္မော်ရည်ဗူးကို အဖုံးဖွင့်ပြီး မော့သောက်မြည်းဖို့ ကြသည်။ သည်မှာတင် ကျွန်မက ဝန်ထမ်းလက်ထဲက ပုလင်းကို ဆတ်ခနဲ ဖြန့်ဆွဲလိုက်ပြီး နှုတ်မှလည်း ‘မင်း ဒါဘာလုပ်တာလဲ၊ စမ်းချင်ရင် မင်း ဘတ်ဖဝါး ခုဖြန့်လိုက်’ဟု ကမန်းကတန်း ပြောလိုက်မိသည်။ စိတ်ထဲမှာ ဒါသက ထောင်းခနဲထသွားသည်မို့ လေသံကလည်း မာထန်နေရာ ထိုဝန်ထမ်းအပါအဝင် ထောင်ဝင်စာအဆောင်အတက်မှာ စောင့်နေသည့် အမျိုးသား အမျိုးသမီး အကျဉ်းသားတွေအားလုံး တအံ့တသြနှင့် ငေးကြောင်ကြည့်နေကြပြီး ခုနက ဆူညံနေသည့် သည်နေရာတစ်ဝိုက်မှာ ရုတ်တရက် တိတ်ဆိတ်သွားသည်။ အမှန်တော့ ထိုဝန်ထမ်းက ကျွန်မထက် အသက် ငယ်ဆယ်ကျော် ကြီးပုံရသည်။ သူက အယောင်ယောင် အမှားမှားနှင့် လက်ဖဝါးဖြန့်ပေးသည်။ ကျွန်မကလည်း ဒေါသမပြေသေးသည့်အရှိန်နှင့်မို့ ‘ရော့… ကိုယ့်လက်ခုပ်ထဲကနေ ကိုယ့်ဘာသာ လျက်ပြီး မြည်းချေ’ဟု ဆိုရင်း ဖျော်ရည်ကို သူ့လက်ဖဝါးထဲ လောင်းချဖို့ ရွယ်လိုက်သည်။ သည်တော့မှ သူက သတိဝင်လာသလို လက်ကို ကမန်းကတန်း ရုတ်လိုက်သည်။ ပတ်ဝန်းကျင်မှ ‘ဟင်’ ‘ဟာ’အသံတချို့ ကြားလိုက်ရပြီး ဝန်ထမ်းက ကျွန်မကို ‘ရပြီ။ ယူသွားတော့’ ဟု မျက်နှာကြီးနီအမ်းအမ်းနှင့် စကားပြန်သည်။ ကျွန်မလည်း ကိုယ့်အခန်းပြန်ရောက်မှ ဒေါသတွေကို ဖျော်ရည်နှင့် ချေရသည်။

နောက်အပတ်မှာ ထောင်ပိုင်တန်းစီလာတော့ ကျွန်မက ဘာမှမပြောနေခဲ့တော့သဖြင့် မျက်နှာမာမာနှင့် ထိုင်နေလိုက်သည်။ သည်တော့ ထောင်ပိုင်က မချူးကို ဖြစ်ခဲ့သည့်ကိစ္စမှာ သူ့ဝန်ထမ်းမှားခဲ့ကြောင်း ဝန်ခံသွားခဲ့သည်။ နောက်ဆက်တွဲရလဒ်ကတော့ ထောင်ဝင်စာစောင့်ဝန်ထမ်းတွေက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအထုတ်ဆိုလျှင် တတ်နိုင်သလောက် မရှာမဖွေဘဲ ခွင့်ပြုလိုက်ကြတော့သည်။ ပြဿနာဖြစ်ခဲ့သည့် ဝန်ထမ်းကြီးမှာလည်း ကျွန်မကို လာတောင်းပန်တာ လူတွေရှေ့မှာ ကျွန်မက သူ့ကို ဖွတ်ကြီးအော်ငေါက်တာမျိုး နောင်မလုပ်ဖို့ ပြောလာတော့သည်။ တကယ်တော့ သူတို့တွေမှာ ပညာလည်း ဟုတ်တိပတ်တိ မတတ်၊ တစ်သက်လုံးက အကျဉ်းသားတွေအပေါ်သာ မာန်မဲခဲ့ကြဖူးသဖြင့် ကိုယ့်ကို အကျဉ်းသားတစ်ယောက်က မာန်မဲတာခံလိုက်ရချိန်မှာ အံ့သြမှင်သက်ကာ ကိုယ့်ကိုကိုယ် ကာကွယ်တာပင်မလုပ်နိုင်ကြအောင် အရည်အချင်းမဲ့သူတွေ ဖြစ်တော့သည်။ သည်လိုနှင့် သူတို့ကြားမှာ ကျွန်မဆိုလျှင် တော်ရုံလူက မပတ်သက်ချင်တာမျိုးတော့ ဖြစ်သွားသည်။ ထောင်မှာ လူဆိုးစာရင်းတော့ ဝင်စပြုပြီဖြစ်သည်။

## အားကိုးရသည့် မချူး

ထိုအခြေအနေများကြောင့် ကျွန်မ၏ ထောင်သက်တမ်းတစ်လျှောက်မှာ မချူးက အရေးပါလာသည်။ သူက ၁၉၈၈ တွင် ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုဖြင့် စိတ်အညစ်ကြီးညစ်နေချိန်မှာ ကလေးဆေးရုံမှာ အဆိပ်ခတ်ခဲ့သည်ဆိုသူတို့အား လူထုမှ ခေါင်းဖြတ်ဖို့ စီရင်ရန် ကြိုးစားနေသည့်နေရာကို ရောက်သွားပြီး လူအုပ်၏ တွန်းအားဖြင့် ထိုစီရင်မှုထဲမှာ တစ်တပ်တစ်အားဝင်ပါမိရာက သေဒဏ်ကျခံခဲ့ရသူဖြစ်သော်လည်း ဘွဲ့ရပညာတတ်၊ ချမ်းသာသော မိသားစုမှဖြစ်သဖြင့် အမှန်တကယ် စရိုက်မှာ ယဉ်ကျေးသိမ်မွေ့ပြီး သူများအပြောအပေါ် ခံစားလွယ်သူဖြစ်သလို အပေးအကမ်းအလွန်ရက်ရောသူဖြစ်သည်။ ထို့ပြင် သူက အလွန်လည်း ချောမောလှပသူဖြစ်သည်။ သည်တော့ အသက်ကြီးပြီး အတန်အသင့်ရိုးသားသော ဝန်ထမ်းမကြီးများအပါအဝင် အနေကြာဝန်ထမ်းများက သူ့ကို ချစ်ခင် စာနာကြသည်။ သည်တော့ သူက ပြင်ပမှ စာအုပ်စာတမ်းတွေ ဖတ်ချင်သည်ဆိုလျှင် ခိုးသွင်းလာပေးဖို့ ဝန်မလေးကြ။ သူ့အိမ်က ပေးသည့် အခကြေးငွေကလည်း မနည်းလှ။ ကျွန်မကတော့ အချုပ်ဘဝမှာကတည်းက အပြင်ကို စာထုတ်ပြီး ရှေ့နေနှင့် တကွ မိတ်ဆွေအပေါင်းကို တရားရုံးမှာ ပေါ်လာအောင် ကြိုးစားခဲ့သူဖြစ်သဖြင့် မည်သည့်ဝန်ထမ်းကမျှ မကူညီပေးချင်ကြ။ သည်တော့ မချူးမှာသာမျှ ကျွန်မက ကပ်ပြီးဖတ်ရတော့သည်။ ဖြစ်ချင်တော့ ကျွန်မဖေဖေနှင့် မချူး



အဖေတို့က ရန်ကုန်တက္ကသိုလ်ကို မရှေးမနှောင်းရောက်ခဲ့ကြသူတွေမို့ သိနေကြသည်။ သည်တော့ ကျွန်မက ဖတ်ချင်သမျှကို ဖေဖေနှင့် မေမေအား မချူးတို့အိမ် သွားပေးရန်ပြောရသည်။ သည်လိုနှင့် ကျွန်မတို့က ဘာသာရေးစာအုပ်တွေအပါအဝင် လစဉ်ထုတ်မဂ္ဂဇင်းတွေကို ခိုးဖတ်ခဲ့ကြသည်။

သည်အကြောင်းကို 'ရွာမ ရောက်ရင် ရွာမလို ကျင့်ရမယ်၊ ထောင်ရောက်ရင် ထောင်စည်းကမ်းကို လိုက်နာရမယ်'ဟု အတွင်ဆိုနေသော ထောင်သမ္မာတို့မသိအောင်လည်း ကြိုးစားရပြန်သည်။ သည်လိုနှင့် မချူး၏ စိတ်ဓာတ်ရာကြောင့် မာကြောကြမ်းတမ်းနေသည့် အပြုအမူ၊ အပြောဆိုတို့ကို ပြောင်းသွားရန်လည်း ကျွန်မ ကြိုးစားနိုင်လာသည်။ ကျွန်မထက် သုံးနှစ်ခန့်ကြီးသော်လည်း မချူးက ချမ်းချမ်းသာသာ ကြီးပြင်းလာရသဖြင့် ကလေးတစ်ယောက်လို လောကကြီးအကြောင်း သိပ်မသိ။ သည်တော့ သူ့အရိုးခံအတိုင်း၊ ကြီးပြင်းလာသည့်ပုံစံအတိုင်း အခြားသူတွေအပေါ် ဆက်ဆံတော့ ငွေဂုဏ်ဖြင့် မောက်မာသည်ဟုတစ်မျိုး၊ ငွေအားဖြင့် စည်းရုံးသည်ဟုတစ်ဖုံ အမျိုးမျိုးဝေဖန်ကြသည်။ အမှန်တော့ သူက အခြားပြည့်တန်ဆာပုဒ်မလို ပုဒ်မမျိုးတွေနှင့် ထောင်ကျလာသူတွေကို စိတ်အခန့်မသင့်ချိန်မှာ စကားလုံးကြမ်းကြမ်းမာမာတွေ ပြောတတ်ပြီး သနားစိတ်ဖြစ်ချိန်မှာ သူစားသလို ကောင်းပေ့ဆိုသည့်အစားအစာမျိုးကို အထုပ်လိုက်၊ ဗူးလိုက် ပေးလိုက်တတ်သူသာ။ အချိန်ကြာလာသည်နှင့်အမျှ သူ့အကြောင်းကို ပိုသိလာပြီး သူနှင့် ခင်လာခဲ့သည်။ သူကလည်း သူတို့လုပ်ခဲ့သည့် လုပ်ရပ်အပေါ် ကျွန်မ၏ သဘောထားကို မေးခဲ့ဖူးရာ ကျွန်မက နောင်တတစ်ဖန် ပူပန်ရန်မလိုဘဲ နောင်အခါမှာသာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် ကြိုးစားဖို့ ပြောခဲ့ရာမှ သူကလည်း ကျွန်မကို ပိုနားလည်ခင်တွယ်လာခဲ့သည်။ သည်လိုနှင့် ကျွန်မ၏ထောင်သက်တမ်းတစ်လျှောက်မှာ မချူးသည် အရေးအပါဆုံးသူ ဖြစ်ခဲ့သည်။

၁၉၉၃ နှစ်ကုန်ခါနီးတွင် အမျိုးသမီးအကျဉ်းဆောင်မှာ ထောင်မှူးအဆင့် တာဝန်ထမ်းခဲ့သော ထောင်မှူးအမျိုးသမီးတစ်ဦးက လာဘ်စားမှုဖြင့် ထောင်ပြန်ကျလာပြီး ကျွန်မတို့အချုပ်တိုက်ကို ရောက်လာရာ ကျွန်မအခန်းဖော်သာ ဖြစ်သွားသည်။ သူရောက်လာမှ ထောင်သမ္မာတို့၏ လာဘ်ပေးပြီး အခွင့်အရေးတွေရအောင် ကြိုးစားခဲ့ပုံတွေကို ပိုသိလာခဲ့ရသော်လည်း ကျွန်မတို့အားလုံး အခင်အမင်မပျက်ရှိခဲ့ကြသည်။ ကာရင်အမျိုးသမီးနှစ်ဦးတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲမှာ ခေတ္တလာထားသေးသည်။ သို့သော် အများအားဖြင့်တော့ အချုပ်တိုက်မှာ လူက အပြောင်းအလဲမရှိ။ အပြောင်းအလဲတစ်ခုက ထောင်မှူးမ အတည်းကျသွားသဖြင့် ထောင်မှူးမအသစ်တချို့ ရောက်လာခြင်းဖြစ်သည်။ အသစ်ရောက်လာသည့် ထောင်မှူးမမှာ မာန်မာနထောင်လွှားနေသူဖြစ်ပြီး တရုတ်သွေးပါပုံရသည်။ ဖြစ်ချင်တော့ သူရောက်လာပြီး သိပ်မကြာခင် ၁၉၉၄ နှစ်ဆန်းမှာ မချူးနှင့်ပြဿနာဖြစ်သည်။ မချူးဘက်က မှန်နေသဖြင့် ကျွန်မက သူ့ကို အပြည့်အဝထောက်ခံ အားပေးသည်။ သည်နောက်ပိုင်းမှာ မချူးနှင့် ကျွန်မကြား ပိုရင်းနှီးလာသလို သည်ကိစ္စကို အချင်းချင်းကရော ထောင်ဝန်ထမ်းတွေကပါ သတိထားမိသွားကြသည်။ သည်ဖြစ်ရပ်ကြောင့် ကျွန်မက မချူးကို အရင်ကထက် ပိုကူညီခွင့်ရသွားကာ ရင်းနှီးမှုပိုလာခြင်းပင်။ သည်တော့ ထုံးစံအတိုင်း ကျွန်မတို့နှစ်ယောက် ပိုစည်းလုံးမှာကို မလိုလားသည့် ထောင်မှူးမက ကျွန်မကိုရောဖို့ ကြံသည်။ သည်တော့မှ သူက ကျွန်မနှင့်အတူ အထက်တန်းကျောင်းတစ်ကျောင်းတည်း အတူတက်ဖူးသလို ကျောင်းကားတောင် တစ်ကားတည်း အတူစီးဖူးသူဟု ဆိုလာသည်။ သည်တော့မှ ကျွန်မလည်း ကျောင်းကား အိမ်ရှေ့ရောက်မှ မျက်နှာထသစ်သော သူတို့ညီအစ်မတစ်တွေကို မှတ်မိသွားသည်။ သူ့ညီမအငယ်ဆုံးက ကျွန်မထက် တစ်တန်းငယ်ပြီး အတန်အသင့် ပိုရင်းနှီးသည်။ ထိုကဲ့သို့ သူ့ဘက်က ပြန်အစဖော်လာသည့်တိုင် သူက ကျွန်မတို့အတွက် ဘာမှထူးထူးခြားခြား အကူအညီမရခဲ့။ သည်အချိန်မှာ ကျွန်မက အစာအိမ်အနည်းငယ် အောင့်အောင့်နေတတ်ပြီး ကျန်းမာရေးက အကောင်းကြီးမဟုတ်။ ကိုယ်လိုချင်သမျှ ဆေးတွေကို မိန်းမဆောင်တာဝန်ကျအမျိုးသမီး ဆရာဝန်အားပြောပြီး ဆေးစာရေးခိုင်းကာ ဖေဖေနှင့်မေမေကို ပို့ခိုင်းပြီး ကိုယ့်ဘာသာဆေးကုနေရသည်။ အဓိကကတော့ အပြင်မှာကတည်းက ဖြစ်ခဲ့သည့် အစာစားချင်စိတ်မရှိခြင်းက ထောင်ထမင်းကြမ်းကြမ်းနှင့် အခြောက်အခြမ်းများကြောင့် ပိုဆိုးလာခြင်းပင်။

## ဝန်ကြီးလာမယ်တဲ့

တစ်ရက်မှာတော့ ကျွန်မတို့အားလုံးကို ဝန်ကြီးလာမယ်ဟုဆိုကာ မနက် အစောကတည်းက ပုံစံထုတ်ခိုင်းထားသည်။ ထောင်မှာ ပုံစံထုတ်



သည်ဆိုခြင်းမှာ ကိုယ်ပိုင်ဆိုင်သမျှတွေကို လာရောက်စစ်ဆေးမည့်လူကြီး မျက်စိထဲမြင်အောင် သို့မဟုတ် သပ်သပ်ရပ်ရပ်ဖြစ်နိုင်အောင် စနစ်တကျ ပြီး ထောင့်ကပ်ထားရတာမျိုးဖြစ်သည်။ အဆောင်နေသူများအဖို့ ပုံစံ ထုတ်ရတာ ပိုပြီးမလွယ်။ တစ်ဆောင်လုံးက ရှိသမျှတွေကို စုပေါင်းထုတ်ပိုး ထားရတာမို့ လူကြီးမပြန်မချင်း ကိုယ်လိုချင်တာ ဘာမှယူမရနိုင်။ ကျွန်မတို့ တိုက်မှာနေသူတွေကတော့ အတန်အသင့်အဆင်ပြေသည်။ တိုက်ခန်း၏ လူကြီးမမြင်နိုင်သည့် ထောင့်တစ်ထောင့်မှာ သူ့ဟာနှင့်သူ အစီအရီထားနိုင် ချင် အချိန်မရွေး ကိုယ်လိုချင်သမျှကို ယူငင်သုံးစွဲနိုင်နေသည်။ သို့သော် နိုင်သည်က ဆေးရုံစားထမင်း။ ဒါကတော့ သူတို့လာပေးမှ ရသည်ကိုး။ နေ့က ညနေသုံးနာရီထိုးခါနီးထိ ဘယ်လူကြီးမှ ရောက်မလာ။ တစ်ထောင် လုံးလည်း အူလှိုက်သည်းလှိုက် ဆာလောင်နေကြပြီ။ အကျဉ်းသားတွေရော ထမ်းတွေရော ဆာကြပြီ။ တန်းဖြုတ်ပြီးမှ ဆေးရုံစားထမင်းက ရောက်လာ သည်။ ကျွန်မတို့က တိုက်ထဲနေပြီး မုန့်ကလေးဘာလေး ဝါးထားကြသည့် ထမင်းကတော့ စားချင်သည်ပင်။ မလာဖြစ်သည့် ဝန်ကြီးကို အားလုံး ဆိုင်းပြီး မေတ္တာပို့ကြသည်။ သည်လိုနှင့် ထိုနေ့က အိပ်တန်းဝင်ခဲ့ကြ သည်။

နောက်ရက်တွေမှာ အပြင်မှာ နိုင်ငံခြားသားအထူးဧည့်သည်တွေ ရောက်နေသလိုလို၊ ဝန်ကြီးကပဲ ထိုဧည့်သည်တွေ ခေါ်လာမှာလိုလို ပြောသံ ကြားရသည်။ သို့သော် ထုံးစံအတိုင်း ထောင်မှာက ဘာမဆို သတင်းဖြစ်နေသလို ဘယ်သတင်းမှလည်း မမှန်တတ်တော့ သည်ကိစ္စကို မေ့ထားလိုက်ပြန်သည်။ နောက်တစ်နေ့ ၁၉၉၄ ဖေဖော်ဝါရီလ ၁၀။ မိုးလင်း သည်နှင့် တန်းစီဇာတ်လမ်းက ပြန်စသည်။ သည်တစ်ခါလည်း ဝန်ကြီးလာ လိုလို အကျဉ်းဦးစီးညွှန်မှူး လာမှာလိုလို။ ထောင်မှာ ခုလိုလူကြီးလာလျှင် ဝတ်စုံ ဝတ်ရသည်။ ထုံးစံကတော့ ထောင်က ပုံစံဝတ်စုံကို ထုတ်ပေးရ သည်။ ကျွန်မတို့ကို ပေးထားသည့်ဝတ်စုံက ဖြစ်သလိုချုပ်ထားပြီး ဘာမဆို လောက် နိုးထားကြတာမို့ ထဘီဆိုလည်း နံ့ငယ်ပိုင်းလောက် တိုတတ်နေ သည်။ သည်တော့ အားလုံးက ကိုယ့်ဘာသာပဲ အိမ်ကို အဖြူရောင်ဝတ်စုံ ကြသည်။ အင်္ကျီကို မိန်းမဝတ်ရင်ဖုံး ဝတ်သင့်သော်လည်း အချို့ ဟုတ် ဟုတ် လျှပ်တစ်ပြက်ဆိုသလို စွပ်ခနဲ ရောက်လာတတ်သည့် လူကြီး ၏ အမိုးမရှုမနောက်ကို ရင်ဖုံးကြယ်သီးအလုံးစေ့ အချိန်မီတပ်ပြီးအောင်

www.burmeseclassic.com

www.burmeseclassic.com



မလိုက်နိုင်သဖြင့် မချူးက လေးထောင့်စပ်စပ် အဖြူရောင်ပိတ်အိတ်ကို လည်ပင်းပေါက်နှင့် လက်နှစ်ပေါက်ဖောက်ထားသည့်အသွင် အင်္ကျီအဖြူမျိုး ချုပ်ဝတ်လေ့ရှိသည်။ သူ့နည်းက လက်တွေ့ကျပြီး ရေကို ချင့်ချိန်ရသလို မီးပူတိုက်မရသည့် ထောင်သဘာဝနှင့်လည်း အံဝင်ခွင်ကျသည်မို့ ကျွန်မ လည်း လိုက်လုပ်သည်။ ပုံစံဟောပြောဟု အသံကြားလျှင် ဝတ်ထားသည့် အဝတ်အစားများပေါ်မှာ ထိုအဖြူရောင်ခေါင်းစွပ်အင်္ကျီကို စွပ်ချပြီး ထဘီ အဖြူကို ကောက်ပတ်လိုက်သည်နှင့် ကျွန်မတို့က ရယ်ဒီနေပြီ။

## ပဟေဠိဟာလုပ်သော ထောင်မှူးမ

သည်တော့ ထိုနေ့ကလည်း ထိုဒီဇိုင်းနှင့် ပေးထားသည့် လက်ငါးလုံး အမြင့်ရှိသော ပျဉ်ကွပ်ပျစ်ပေါ်မှာ တစ်တီတူးလို ခြေနှစ်ချောင်းချိတ်လျှက်သား မိုးပေါ်ထောင်ပြီးအိပ်ရင်း လူကြီးမင်း သို့မဟုတ် ဝန်ကြီးမင်းကို စောင့်နေလိုက် သည်။ သည်မှာ ထောင်မှူးမက အခန်းရှေ့ကို မြန်းစားကြီးရောက်လာသည်။ ထုံးစံအရ ထောင်အရာရှိတစ်ဦးဦးလာလျှင် အကျဉ်းသားက လက်ပိုက် ခေါင်းငုံ့ထားသည့် ထောင်ပုံစံထိုင်သည့်အနေအထားကို ထိုင်ရမြဲဖြစ်သော် လည်း ကျွန်မက 'ပုံစံ'ဟု တစ်ယောက်ယောက်က အော်ပေးလျှင်သော်မှ သာမန်မိန်းမထိုင်ဖြစ်စေ၊ တင်ပလ္လင်ခွေဖြစ်စေ ထိုင်ရုံလောက်သာ ပြုမြဲဖြစ် သည်။ လက်ပိုက်ဖို့နှင့် ခေါင်းငုံ့ဖို့ကို ဘယ်တုန်းကမျှ စိတ်မကူး။ သည် အကြောင်းကို ဝန်ထမ်းအငယ်တွေက မေးခဲ့ကြသည့်အခါမှာလည်း 'ပုံစံထိုင်ရ တယ်ဆိုတာ အင်္ဂလိပ်ခေတ်က လုပ်ထားခဲ့တာ။ အဓိကက အဆောင်တွေမှာ လူရေတဲ့အခါ ပုံစံထိုင်ခိုင်းထားတော့ ရေရတာ လွယ်သလို လက်ပိုက်ခေါင်းငုံ့ ခိုင်းတဲ့သဘောက လူရေနေတဲ့ဝန်ထမ်းကို အကျဉ်းသားက ထပြီးအန္တရာယ် ပြုတာမျိုး ရုတ်တရက်မဖြစ်အောင် လုပ်တာ။ ထိုင်ခိုင်းတဲ့ နောက်အဓိကကျတဲ့ သဘောတရားက အကျဉ်းသားဟာ ထထိုင်နိုင်လောက်အောင် ကျန်းမာရေးနဲ့ ပြည့်စုံနေတယ်လို့ ဆိုလိုတာ။ အခု တို့တွေက တိုက်ခန်းထဲမှာ။ လူလာရေတဲ့ ဝန်ထမ်းကို ဘယ်လိုနည်းနဲ့မှ ရန်မပြုနိုင်ဘူး။ အခန်းက သော့ခတ်ထားတာ ကိုး။ သည်တော့ အခန်းထဲက ဘယ်နေရာမှာ ဘယ်လိုပုံစံနဲ့ပဲရှိရှိ ရှိရမယ့် အကျဉ်းသားအရေအတွက်အတိုင်း တိုက်ခန်းထဲမှာ ရှိနေတယ်။ သက်ရှိ ထင်ရှား ကျန်းကျန်းမာမာရှိနေတယ်ဆိုတာမျိုး သဘောပေါက်နိုင်တဲ့ အနေ



အထားနဲ့ရှိနေတယ်ဆိုရင် တော်ပြီပေါ့။ ဒါ လိုရင်းပဲ'ဟု ပြန်ဖြေကာ ကိုယ့်မူ အတိုင်း နေထိုင်မြဲ။ သည်တော့ ထောင်မှူးမ ရောက်လာချိန်မှာ မိုးပေါ်ထောင် ထားသည့် ချိတ်ထားသော ခြေနှစ်ချောင်းကိုတော့ ပြန်ချထားလိုက်ပြီး ဒူးထောင်ကာ လှဲမြဲလှဲနေလိုက်သည်။ ထောင်မှူးမက ပြောစရာရှိသည်ဟု သည့်မျက်နှာပေးနှင့် တံခါးဝနားလာရန် မျက်ရိပ်ပြပြီး ခေါ်သည်။ ကျွန်မက သူ့အနားရောက်သွားပြီး ဘာပြောမလို့လဲဟု မေးတော့ 'သြော် ဘာမှမဟုတ် ဘော့ပါဘူး'ဟု ပဟေဠိလုပ်သွားသည်။ ကျွန်မစိတ်ထဲမှာ တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးမိသော်လည်း ဆက်မမေးဖြစ်တော့။ နောက်တော့ သူထွက် သွားသည်။ နောက်နှစ်နာရီလောက်ကြာတော့ ဝန်ထမ်းအငယ်နှစ်ယောက် အခန်းကတန်းရောက်လာကာ 'ဝန်ကြီးက မသီတာကို တွေ့ချင်လို့'ဟု ဆိုသည်။ ကျွန်မလည်း ဘာမှမစဉ်းစားဘဲ ကောက်ထထွက်လိုက်သည်။ 'ခါသီတာရယ် ရင်ဖုံးအင်္ကျီလေး ဝတ်သွားပါလား'ဟု မဒုံက လှမ်းပြောတော့ ကျွန်မမှာမှ မရှိတာဟု ပြန်ဖြေသည်။ သည်လိုနှင့် မဒုံက သူ့ရင်ဖုံးအင်္ကျီကို အတင်းဝတ်စေသည်။ သည်လိုနှင့် ရှေ့က အချုပ်ဆောင်ကိုဖြတ်ပြီး ထောင် မှူးဝရှိ ရုံးခန်းနားရောက်သွားဖြစ်သည်။

## အမေရိကန်လွှတ်တော်အမတ်နှင့် တွေ့ဆုံခြင်း

ထောင်ဗူးဝကအခန်းထိပ်မှာ စောင့်နေသူတွေက ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ညွှန်မှူးတို့အပါအဝင် ထောင်အာဏာပိုင်နှင့် ထောက်လှမ်းရေး အချို့။ သူတို့မျက်နှာပေါ်မှာ မကြုံစဖူး ထူးသည့် အပြုံးတွေနှင့်။ ကျွန်မက တစ်စုံတစ်ခုကို သဘောပေါက်သလို ရှိလာသည်။ ကျွန်မကို ခေါ်ဆောင်သွား နေသည့်အခန်းထဲကို လှမ်းကြည့်တော့ ဘာမှသဲသဲကွဲကွဲ မမြင်ရလောက် အောင် မီးမောင်းကြီးတွေက ကျွန်မကို ချိန်ရွယ်ထိုးထားကြသည်။ ဗီဒီယိုမှတ်တမ်း တင်နေသည်ကို သတိထားမိသည်။ အခန်းထဲမှာ ထိုင်ခုံကြီးတစ်လုံး ရှိနေ ပြီး ကျွန်မမျက်နှာချင်းဆိုင်ထားသည့်နေရာမှာ နိုင်ငံခြားသားသုံးဦး ထိုင်နေ သည်။ စားပွဲဘေးမှာ မြန်မာအမျိုးသားတစ်ဦးက တိုက်ပုံနှင့်။ စားပွဲဘေး မှာတော့ အကျဉ်းဦးစီး ယူနီဖောင်းအပါအဝင် စစ်ဘက် ရဲဘက်ယူနီဖောင်းနှင့် လူတွေ၊ ပြီးတော့ ကင်မရာမီးများနှင့် ကင်မရာများ။ စားပွဲရှေ့က ကုလား ထိုင်မှာ မထိုင်ချခင် နိုင်ငံခြားသားနှစ်ဦးက နှုတ်ဆက်ဟားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ငိုက်ပုံနှင့်အရာရှိက ကျွန်မကို အင်္ဂလိပ်လို ကိုယ့်ဘာသာပြောမလား၊ မြန်မာလိုပြောပြီး သူက ဘာသာပြန်ပေးရမလားဟု မေးတော့သည်။ ထိုစဉ်က ကိုယ့်အင်္ဂလိပ်စကားပြောစွမ်းရည်ကို အထင်မကြီးသော်လည်း ဘာသာပြန်ဆရာက လျှော့တော့ပေါ့တော့ဖြစ်စေ၊ တလွဲဖြစ်စေ ပြန်ဆိုပေးမည့်အရေးကို ပူပန်ကာ အင်္ဂလိပ်လို ကိုယ့်ဘာသာပြောမည်ဟု ဖြေလိုက်သည်။

သည်မှာ ကျွန်မတို့ စကားစပြောဖြစ်ကြသည်။ နိုင်ငံခြားသားတွေက သူတို့ဘယ်သူဖြစ်ကြောင်း မိတ်ဆက်ပြောကြားသည်။ ရုတ်ခြည်းရင်ဆိုင်လိုက်ရသည့် အနေအထားကြောင့် သူတို့ပြောသမျှကို ကျွန်မ ရုတ်တရက်မကျက်မိ၊ ဝန်ကြီးဆိုသူ သည်နားမှာ မရှိတာကိုတော့ သတိထားမိသည်။ ကျွန်မ မှက်မိသည်က နိုင်ငံခြားသားဧည့်သည်သည် အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်အမတ်တစ်ဦး၊ သူနှင့်အတူပါလာသည်က ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုက တာဝန်ရှိသူနှင့် ဂျာနယ်လစ်တစ်ယောက်ဟုသာ အကြမ်းဖျင်းသိလိုက်သည်။ နာမည်တွေကို မသဲကွဲခဲ့။ လွှတ်တော်အမတ်ဆိုသူက စကားစပြောသည်။ သူက သူတို့ဟိုတစ်ရက်က သည်ကိုလာမလို့လုပ်ပြီး အစ်မဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်ရသဖြင့် အစ်မဆီ အရင်သွားတွေ့ကြကြောင်း စပြောသည်။ ကျွန်မလည်း 'အို… ရှင်တို့ ကံကောင်းတာပဲ၊ အစ်မနေကောင်းလား' အစချီကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားမိသည်။ သူက အစ်မနေကောင်းကြောင်း၊ ကျွန်မကို နှုတ်ဆက်လိုက်ကြောင်း၊ ဆက်ပြီးသတ္တိရှိရှိ နေသွားဖို့မှာကြောင်း၊ အစ်မက ကျွန်မကို သွားတွေ့ဖို့ မှာသဖြင့် သူတို့လာတွေ့တာဖြစ်ကြောင်း၊ နောက်တစ်ရက်မှာလည်း အစ်မကို သူတို့ သွားပြန်တွေ့မှာမို့ မှာစရာရှိလျှင် မှာနိုင်ကြောင်း စပြောလာပါသည်။ သည်လိုနှင့် ကျွန်မတို့ စကားဝိုင်းမှာ အသက်ဝင်သထက် ဝင်လာကာ ကျွန်မက နံဘေးမှာရှိနေသည့် ယူနီဖောင်းနှင့်လူအပေါင်းကိုရော တိုက်ပုံနှင့်လူကိုပါ မေ့လျော့သွားကာ ရင်ထဲရှိသမျှတွေကို စီကာပတ်ကုံး ပြောပြဖြစ်သည်။ သူတို့က ထောင်မှာ ကျွန်မ၏ နေရေးထိုင်ရေး၊ ကျန်းမာရေးတွေကို မေးသည့်အခါမှာလည်း ကျွန်မက ကကြီးကနေ အ,အထိ ပြောမိတော့သည်။ ကျွန်မကို ထားသည့်တိုက်တွင်း အနေအထားသာမက အဆောင်မှာနေရသည့် အနေအထားတွေကိုပါ ပြောပြပြီး ထောင်ဝန်ထမ်းများ၏ ကျွန်မတို့အပေါ် ဆက်ဆံရေး၊ အခြားအကျဉ်းသားများအပေါ် ဆက်ဆံရေး စသဖြင့် ရှည်လျားတွေပြားစွာပဲ ပြောဖြစ်သွားပါသည်။ နောက်တော့ သူတို့ထဲက တစ်ယောက်က



သူရှားအကြောင်းတွေထက် ကျွန်မအကြောင်းကိုပဲ ပိုပြောပါဟုပင် ပြောလာတော့သည်။

## ညီလာခံနှင့် ဒိုင်ယာလော့ခ်

နောက်တော့ နိုင်ငံရေးအကြောင်းတွေ ရောက်သွားသည်။ လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံအပေါ် သဘောထား တောင်းသည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ်ပြုထားသလို ရွေးကောက်ခံကိုယ်စားလှယ် ပါဝင်နိုင်သည့် အချိုးအစားမှာလည်း ညီလာခံတက်သူအပေါင်း၏ ဆယ့်နှစ်ရာခိုင်နှုန်းမျှသာရှိခြင်းကြောင့် လက်ခံနိုင်သည့် နိုင်ငံရေးဖြစ်စဉ်တစ်ခုမဟုတ်ကြောင်း ဖြေဖြစ်သည်။ လွှတ်တော်ခေါ်ယူပေးပြီးမှ ညီလာခံလို အစည်းအဝေးမျိုး ကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသင့်ကြောင်းလည်း ပြောဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားကိစ္စအကြောင်းလည်း ရောက်သွားပြန်သည်။ အစ်မအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးနိုင်မှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်နိုင်မည်ဟု ဖြေဖြစ်သည်။ နောက်ဆုံးတော့ နိုင်ငံရေးအဖြေက ဘာဖြစ်မလဲဆိုသည့် မေးခွန်း။ သိပ်ရှည်ရှည်ပြောနေစရာမလိုတော့ပါ။ 'တွေ့ဆုံဆွေးနွေးရေးသာ အဖြေ'ဟု ခပ်တိုတိုဆိုမိသည်။ 'ထောင်ထဲနေရတာ အဆင်ပြေလား' အမေးကိုတော့ 'ထောင်ပဲ ဟိုတယ်မှမဟုတ်တာ၊ အဆင်မပြေတာတွေချည်းပေါ့'ဟု ဖြေဖြစ်သည်။ အစ်မကို ဘာမှာမလဲဟု မေးလာတော့ အမြဲသတိရနေကြောင်း၊ ကျန်းမာအောင်နေပါဟု မှာလိုကြောင်း၊ ကျွန်မအတွက် စိတ်မပူရန်နှင့် ရှိမြဲအတိုင်း စိတ်ဓာတ်များဖြင့် အစ်မနှင့်အတူ ရှိနေမှာဖြစ်ကြောင်း ပြောလိုက်ဖြစ်ပါသည်။

သိပ်မကြာခင်မှာပင် နံဘေးမှ ယူနီဖောင်းဝတ်တွေက လှုပ်လှုပ်ရွရွဖြစ်လာနေသည်ဟု ကျွန်မခံစားလာရသည်။ သည်မှာ သူတို့လည်း နှုတ်ဆက်စကား စဆိုတော့ကာ လွှတ်တော်အမတ်က သူ့နာမည်ကဒ်ပြားလေး ကျွန်မကိုပေးသည်။ ထောင်မှူးမက ကျွန်မနားကို ရောက်လာသည်။ အချိန်ပြည့်ပြီ။ အခန်းထဲပြန်သွားရတော့မည်။ ထောင်ပူးဝဘက် ပြန်ရောက်တော့ ထောင်မှူးကြီးက ကျွန်မလက်ထဲက လွှတ်တော်အမတ်၏ကဒ်ပြားကို ပြန်တောင်းသည်။ ကျွန်မက သေသေချာချာတောင် မကြည့်ရသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဦးမည်ဆိုတော့ သူက ခပ်မြန်မြန်ပဲ ‘ဘီလ်ရစ်ချတ်ဆင်၊ ဘီလ်ရစ်ချတ်ဆင်’ဟု ဆိုကာ ကဒ်ပြားကို အရယူသွားသည်။ ဗူးဝကနေ အပြန်လမ်းမှာ ထောင်မှူးမက မျက်နှာသိပ်မကောင်း။ ‘သိပ်ပြောတာပဲ၊ လျှော့ပြောလည်း ရလျက်သားနဲ့’ဟု လေပြေထိုးသည်။ ‘ဘယ်ဖြစ်မလဲ၊ ကိုယ့်ခံစားချက်နဲ့အတွေ့အကြုံတွေကို ရိုးရိုးသားသား မခြွင်းမချန် ပြောမှ ရမှာပေါ့’ဟု ပြန်တုံ့ပြန်လိုက်သည်။ အခန်းပြန်ရောက်တော့ တိုက်ကလူတွေက ကျွန်မဆီက စကားတွေကို ကြားချင်လှပြီ။ သို့သော် တန်းကမဖြုတ်သေး။ ပုံစံက ရှိနေဆဲ တာဝန်ကျဝန်ထမ်းကိုယ်တိုင်က စပ်စုချင်နေသည်မို့ အားလုံးကြားအောင် ‘ဝန်ကြီးမဟုတ်ဘူး၊ အမေရိကန်လွှတ်တော်အမတ်။ ဘာမှပြင်ဆင်ထားလို့မရအောင် ဝန်ကြီးလို့ ညာပြောသွားတာ’ဟု အော်ပြောပြီး တန်းဖြုတ်ချိန်ကို စောင့်နေလိုက်သည်။ အတွေးထဲမှာတော့ အစ်မဆီက မေတ္တာခေတ်တွေကို ကူးယူခံစားရင်း ကျေနပ်သလို ဖြစ်နေမိသည်။ ပြောခဲ့သမျှ၏ နောက်ဆက်တွဲ ရိုက်ခတ်မှုတွေ ဘာဖြစ်လာလေမလဲဟုလည်း ချက်ချင်းဆိုသလို တွေးနေမိသည်။ ကျွန်မအပြင် ဘဘဦးတင်ဦး၊ ဘဘဦးကြည်မောင်၊ ဆရာဦးဝင်းတင်နှင့် ကိုမင်းကိုနိုင်တို့ကို တွေ့ခဲ့ကြောင်း ဝန်ထမ်းအချို့ဆီက ပြောနေသံတစ်စွန်းတစ်စ ကြားလာရသည်။ သည့်နောက်မှာ တန်းဖြုတ်လိုက်သည်။

## မာစတာဘရိန်းမို့ စကားမပြောရတဲ့

တန်းဖြုတ်လိုက်သည်နှင့် အဘွားဒေါ်ကြည်ကြည်က ကျွန်မ အခန်းရှေ့ကို ရောက်လာသည်။ အားလုံးကလည်း သိချင်နေကြပြီ။ ကျွန်မက ဖြစ်ခဲ့သမျှကို အတတ်နိုင်ဆုံး အတိုချုံးပြီး ပြောပြလိုက်သည်။ ထို့နောက်မှာတော့ ညနေစောင်းမှာ ပုံတင်သံအချို့ကို ပြန်ကြားလာရသည်။ အဘွားတို့သားအမိက အပေးအကမ်းကောင်းသဖြင့် ဝန်ထမ်းတွေက အစားကောင်းရအောင် သတင်းပလင်းအချို့ကို အဘွားတို့ထံ ဆောင်ကြည်းလာလေ့ရှိသည်ကိုး။ ဖြစ်ပုံက ထောင်ပိုင်ကြီးက ကျွန်မကို ထောင်နှင့်ပတ်သက်ပြီး မကောင်းကြောင်းမပြောဖို့၊ တစ်နည်း အမှန်အတိုင်းမပြောဖို့ မနက်ကတည်းက ထောင်မှူးမက တစ်ဆင့် ကျွန်မကို ပြောခိုင်းခဲ့သည်တဲ့။ ထို့ကြောင့် မနက်က ထောင်မှူးမ ကျွန်မအခန်းရှေ့မှာ ဇဝေဇဝါဖြစ်နေခဲ့သည်ကိုး။ ထောင်မှူးမက တော့ ကျွန်မသာ လွှတ်တော်အမတ်ကို တွေ့ရမယ်မှန်း ကြိုသိနေလျှင်



ပြောရမည့်စကားတွေကို ကြိုပြင်ဆင်ထားမှာစိုးကာ အသိမပေးခဲ့။ သူတို့ တွက်ထားသည်က ကျွန်မက အင်္ဂလိပ်လို လိပ်ပတ်လည်အောင် ပြောနိုင်မှာ မဟုတ်သလို ခုလောက်လည်း ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက် ပြောနိုင်မှာမဟုတ်ဟုသာ။ တကယ်တမ်းမှာ ကျွန်မက မေးသမျှကို စီကာ ဆက်ကုံး ဖြေသည့်အပြင် ကိုယ်ပြောချင်သမျှကိုပါ မနားတမ်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ပြောခဲ့တော့ သူတို့အားလုံး အတော်ကြီးတုန်လှုပ်သွားကြသည်။

ထောင်ပိုင်က ကျွန်မကို ‘သူက မာစတာဘရိန်းပဲ၊ သတိထားရမယ်။ ကြိုများပြောမိရင် ဘယ်လောက်များ ထပ်ပြောဦးမယ် မသိဘူး၊ မလွယ်ဘူး’ ဟု ပြောကြောင်း သတင်းကလည်း ပေါက်လာသည်။ နောက်နေ့မှာ အမျိုးသမီးဆောင်တာဝန်ကျဝန်ထမ်းအားလုံးကို ထောင်ပိုင်က လက်မှတ်ခေါ်ထိုးခိုင်းသည်။ ‘မသီတာ၊ မချူးတို့နှင့် စကားမပြောပါ’ဟူ၍။ အကြောင်းကတော့ ကျွန်မကိုယ်တိုင်ကဖြစ်စေ၊ မချူးမှတစ်ဆင့်ဖြစ်စေ ပြင်ပနိုင်ငံတကာသံရုံးများကို ဝန်ထမ်းများမှတစ်ဆင့် ဆက်သွယ်ခိုင်းမှာ စိုးရိမ်သဖြင့်တဲ့။ ကျွန်မလည်း မပြုံးဘဲနှင့် ဝါးလုံးကွဲသာ ရယ်လိုက်ချင်မိတော့သည်။ သည်ကိစ္စက သည်မှာရပ်မသွား။ နောက်မကြာမီ ကျွန်မ ထောင်ဝင်စာရက်ရောက်သာတော့ ဖေဖေနှင့်မေမေကို ရစ်ချတ်ဆင်နှင့် တွေ့သည့်အကြောင်း အချို့ကို ပြန်ပြောပြဖြစ်သည်။ သည်မှာ ထူးခြားလာသည်က ယခင်က ကျွန်မထောင်ဝင်စာထွက်လျှင် အမျိုးသမီးဝန်ထမ်းတစ်ယောက်က အနီးကပ်လာနားထောင်တတ်သော်လည်း အခုတော့ နားထောင်ရုံမက မှတ်စုစာအုပ်နှင့် လိုက်မှတ်ခြင်းပင်။ သည်တော့ ကျွန်မတို့သားအဖတွေလည်း အင်္ဂလိပ်စကားကို ညှပ်ပြောကာ ဖလှယ်ချင်သမျှကို ဖလှယ်ရသည်။ ထောင်သတင်း၊ အပြင်သတင်းပေါ့။ သည့်နောက် နောက်တစ်နေ့မှာ ထောင်ဝင်စာထွက်သည့် ချူးပြန်လာတော့ စည်းမျဉ်းသစ်တစ်ခုကို ကြားရပြန်သည်။ ထောင်ဝင်စာခန်းမှာ အိမ်ကမိသားစုတွေမလာခင် သည်နေရာမှာ မြန်မာဘာသာစကားသာ သုံးလျှင် မည်သည့်ဘာသာစကားနှင့်မျှ မပြောမဆိုရဟု စည်းမျဉ်းသစ်ကို ကြေညာခြင်းပင်။ သည်လိုနှင့် ကျွန်မနှင့် ထောင်ဝင်စာများကတော့ အတော်ကြာသတ်အောင် မချောမွေ့ခဲ့ပြန်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## အားဆေးများကို မှီဝဲခြင်း

အမှန်တော့ ထိုစဉ်မှာ ကျွန်မက မချူးနှင့် ပူးပေါင်းကာ စာဖတ်သည့် အလုပ်ကို ကောင်းကောင်းလုပ်နိုင်နေပြီ။ ကျွန်မတို့က 'ရန့်သစ်'၊ 'စာပေ ကျွန်မတို့က 'ရှုနယ်'နှင့် 'နွယ်နီ'ကို အဖတ်များခဲ့သည်။ မချူးအိမ်က တာဝန်ကျဝန်ထမ်း တစ်ယောက်ကို ငွေပေးပြီး သွင်းခိုင်းသည်။ ထိုဝန်ထမ်းက မချူးမို့လုပ်ပေး ခြင်းဖြစ်ပြီး ကျွန်မကိုတော့ မချူးကတစ်ဆင့် ယူဖတ်နေမှန်း သူတို့မသိခဲ့ကြ။ မချူးနှင့် ကျွန်မအခန်းက ကပ်လျက်မို့ ကျွန်မတို့က နေ့လယ်ကတည်းက ပြတင်းပေါက်နှစ်ပေါက်ကြားမှာ ကြွပ်ကြွပ်အိတ်နှင့် လုပ်ထားသည့် ကြိုး တန်းကို ကြိုးကွင်းသဖွယ် တန်းထားခဲ့သည်။ သည်ပြတင်းပေါက်ဘက်ခြမ်း က တိုက်အနောက်ဘက်ခြမ်းသဘောဖြစ်သည်မို့ လူတိုင်းက လမ်းဖြတ် လျှောက်လေ့မရှိ။ ပြတင်းပေါက်များနောက် သုံး၊ လေးပေအကွာမှာ သွပ် တံတိုင်း ခပ်မြင့်မြင့်ရှိနေပြီး တံတိုင်းအပြင်မှာက တောင်ယာနှင့် ကြိုးစင်ကို သွားသည့် လူသွားလမ်း၊ ပြီးလျှင် ထောင်အုတ်ရိုးမြင့်မြင့်ကြီးသာ ရှိသည်။ ထို့ကြောင့် သည်ပြတင်းပေါက်ဘက်ခြမ်းက ညဆိုလျှင် ဘယ်သူမှမသွား သည့်စကြံမို့ ဘာမှလုပ်မရ။ ကျွန်နံရံနှစ်ဘက်ကတော့ ဘေးခန်းတွေနှင့် ထိစပ်နေသည့် အလုံပိတ်။ ထို့ကြောင့် သည်ပြတင်းပေါက်ဘက်ခြမ်းမှာ ကြိုးတန်းပြီး ကြွပ်ကြွပ်အိတ်ဟောင်းတွေကို ရေလျှော်ပြီး လှန်းထားလိုက် သည်။ ထောင်မှာ ကြွပ်ကြွပ်အိတ်က ဘာမဆိုအသုံးတည့်သည့်ပစ္စည်းမို့ လူတိုင်းက လွှတ်မပစ်ဘဲ ရေလျှော်ပြီး ပြန်သုံးတတ်ကြသည်။ သည်တော့ အများအမြင်မှာ ကျွန်မတို့က ကြွပ်ကြွပ်အိတ်ကို ပြန်သုံးချင်သဖြင့် လုပ်ရိုး လုပ်စဉ် လုပ်ခြင်းဟု သဘောထားနိုင်သည်။ သို့သော် ညဦးပိုင်းမှာ ညဂျူတီ ဝင်လာသည့် ဝန်ထမ်းနှင့်အတူ ပါလာသော မဂ္ဂဇင်းစာအုပ်ကို ဝန်ထမ်းလစ် သည်နှင့် နံရံမှာ ဘီးနှင့်အချက်ပေးခေါက်ကာ ကြိုးတန်းမှာ ချိတ်ထားသည့် ကြွပ်ကြွပ်အိတ်တစ်ခုထဲ အဝတ်ဟောင်းတစ်ခုခုနှင့် ပတ်ထည့်ပြီး ကျွန်မဘက် ကကြိုးကို ဆွဲယူဖို့ အချက်ပေးလိုက်သည်။ ကျွန်မက သုံး၊ လေးနာရီအတွင်း မဂ္ဂဇင်းတစ်အုပ်လုံးကို ကြောင်ပုဇွန်စား ကြွပ်ကြွပ်ဝါးပြီးမှ အချက်ပြန်ပေး ကာ ကြိုးတန်းအတိုင်း မချူးဆီ ပြန်ပို့ပေးသည်။ တချို့ညတွေကို ကျွန်မတို့ နှစ်ယောက်က မအိပ်ကြဘဲ သည်လိုမျိုးဖြတ်သန်းနေကျ။ သည်တော့မှ ကမ္ဘာကြီးမှာ ဘာဖြစ်နေသလဲဆိုတာ ကျွန်မတို့ သိနိုင်မည်ကိုး။



သည်လိုနှင့် ကျွန်မတို့က ပြတ်ကျန်ခဲ့သော နိုင်ငံတကာသတင်းတွေ ကို ...ဘျှတ်တိုက်လိုက်ဖတ်ခဲ့ကြသည်။ ၁၉၉၃ စက်တင်ဘာ ကျွန်မ အထိန်း ...သိမ်းခံရစကာလမှာ ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်နှင့် ...ဝန်ကြီးချုပ် ရစ်ဇက်ရာဘင်တို့ ငြိမ်းချမ်းရေးစာချုပ်လွှာ လက်မှတ်ထိုး ...တို့စွ၊ အောက်တိုဘာမှာ တရုတ်က နျူကလီးယားစမ်းသပ်သည့် ...တင်း၊ နိုဝင်ဘာလဆန်းမှာ ဥရောပသမဂ္ဂ ပေါ်ထွက်လာသည့်သတင်း၊ ...ဘာမှာ ကုလသမဂ္ဂအထွေထွေညီလာခံကနေ ကုလသမဂ္ဂ၏ လူ့အခွင့် ...ဆိုင်ရာ သံတမန်ခန့်အပ်သည့်သတင်း၊ ၁၉၉၄ ဇန်နဝါရီမှာ အမေရိက ...ရုကြား နျူကလီးယားဒုံးကျည်များ အပြန်အလှန်ချိန်ရွယ်ထားခြင်းတို့ကို ...သတ်လိုက်သည့်သတင်း စသဖြင့် ဖတ်ကြရကာ ကျွန်မတို့ ကမ္ဘာကြီး ...ကြောင်း သိပ်မျက်ခြည်ပြတ်မခံဖြစ်ခဲ့ကြသည်။

သို့သော် သည်ကိစ္စကို ကျွန်မတို့နှစ်ယောက်ကလွဲပြီး မည်သူမျှ ...သိခံ၍မဖြစ်နိုင်။ ကျွန်မတို့ချင်းကလည်း လက်ပွန်းတတီးတွေ့နိုင်သည် ...တ်။ သူလမ်းလျှောက်ထွက်ချိန်မှာ ကျွန်မက အခန်းပေါက်မှာစောင့်ပြီး ...ပြောဖို့ လုပ်ရသလို ကျွန်မ လမ်းလျှောက်ထွက်ချိန်မှာ သူ့အခန်းပေါက် ...နိုင်အောင် လုပ်ရသည်။ ဒါမှ ကမ္ဘာ့ရေးရာတွေအပါအဝင် ရသစာပေ ...အကြောင်း ဖတ်ပြီးသမျှ ပြန်လည်ခံစားဆွေးနွေးနိုင်မည်လေ။ လမ်း ...ကျာက်ထွက်ချိန်ကလည်း မနက် နာရီဝက်၊ ညနေ ဆယ့်ငါးမိနစ်၊ စုစုပေါင်း ...ဆယ့်ငါးမိနစ်သာရှိသည်။ သည်ထဲမှာ ရေချိုးအဝတ်လျှော်ချိန်ကို ချန် ...ရသည်။ ဖတ်ထားမိသမျှထဲက ပြောချင်စရာများရှိလျှင် ကမန်းကတန်း ...ချိုး အဝတ်လျှော်ပြီး ကျန်အချိန်ကို လမ်းမလျှောက်ဘဲ ပြတင်းပေါက်မှာ ...ပြီး စကားပြောရသည်။ သို့သော် စိတ်ထားမကောင်းသည့်ဝန်ထမ်း ...သည့်မျိုးဆိုလျှင် သည်လိုရပ်ပြီး စကားပြောခွင့် မရတတ်ပြန်။ သည်တော့ ...ခါတလေ ညပိုင်းတန်းပိတ်ပြီး ထောင်ပိတ်သံချောင်းမခေါက်ခင်အထိ ...တင်းဝကနေ အော်ဟစ်စကားပြောကြသည့်အခါမှာ ကိုယ့်လျှို့ဝှက် ...ကော်တတွေနှင့် ကိုယ် စကားဆိုကြသည်။ စာအုပ်တွေကို ကျွန်မတို့က 'အားဆေး'ဟု နာမည်ဝှက်ပေးထားပြီး အားဆေးသောက်ပြီး မပြီး၊ အားဆေး ...ကြောင့် အားရှိ၊ မရှိ ပြောတတ်ကြသည်။ ကျန်ကမ္ဘာ့ရေးရာတွေတိုင်းကော့ ...တိုက်ကဖြစ်ရပ်လိုလို ဘာလိုလိုနှင့် လုံးချတန်ချသည်။ တိုက်တန်းထဲမှာ ...ကမ္ဘာ့ရေးရာအကြောင်းပြောလျှင် ရိပ်မိနိုင်သူက အတွေးတိုင်း...အမိသာရှိရာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မျက်စိလည်စေမည့် အသုံးအနှုန်းများနှင့်ပြောလျှင်ပင် အိုကေနေပြီ ပြောရင်းက ဝန်ထမ်းရောက်လာလျှင်ဖြစ်စေ၊ တစ်ခုခု မသင်္ကာစရာ ရှိလာလျှင်ဖြစ်စေ ကျွန်မတို့ အကြောင်းအရာပြောင်းကြပြန်သည်။

## အချုပ်တိုက် ဝမ်းလေဒီရှိုး

မချူးက သီချင်းဆိုဝါသနာပါသလို အသံကောင်းလွန်းသူဖြစ်သည်။ အထူးသဖြင့် သူ့အသံက ခိုင်ထူးသီချင်းတွေနှင့် အလွန်လိုက်သည်။ သူက တံခါးပေါက်မှာ ဖောက်ထားသည့် သံဇကာကွက် အကန့်ဘောင်ကိုလက်ဖြင့် ခေါက်ပြီး သံစဉ်လိုက်ကာ အသံအောင်အောင်လုံလုံနှင့် 'နောက်ဆုံးအိပ်မက်' စသည့် ခိုင်ထူးဋီကာကို ကကြီးကနေ အ,အထိ မနားတမ်းသီဆိုနိုင်သူလည်း ဖြစ်သည်။ သူ သီချင်းဆိုလျှင်တော့ တစ်တိုက်လုံးမှာ ဝန်ထမ်းပါမကျန် ဝမ်းသာအားရ အားပေးကြသည်။ သည်လိုနှင့် သီချင်းနားထောင်ရင်း 'အားဆေး'သောက်ရင်း ၁၉၉၄ ကို ဖြတ်သန်းဖြစ်ခဲ့သည်။ ၁၉၉၄ ဖေဖော်ဝါရီလထဲမှာပင် ကျွန်မက ထောင်ကို တရားဝင်စာဖတ်ခွင့်တောင်းသည်။ အရင်တော့ အင်္ဂလန်မှာကျင်းပသည့် ဆရာဝန်အဖြစ် အလုပ်လုပ်ခွင့်အတွက် အကြိုစာမေးပွဲအချိန်စာရင်းက ကျွန်မအဖမ်းခံရပြီးမကြာခင် အိမ်ကို ရောက်လာခဲ့သည်။ ကျွန်မမှာလည်း အင်္ဂလန်က MRCS, FRCS စာမေးပွဲတွေ ဖြေကာ တော်ဝင်ခွဲစိတ်ဆရာဝန်ဘွဲ့ကို ရယူချင်စိတ်တွေ အတောမသတ်နိုင်သေး။ သည်တော့ ကျွန်မက စာမေးပွဲအတွက်လိုအပ်မည့်စာများ ကြိုတင်ပြင်ဆင်ရန် ကျောင်းစာအုပ်များဖြစ်စေ၊ ဘာသာရေးစာအုပ်များဖြစ်စေ ဖတ်ခွင့်တောင်း တရားဝင်တင်ပြဖြစ်သည်။ ဧပြီလထဲမှာတော့ ကျောင်းစာအုပ်ကိုဖတ်ခွင့်မပြုနိုင်။ ဘာသာရေးစာအုပ်ကိုတော့ ခွင့်ပြုမည်ဟု ဆိုလာသည်။ သည်လိုနှင့် ဖေဖေ၊ မေမေတို့ထံ စာအုပ်များယူပြီး သူတို့ဆီ စာလက်ခံဌာနမှတစ်ဆင့် ပို့ခိုင်းရာ စိစစ်ချိန် တစ်လကျော်အပြီး ကျွန်မဆီ စာအုပ်သုံးအုပ် ရောက်လာသည်။ ဖေဖေတို့ ပို့သည့် ငါးအုပ်ထဲမှ သုံးအုပ်ကို အရင်ဖတ်ပြီး နောက်မှ ကျန်နှစ်အုပ်ဖတ်ခွင့်ရမည်ဟု ဆိုသည်။ သို့သော် ပြဿနာက ထိုငါးအုပ်နောက်မှာ နောက်ထပ် ဘာစာအုပ်မှ ထပ်သွင်းခွင့်မရတော့ခြင်းပင်။ အရင်တော့ ရစ်ချတ်ဆင်နှင့် တွေ့ပြီး စာမဖတ်ရသည့်အကြောင်း ပြောခဲ့သဖြင့်သာ မဆန့်တငန့် ဖတ်စရာပေးခဲ့ပြီး နောက်ပိုင်းမှာ မသိကျိုးကျွံပြုလိုက်ခြင်းပင်။



ကျွန်မကလည်း မချူးမှတစ်ဆင့် ဖတ်ချင်စရာတွေကို ဖတ်ခွင့်ရအောင် ကြိုးစားနိုင်ချိန်မို့ နောက်ပိုင်းမှာ တရားဝင်စာဖတ်ခွင့်မရတော့ခြင်းအပေါ် အကြီးအကျယ်ပြဿနာမရှာဖြစ်တော့။ ဖတ်ခွင့်ရသည့် စာအုပ်တွေထဲမှာ မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ၊ စွန်းလွန်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ သစ္စာဒီပက ဦးကြည်၏ မဟာသတိပဋ္ဌာန်သုတ်အဖွင့်ကျမ်းတို့ ပါလာသည်။ ဖတ်ပြီးသားစာအုပ်များဖြစ်သော်လည်း ယခုအချိန်မှာ ပြန်ဖတ်ရသည့် အရသာနှင့် အနှစ်သာရက အတော်ကြီးကွာခြားပါသည်။ သည်စာအုပ်နှစ်အုပ်သည် ၁၉၉၅ နှစ်ကုန်ပိုင်း ဝိပဿနာအရေးကို အပြင်းအထန်အားထုတ်ချိန်မှာ အလွန်အထောက်အကူပြုခဲ့ပြန်ပါသည်။

ဘာသာရေးစာအုပ်တွေဖတ်ခွင့်ရပြီး မကြာခင်မှာ ကျွန်မ နာတာရှည်များတော့သည်။ သည်စဉ်က ကျွန်မ၏ကိုယ်အလေးချိန်သည် ပေါင်တစ်ရာပြည့်ရသည့်အထဲ အဖျားကလည်း တာရှည်နေရာ ကိုယ့်ကိုကိုယ်လည်း ဘာကြောင့်ဖျားမှန်း ဆန်းစစ်မရ။ တစ်သက်လုံးက ကျန်းမာရေးဒေါင်ဒေါင်မြည်သည့်အထဲမပါခဲ့သူမို့ အဖျားကိုလည်း တယ်မမှု။ နောက်ဆုံးတော့ တာဝန်ကျအမျိုးသမီးဆရာဝန်က တိုက်ဖွိုက်အူရောင်ငန်းဖျားဖြစ်မည်ဟု ကောက်ချက်ချသည်။ ကျွန်မလည်း သွေးစုန်နှုန်းသိပ်မမြန်ဘဲ ကိုယ်အပူချိန်မြင့်လှသည်မို့ ဟုတ်မှာပဲဟု အလွယ်တကူလက်ခံကာ အဖတ်မစားဘဲ အရည်ပဲ သောက်ရေးကို လက်ခံလိုက်သည်။ သည်မှာ ပြဿနာကဖြစ်ပြီ။ ထောင်ထဲမှာ အရည်ချည်းသောက်နိုင်လောက်အောင် စားစရာတွေက မပေါကြွယ်။ အထူးသဖြင့် ဟောလစ်၊ အိုဗာတင်းလိုမျိုး သောက်ဖို့မှာတောင် ရေနွေးက ရှားမှ။ ထောင်ထုံးစံက မနက်မိုးလင်း ဆေးရုံစားဆန်ပြုတ်ဝေလျှင် ရေနွေးတစ်ခွက်ရမည်။ ညနေသုံးနာရီလောက်မှာ ရေနွေးတစ်ခွက်ရမည်။ သည်တော့ ရေနွေးကို ထည့်သိုထားစရာ ပလတ်စတစ်ခွက်တွေ၊ ဗူးတွေသာ ရှိသည့် သည်နေရာမှာ အရည်ချည်းသောက်နိုင်ရေးက တယ်မလွယ်။ ဖြစ်ချင်တော့ အဘွား၏ရောဂါများကို အကြောင်းပြုကာ ဆေးစာဖြင့် ဓာတ်ဘူးထားခွင့်ပြုထားသည်။ နေ့ခင်းတိုင်း ရေနွေးဖြည့်ပေးသည်။ သည်တော့ ကျွန်မ မဒုံဖျော်ပေးသည့် ခနောက်စိမ်းပိ ကြက်သားခဲမှုန့်အရည်ဖျော်နှင့် ထောပတ်ဗိုင်လိုများ သောက်ကာ ထိုနှစ်ပတ်ကို စခန်းသွားခဲ့ရသည်။ ကိုယ်အလေးချိန်ကလည်း အတော်ကြီး လျော့ကျသွားခဲ့ပြီ။ အဖျားကတော့ ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆုတ်ယုတ်လာသည့် ကျန်းမာရေး

သချာတာက ကျွန်မ၏ ကျန်းမာရေးက ဘယ်လိုမှဒေါင်ဒေါင်မြည် ဖြစ်မလာတော့။ ထောင်ထဲရောက်ပြီး ခုနစ်လ၊ ရှစ်လလောက်အထိ လစဉ်မှန်မှတာလည်း မပေါ်တော့။ အထွေထွေအားနည်းမှုအပါအဝင် စိတ်ဖိစီးမှုများက ကျွန်မ၏ ဟော်မုန်းများကို ပြောင်းလဲစေခဲ့ပြီဟု သိနေသည်။ မမှန်တာလာတိုင်း နာကျင်ကိုက်ခဲပြီး အလုပ်ရှုပ်ရတာတ်သည်မို့ မလာလေကြိုက်လေ ဖြစ်နေသည့်အတွက်လည်း ထိုကိစ္စကို မခံစားခဲ့။ သို့သော် သူက မပေါ်မနေ ပေါ်ချလာသည်။ ပေါ်လာသည်နှင့် နာကျင်မှုဝေဒနာက ဇာတ်လမ်းစလာသည်။ ဥကြွေချိန် Ovulation period မှာပါ နာကျင်ကိုက်ခဲနေသဖြင့် တစ်လမှာ ဆယ်ရက်လောက်က လူမမာ။ အပြင်မှာကတည်းက သည်အနာကို အသားကျခဲ့သည့်တိုင် ထောင်ထဲမှာ သည်အနာ၏ အရသာက ပိုခံရခက်နေခဲ့ပြန်သည်။ တရားစာအုပ်တွေဖတ်ပြီး တရားကျင့်ဦးမှဟု တွေးဖြစ်သည့်တိုင် သည်အနာတရတွေကြားမှာ ပရိတ်ရွတ်၊ ပုတီးစိပ်လောက်သာ လုပ်နေဖြစ်ခဲ့သည်။ တစ်ဘက်ကလည်း အခြေအနေပေးလျှင် ညလုံးပေါက် 'အားဆေး' သောက်ကာ ကိုယ့်ကိုကိုယ် ပြင်ပကမ္ဘာနှင့် မဝေးကွာသွားသေးဟု မာန်တင်းပြီး ဖြစ်သမျှဝေဒနာကို အန်တုဖို့ကြံရသည်။ အမျိုးသားဆောင်တွေဘက်မှာ နိုင်ငံရေးအကျဉ်းသားတွေ များသလောက် ဆွေးနွေးပွဲတွေ၊ စာအုပ်စာတမ်း ခိုးဖတ်မှုသာမက လက်ရေးစာစောင်၊ သတင်းစဉ်ခိုးထုတ်မှုတွေ၊ လှိုင်းတိုရေဒီယိုခိုးသွင်းပြီး ဘီဘီစီ၊ ဗွီအိုအေသတင်း ဖြန့်ချိမှုတွေ လုပ်နေမည်မှန်း သိနေသဖြင့် စိတ်က ယခင်ကထက်ပင် အမျိုးသားတစ်ဦး ဖြစ်လိုစိတ်တွေ ပြင်းပြဖြစ်ပြန်သည်။

တွေကာလီကာ အဖျားအနာများနှင့် မမှန်တာလာစဉ် နာကျင်မှုတွေကြားမှာ ပေါင်တစ်ရာမပြည့်သည့် ခန္ဓာကိုယ်၏ တစ်စစလျော့ပါးလာသည့် ကိုယ်အလေးချိန်တွေကို သတိထားမိသော်လည်း သည့်ထက်တော့ ဘာမှဆိုးဆိုးဝါးဝါးဖြစ်လာဦးမှာ မဟုတ်ဟု တွေးဖြစ်နေခဲ့သည်။ ထိုစဉ်က ထောင်သတင်းထုံးစံအရလည်း ဟိုနေ့မှာ ထောင်ခါတော့မလို သည်နေ့မှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော့မလို အသံတွေလည်း ထွက်မြဲထွက်နေသည်။ 'အားဆေး' များအရ ကမ္ဘာမှာတော့ အခြေအနေက ဖြတ်စဖြင်းတောင်း။ ဇူလိုင်လထဲမှာ ရဝမ်ဒါမှာ ဟူတူနှင့် တွပ်ဆီမျိုးနွယ်စုတွေကြား မျိုးနွယ်စုလိုက်



သတ်ဖြတ်မှု ပေါ်ပေါက်လာသည်။ တောင်အာဖရိကမှာတော့ ပထမဆုံးလူမျိုးပေါင်းစုံပါဝင်ဆင်နွှဲသည့် ရွေးကောက်ပွဲ ပေါ်ထွက်လာသည်။ မေမှာ ၂၇ နှစ်တာ အကျဉ်းစံခဲ့သည့် နယ်ဆင်မင်ဒဲလားက တောင်အာဖရိက၏ ပထမဆုံးလူမည်းသမ္မတဖြစ်လာသည်။ ဇူလိုင်လမှာ ၁၉၈၈ အရေးအခင်းကာလ ဆောတာ သမ္မတဖြစ်ခဲ့သော ဒေါက်တာမောင်မောင် ကွယ်လွန်သွားခဲ့သည်။ သူ့မှာမည်ကျော် 'ကျောင်းသားသမဂ္ဂအဆောက်အဦကြီးကို ပျော့ပျော့ပါးပါးကြီး အုတ်မြစ်ချကြတာပေါ့' ဟူသည့် မိန့်ခွန်းကို သတိရမိသွားသည်။ နောက်နှစ် ၁၉၉၅ မှာ ရန်ကုန်တက္ကသိုလ်တည်ထောင်ခြင်း ၇၅ နှစ် ပြည့်တော့မည်။ တက္ကသိုလ်စိန်ရတုသာမြောက်ရော ကျောင်းသားသမဂ္ဂအဆောက်အဦဟူ၍ ရှိခဲ့သေးသည့်အပြင် မြကျွန်းသာတက္ကသိုလ်၏ ရင်သွေးအမြောက်အမြားက အင်းစိန်ထောင်သားရဲတွင်းထဲ ရောက်နေကြသည်။ ဇူလိုင်လထဲမှာပဲ အစ္စရေးနှင့် ဂျော်ဒန်က ငြိမ်းချမ်းရေးစာချုပ်လွှာ လက်မှတ်ထိုးနိုင်ခဲ့ပြန်သည်။ ဩဂုတ်လဆန်းမှာ ထူးထူးခြားခြား ၁၉၅၉ ကတည်းက မဆင်းသေးသည့် ဖီဒယ်လ်ကက်စထရိုအစိုးရအဖွဲ့ကို ကျူးဘားပြည်သူတွေက ဆန္ဒပြခဲ့ကြသည်။ သည်လိုအနေအထားတွေကို ဖတ်ရှုရင်း ထောင်ဝင်စာနေ့တွေမှာ ပြည်တွင်းက သတင်းအချို့ကို ရနိုင်သလောက် နားကြားရင်း အခြေပြေအောင် နေရသည်။

## စည်းရုံးရေးနှင့် ဆက်ဆံရေး

ထို့ပြင် ထိုစဉ်ကတည်းက မချူးနှင့် ကျွန်မတို့ လုပ်ဖြစ်သည်က မနက်ဆယ်နာရီလောက်ကနေ ညနေလေးနာရီလောက်အထိ အခန်းတံခါးများကို ဖွင့်ပေးထားရေးအတွက် တာဝန်ကျဝန်ထမ်းနှင့် ညှိနှိုင်းရေးပင်။ ထောင်မှူးမကဲ့သို့ အထက်လူကြီးများလာလျှင် ခပ်ဝေးဝေးမှပင် 'ပုံစံ' အော်တတ်သည်မို့ လူကြီးအနား ရောက်မလာမီ ကျွန်မတို့က ကိုယ့်အခန်းကိုယ် ပြန်ပြီး မှင်မပျက်နေကာ ဝန်ထမ်းက သော့လိုက်ခတ်ပေးရုံဆိုသည့် ညှိနှိုင်းမှုဖြစ်သည်။ သည်ညှိနှိုင်းမှုမှာ အဘွားတို့သားအမိက ပါစရာမလိုသလို ဖြစ်နေသည်။ သူတို့အခန်းက ထာဝရဖွင့်နေသည်ကိုး။ သည်တော့ ကျွန်မတို့က တာဝန်ကျဝန်ထမ်း သဘောကောင်းလျှင် ကောင်းသလောက် ညှိနှိုင်း၍ ရတတ်ပြီး ပြန်လည်သိတတ်သည့်သဘော စားသောက်ရာလေးတွေ ချကျွေးတာမျိုး လုပ်ခဲ့ကြသည်။ သည်ကတစ်ဖန် ထောင်မှူးမ အပြောင်းအလဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သဘောအတန်ကောင်းသည့်သူအလှည့် ရောက်လာတော့ တရားဝင်သဘော မျိုး တောင်းဆိုကြသည်။ အခြားသော ထောင်စည်းကမ်းများကို ဖောက်ဖျက် ခြင်းလည်း မရှိ၊ တိုက်ဝင်းကလေးထဲမှာလည်း အပြင်ကိုမထွက်ဘဲ နေ့ပိုင်း အချိန်လေးမှာ အေးအေးလူလူ ခြေခင်းလက်ခင်းဆန့်ရင်း ဝန်ထမ်းကွပ်ပျစ်မှာ နားနားနေနေ နေရင်း နေသွားမည်ဆိုသည့် ကတိမျိုးနှင့် ကျွန်မတို့၏ လွတ် လပ်မှုကို ဆွဲဆန့်ကြည့်ခဲ့ကြသည်။ သည့်အတွက် ပြဿနာအခက်အခဲများ အမျိုးမျိုးရှိခဲ့သကဲ့သို့ ထိုအခွင့်အရေးကလည်း ရသည့်အခါ ရလိုက်၊ ပျောက် သည့်အခါ ပျောက်သွားလိုက်ဖြစ်နေခဲ့သည်။ ရသည့်အခါမျိုးမှာလည်း ကျွန်မ တို့ဘက်မှ မည်သည့်အခါမှ ထိုအခွင့်အရေးကို အလွဲသုံးစားလုပ်ခြင်းမျိုး မရှိခဲ့ချေ။

သည်ကြားထဲမှာ အချုပ်ထောင်ကို ဆေးမှု၊ လူသေမှု၊ အလွဲသုံးစား မှုစသဖြင့် အမှုများဖြင့် ရောက်လာတတ်သော ပညာအတန် အသင့်တတ်ပြီး နိုင်ငံရေးသတင်းအချို့ကို စိတ်ဝင်စားသော အမျိုးသမီးကြီးငယ်အချို့နှင့် ခင်မင်မှုရအောင် ကြိုးစားဖြစ်ကြသည်။ အခါကမှာ တာဝန်ကျဝန်ထမ်းဖြစ်ပြီး ဝန်ထမ်းအများစုမှာ အနေကြာလာသော အကျဉ်းသားတို့အပေါ် အတန်အသင့် ပျော့ပြောင်းလာတတ်ကြသည်။ အကြောင်းမှာ ပုဂ္ဂိုလ်ရေးခင်မင်မှု ဖြစ်လာ ခြင်းကြောင့် ဖြစ်သလို ဝန်ထမ်းအများစုမှာ မနက်ငါးနာရီ ထောင်ဖွင့်သည်နှင့် ထောင်ထဲရောက်လာကာ နေ့လယ်ဆယ့်နှစ်နာရီမှ ညနေနှစ်နာရီအထိ ထမင်း စားပြန်ပြီးလျှင် ညနေမိုးချုပ် ထောင်ပိတ်၊ တန်းစီ၊ လူစစ်ပြီးချိန် ခုနစ်နာရီကျော် ရှစ်နာရီထိ ထောင်ထဲမှာဘဲ နေကြရသဖြင့် ရသမျှလစာလေးနှင့် လူမွေး လူတောင်ပြောင်အောင် မနေနိုင် မစားနိုင်ကြရကား အကျဉ်းသားများထံမှ ကပ်စားဖဲ့စား၊ ခြောက်စား ဟောက်စား၊ တောင်းစားရမ်းစား စသဖြင့် နည်းပေါင်းစုံသုံးကာ သူတို့ဝမ်းနှင့် မိသားစုဝမ်းကို ကျောင်းနေရသူများဖြစ် သောကြောင့် အနေကြာအကျဉ်းသားတတ်နိုင်သူများအပေါ် တောင်းကောင်းဖို့ ကောင်းအောင် ပျော့ပျောင်းကြခြင်းဖြစ်လေသည်။ သည်တော့ သူတို့က မျက်စိမှိတ်ပေးလျှင် ကျွန်မတို့တိုက်ဝင်းထဲသို့ ဆေးရုံစာ၊ ရေနွေးပွဲ၊ ထောင်ဝင် စာခေါ် စသဖြင့် တာဝန်ကျအကျဉ်းဘူများ ရောက်လာသည့်အခိုက်မှာ ခင်မင်အောင် ကြိုးစားနိုင်ကြသည်။ သူတို့ကလည်း နိုင်ငံရေးအကျဉ်းသူဟု သိထားကြသည့် ကျွန်မတို့အပေါ် လေးစားသမှုဖြင့် ခင်မင်တတ်ကြပါသည်။

နောက်ထပ် ခင်မင်ရင်းနှီးနိုင်သည့်သူများကတော့ တိုက်မှာ သန့်ရှင်း



ရေးအဖြစ် တာဝန်ပေးခံထားရသည့် ၅၄၊ ၃၀ ဃ၊ ၃ ခ အစရှိသည့် ပြည့်တန်ဆာ၊ အချိန်မတော်လမ်းလျှောက်၊ ဘိန်းစားအမှုများဖြင့် အချုပ်ကျနေ သူများပင်။ သူတို့လေးတွေကလည်း သူ့နေရာနှင့်တော့ အကူအညီရသည် ချင်း။ ရစ်ချတ်ဆင်နှင့် တွေ့ပြီးစမှာ ထိုသတင်းက သတင်းစာတွေထဲမှာ ပါလာသည်။ ထိုအခါ တိုက်မှာ သန့်ရှင်းရေးလုပ်နေရသည့် အချုပ်သူ ဒုခ ပြည့်တန်ဆာမှုနှင့်တစ်ယောက်က ထိုသတင်းစာဖြတ်ပိုင်းကို ရုံးချိန်း အထွက်မှာ သူ့နည်း သူ့ဟန်နှင့်သူ ခိုးသယ်လာခဲ့သည်။ ပြီးတော့ မချူးကို သွားပေးသည်။ ကျွန်မကို ပေးမဖတ်ဘဲ မချူးကသာဖတ်ပြီး ပြန်ပြောပြလိုက် ရန်လည်း မှာသေးသည်။ သူကိုယ်တိုင်ကတော့ စာမတတ်သဖြင့် မဖတ်နိုင်။ ကျွန်မကို ရစ်ချတ်ဆင်တွေ့သွားမှန်း အားလုံးလိုလိုက သိကြသဖြင့် သူက သည်သတင်းစာအကြောင်း ကျွန်မတို့ကို သိစေချင်ကာ ရုံးချိန်းအသွက်မှာ စာဖတ်တတ်သူတစ်ဦးကို မေးမြန်းဆုတ်ဖြကာ သယ်လာပေးခြင်းပင်။ ထို သတင်းပါမှန်း မသိကြသည့် ကျွန်မတို့က သူတို့ကို ခိုင်းခဲ့တာမျိုးမဟုတ်သော် လည်း သူတို့က ကျွန်မတို့ သိချင်နေမည်ဟု အလိုက်တသိနှင့် အန္တရာယ် ဖြစ်နိုင်သည်ကိုသိလျက် စွန့်စွန့်စားစား သယ်လာပေးခဲ့ကြသည်။ ကျွန်မကို တိုက်ရိုက်မပေးရဲခြင်းက ကျွန်မအပေါ် ဝန်ထမ်းများက ပိုပြီး တင်းတင်းကျပ် ကျပ်ဆက်ဆံသဖြင့် အန္တရာယ်များကြောင်း သူတို့က သဘောပေါက်နေ၍ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူတို့တွေ၏ အကူအညီတွေက သည်တစ်ခါ တည်းမှာ မဟုတ်ခဲ့ချေ။

သည်နှစ် ၁၉၉၄ စက်တင်ဘာ ၂၀ ရက်နေ့မှာ အစ်မဒေါ်အောင်ဆန်း စုကြည်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်မောင်အေးနှင့် ဗိုလ်ချုပ်ခင်ညွန့်တို့ သုံးယောက်က အစိုးရဧည့်ဂေဟာမှာ ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုအခါမှာတော့ ထောင်ထဲမှာ မကြာခင်လွတ် ငြိမ်းချမ်းသာခွင့်ပေးမည်ဟူသော ကောလာ ဟလက အမြင့်ဆုံးဒီရေသို့ ရောက်ရှိလာပြန်သည်။ ထိုသတင်းကို သတင်းစာ မှာ ပါလာသည့်အခါတွင်လည်း ကျွန်မတို့ထံ သတင်းစာဖြတ်ပိုင်းလေး ရောက်လာပြန်သည်။ သည်တစ်ခါကတော့ နောက်သန့်ရှင်းရေးတစ်ယောက် သည်လိုနှင့် သန့်ရှင်းရေးဖြစ်စေ၊ အချုပ်ရုံးခန်းဝန်ထမ်းဖြစ်စေ အမှုပေါင်းစုံနှင့် ရောက်လာသည့် အကျဉ်းသူများက ကျွန်မတို့တိုက်က လူတွေအပေါ် ကူညီ ခဲ့ကြသည်ချည်း ဖြစ်သည်။ သူတို့က အချုပ်ဆောင်၏ အရှေ့ပိုင်းထောင့် ကြီးရှိ အဆောင်အဆောက်အဦကြီးမှာ နေကြရပြီး ကျွန်မတို့ကမူ အဆောင်ကြီး

www.burmeseclassic.com



၏ နောက်ဘက်တိုက်ဝင်းလေးထဲမှာ နေကြရသဖြင့် ကျွန်မတို့နေရာကို အနောက်တိုက်ဟု အလွယ်ခေါ်ကြသည်။ ကျွန်မတို့တိုက်အဝင်တိုက်ရှေ့ ချောက်နှာစာတစ်ပိုင်းကို ဝန်ထမ်းများနားနေအိပ်စက်ဆောင်အဖြစ် ကွပ်ပျစ်ထိုး အမိုးတင်ပေးထားရာ ဇရပ်ကြီးတစ်ခုလိုဖြစ်နေပြီး နေ့လယ်နေ့ခင်း ရာသီဥတု ပူသည့်နေ့များတွင် နိုလုံ့ချင်စရာကောင်းသဖြင့် အချုပ်အကျဉ်းသူအချို့က တိုက်တာဝန်ကျဝန်ထမ်းကို အဆင်ပြေအောင်ပေါင်းကာ ထိုဇရပ်ထဲ ခဏ တဖြုတ်လာနေနေကြတာမျိုးလည်း ရှိတတ်လေသည်။ အချို့ကတော့ တာဝန် ကျထောင်မှူးမကို လိုင်းဝင်သည့်သဘော လာဘ်ပေးကာ အနောက်တိုက်မှာ သန့်ရှင်းရေးသမားများကို ကြီးကြပ်ရသည့်အလုပ် လုပ်ခွင့်ရအောင် ကြိုးစား တတ်သည်။ ထိုသို့ သန့်ရှင်းရေးမှူးအဖြစ် ရောက်လာသူအချို့မှာ ပညာတတ် ဖြစ်စေ၊ လူလတ်တန်းစားဖြစ်စေ ဖြစ်လျှင် ကျွန်မတို့ တိုက်သူများလည်း အဆင်ပြေသည်။ ကျွန်မကတော့ ထိုသို့ရောက်လာသူနှစ်ဦးထံမှ တရုတ် စကားနှင့် ရှမ်းစကားအနည်းအကျဉ်း သင်ယူဖြစ်ခဲ့သည်။ စနစ်တကျသင်ယူရ ခြင်းမျိုး မဟုတ်ဘဲ အသံထွက်ကို အသေကျက်မှတ်သင်ယူရခြင်းမျိုးမို့ ယခုအချိန်ထိ ဘာအကျိုးမှ မကျန်ရစ်သော်လည်း ထိုစဉ်က ထောင်ဝင်စာ ထွက်လျှင် မိန်ဒရင်းနည်းနည်းတတ်ပြီး ရှမ်းလိုကောင်းကောင်းပြောနိုင်သော ဖေဖေနှင့် သတင်းစကားအချို့ကို ပြောနိုင်ခဲ့သည်။ ထို့ကြောင့် အမှန်အတိုင်း ဆိုရလျှင် ထိုကာလများမှာ လွတ်မြောက်လိုစိတ်ရှိသည့်တိုင် အထီးကျန် ဝေဒနာမျိုးတော့ မခံစားခဲ့ရပေ။ ကျန်းမာရေး အခြေအနေအဆိုးကြီးမဟုတ် သေးသဖြင့်လည်း ခုလိုဘာသာစကားလေး သင်လိုက်၊ မှန်ထုတ်မှာ ပါလာ သည့်စာများကို ခွဲခြမ်းစိတ်ဖြာ ဖတ်ရှုလိုက်၊ 'အားဆေး'များရလျှင် ရသလောက် သောက်လိုက်၊ ပရိတ်ကြီးဆယ့်တစ်သုတ်အပါအဝင် သုတ္တန် များကို အလွတ်ကျက်မှတ်လိုက်၊ နေ့စဉ်ပြီးအောင် ရွတ်ဆိုမည်ဟု အဓိဋ္ဌာန် ထားသည့် ဘုရားစာများကို ရွတ်လိုက်၊ ပုတီးအပတ်ရေများပြည့်အောင် စိပ်လိုက်၊ အခန်းသန့်ရှင်းရေးလုပ်လိုက်၊ စိတ်ထဲမှာ ခွဲစိတ်ကုသမှုအဆင့်ဆင့် တွေကို မြင်ယောင်ခွဲစိတ်နေလိုက်နှင့် နှစ်ဆယ့်လေးနာရီသည် ခြောက်သွေ့ လွန်းလှသည် မရှိခဲ့။



## ခေတ်သစ်ရော်ဘင်ဆန်ခရူးဆိုး

ထောင်ထဲမှာ အညစ်အကြေးကိစ္စကလည်း အတော်လေး စကားပြော ရသည်။ ကျွန်မတို့အခန်းတွေမှာ ဆယ့်နှစ်ပေပတ်လည်၊ အမြင့်ဆယ့်ငါးပေခန့် ရှိပြီး မည်သည့်ရေဆင်းပေါက်မှုမရှိ။ သည်တော့ သူတို့က ဓောက်တိမ်တိမ် ဇလားတွေကို မျက်နှာသစ်၊ ပန်းကန်ဆေးရာဇလုံအဖြစ်လည်းကောင်း၊ အပေါ့အလေးကြီးငယ်စွန့်စရာ အင်တုံအဖြစ်လည်းကောင်း ပေးထားလေသည်။ အင်တုံမှာပြဿနာက အနံ့အသက်နှင့် ရေသုံးသည့် ပြဿနာပင်။ အနံ့အတွက် အဖုံးလိုမျိုး ထားခွင့်ပေးသလို အိမ်မှလည်း ကလေးတွေကို အညစ်အကြေး စွန့်သည့် ပလပ်စတစ်သေးအိုးလေးတွေ သွင်းခွင့်ပေးသည်။ အဖုံးပါသည်မို့ အများသုံးအိမ်သာဆီ သွားစွန့်ပေးမည့် မိလ္လာသန့်ရှင်းရေး အကျဉ်းသူတွေကို ချက်ချင်းခေါ်မရသေးလျှင်တောင် နောက်တစ်နေ့မနက်အထိ စောင့်ရတာ ထိကြီးတော့ ပြဿနာမရှိ။ ပြဿနာက သန့်ရှင်းရေး။ အညစ်အကြေးစွန့်ပြီး ရေများများသုံးတတ်သော ကျွန်မအတွက် သည်လိုဓောက်တိမ်ဇလားနှင့် ကလေးသေးအိုးက မည်သို့မျှ မလုံလောက်။ တစ်ခါ စက္ကူကလည်း သုံးခွင့်မရှိပြန်။ သည်မှာ ကျွန်မက တီထွင်ဖန်တီးရတော့သည်။ ဆရာဝန်ကို ဝါဂွမ်းလိပ်နှင့် ဒက်တောဖူး ဆေးစာမှာ ရေးပေးရန်တောင်းဆိုပြီး သွင်းထား ရတတ်သည်။ နောက်တော့ အညစ်အကြေးစွန့်ပြီးတိုင်း ဒက်တောရည်ဆွတ် ထားသည့် ဂွမ်းစနှင့် သုတ်သင်ကာ လက်ကိုလည်း ဒက်တောရည်နှင့်ဆေးပြီး အားလုံးအပြီးမှာ ထိုနေရာတစ်ဝိုက်ကို ဒက်တောရည်ဖြန်းသည့်အလေ့ကို လုပ်ဖြစ်ခဲ့သည်။ ဆိုရလျှင် ယခုအချိန်မှာလည်း ထိုစဉ်ကလောက် မသန့်ရှင်း နိုင်တော့။ ထိုစဉ်ကတော့ ပိုးသတ်လိုက်သမျှ အဆင့်ဆင့်ကို သတ်လိုက်သည် ပင်။ ဝါဂွမ်းလိပ်၏ အသုံးဝင်ပုံကလည်း အညစ်အကြေးကိစ္စမှာသာမက ထောင်မှာ ခေါင်းအုံးပေး မအုံးသည့်အတွက် ကျွန်မက ထိုဝါဂွမ်းလိပ်ကို မျက်နှာသုတ်ပဝါ ခေါက်ထဲမှာ မွှိုသွပ်သလိုသွပ်ပြီး ခေါင်းအုံးလုပ်အိပ် ဖြစ်ခဲ့သည်။ ပြန်တွေးကြည့်တော့ အင်းစိန်ထောင်မှာ ခေတ်သစ်ရော်ဘင်ဆင် ခရူးဆိုး လုပ်ဖြစ်ခဲ့သည့်အတိုင်းပင်။ ညရေးညတာမှာ လက်ဆေးဇလားထဲ ဆပ်မဆေးချနိုင်လောက်အောင် ရေသုံးများသွားလျှင်လည်း ကိုယ့်မှာရှိသည့် ပလပ်စတစ်ခပ်ကြီးကြီးကို ပြတင်းပေါက်က ဆန့်ငင်းမကင်း သံဇကာကွက်မှာ ရေတံလျှောက်လို ပုံပြောင်းလိပ်ထိုးပြီး ရေဆိုးတွေကို ခွက်ညစ်နှင့်ခပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင်ကို သွန်ပစ်ရသည်။ သည်လိုနှင့် ဆယ့်နှစ်ပေပတ်လည်ထဲမှာ ကမ္ဘာဦးလူသားများနှယ် အသက်ဆက်ရန် တီထွင်ကြံဆပြီး ရှင်သန်နေဖြစ်ခဲ့ကြပေသည်။

ထိုကာလများအထိ ကျွန်မမှာ မူလဘာသာရပ်ဖြစ်သော ဘာသာရေးအပေါ် နက်နက်ရှိုင်းရှိုင်း ပြန်လည်မချဉ်းကပ်ဖြစ်ခဲ့ဟုဆိုရပါမည်။ စာရေးဆရာစိတ်က အတော်ကြီး ကြီးစိုးနေရာ ဘာဖြစ်ဖြစ် ရေးစရာတွေရပဟဲ့ဟု အတွေးနှင့်အတွေ့အကြုံသစ်များကြားမှာ အကြောက်အလန့်မဲ့ ကူးခတ်နေခဲ့သည်ဟု ဆိုရပါမည်။ ဆရာဝန်စိတ်အရလည်း လိုအပ်သူများအား ကြုံသလို ဆေးကုပေးသည့်အလုပ်ကို လုပ်နိုင်အောင် ကြိုးစားလိုက်၊ မရလျှင် စိတ်ထဲမှာ အရေပြားပေါ် ဓားတင်သည်မှ ခွဲစိတ်ပြီး ပြန်ချုပ်သည်အထိ အဆင့်ဆင့်တို့ မြင်ယောင်ခွဲစိတ်နေလိုက်နှင့် ရှိနေခဲ့ပြန်သည်။ ထောင်အာဏာပိုင်၊ ဝန်ထမ်းများနှင့် ဆက်ဆံရေးပေါ်မှာလည်း အဆင်ပြေရေး မပြေရေးထက် ကိုယ့်ရှု အတိုင်း မယိမ်းမယိုင်နေရေးကိုသာ အာရုံထားသဖြင့် သူတို့ မည်မျှဖေဖေ်ဖေ ကျွန်မက မည်သို့မျှမခံစားခဲ့ရပေ။ 'လူမိုက်တစ်သောင်း ကဲ့ရဲ့ရှောင်လည်း သူကောင်းတစ်ယောက် ချီးမွမ်းပျောက်၏တဲ့။ ထောင်မှာ လူမိုက်တွေချည်းရှိတာ ကဲ့ရဲ့ခံရတာ ပူစရာမလိုဘူး။ ချီးမွမ်းခံရမှာတောင် ကြောက်သေးတယ်' ဟု အပြတ်ပြန်ပြောထားကာ ကိုယ့်မူအတိုင်းသာ ဆက်နေဖြစ်ခဲ့သည်။ သည်တော့လည်း ကိုယ်ခိုးလုပ်ချင်တာလေးများ ရှိလာသည့်အခါ မချူးမှ မကူလျှင် မည်သည့်ဝန်ထမ်းကမှ မကူညီချင်တော့ပါ။ သည်လိုနှင့် ထောင်မှာ လူမိုက်ဖြစ်မှန်းမသိ ဖြစ်ခဲ့သည်ဟု ဆိုရမည်။ သို့သော် ထိုလူမိုက်သည် ဗုဒ္ဓနှင့်ဓမ္မကို အားကိုးအားထား ကိုးကွယ်သော လူမိုက်တော့ ဖြစ်နေပါသေးသည်။ အမှန်တကယ်လည်း ဗုဒ္ဓနှင့်ဓမ္မကြောင့်သာ ထိုလူမိုက်မှာ အသက်ချမ်းသာရာရခဲ့သလို ဘဝချမ်းသာရာလည်း ရခဲ့ပါပေသည်။

□

# မိမိကိုယ်ကို ကုစားခြင်း

## အနာတရများ

### အင်းဆက်များနှင့်အတူ

အင်္ဂတေမျက်နှာကြက်မှာ ပင့်ကူအိမ်တွေက ဟီးလေးခိုနေကြသည်။ ခြင်၊ စာကလေးနှင့် ကြီးကန်းတို့က အနောက်ဘက်ပြတင်းပေါက်နားမှာ အစာလာရှာတတ်ကြသည်။ ပုရွက်ဆိတ်ကတော့ အကောင်သေးသေး အရောင်ညိုးမည်းရော၊ အကောင်ကြီးကြီး အရောင်နီနီပါ အုံနှင့်ကျင်းနှင့်။ ထောင်သက်တမ်းတစ်လျှောက် အကြောက်ရဆုံးမှာ ပုရွက်ဆိတ်များပင် ဖြစ်သည်။ အထူး ဟင်းနံ့ အိမ်မြှောင်အသေသားအနံ့မျိုးရလျှင် တပ်ချီပြီးရောက်လာတတ်သည်။ ထည့်သွင်းသိမ်းဆည်းစရာဟူ၍ ပလပ်စတစ်ဗူးခွံအချို့သာ ပိုင်ပြီး အင်္ဂတေသံမံတလင်း ကြမ်းခင်းပေါ်မှာ ကြွပ်ကြွပ်အိတ်လေးခင်းပြီးသာ ချကျက်ထားရသော ကျွန်မတို့၏ စားစရာများအား ပုရွက်ဆိတ်တပ်မဟာက သိမ်းပိုက်ယူငင်စားသောက် ဖျက်ဆီးနေကျ။ တစ်ခါတလေ သကြားထုပ်ထဲမှာ မည်းနေတာမျိုး၊ ဟင်းအနှစ်တွေထဲမှာ နီရဲပွစာကြနေတာမျိုး သူတို့ ချုပ်နိုင်စွမ်းသည်မို့ သူတို့၏အားကို မလွန်နိုင်ရာ။ သည်တော့ ကိုယ့်မှာ ပုရွက်ဆိတ်တပ်မနှင့် အပေးအယူ လုပ်ရသည်။ သူတို့ထွက်လာတတ်သည့် ကျင်းပေါက်ဝမှာ ကိုယ်မကြိုက်သည့် အစားအသောက်အထုပ်တစ်ထုပ်ကို ချထားလိုက်မှ သူတို့က သည့်ထက်လွန်ကာ အခြားနေရာတွေဆီ ဆက်မချီတော့။ သည်လိုနှင့် ခို၊ စာကလေးနှင့် ကျီးကန်းများအတွက် အစာကျွေးသည့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တို မလုပ်ဖြစ်သည့်တိုင် ပုရွက်ဆိတ်တွေကိုတော့ အစာပေးဆက်
ခဲ့ရသည်။

နောက်ပြဿနာတစ်မျိုးက ကြမ်းပိုးနှင့် တောက်တဲ့။ သံမံတလင်
အခင်းပေါ်မှာ လက်လေးလုံးအမြင့်ရှိမည့် သစ်သားကွပ်ပျစ်ကို ပေးထားသည်
မို့ ကြမ်းပိုးက ထိုကွပ်ပျစ်၏သစ်သားချောင်းတွေ ကြားမှာ ရုံဖန်ရံခါ နိုး
တတ်သည်။ ထိုအခါ ဒက်တော(Dettol)ရော၊ ပရုတ်လုံးပါကူကာ ကြမ်း
စစ်ဆေးရေးကို ကျင်းပရတတ်သည်။ အကင်းမသေသေးသည့် ကြမ်း
လက်ကျန်ရှိနေသည့်ရက်မျိုးမှာ အနောက်ဘက်တံခါးကတစ်ဆင့် တောက်
ဝင်လာလျှင် ပြီးပါလေရော။ တောက်တဲ့က ကိုယ့်ကိုလန့်ပြီး အော်
လျှောက်ပြေးရင်း သူ့အစာတွေကို ကြမ်းပေါ်အန်ထုတ်၊ ကိုယ်ကလည်
သူ့လန့်ကာ ခုန်ဆွခုန်ဆွ။ တောက်တဲ့က ပြန်ထွက်သွားသည့်တိုင် ပြတင်
ပေါက်ဘောင်အစပ်နှင့် မျက်နှာကြက်ကြားကို မျက်နှာမူပြီးအိပ်ဖြစ်သည်
ကျောပြင်မှာရှိနေသည့် စောင်ကြမ်းမွေ့ရာကို ကျော်ဖြတ်ကာ ကြမ်းပိုး
ကိုယ့်သွေးကို လာစုပ်တာ ခံရပြန်သည်။ သည်ကြားမှာ ကိုယ့်နားအမြဲ
ဝန်းရံနေသော ခြင်အပေါင်းကို ထည့်တွက်မနေနိုင်တော့။ ထောင်ထဲရောက်
ကတည်းက ခြင်ထောင်နှင့်မအိပ်ရသဖြင့် ခြင်ကိုက်ဖုဆိုတာ တစ်ကိုယ်လုံးမှာ
ပရဲထိုးထားသလို အသားကျပြီးသား။ ရံဖန်ရံခါရောက်လာတတ်သည့်
ပက်ကျိနှင့် ကင်ခြေမျှားတွေကိုတော့ သတိထားရှောင်ရှားနိုင်သေးသည်။
တစ်ခုကံကောင်းသည်က အင်္ဂတေပတ်လည် ကာရံထားသည့်အခန်းမို့ တို
ဝင်းထဲမှာ အမြဲလိုတွေ့နေရသည့် မြေကြွက်ဝတုတ်တုတ်တွေက ကိုယ့်အခန်
ထဲထိတော့ မတက်လာနိုင်။ သည်လိုနှင့် ထောင်ထဲမှာတစ်ယောက်တည်
တိုက်ပိတ်ခံထားရတာလားဟုမေးလျှင် မဟုတ်ဟု ရဲရဲဖြေရမည်ပင်။ ကို
အခန်းဘေးကလူတွေနှင့် ဆက်ဆံနိုင်သည့်အနေအထားကလည်း ရှိနေသ
သို့ ကိုယ့်အခန်းမှာ အခြားလူသားတစ်ဦးတစ်ယောက်က ရှိမနေခဲ့သော်လည်
သက်ရှိတွေက အများသား။ ပုရွက်ဆိတ်ခေါပဏီတပ်၏ အရေအတွက်
ထည့်တွက်လျှင် ကိုယ့်အခန်းထဲမှာ သက်ရှိဦးရေက အနည်းဆုံး ရာဂဏန်း



ဖြစ်ခြင်း

ကွပ်ပျစ်ပေါ်မှာ စောင်ကြမ်းတစ်ထည်ကို မွေ့ရာအဖြစ် သဘောထား
အိပ်ခဲ့သည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပြီ။ ခု ၁၉၉၅ နှစ်ဆန်းမှာ ကျောထဲမှ
သက်သက်ဝေဒနာက ရလာသည်။ ပထမတစ်ရက်မှာတော့ အိပ်သည့်
အထား မှားခဲ့မိလေသလားဟု သံသယဖြစ်ကာ လျစ်လျူရှုမိသည်။
ရက်မှာ မဟုတ်တော့။ အောင့်တာက သိသာလွန်းသကဲ့သို့ အသက်ရှူ
တိုင်း ပိုဆိုးနေသည်။ တစ်ခုခုပဲဟု တွေးမိပြီ။ နောက်ရက်မှာ ညနေ
ရောက်သည်နှင့် ကိုယ်ငွေ့ငွေ့ပူကာ သရိုးသရီဖြစ်လာသည်။ နောက်
ရက်မနက်မှာတော့ လူကနေကောင်းပြန်သည်။ သို့သော် ညနေသုံးနာရီ
ရောက်လျှင် ကိုယ်ငွေ့ငွေ့ပူလာကာ သရိုးသရီဖြစ်လာပြန်သည်။
တိုင်းကြည့်တော့ ၉၉ ဒီဂရီဖာရင်ဟိုက်။ ကျောအောင့်တာကလည်း
သာဘဲ ပိုဆိုးလာသည်။ စိတ်ထဲမှာ ထင့်နေသည်။ ချောင်းမဆိုးတာက
င် ကိုယ်အလေးချိန်ကျနေတာလည်း သိသာနေသည်။ အဆုတ်တီဘီပဲ
တောက်ချက်ချမိသည်။ ပါရာစီတမောလေးနှင့် သရိုးသရီ အဖျားငွေ့ငွေ့
ဆိန်းနေတာ အကျိုးမရှိနိုင်တော့ဟု ဆုံးဖြတ်ပြီး တာဝန်ကျဆရာဝန်
တာမကို ပြဖို့ ကြိုးစားသည်။ သူကတော့ လက်မခံ။ သာမန်ပဋိဇီဝ
စ်မျိုးမျိုး သောက်ဖို့ပဲ ပြောသည်။ သို့သော် ထိုနေ့ညမှာ ကျောအောင့်
သိပ်သိသာပြီး အသက်ရှူရခက်ခဲလာသည်။ နောက်နေ့မှာ အဆုတ်
မှန်ရိုက်ချင်ကြောင်းပြောတော့ သဘောမတူ။ သူက စစ်ဗိုလ်တစ်ဦး၏
ဖြစ်ပြီး ဆေးရုံအုပ်ချုပ်ရေးတာဝန်များကိုသာ ထမ်းဆောင်ခဲ့ဖူးသူဖြစ်နေ
ဆေးကုသရေးမှာ ရှေးရိုးစွဲကုထုံးများကိုသာ ယဉ်ပါးသူဖြစ်သည်။
ရှာဖွေရေးမှာ အကင်းမပါး။ သို့သော် ဖြစ်နေသည်မှာ သူက ဆရာဝန်၊
တ လူနာ။ နောက်ဆုံးတော့ သူက လက်ရှိထောင်ဆေးရုံအုပ်အသစ်ကို
လာကြည့်စေသည်။ ယခင်ထောင်ဆေးရုံအုပ်က ကရင်အမျိုးသား
ဝန်ကြီးဖြစ်ပြီး ကျွန်မ လေးစားရသူဖြစ်သည်။ သို့သော် သူက နယ်
င်းသွားခဲ့သည်။ အသစ်ရောက်လာသည့် ဆေးရုံအုပ်က ဖြစ်ချင်တော့
ဆေးတက္ကသိုလ် ဒုတိယနှစ်မှာ ခန္ဓာဗေဒသင်ပေးဖူးသည့် ဆရာ
ည်။ သို့သော်။

သည်တစ်ခါ သို့သော်က ပိုဆိုးသည်။ ဆရာက ချောင်းဆုံးဝခဆိုး

www.burmeseclassic.com

www.burmeseclassic.com



သည့်ကျွန်မကို နားကြပ်ဖြင့် နားထောင်ပြီး 'တီဘီဖြစ်ချင်မှ ဖြစ်မှာပါ Accessory nerve neuritis ဖြစ်လိမ့်မယ်ထင်တယ်။ Dexamethasone တစ်ချိုလောက် သောက်လိုက်ပါ'ဟုဆိုတော့သည်။ သို့သော် Accessory nerve neuritis ဆိုသည်မှာ ဦးနှောက်အာရုံကြောအစိတ်အပိုင်းမှ ဗဟိုအာရုံကြောမကြီးတစ်ခု ရောင်ရမ်းခြင်းဟု ဆိုလိုပြီး သည်ရောဂါဝေဒနာသည် တစ်သိန်းမှာ တစ်ယောက်ပင် ဖြစ်လေ့မရှိ။ ပိုဆိုးသည်က အာရုံကြော ရောင်ရမ်းမှုကို လျှော့ချရန် ရည်ရွယ်ပြီး ကိုယ်ခန္ဓာခုခံစွမ်းအားကျဆင်းအောင် ချပေးမည့် ဆေးကို သောက်ခိုင်းခြင်းပင်။ ထိုဆေးမျိုးက ရောင်ရမ်းမှုဆိုလျှင် လျှော့ချနိုင်သော်လည်း တီဘီလို ကူးစက်ပြန့်ပွားလွယ်သည့်ရောဂါမျိုးကိုတော့ ပိုပြီးဆိုးဆိုးဝါးဝါး ပြန့်ပွားအောင်သာ အကူအညီပေးနိုင်သည့်ဆေးမျိုး။ သည်တော့ သူတို့က ဆေးပေးသွားသည့်တိုင် ကျွန်မ မသောက်ရဲ။ ကျွန်မ၏ ဆေးကုသမှုအတွေ့အကြုံ သက်တမ်းက နှစ်နှစ်ပင် မပြည့်တပြည့်ဆိုသည့် တိုင် ကျွန်မ၏ရောဂါအမည်ကို အဆုတ်တီဘီဟု ကျွန်မက သေချာပြောနိုင် နေသည်။ သို့သော် သက်သေမရှိ။ သည်လိုနှင့် နောက်သုံးလေးရက်ထိ အဖျားမကျသေးဘဲ ကျောကုန်းအောင့်နေသေးကြောင်း၊ အဖျားမှာလည်း ညနေပိုင်းမှာသာတက်ပြီး ညတိုင်မှာ ခေါင်းချွေးတွေထွက်ကာ ကိုယ်ခန္ဓာမှာ အလွန့်ပိန်လိုက်လာကြောင်း၊ အသက်ရှူရ ခက်ခဲနေကြောင်း သက်သေနှင့် တကွ ကျွန်မက ပြောရပြန်သည်။ နောက်ဆုံးမှာ ကတိတစ်ခုရသည်။ အဆုတ်ဓာတ်မှန်ရိုက်နိုင်ရေးအတွက် အထက်ကို တင်ပြပေးမည်ဟု။

ထောင်တွင်းဗျူရိုကရေစီယန္တရားက ကျွန်မကို တိုက်ခန်းနှင့် လမ်း လျှောက်သွားလျှင် ဆယ်မိနစ်ပြည့်အောင်ပင် မလျှောက်ရသည့် အကွာအဝေး မှာရှိသော အင်းစိန်ဗဟိုအကျဉ်းထောင်၏ ထောင်ဆေးရုံရှိ ဓာတ်မှန်ဌာနမှ အဆုတ်ဓာတ်မှန်တစ်ချပ်ရိုက်ရန် ခွင့်ပြုချက်ကို နှစ်ပတ်အချိန်ယူပြီးမှ ခွင့်ပြု ပေးလိုက်သည်။ အဖျားတာရှည်နှင့် ကျောကုန်းအောင့်သည့်ဒဏ်ကို အချိန် အတော်ကြာခံခဲ့ရပြီးမို့ ထောင်ဆေးရုံကိုသွားရသည့် လမ်းတိုကလေးကပင် ကျွန်မကို ဏှာခေါင်းမဆယ်နိုင်အောင် မောပန်းစေခဲ့သည်။ သို့သော် ကျွန်မ သတိမလွှတ်။ ဓာတ်မှန်အစိုကို ကြည့်ခွင့်ရရေး တောင်းဆိုလိုက်သည်။ မရ။ 'ကြည့်ခွင့်မရှိဘူး။ အင်းစိန်ပြည်သူ့ဆေးရုံကိုပို့ပြီး အဲဒီက ဓာတ်မှန် ဆရာဝန်ကြီးရဲ့ မှတ်ချက်ကိုယူပြီးမှ အဖြေသိရမယ်'ဟု ဖြေသည်။ အမှန် တော့ ကျွန်မက ဓာတ်မှန်အစိုကိုကြည့်ရလျှင်ပင် အဖြေကို မှန်းနိုင်နေသူ



သက်တမ်းမှာ အတွေ့အကြုံအရ တီဘီဆိုတာ သေချာနေသည့်တိုင် စိတ်ထဲမှာတော့ သည်လိုနာတာရှည်ဝေဒနာမျိုးကို မဖြစ်လို။ သည်တော့ အမှန်အတိုင်းဆိုရလျှင် ထိုစဉ်က ကျွန်မတပ်သည့် ရောဂါအမည်များယွင်း ကာ သူတို့ထောင်ဆရာဝန်တွေပြောသလို အာရုံကြောရောင်ရမ်းတာမျိုးသာ ဖြစ်လိုက်ချင်စိတ်က ရှိနေသည်။ သို့သော် စောင့်ပေဦး။ သည်လိုနှင့် နေ့တိုင် အေးအေးဆေးဆေးဖြစ်ကာ ညနေမှာ ဖျားလာလိုက်၊ ကျောကုန်း အောင့်လိုက်၊ သောက်၍ရနိုင်သည့် အားဆေးလေးများနှင့် ပါရာစီတမောလို အကိုက်အခဲပျောက်ဆေးတွေ သောက်လိုက်ဖြင့် နောက်ထပ် ဆယ်ရက် ထပ်စောင့်ရသည်။

'အပြင်ဆေးရုံက ဓာတ်မှန်အဖြေ ရောက်လာပြီ။ ရှင် မှန်သွားတယ်။ တီဘီပဲ။ ထူးဆန်းတယ်။ ရှင်က ချောင်းလုံးဝမဆိုးဘူး။ ဒီတော့ ဆေးစာရေး ပေးလိုက်မယ်။ အိမ်ကလာရင် ဆေးပို့ခိုင်းလိုက်။ ဆေးရောက်လာမှ ဆက် ပြောမယ်'ဟု ဆရာဝန်မကြီးက ဆိုသည်။သူ့လေသံက သူတို့တွေပြောသည့် ရောဂါအမည် မှားသွားရခြင်းသည် ကျွန်မ၏ ချောင်းလုံးဝမဆိုးသော ဖြစ်ရိုး ဖြစ်စဉ်မဟုတ်သည် တီဘီလက္ခဏာကြောင့်ဖြစ်သဖြင့် သူတို့မှားယွင်းမှုမှာ ထူးဆန်းတကြယ် မဟုတ်သလိုလေသံမျိုး။ ကျွန်မ၏ ရောဂါအမည်တပ်မှု မှားကန်သွားရခြင်းကိုလည်း ကျေနပ်ပုံမရ။ တကယ်တော့ ကျွန်မကလည်း မှန်စေချင်မှန်း သူ မသိ။ သို့သော် သူ့အပြောအတိုင်းဆို တီဘီဆေးသောက် ဖို့ အရေးက စောင့်ပေဦး။ အိမ်ကလာမည့်အချိန်က နောက်ဆယ်ရက် လောက်ကြာဦးမည်။ ထောင်မှာ ထောင်ကျအကျဉ်းသားတွေက မိသားစုနှင့် တစ်သတ္တနှစ်ပတ်မှ တစ်ခါ၊ တစ်ခါမှ ဆယ့်ငါးမိနစ် တွေ့နိုင်သည်။ တွေ့ရသည့်အခါမှ သူရေးပေးသည့်ဆေးစာကို အိမ်ကိုပေးပြီး အိမ်က နောက် တစ်ခေါက်မှာ ပါဆယ်ဌာနသို့ ဆေးလာပို့ရမည်။ အကျဉ်းသားက ကိုယ့်ဘာသာ တီဘီဖြစ်တာမို့ ကိုယ့်မိသားစုကပဲ တာဝန်ယူရမည်လေ။ ထောင်က တာဝန် ယူရအောင် ထောင်မှာ ပါရာစီတမောတောင် တရက်ဖြစ်အပေါ်စားပင် ဆုံးလောက်။ သည်လိုနှင့် နောက်ထပ်ကိုယ်ပူပြီး ကျောအောင့်သော ရက် များစွာအပြီးမှာ ဆေးက ဆရာဝန်မကြီးလက်ထဲသို့ ရောက်လာသည်။

'သည်မှာ ရှင့်ဆေးထုပ်။ ဒါပေမဲ့ ခုမသောက်ရသေးဘူး။ တပ်သေဆရာ ဆိုက်ကလင်း နှစ်ပတ် အရင်သောက်ပြီးမှ တိုက်မယ်။ ခု ပြန်သိမ်းသွားဦး မယ်'ဟု ကြီးမားလှစွာသော မေတ္တာများဖြင့် နေ့တွင်းချင်းအရောက် ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ပေးသွားသော ဖေဖေ၊ မေမေတို့ ဝယ်ပေးလိုက်သည့် တီဘီဆေးထုပ်ကို ဆောင်ခြင်း ဗိုလ်မှူးကတော့ ဆရာဝန်မကြီးက ကျွန်မကို ပြောလိုက်သည်။ အခုန်တော့ နဂိုမူလစိတ်ခံအတိုင်းဆိုလျှင် ထိုနေရာမှာတင် ဆေးထုပ်ကို ခွဲလုမိမည်ဖြစ်သည်။ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါကို အကြောင်းပြပြီး အချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်သည်ဆိုသည့် ဆေးစာထောက်ခံချက်ကို ရေးပေးကာ မနက်ထောင်ဖွင့်ကနေ ညနေငါးနာရီထိ အခန်းတံခါးဖွင့်ပြီး အေးအေးလူလူနေခွင့်ကို သည်ဆရာဝန်မကြီးထံမှ ရထားသည့် တိုက်အကျဉ်းသူတို့က ကျွန်မနားမှာ ရှိနေသည်။ သူတို့က သည်ဆရာဝန်မကြီးကို အစွမ်းကုန်ရှိသေသကဲ့သို့ ကာကွယ်စောင့်ရှောက်နေသည်။ သည်တော့ 'ခေတ်သစ်ဆေးပညာအလိုအရ တီဘီမှန်းသိတာနဲ့ ဆေးကို ချက်ချင်းတိုက်ရမှာပါ။ ခုလို ပဋိဇီဝဆေးကို နှစ်ပတ်လောက်အရင်တိုက်တယ်ဆိုတာ စစ်ပြီးခေတ်ကုထုံးပါ။ ကျွန်မမိဘက ပေးပို့ထားတဲ့ဆေးမို့ ကျွန်မက ချက်ချင်းသိမ်းဆည်းခွင့်၊ သောက်သုံးခွင့်ရှိရပါမယ်။ ကျွန်မကိုယ်တိုင် ဆရာဝန်မို့ တီဘီကို ဘယ်လိုကုရမယ်ဆိုတာ သိပါတယ်'ဟု အဆင်ပြေအောင် ကြိုးစားပြောလိုက်ဖြစ်သည့်တိုင် ကျွန်မ၏ လေသံကတော့ အေးစက်မာကျောနေခဲ့ပြီ။ သို့သော်သူကလည်း အလျှော့မပေး။ သည်နေ့တော့ စာရင်းမသွင်းရသေးသဖြင့်အကြောင်းပြကာ နောက်နေ့မှ ပို့ပေးလိုက်မည်ဟု ခွတ်ပြန်ယူသွားသည်။ သည်လိုနှင့် တီဘီမှန်း ကိုယ့်ဘာသာ သေချာနေသည့်နေ့မှ ရေတွက်လျှင် တစ်လကျော်ကြာပြီးကာမှ တီဘီဆေးကို စတင်သောက်သုံးခွင့်ရတော့သည်။

## ဆေးမတိုးဘဲ ရောဂါတိုး

အချိန်အလွန်နှောင်းကာမှ ဆေးစသောက်ရသဖြင့်လား မဆိုနိုင်၊ ဆေးများက ကျွန်မ၏အဖျားကို ဘယ်လိုမှ မပျောက်စေခဲ့။ ထောင်မှ လွတ်ချင်ဇောကြီးပြီး ကြံမိကြံရာကြံတတ်သူ၊ ပြောမိပြောရာ ပြောတတ်သူများကို 'လွတ်ကြောင်း ကြောင်းသူတွေ'ဟု ခေါ်တတ်ကြသည်။ တစ်ဖန် ထောင်မှာ ကိုယ့်အပေါ်မှာ ဂရုစိုက်တာခံချင်သူ၊ အသနားခံချင်သူ၊ အခွင့်အရေး ရချင်သူတွေက မရှိသည့် ရောဂါဝေဒနာကို အရှိလုပ်ပြီးဖြစ်စေ၊ ရှိသည့်ဝေဒနာကို ပိုပိုကဲကဲလုပ်ကာဖြစ်စေ အမူအရာတွေ လုပ်တတ်ကြသဖြင့် သူတို့၏လုပ်ရပ်ကိုတော့ 'ရုပ်ရှင်ရိုက်သည်'ဟု ဆိုတတ်ကြသည်။ ဆရာဝန်မကြီးနှင့်



ဝန်ထမ်းအချို့က ကျွန်မအပေါ် လွတ်ကြောင်းကြောင်းပြီး ရုပ်ရှင်ရိုက်နေသည်ဟုသည့်အဖြစ်မျိုး ဖြစ်အောင် ဖန်တီးချင်ကြသည်။ သို့သော် ကျွန်မ၏ ကိုယ်ခန္ဓာ အလွန်ပိန်ပါးလာတာ၊ အသားအရေတွေ ပြာနှမ်းလာတာ၊ အသက်ရှူမဝဖြစ်ပြီး အမြဲမောပန်းနေတာမျိုးတွေက ကျွန်မမှာ အမှန်တကယ် ကြီးမားသည့်ဝေဒနာမျိုး ရှိနေကြောင်း သက်သေပြနေလေသည်။ အမှန်လည်း အသက်ရှူမဝဘဲ အမြဲမောပန်းနေခြင်းက ကျွန်မကို အတော်ကြီးထိခိုက်စေခဲ့သည်။ သာမန်အားဖြင့် ငယ်ငယ်ကတည်းက ချူချာခဲ့သော ကျွန်မမှာ တော်ရုံတန်ရုံဝေဒနာဆိုလျှင် မသိကျိုးကျွံပြုနေလိုက်နိုင်သည့် အလေ့အထမျိုးက ရှိခဲ့သည်။ ခုတော့ ဆေးတွေသောက်နေသည့်ကြားက အဖျားက မကျ။ အဖျားမကျတာကို သူတို့ထောင်သူနာပြုတွေကိုယ်တိုင် အဖျားလာတိုင်းနေ၍ သဖြင့် သိသည့်တိုင် မယုံသလိုကလည်း ပြောတတ်သေးသည်။ အဖျားက ပုံမှန် ညနေသုံးနာရီနောက်ပိုင်းမှာ ၉၉ ဒီဂရီက မဆင်း။ လူကတော့ ပိန်လိုက်လာသည့်အပြင် နည်းနည်းလှုပ်သည်နှင့် မောလာသည်။ ကိုယ့်အဝတ်အစားကို မလျှော်နိုင်သည့်အခါမှာတော့ မဒုံတို့၊ မချူးတို့ကပဲ အဝတ်အစားလျှော်ရေးကို ကူစီစဉ်ပေးကြသည်။ သည်လိုနှင့် ညတိုင်တန်းပိတ်ချိန်ကနေ အိပ်ချိန်သံချောင်းခေါက်သည်အထိ တံခါးဝမှာရပ်ပြီး စကားပြောသည့်အလုပ်ကို ကျွန်မက မလုပ်နိုင်တော့။

ညနေခြောက်နာရီဝန်းကျင်ကနေ ညကိုးနာရီအထိ သုံးနာရီလောက် တံခါးဝမှာ မတ်တပ်ရပ်ပြီး အသံကျယ်ကျယ်ဖြင့် စကားလှမ်းပြောရသည့် အလုပ်သည် အတန်အသင့် ပင်ပန်းသည့်တိုင် ကျွန်မနှင့် မချူးက အခြေအနေလုံးလုံးမပေးမှသာ ရပ်ထားတတ်ပြီး စွဲစွဲမြဲမြဲပြောတတ်သည်။ မဒုံက ရံဖန်ရံခါ ဝင်ပါတတ်သော်လည်း များသောအားဖြင့်တော့ နားထောင်သမားဖြစ်သည်။ များသောအားဖြင့်တော့ ငယ်ဘဝတွေအကြောင်းနှင့် ဆွေမျိုးမိတ်ဆွေတွေအကြောင်းဖြစ်ပြီး ကြည့်ခဲ့ဖူးသောရုပ်ရှင်၊ ဖတ်ခဲ့ဖူးသောဝတ္ထုတွေလည်း ပါတတ်သည်။ ခုလို ကျွန်မမှာ အားနည်းနေသည့်အခါ ညနေတွေမှာ မချူးနှင့် မဒုံက ကျွန်မကို အိပ်ရာမှမထစေဘဲ နားထောင်နိုင်သောသူတို့က ထွေရာလေးပါးပြောတတ်သည်။ သိပ်အကြာကြီးတော့ မထောင်။ သူတို့ပြောသည့်ထဲမှာ ကျွန်မက ဝင်ပြောချင်လောက်အောင် အကြောင်းအရာတချို့ ပါလာလျှင် မနေနိုင်မထိုင်နိုင် အိပ်ရာထဲမှပင် အော်ဟစ်သလောက်အော်ပြောဖြစ်သည်။ သူတို့က ကျွန်မကို စိုးရိမ်သော်လည်း ကျွန်မသိတာ

www.burmeseclassic.com

www.burmeseclassic.com



စကားသံကြားရသဖြင့် စိတ်အေးကြရသည်။ ဝေဒနာတွေကြားက ကျွန်မထံမှ ရံဖန်ရံခါ ဟာသတွေကြားရတတ်ရာ အဘွား၊ ဒေါ်အုံးမြ၊ ဒေါ်ညွန့်တို့လို လူကြီးတွေကပင် ရယ်မောရင်း 'ခုလိုတော့လည်း တို့လူမမာက ရယ်နိုင်သားပဲ'ဟု ဆိုကြသည်။ ထိုအခါမျိုးမှာ ကျွန်မကလည်း 'ကြားဖူးတယ်မဟုတ်လား၊ ဆရာအိကြာကွေးရဲ့ ဇာတ်ကောင်နာမည်လေ။ ဟာကြူလီ ပျော့တဲ့။ စိတ်ထားကတော့ ဟာကြူလီပဲ။ လူ့ခန္ဓာကတော့ ပျော့ဖြစ်နေတယ်'ဟု ပြန်ဖြေဖြစ်သည်။

## ဆိုးသထက်ဆိုးလာသည့် ဝေဒနာ

အမှန်တကယ်လည်း လူက ပျော့ဖြစ်ခဲ့သည်။ ဆေးတွေသောက်နေသည့်ကြားက အဖျားက လုံးလုံးမကျဘဲ အမောစိပ်လိုက်လာသည်။ ပထမပိုင်းမှာ အဝတ်မလျှော်နိုင်လောက်ရုံဖြစ်သော်လည်း နောက်ပိုင်းမှာ လမ်းလျှောက်လျှင်ပင် မောလိုက်လာသည်။ မချူးက တစ်ဆင့် 'အားဆေး'များကြောင့် စိတ်ကတော့ ဟာကြူလီဖြစ်မြဲ။ အဓိကစိတ်မကောင်းဖြစ်ရသည်က ဖေဖေနှင့် မေမေ့အတွက်ဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသည့်အချိန်မှာ သားတစ်ယောက်က အဝေးမှာ၊ သားနှင့်သမီးက ထောင်ထဲမှာ၊ သည့်အပြင် သမီးဖြစ်သူက နေမကောင်း။ သူတို့သက်ကြီးလင်မယားက စိတ်နွမ်းကိုယ်ပန်းဖြစ်သည့်ကြားက ထောင်ဝင်စာရက်တိုင်းမှာ အထုပ်ကြီးအထုပ်ငယ်ကို ဆွဲပြီး လိုင်းကားကို တိုးဝှေ့စီးကာ ရောက်လာမြဲ၊ သူတို့မှာ မည်မျှပင် ခက်ခဲပင်ပန်းနေစေဦး ကျွန်မကို အသိမခံဘဲ မျက်နှာမှာ အပြုံးတွေဆင်ပြီး ကျွန်မကြားချင်တာတွေကို ဝေဝေဆာဆာ ပြောကြမြဲ၊ ကျွန်မဖြစ်ချင်တာတွေကို သေသေချာချာလုပ်ပေးမြဲ။ သည်အမိ သည်အဖကပေးသော မေတ္တာခွန်အားကြောင့်လည်း ကျွန်မ၏စိတ်သည် ထာဝရဟာကြူလီဖြစ်ရမြဲ။ ကျွန်မက ကျွန်မ၏ ဟာကြူလီ ထောင်အခန်းလေးကို ဖေဖေနှင့် မေမေ နှစ်ယောက်ပေါင်း၏ သားအိမ်ခန်းဟု တင်စားပြောပြတတ်ခဲ့သည်။ ထောင်ထဲနေရသည့် ကာလများကို သူတို့နှစ်ယောက်ပိုင် သားအိမ်ခန်းလေးထဲမှာ ပြန်လည်ဝင်စားရောက်ရှိနေပြီး လွတ်မည့်နေ့၊ ပြင်ပလောကသို့ ပြန်လည်ဖွားမြင် ဝင်ရောက်လာမည့်နေ့ကို ထိုင်မျှော်ရင်း၊ သူတို့နှစ်ယောက် ယူဆောင်လာပေးသည့် အသုံးအဆောင်များကို သုံးဆောင်လိုက်၊ အစားအသောက်များကို စားသောက်လိုက်၊



ဆေးဝါးများကို မှီဝဲလိုက်၊ မေတ္တာ စေတနာများကို ခံစားလိုက်ဖြင့်သာ ရှင်သန်နေဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ ထောင်ဝင်စာတွေ့ဆုံမှုများသည် ထိုသားအိမ်ခန်းလေးအတွက် ချက်ကြိုးသဘောဖြစ်ပြီး ကျွန်မ၏ ထောင်အခန်းတစ်နည်း သူတို့ နှစ်ဦးပေါင်း၏ သားအိမ်ခန်းလေးကို ထိုချက်ကြိုးမှတစ်ဆင့် နွေးထွေးလုံခြုံအောင် ရုပ်အာဟာရ၊ စိတ်အာဟာရ၊ နှလုံးသားအာဟာရတွေ ပံ့ပိုးပေးခဲ့သဖြင့်လည်း ထိုသားအိမ်ခန်းလေးထဲမှာ ငုတ်တုတ်မတ်တတ်နှင့် ဘာမှမလုပ်နိုင်အောင် တုပ်နှောင်ခံထားရသည့် ကျွန်မသန္ဓေသားဟောင်းမှာ ကိုယ်ခန္ဓာသာ ပျော့နွမ်းကြေရသော်လည်း စိတ်နှင့်နှလုံးကမူ ခွန်အားပြည့် ဟာကြူလီကြီး ဖြစ်ခဲ့ရပါသည်။

ထိုခွန်အားပြည့်ဟာကြူလီကြီးက တစ်စစနှင့် ထောင်ဝင်စာခန်းရှိရာ အထိပင် လမ်းလျှောက်မသွားနိုင်တော့ပါ။ ထိုအချိန်တွင် တစ်ဘက်၌လည်း မျှော်လင့်ချက်အချို့က ရှိနေပြန်သည်။ ၁၉၉၅ ဖေဖော်ဝါရီမှာ ဝန်ကြီးချုပ်ဟောင်းဦးနု ကွယ်လွန်သွားခဲ့ပြီး ဈာပနပွဲနှင့်ပတ်သက်၍ ကျောင်းသူအချို့ ထောင်ကျလာသော်လည်း မတ်လ ၁၅ ရက် တပေါင်းလပြည့်နေ့မှာ ဘဘဦးတင်ဦး လွတ်သွားသည်။ ထိုအခါ မကြာသေးခင် နှစ်ဆန်းပိုင်းမှာ ထောက်လှမ်းရေးမှ ခေါ်မေးခံထားရသော အဘွားကလည်း လွတ်တော့မည်လားဟု မျှော်လင့်နေခဲ့သည်။ ကျွန်မအတွက်လည်း တချို့က မျှော်လင့်ကြသည်။ ကိုယ်တိုင်ကတော့ လွတ်ချင်စိတ်ရှိနေသော်လည်း နေပြန်ကောင်းလိုစိတ်က ပိုကြီးနေခဲ့သည်။ ကျန်းမာရေးက ကျွန်မကို အတော်ကြီးချည့်နဲ့စေခဲ့ပြီ။ ဖေဖေ၊ မေမေနှင့်တွေ့ရန် ထောင်ဝင်စာခန်းဆီ လျှောက်ရသည်မှာ ငါးမိနစ်ပင် ကြာသည့်လမ်းတိုလေး။ ရှေ့က အဆောင်ကြီးကို ဖြတ်လျှောက်ပြီးလျှင်ပင် ရောက်နေပြီ။ သို့သော် ထိုသို့လျှောက်ပြီးလျှင် ထောင်ဝင်စာခန်းကခုံမှာ ကျွန်မက ဖားဖိုထိုးထားသလို အမောမစဲတော့။ တော်ရုံနှင့် ဘာစကားမှ မပြောနိုင်တော့။ သည်အနေအထားကို မြင်တွေ့ရသည့် ဖေဖေနှင့် မေမေမှာ လုံးလုံးစိတ်မကောင်းနိုင်ကြ။ သည်တော့ နောက်ထောင်ဝင်စာရက်တွေမှာ ကျွန်မကို ဖေဖေနှင့်မေမေ မလာခင် ဆယ်မိနစ်လောက် ကြိုပြီးနေရာချထားပေးဖို့ တောင်းဆိုရသည်။ သည့်နောက် ကျွန်မက ထောင်ဝင်စာထွက်ရှိအဆောင်ထဲမှာ အချုပ်ကျအကျဉ်းသူနှစ်ယောက်က ကျွန်မတို့ငယ်ငယ်က ဘောက်ရေအိုးစင်လုပ်တမ်း ကစားသလို လက်မောင်းချင်းချိတ်ထား ထိုင်ခုံသဖွယ်လုပ်ပေးပြီး ကျွန်မကို သယ်ပိုးပေးကြရသည်။ သို့တိုင် ထောင်ဝင်စာ

www.burmeseclassic.com

www.burmeseclassic.com



ခန်းရောက်လျှင် ကျွန်မက မောကောင်းတုန်း။ တီဘီဆေးတွေက ကျွန်မကိုယ်ထဲမှာ စိတ်ကြိုက်ကြီးခွင့်ရခဲ့သည့် တီဘီပိုးတွေကို မည်သို့မျှ အနိုင်မတိုက်နိုင်သေး။ သို့သော် ကျွန်မ ဖေဖေနှင့် မေမေကို စိတ်မပူဖို့ တသွင်သွင်ပြောမိမြဲ။ တကာယ်လည်း စိတ်ထဲမှာ ထောင်ကျနေတုန်း တီဘီဖြစ်တာ ကောင်းတာပဲဟု တွေးနေမိသည်။ အပြင်မှာများ ခုလောက်ဖြစ်ကြည့်စမ်း။ အလုပ်ပျက် အကိုင်ပျက်ဖြစ်ရမည်။ ဆေးရုံကနေ ခွင့်ယူရမည်။ စာလည်းရေးနိုင်မှာ မဟုတ်။ ဖေဖေနှင့် မေမေလည်း တစ်နေကုန် နှစ်ဆယ့်လေးနာရီ ကျွန်မကို စောင့်ရှောက်ပြုစုနေရမည်။ ခုလို ထောင်ထဲမှာ တီဘီဖြစ်တော့ အေးရော။ ဘာခွင့်မှမလို၊ ဘာစာ မရေးနိုင်မှာကိုမှ ပူစရာမရှိ၊ မိဘကိုလည်း အချိန်ပြည့် ဒုက္ခမပေးနိုင်၊ မချူ၊ မဒုံတို့လို အခန်းနီးချင်းနှင့် သန့်ရှင်းရေးအချို့ကို ဒုက္ခပေးရသည်များ ရှိသည်မှလွဲပြီး အထိအခိုက် အကျအဆုံးက မများ။ ကျွန်မတစ်ယောက်ပဲ နေမကောင်းနေတာ ရှိမည်။ သည်တော့ ဘာပဲဖြစ်ဖြစ် ထောင်ထဲမှာ တီဘီဖြစ်ရတာ တော်သေးသည်။ သည်လို တွေးမိသဖြင့် အမောမစွေသည့်တိုင် အပိုမမောတော့။

သည်အချိန်မှာ ဝိပဿနာတရားမှတ်ခြင်းကို ကြိုကြားကြိုကြား စတင်မှတ်ဖြစ်လာသည်။ ယခင်ကတော့ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ပွားများခြင်း၊ ဂါထာရွတ်ခြင်းများဖြင့် ကိုယ့်စိတ်ကိုကိုယ် အနားမပေးဘဲထားခဲ့ရာမှ ခုလောက်အနာတရတွေ ကြုံလာရသောအခါ သည်လိုနည်းတွေနှင့် စိတ်ကို တည်ငြိမ်အေးချမ်းအောင် လုပ်ဖြုံးလို့ မရနိုင်တော့တာကို သတိထားမိလာသည်။ နှုတ်နှင့် စိတ်မှ ကြက်တူရွေးတစ်ကောင်လို ရွတ်ဖတ်စရာတွေကို ရွတ်နေသည့်တိုင် လွတ်နေသောစိတ်ထဲမှာ အနာတရကို သိလိုက် မသိလိုက်နှင့် ခံစားသတိထားမိကာ မအေးချမ်းနိုင်ခဲ့။ အနာကို အနာမှန်းသိလိုက်၊ ရွတ်ဖတ်နေသည့်ထဲ စိတ်ရောက်သွားလိုက် စိတ်အနားမရဖြစ်နေခဲ့ပြီမို့ ဝိပဿနာဆေးကို မှီဝဲဖို့ ကြံမိရတော့သည်။ သို့သော် စိတ်အေးချမ်းအောင် ကျင့်ကြံရမည့်ကျင့်စဉ်ဟု သိထားသလို ကျင့်နည်းအကြမ်းကို သဘောပေါက် ကျင့်ကြံဖူးထားသည်မှလွဲပြီး ကျွန်မမှာ ပန်းတိုင်မရှိသေး။ သည်ဆေးကြောင့် ဝေဒနာတွေမှ သက်သာပါစေတော့ဟုလောက်သာ ရည်ရွယ်ဖြစ်သည်။ အမှန်ဆိုရလျှင် ဝေဒနာအနာတရများအကြောင်းကို သိဖို့မကြိုးစားဘဲ ကျော်လွှားဖြတ်သန်းသွားဖို့သာ ကြိုးစားနေမိသည့်အချိန်လည်း ဖြစ်ခဲ့သည်။ သို့သော် ဖတ်ခဲ့ဖူးသော စာများ၊ 'အားဆေး' များကြောင့် စိတ်မှာ ဝေဒနာမကြီးမားဘဲ



'ငါမသေဘူး၊ ရောဂါတက်တယ်'ဟု ဖွတ်တောင့်ခံနေနိုင်ခဲ့ချိန်လည်း ဖြစ်ပါသည်။ တစ်ခုခုကိုမှ မတွန်းလှန် မခုခံနေရလျှင် အဆင်မပြေဖြစ်နေတတ်သည့်ကာလမို့ ခုလို တွန်းလှန်ခုခံစရာ အနာတရတွေ ရှိနေတာကို မည်သို့မျှ ခံနည်းပမ်းနည်း မဖြစ်မိချိန်လည်း ဖြစ်သည်။ တစ်နည်းတော့ ထောင်ထဲမှာ သူ့ဘိုက်စစ်စစ် လုပ်နေချိန်ပေါ့။

## ဆေးနာနှင့်အပြိုင် ဆရာဝန်ကို ရင်ဆိုင်

နောက်ပိုင်းမှာ ကျွန်မ၏အဖျားကလည်း တစ်စက်လေးမှ မကျ။ တီဘီဆေးက နှစ်လကြာလျှင် ဆေးလေးမျိုးကုထုံးမှ ဆေးနှစ်မျိုးကိုဖြတ်ပြီး ဆေးနှစ်မျိုး ကုထုံးသို့ ပြောင်းကြရသည်။ ဖြစ်ရပြန်သည်က ကျွန်မက ဆေးသောက်ချိန် နှစ်လသာကုန်ရော၊ အဖျားက မကျ။ ဆေးနှစ်မျိုးကုထုံးကို ပြောင်းဆိုကာ ပြောင်းလိုက်ချိန်မှာ အခြေအနေက ဆိုးသထက်ဆိုးလာကာ ဆွာကုန်းပြန်အောင့်လာသည်။ သည်အခါမှာ သူတို့လည်း သဘောတူပြီး ဓာတ်မှန် ပြန်ရိုက်ကြည့်လိုက်ကြသည်။ ထွက်လာသည့်အဖြေက Reactivation of Pulmonary Tuberculosis မည်သို့မှ မတတ်နိုင်။ သောက်နေကျတီဘီဆေးတွေကိုရပ်ပြီး အကောင်းဆုံးကုမ္ပဏီမှ စိတ်အချရဆုံး ဈေးအကြီးဆုံး တီဘီဆေးတွေကို ပြန်သောက်ရသည်။ ဆေးလေးမျိုးကုထုံးကိုပဲ နောက်တစ်လဆက်သောက်ကြည့်ဖို့ အင်းစိန်ဆေးရုံကြီးမှ အထွေထွေရောဂါကုဆရာဝန်ကြီးက ဆုံးဖြတ်သည်။ သို့သော် သည်အချိန်မှာ နောက်ပြဿနာတစ်ခုက ဖြစ်လာပြန်သည်။ ဓမ္မတာသွေးမမှန်ဘဲ အောင့်လာခြင်းပင်။ ဟော်မုန်းအပြောင်းအလဲတွေက တရကြမ်းဖြစ်လာပုံရသည်။

ကိုယ့်ကိုကိုယ် ကောင်းကောင်းမွန်မွန်မစောင့်ရှောက်နိုင်ရသည့်အထဲမှာ ဓမ္မတာသွေးက ပေါ်လိုက်ပျောက်လိုက် များလိုက် နည်းလိုက်နှင့် တစ်ပတ်လည်း မကတော့။ သည်လိုနှင့် ထောင်ဆရာမကြီးနှင့် တွေ့ကြပြန်သည်။ သည်တစ်ခါမှာလည်း ကျွန်မက ထောင်မကျခင်မှာ အာလ်ထရာဆောင်းဖြင့် စစ်ဆေးမှုအရ ကျွန်မမှာ Endometriosis ခေါ် သားအိမ်ပြင်ပ အသားနု ပြဿနာတစ်ခုဖြစ်နေရကြောင်း ရှင်းပြသည်ကို သူက လက်ခံ။ အာလ်ထရာဆောင်း Ultrasound အဖြေစာရွက်ကို အိမ်မှာပြန်ရှာနိုင်ပြီး ပြလက်ခံမည်။ ဖေဖေနှင့် မေမေက အတတ်နိုင်ဆုံးရှာကြသည့်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးတွေ မွေသွားပြီး ကျွန်မ၏ နဂိုကတည်းက ရှုပ်ပွလှသော အခန်းထဲမှာ ထိုလက်တစ်ဝါးစာ စာရွက်လေးကိုမတွေ့ကြ။ သည်လိုနှင့် ကျွန်မပြောသမျှတွေက လွတ်ချင်ဇောဖြင့် ရုပ်ရှင်ရိုက်နေတာဟု ပြောစရာ ဖြစ်လာပြန်သည်။ သို့သော် မမွတာသွေးလာခိုက်မှာ အပြင်းအထန်အောင့် သည့်ဝေဒနာကို အမှန်တကယ်ခံစားနေရမှန်း လူတိုင်းက မျက်မြင်ဖြစ်နေ သည်။

အမှန်တော့ သူက ဝန်ထမ်းတစ်ဦးမှတစ်ဆင့် 'နတ်တင်ဖို့လိုကြောင်း'၊ တစ်နည်း သူ့ကို လိုင်းဝင်ဖို့ လိုကြောင်း၊ ငွေလာမှ ဆေးကုသရေးမှာ ပူးပေါင်းနိုင်မည့်အကြောင်း စောင်းပါးရိပ်ခြည် ဆိုလာခဲ့သည်။ ကျွန်မက လည်း လာဘ်ပေးလာဘ်ယူကို မလိုလားသဖြင့် ထောင်အကျခံပြီး ဆန့်ကျင် နေချိန်မှာ ကိုယ်တိုင်ကသည် လာဘ်ပေးသည့်အလုပ်ကို မလုပ်နိုင်ဟု တုံ့ပြန် ဖြစ်ခဲ့သည်။ ထို့ကြောင့် သူ့ဘက်က ဘာမှမပူးပေါင်းလာတော့။ ကျွန်မဘက် ကတော့ အနာတရများနှင့် ဆက်လက်နပန်းလုံးပေဦးပေါ့။ ကျွန်မက ဆော် ဟစ်ညည်းညူတတ်သူ မဟုတ်သော်လည်း အလွန်အမင်းအောင့်လာလျှင် လေချဉ်တွေတက်လာကာ လေတွေ ထိုးအန်တတ်ပြီး မျက်ဖြူတွေ လန်လန် သွားတတ်သည်။ အခန်းအပြင်မှာ လာရပ်ကြည့်မိသူတွေ အားလုံးက ကျွန်မ မည်မျှဖြောင်းဆန်နေကြောင်း ကျွန်မ မပြောဘဲ သိနေကြသည်။ ဝန်ထမ်းတွေ ကိုယ်တိုင်က ကျွန်မ၏အခြေအနေကို စိုးရိမ်မကင်းဖြစ်လာခဲ့သည်။ သည်မှာ သူက အင်းစိန်ဆေးရုံကြီးမှ သားဖွားမီးယပ်ပါရဂူနှင့် ပြပေးရန် စာတင်ကြည့် မည်ဟု ပြောလာခဲ့သည်။ စောင့်ပေဦးပေါ့။

## သားအိမ်နှင့် အသည်းပြဿနာ

နောက်ဆယ်ရက်လောက်အကြာမှာ သားဖွားမီးယပ်ဆရာဝန်မကြီးက လာကြည့်ပြီး ကျွန်မနှင့် ဆွေးနွေးကာ သားအိမ်ပြဿနာအတွက် ဟော်မုန်း ကုထုံးကို သုံးဖို့ပြောသည်။ သည်လိုနှင့် Primolut-N (Norethisterone) ကို စသောက်ဖြစ်သည်။ သို့သော် သွေးဆင်းတာတွေက မမှန်ဖြစ်နေသော အဖျားကလည်း လုံးလုံးမကျသေး။ သည်လိုနှင့် နောက်ထပ်တစ်လကျော် ကြာသွားချိန်မှာ ကျွန်မအခြေအနေက ပိုပြီးသာဆိုးဝါးလာခဲ့သည်။ ပြဿနာက ဘာစားစား၊ ဘာသောက်သောက် အန်လာခြင်းပင်။ သည်မှာ ကျွန်မခေါင်းထဲ



'အသည်းပြဿနာ'က ရောက်လာခဲ့ပြီ။ တီဘီဆေးများ၏ မလိုလားအပ် သော နောက်ဆက်တွဲဆိုးကျိုးတစ်ခုမှာ အသည်းလုပ်ဆောင်ချက်များကို ထိခိုက်ခြင်းဖြစ်ပြီး ဟော်မုန်းကုထုံးက ထိုအချက်ကို အားပေးနိုင်ခြင်းပင်။ သည်တော့ ကျွန်မ အခုလိုအန်နေခြင်းမှာ ကျွန်မ၏ အသည်းသည် အလုပ် ကောင်းကောင်းမလုပ်နိုင်တော့ဟု အနက်ဆောင်နေမှန်း ကျွန်မ ရိပ်မိလာခဲ့ သည်။ ထို့ကြောင့် ဆရာဝန်မကြီးကို ဆွေးနွေးရပြန်သည်။ တစ်။ ကျွန်မကို အကြောမှ အစာသွင်းသည့်သဘော အာဟာရအတွက် တစ်ခုခုဆောင်ရွက်ပေး ရန်။ သို့မဟုတ်လျှင် ဘာမှမစားနိုင် မသောက်နိုင်ဘဲ သည်ဆေးတွေကို ညေ့သို့မျှ သောက်ရန်မဖြစ်နိုင်သလို ကျွန်မလည်း သည့်ထက်အားနည်းသွား လျှင် ရှင်သန်ရေးမလွယ်။ နှစ်။ အသည်းလုပ်ငန်းဆောင်တာကို ဆန်းစစ်သည့် သွေးဖောက်မှု Liver Function Test (LFT)ကို ကျွန်မ လုပ်လိုသည်။ အဖေနှင့် မေမေကိုပြောပြီး ပြင်ပဓာတ်ခွဲခန်းတစ်ခုခုမှာ လုပ်စေမည်။ ထောင် က အကုန်ခံစရာလည်းမလို၊ စီစဉ်ပေးစရာလည်း မလို၊ သွေးတော့ဖောက်ပြီး အဖေနှင့် မေမေ့ကို ပေးပေးရမည်။ ရလာသည့်အဖြေအရ ကျွန်မ၏ အထွေ ထွေသမားတော်များ၊ သားဖွားမီးယပ်ဆရာဝန်များနှင့် ပြန်တိုင်ပင်ကာ ကုထုံး တွေကို ပြန်သုံးသပ်ရမည်။

သည်မှာ ပြဿနာက ဖြစ်လာပြန်သည်။ သူက အသားနည်းနည်းမှ ဆဲနေသော ကျွန်မတွင် အသည်း၏ လုပ်ငန်းဆောင်တာ ပျက်ယွင်းနေသည် မှာ မဖြစ်နိုင်ဟု သုံးသပ်သည်။ ကျွန်မပြောနေသမျှက လွတ်ကြောင်းကြောင် ဖို့ ရုပ်ရှင်ရိုက်နေတာဟု သူက ထုတ်မပြောဘဲ စွပ်စွဲသယောင် တုံ့ပြန် တော့သည်။ သို့သော် နောက်ပိုင်းမှာ ကျွန်မက ဘာဆိုဘာမှ မစား သောက်နိုင် တအန်တည်းအန်ကာ ရေချိုးလမ်းလျှောက်ဖို့ တံခါးလာဖွင့်လျှင် ထင် တော်ရုံနှင့် အခန်းပြင်ကို မထွက်နိုင်တော့။ ထွက်ပြီးလျှင်လည်း တိုက် နံရံက ကွပ်ပျစ်မှာ သွားပြန်လှဲနေတာမျိုးပဲ လုပ်နိုင်တော့သည်။ သည်မှာ သူက သွေးဖောက်စစ်ဖို့ ဆုံးဖြတ်ပေးသည်။ ထောင်ကပဲ စစ်ပေးမည်ပေါ့။ သို့သော် သူစစ်ဖို့စီစဉ်သည်က အသည်းတစ်ခုတည်းမဟုတ်ခဲ့။ တာဝန်ကျ သူနာပြုက ကျွန်မကို ထုတ်မပြောဘဲ သွေးပုလင်းတစ်လုံး၊ သွေးစစ်ဖြူ ညွှန်တစ်ချောင်းနှင့် ကျွန်မဆီ ရောက်လာခဲ့သည်။ သူက ထုတ်မပြောသည့် အိုင် ဖန်ပြွန်ရှည်က အိပ်ချ်အိုင်ဗွီစစ်ဆေးမှုအတွက်ဟု ဒက်ခနဲ ဓာတ်ပေါက်ရ သည်။ အဖျားတာရှည်နေသူကို အိပ်ချ်အိုင်ဗွီစစ်ခြင်းသည် ခင်ဝေနှင့်သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



ကျူသော်လည်း ကျွန်မဆီက သဘောတူညီမှုမရယူဘဲ စစ်ခြင်းကတော့ နည်းနည်းမှ သဘာဝမကျ။ သို့သော် ကျွန်မမှာ ဝေဒနာအနာတရတွေ၊ ငြင်းခုံရမှုဖြစ်ရတာတွေ လုံလောက်ရုံမက ပိုလျှံနေပြီမို့ သည်ကိစ္စအတွက်ကို တော့ ဘာမှပြောမနေတော့။ သိကြောင်းတော့ ပြလိုက်သည်။ ကဲ… စောင့်ပေလေဦး အဖြေတွေကို။

## ထောင်မှာ ကုမရတော့

သို့သော် ကျွန်မအနေအထားက အဖြေတွေ ရောက်လာသည်ထိ မစောင့်နိုင်တော့။ ဇွန်လဆန်းမှာ ကျွန်မအခြေအနေက အတော်ဆိုးလာနေပြီး အဖျားက မကျဘဲ အန်နေတာကလည်း တရစပ်မို့ ကျွန်မ၏ ဆယ့်နှစ်ပေပတ် လည်အခန်းသည်ပင် ကျွန်မအတွက် သဲကန္တာရသဲသောင်တစ်ခုလို ကျယ်ဝန်း နေတော့သည်။ သည်မှာ ထောင်ကို ကျွန်မအတွက် ညရေးညတာမှာ တစ်စုံတစ်ယောက်၏ အကူအညီကို လိုအပ်နေပါသဖြင့် ပြည့်တန်ဆာပဲဖြစ် ဖြစ်၊ လူသတ်သမားပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကို ညပိုင်းတန်းပိတ်ချိန် အပြီးမှ မိုးလင်းချိန်အထိ ကျွန်မအခန်းထဲ သိပ်ပေးရန်၊ ထိုတစ်ယောက်အတွက် အစားအသောက် စသဖြင့်ကို ကျွန်မမှ တာဝန်ယူမည့်အကြောင်း တင်ပြဖြစ် သည်။ နောက်နှစ်ရက်မှာ အဖြေက ကျလာသည်။ ခွင့်မပြုနိုင်။ သို့သော် ကျွန်မအခန်းရှေ့တံခါးဝနားမှာ ကွပ်ပျစ်နှစ်လုံး ရောက်လာသည်။ ညနေ တန်းပိတ်ချိန်နောက်ပိုင်းမှာ ထောင်ဝန်ထမ်းတစ်ဦးနှင့် ထောင်သူနာပြုတစ်ဦးတို့ စောင့်အိပ်ရန်ဖြစ်ပြီး ကျွန်မတစ်ခုခုဖြစ်လျှင် အကူအညီပေးရန်ဟု ဆိုသည်။ သို့သော် ညနေတန်းပိတ်လိုက်လျှင် ကျွန်မတို့အခန်းသော့က ဆယ့်ငါးမိနစ် လောက် လမ်းလျှောက်သွားရသည့် မိန်းဂျေးလ်အဆောက်အဦမှာ သိမ်းထား ရသည်။

သည်တော့ ကျွန်မက အခန်းထဲမှာ ဖောက်တိမ်ဇလားကို ကွပ်ပျစ် ပျဉ်ချပ်နား အပြီးယူထားလိုက်သည်။ ညပိုင်းမှာ ကျွန်မ အသည်းအသန် အောင့်နေပြီး အန်လျှင် ဝန်ထမ်းနှင့် သူနာပြုက အခန်းတံခါးက သံဇကာကွက် မှာ မျက်နှာငယ်လေးတွေနှင့် လာရပ်ကာ ကျွန်မကို စိတ်မသက်မသာနှင့် ကြည့်နေကြသည်။ ကျွန်မက မျက်ဖြူများ လန်သွားသည့်အခါ (သူတို့ပြန် ပြောသဖြင့်သိပြီး ကျွန်မဘာသာ ဘာဖြစ်နေခဲ့မှန်းတော့ မသိပါ)သူတို့ထ မျက်စိ မျက်နှာတွေ ပျက်ပြီး 'မိန်းဂျေးလ်မှာ သော့သွားတောင်းရမလား



ဆရာဝန်ခေါ်လိုက်ရမလား'ဟု မေးကြရှာပါသည်။ ဘေးခန်းမှ မချူးတို့၊ ခံ့တို့ အပါအဝင် အခြားသူတွေကလည်း သူတို့ကို ကျွန်မ၏အခြေအနေကို သွမ်းမေးပြီး ဘာလုပ်ပါတော့လား၊ ညာလုပ်ပါတော့လားနှင့် လှမ်းပြော ဆတ်ကြသည်။ ကျွန်မကတော့ သည်လောက်တောင် ကျွန်မကိုတစ်ယောက် ဆည်း ပစ်ထားချင်ကြတာ၊ ဘယ်လိုပဲဖြစ်ဖြစ် ဘယ်ဆရာဝန်ကိုမှ ခေါ်မနေ တော့၊ ဘယ်သူ့အကူအညီကိုမှ ယူမနေတော့ဟု စိတ်ပိုင်းဖြတ်ပြီးဖြစ်နေသဖြင့် ဘယ်သူဘာမေးမေး ခေါင်းသာ အတွင်ခါပြနေဖြစ်သည်။ ကျွန်မအတွက် သည်ဇလားထဲ အန်အပြီးမှာ သောက်ရေအိုးဆီ တွားသွားပြီး သောက်ရေ တစ်ခွက် လှမ်းခပ်ရတာပင် စစ်ပွဲတစ်ပွဲကိုဆင်နွှဲနေရသလို ဖြစ်နေသည့်အချိန် မှာ သံဇကာနောက်ကွယ်က အကြင်နာ မျက်ဝန်းဆိုတာတွေက မည်သည့် အဓိပ္ပာယ်နှင့်မျှ အိုအေစစ်ဖြစ်မလာခဲ့တော့။

တစ်နည်း ကျွန်မ၏ ရှင်သန်ရေးအတွက် ကျွန်မသည် မည်သူ့ကိုမျှ အားကိုးရန်မဖြစ်တော့ဟု သိလိုက်ခြင်းကလည်း ကျွန်မကို အထောက်အကူ ဖြစ်စေခဲ့သည်။ ထို့ကြောင့် ကျွန်မသည် ကျွန်မ၏ ရှင်သန်ရေးအတွက် ကျွန်မကိုယ်တိုင်အပေါ်ကိုသာ စုပုံပြီး အားကိုး ဖြစ်ခဲ့တော့သည်။ ထိုစဉ်က ကျွန်မ၏မာန်သည် ထောင်ကျအကျဉ်းသား နိုင်ငံရေးလှုပ်ရှားသူတစ်ဦး အနေဖြင့် လူက ဘာဖြစ်နေနေ မူအရသာ အသက်ရှင်သန်ခွင့်ကို ကြိုးပမ်း မည်ဟု အားတင်းခဲ့သည့် နိုင်ငံရေးမာန်ဖြစ်သည်။ ကျွန်မ ယုံကြည်ခဲ့သည်က ကျွန်မကိုယ် ကျွန်မ သစ္စာမဖောက်ရေး၊ ကျွန်မ နိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို တောင်းဆိုသွားရန်နှင့် အာဏာပိုင်များမှ မလိုက်လျောလာလျှင် သူတို့အကြိုက် ဒူးမထောက်ဘဲ ကြားအဖြေတစ်ခုအတွက် ဈေးစပ်ညှိနှိုင်းအဖြေရှာရေးကို စွမ်းနိုင်သမျှ ခုခံ ကာကွယ်ရပ်တည်သွားနိုင်ရေးတို့ ဖြစ်ခဲ့ပါသည်။ ထို့အပြင် ကျွန်မသည် လွတ်လပ်စွာပြောရေးဆိုခွင့်အပါအဝင် လွတ်လပ်မှုအပေါင်းကို တန်ဖိုးထား သည့်နည်းတူ လွတ်လပ်စွာ ရှင်သန်ချင်သူဖြစ်သည့်အားလျော်စွာ အမှီအခို ကင်း ရှင်သန်နိုင်ရေးအတွက်လည်း ပိုင်းဖြတ်ထားရာ ကိုယ့်အသက်အတွက် ကိုယ့်ကိုကိုယ် အကောင်းဆုံးကိုးကွယ်အားကိုးသွားရန်သာ တွေးဖြစ်ခဲ့ သည်။

ဇွန်လ ၇ ရက်နေ့မှာ တစ်နေ့လုံး ကျွန်မ အန်လိုက်၊ လေတက်လိုက်၊ အောင့်လိုက် သွေးတစ်စက်တစ်စက်ပေါ်လိုက် အဖျားတက်လိုက်နှင့် အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေက တော်တော်ဆိုးနေပြီ။ သန့်ရှင်းရေးအချို့ အကူအညီနှင့် ကျွန်မသော နေ့လယ်မှာကတည်းက ကွပ်ပျစ်ပျဉ်ချပ်နားမှာ သောက်ရေအိုး၊ ဇလား မီးလွှာအိုးတွေကို ဆိုင်းဝိုင်းသဘော စီပတ်ပြီး ချထားလိုက်သည်။ ညနေ ညစာအတွက် သည်လိုမှ မပြင်ဆင်လျှင် ကျွန်မပဲ အဆင်မပြေဖြစ်ရမည် ကိုး။ သို့သော် ညနေစောင်းထောင်ပိတ်စမှာ ဝန်ထမ်းအချို့ရောက်လာကာ ကျွန်မ၏ ပစ္စည်းအချို့ကို ဝိုင်းသိမ်းပြီး အင်းစိန်ပြည်သူ့ဆေးရုံကို ပို့တော့မည် ဟု ဆိုသည်။ ထိုအချိန်မှာ ကျွန်မသတိရနေသည်က ဆရာမောင်သော်ကာ ဆရာက ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၉၉၁ ဖွန်လဆန်းမှာ ရောက်လာခဲ့ပြီး ၁၁ ရက်မှာ ကွယ်လွန်သွားခဲ့သည်လေ။ ကျွန်မကို ဆေးရုံပို့တော့မည်ဆိုတော့ မချူးတို့ မဒုံတို့က ဝမ်းသာစိတ်အေးကြသည်။ သူတို့ဘာလုပ်ပေးနိုင်မလဲ မေးတော့ ကျွန်မက မချူးကို 'ခင်ဝမ်းရဲ့ ကျွန်တော်သွားတော့မယ်ဆိုတဲ့ သီချင်းဆိုဗျာ မချူး။ အဲဒီ သီချင်းလိုပဲ။ သွားတောမှယ်နော်။ ဘယ်တော့ပြန် ရောက်မလဲတော့ မသိဘူးပေါ့'ဟု ပြန်ဖြေခဲ့သည်။ မချူးက ငိုသံကြီးနှင့် သူ့ရော ကျွန်မပါ သိပ်ကြိုက်သည့် သီချင်းကို ခပ်တိုးတိုး ဆိုလိုက်သည်။

'*ကျွန်တော်သွားတော့မယ်××× လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေးဆီ ×××××*'

❖

## လွတ်လပ်မှု

### အင်းစိန်ဆေးရုံသို့

အင်းစိန်ထောင်ဗူးဝကနေ ထွက်လိုက်သည့်လမ်းမှာ ထောင်ဝင်းထဲ တွင်ပင် ရှိနေသေးသည်ဆိုသည့်တိုင် ကျွန်မအတွက်တော့ စိမ်းသော ပြင်ပ ကမ္ဘာကလမ်း ဖြစ်နေသည်။ အချိန်က မှောင်ရီပျိုးနေပြီမို့ ထောင်ဝင်စာလာ တွေ့သူတွေလည်း မရှိကြတော့။ ကားက အင်းစိန်ဈေးကိုဖြတ်ပြီး အင်းစိန် ဆေးရုံကို သွားနေသည်။ အပြင်လေထု၏ ရနံ့နှင့် အထိအတွေ့က ထူးခြား အရသာ ရှိ၊ မရှိ အကဲမခတ်နိုင်လောက်အောင် ကျွန်မက ဝေဒနာတွေနှင့် မအီမသာရှိနေသည်။ နောက်ထပ်သိနေသည့်အသိတစ်ခုကလည်း သည်ခရီး သည် လွတ်လပ်မှုဆီ ဦးတည်နေသောခရီး မဟုတ်ခြင်းပင်။ သို့သော်



ကျွန်မ၏ ခံစားနေရသော ဝေဒနာအနာတရများဆီမှ လွတ်မြောက်စေမည့် ခရီးဟု ယူဆရသောခရီးဖြစ်သည်။ ပတ်ဝန်းကျင်အမှောင်ထဲမှာ ကျွန်မတို့ အင်းစိန်ဆေးရုံကို ရောက်သွားကြသည်။ အမှန်အတိုင်းဆိုရလျှင် သည်လို ဆေးရုံပတ်ဝန်းကျင်မျိုးကို ဂျူတီကုတ် ဖြူဖြူဖွေးဖွေးဝတ်ရင်း၊ နားကြပ်ကို လည်မှာ လွယ်ရင်း ကျွမ်းဝင်ခဲ့ဖူးသော ကျွန်မအဖို့ အခုလို အကျဉ်းသားဝတ်စုံ အဖြူရောင်ဝမ်းဆက်နှင့် ရောက်သွားရခြင်းသည် မည်သည့်နည်းနှင့်မျှ လွတ် လပ်မှု၏ အရသာကို မြည်းစမ်းခွင့်ရခြင်းအရာ မထမြောက်နိုင်ချေ။ ထောင် ဝန်ထမ်းတွေ ခြံရံပြီးရောက်လာသည့် အကျဉ်းသားဝတ်စုံနှင့် အမျိုးသမီး တစ်ဦးကို ပြည်သူ့ဆေးရုံတစ်နေရာမှာ တွေ့ရခြင်း၏ အနက်အဓိပ္ပာယ်သည် အမှုမသိသောသူများအဖို့ နာမကျန်းသည့် ရာဇဝတ်သားတစ်ဦး ဆေးလာကု ခြင်းဟုသာ ဖြစ်နိုင်နေသည်။ သည်တော့ သည်ဝန်းကျင်ကို သည်လိုအနေ အထားနှင့် ရောက်လာရသည့် ကျွန်မစိတ်ထဲမှာ ရာဇဝတ်သားအဖြစ် ထင်မှတ် များခံရတော့မည်ဟု သိမ်ငယ်မှုကတစ်ခြမ်း၊ ဘာဖြစ်ဖြစ် ဘာမှုရမှာလဲဟု ခံနိုင်ရည်တင်း စိတ်ကတစ်ခြမ်း၊ မသက်သာသေးသည့် အနာတရများမှ နာကျင် နေသည့် ဝေဒနာကတစ်ခြမ်း၊ ဂုဏ်တော်ကိုပွားများရင်း လျှောက်လှမ်းနေမိ သဖြင့် ဟာလာဟင်းလင်းဖြစ်နေသည့် အတွေးများက တစ်ခြမ်းဖြင့် ဖြတ်စ ခြင်းတောင်းဖြစ်နေသည်။

ထုံးစံအတိုင်း လူနာမှတ်ပုံတင်ခြင်း၊ မှတ်တမ်းယူခြင်းအပြီးမှာ အကျဉ်း ဦးစီးဝန်ထမ်းများနှင့် ရဲမေများကြား တာဝန်လွှဲကြတော့သည်။ ထောင်ပြင်ပမှာ ဖြစ် အကျဉ်းဦးစီးဝန်ထမ်းများမှ စောင့်ခွင့်မရှိ။ ကျွန်မကို သားဖွားမီးယပ်ဆောင် က ခုတင်တစ်လုံးမှာ နေရာပေးပြီး တာဝန်ကျဆရာဝန်မလေးက ဆေးသွင်း ပေးဖို့ စလုပ်သည်။ တာဝန်ကျရဲမေနှစ်ယောက်က ဆက်ဆံရေးသိပ်မဆိုးလှ။ သူတို့နှစ်ယောက်က ဆေးသွင်းထားသည့် ကျွန်မကိုထားပြီး ဖုန်းသွားပြောနေ ကြသည့် ဆယ်မိနစ်မျှအချိန်လေးမှာ ကျွန်မက အမြန်လှုပ်ရှားရသည်။ အနီး အနား ခုတင်က အမျိုးသမီးတွေကို ကျွန်မနာမည်နှင့် အိမ်ဖုန်းနံပါတ်ကို ပြောပြပြီး ခြေဟန်လက်ဟန်နှင့် အကြောင်းကြားပေးဖို့ အကူအညီတောင်း လိုက်သည်။ လူနာမှတ်ပုံတင်စဉ်က အနားမှာ လူတွေရှိသည်မို့ ကျွန်မကို သူ နိုင်ငံရေးအကျဉ်းသားမှန်း၊ ဆရာဝန်မှန်းလည်း သူတို့က သိနှင့်နေကြ သည်။ အားလုံးက ကူညီပေးကြဖို့ လိုက်လိုက်လှဲလှဲ အမူအရာတွေ ပြကြ သည်။ လပေါင်းများစွာ လူသာမန်များ၊ လူကောင်းသူကောင်းအများနှင့်

www.burmeseclassic.com

www.burmeseclassic.com



မဆုံတွေ့ခဲ့ရသည့် ကျွန်မအဖို့ သူတို့တစ်တွေ၏ လတ်ဆတ်သော အပြုံးများ ကပင် ခံစားနေရသည့် ဝေဒနာများကို သက်သာသွားစေသည်။ ခဏကြာ တော့ ရဲမေနှစ်ယောက်က ထမင်းသွားစားချင်သဖြင့် ကျွန်မကို ခုတင်နှင့်တွဲပြီး လက်ထိပ်ခတ်ခဲ့မည်ဟု ပြင်ကြတော့သည်။ သည်အချိန်မှာ အကင်းပါးသည့် တာဝန်ကျဆရာဝန်မလေးက 'ဪ… ကျွန်မ ပြောမလို့၊ ဟိုပိုက်ဆံမရှိ ရှိတယ်၊ ဆေးရုံအုပ်သဘောတူမှ ထားခွင့်ရှိပေမဲ့ ကျွန်မ ရှင်းပြနိုင်ပါတယ် အဲဒီအခန်းထဲ ပြောင်းနေလိုက်နော်။ ဒါဆို ရှင်တို့ ထမင်းစားသွားရင် အပြင် ကနေ အခန်းကို သော့ခတ်လိုက်ရုံပဲ လူနာကိုတော့ ဘာမှမလုပ်ပါနဲ့'ဟု ဆိုလာသည်။ ရဲမေနှစ်ယောက်ကလည်း အသာတကြည်ပင် သည်အစီအစဉ် ကို လက်ခံလိုက်သည်။ ကျွန်မကတော့ အပြင်ဆောင်မှာ ဆက်ထားလျှင် အပြင်ကလူတွေနှင့် ဆက်ဆံပြီး အိမ်ကို အဆက်အသွယ်လုပ်ရတာ လွယ် မည်ဟု တွေးနေမိသကဲ့သို့ အခန်းထဲမှာနေတော့ အထီးကျန်ဦးမည်ဖြစ်သော် လည်း လက်ထိပ်ရန်က လွတ်တာပေါ့ဟု တွေးနေမိသည်။ နောက်ဆုံးတော့ အခန်းထဲပဲ ရောက်သွားသည်။ သို့သော် အဆောင်ထဲက အမျိုးသမီးတွေက ကျွန်မကို စိတ်ချလက်ချနေဖို့ အမူအရာတွေ ပြကြသည်။ ထိုနေ့ညကတော့ ဆေးသွင်းဆေးထိုးပေးလိုက်သဖြင့် ကျွန်မ အတော်ကြီး သက်သာရာရကာ အိပ်ပျော်သွားသည်။

## ပီတိနှင့် သောကအရော ဂွဒ်မောနင်း

နောက်နေ့မနက်မှာတော့ တော်တော်စောစောကတည်းက နိုးနေဖြစ် သည်။ ထောင်မှာ မနက်ငါးနာရီ တန်းဖွင့်အမီ ထနေကျမို့လည်း ဖြစ်မည် သည်တော့ ရဲမေတွေက အဖော်လုပ်ပြီး အပေါ့အပါးသွား၊ မျက်နှာသစ်ပြီး စီစဉ်ရသည်။ ပြည်သူ့ဆေးရုံများ၏ ထုံးစံအတိုင်း ဆေးရုံဆောင် အိမ်သာ ရေချိုးခန်းတွေမှာ ဟောင်းအိုနေသည့်တိုင် ပိုးသတ်ဆေးရည်နံ့ တကြိုင်ကြိုင်နှင့် ရှိလှသည်။ လမ်းမှာ လူနာအမျိုးသမီးအချို့နှင့် ဆုံတော့ အသိအမှတ်ပြုသည့် သဘော၊ ဝမ်းနည်းစိတ်မကောင်းသည့်သဘော၊ နေကောင်းအောင်နေဖို့ အားပေး သည့်သဘောမျိုးဖြင့် ဝိုင်းကြည့်ကြကာ ပြုံးပြကြသည်။ လက်မထောင်ပြကြ သည်။ ထဘီအပြာဝတ်သူနာပြုလေးနှစ်ယောက်၊ သုံးယောက်က ဖြတ်သွား ရင်း 'ဂွဒ်မောနင်း'ဟု လှမ်းနှုတ်ဆက်ခံ လိုက်ရချိန်မှာတော့ ကျွန်မတစ်ကိုယ်



လုံး လေထဲမှာ လွင့်တက်သွားသလို ခံစားလိုက်ရသည်။ နားထဲမှာ 'ဂွဒ် မောနင်း'ဆိုသည့်အသံက အဆက်မပြတ် ပဲ့တင်ထပ်နေသည်။

မှုဆလင်ဆေးရုံမှာ တာဝန်ထမ်းစဉ်တစ်လျှောက် နေ့စဉ်နှင့်အမျှ အချိန်နေ့လျှင် အကြိမ်ပေါင်းများစွာ ကြားနေကျ သူနာပြုများနှင့် ဆရာဝန် များအချင်းချင်းကြား 'ဂွဒ်မောနင်း'နှုတ်ဆက်သံကို ကြားခွင့်မရတော့သည်မှာ ၂ နှစ်ပြည့်လုလုတွင် သည်လိုအရှင်လတ်လတ်နှင့် လတ်လတ်ဆတ်ဆတ် အားရှိပါးရှိကြီး ပြန်ကြားလိုက်ရခြင်းလောက် မည်သည့်အရာကမှ မင်္ဂလာ ရှိတ်သရေ မရှိနိုင်တော့သလို ဝမ်းနည်းလွမ်းဆွတ်စရာလည်း မကောင်းတော့ ပါ။ လွတ်လပ်သောနေ့ရက်များ၏ 'ဂွဒ်မောနင်း'အရသာကို ကျွန်မက အင်းစိန်ပြည်သူ့ဆေးရုံကြီး၏ အိမ်သာတွေကြားမှာ တစ်ဖန်ပြန်လည်ခံစား လိုက်ရ ခြင်းလည်း ဖြစ်သည်။ ကျွန်မ နှုတ်ဖျားမှ ပီသချိုမြ အားရှိလှစွာ 'ဂွဒ်မောနင်း'ဟု အငမ်းမရ တုံ့ပြန်လိုက်ရချိန်မှာ နောက်ထပ်သူနာပြု တစ်ယောက်က 'ဂွဒ်မောနင်းဒေါက်တာ'ဟု တုံ့ပြန်လေရာ မျက်ရည်တွေ တောက်လာသည်အထိ ပီတိနှင့် အလွမ်း၏ အစွမ်းသတ္တိကို ပက်ပက်စက် စက် ခံစားလိုက်ရပြန်သည်။ နောက်ထပ်သေချာသွားသည်က ထိုကဲ့သို့ 'ဂွဒ်မောနင်း'ဟု တုံ့ပြန်လိုက်သော ကျွန်မသည် အင်းစိန်ထောင် ခြောက် ထောင်အချုပ်တိုက် အခန်းနံပါတ် ၃ မှာရှိ နေသည့် ကျွန်မ မဟုတ်တော့ ခြင်းပင်။ မှုဆလင်ဆေးရုံမှာတုန်းကလို လေသံမျိုးဖြင့် အခုအခံမဲ့ 'ဂွဒ်မောနင်း' ကို တွန်းလှန်စိတ်မဲ့ သီကျူးရေရွတ်လိုက်နိုင်သော ကျွန်မကိုယ်ကျွန်မလည်း အံ့သြမိနေသည်။ လျှာခံတွင်းတွေ့သလို နားခံတွင်းမျက်ရသည့် ထို'ဂွဒ် မောနင်း'သည် မကြာမီမှာ အဆုံးသတ်တော့မည်ကိုတော့ ကျွန်မ မရိပ်မိ သေး။

## ထောင်ပြန်ပို့မည်

ထိုပီတိအလွမ်းများနှင့် အခန်းရှိရာအလာလမ်းမှာ အတန်းမော်သူငယ် ချင်း ဒေါက်တာသီတာဦးကို တွေ့လိုက်ရသည်။ ရဲမေတွေက အနေနိုင် အယှက်မပေးဘဲ ကျွန်မတို့ကို စကားခဏပေးပြောသည်။ သူက သူ့အောင် သေး အူအတက်ခွဲစိတ်ခါနီးမို့ လာနေသည့်တိုင် ကျွန်မဆီ အမြန်ပြေးလာသည် ဖြစ်ပြီး ကျွန်မစားချင်တာဘာရှိလဲ မေးသွားသည်။ မနက်ရှုံးသည်ခွဲလောတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သားဖွားမီးယပ်ဆရာဝန်မကြီး ဒေါက်တာဒေါ်ခင်သန်းတင် ရောက်ရှိလာခဲ့သည်။ ကျောင်းသူဘဝကတည်းက ဆရာမဖြစ်ခဲ့ဖူးသည်မို့ ဆရာမကို ရောဂါရာဇဝင်နှင့် ဖြစ်နေပုံတွေ သေသေချာချာရှင်းပြရသည်။ အခိုကကတော့ အသည်းပြဿနာအတွက် သွေးအဖြေရလာပြီး အသည်းအလုပ်မလုပ်နိုင်တာ သေချာလျှင် ဘာဆက်လုပ်ရမည်ကို ဆွေးနွေးဖြစ်သကဲ့သို့ ခြောက်လနီးပါး အဖျားမကျဖြစ်နေသေးသည့်ကိစ္စအတွက်လည်း ပြောဖြစ်ကြသည်။ ထိုစဉ်မှာ ဆရာမထံ ဖုန်းဝင်လာသည်။ ဆေးရုံအုပ်ရုံးခန်းမှဖြစ်ပြီး ထောင်မှ ထောင်အရာရှိများနှင့် ဆရာဝန်မကြီးတို့ ရောက်ရှိနေကာ ကျွန်မကို ခုချက်ချင်း ဆေးရုံက ဆင်းပေးခိုင်းဖို့ တောင်းဆိုနေကြသတဲ့။ ကျွန်မတို့နှစ်ယောက်စလုံး ဘာကိုမှ နားမလည်နိုင်ဘဲ အံ့သြစိတ်ပျက်သွားကြသည်။ ဆရာမက သူမှာ ရောဂါရာဇဝင် မေးတုန်းသာရှိပြီး စမ်းသပ်မှုပင် မလုပ်ရသေးဟုဆိုတော့ ခပ်မြန်မြန်လုပ်ပြီး ဆေးရုံဆင်းလက်မှတ်ကို Discharge on Request (DR)အဖြစ် ချက်ချင်းရေးပေးလိုက်ပါ၊ သူလည်း အတင်းအကျပ်တောင်းဆိုလာမှုကို မလွန်ဆန်နိုင်ပါဟု ဆေးရုံအုပ်ကြီးက ဖုန်းထဲမှာ ဆိုသတဲ့။ ကျွန်မ ဘာမျှပြောချင်စိတ် မရှိတော့။ ဆရာမကိုပဲ စိတ်မကောင်းမဖြစ်ဖို့ ပြန်နှစ်သိမ့်ခဲ့ကာ ထောင်မှာလိုက်လာ ကြည့်ပေးနိုင်လျှင် ကြည့်ပေးဖို့ ပြောခဲ့လိုက်သည်။

ကျွန်မအခန်းဆီပြန်ပြီး ပစ္စည်းသိမ်းဖို့ ပြင်စဉ်မှာ ဖေဖေနှင့် မေမေက ကျွန်မတို့မိတ်ဆွေ အန်တီရင်၏ကားနှင့် အစားအသောက်တွေ သယ်ကာ ရောက်လာကြသည်။ သူတို့မျက်နှာမှာ စိုးရိမ်ပူပန် စိတ်တွေက တင်းကြမ်း ခုပဲ ထောင်ကိုပြန်ရမည်ဟု သိရတော့ မေမေက ငိုမဲ့မဲ့။ ဖေဖေက မှိုင်တွေတွေ အန်တီရင်က စိုးရိမ်မကင်း။ သားဖွားမီးယပ်ဆောင်ရှေ့မှာ ထောင်က ဟိုက်နီး ကားကြီးက ရှိနေပြီး ထောင်ပိုင်ကြီးအပါအဝင် ထောင်ဆရာဝန်မကြီးနှင့် အင်းစိန်ဆေးရုံအုပ်ကြီးဟု ယူဆရသော ဆရာကြီးက ရှိနေကြသည်။ ကျွန်မကို စောင့်နေသည့် ရဲမေတွေလည်း မျက်လုံးကလည်ကလည်နှင့် ယောင်အအ။ အဆောင်ထဲက လူနာအမျိုးသမီးတွေအားလုံးလည်း ဘာကိုမှ နားမလည်သည့်တိုင် စိတ်မကောင်းသည့်မျက်နှာတွေနှင့် ကျွန်မတို့ကို ဝိုင်းကြည့်နေကြသည်။ သည်အချိန်မှာ ခေါက်ဆွဲကြော်၊ ကြာဇံကြော်ထုပ်တွေနှင့် သူငယ်ချင်းသီတာဦးက ရောက်ချလာပြန်သည်။ ထောင်အာဏာပိုင်တွေ၏ မျက်နှာက ပျက်နေသလို ထောင်ဆရာဝန်မကြီး၏ မျက်နှာကလည်း မကောင်း။ ဖေဖေ၊ မေမေ၊ အန်တီရင်နှင့် သီတာဦးတို့ကို ဘာမှစိတ်မပူဖို့



အကြောင်းပြောကာ ကျွန်မ နှုတ်ဆက်လိုက်သည်။ ပြီးတော့ ထောင်အာဏာပိုင်တွေနှင့် ဆရာဝန်မကြီးတို့ဘက်သို့ မျက်နှာမူကာ 'ဘာဆေးဝါးကုသမှုမှ မလုပ်ရသေးဘဲ ထောင်ကိုပြန်ခေါ်ဖို့လုပ်တာ ရှင်တို့ပဲ။ ဒါကြောင့် အခုကစပြီး ဖြစ်လာသမျှ အကျိုးဆက်တွေဟာ ဆေးရုံနဲ့ ဘာမှမဆိုင်သလို ကျွန်မနဲ့လည်း ဘာမှမဆိုင်တော့ဘူး။ ရှင်တို့အားလုံးနဲ့ပဲ သက်ဆိုင်တယ်။ ရှင်တို့ အားလုံးပဲ တာဝန်ယူရမယ်ဆိုတာ ကျွန်မ သတိကောင်းကောင်းပေးလိုက်တယ်။ သေချာ မှတ်ထားလိုက်ပါ'ဟုဆိုလိုက်ပြီး ဒေါသကြောင့်ထွက်လာသည့် အက်ဒရီနလင်တန်ခိုးနှင့် မြင့်မားလှသော အကျဉ်းဦးစီး ဟိုက်နီးကားကြီးပေါ် အထုပ်တွေဆွဲကာ တက်ချလိုက်သည်။ ပြီးမှ ဖေဖေနှင့် မေမေတို့ကို လက်လှမ်းပြသည်။ 'ထောင်ဝင်စာကို ပုံမှန်အတိုင်းပဲ လာနော်'ဟု လှမ်းပြောလိုက်သည်။ ကားပေါ်မှာတော့ ကျွန်မနှင့် ဝန်ထမ်းအငယ်လေးတွေပဲ ရှိသည်။ သူတို့ အာဏာပိုင်တွေက ဆေးရုံပိုင်တောင်းအော်စ်နှင့် နောက်က လိုက်လာကြသည်။

## အတိုတောင်းဆုံး အစာငတ်ခံ ဆန္ဒပြမှု

'ကျွန်တော်သွားတော့မယ်'ဆိုပြီး နှစ်ဆယ့်လေးနာရီမပြည့်ခင်မှာ ဒေါသကမ္ဘာရမျက်နှာနှင့် ပြန်ရောက်လာသော ရှုနာရှိုက်ကုန်းရောဂါသည် ကျွန်မကို တွေ့လိုက်ရတော့ မချူးတို့တွေ တအံ့တသြနှင့် ဖြစ်နေကြသည်။ ကျွန်မက ရှည်ရှည်ဝေးဝေး ရှင်းပြမနေနိုင်အားသေးဘဲ အခန်းထဲမှာ ပစ္စည်းတွေကို နေရာချကာ အမောဖြေနေလိုက်သည်။ အမောမှ မစေ့ခင်မှာ သူနာပြု ဝန်ထမ်းတစ်ယောက် ရောက်လာပြီး ကျွန်မအခန်းထဲမှာ သိမ်းဆည်းခွင့်ပြုထားသော ကျွန်မပိုင် ဆေးအားလုံးကို ထောင်ဆေးခန်းသို့ အပ်ရမည့်အကြောင်း လာပြောတော့သည်။ ကျွန်မက လုံးဝမအပ်နိုင်ဟုဆိုတော့ မရှုံးသူနာပြုအုပ် ရောက်လာပြီး သည်အမိန့်က ဆရာဝန်မကြီးကိုယ်တိုင်က ချတိသည့်အမိန့်ဖြစ်ကာ ကျွန်မအတွက် ဆေးသောက်စရာလိုသည့် အခါတိုင်းမှာ သူတို့က လိုသည့်ဆေးကို လာတိုက်ပေးမည်ဖြစ်ကြောင်း ထပ်လာပြောသည်။ ကျွန်မ လက်မခံ။ ဆေးတွေအားလုံးကို ဖေဖေနှင့် မေမေ ပို့ပေးထားခြင်းဖြစ်ပြီး တိုက်သန့်ရှင်းရေးအပါအဝင် လိုမည့်သူများအတွက် ဆေးအလှူသဘောလည်း ကျွန်မက လုပ်နေကျ။ နေက မတောက်သေးသည့် အပြင် စနစ်တကျ ဆေးကုသမှုကလည်း မရဘဲ ကိုယ်ပိုင်ဆိုင်သည့် ဆေးဝါး

www.burmeseclassic.com

www.burmeseclassic.com



တွေကိုပင် သူတို့လက်ထဲ အပ်ရမည်ဆိုသည့်ကိစ္စမှာ မည်သည့်နည်းနှင့်မှ လက်ခံနိုင်စရာမရှိ။

သည်အချိန်မှာ ဆရာဝန်မကြီးက ကိုယ်တိုင်ရောက်လာပြီး ဆေးရုံမှာ ကျွန်မက နောက်ဆက်တွဲပြဿနာများကို သူတို့တာဝန်ယူရမည်ဆိုသည့် အတွက် သူက ယခုကဲ့သို့ တုံ့ပြန်ရခြင်းဖြစ်ကြောင်း ခပ်မာမာစကားလာဆို သည်။ ကျွန်မ၏ ဆေးခြင်းကို ဖွက်သိမ်းဖို့ကြိုးစားသည်။ ကျွန်မက ရှိသမျှ အင်အားနှင့် ဆေးခြင်းကို ဖက်တွယ်ထားပြီး မပေးနိုင်ဟု ငြင်းလျက်နှင့်ပင် ထောင်ဝန်ထမ်းက အနားရောက်လာသည့်အခါ 'ကောင်းပြီ၊ ဒီဆေးခြင်းကို အခု သိမ်းရဲ့ သိမ်းကြည့်၊ အခုအချိန်ကစပြီး ဆေးလည်း မသောက်နိုင်ဘူး၊ အစာလည်း မစားနိုင်ဘူး၊ ရေလည်း မသောက်နိုင်ဘူး၊ အခန်းထဲမှာလည်း မနေနိုင်ဘူး။ သိပ်ရတယ်။ စိန်ခေါ်ချင်ရင် ခေါ်လိုက်။ ပေါင်ရစ်ဆယ်ပဲရှိပြီး ခြောက်လလောက်ဖျားနေတဲ့ ရောဂါသည်တစ်ယောက်ရဲ့ ခံနိုင်ရည်ကို သိရ အောင် ကြည့်ကြတာပေါ့'ဟု ပြောပြောဆိုဆို ဝန်ထမ်းတွေနေသည့် ကွပ်ပျစ်မှာ သွားလှဲနေလိုက်သည်။ ဒေါသကြောင့် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီး ခြေလှမ်းတွေကတော့ သွက်နေခဲ့သည်။ မချူးက စိုးရိမ်တကြီးနှင့် ကျွန်မကို ဒေါသသိပ်မကြီးဖို့ လှမ်းပြောသည်။ ဝန်ထမ်းမရော၊ ဆရာဝန်မပါ မျက်နှာတွေပျက်ကာ ရုံးခန်းဘက်ကို ပြန်ပြေးသွားကြသည်။ တိုက်သန့်ရှင်း ရေးအချို့က ကျွန်မနား ကပ်လာသည့်အခါမှာလည်း တစ်ယောက်တည်းနေ ပါရစေဟု ပြောလွှတ်လိုက်သည်။

သည့်နောက်မှာတော့ အလေ့အထသိပ်မလုပ်ဖြစ်ခဲ့သည့် ဝိပဿနာ အလုပ်ကို ကသုတ်ကရက်လေး အားထုတ်နေလိုက်သည်။ အဓိကက ကျွန်မ ကိုယ်ကျွန်မ ပြင်ဆင်ထားချင်သည်။ သည်လို ဒေါသတွေ၊ စိတ်ခံစားမှုတွေ ဆူဝေနေလျှင် ကျွန်မ သူတို့ကို နောက်ထပ်ရင်ဆိုင်နိုင်ဦးမှာ မဟုတ်။ သည် တော့ နှာသီးဖျားအဝင်အထွက်ကို သတိကပ်ရင်း ကျွန်မကိုယ်ကျွန်မ ငြိမ် တည်ငြိမ်အောင် ကြိုးစားနေလိုက်သည်။ အရေးနှင့်အကြောင်း ဖြစ်လာသည့် အခါမှာတော့ မူလဘူတဘာသာရပ်ဖြစ်သည့် ဝိပဿနာနှင့် ဗုဒ္ဓ၏အဆုံးအမ က ကျွန်မကို ပြန်လည်ပွေးကပ်ပြီး ကယ်တင်တတ်မြဲပင်။ ထင်ထားသည့် အတိုင်း ဆယ့်ငါးမိနစ်အတွင်းမှာ 'ပုံစံ၊ ပုံစံ၊ ပုံစံ'ဆိုသည့်အသံတွေ ဆက်တိုက်ကြားလာရသည်။ ကျွန်မလှဲနေရာကနေ ကွပ်ပျစ်စောင်းမှာ မှီထိုင် နေလိုက်သည်။ တိုက်ဝင်းသွပ်တံခါးပွင့်သွားပြီး သားကောင်ကို ချောင်းမြည်



...နှင့် တစ်သွယ်၊ ချော့မြှူမည့်ပုံမျိုးနှင့်တစ်ဖုံ ယူနီဖောင်းဝတ်တွေ ရောက် လာသည်။ ကြယ်ပွင့်တွေ ကြယ်ပွင့်တွေက ပခုံးထက်တွေမှာ။ အကျဉ်းဦးစီး ... အဆင့်မြင့်အရာရှိအားလုံးပဲ ရောက်လာသလား ထင်ရသည်။ သည်ကြား ... ထောင်ဆေးရုံအုပ်ကြီး ပါလာသည်။ ဆရာဝန်မကြီးကိုတော့ မတွေ့ရ။

## လွတ်လပ်ခြင်း၏ အနက်မှန်

'ဘာဖြစ်ချင်တာလဲ'ဟု ထောင်ပိုင်ကြီးဦးသာဦးက စမေးသည်။

'တစ် ကျွန်မပိုင် ဆေးတွေအားလုံးကို သိမ်းခွင့်မပြုနိုင်ဘူး။ နှစ် ...ဆောင်ဆရာဝန်မကြီးနဲ့ ဆေးကုမခံနိုင်တော့ဘူး။ ဆရာဝန်ပြောင်းပေးပါ'ဟု ကျွန်မက ခပ်ပြတ်ပြတ် ပြန်ဖြေသည်။ သည့်နောက်မှာတော့ ထုံးစံအတိုင်း အင်းစိန်ဆေးရုံမှာ ကျွန်မ ပြောခဲ့သည့်စကားကြောင့် ခုလိုဖြစ်ရခြင်းဟု ...သည်။

'အဓိပ္ပာယ်မရှိတာပဲ။ ကျွန်မမှာ ဆေးရုံသာထွက်သွားတယ်၊ ဘာဆေး ...သမှုမှ မလုပ်ခဲ့ရဘူး'

'ဒါ အထက်အမိန့်ပဲ၊ ငါတို့လည်း မတတ်နိုင်ဘူး'

'ဒါဆို ဆေးတွေသိမ်းဖို့ပြောတာက ဘာအတွက်လဲ'

ထိန်းထားသည့်ကြားမှ ကျွန်မအသံတွေက မာဆတ်ဆတ်ဖြစ်နေဆဲ ...ဖြစ်သေး။ သူတို့ စကားပြန်ပြောနေခိုက်မှာ နှာသီးဖျားကို အာရုံထားပြီး ...တ်တွေ ငြိမ်ကျသွားအောင် ကျွန်မ ကြိုးစားသည်။

'ဒါက ဒီဆေးတွေသုံးပြီး သေကြောင်းကြံတာမျိုး လုပ်မှာစိုးလို့ပါ။ ...ဆေးအကြောင်း နားလည်နေတော့ အဲဒီလို လုပ်ချင်ရင် ရတယ်လေ'ဟု ...ထောင်ပိုင်လေးဦးအုန်းလွင်က လေသံအေးအေးနှင့် ပြန်ပြောသည်။ အိုကေ။ ကျွန်မအတွက် ဆွေးနွေးနိုင်မည့် အဖော်ကောင်းကို ရှာတွေ့ပြီ။

'ဖြစ်ရလေ အန်ကယ်'ဟု ကျွန်မက အစချီလိုက်သည်။ ထောင်မှာ ...ရာတို့၊ ထောင်ပိုင်တို့ခေါ်ပြီး စကားပြောရရုံးထုံးစံကို ကျွန်မက မလုပ်ချင် ...ဖြင့် သူ့ကို အန်ကယ်ဟု သုံးလိုက်သည်။ ရင်းနှီးမှုနှင့် စာနာမှုကိုလည်း ...ရချင်သည်။

'ကျွန်မက ကိုယ့်ကိုကိုယ် သတ်သေချင်မှတော့ ခပ်ရိုးရိုးပြောရရင် ဒီအင်္ကျီတွေနဲ့ရပတ်လည် အခန်းထဲမှာ ကိုယ်လုံးတီးထားရင်တောင် နံရံနဲ့ခေါင်းနဲ့

www.burmeseclassic.com



တိုက်ပြီး သတ်သေလိုက်လို့ ရနေတာပဲ။ ကျွန်မဖြစ်နေတဲ့ပြဿနာက ရှင်းရှင်းနေတာပါ။ သေချင်နေတာ မဟုတ်ပါဘူး။ စနစ်တကျ ဆေးကုသခွင့်မရဘဲနေရင် သေသွားမှာစိုးလို့ သည်နှစ်ချက်ကို တောင်းဆိုနေတာပါ အန်ကယ်'

ကျွန်မအသံတွေ တည်ငြိမ်လာပြီ။ သေကြောင်းကြံခြင်းသည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သကဲ့သို့ ဗုဒ္ဓတရားတော်အရလည်း အဖန်ငါးရာ ငါးကမ္ဘာဝဋ်ကြွေးတင်တတ်သည့် သံသရာက မလွတ်စေသော အပြုအမူပဲ။ ကျွန်မမည်သည့်အခါကမျှ မတွေးသည့်၊ နောင်လည်း တွေးမှာမဟုတ်သည့် အတွေးကို သူတို့ကမှ တကူးတကတွေးတတ်ပလေ။

'တကယ်တော့ အန်ကယ်တို့ ဒီလိုလုပ်နေတာကိုက ကျွန်မကို မသေသေအောင် သတ်သလိုဖြစ်နေတာ။ ဒါကြောင့် အကျိုးဆက်ကို ထောင်ကျတာဝန်ယူရမယ်လို့ ကျွန်မပြောခဲ့တာပဲ'

'သိပ်မပြောပါနဲ့ကွယ်၊ နေလည်းကောင်းတာမဟုတ်ဘူး' ဆရာကြီးကဝင်ပြောသည်။ ကျွန်မ နည်းနည်းဝမ်းနည်းလာသလို ရှိသည်။

'ဆရာ ကိုယ်ချင်းစာကြည့်ပါ။ ဆရာ ခြောက်လဆက်တိုက် ဖျားဖူးသလား။ ဆရာ့သားသမီး ခုလိုဝေဒနာတွေနဲ့ ဖြစ်ဖူးသလား' ပြောနေရင်းကျွန်မ မျက်ရည်တွေ ဝဲတက်လာသည်။ မဖြစ်။ မှတ်ပစ်လိုက်။ မှတ်ပစ်လိုက်။ သို့သော် မှတ်လေ့က မထုံခဲ့သဖြင့် မရတော့။ မျက်ရည်အချို့ကပါးပြင်ပေါ်မှာ စီးကျလာခဲ့သည်။

'အိုကွယ်၊ အားလုံးကျန်းမာ သက္ကရာဇ်နှစ်ထောင်မှာတဲ့။ နေကောင်းသွားမှာပါ' ဟု ဆရာက ဆက်နှစ်သိမ့်ဖို့ ကြိုးစားသည်။ သည်မှာ ကျွန်မကမျက်ရည်တိတ်သွားမိပြီ။

'ဟာ… အဲဒါကိုက လွဲနေတာ။ ဘာသာပြန်တာ လွဲနေတာ။ မူရင်းစာသားက Health for all by the year 2000 လေ။ လူတိုင်းကျန်းမာတဲ့တစ်နေ့ဆိုတာ ဖြစ်မှမဖြစ်နိုင်ဘဲ။ တရားသဘောအရ မကြည့်ဘဲလူပြိန်းတွေနဲ့တင် သိနေတာပဲ။ တကယ့်အနက်အဓိပ္ပာယ်က သက္ကရာဇ်နှစ်ထောင်ရောက်ရင် လူတိုင်းမှာ ကျန်းမာရေးစောင့်ရှောက်မှု အညီအမျှရရမယ်လို့ ဆိုတာပဲ။ လူတိုင်းဆိုတာ ဆင်းရဲချမ်းသာမရွေး၊ လူဖြူလူမည်းမရွေး၊ အကျဉ်းသားဘာသားမရွေးလို့ ဆိုလိုတာပဲ။ ကျွန်မအနေနဲ့ စနစ်တကျကျန်းမာရေးစောင့်ရှောက်မှုရရေးကိုပဲ တောင်းဆိုနေတာပါ။ အမှန်အတိုင်းဆိုရရင် ကျွန်မလို ဆရာဝန်တစ်ယောက်အဖို့ ဆေးရုံတစ်ရုံကို အကျဉ်းသား



တစ်ယောက်အဖြစ် သွားချင်စိတ် ဘယ်လိုနည်းနဲ့မှမရှိနိုင်ဘူးဆိုတာ အန်ကယ်တို့အားလုံး နားလည်နိုင်မယ်ထင်ပါတယ်။ ဒီထဲမှာနေပြီး စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းကောင်းရနေရင် ကျွန်မဘက်က ဘာမှစာဒကတက်နေစရာ မရှိဘူး။ ဘယ်အပြင်ဆေးရုံကိုမှလည်း တကယ့်ကို မသွားချင်ဘူး။ ခက်တာက သည်ထဲက စောင့်ရှောက်မှုဟာ လုံလောက်တယ်၊ မလုံလောက်ဘူး၊ သင့်မြတ်တယ်၊ မသင့်မြတ်ဘူးဆိုတာတွေအားလုံးကို ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ကျွန်မက သိနေတယ်။ ကျွန်မကိုယ်ကျွန်မ ရှင်အောင်ဘယ်လိုကုရမယ်ဆိုတာ သိနေတယ်။ ဒါကြောင့် အဲဒီလိုကုပေးဖို့ ပြောနေတာ' ကျွန်မက လက်ချာတစ်ခုပေးနေသလို လေသံမျိုးနှင့် ဖြစ်လာခဲ့သည်။

'ဟုတ်ပါပြီလေ၊ ဒါကို နားလည်ပါတယ်။ ဆေးတွေကိုတော့ မသိမ်းတော့ပါဘူး။ ဒါပေမဲ့ ဆရာဝန်မကြီးရဲ့ ကုသမှုကို ဘာလို့ ငြင်းရတာလဲ။ သူက ဟိုမှာ ငိုတောင်နေတယ်။ စိတ်မကောင်းလွန်းလို့ဆိုပြီး' ထောင်ပိုင်လေးက ဆက်ပြောသည်။ ကျန်အရာရှိတွေလည်း တောင့်တောင့်တင်းတင်းရပ်နေသည့်အနေအထားမျိုးမှာ မရှိကြတော့။

'အန်ကယ်စဉ်းစားကြည့်ပါ၊ ဆရာဝန်တစ်ယောက်အနေနဲ့ နောက်ဆရာဝန်တစ်ယောက်ရဲ့ ဆေးကုသမှုကို မခံယူနိုင်ပါဘူးလို့ ငြင်းရတာဟာအင်မတန်စိတ်ထိခိုက်ကြေကွဲစရာပါ။ ကျွန်မ တကယ့်ကို မလုပ်ချင်ဆုံးအလုပ်ပါ။ ဒါပေမဲ့ ဒီကိစ္စက ကျွန်မရဲ့ သေရေးရှင်ရေးဖြစ်နေတယ်။ သူ့ဆေးကုသမှုဟာ ကျွန်မရဲ့ အသက်အန္တရာယ်ကို အမှန်တကယ်ပဲ ထိခိုက်နေတယ်။ ကျွန်မဘက်က ပေးတဲ့အကြံတွေအားလုံးကို သူ ဘယ်တော့မှ လက်မခံဘူး။ သည်တော့ သည်အတိုင်းဆက်သွားရင် ကျွန်မ ရှင်လမ်းမမြင်ဘူး။ ဒီလိုပါ အန်ကယ်၊ ကျွန်မတစ်ခုမေးမယ်။ အန်ကယ့်ကို အန်ကယ့်ကုသားစုဆရာဝန်က ခြောက်လအတွင်း သေမယ်ဆိုရင် အန်ကယ်ဘယ်လိုလုပ်မလဲ' ထိုအချိန်မှာ ကျွန်မတို့အားလုံး အတော်ကြီးသက်သောင့်သက်သာရှိနေကြပြီဖြစ်သည်။

'ဟာ ကျွန်တော်လား၊ အင်း… သွားချင်တဲ့နေရာတွေ လျှောက်သွားလိုက်မယ်ဗျာ၊ စားချင်တာတွေ လျှောက်စားမှာပေါ့ဗျာ' ဟု ဝေါ့ဝေါ့ဝါးဝါးပြောသည်။ အားလုံးက ပြုံးစေ့စေ့။

'အင်း… ကျွန်မသာ အန်ကယ့်နေရာမှာဆိုရင် အဲဒီလို မလုပ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်' အပြုံးမှာ အဓိပ္ပာယ်ထည့်ပြီး ကျွန်မက ပဟေဠိကို စလိုက်သည်။

'ဘယ်လိုလုပ်မှာတုန်းဗျ'

'နောက်ဆရာဝန်တစ်ယောက် ပြောင်းပြမှာပေါ့ အန်ကယ်။ နောက် ဆရာဝန်က ကျွန်မကို နောက်ခြောက်လအတွင်း သေမယ်လို့ ပြောချင်မှပြော မှာပေါ့'

ခပ်အုပ်အုပ်ရယ်သံကိုကြားရသည်။ သူကိုယ်တိုင်ကတော့ 'ဟား··· ဟား··· ဟား'ဟု အားပါးတရရယ်လိုက်သည်။

'အဲဒါပါပဲ အန်ကယ်၊ ကျွန်မ ဆရာဝန်ပြောင်းပြချင်တယ်။ နောက် ခြောက်လအတွင်းမှာ မသေဘူးလို့ ပြောမယ့်ဆရာဝန် ပြောင်းပြချင်တာပါ။ ဒီလိုလုပ်ပါ ဆရာ၊ ဆရာပဲ ကျွန်မကို ဆက်ကြည့်သွားပေးပါ။ ဒါဆို ကျွန်မလက်ခံပါတယ်' ကျွန်မက ဆရာကြီးဘက်လှည့်ပြီး ပြောလိုက်သည်။

'ဒီလိုရှိတယ် မသီတာရဲ့။ မသီတာက လွတ်လပ်ပါတယ်ဗျာ' ထောင်ပိုင်လေးက သက်ပြင်းမျှင်းမျှင်းကို ခိုးချရင်း မျက်လွှာချပြီး ပြောလိုက် သည်။ 'မသီတာက လွတ်လပ်ပါတယ်'၊ 'မသီတာက လွတ်လပ်ပါတယ်'၊ 'မသီတာက လွတ်လပ်ပါတယ်'။ ကျွန်မနားထဲမှာ ပဲ့တင်ထပ်လာသည်။

သော့ခတ်ထားသည့် တိုက်ခန်းတံခါးကို လက်ဖြင့်ပုတ်ရင်း ကျွန်မက 'ဘာကိုဆိုလိုတာလဲ အန်ကယ်၊ ဒီတံခါးတွေနောက်က ဆယ့်နှစ်ပေပတ်လည် အခန်းထဲမှာ တစ်နေ့ကို နှစ်ဆယ့်သုံးနာရီနဲ့ ဆယ့်ငါးမိနစ် ပိတ်ထားခံရတဲ့ ကျွန်မက လွတ်လပ်သတဲ့လား' ကျွန်မက သူ ဘာဆိုလိုချင်နေမှန်း ရိပ်မိ လျက် မေးဖြစ်အောင် မေးလိုက်သည်။

'မသီတာက ကိုယ်တွေးသလို ပြောလို့ရတယ်။ ကျွန်တော်တို့က ဝန်ထမ်းတွေပါဗျာ။ နားလည်ပေးပါ' သူ့အသံတွေ တိမ်သွားသည်။ ကျန်လူ တွေကလည်း တိတ်ဆိတ်သွားလိုက်တာမှ အပ်ကျသံပင် ကြားရမတတ် သည့်ထက်တော့ ကျွန်မ ရှေ့မတိုးသင့်တော့။

'ကျွန်မ ဆရာ့ကိုပဲ တောင်းဆိုပါတယ်။ အကျဉ်းသူဖြစ်သူမှ ၄င်း၏ အသက်အန္တရာယ်ကို စိုးရိမ်သည့်အလျောက် တာဝန်ကျဆရာဝန်မ၏ ကုထုံး ကို ငြင်းဆန်နေပါသဖြင့် ဆေးရုံအုပ်ကြီးဖြစ်သူ မိမိမှ တာဝန်ယူကာ ၎င်း အကျဉ်းသူ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်လွှဲယူသွားမည်ဖြစ် ကြောင်းဆိုတာမျိုး ဆရာရေးလို့ရမှာပါ'ဟု ကျွန်မက ဆရာကြီးကို ဦးတည်ပြီး ပြောလိုက်သည်။



'ကဲပါလေ··· ဆရာ ကြည့်စီစဉ်ပါ့မယ်၊ ခုလောလောဆယ်တော့ အဓိကလည်း မောနေပြီ၊ အစားစား ဆေးသောက်ပြီး နားတော့။ လူကြီးတွေ လည်း မောနေကြပြီ၊ သွားကြမယ်'

'ကောင်းပြီလေ၊ ဒါပေမဲ့ ဆရာ့ဆီက ကျွန်မကေ့စ်ကို တရားဝင်လွှဲယူ ကြောင်း စာမထွက်သရွေ့ နောက်နေ့တွေမှာ ဆရာဝန်မကြီး လာရင် အတွေ့ ခံနိုင်ဘူးနော်။ ဆရာအပါအဝင် ကျန်ဆရာဝန်တွေနဲ့ပဲ ကျွန်မ ဆက်ဆံသွား မယ်'

'အေးပါ၊ ဟုတ်ပါပြီ'

သည်လိုနှင့် သူတို့အားလုံး ထွက်သွားကြသည်။ တာဝန်ကျဝန်ထမ်း လည်း ခုမှ မျက်နှာလေး ပြန်ကြည်လာသည်။ ကျွန်မကတော့ ဖေဖေနှင့် မေမေတို့၊ သီတာဦးတို့ ပေးလိုက်သည့် အစားအသောက်တွေကို ဝေခြမ်း စားလုပ်ဖို့ ပြင်ရမည်။ ထောင်တံတိုင်းပြင်ပက လွတ်လပ်မှုအရသာ အကြောင်းကို ကျန်ခဲ့သည့် တိုက်သူတွေက နားထောင်ချင်နေကြသည်။ ကျွန်မမှာတော့ နံရံလေးဘက်ထဲက လွတ်လပ်မှုအကြောင်း ပြောပြချင်စိတ် သာ ဖြစ်နေပြီ။ နားထဲမှာ ခုထိမထွက်။ 'မသီတာက လွတ်လပ်ပါတယ်'တဲ့။ သူပြောမှ ပြန်တွေးမိသည်။ ကျွန်မသည် ထောင်ထဲမှာ လွတ်လပ်စွာပြောရေး ဆိုခွင့်ကို အဆုံးရှုံးခံခဲ့ဖူးလို့လား။

## ပြီးနိုင်သော ရှုန်းကန်မှု

နောက်နေ့မှာ အသည်းစစ်ဆေးချက်နှင့် အိပ်ချ်အိုင်ဗွီ စစ်ဆေးချက် အဖြေတွေ ထွက်လာသည်။ အိပ်ချ်အိုင်ဗွီက နဂတစ်။ အသည်းအဖြေကတော့ အီလီရှုဘင်ပမာဏမှာ ပုံမှန်ထက် ၂၃ ဆ များနေတော့သည်။ သည်တော့မှ အသားမဝါသဖြင့် မဖြစ်နိုင်ဟု ခံငြင်းခဲ့တာတွေ မှားသွားကြောင်း ထောင် ဆေးရုံအသိုင်းအဝိုင်းက သဘောပေါက်ကြသည်။ ကျွန်မကမူ မူဆလင် ဆေးရုံမှာတုန်းက သည်လိုလူနာမျိုး တွေ့ခဲ့ဖူးသဖြင့်ရော ကိုယ်ခံစားခဲ့ရသည့် ဝေဒနာလက္ခဏာများအရပါ သေချာနေခဲ့ရာက ခုလိုသက်သေရလိုက်သဖြင့် စိတ်ငြိမ်ကျသွားသည်။ နောက်နေ့မှာ ဗဟိုထောက်လှမ်းရေးမှ ဗိုလ်မှူးကြီးသန့် ဦးလှရောက်လာပြီး ကျွန်မ၏ ကျန်းမာရေးကိစ္စ လာမေးသည်။ ပြီးကြောင်း ကုန်စင်ကို မနေ့ကမှ ပူပူနွေးနွေးသိထားသည့် သက်သေသွားအဖြေကို

www.burmeseclassic.com



ရှင်းပြရင်း ပြောပြဖြစ်သည်။ 'တခြားရောဂါ အဆင်မပြေတာ ဘာရှိသေးလဲ' ဟု သူကမေးတော့ 'ထောင်က ဟိုတယ် မှမဟုတ်တာ။ ထောင်ဗူးဝ စဝင်လာချိန်ကစပြီး အခုအချိန်အထိ အဆင်ပြေတာဘာမှမရှိဘူး' ဟု ဖြေလိုက် တော့ သူ ထပြန်သွားသည်။ အမှန်တော့ 'ထောင်ဟာ ဟိုတယ်မဟုတ်ဘူး' ဆိုသည့်အပြောက ထောင်ဝန်ထမ်းတွေက အကျဉ်းသားများ၏ စောဒကများ ကို တုံ့ပြန်နေကျစကားလုံးသာ ဖြစ်သည်။ ကျွန်မက သူတို့စကားလုံးနှင့် သူတို့ကို ပြန်ဖြေခဲ့ခြင်းသာ။ သည့်နောက်ပိုင်းမှာ နေ့စဉ်ဆေးသွင်းတာမျိုး လုပ်ပေးလာပြီး အင်းစိန်ဆေးရုံမှ သားဖွားမီးယပ်ပါရဂူ ဆရာမကြီးမှလည်း လာကြည့်ပေးကာ ခုလိုအသည်းပြဿနာဖြစ်နေချိန်မှာ ဟော်မုန်းကုထုံး ခေတ္တရပ်ထားကြည့်ဖို့ ဆုံးဖြတ်သည်။ ကိုယ်ခံစွမ်းအားက အကျကြီးကျ ဆေးဒဏ်တွေနှင့်မို့ ရာသီကလည်း ဆက်မပေါ်ဘဲဖြစ်သွားနိုင်သည်ဟု ပြော ဖြစ်ကြသည်။ ကျွန်မလည်း သဘောတူသည်။ အထွေထွေသမားတော်က လည်း တီဘီဆေးလေးမျိုးမှာ အသည်းအတွက် အဆိုးဆုံးထိခိုက်သည့် ဆေးတစ်မျိုးကို ဖြတ်ပစ်လိုက်သည်။ အဖျားက မကျသေးသည့်တိုင် အအေး ကတော့ ပြန်စဲလာသည်။ ဇွန် ၂၉ မှာ ကျွန်မ၏ ကျန်းမာရေးစောင့်ရှောက် မှုကို ဆေးရုံအုပ်ကြီးမှ တရားဝင်လွှဲယူကြောင်း စာထွက်လာသည်။ ထိုနေ့မှာ ထောင်ဆရာဝန်မကြီးမှ ပြောင်းရွှေ့မိန့်တင်မည်ဟု သတင်းထွက်လာသည်။ မည်သို့ပင်ဖြစ်စေ စိတ်ထဲမှာ တကယ်မကောင်း။

သည်အချိန်မှာ ကျွန်မတို့တိုက်ကို ဆေးမှုနှင့် အချုပ်ကျပြီး အဆောင်မှ ထားမရအောင် ရုံးပြန်တိုင်း မူးမူးလာသည့်သူတစ်ယောက် ရောက်လာသော သည်။ တက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပြီး အမှုရင်ဆိုင်ရန် ရုံးထုတ် သွားပြီး ပြန်လာတိုင်း ရှိုပြီလာတတ်သည်။ စတီးဝပ်အချုပ်မှာ ဒိုင်ယာဇီပင်နှင့် အခြားဆေးပြားတွေကို ဘယ်လိုဝယ်ရလွယ်ကြောင်း၊ ထောင်ထဲကို ခိုးသွင်းရင် ဘယ်လိုပြင် ဆင်ရကြောင်းတွေ အားလုံးပြောပြသွားသည်။ ဆေးစွဲကတည်း က ဖြတ်ဖို့ဆန္ဒမရှိကြောင်းက ပါသေးသည်။ သည်လိုနှင့် သူက ဆေးမျိုး မရှိလျှင် ခေါ်ရာလိုက်သည့်သူလည်း ဖြစ်နေပြီ။ သူ့ကို ပြစ်ဒဏ်သဘောမျိုး တိုက်ထဲ လာထားတာမို့ သိပ်မကြာလိုက်။ နောက်တစ်ယောက် ရောက်လာ ပြန်သူက လိမ်လည်မှုဖြင့် ထောင်ကျပြီး မြင်းခြံထောင်ရောက်သွားပြီးကာမှ ထောင်ဝန်ထမ်းတွေ၏ လာဘ်စားမှုကို ဖော်ကောင်လုပ်သဖြင့် ထောင်ဝန်ထမ်း တွေကို တရားစွဲရာမှာ သက်သေအဖြစ် ထွက်ဆိုရန် ရန်ကုန်သို့ ပြန်ရွှေ့လာ



သူ။ သူ့ထံမှ မည်သည့်ဝန်ထမ်းတွေ မည်မျှလာဘ်စားကြောင်း အသေးစိတ် ကြားရပြန်သည်။ သူ့ကိုတော့ အားလုံးက သတိထားနေရသည်။ သူက အပိုင်းမှာပူးပေါင်းပြီး နောက်ပိုင်းမှာ ဖော်မည့်သူဟု ယူဆရသဖြင့် အားလုံး က သူ့ကို အတွင်းကျကျ မပေါင်းချင်ကြ။ ဝန်ထမ်းတွေကတော့ သူ့ဆို ကြောက်။ သည်လိုနှင့် စရိုက်မျိုးစုံ လူမျိုးစုံကို အနီးကပ်လေ့လာခွင့်ရလာ သည်။ နေမကောင်းသည့်ကြားမှာ တွေ့ရသည့် သည်လူတွေကို ခုချိန်မှာတော့ အားပါးသာ မှတ်မိနိုင်တော့သည်။

သည့်နောက်ပိုင်း ကျွန်မ နည်းနည်းပြန်ထူထူထထောင်ထောင် ဖြစ်လာ သည်။ သည်ကြားထဲမှာ ရှည်နေသည့်ဆံပင်ကို ဖြတ်ပစ်လိုက်သည်။ ကိုယ့် ဘာသာ ခေါင်းလျှော်ရတာပင် အဆင်မပြေသည်မို့ ထောင်မှူးမကလည်း သဘောတူသည်။ သို့သော် ပြဿနာက မည်သူက တိုင်လိုက်သည်မသိ။ ဆံပင်ဖြတ်မှုကို သဘောတူသည့်အတွက် ထောင်မှူးမခမျာ ထုချေလွှာ ရေးလိုက်ရသည်။ ထောင်မှာက ပုံပန်းသဏ္ဌာန်ပြောင်းလဲမှုကို လွယ်လွယ်နှင့် ခွင့်ပြုပေး၍ မရ။ သို့သော် ကျွန်မ၏ တောင်းဆိုမှုက သဘာဝကျနေသည့် အတွက်ရော၊ အခြေအနေအရ ကျွန်မ၏ ကျန်းမာရေးပိုဆိုးသွားမှာကို စိတ်ပူ သဖြင့်ပါ သူက ခွင့်ပြုပေးကာ သူကိုယ်တိုင် ဆံပင်ကောင်းကောင်းညှပ်တတ် သူကို ခေါ်လာပေးခဲ့တာ ဖြစ်သည်။ သည့်အတွက်လည်း သူ့အတွက် အကောင်း။ ကျွန်မကတော့ အတော်လေး ခေါင်းပေါ့သွားသည်။ ဘိုကေ ဆံပင်နှင့်မို့ လူလည်း ပေါ့ပေါ့ပါးပါးဖြစ်သွားသလို ခံစားရသည်။ သည်အချိန် က သူများအရောင်းအဝယ်စာချုပ်အတုတစ်ခုမှာ ဘုမသိဘမသိဘဲ သက်သေ လက်မှတ်ထိုးပေးမိပြီး အချုပ်ခံလာရသော ဗေဒင်ဆရာမတစ်ယောက်က တိုက်သန့်ရှင်းရေးသသော ဖြစ်လာသည်။ သူက ကျွန်မကို စကားပြော ဆင်ခြင်ဖို့နှင့် မဆင်ခြင်လျှင် ထောင်သက်ရှည်မည့်အကြောင်း အဟောပြု လိုက်သည်။ ကျွန်မက သူပြောသမျှကို ပေါ့ပေါ့တန်တန်ပဲ သဘောထား သည်။

## ဟားဗတ်သားတို့ ရင်ဆိုင်ပုံ

ဇူလိုင်လ ၇ ရက်နေ့မှာ ၁၉၆၂ က ကျောင်းသားသမဂ္ဂ အဆောက် အဦ ဖြိုချခံခဲ့ရကာ ကျောင်းသားအများစု သေဆုံးခဲ့ရသကဲ့သို့ ကျောင်းသား အနှိပ်စက်မှုများ ပေါ်ပေါက်ခဲ့သည့်နေ့ နှစ်ပတ်လည်နေ့ဖြစ်သည်မို့ ထောင်မှာ

www.burmeseclassic.com



ဝန်ထမ်းတွေကိုပါ အပြင်ပေးမထွက်တော့ဘဲ လုံခြုံရေးအပြည့် ယူနေကျ
သည်။ သည်နှစ်မှာတော့ ထူးဆန်းစွာပင် လူသတ်မှုအပါအဝင် အမှုပေါင်း
များစွာဖြင့် ပြစ်ဒဏ်နှစ်တစ်ရာနီးပါး ကျခံနေရသော အကျဉ်းသားနှစ်ဦး
ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ သည်တိုက်တွေမှာ အစဉ်အလာအရ
ထောင်နှစ်ကြီးသမားများက အစဉ်အဆက် အခန်းတံခါးသံတိုင်တို့ကို နေ့ရှိ
ဆားနှင့် ငံပြာရည်ပက်ကာ ဆွေးအောင် လုပ်ခဲ့သဖြင့် ၁၉၆၀ ပြည့်နှစ်များ
ကတည်းက ဆောက်ထားခဲ့သော တိုက်သံတိုင်များမှာ အမှန်တကယ်ပင်
ဆွေးနေခဲ့ပါသည်။ ထိုအကျဉ်းသားများမှာ ထိုနေ့ မနက်က ထောင်ယာမှ
အလုပ်လုပ်စဉ်ကလည်း ခြေကျင်းတွေကို ထုရိုက်က ချွတ်လွယ်အောင်
လုပ်နှင့်ခဲ့ကြပြီး မနက်သုံးနာရီလောက်မှာမှ ထွက်ပြေးသွားခဲ့ကြခြင်းဖြစ်သည်။
သည်သတင်းကြောင့် တစ်ထောင်လုံး ရှုပ်ယှက်ခတ်သွားတော့သည်။ ကျွန်မ
တို့ကတော့ သည်ပုံဖြင့် ထောင်ဝင်စာမှာ ဆားနှင့်ငံပြာရည်ကို ပေးမသွင်းတော့
လေမလားဟု တွေးနေဖြစ်ကြသည်။ ထောင်မှာက တစ်ခုခုဆို အမိန့်ကို
အားလုံးအတွက် အကျုံးဝင်အောင် ပြန်ထုတ်လိုက်တတ်သည်လေ။ ကျွန်မတို့
အခန်းတွေက သစ်သားတံခါးများမို့ ဆားနှင့်ငံပြာရည် ပက်လို့မရနိုင်။

သို့သော် အများအတွက် အခွင့်အရေးကို မပြောပေးနိုင်သည့် သည်
နေရာမှာ တစ်ယောက်က ပြဿနာတစ်ခု လုပ်လိုက်လျှင် အများကပါ
ထိုပြဿနာ၏ ဆိုးကျိုးကို မျှဝေပေးရ၏။ သည်နေရာမှာ အမျိုးသမီးတိုက်မှာ
သစ်သားတံခါးထားတာ လုံခြုံသည် ထင်ရသော်လည်း တစ်ခါတုန်းက
စိတ်အနည်းငယ်ဖောက်ပြန်နေသော ပြည့်တန်ဆာမှုနှင့်ကျသည့် အမျိုးသမီး
တစ်ယောက်ကို ပြစ်ဒဏ်အဖြစ်သည် တိုက်ခန်းတစ်ခုမှာ ထားခဲ့ရာ သူက
စိတ်ကြီးသလောက် လူသန်ရကား ထိုသစ်သားတံခါးကို ကွဲထွက်သွား
အောင် သူ့ကိုယ်ဖြင့် တွန်းတိုက်ခဲ့ဖူးကြောင်း သိရသလို ပြပြင်ထားသည့်
တံခါးချပ်ကိုလည်း သက်သေအဖြစ် တွေ့ရသည်။ ထိုအမျိုးသမီးက ထောင်
ကို ဝင်ချည်ထွက်ချည်လုပ်လွန်းသဖြင့် ဝန်ထမ်းတကာအကြောင်းလည်း
နောကြေနေကာ သူ့ကို မတရားလုပ်တော့မည်ဟုသိလျှင် ကိုယ်ပေါ်မှ အဝတ်
အစားအားလုံး ချွတ်ချလိုက်ပြီး ရှိသမျှဝန်ထမ်းအားလုံး၏ အတွင်းရေးနှင့်
ငယ်ကျိုးငယ်နာများကို ဖော်ကာ ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်းထွာတတ်သဖြင့်
ဝန်ထမ်းတွေက ဝင်မရိုက်ရဲတော့ဘဲ အော်ကြောလန်ရသူလည်း ဖြစ်သည်။
အမှန်တော့ သည်လိုလူလူချင်း မတရားနှိပ်စက်ညှင်းပန်း အနိုင်ကျင့်ဗိုလ်ကျ




ရှေ့တန်း(ဝဲမှယာ)- ဦးခင်မောင်ဆွေ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးမိုးသူ၊ ကိုမိန်းဝင်း
နောက်တန်း(ဝဲမှယာ)- ကိုဝင်းသိန်း၊ မန္တလေး တာရေးသူ…၊ ကိုထင်ကျော်၊ ကိုဘန်နီ



၁၉၈၈ အောက်တိုဘာ ၃၀ မှ နိုဝင်ဘာ ၁၄ အတွင်း အထက်မြန်မာပြည်
တိုင်း ၅ တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်)တို့သို့ သွားရောက်ခဲ့သည့်ခရီးစဉ်မှ ပုံအချို့
(အလယ်ပိုနှင့် အောက်ပုံ)

www.burmeseclassic.com





၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်က အမေရိကန် ဆီးနိတ်အမတ် ဘီလ်ရစ်ချတ်ဆင်နှင့် နယူးယောက်တိုင်းမ်စ် သတင်းထောက်အပါအဝင် အဖွဲ့က အင်းစိန်အကျဉ်းထောင်တွင် စာရေးသူနှင့် တွေ့ဆုံခဲ့စဉ်

... AND HUMAN RIGHTS

... first appeared on March 9, 1996, there have been a number of developments in the cases and letters we have received

... Ransome-Kuti



... Ransome-Kuti, the 56-year-old ... of the Nigerian Medical ... and a long-time human ... was arrested in July.

**Dr Ma Thida**



*In October, 1993, Dr Ma Thida, a surgeon, writer, and prodemocracy activist, was sentenced to 20 years in the notoriously harsh Insein prison for "endangering public tranquillity, having contact with unlawful organisations, and distributing unlawful literature". She is held in solitary confinement, with little light, and no access to reading material. Since her incarceration, she was diagnosed with tuberculosis and later developed ... Little is known about the medical care she receives, but it is unlikely that she has proper medical attention.*

Ma Thida, whose health is poor, remains in solitary confinement in Insein prison. No-one has been permitted to visit her there since August, 1995.

The Lancet ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သော သတင်း

JANUARY 1994

# Please help! WORLDWIDE APPEALS

**An appeal from you to the authorities can help the victims of human rights violations whose stories are told below.**

**You can help free a prisoner of conscience or stop torture. Your message can bring liberty to a victim of "disappearance". You may prevent an execution.**

**The victims are many, the violations wide-ranging. Every appeal counts.**

## Myanmar

... Thida, a 27-year-old ... doctor and ... short story ... was arrested on 7 ... 1993 and is currently ... a 20-year sentence ... imposed on her on 15 ...

... is prominent among ... country's political opposition and had earlier been ... campaign assistant to ... of conscience Aung San Suu Kyi, Nobel Peace ... laureate and one of the ... of the National ... for Democracy ... Myanmar's main ... party.

... Thida was arrested ... others and held ... incommunicado before being ... to trial on 27 ... on charges of ... public tranquillity, having contact with ... associations and distributing unlawful literature. ... were tried under ... which the authorities have used to suppress peaceful political opposition activity since the military regained control of the country in a coup d'état following months of nationwide pro-democracy demonstrations in 1988. The other ten were given 20 year sentences.

Amnesty International believes that Ma Thida was arrested and imprisoned solely for her non-violent activities within the NLD, a party which was established during the 1988 pro-democracy movement and which enjoys wide public support.

*Please send appeals* in English if possible, urging the immediate and unconditional release of Ma Thida, to: Senior General Than Shwe, Chairman, State Law and Order Restoration Council, c/o Ministry of Defence, Signal Pagoda Road, Yangon, Union of Myanmar.



Ma Thida

## Togo

Attiogbé Stéphane Koudjouson and Gérard Akoumey were sentenced to three years' imprisonment on 10 September 1993 on the basis of "confessions" extracted as a result of torture.

They were arrested on 26 July 1993 and taken to the headquarters of the *Gendarmerie nationale*, a paramilitary police force, where they were tortured. Later on national television, they made statements incriminating themselves in recent bomb attacks in the capital, Lomé.

They were tried in August on charges of "criminal association, destruction of public property and destruction of buildings".


On the basis of their confessions, the prosecution alleged that Attiogbé Stéphane Koudjouson and Gérard Akoumey, who were said to be members of an opposition party, the Democratic Convention of African People (CDPA), had been commissioned to bomb the headquarters of another opposition party, the ... for Renewal, on 26 July.

Defence lawyers ...

... ခုနှစ် သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သော တိုက်တွန်းလွှာ

www.burmeseclassic.com

www.burmeseclassic.com



Write to free prisoners of conscience
Wei Jingsheng/China
Fernando de Araujo/Indonesia
Ven. Phuntsok Nyidron/Tibet
Ma Thida/Burma



Dear General Shwe:

I am writing to express my concern about the conditions for political prisoners in Burma.

According to published materials, Burmese political prisoners are routinely mistreated, tortured, and even denied the basic rights given to criminal prisoners. They are often kept in solitary confinement and are prevented from speaking to prisoners in other cells. Political prisoners are malnourished, denied adequate medical attention, and are forbidden access to reading or writing materials.

I respectfully ask that you work to improve the conditions of all prisoners, and allow the International Committee of the Red Cross full access to the prisons. I also request that you uphold the United Nation's Universal Declaration of Human Rights which guarantees the right to freedom of opinion and expression, by releasing immediately and unconditionally all political prisoners jailed for expressing their dissenting views.

Sincerely,


signature | street address

name | city, state, zip code

အပြည်ပြည်
အဖွဲ့အစည်
အချို့က
လွတ်မြောက်ရေး
တောင်းဆို
လက်မှတ်ရေးထိုး
မြင်ဆင်ပေးခဲ့ကြသည်
များ

Color Magazine အပါအဝင်
ဥရောပရှိ မဂ္ဂဇင်းအချို့တွင်
အောင်မြင်သော စီးပွားရေးလုပ်ငန်းများ၏
ကြော်ငြာများ၌ ယုံကြည်ချက်ကြောင့်
အကျဉ်းကျခံနေရသူများအကြောင်း
ထည့်သွင်းခြင်းအားဖြင့် နိုင်ငံတကာလူထု၏
အာရုံစိုက်မှုရယူနိုင်ကြောင်း
နမူနာတင်ပြခဲ့ရာတွင် အသုံးပြုခဲ့သည့်
စာရေးသူ၏ပုံပါ ကိုကာကိုလာဘူးခွံ



MYANMAR

## MA THIDA: SURGEON AND WRITER SENTENCED TO 20 YEARS IMPRISONMENT

Dr Ma Thida, a surgeon and well-known writer, was arrested in July 1993 together with a number of other members of the National League for Democracy (NLD). Prominent amongst Myanmar's political opposition, she had earlier been a campaign assistant for Daw Aung San Suu Kyi, one of the leaders of the NLD. In October 1993 she was sentenced to 20 years' imprisonment and remains in solitary confinement in Insein Prison, Yangon (Rangoon, the capital), where she has been suffering from health problems.

Between March and September 1988, widespread civil unrest broke out in Myanmar as mass demonstrations were held to call for an end to 26 years of one-party military rule. Although the demonstrations were put down by the army, often violently, the pro-democracy movement grew and demonstrations continued for several months until a final crackdown by the security forces. The army reasserted military control in September 1988 through the newly-formed State Law and Order Restoration Council (SLORC). In May 1990 the NLD won over 80% of the seats in a general election, but the SLORC has refused to accept the result and remains in power today.

Dr Ma Thida and the others arrested with her were held incommunicado before being brought to trial. The first attempt to start the trial had to be postponed because large crowds gathered at the courtroom. The trial finally began on 27 September. Dr Ma Thida and the 10 other defendants were charged with endangering public tranquility under Section 5j of the 1950 Emergency Provisions Act, having contact with unlawful associations under Section 17(1) of the 1908 Unlawful Associations Act, and distributing unlawful literature under Sections 17 and 20 of the 1962 Printers and Publishers Registration Act. Amnesty International believes that the vaguely-worded provisions of these laws have been used to sentence Dr Ma Thida and the others to long terms of imprisonment solely for their peaceful political opposition activities. All defendants were sentenced to 20 years' imprisonment on 15 October 1993.

At the time of her arrest Dr Ma Thida was working at the Muslim Free Hospital in Yangon. She had written many short stories as well as several novels, none of which have been published. Although she was given official permission to publish her latest novel, this has now been banned.

Dr Ma Thida has suffered from poor health since her detention, including digestive problems, tuberculosis and ovarian tumours which may require surgery. Although she is reported to have recovered from tuberculosis, Amnesty International remains concerned that she is not receiving the adequate treatment that she needs - provision of medical treatment in Insein Prison is negligible. She is held in solitary confinement and has no access to reading or writing materials.

Amnesty International ၏ ထုတ်ပြန်ကြေညာချက်

www.burmeseclassic.com

www.burmeseclassic.com





၁၉၉၅ ခုနှစ်
ဩဂုတ်-စက်တင်ဘာက
တရုတ်နိုင်ငံ
ဘေကျင်းမြို့အနီး
ဟွေ့ရိုးတွင် ကျင်းပခဲ့သော
စတုတ္ထအကြိမ်
အပြည်ပြည်ဆိုင်ရာ
အမျိုးသမီးကွန်ဖရင့်
(4 th World Women
Conference) တွင်
ကျင်းပခဲ့သော
မွေးနေ့ရှင်မပါသည့်
တရေးသူ၏
၂၉ နှစ်ပြည့်
မွေးနေ့အခမ်းအနားအား
နိုင်ငံတကာမှ
အမျိုးသမီးအဖွဲ့များက
ရိုးရာအားကစားများ
ဖျော်ဖြေမှုများဖြင့်
တင်ဆက်ခဲ့ကြသည်။

...ပွဲ
...ကြောင်းအရာများကို
...ထားသည့်
...esty
...ational ၏
...င်တစ်ခု


Amnesty INTERNATIONAL
NEWS
Women confront the world





တက်ရောက်လာကြသော
နိုင်ငံတကာအမျိုးသမီးများ၏
မွေးနေ့ဆုတောင်းဝိုင်းစာများထဲမှ
တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၆ ခုနှစ်တွင်
PEN
အပြည်ပြည်ဆိုင်ရာ
စာရေးဆရာအဖွဲ့
Barbara Goldsmith
Freedom-to-Write
Award ဆုရှင်အဖြစ်
စာရေးသူအား
ရွေးချယ်ထားကြောင်း
အကြောင်းကြားစာ



PEN

April 6, 1996

Dear Aung San Suu Kyi,

Greetings to you from New York.

We are delighted to inform you that one of our two 1996 PEN/Barbara Goldsmith Freedom-to-Write award recipients is your former campaign assistant, Ma Thida.


We are honoring her for her courageous work—as a writer, doctor and human rights activist—to further the cause of democracy and free speech in Burma. We are sure that this news will be welcome indeed to all who know and respect her.

The awards will be announced at a press conference on April 23 or 24 and also at our annual literary gala in New York City on April 25. We warmly invite you, if you believe it fitting, to make a congratulatory statement on Ma Thida's being granted this award. We are sure this gesture would bring much needed recognition to Ma Thida's work.

We wish you well and salute your own efforts on behalf of your country.

Sincerely,

Siobhan Dowd
Program Director
Freedom-to-Write Committee




၁၉၉၆ ခုနှစ်တွင်
Reebok Human
Rights Award
ဆုရှင်အဖြစ်
စာရေးသူအကြောင်း
ဖော်ပြထားချက်



The Americ[...]
Association for [...]
Advanceme[...]
Science အ[...]
ဂုဏ်ပြုလွှာ[...]
စာရေးသူကိုယ်[...]
ငယ်သူငယ်[...]
မြင်ကြိုင်ချ[...]
လက်ခံခဲ့[...]

[...]ညီရအဆိုကျော်
[Mi]chael Learns
[...]ပါအဝင် အမေရိကန်လူထုက
[...]စာရေးသူ လွတ်မြောက်ရေးအတွက်
[...]၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်
[...]မွေအခွင့်အရေးနေ့တွင်
[...]ဆောင်းတိုင်မီးဖြင့်
[...]ဒါန်းလမ်းလျှောက်
[...]ဆောင်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၉ ခု...
ဖေဖော်ဝါရီ...
၁၁ ရက်...
အကျဉ်းထောင်...
လွှတ်မြောက်ပြီးနော...
ထောက်လှမ်းရေး...
အမှတ် ၇ ရုံးခန်းတွင်...
မိဘနှစ်ပါး...
တွေ့ဆုံစဉ်



ထို့နောက် ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်စဉ်



...သည့်နေရာမှာ သူက သူသိသမျှ နည်းလမ်းများဖြင့် သူ့ကိုယ်သူ ကာကွယ်...ခြင်းဟုသာ မှတ်ချက်ပြုရသည်။ ထောင်ဆိုသည်မှာ ကိုယ့်လွတ်လပ်မှု...ချင့်အရေးနှင့် ကိုယ့်ကိုကိုယ် စောင့်ရှောက်နိုင်ရေးအတွက် တရားနည်းလမ်း...ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ကိုယ့်ဘာသာ သည်လိုပဲ ရှာကြံနိုင်မှ...ဖြစ်မည်ဟု ရာဇဝတ်အကျဉ်းသားအများစုက ခံယူသွားအောင် တတ်နိုင်သည့်...နေရာမျိုး ဖြစ်လာတော့သည်။

## ...စာမေးပွဲကျခြင်း

သည့်နောက် ဇူလိုင်လ ၁၀ ရက်နေ့မနက်မှာ ဗဟိုထောက်လှမ်းရေးမှ ...ယ်မှူးစိုးညွန့် ပြန်ရောက်လာသည်။ ကျွန်မကို တွေ့တွေ့ချင်း 'မိသားစုက ...သနားခံစာ တင်ထားတယ်ဆို' ဟုဆိုလိုက်သည်။ ကျွန်မ အငိုက်မိသွားပြီ။ ...စိတ်ထဲမှာ ပြာဝေသွားသည်။ ဖေဖေနှင့်မေမေ ကျွန်မကို မတိုင်ပင်ဘဲ ဘာတွေများလုပ်လိုက်ပြီလဲဟု တွေးကာ စိတ်ရှုပ်သွားသည်။ အမှန်တော့ ...ဖေဖေတို့က ဘာဆိုဘာမှမလုပ်ခဲ့။ 'အဲဒါတော့ ကျွန်မ မသိပါဘူး။ လက်ရှိ ကျွန်မက သူတို့ရဲ့အရိပ်အောက်မှာ ရှိနေသေးတဲ့ သားသမီးမို့ သူတို့မှာ ကျွန်မနဲ့ပတ်သက်ပြီး လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိပါတယ်။ ကျွန်မအနေနဲ့ သူတို့ကို ဘာလုပ်ပါလို့ တိုက်တွန်းတာမျိုး၊ ဘာမလုပ်ပါနဲ့လို့ တားဆီးတာမျိုး ...ရှိနိုင်ပါဘူး၊ ဒါပေမဲ့ ကျွန်မဘက်ကတော့ ဘာကတိမှ မပေးနိုင်ဘူးလို့ ပြောပါရစေ'ဟု ချက်ချင်းတုံ့ပြန်လိုက်သည်။ နောက်တစ်ခါ 'ခင်ဗျားက ထောင်ထဲကနေ သံရုံးတွေဆီ စာတွေဘာတွေ လှမ်းပြီး လျှို့ဝှက်ပို့တယ်ဆို။ ထောင်ဝန်ထမ်းတွေကို ပို့ခိုင်းတယ်ဆို'ဟု ကဲလာပြန်သည်။ 'ဖြစ်ရလေ။ ကိုယ့်ဝန်ထမ်းပဲ ကိုယ်ပြန်မေးကြည့်ပါဦး။ အင်းစိန်ဈေးဟိုဘက်မှာ ဘာရှိတယ်ဆိုတာ သိကြရဲ့လားလို့။ ကျွန်မက ထောင်ပိုင်ကို ခိုင်းရင်တောင် အဖြစ်မှ...အောင် သွားပို့ပေးနိုင်ကြမှာမှ မဟုတ်တာ'ဟု ဆတ်ခနဲပြန်ဖြေတော့ သူက ...ရယ်ဟဟပြုသည်။ သည်စကားကို ကျွန်မ လက်လွတ်စပယ် အလွန်အကျွံ ပြောခဲ့ခြင်း မဟုတ်ပါ။ တစ်ခါက ကျွန်မထက် လေး၊ ငါးနှစ်သာငယ်မည့်...ဝန်ထမ်းမလေးက ရှက်ရှက်နှင့် လာပြောပြဖူးသဖြင့် သူ့အဖြစ်ကို သိခဲ့ရသည်။ သူက 'အစ်မရယ် ကျွန်မလေ ရှက်လိုက်တာ။ ဟိုနေ့က ကားဂိတ်အဆင်း...ဆိုပြီး အပြင်ကိုလိုက်သွားရတယ်။ အမှန်ပြောရရင် ကျွန်မ...တော့ ပဲခူးထောင်

www.burmeseclassic.com



ထဲမှာ ကြီးခဲ့ရတာ။ အဖေက ဝန်ထမ်းကိုး။ ရန်ကုန်ကို အလုပ်ကြောင့်ရောက် တာဆိုတော့ သည်အင်းစိန်ထောင်နဲ့ဈေးနဲ့လောက်ပဲ ကောင်းကောင်းရောက်ဖူး တာ။ ဒီတော့ ပျော်ပြီး လမ်းမှာ ငေးသွားတာပေါ့။ တစ်နေ့ရာလည်းရောက် ရော အိမ်ကြီးအကြီးကြီးနဲ့ ဝရန်တာမှာ အဝတ်တွေများကြီးလှန်းထားတာတွေ တော့ ပျော်ပြီး ဘေးက နှစ်ရစ်နဲ့အစ်မကို ပြောမိတယ်။ အစ်မရေ ဒီအိမ်က အဝတ်တွေ အများကြီးလှန်းထားတယ်နော်။ သူဌေးကြီးအိမ် ဖြစ်မှာပဲပေါ့။ ဒီတော့မှ အဲ့ဒီအစ်မက ပြောတယ်။ ဟဲ့… အဲဒါ ဗိုလ်ချုပ်ဈေးဆိုတာပေါ့တဲ့။ လူမှာအကျႌသူက ရယ်လို့။ ကျွန်မလေ ရှက်လိုက်တာ။ ဗိုလ်ချုပ်ဈေးမှန်း တောင် မးသိတဲ့ဘဝ'ဟု ပြောပြခဲ့တာ ဖြစ်သည်။ ကျွန်မပြန်ဖြေပုံကို ကျေနပ် ပုံမရသော်လည်း ထောင်ဝန်ထမ်းတွေအကြောင်း သူလည်း အတန်အသင့် သိထားမှာမို့ ခေါင်းတော့ တညိတ်ညိတ်လုပ်နေသည်။

'တကယ်လို့ ခင်ဗျားလွတ်သွားပြီးရင် ဘာလုပ်မှာလဲ။ ဘာဖြစ်ချင် တာလဲ'ဟု ရစ်လာပြန်သည်။ 'ဆရာဝန်စာရေးဆရာပဲ လုပ်မှာပေါ့။ ရိုးရိုး ဆရာဝန်တော့ မလုပ်ချင်ဘူး'ဟု စကားစစဉ်မှာ သူက နားရွက်တွေ ထောင်ထသွားသည့်ပုံမျိုးနှင့် ခါးဆန့်ကာ ဆက်နားစွင့်သည်။ 'ခွဲစိတ်ဆရာဝန် လုပ်ချင်တယ်။ ခွဲစိတ်အထူးကုဆရာဝန်ဘွဲ့လွန် တက်ချင်တယ်'ဟု ဆိုတော့မှ အကြောတွေပြေသွားသလို ခါးလျော့ပြီး ပြန်ထိုင်လိုက်သည်။ သိပ်တော့ ကျေနပ်သေးပုံမရ။ 'နိုင်ငံရေးရော လုပ်ဦးမှာလား'ဟု အတွန့်တက်ပြန်သည်။ 'အိမ်ရှင်မတစ်ယောက်က မီးဖိုထဲမှာ ထမင်းဟင်းချက်နေတာကိုတောင် နိုင်ငံရေးလို့ ကျွန်မက ခံယူထားတော့ နိုင်ငံရေးလုပ်ဦးမှာလားဆိုတာကို ဘယ်လိုဖြေရမလဲ'ဆိုသည့် ကျွန်မ၏အဖြေကိုကြားတော့ မျက်မှောင်ကြီး ကုတ်နေသည်။ 'ခင်ဗျားရဲ့ နိုင်ငံရေးအိပ်မက် Political Dream က ဘာလဲ'ဟု ကောက်ကာငင်ကာ မေးချလိုက်ပြန်သည်။ 'နိုင်ငံသားကောင်း တစ်ယောက် To be a good citizen ဖြစ်ဖို့ပဲ။ သည့်ထက် ဘာမှမပိုဘူး' ဟု ချက်ချင်းနှင့် လှိုက်လှိုက်လှဲလှဲ ပြန်ဖြေတော့ သူ ကြောင်အမ်းအမ်းဖြစ်သွား ပြီးမှ ပြုံးလိုက်သည်။

နောက်ပိုင်းမှာ ဆံပင်တွေ ညှပ်လိုက်တာ ဘာလို့လဲ စသဖြင့် အရေး မကြီးတာတွေမေးပြီး သူ ပြန်သွားသည်။ ကျွန်မလည်း တိုက်ပြန်ရောက်တော့ မချုးတို့ကို ဖြစ်ကြောင်းကုန်စင် ပြန်ပြောလိုက်သည်။ သို့သော် နောက်တစ်နေ့ မနက်မှာ မနွေ့က အစ်မဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ



လွှတ်ပေးလိုက်ပြီဟု သိလိုက်ရတော့သည်။ သည်တော့မှ ဗေဒင်ဆရာ၏ စကားပြောမဆင်ခြင်လျှင် ထောင်သက်ရှည်မည်ဆိုသည့် ဟောချက်က မှန်တော့မည်ဟု တွေးမိတော့သည်။ မနေ့က ကျွန်မကို ဗိုလ်မှူးစိုးညွန့် သာတွေ့ချိန်မှာပင် အစ်မက သူ့နေအိမ်မှာလွတ်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပဖို့ ပြင်နေချိန်ဖြစ်သည်။ ဖြစ်ရလေဟုသာ တွေးမိရသည်။ ကျွန်မမှာ တော်မျက်စိရှိတာမှမဟုတ်။ အကြားအမြင်လည်းမရ။ အစ်မကို လွှတ်ပေး နိုင်မို့ ကျွန်မကို လာတီးခေါက်တာကိုလည်း မသိခဲ့။ စကားပြော ဆင်ခြင် လိုက်သမှ သူကတောင် ဘာမှမတောင်းဘဲ ကိုယ်ကစပြီး ဘာကတိမှ ပေးနိုင်ဟု အပြတ်ဆိုလွှတ်လိုက်သည်။ နည်းတောင် နည်းသေး။ ထောင်ထဲ မှာ လွတ်လပ်စွာ ပြောရေးဆိုခွင့်ကို အဆုံးရှုံးမခံလိုက်သမှ ကိုယ့်ထောင်သက် ရှည်မည့်အရေးကိုပင် ကြောက်ရကောင်းမှန်းမသိဟု ဆိုရမတတ်။ ထို့ကျွန်မက နောက်မကြာခင်မှာတော့ အကြောက်တရားတစ်ခုကို ရင်ဝယ်ပိုက်လာမိတော့ သည်။

❖

## အကြောက်တရား

### ကိုယ်မပါဘဲ ကျင်းပသည့်မွေးနေ့

အစ်မ နေအိမ်အကျယ်ချုပ်မှ လွတ်သွားပြီးနောက် ကျွန်နိုင်ငံရေး အကျဉ်းသားတွေလည်း လွတ်လိမ့်မည်ဟု မျှော်လင့်ချက်တွေ ထွက်ပေါ်လာ သလောက် ကျွန်မကတော့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးမိပြီးပြီမို့ တယ်ရင်မခုန် တော့။ အရေးကြီးတာက ကျန်းမာရေးပင်။ ဩဂုတ်လထဲမှာတော့ ကျွန်မ ဗိုက်ကျလာသည်။ အအန်လည်း ရပ်သွားသည်။ အမောလည်း သက်သာ သည်။ ဟော်မုန်းကုထုံးကို ရပ်လိုက်ပြီးနောက်မှာ မမွှတာကလည်း ပျောက်သွားပြန်သည်။ သည်လိုနှင့် တီဘီဆေးကလည်း နှစ်မျိုးကိုသာ နောက် ထပ်လေးလ ဆက်သောက်ဖို့ ဆုံးဖြတ်ဖြစ်ကြသည်။ သည်အချိန်မှာ မင်း ကျင်းရတာ ခက်ခဲလာပြီး ဘာသာရေးစာအုပ်တွေဘက် လှည့်လိုက်ကြသည်။ အခုတော့ စာအုပ်တွေက အမြဲလိုလို ရနေသောအရာများ မဟုတ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်လမှာ တစ်ခါ၊ နှစ်ခါလောက်သာ ရတတ်ပြီး ရသမျှကို ကျေလည်အောင် ဖတ်ဖြစ်ခဲ့ကြခြင်း ဖြစ်သည်။ အရေးထဲမှာ စာကလည်း ရေးချင်နေပြန်သည်။ မချူးအကူအညီနှင့် စာရွက်နှင့် ဘောပင်မှင်ချောင်းရအောင် ကြိုးစားရသည်။ ထိုကာလက တက္ကသိုလ်စိန်ရတုကလည်း ရှိနေသည်မို့ ကျွန်မက ဘွဲ့နှင်း သဘင်ခန်းမနှင့် ကျွန်မကြားက အဖြစ်အပျက်တွေကို ရေးချင်နေမိသည်။ နောက်ဆုံးမှာတော့ ခိုးရေးလိုက်နိုင်ပြီး 'ကံ့ကော်ရတုသို့'ဟု အမည်တပ်ဖြစ် သည်။ မချူးမှတစ်ဆင့်ပင် အပြင်ကို ထုတ်ပြီး အိမ်မှာသေချာသိမ်းပေးထား ဖို့ မှာရသည်။ သည်လိုနှင့် ဘာသာရေးစာအုပ်များနှင့်အတူ အင်္ဂလိပ် မြန်မာအဘိဓာန်ကို ပြန်မထုတ်ဘဲ မချူးက သိမ်းထားလိုက်သည်။ သည် ကြားထဲ ရှာဖွေရေးတွေ လာသေးသော်လည်း မချူးက မိလ္လာအိုးထဲမှာ ဖွက်တာမျိုး လုပ်နိုင်သဖြင့် လွတ်သွားခဲ့သည်။ မဂ္ဂဇင်းတချို့ကိုလည်း သဘောကျလျှင် ပြန်မထုတ်ပေးဘဲ သိမ်းထားလိုက်ဖြစ်သည်။

သည်လိုနှင့် စက်တင်ဘာလဆန်းမှာ ထောင်ဝင်စာထွက်တော့ ဖေဖေ မှ သူ့လမ်းလျှောက်မိတ်ဆွေတစ်ဦးက ခင်ဗျားသမီး တရုတ်ပြည်သွားနေတယ် ဆိုဟု မေးတာခံရကြောင်း၊ သူက မဟုတ်ကြောင်း၊ ထောင်ကျနေကြောင်း ပြန်ပြောဖြစ်သည်ဟု ပြောလာသည်။ ကျွန်မတို့မိသားစုလည်း ကြံကြံဖန်ဖန် ဟု ရယ်ဖြစ်ကြသည်။ သို့သော် ထောင်ဝင်စာအပြီး နောက်တစ်ပတ် မချူး ထောင်ဝင်စာမှာမှ သတင်းက တစ်မျိုးဖြစ်သွားသည်။ တရုတ်ပြည် ဘေဂျင်း မှာ စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ကျင်းပရာတွင် ကျွန်မ၏ ၅၀ နှစ်မြောက်မွေးနေ့ကို ကျင်းပပေးခဲ့ကြသတဲ့။ ကျွန်မမှာ ယုံအခက် မယုံအခက်။ ဝမ်းသာဝမ်းနည်းနှင့်။ သည့်ထက်ပိုပြီးလည်း ဘာမှမသိ။ ဖေဖေ၊ မေမေတို့လည်း သည်လောက်ပဲ ကြားသည်။ ပြန်လွတ်ပြီးနောက်မှ ထိုနေ့က မွေးနေ့ပွဲကျင်းပရာမှာ တရုတ်အစိုးရက မွေးနေ့ကိတ်ကို ပေးမှာတာ မျိုး တားမြစ်ဖို့ ကြိုးပမ်းခဲ့ဖူးသေးကြောင်း ကြားသိရသကဲ့သို့ အပြည်ပြည် ဆိုင်ရာမှ တက်လာသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ အမျိုးသမီး ကိုယ်စားလှယ်များ၏ မွေးနေ့ဆုတောင်းများ ရေးထားသည့် စက္ကူချပ်ကြီး သုံးချပ်ကို လက်ခံရရှိခဲ့သည်။ မြန်မာနိုင်ငံက ထိုညီလာခံသို့ အမျိုးသားတွေ ချည်း သွားတက်ခဲ့ကြောင်းတော့ ကြားခဲ့ရသည်တဲ့။ ငိုအားထက် ရယ်အား သန်။ အမျိုးသမီးညီလာခံကို အမျိုးသားတွေချည်း စေလွှတ်လိုက်သည့် မြန်မာနိုင်ငံ။ မှတ်ကရော။ ကျွန်မက ကမ္ဘာကြီးအကြောင်း တွေးစပြုလာ



သည်။ ဆယ့်နှစ်ပေပတ်လည် အခန်းကျဉ်းတစ်ခု၏ ခရမ်းချဉ်သီးရောင် အလင်းတတ်အောက်မှာ ကျွန်မငုတ်တုတ်ထိုင်နေချိန်တွင် ကမ္ဘာကြီးက ကျွန်မ ၏မွေးနေ့ကို ကျွန်မမပါဘဲ ကျင်းပပေးသတဲ့။ ကျွန်မကို မေ့မသွားခဲ့ကြဘူး ပေါ့။ ပီတိနှင့် ကြေကွဲမှုတို့က ခွေးရောယှက်တင်။ ရင်ထဲမှာ ပိုခိုင်မာလာသည် က သည်လိုထောင်ထဲ ရောက်နေရသည့်အတွက် ဘဝသည် မည်သို့မျှ အချည်းအနှီး ဖြစ်မသွားခြင်းပင်။

## နိုင်ငံခြားသားအကျဉ်းသူ

သည်ကြားမှာ ထိုင်းသူလေးတစ်ယောက် အနောက်တိုက်ကို ရောက် လာသည်။ နာမည်က ပန်။ အဖေ ဗမာ၊ အမေ ထိုင်းဖြစ်ပြီး သူ့အဖေက သတ်စ်ပို့မပါဘဲ နယ်စပ်ကိုဖြတ်ကာ မော်လမြိုင်ကို ဘုရားဖူးခေါ်လာပြီး မော်လမြိုင်မှာ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် အဖမ်းခံရတော့သည်။ အသက် က ဆယ့်ခြောက်နှစ်မပြည့်တပြည့်။ ထောင်ခြောက်လကျသွားပြီး မိတ္ထီလာ ထောင်မှာ ငါးလနေခဲ့ကာ ထိုင်းပြန်မပို့ခင် ရန်ကုန်ကိုခေါ်လာရာ ကျွန်မ အခန်းဘေးမှာ လာထားသည်။ မိတ္ထီလာထောင်မှာ ရေရှားပါးသဖြင့် သူ့ တစ်ကိုယ်လုံးမှာ ဝဲတွေ မြင်မကောင်း။ သည်လိုနှင့် ကျွန်မက သူ့ကို ရေချိုးပေးရ၊ အနာဆေးထည့်ပေးရနှင့် ရှုပ်တော့သည်။ သူ့လက်မှာ ဝဲတွေက အရည်တရွှဲရွှဲမို့ သူ့ဘာသာ ရေချိုးလျှင် တစ်ကန်လုံး ပိုးဝင်ကာ သူများတွေပါ ကူးမှာစိုးသဖြင့် ကျွန်မက သူ့အတွက် အကုန်လုပ်ပေးရသည်။ အစားအစာမှာလည်း သူက စပ်စပ်မှ စပ်စပ်ဖြစ်နေသည်။ သူ့အနာတွေကို ဆေးထည့်ပေးတာ သက်သာလာမှန်းသိတော့ ကျွန်မကို ဒီမှာမနေနှင့်၊ လွတ် လျှင် ထိုင်းမှာလာနေ သူ့ဌေးဖြစ်မည်ဟု ဆိုသည်။ မိတ္ထီလာမှာ မြန်မာစကား ကို အနည်းအကျဉ်းတတ်ခဲ့ကာ ညနေတိုင်မှာ 'မမချူး ဆိုကောင်းကောင်း'ဟု သီချင်းတောင်းတတ်သည်။ သူ့ အကြိုက်ဆုံးသီချင်းက 'တစ်မြို့သီခြားစေ မယ့်…' အစချီသည့် မြန်မာသံတေးဖြစ်ပြီး မချူးဆိုကနေ ထိုသီချင်းကို သင်လိုက်သေးသည်။ သူ့ထံမှ ကျွန်မက ယိုးဒယားစာကို သင်ဖြစ်သည်။ သူ ရောက်ပြီး တစ်ပတ်လောက်မှာ နောက်ထပ်ယိုးဒယားသူတစ်ယောက် ညနေတန်းပိတ်ပြီးမှ ရောက်လာတော့ ကျွန်မက သန့်ရှင်းရေးတစ်ယောက်နှင့် အသစ်ကလေးမအတွက် စားစရာကို လက်ဆင့်ကမ်းသည်။ သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မအခန်းနံရံကို ခေါက်လာသည်။ ကျွန်မအခန်းနှင့် သူတို့အခန်းမှ တံခါးနှစ်ချပ်မှာ ကပ်လျက်ဖြစ်သဖြင့် စကားတိုးတိုးပြောလျှင် ရသည်။ တံခါးနားကပ်သွားတော့ 'မမ ပန့်ကို ချစ်လား၊ သူ့ကိုချစ်လား၊ ပြော ဒီအစားတွေကို သူ့ကိုကျွေးပေးမယ်' ဟု ဆိုလာရာ ကျွန်မမှာ ရယ်မောကြည့်ရသေးသည်။ သူ့ကို ကြီးလာရင် ဘာလုပ်မှာလဲဟုမေးလျှင် မစ်စထိုင်းလန် Miss Thailand လုပ်မယ်ဟု ဖြေတတ်သည်။ နှာခေါင်းပြားပြားလေးနှင့် သူက ချစ်စရာလေး။ ဖူးခက်သူဖြစ်ပြီး ရွှေတိဂုံဘုရားကို အလွန်ဖူးချင်နေသူ ကျွန်မတို့က သူ လွှတ်သည့်နေ့မှာ လေယာဉ်ဖြင့် ချက်ချင်းပြန်အပို့ခံရမှာ လေယာဉ်ပေါ်ကနေသာ ရွှေတိဂုံကို မှန်းဖူးပေတော့ဟု ပြောရသည်။ မြန်မာ ထဘီကိုလည်း အလွန်ဝတ်ချင်သည်။ သူ မပြန်ခင်မှာတင် ကျွန်မတို့ ဝဲတွေကူးတော့ သူ စိတ်မကောင်း။ သို့သော် သူ့အနာတွေ လုံးဝကောင်းနေပြီ သူက ကျွန်မကို ပြန်စနောက်နေခဲ့သည်။

သည်အနာတွေ ဆေးထည့်ပေးသည့်ကိစ္စမှာလည်း ကျွန်မက ဆေးတွေကို အိမ်မှ ပို့မှာထားကာ တာဝန်ကျဝန်ထမ်း သဘောကောင်းလျှင် ကောင်းသလို ကိုယ့်ဆေးကိုယ်ပေးကာ ဆေးကုသည့်အလုပ်ကို လုပ်ဖြစ်သေးသည်။ အထူးသဖြင့် တိုက်သန့်ရှင်းရေးလေးတွေမှာ ပြည့်တန်ဆာမှု၊ ခိုးမှုများဖြင့် ရောက်လာကြကာ မိသားစုရယ်လို့လည်း မရှိကြသဖြင့် စားစရာပင် အနိုင်နိုင်။ လဲစရာအဝတ်ပို မပါသည့်အတွက် ရေမချိုးဘဲနေသည့် ကလေးတွေက ရှိသေးသည်။ သည်အခါမှာ ကျွန်မတို့အားလုံးက အစားနှင့် ဝတ်စရာကို မျှရသည်။ ကျွန်မကတော့ ဆေးရော ကုသမှုပါ ဒါနပြုဖြစ်သည်။ ဆေးရုံသုံးလက်အိတ်မရှိသဖြင့် ကြွပ်ကြွပ်အိတ်ကို လက်အိတ်သဘော အသုံးချကာ သူတို့၏အကြောင်းကြောင့်များကြောင့် ရထားသော အနာမျိုးစုံကို အရက်ပျံ၊ Eusol ယူဆောလ်တို့နှင့် စိတ်တိုင်းကျသန့်ရှင်းပေးကာ ပြီးတော့ လိုအပ်မည့်ဆေးကို ထည့်ပေးရသည်။ အစာလည်းပေး၊ အဝတ်လည်းဆင် ဆေးကိုလည်း ကိုယ်တိုင်မရွံ့မရှာ ကုပေးသည့်အတွက် သူတို့လေးတွေက မျက်ရည်လည်ရွဲ ကျေးဇူးတင်ကြသည်။ တစ်ယောက်ကတော့ သူ့ဘဝမှာ မည်သူတစ်ဦးတစ်ယောက်ထံမှ ယခုကဲ့သို့ ခြေဆုပ်လက်နယ် ပြုစုပေးခြင်းမျိုး ကို မခံစားဖူးပါဟု ပြောပြီး ပီတိမျက်ရည်တွေ ကျသည်။ ဘေးမှာအုံကြည့် နေတတ်သည့် အခြားအမှုများနှင့် အမျိုးသမီးအချို့ကလည်း သည်လိုအမှုမျိုး တွေနှင့် ကျလာပြီး ဘာရောဂါတွေရှိနေမှန်း သေချာမသိနိုင်သည့် သည်လို



လူမျိုးတွေအပေါ် သည်လောက်ပြုစုကုသနေတာကို သူတို့မျက်စိနှင့် တွေ့နေရသည့်တိုင် မယုံပါ၊ သူတို့ဘဝမှာ သည်လိုဆရာဝန်မျိုး မတွေ့ခဲ့ဖူးဘူးဟု ဆိုကြသည်။ ကျွန်မတို့လူမျိုးတွေကြားမှာ ဆေးပညာသည်များ၏ အခန်းကဏ္ဍသည် မည်မျှကျဉ်းမြောင်းခဲ့ကြောင်း တွေးမိပြီး ကျွန်မလည်း စိတ်မကောင်း။ ကိုယ့်တိုင်းပြည်မှာ ဆေးကုသမှု မခံယူလိုက်ရဘဲ ကွယ်လွန်သွားသူတွေ ဒုနှင့်ဒေး ရှိခဲ့မည်ဟု တွေးပြီး ဆို့တက်လာသည်။

## အံ့ဖွယ်ဆေးကုသမှုများ

မကြာသေးမီတွင် ကျွန်မတို့တိုက်က ဒေါ်အုန်းမြ အသားဝါလာသည်။ သူ့အသက်အရွယ်နှင့် ထောင်ထဲမှာလည်း ဖြစ်သည်မို့ အသည်းရောင် အသားဝါပိုး ကူးစက်တာမျိုးမဖြစ်လျှင် သည်းခြေအိတ် ကျောက်တည်တာ မျိုးလားဟု ကျွန်မက စိတ်ပူသည်။ သူက ဗိုက်လည်းအောင့်သည်မို့ ရောဂါ အဖြေသိရအောင် အာလ်ထရာဆောင်းရိုက်တာမျိုး ခံယူစေချင်သည်။ သို့သော် ဘာဝန်ရှိဆရာဝန်မကြီးက အသည်းကြီးနေလားသိရအောင် ရင်ဘတ်ဓာတ်မှန် ရိုက်ပြီး ဓာတ်မှန်ထဲမှာ အသည်းရှိသည့် ညာဘက်ရင်ခေါင်းက အမြွှေးပါး မြင့်တက် နေမနေ ကြည့်မည်ဟု ဆုံးဖြတ်သည်။ ကျွန်မက အသည်းမြင့်မမြင့် သည် ကိုယ့်လက်ဖြင့်ကိုယ် စမ်းသပ်အဖြေထုတ်နိုင်သည့် ကိစ္စဖြစ်ပြီး သည်းခြေကျောက်အချို့မှာတော့ အာလ်ထရာဆောင်းနှင့်မှ မြင်နိုင်သည်၊ ဓာတ်မှန်နှင့် မမြင်နိုင်ဆိုတာ သိထားသဖြင့် သည်လိုလူနာကို ရင်ဘတ် ဓာတ်မှန်ပဲ ရိုက်မည်ဟု ဆုံးဖြတ်ခြင်းအပေါ် ဘဝင်မကျ။ သည်ကိစ္စမှာ ဆေးကုသထုံး ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပြဿနာသက်သက်မဟုတ်ဘဲ အာလ် ထရာဆောင်းက ထောင်ဆေးရုံမှာ မရှိသည်မို့ သည်စမ်းသပ်မှုအတွက် အဆင့်ဆင့်စာတင်ရမှာကို မလုပ်လိုခြင်းလည်း ပါနေကြောင်း ရိပ်မိ သည့်ကျွန်မက စိတ်မကောင်း။ သည်ကုသမှုထဲ ဝင်ပါဖို့ ကြိုးစားသော်လည်း ရှိကမှ ကိုယ့်ကို အဆင်မပြေဖြစ်ထားသည့်အတွက် မအောင်မြင်။ နောက် တော့လည်း ဒေါ်အုန်းမြ သက်သာလာကာ ပြီးသွားသည်။

သို့သော် တချို့ကိစ္စတွေ ပြီးသွားပုံကို ကြားရတာ စိတ်မချမ်းသာစရာ။ အချုပ်ဆောင်မှာ ဆေးမှူးအဖြစ်ခန့်ထားသူက ကျောင်းဆရာမလေးပင်း လိမ် သည်မှုပုဒ်မဖြင့် အချုပ်ကျနေသူ။ ငွေကြေးတတ်နိုင်သဖြင့် လိုင်းဝင်ကာ

www.burmeseclassic.com



ဆေးမှုဖြစ်လာသည်။ ညရေးညတာ အဆောင်မှာ တစ်ယောက်ယောက် တစ်ခုခုဖြစ်လျှင် သူက အရင်ဆုံးဖြေရှင်းပေးခွင့်ရှိသူ။ တစ်ညတော့ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် အမောဖောက်လာသည်။ သည်တော့ သူက တတ်သလောက်မှတ်သလောက်ဖြင့် သွေးခုန်နှုန်းကို တိုင်းသည်။ သွေးခုန်နှုန်း အရမ်းမြန်နေသည်ဟုဆိုကာ နှလုံးခုန်နှုန်းကျစေသည့်ဆေး Propranolol 40 mg ကို လေးလုံးတိုက်ချလိုက်သည်။ မိနစ်ပိုင်းအတွင်းမှာ ထိုကိုယ်ဝန်ဆောင် ကွယ်လွန်သွားသည်။ သို့သော် ထိုကိုယ်ဝန်ဆောင်မှာ သာမင်ညောင်ညအမှုမျိုးဖြင့်ရောက်လာသည့် လမ်းဘေးနေသူမို့ မည်သူမျှ မည်သို့မျှအစစ်အဆေး အမေးအမြန်းမခံလိုက်ရဘဲ ပြီးသွားသည်။ သည်ဖြစ်ရပ်ကို အချိန်အတော်လွန်မှ ကြားရတော့လည်း ကိုယ့်တိုင်းကိုယ့်ပြည်မှာ ပေါ်စေလိုလို့ ကြောင်းရုပ်ထိုးကာမှ ဆေးအတွက်လေး ဆိုသကဲ့သို့ ဆေးကုသမှုကိုခံယူလိုက်ရသည့်တိုင် လွဲမှားဆိုးရွားသော ဆေးကုသမှုမျိုးဖြစ်နေသဖြင့် အသက်ပါဆုံးခဲ့ရသည့် သည်လိုဖြစ်ရပ်တွေ ဘယ်မျှများပြားနေသနည်းဟု တွေးမိပြီး စိတ်မကောင်း။ သည်အမှုမျိုးက အာဏာပိုင်နှင့် တိုက်ရိုက်ပတ်သက်တာမျိုး မဟုတ်။ လူတစ်ယောက်ချင်းစီ၏ တာဝန်သိမှု၊ တာဝန်ယူတတ်မှု၊ တာဝန်ကျေပွန်နိုင်အောင် ပြင်ဆင်ကြိုးစားတတ်မှုတွေ မည်မျှအရေးကြီးသည်ဆိုသည်ကို ဆက်တွေးဖြစ်တော့သည်။ သည့်ထက်လည်း ကိုယ့်မှာ ဘာမှ မတတ်နိုင်။

သည်နေရာမှာ ကိုယ်တတ်နိုင်တာ ကိုယ်လုပ်သည့်အနေဖြင့် ခွဲစိတ်မှုတချို့ကို စိတ်မှာပြန်မြင်ယောင်ပြီး စိတ်ထဲမှာပင် ခွဲစိတ်မှု အဆင့်များအား တစ်ဆင့်ချင်းဆောင်ရွက်တာမျိုးကိုလည်း ထောင်က ရောက်စမှသည် လွတ်သွားသည်ထိ ကြိုကြားကြိုကြား လုပ်ဖြစ်ပါသေးသည်။ ထောင်ရောက်ပြီး မကြာမီမှာ ကိုယ့်အကြောင်းကိုယ် သိလာရသည်ကတော့ ဆရာဝန်အလုပ်၊ ခွဲစိတ်ကုသပေးရသည့် အလုပ်နှင့် လူနာကို ဆက်ဆံရသည့်အလုပ်ကို နှစ်နှစ်ကာကာကြီး သဘောကျပြီး လွမ်းဆွတ်တမ်းတနေမိခြင်းပင်။ 'ခွဲစိတ်ဓား' ကို လွမ်းသဖြင့် ခိုးသွင်းပြီး သိမ်းထားသော ခဲတံချွန်သည့် ဓားလေးဖြင့် ရတောင်ရခဲ ရလာတတ်သော ကြက်သွန်နီ၊ ဂေါ်ဖီထုပ်လို အသီးအရွက်များကိုဖြစ်စေ အိမ်ကပေးသည့် အသားပြုတ်ကြော်များကိုဖြစ်စေ အသုပ်လုပ်စားရန် လှီးရှုတ်ရသည့်အခါမျိုးမှာ စိတ်ရှည်လက်ရှည် စိမ်ပြေနပြေ လှီးနေတတ်သည်။ ထို့အတူ သားရေကွင်းကိုဖြတ်ပြီးဖြစ်စေ၊ အဝတ်ကြိုးစတချို့ဖြင့်ဖြစ်စေ ခွဲစိတ်



အတွင်းချည်သော ထုံးသော ကြိုးချည် ကြိုးထုံးနည်းများကိုလည်း အခါအားလျော်စွာ လေ့ကျင့်နေဖြစ်သည်။ ခွဲစိတ်မှုအဆင့်ဆင့်ကို မြင်ယောင်ပြီး စိတ်ထဲမှာ အဆင့်ဆင့်ခွဲနေရချိန်များတွင် ကိုယ့်နားမှာ ဆေးရုံက ခွဲခန်းရနံ့တွေပါ လှိုင်လာသလို မှတ်ထင်နေဖြစ်သည်။ ကျွန်မ အလုပ်လုပ်ခဲ့သော ခွဲစိတ်ခန်းမှာ လူနာကို အားပေးသံ၊ အချင်းချင်း စနောက်ပြစ်တင်ဝေဖန်နှိမ့်ချောက်အားပေးသံတွေနှင့် အမြဲလိုလို ဆူညံနေရာ ထည်အသံတွေကိုလည်း ပြန်ကြားယောင်နေမိသည်။ ပြင်ပလူနာဌာနမှ လူနာတွေနှင့် စကားပြောရသည့် အတွေ့အကြုံကလည်း အာရုံထဲမှာ မကြာမကြာ ပေါ်လာတတ်သည်။ အမှန်တော့ ဆရာဝန်ဘဝကို ကိုယ်တိုင်ရွေးချယ်ထားခဲ့သည့်အတွက်လည်း မည်သည့်နေရာရောက်ရောက် ဆရာဝန်စိတ်ကို ဖျောက်မရခဲ့။ နောင်မှာလည်း သည်ဘဝကို စွန့်လွှတ်မှာ မဟုတ်သဖြင့် ထိုကဲ့သို့ စိတ်ထဲမှာ ခွဲစိတ်ခြင်း၊ ဆေးကုသခြင်းတို့ကို ထောင်သက်တမ်းတစ်လျှောက် အဖန်ဖန်ပြုလုပ်ဖြစ်ခဲ့ပါသည်။

## ဆုံးနိုင်သော ရင်ဆိုင်မှုတွေ

ထိုအချိန်က အပြင်မှာ အစ်မဒေါ်အောင်ဆန်းစုကြည်ကို ကုလသမဂ္ဂ ချိန်ရာ အမေရိကအမြဲတမ်းကိုယ်စားလှယ် မက်ဒလင်းအောဘရိုက်က တွေ့သည်။ စစ်အစိုးရခေါင်းဆောင်များနှင့်လည်း တွေ့သွားသည်။ ဆောင်မှာ ထုံးစံအတိုင်း မျှော်လင့်ချက်တွေ ဝေသီလာပြန်သည်။ သို့သော် ရက်ပြီးတစ်ရက်သာ ကုန်လွန်သွားသည်။ မည်သည့်လွတ်ငြိမ်းချမ်းသာ အမိန့်မှ ရောက်မလာ။ တပ်မတော်ရွေးရတုတုန်းက လွတ်ငြိမ်းချမ်းသာ နှင့် ပါသွားသူတွေ နောက်မှာ မည်သူမျှ ထပ်မလွတ်တော့။ ထို့နောက် တင်းဝါလလည်း ကျွတ်ခဲ့ပြီ။ ကျွန်မတို့တိုက်ကလည်း နှစ်ဆန်းမှာ တာဖျူးဝင်ထားသော အဘွားပင် ထောင်ကနေ ကျွတ်လွတ်မသွားသေး။ တိုက်လုံးလူက ပိုနေမြဲ ကျားနေမြဲ။ ထိုနှစ်က ကျွန်မတို့တွေ အခန်းပြတင်းပေါက်ကို ခြင်ထောင်ဇာစအပါးနှင့် လိုက်ကာသဘောမျိုး လုပ်ကြသည်။ ဆောင်မှာ ခြင်ထောင် ထောင်ခွင့်မရှိသဖြင့် ခြင်ဒဏ်ကို ညတိုင်မှာ အလူးခံရသည်။ သည်တော့ ရေတံခါးက သံဇကာကွက်မှာလည်း ခြင်ထောင်အပါးလေးကို ကာထားလိုက်ကြသည်။ သံဇကာကွက်တွေမှာ ထိုးထည့်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အရှင်ကာကြတာဖြစ်ပြီး ညအိပ်ချိန်တွေမှာသာ ကာကြကာ ခြင်ထောင်တွေ လှမ်းကြည့်လျှင် အားလုံးကို မြင်နေရပါသည်။ သည်တော့ ဝန်ထမ်းတွေက လည်း သိပ်မပြောတော့။ သည်အနေအထားကြောင့်လည်း ကျွန်မတို့ မချူးကို စာခိုးဖတ်ရတာ ပိုပြီးအဆင်ပြေနေခဲ့သည်။ အမျိုးသားဆောင်တွေလောက် အဆင်မချောသော်လည်း ကိုယ့်ဘာသာကိုယ်တော့ အဆင်ပြေနေသည်ပင်။ သည်နောက်ပိုင်းမှာ ကျွန်မနှင့်မချူးက ခါတိုင်းထက်ပိုပြီး သတိထားခဲ့ရသည်။ ဆရာဝန်မ ပြဿနာနှင့်ပတ်သက်ပြီး ကျွန်မကပဲ လူဆိုးလိုလို ဖြစ်နေခဲ့သည် ကိုး။

သည်ကြားထဲမှာ ဓာတ်ဗူးပြဿနာလေးကလည်း ရှိသေးသည်။ ကျွန်မဗိုက်သိပ်အောင့်သည့်အတွက်ရော၊ ကျန်းမာရေးအခြေအနေ ဆိုးလာသည့်အတွက်ပါ ဓာတ်ဗူးတစ်လုံးထားခွင့်ကို တင်ပြရာ ခွင့်ပြုချက်ကျလာသည်။ ဖြစ်ချင်တော့ အိမ်က ဓာတ်ဗူးပို့လာသည့်အခါ ဝန်ထမ်းမတွေက ဓာတ်ဗူးကို ကျွန်မအခန်းထဲမှာ သိမ်းခွင့်မပေးနိုင်ဟု ဆိုလာတော့သည်။ သည်တော့ အသွားတို့အခန်းမှာ ဓာတ်ဗူးကို သိမ်းနေကျဖြစ်ပြီး ကျွန်မက မသိမ်းရဆိုလျှင် ဓာတ်ဗူးရှိသည့် နေရာမှာပဲ ကျွန်မ လိုက်နေတော့မည် အခန်းထဲ ပြန်မဝင်နိုင်ဟု တင်းခံလိုက်မှ ကိုယ့်အခန်းထဲမှာ သိမ်းခွင့်ရသွားသည်။ အမှန်တော့ ထိုအချိန်မှာ ထောင်မှူးမအသစ်တစ်ယောက် ရောက်လာခဲ့ပြီး သူက အလွန်ကို လူသားဆန်ကာ သူ့လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမလုပ်သူ၊ တာဝန်ယူတတ်သူတစ်ဦးမို့ သည်ကိစ္စမှာ သူ့ဘက်က တာဝန်ယူကာ ကူညီပြောဆိုပေးခဲ့သည့်အတွက်လည်း ပြဿနာက အတော်ကြီးအဆင်ချောမောသွားသည်။ ကျွန်မမှာလည်း သည်လို အကျဉ်းဦးစီးအရာရှိမျိုးနှင့် တွေ့ရတာ စိတ်အချမ်းသာကြီး ချမ်းသာရသည်။ သို့သော် သူက အကျဉ်းသူတွေကို ကိုင်တွယ်တာ ပျော့ညံ့သည်ဟု အထင်ခံခဲ့ရသည်။ ထိုထောင်မှူးမ ဒေါ်ခင်ခင်ဝင်းက အားလုံးအပေါ် စည်းမျဉ်းများ တစ်ပြေးညီရေးကို ဦးတည်သော်လည်း အမှန်တော့ အကျဉ်းသူများမှာ ရောဂါအရရော၊ အခြားအနေအထားများအရပါ တန်းတူမဟုတ်သဖြင့် ခုလိုဖြေရှင်းလျှင် ရေရှည်မှာ အဆင်မပြေဟု အချို့က မြင်ကြသည်။



သံဝေဂ ၁၉

ထို့ကြောင့် 'တန်းတူအခွင့်အရေး' အတွက် စကားပြောရသည့်အခါ များမှာ ထောင်ဝန်ထမ်းတွေကရော ကိုယ့်ထက်အလျင် အခွင့်အရေးရရှိထားသူများကပါ သူတို့အား မနာလိုသဖြင့် ကြေညီယှဉ်ပြိုင် အန်တုခြေရာတိုင်းခြင်းဟု ယူဆတတ်သည့်အတွက် အတော်ကြီး စိတ်အနှောင့်အယှက် ဖြစ်ရသည်။ သူတို့၏ မနောကို စောကြောရင်း ကျွန်မ ပန်းစပြုလာသည်။ ကိုယ်ခန္ဓာ ဒဏ်နာအနာတရတွေက သက်သာရုံရှိသေးသည်။ စိတ်ထဲမှာ တွေဝေစပြုလာသည်။ ထောင်မှာ နေရသည့်အတွက် ဘဝမှာ အရှုံးအနိုးမဟုတ်ဆိုတာ သေချာရဲ့လား။ တွေးစပြုလာသည်။ ပညာမဲ့ထောင်ဝန်ထမ်းနှင့် အကျဉ်းသားတွေ၏ ဟီနမာန်အပြည့် ကြမ်းတမ်းသော လူ့ဘီလူးစရိုက်မျိုးတွေ၊ ပညာတတ်အကျဉ်းသားအချို့၏ ပဋ္ဌလက်ညာဉ်အပြည့် ခေါင်းဆယ်လုံးဆောင်းထားသော လူ့ဘီလူးစရိုက်မျိုးတွေ၊ ကိုလိုနီခေတ်ထောင် လက်စွဲကိုသာ လိုသလိုအသုံးချနေဆဲ မြန်မာ့အကျဉ်းထောင်စနစ် စသည့် စာရေးသားမည့် ဓာတ်ကြောင်းနှင့် ဓာတ်ကောင်တွေကို အရှင်လတ်လတ် တွေ့လာခွင့်ရခြင်း၏တန်ဖိုးသည် အမှန်တကယ်ရော မည်မျှအဖိုးထိုက်တန်နေမည်နည်း။ 'လွတ်လပ်စွာ ပြောရေးဆိုခွင့်' ကို အဆုံးရှုံးမခံနေနေသော ကျွန်မအတွက် အခြားသော လွတ်လပ်မှုတန်ဖိုးတွေကို ဆုံးရှုံးခံပြီး ရှင်သန်နေရခြင်းမှာ မည်သည့်ပန်းတိုင်တွင် အဆုံးသတ်မည်လဲ။ နောက် ဆယ့်ရှစ်နှစ်ထိ စောင့်စရာမလိုဘဲ ထောင်က လွတ်မြောက်ရေးကို 'ဒီမိုကရေစီ' ဟူ၍ မျှော်လင့်နေသည်ဆိုသည့် ပန်းတိုင်ပဲလား။ သည့်ထက် ကျွန်မ ဘာဆိုဘာမှ မတတ်နိုင်တော့ဘူးလား။ သည်နံရံလေးဘက်ကြားကနေ လွတ်မြောက်သွားဖို့။ သည်ခါးသီးစရာ ဝေဒနာအနာတရတွေကနေ လွတ်မြောက်သွားဖို့။ သည်စိတ်ပျက်စရာ လူ့စရိုက်သဘာဝတွေကနေ လွတ်မြောက်သွားဖို့ ကျွန်မ တတ်နိုင်တာ ဘာဆိုဘာမှ မရှိတော့ဘူးလား။

ထိုအတွေးများနှင့် ကျွန်မ ငေးငူစပြုချိန်မှာ ချောက်ချားစရာသတင်းတစ်ခု ရောက်လာသည်။ မှတ်မှတ်ရရ နိုဝင်ဘာလကုန်ပိုင်း။ အမျိုးသားဆောင်တိုက်တန်းတွေဘက်မှာ သတင်းရသဖြင့် ရှာဖွေရေးကို အကြီးအကျယ်လုပ်နေကြသည်။ တိုက်ခန်းတွင်း သံမံတလင်းများကိုပင် မြေကြီးရှာပြီး ဆိုက်ပုံးကအစ မချန်တဲ့။ သည်သတင်းကြောင့် မချူးနှင့် ကျွန်မ အတော်

www.burmeseclassic.com

www.burmeseclassic.com



လေးထိတ်ထိတ်ပျာပျာ ဖြစ်ကြရသည်။ ကျွန်မတို့လက်ထဲမှာ စာအုပ်အချို့ ရှိနေသည်လေ။ ရှာဖွေရေး က အချိန်မရွေး ကျွန်မတို့ဆီ ရောက်လာနိုင်သဖြင့် အချိန်ဆွဲဖို့ မသင့်။ ကျွန်မတို့က အသံတိတ်၊ အနံ့မထွက်၊ အကောင်အထည် မမြင်ရဘဲ သည်စာအုပ်တွေကို ဖျက်ဆီးနိုင်ဖို့ စဉ်းစားရသည်။ ကံကောင်း သည်က ထိုစဉ်က စာအုပ်အများစုမှာ ဘားမားပြန်ကြိတ်စက္ကူမျိုးဖြင့် ထုတ် ကြခြင်းပင်။ သည်တော့ မိလ္လာအိုး အသန့်တစ်လုံးမှာ စာအုပ်တွေကို တစ်ဆ ဆုတ်ဖြဲပြီး ပျော့ဖတ်ဖြစ်သွားအောင် ရေစိမ်ရသည်။ ကျွန်မတို့တိုက် နောက်မှာက ကြိုးစင်နောက်ခြမ်းဖြစ်ပြီး တောင်ယာပျက် အမှိုက်ပုံတစ်ခုရှိနေ ကာ ရေစပ်စပ်လည်း ဖြစ်နေသည်။ သည်တော့ သည်နေရာဘက်ကို ထို ပျော့ဖတ်စက္ကူလုံးတွေကို လှမ်းပစ်မည်ဟု ကြံကြသည်။ ခက်တာက သည် ကိစ္စကို မည်သူ့ကိုမျှ ခိုင်းရန်မဖြစ်နိုင်။ သည်တော့ ထိုရက်ပိုင်းများတွင် မချူးနှင့် ကျွန်မက လမ်းလျှောက်ထွက်ချိန်တွေမှာ အလျင်ကလို စကားပြော တစ်မျိုး၊ တခြားအလုပ်တွေ လုပ်တာမျိုးမလုပ်နိုင်တော့ဘဲ သည်အလုပ်ကို ပိပိရိရိ လုပ်ကြရသည်။ တိုက်သူတစ်ယောက်က သူ့အခန်းထဲကနေ ကိုယ် ရောင်ဖျောက်ပြီး နောက်ပြတင်းပေါက်မှာ မှန်ထောင်ကာ တိုက်နောက်ဘက်ကို သွားနေတတ်သည့် ကျွန်မတို့ကို မှန်ထဲကနေ ချောင်းကြည့်တတ်သည်လေ။ သူသိလျှင် ဝန်ထမ်းတွေ သိသွားမှာ မပူရတော့သမို့ ကျွန်မတို့မှာ နှစ်ယောက် တည်း ကျောချင်းကပ်ကာ သည်ကိစ္စကို ကြိတ်ဖြေရှင်းရသည်။ ကျွန်မတို့ သည် ကိစ္စအားလုံး မရှင်းနိုင်ခင်မှာ မျှော်လင့်ထားသည့်အတိုင်း ရှာဖွေရေး က ရောက်လာခဲ့သည်။ သို့သော် မချူးဆီမှာ ကျန်နေသည်က အင်္ဂလိပ်- မြန်မာအဘိဓာန်စာအုပ်ထဲမှ စာမျက်နှာအချို့သာ။ ကျွန်မဆီမှာတော့ ထုံး အတိုင်း ဘာဆိုဘာမှ မရှိ။ သည်လိုနှင့် ပြဿနာက ပြေလည်သွားသည်။

သို့သော် ကြောက်တော့ ကြောက်နေရသေးသည်။ ဖေဖေ၊ မေမေ့ အဆိုအရ ဦးမျိုးမြင့်ညိမ်းတို့ ထောင်ဝင်စာတွေ ပိတ်ခံထားရပြီး စစ်ခွေးတိုက် သို့ပင် ပို့ခံထားရသည်။ စစ်ကြောရေးတွေလည်း ထွက်နေကြရသည်။ သူတို့ဘက်မှာ ရှာတွေ့သည့်အရာတွေက တော်တော်များသည်။ လက်ရေး စာစောင်၊ မဂ္ဂဇင်းတွေအပါအဝင် ပြည်ပမှ တိုင်းမ်၊ နယူးစ်ဝိခ်လို စာစောင်တွေ လည်း ပါသည်။ ပါဝင်ပတ်သက်သူတွေက အတော့်ကိုများလှသည်။ ဆရာ ဦးဝင်းတင်မှအစ အမတ်အချို့နှင့် ကျောင်းသားတွေ။ နောက်မှဖွင့်အရေးယူ မည့်သဘောတွေ ကြားလာရသည်။ နောက်လပိုင်းလောက်အလိုမှာ ရက်ရေ



လွတ်မြောက်ကြမည့်သူတွေ ပါနေသည်မို့ ကျွန်မ စိတ်မကောင်း။ သည်မှာ ကျွန်မက စိတ်ပူနေမိသေးသည်။ မတော်လို့ အဟောင်းတွေပြန်ဖော်ကြလျှင် ကျွန်မ ကူညီခဲ့ဖူးသော ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံရောက် ထောင်ပုံစံ အကျီကိစ္စ ပြန်ပေါ်သွားပြီး အကုန်လုံးရှုပ်ထွေးသွားကြလျှင်ဟု တွေးပူရသည်။ သည်လိုနှင့် ၁၉၉၅ နှစ်ကုန်ပိုင်းသည် သည်းထိတ်ရင်ဖိုဇာတ်လမ်းများကို ကြုံရင်း စိတ်မောဖြစ်ကြသည်။ ကျွန်မ၏ အတွေးတွေလည်း ပိုပြီးနက်နဲလာ ခဲ့သည်။

## အနာဂတ်ကို သုံးသပ်ခြင်း

ကျွန်မ၏ စိတ်ကူးယဉ်အိပ်မက်ကို ပြန်ဆန်းစစ်ကြည့်တော့ အသက် လေးဆယ်မှာ အခမဲ့ဆေးရုံတစ်ရုံနှင့် ရွှေလျားဆေးရုံတစ်ခု ထောင်နိုင်ရန် အကျိုးမြတ်မဖက် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတစ်ခု စတင်နိုင်ရန်နှင့် မိဘမဲ့ ကလေးကျောင်းလို မဟုတ်သည့် မိဘမဲ့ကလေးများ ကျွေးမွေးစောင့်ရှောက်မှု အစီအစဉ်တစ်ခု စတင်နိုင်ရန် ဆိုသည်များက ကျွန်မကို ပေးထားသည့် လွှပ်ပျစ်ပျဉ်ချပ်ပေါ်မှာ အင်္ကျီချိတ်နှင့် ပုံစံချမြေပုံဆွဲထားသည့် စီမံကိန်းဖြစ်လို့ နေသည်။ လူက ဆယ့်နှစ်ပေပတ်လည်ထဲမှာ တစ်နေ့ကို နှစ်ဆယ့်သုံးနာရီနှင့် ဆယ့်ငါးမိနစ် အကျဉ်းကျနေဆဲ။ ကျန်းမာရေးကလည်း မသေဖြစ်သေးလို့ ကျန်နေသည့် အနေအထားသာသာ။ အပြောအဆို အနေအထိုင်ကလည်း ဆယ့်ထောင်သက်ကို ကိုယ်တိုအောင် ဖြတ်နိုင်မည့်ပုံမရှိ။ နေ့တိုင်းမှာ လွတ်နိုင်သည့်နေ့တွေဆိုပြီး စိတ်ကူးမယဉ်ဘဲ တွေးလျှင် သည်လိုပုံနှင့်နေသွား ရမှာက နောက်ထပ်ဆယ့်ရှစ်နှစ်။ လျှော့ရက်တွေ ရသည်ပဲထားဦး ၂၀ ရာစုထဲမှာ လွတ်ဦးမှာမဟုတ်။ ၂၁ ရာစုတောင်မှ ဆယ်စုနှစ်တစ်ခုလောက် ကျော်မှ လွတ်ရက်ကစေ့မည်။ ထိုအချိန်မှာ ကျွန်မအသက်က ငါးဆယ် ကျော်သွားတော့မည်။ လက်တွေ့ကျမှုကို နှစ်ခြိုက်ပါသည်ဆိုသော ကျွန်မ၏ သဘောချာချာပြန်စဉ်းစားစမ်း မသိတာ။ ကိုယ့်ကိုကိုယ် မညှာတမ်း မေးခွန်း မေးဖြစ်လာသည်။

ဆေးကျောင်းအတန်းဖော်တွေ သတင်းကို ကြားရလျှင် ဘွဲ့လွန်တွေ တက်ကြ၊ နိုင်ငံခြားတွေထွက်ကြ၊ နယ်တွေ ပြောင်းကြ။ ရွှေ့သွား လှစ်နေ အောင် ရွှေ့နေကြသည်။ စာပေလောကက ကျန်ရစ်သော မိတ်ဆွေများ

www.burmeseclassic.com

www.burmeseclassic.com



ကရော။ ဖန်တီးမှုတွေ မရပ်မနား၊ မဂ္ဂဇင်းတွေ အသစ်အသစ် ထွက်လာသလို ကလောင်အသစ်အသစ်တွေကို သတိထားမိလာရသည်။ အစ်မကတော့ အမျိုးသားညီလာခံကနေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နှုတ်ထွက်စေလိုက်သည်။ ဒီမိုကရေစီ အခြေခံသဘောတရားများနှင့် မကိုက်ညီသည့်အတွက် ဖြစ်သည်။ ပြည်တွင်းနိုင်ငံရေးအခြေအနေက ပိုပြီးတင်းမာသည့်ဘက်ကို ရောက်လာပြန်သည်။ ပြည်ပမှာတော့ ယူဂိုဆလပ်စစ်ပွဲ အဆုံးသတ်ရေး ညှိနှိုင်းမှုတွေ ပေါ်လာပြီး အစ္စရေးဝန်ကြီးချုပ် ရာဘင် လုပ်ကြံခံလိုက်ရသည်။ ကုလသမဂ္ဂက ဘော့စနီးယားစစ်ပွဲမှာ တာဝန်ရှိသူ ကရာဇစ်တို့ကို ခုံရုံးတင်သည်။ ဂမ္ဘာကြီးက သွေနှင့်သံနှင့် ဖြစ်ရပ်များကို ဦးစားပေးဖြေရှင်းဖို့ ကြံရင်း ကျွန်မတို့၏ သွေးသံနည်းသည့် တိုက်ပွဲတွေကို လျစ်လျူရှုလိုက်သည်။ ကျွန်မတို့အားလုံးက 'တွေ့ဆုံဆွေးနွေးပွဲ'ကို မျှော်သည့်တိုင် ဖြစ်လာနိုင်ချေက ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ။ သည်တော့ ကျွန်မအတွက် 'အရွေ့'ဆိုတာ မရှိသလောက်။ ကိုယ့်အားကိုယ်ကိုးတတ်ပြီး 'လွတ်လပ်မှု'ကို ဦးထိပ်ထားကာ အမြဲတမ်းတစ်ခုခု အကျိုးရှိသည့်ဘက်ကို ရွေ့နေမှ သဘောကျတတ်သည့် ကျွန်မက ခုတော့ ဖေဖေနှင့်မေမေ လာပို့တာကို စား၊ ဝေဒနာတွေကို ခံစား၊ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီ ကုန်ဆုံးသွားတာကို ထိုင်ကြည့်။ ထောင်ထဲနေနေရသည့်တိုင် ဘဝက အချည်းနှီးဖြစ်မသွားဟု ဘာကြောင့်များ ကျွန်မယုံနေသေးတာပါလိမ့်။ သူများတကာကျင်းပပေးသည့် မွေးနေ့ပွဲ၊ လွမ်းဆွတ်တမ်းတပွဲတွေကြောင့် အချည်းအနှီးဖြစ်မသွားတာများ လား။ ဒါဆို ကျွန်မ၏ ထိုအချည်းအနှီးမဖြစ်မှုအတွက် ပါဝင်ပတ်သက်မှုက ရော။ ဆယ့်နှစ်ပေပတ်လည်အခန်းကျဉ်းထဲမှာ အနှစ်နှစ်ဆယ် နေသွားရမည်ဆိုသည့် အချက်တစ်ချက်တည်းပဲလား။ 'အရွေ့'နှင့် 'အပြောင်းအလဲ'ကို ကိုယ်တိုင်ကြိုးစားချင်သူဆိုသည့် ကျွန်မ ခု ဘာလုပ်နေတာပါလိမ့်။ လွတ်ရက်ကို ထိုင်စောင့်နေတာလား။ ကျွန်မ အတော်ကြီး တုန်လှုပ်ချောက်ချားသွားသည်။

## လွတ်လပ်ခြင်း၏ နောက်ထပ်အနက်

ကြည့်စမ်း၊ ကြည့်စမ်း။ ဘယ်တော့မဆို သူများကို အားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးပြီး ရှင်သန်ချင်သည်ဆိုသည့် ကျွန်မက သူများက သဘောတူကြည်ဖြူမှ လွတ်ပေးမည့်အရေးကို သွေးအေးအေးနှင့် ထိုင်စောင့်နေသည့်



ထားရာမှာ ထားသလိုမနေသည့်တိုင် ကျွန်မပန်းတိုင်က ဘာလဲ။ မလွတ်ချင်း ထိုင်စောင့်ဖို့။ ခပ်ရိုင်းရိုင်းနှင့် ခပ်ရိုးရိုးတွေးကြည့်တော့ သည်အဖြေပဲ ထွက်လာသည်။ မဖြစ်။ မဖြစ်ရေးချ မဖြစ်။ ထောင်ကလွတ်အောင် ကျွန်မက ဘာတတ်နိုင်လို့လဲ။ ဘာမှမတတ်နိုင်။ သည်အဖြေကလည်း ခပ်လွယ်လွယ်ပဲ ထွက်လိုက်လာသည်။ သူများတကာက သွေးတိုးလာစမ်းတုန်းက 'လွတ်လပ်စွာ ပြောရေးဆိုခွင့်'ကို အပြည့်အဝအသုံးချပြီး 'မလွတ်လမ်း'ကို ကိုယ့်ဘာသာရွေးပြီးခဲ့ပြီ။ ခုမှ လွတ်ချင်လို့ ထိုင်စောင့်နေပါသတဲ့။ ဖြစ်ရလေ။ သည်နေရာမှာ တချို့က 'အင်တာဗျူး'တွေကို မျှော်လင့်ချက်လို တွေးကြသည်။ မေးသမျှကို အဆင်ပြေအောင် ဖြေခဲ့ကြ၊ ကတိခံဝန်လက်မှတ်တွေ ထိုးခဲ့ကြပြီး လွတ်လူအဖြစ် လာခေါ်မည့်ရက်ကို ထိုင်စောင့်နေကြသူတွေ ရှိနေသည်ပဲ။ သူတို့မှာ တစ်နေ့လွတ်နိုးနှင့် ပြုခဲ့ရသော ကတိများအတွက် ရှက်နောင်တများ ဖိစီးလာကာ စိတ်ထောင်းကိုယ်ကြေနှင့် ဖြစ်နေကြရသည်ကို ကြားနေ တွေ့နေရသည်။ သည်တော့ မိမိလွတ်မြောက်ရေးအတွက် မိမိမှာ ဘာဝန်မရှိတာရော၊ လုပ်ပိုင်ခွင့်မရှိတာရော သေချာလွန်းနေပြီ။ သည်တော့ ဘာလုပ်ရမည်နည်း။ ထုံးစံအတိုင်း အများနည်းတူ ထိုင်စောင့်။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဥပုသ်စောင့်ရင်း လွတ်ရက်ကို ထိုင်စောင့်။ သည်မှာလည်း ဆွေးစရာတွေက တသီကြီး။

တကယ်တမ်းမှာ ကျွန်မသည် ငယ်စဉ်ကတည်းက ငါးပါးသီလကို အတတ်နိုင်ဆုံး ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် ကြိုးစားခဲ့သူ။ တစ်ကိုယ်ရေ ချမ်းသာကြွယ်ဝမှုနှင့် ထွက်ပေါက်တို့အတွက် မည်သည့်အခါကမျှ မကြိုးစားခဲ့ဖူး။ ဆရာဝန်အဖြစ်လည်း ကြင်နာမှုနှင့်တကွ စာနာမှုကိုပါပေးပြီး လူနာများ ချမ်းသာရာရအောင် ကြိုးစားခဲ့သူ။ သူတကာ၏ စံပြပုဂ္ဂိုလ်မဖြစ်နိုင်သည့်တိုင် ကျွန်မ၏စံများအတိုင်း ကျွန်မ ကြိုးစားနေထိုင်ခဲ့သူ။ ထိုစံများမှာလည်း လူကောင်းသူကောင်းများ ထားလေ့ရှိသည့်၊ ထားအပ်သည့်စံများအတိုင်း။ ကဲ… သည်တော့ သည်ဘဝမှာ သည်လိုထောင်ထဲရောက်၊ ကျန်းမာရေး ချွတ်ချုံ့ကျပြီး အသက်မွေးဝမ်းကျောင်းတူသောလူသား၏ ပေါင်းဆောင်ရွက်မှုကိုသော်မျှ မရရှိဘဲ မသေရုံတမည် ဝေဒနာတွေ ခံစားခြင်း၏ လက်သည်တရားခံက ဘာလဲ။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သူ ဗုဒ္ဓဘာသာဝင်တို့အဖို့ ထိုပုစ္ဆာ၏အဖြေကို အတိတ်ဘဝ၏ နောက်ဆက်တွဲ အကျိုးပေးများဟု ကောက်ချက်ဖြစ်သည်။ အမှုဆင် အမှုစွဲတာက ထောက်လှမ်းရေး၊ ထောင်ချ

www.burmeseclassic.com



တာက တရားသူကြီးမို့ ကိုယ်ထောင်ကျ ရသည့်လက်သည်မှာ သူတို့ဟု
လွယ်လွယ်မဆိုချင်။ သူတို့သည်လည်း စစ်အာဏာရှင်စနစ်၏ သားကောင်
များဆိုသည်က သေချာနေပြီးသား။ လာဘ်မရလျှင် မပူးပေါင်းနိုင်ဆိုသည့်
ဆရာဝန်ကရော ကိုယ့်ကို မသေရုံတမည် ဝေဒနာတွေခံစားရအောင် ကြိုးပမ်း
သည့် လက်သည်လား။ မဟုတ်ပြန်။ သူလည်း အဂတိစနစ်ကြီး၏ သား
ကောင်။ ကိုယ်ကရော။ ကျွန်မကိုယ်ကျွန်မတော့ မည်သည့်အခါကမျှ
သားကောင်အဖြစ် မမြင်ခဲ့။ သည်တော့ ကျွန်မ ခုလိုဖြစ်နေရသည့် လက်
သည်က နိုင်ငံရေးအရပြောကြလျှင် စစ်အာဏာရှင်စနစ်ဆိုသည့်တိုင် ထောင်
ထဲရောက်ဘာချင်းတူတူ ကျွန်မကျမှ သည်မျှကြီးမားလှစွာသော ရောဂါ
ဝေဒနာတွေ ဖြစ်လာရခြင်း၏ လက်သည်ကရော။

## ကံကို သုံးသပ်ခြင်း

အတိတ်ကံအကျိုးပေး မကုန်မချင်း ပေးဆပ်ရတတ်သည်ဆိုသည့်
ကံနှင့်ကံ၏အကျိုးပေးကို ပြန်တွေးမိတော့ ကြက်သီးမွေးညင်းထကာ ကြောက်
လာခဲ့သည်။ အချုပ်အနှောင်ခံရသည့်ဇာတာ ပါလာလျှင် ရှောင်မရဟု
ဆိုတတ်ကြသည်။ ကျွန်မနှင့် မမွေးကိုပဲ ပြန်ယှဉ်ကြည့်သည်။ သူက
တစ်ခုခုဆို ကျွန်မကို ဖယ်ထားပြီး သူသာ အဖမ်းခံသွားမည်ဟု ပြောခဲ့ဖူးသူ။
တကယ်တမ်းမှာ သူက မည်သည့်အခါကမျှ အဖမ်းမခံရ။ သည်တိုက်ပွဲထဲ
ပါလာသူတွေ လုပ်နိုင်သမျှ လုပ်နေကြသူတွေ အများအပြားပင်။ အားလုံးက
အဖမ်းခံကြရသည် မဟုတ်။ ပါဝင်ပတ်သက်မှုအတိုင်းအတာ အတိမ်အနက်
ကွာခြားကြသည့်တိုင် လက်မတင်လေး လွတ်မြောက်သွားကာ နိုင်ငံပြင်ပထိ
ထွက်သွားနိုင်သဖြင့် အချုပ်အနှောင်လွတ်သွားသူတွေလည်း ရှိနေသည်ပင်။
သည်တော့ အချုပ်အနှောင်သည် ဝဋ်ကြွေးတစ်ခုကို ပေးဆပ်ရခြင်းဆိုသည်မှာ
ယုတ္တိတန်သောအဖြစ်။ ဝဋ်ကြွေးသည် မူလအကြောင်းခံ။ နိုင်ငံရေးပါဝင်
ပတ်သက်မှုက လတ်တလောအကြောင်းခံ။ သည်လိုမြင်လာမိသည်။ သည်
တော့ ကျွန်မ၏ ဝဋ်ကြွေး ဘယ်တော့ကြေမှာလဲ။ နိုင်ငံရေးပုဒ်မအရ ထောင်
က အနှစ်နှစ်ဆယ်။ ဝဋ်ကြွေးပုဒ်မအရကော။ ဘုရား … ဘုရား သည်အမှု
သည်ဘဝမှာ အကျေမဆပ်နိုင်လျှင် နောင်ဖြစ်လေရာဘဝအထိ နောက်ထပ်
အသစ်အသစ်သော လတ်တလောအကြောင်းခံများဖြင့် ထောင်၊ အချုပ်



သက်ထိတ်ဆိုသည့် ပေးဆပ်မှုတွေက ရှိနေနိုင်သေးသည်ကော။ ဆိုပါတော့။
ဘဝကူးကောင်းပြီး နတ်ဖြစ်သွားလျှင်ကော။ မလွတ်။ ဖတ်ထားသည့်ဘာသာ
ရေးဟုသုတတွေက ခေါင်းထဲမှာ အစီအရီပေါ်လာသည်။ နတ်ဖြစ်လျှင်
တောင် ကြိုးငါးချက် အချည်ခံရသည့်အဖြစ်မျိုး ကြုံရဦးမှာ။ သည်တော့
ဗြဟ္မာဖြစ်အောင် သမထကျင့်လိုက်စမ်း။ ‘ဗြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စား
ကျင်း တရုတ်ရုတ်’ တဲ့။ သည်ဘဝမှာ တစ်မဂ်တစ်ဖိုလ်မှ မရလျှင် သုံးဆယ့်
တစ်ဘုံမှာ လည်ရဦးမည်မှာ မုချ။ သမထကျင့်စဉ်အရ ကပ်လျက်ဘဝမှာ
ဗြဟ္မာဖြစ်ဦး၊ သုံးဆယ့်တစ်ဘုံမှာ လည်နေရဦးမည်ဆိုလျှင် အချိန်မရွေး
အပါယ်က လာနိုင်နေသည်။ ဝက်တိရစ္ဆာန်ဘဝကို အချိန်မရွေး ရောက်သွား
နိုင်သည်။ ကျွန်မသာ အမေ့မေ့အလျော့လျော့ဖြင့် တရားအားမထုတ်ခဲ့လျှင်။
ခေါင်းထဲမှာ မီးသီးလုံးတွေ အလုံးပေါင်းများစွာ တစ်ပြိုင်နက် လင်းထိန်
သွားသည်။

ကြည့်စမ်း၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်
အဖို့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်သည် အမှန်တကယ် အခွင့်ထူးသာ။
အတာနေ သေသေချာချာ ပြန်တွေးနေမိပြီ။ အချုပ်အနှောင်ဝဋ်ကြွေးက
သည်ဘဝမှာ မကုန်ခဲ့လျှင်ပေါ့။ ကျွန်မက ခုဘဝမှာ နိုင်ငံရေးအကျဉ်းသား
အဖြစ် သည်အင်းစိန်ထောင်မှာ အချုပ်ခံနေရသည်။ ဝဋ်ကြွေးသာ မကျေ
လျှင် နောက်ကပ်လျက်ဘဝမှာလည်း အချုပ်အနှောင်က ခံရဦးမည်။
နတ်ဖြစ်လျှင် ကြိုးငါးချက် အချည်ခံ၊ ဗြဟ္မာဖြစ်လျှင်တောင် ရေရှည်မှာ
မလွတ်နိုင်။ ကျွန်မ၏ ယခုဘဝ ပြုခဲ့သောကံများမှ နောင်ဘဝများအတွက်
ဖန်တီးလိမ့်မည်။ ဝိပဿနာစိတ် အမေ့မေ့ အလျော့လျော့ဖြင့်နေပြီး သေခဲ့
လျှင် ဘဝမရွေး တိရစ္ဆာန်ဖြစ်သွားနိုင်သည်။ ငှက်ဖြစ်လျှင် လှောင်အိမ်ထဲမှာ၊
ငါးဖြစ်လျှင် အလှမွေးကန်ထဲမှာ၊ ခွေး၊ ကြောင်ဖြစ်လျှင်လည်း ထို့အတူ။
သည်ထက်ပိုပြီး မေ့မေ့လျော့လျော့နေဖြစ်လျှင် ထောင်ထဲရောက် ခွေး၊ ကြောင်၊
ကြက်ဆိတ်က ဖြစ်နေနိုင်သေးသည်။ ထားပါတော့ လူပဲပြန်ဖြစ်သည်ဆိုဦး။
သည်ဘဝမှာ နိုင်ငံရေးအကျဉ်းသားဖြစ်သော်လည်း နောက်နောင်ဘဝမှာ
ရာဇဝတ်သား ခပ်ညံ့ညံ့လည်း ဖြစ်သွားနိုင်သည်။ သည်ဘဝမှာ ကံငါးပါး
ထဲက သတိလက်လွတ် နေလို့က နောင်ဘဝမှာ မူးယစ်ဆေးရောင်းဝယ်သူ
အဖြစ် သည်အင်းစိန်ထောင်ကိုပဲ ပြန်ရောက်လာကြည့်ဦး။ ဘုရား… ဘုရား
ထိတ်စိတ်ကြောင့် မျက်ရည်ပေါက်ကြီးငယ်လည်း ကျလာမိသည်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့မှာ ရာဇဝတ်သားတွေကို ထောင်ဝန်ထမ်းများ ဆက်ဆံပုံတွေက ထင်းထင်းပျက်ပျက်။ ကိုယ့်ကိုရော သူတို့ဆက်ဆံပုံတွေက ဘယ်တုန်းက ယဉ်ကျေးသိမ်မွေ့ဖူးပါလိမ့်။ သည်လိုပုံမျိုးနှင့်ဆိုလျှင်။

## လက်တွေ့ကျမည့် လွတ်မြောက်ရေး

ကျွန်မက အတွေးတွေ ဆက်နေမိသည်။ သင်္ချာပုစ္ဆာတစ်ပုဒ်လို ပေးထားချက်တွေကို ချကြည့်သည်။ ထောင်အနှစ်နှစ်ဆယ်။ နိုင်ငံရေးအကျဉ်းသား။ မွန်မြတ်လှစွာသော ရခဲလှစွာသော လူ့ဘဝ။ ဉာဏ်ပညာလည်း မချွတ်ယွင်း၊ ဒုက္ခိတလည်းမဟုတ်။ ကိုယ့်ကိုကိုယ် အားကိုးချင်သူ။ လိုလားချက်ကား လွတ်မြောက်ရေး။ အဖြေက သည်လို။ နိုင်ငံရေးအပြောင်းအလဲကြောင့် ဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အချိန်မရွေးလွတ်နိုင်သလို အနှစ်နှစ်ဆယ်မပြည့်မချင်းလည်း မလွတ်နိုင်။ သေချာသည့်အဖြေက အနှစ်နှစ်ဆယ်ပြည့်လျှင် လွတ်မည်။ ဒါတောင် ဆရာဦးဝင်းတင်လို နောက်ထပ်ပုဒ်မတွေ ထပ်တပ်တာ မခံရလျှင်ပေါ့။ သည်အဖြေကို အပြောင်းအလဲဖြစ်အောင် လုပ်ဆောင်နိုင်စွမ်း မရှိ။ တစ်နည်း ကတိခံဝန်လက်မှတ်များထိုး လွတ်မြောက်ရေးအာမခံချက်ကို မပေးနိုင်သကဲ့သို့ ထိုကတိများကို ယုံကြည်လောက်သော ဆန္ဒ အမှန်ပင် မရှိ။ သည်တော့ ထောင်ကနေ လွတ်မြောက်ရေးဆိုတာ သူတို့လက်ထဲမှာ။ ကျားသနားမှ နွားချမ်းသာ။ ကိုယ်က သည်ပေးထားချက်တွေကို ပြောင်းလဲနိုင်မည့် အနေအထားမှာ မရှိ။

သည့်နောက် ပေးထားချက်တွေကို တစ်ခါပြန်ဆန်းစစ်ကြည့်သည်။ မွန်မြတ်လှစွာသော ရခဲလှစွာသော လူ့ဘဝ။ ဉာဏ်ပညာလည်း မချွတ်ယွင်း၊ ဒုက္ခိတလည်းမဟုတ်။ အကျဉ်းခန်းထဲမှာ တစ်ကိုယ်ရေနေခွင့်ရနေသူ။ ကိုယ့်ကိုကိုယ်လည်း အားကိုးချင်သူ။ တစ်ကြိမ်တစ်ခါက သီလရှင်ဝတ်ပြီး သံသရာလွတ်လမ်းကို လျှောက်ဖို့ တွေးခဲ့ဖူးသူ။ သံသရာမှ လွတ်လမ်းအပေါ် အမှန်တကယ်ခြေချသွားနိုင်မည့် တရားအားထုတ်နည်းကို သိထားသူ။ တစ်နည်း မြည်းစမ်းခဲ့ဖူးသူ။ ထိုနည်းဖြင့် ကိုယ့်ဘဝ၏ အပြောင်းအလဲကို လုပ်ဆောင်နိုင်စွမ်း ရှိမှရှိ။ သည်လွတ်မြောက်ရေးက အာမခံချက်ကောင်းလွန်းလှသည့် လွတ်မြောက်ရေး။ ဇာတိ၊ ဇရာ၊ မရဏ အစရှိသော ဘဝ၏ ပင်ပန်းဆင်းရဲမှု ဒုက္ခအပေါင်းမှ လွတ်မြောက်ရာဆီ လှမ်းမည့် ခြေလှမ်း။



ထိုခြေလှမ်းတွေအတွက် မည်သူ့အသနားကိုမှ မျှော်စရာမလို၊ မည်သူ့ခွင့်ပြုချက်ကိုမှ တောင်းစရာမလို။ မည်သည့်တံစိုးလက်ဆောင်၊ မည်သည့်ကတိခံဝန်ချက်မှ ပေးစရာမလို။ လိုအပ်ချက်က မည်သူ့အပေါ်မှာမှ မူမတည်။ ကျွန်မအပေါ်မှာသာ လုံးလုံးလျားလျား မူတည်နေသည်။ ကျွန်မကသာ သံသရာလွတ်ကြောင်းအဖြစ် ဝိပဿနာတရားကို စအားထုတ်မည်ဆိုလျှင် ကျွန်မလိုအပ်မည့်အရာက ကျွန်မ၏ ခန္ဓာကိုယ်နှင့် စိတ်။ ဝေးဝေးမှာ ရှာစရာမလို။ ထောင်ဝင်စာမှာ ပို့ပေးဖို့ တောင်းစရာမလို။ သည်အားထုတ်မှု၏ရလဒ်မှာ ကျွန်မဘဝအတွက် ကြီးမားပြီး အဖိုးမဖြတ်နိုင်သော အပြောင်းအလဲလည်း ဖြစ်သွားနိုင်သည်။ ဒါက အင်းစိန်ထောင်နံရံ လေးဘက်ထဲက ထွက်ပြီး ထောင်ကြီးလိုဖြစ်နေသည့် နိုင်ငံထဲ ပြန်ရောက်သွားမည့် လွတ်လပ်မှု မဟုတ်။ သည်လွတ်လပ်မှုက သံသရာမှလွတ်လမ်းကို ခြေချနိုင်မည့် လွတ်လပ်မှု။ အပြီးတိုင် လွတ်လပ်မှု။ နှောင်ကြိုးမဲ့ လွတ်မြောက်မှု။ သည်အတွက် မည်သူက စွမ်းနိုင်သနည်း။ စစ်အစိုးရလည်းမဟုတ်၊ ထောက်လှမ်းရေးလည်း မဟုတ်၊ တရားသူကြီးလည်း မဟုတ်၊ ထောင်ပိုင်လည်း မဟုတ်၊ ဆရာဝန်လည်း မဟုတ်။ ကျွန်မကိုယ်တိုင်။ တစ်သက်လုံးက ကိုယ့်အားကိုယ် ကိုးရတာကိုမှ သဘောကျသည်ဆိုသော ကျွန်မက ကျွန်မဘဝ၏ စစ်မှန်သော အပြောင်းအလဲအတွက် ကျွန်မကိုယ်တိုင် လုပ်နိုင်တာကို တွေ့ရပြီ။

## အကြောက်ဖြစ်ဆုံး အကြောက်တရား

သည့်နောက် ကျွန်မအတွေးတွေက ဝဋ်ကြွေးနှင့် အပါယ်လေးပါးဆီ ရောက်သွားပြန်သည်။ အပါယ်လေးပါးမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာတွေ ပါနေသည်။ သည်လေးပါးမှာ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်တို့ကို မမြင်ဖူးသဖြင့် ဖယ်ထားဦး။ တိရစ္ဆာန်ဆိုတာက ကိုယ့်မျက်စိရှေ့မှာ။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သည့် အနေအထားမှာ မရှိသည့်အချက်တစ်ချက်နှင့်ပင် တိရစ္ဆာန်ဖြစ်ရမှာက ကြောက်စရာကောင်းလှပြီ။ ကြွယ်ဝသူတွေ၏ အိမ်မွေးတိရစ္ဆာန်ဘဝကိုပင် ရောက်စေဦး၊ စည်းစိမ်တွေ စားခွင့်ရမည်ပင် ဆိုစေဦး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ကသာ ကျွန်မ အလိုချင်ဆုံးအရာ။ အသိမဲ့ဘဝကို ရောက်မှာ အကြောက်ဆုံးဖြစ်သည့်အတွက် အိပ်ဆေးလို ရီဝေဝေအသိမျိုးဖြစ်သွားစေမည့် ဆေးဝါးများကိုပင် ရှောင်ခဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



နာကျင်သောဝေဒနာကို အိပ်ပျော်လျှင် သက်သာသွားမည်ဆိုသည့် ကုထုံးမျိုးနှင့် ကုသဖို့ ကြိုးစားရတာပင် ကျွန်မက သိပ်သဘောမကျသူ။ ရှိတေအသိနှင့် လူတစ်ယောက်မှာ ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ်တိုင်တာဝန်ယူ အပြည့်အဝ မရှိနိုင်သည့်အနေအထား။ လောကမှာ မသိလို့မှားတာဆိုသည့် ဆင်ခြေမျိုးကို လက်ခံနိုင်သော်လည်း မသိအောင် ကြိုးစားထားပြီးမှ မှားတာမျိုးတော့ လက်ခံလို့ မရ။ သည်တော့ တိရစ္ဆာန်ဆိုသည့် အပါယ်ဘုံသည် ကျွန်မအတွက် ချောက်ချားစရာ အနီးကပ် ခြိမ်းခြောက်မှု။

သေတွင်းက လွတ်လာသော ကျွန်မမှာ အကယ်၍များ ထောင်အာဏာပိုင်များ၊ ဆရာဝန်မကြီးတို့နှင့် အခြေအတင် ငြင်းခုံဒေါသဖြစ်ရင်း ကိုယ့်ရပိုင်ခွင့်များနှင့် တန်းတူအခွင့်အရေးများအတွက် အစွမ်းကုန်ကာကွယ်ရင်း၊ မောဟိုက်နာကျင်သော ဝေဒနာအနာတရများနှင့် နပန်းလုံးရင်း ကျွန်မ တိမ်းပါးသွားခဲ့လျှင်ဟု တွေးမိတော့ ကြက်သီးဖြန်းဖြန်းထ ကြောက်လန့်သွားမိသည်။ သည့်မျှ သောက၊ ဒေါသနှင့် ဝေဒနာများကိုခံစားခိုက်မှာ ကျွန်မ သေခဲ့လို့ကတော့ ဘဝကူးကောင်းရေး မမြင်။ နောက်ဆုံးထွက်သက်မတိုင်မီမှာ သတိလေးကပ်မိလာပြီး ဝိပဿနာတရားကို ရှုမှတ်ပွားများဖို့ ကြိုးစားမည် ဆိုဦးတော့ အလေ့အထမထုံသေးသည့်အတွက် အမှတ်ကတခြား၊ ခံစားမှုတွေကတခြား ဖြစ်ဖို့သာ များသည်။ သည်လိုနှင့် ဘယ်လို ဘဝမျိုးမှာ အဆုံးသတ်သွားမည်ကို မမှန်းနိုင်။ ဆိုရိုးဆိုစဉ်ဆိုရလျှင် စွဲမိစွဲရာ စွဲပြီးသေသွားမှာ ဖြစ်သည့်အတွက် အချုပ်အနှောင်ဝဋ်ကြွေးကလည်း ကုန်မည့်ပုံမရှိသေး။ ဆိုတော့ ဖြစ်ဖို့အများဆုံးက သည်ထောင်ထဲမှာ တိရစ္ဆာန်တစ်ကောင်အဖြစ် ပြန်လည်ဝင်စားလာနိုင်ချေပင် ရှိတော့သည်။ ဘုရား... ဘုရား ကြောက်စိတ်ကြောင့် မျက်ရည်ပေါက်ကြီးငယ်တွေ ကျဆင်းလာသည်။

မှတ်မှတ်ရရ သည်လိုကြောက်ခြင်းမျိုး မည်သည့်အခါကမျှ မဖြစ်ဖူးခဲ့။ သည်တစ်ခါ ကြောက်ခြင်းက ကိုယ်ရောစိတ်ပါ အလန့်တကြား ကြောက်ရွံ့ခြင်းမျိုး။ အပါယ်လေးပါးနှင့် ဝဋ်ကြွေးကို ကြောက်သည့် အကြောက်။ တိရစ္ဆာန်ဘဝမှာ ယခုဘဝလောက်ပင် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်က မရှိ။ သည်တော့ အပါယ်လေးပါးကို လားနိုင်နေသေးသရွေ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်က မသေချာ။ အသေချာဆုံးက ယခုဘဝ ယခုအခြေအနေ။ လူသားဘဝ။ ထောင်ထဲရောက်နေရုံနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်တွေအားလုံး အကုန်လုံး ဆုံးရှုံးသွားတာ မဟုတ်သေး။ အသက်ရှိနေသေးသမျှ သည်ခန္ဓာကို ရှုမှတ်ပြီး ဝိပဿနာတရားကို အားထုတ်နိုင်နေသေးသည်။ အသိနှင့်ခန္ဓာ အိုးစားမကွဲသေးသမျှ သည်စိတ်ကို ရှုမှတ်ပြီး ဝိပဿနာတရားဖြင့် သံသရာရေးစိတ်အေးအောင် ကြံနိုင်နေသေးသည်။ လွတ်မြောက်ရေးတရား အစစ်အမှန်။ သံသရာမှ လွတ်မြောက်ရေးလမ်းစကို ခန္ဓာနှင့် သည်စိတ်ရှိနေခိုက် မည်သည့်နေရာ မည်သည့်အချိန်မျိုးမှာမဆို ရှာနိုင်ခွင့်ရှိနေသေးသည်။ အဆုံးတိုင်လွတ်မြောက်ရေးလမ်းစ။ အပါယ်လေးပါးမှ လွတ်မြောက်ရေးလမ်းစ။ ကိုယ့်ဘာသာ ရုန်းထွက်မှ ရတော့မည် ဆိုသည့် အသိက ဖြစ်လာခဲ့ပြီ။ ထားခဲ့တော့။ ထောင်ဒဏ်အနှစ်နှစ်ဆယ်။ အခု ကြောက်တာ အပါယ်၊ ဝဋ်ကြွေး၊ သံသရာ။

အကျေအလည် တွေးအပြီးမှာ စိတ်နှလုံး ဒုံးဒုံးချလိုက်သည်။ အဆုံးတိုင်လွတ်မြောက်ရေးအတွက် ကြံဆောင်တော့အံ့။

❖

## သဒ္ဓါ၊ သီလ

**သီလက စမည်**

အဆုံးတိုင်လွတ်မြောက်ခြင်း လမ်းစကို မရောက်သရွေ့ ဝိပဿနာတရားအားထုတ်ခြင်းကို မလျှော့တော့ဟု ဆုံးဖြတ်ချက်ချပြီးချိန်မှာ ၁၉၉၁ ကုန်တော့မည်။ ကျန်းမာရေးကလည်း အတန်အသင့်ကောင်းလာပြီ။ ဓာတ်ခတ်မှန် ပြန်ရိုက်ရာမှာ တီဘီက အနာကျက်သွားပြီ။ မမွှတာကတော့ သူ့အလိုလိုထိန်သွားပြန်သဖြင့် အခြေအနေက အိုကေနေသည်။ ထောင်ထဲမှာ ဝိပဿနာတရားကို အပြင်က တရားစခန်းတွေမှာလို အားထုတ်၍ မရသည်ကိုလည်း သတိက ရှိနေသည်။ သည်မှာ ပြင်ဆင်မှုတွေကို လုပ်ရသည်။ တရားစခန်းမှာလို ရှစ်ပါးသီလယူကာ ဥပုသ်စောင့်ဖို့က သိပ်အဆင်မပြေ။ အစားအသောက်ချွတ်ယွင်းပြီး ကိုယ်ခံအားနည်းကာ တီဘီပြန်ဖြစ်လျှင် ကိုယ်လည်း ခံရမည်။ သူများတကာလည်း တရား အားထုတ်မှုအပေါ် အမြင်စောင်းသွားနိုင်သည်။ သည်တော့ ရှစ်ပါးသီလချင်းတူသည့် 'အာဇီဝဋ္ဌမကသီလ' ကို ခံယူဖို့ ဆုံးဖြတ်ရသည်။ ကွာခြားချက်က ရှစ်ပါးသီလမှာ နေလွဲညစာ မစားခြင်း၊ သနပ်ခါးလိမ်း ပန်းပန်၊ ရုပ်ရှင်ကြည့်၊ သီချင်း

www.burmeseclassic.com

www.burmeseclassic.com



နားထောင် စသည်တို့ကို မပြုခြင်းနှင့် မြင့်မြတ်သော အိပ်ရာနေရာတို့မှာ မအိပ်ခြင်းတို့ ပါဝင်ပြီး 'အာဇီဝဋ္ဌမကသီလ'မှာတော့ အတင်းအဖျင်းစကား မျိုးကို မဆိုခြင်း၊ ကုန်းချောရန်တိုက်စကားမျိုးကို မပြောခြင်း၊ ကြမ်းတမ်း သိမ်ဖျင်းစကားမျိုးကို မဆိုခြင်းနှင့် အသက်မွေးမှုစင်ကြယ်ခြင်းတို့ ပါဝင် သည်။ ထောင်လိုနေရာမျိုးမှာ ရှစ်ပါးသီလထဲက သနပ်ခါးလိမ်း၊ ပန်းပန် ရုပ်ရှင်ကြည့်၊ သီချင်းနားထောင် စသည်တို့ကို မပြုခြင်းနှင့် မြင့်မြတ်သော အိပ်ရာနေရာတို့မှာ မအိပ်ခြင်းဆိုသည့် သိက္ခာပုဒ်တွေကို လိုက်နာဖို့ သိပ်လွယ်သည်။ သီချင်းနားထောင်တာတစ်ခုက ဖြစ်နိုင်ခြေရှိသော်လည်း ရှောင်ဖို့မလွယ်တာမျိုး မဟုတ်။ အဆိုတော်မချူးကို အကျိုးအကြောင်းရှင်း လိုက်လျှင် ဖြစ်သည်ကိုး။ နေ့လွဲညစာသာ ကျန်းမာရေးလိုအပ်ချက်အရ မရှောင်ချင်။ အာဇီဝဋ္ဌမကသီလထဲက ဝစီကံသိက္ခာပုဒ်များနှင့် အသက်မွေး စင်ကြယ်မှုဆိုသည်များကတော့ တရားအားထုတ်မည့်သူအတွက် အရေး တကယ်အရေးကြီးသည့် သိက္ခာပုဒ်များဖြစ်နေသဖြင့် သည်သီလကို ထူး ဆုံးဖြတ်ရသည်။

တစ်ခါ အပြင်ရိပ်သာတွေမှာလို တစ်နေကုန် အမှတ်စိတ်ဖြင့် သွား လာနေထိုင်မည်ဆိုသောအခါ ခါတိုင်းလို လှုပ်ရှားသွားလာနေထိုင်မှာ မဟုတ်တော့သည့်အတွက် ကျန်အကျဉ်းသားများ၊ ဝန်ထမ်းများက သည်ကို ကို သတိထားပြီး အသိအမှတ်ပြုပေးဖို့က အရေးကြီးပြန်သည်။ သည်တော့ ကိုယ့်အစီအစဉ်ကို တိုက်နေသူအားလုံးနှင့်တကွ တာဝန်ကျထောင်ဝန်ထမ်း အားလုံးကို ဦးဆုံးအသိပေးရသည်။ သည်လို ရိပ်သာမှာ တရားအားထုတ် သလို အချိန်ပြည့်အားထုတ်မှုကာလသည် အကန့်အသတ်မရှိ ကြာနိုင်ကြောင်း ကိုလည်း ရှင်းပြရသည်။ ထို့ပြင် တိုက်မှ ဘဝတူတွေကိုတော့ ထိုသို့အားထုတ် နေဆဲမှာ ဖြစ်ပေါ်လာမည့် ထောင်တွင်းပြဿနာများကို မိမိဘက်မှ လျစ်လျူ ရှုသွားမည်မဟုတ်ဘဲ အားထုတ်လျက်ကပင် ပူးပေါင်းပါဝင် ဖြေရှင်းပေးသွား မည့်အကြောင်း၊ ကျွန်မ၏ တရားအားထုတ်မှုကြောင့် မည်သူတစ်ဦး တစ်ယောက်မျှ နစ်နာရန်မရည်ရွယ်ကြောင်း ရှင်းပြရသေးသည်။ သို့တိုင် တိုက်နေ ကွန်မြူနစ်အကျဉ်းသူတစ်ဦးက 'အင်း... ထောင်မွေ့ရိပ်သာတော့ ဖြစ်ဦးမှာပေါ့'ဟု မဲ့တဲ့တဲ့ဆိုလေသည်။ တရားကျင့်ပြီး ရူးသွား ပေါက်သွားသူ တွေရှိလို့ သတိထားပြီးကျင့်ဟုလည်း သတိပေးခံရသေးသည်။ တကယ်တမ်း မှာ ဘာသာရေးအလုပ်သည် နိုင်ငံရေးသမားတို့အတွက် ပြုကောင်းသောအရာ



ဟုတ်ဟု သူတို့က ခံယူထားသလို ဘာသာရေးလုပ်ခြင်းဖြင့် စိတ်ဓာတ်ချူး ညံ့သွားကာ နိုင်ငံရေးခံယူချက်တွေကို စွန့်လွှတ်ပြီး အရှုံးပေးသွားစေညြ လည်း တွေးထင်ထားကြသည်လေ။ သူတို့မှုက ရောမရောက်လျှင် ရောမ ကျင့်ဆိုသည့် စကားအတိုင်း ထောင်ထဲမှာနေလျှင် ထောင်ဥပဒေကို နာ၊ ထောင်ဓလေ့အတိုင်း အဂတိကို တိတ်တခိုးကျင့်သုံးပြီး ပြင်ပကာ င်ရေးနယ်ပယ်မှာ စွန့်လွှတ်အနစ်နာခံသူတွေအဖြစ် သမိုင်းမှတ်တမ်းအတင် အပြင်ရောက်မှ ကိုယ့်နိုင်ငံရေးအသိုင်းအဝိုင်းနှင့် ပြန်ဆက်ဆိုတာမျိုး သည်။ သည်တော့ သူတို့၏ နိုင်ငံရေးမှုက ထောင်ပြင်နှင့် ထောင်တွင်း ခြားချက်အနည်းငယ် ရှိနေသည့်တိုင် ထောင်ထဲရောက်လာသည့် နိုင်ငံရေး သူတွေ ဘာသာရေးလုပ်လျှင် အညံ့ခံ၊ အရှုံးပေးသွားကြသူတွေ၊ စိတ် ဓာတ်မခိုင်မာသူတွေဟု သဘောထားတတ်ကြပြန်သည်။

ကျန်တိုက်သူတွေမှာတော့ ကျွန်မ၏အစီအစဉ်ကို ဘာမှ မဝေဖန်။ ချီးကတော့ အားပေးသည်။ ညတိုင် သူနှင့်စကားရပ်ပြောတာတွေလည်း ထားမည့်အကြောင်း ရှင်းပြရသည်။ သူ့ခမျာ ကျွန်မ၏ ပိုင်းဖြတ်ထား သော စိတ်အနေအထားကို နားလည်သဖြင့်သာ ထိုအဆိုကို အလွယ်တကူ ကခံခြင်းဖြစ်သည်။ သို့သော် သေချာသည်ကတော့ ပြင်ပရိပ်သာတွေမှာလို ဆေးငြိမ်သက်သည့် ပတ်ဝန်းကျင်မျိုးကို ကျွန်မ မည်သို့မျှ မျှော်လင့်၍ နိုင်ခြင်းပင်။ သို့သော် သည်လိုပတ်ဝန်းကျင်မျိုးမှာ သည့်ထက်ပိုပြီး ကိုမှ မျှော်လင့်၍ မရနိုင်မှန်း သိထားသဖြင့် ထူးပြီးမခံစားတော့။ ကိုယ်ခံစားနေရသည့်အကြောက်တရားကို ကျော်လွှန်ဖို့က ဝိပဿနာတရားမှ ပြီး အခြားမရှိမှန်းလည်း သိနေပြီမို့ သည်ထောင်ဓမ္မရိပ်သာကိုပင် အရိုး လေး၊ ချေးခါးလေး ရွေးမနေနိုင်တော့။ ပြန်တွေးကြည့်တော့ ထောင်ကို ရှုပဒေသဝါသောစထဲမှာ မပါ၊ နေကောင်းသောအရပ် မဟုတ်ဟု သတ် တတ်ကြခြင်းမှာ တရားဓမ္မ မထွန်းကားသည့် အရပ်ဖြစ်နေခြင်းလည်း ကြောင်းပါသည်ပင်။ အမှန်တော့ မနေကောင်းသည့်အရပ်သာ ရှိပြီး ရားအားမထုတ်ကောင်းသည့်အရပ်ဟုတော့ မရှိချေ။ သည်ခံယူချက်ကြောင့် ည်း ကိုယ့်နေရာကို ထောင်ဓမ္မရိပ်သာအဖြစ် ပြောင်းလဲရန် ဝန်မလေးသော အပြင် ဆိုရိုးရှိသည်က ရေးက ကုသိုလ်ပြုဖူးသောအရပ်၊ ပုဗ္ဗေစကတပုည ဖြစ်လျှင် ထိုအရပ်သည် ကိုယ့်အတွက်အောင်မြေဟု။ သည်တော့ ခေတ် အလီလီပြောင်းပြီး အတိတ်သမိုင်းတွေ အမျိုးမျိုးဖြစ်ပျက်ရာမှ သည်

www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်သည့် အင်းစိန်ထောင်၊ မအချုပ်ဆောင်၊ အနောက်တိုက်ခန်းသည် ကျွန်မ၏ အတိတ်ဘဝ တစ်ချိန်ချိန်က ကုသိုလ်ပြုခဲ့ဖူးသောအရပ်လည်း ဖြစ်ချင်ဖြစ်နေနိုင်သည်လေ။ ထောင်သည် အောင်မြေမဖြစ်နိုင်ဟု မည်သူဆို သနည်း။ သည်တော့ ကျန်တာတွေ ဘာဆိုဘာမှ မစဉ်းစားတော့ ဝိပဿနာတရားကို ပြင်ပရိပ်သာမှာ အားထုတ်သည့် စံနှုန်းများအတိုင်း အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဟုသာ သန္နိဋ္ဌာန်ချဖြစ်လိုက်ပါတော့သည်။

❖

## သုတ၊ လုံ့လ၊ သတိ၊ ပညာ

### တစ်ကိုယ်တော် ထောင်ဓမ္မရိပ်သာ

ငယ်ငယ်က ရိပ်သာဝင်အားထုတ်ခဲ့ဖူးသော်လည်း ဝိပဿနာတရား ဟူသည် နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်သကဲ့သို့ အေးချမ်းမှုကို ပေးနိုင် သည်၊ ဗုဒ္ဓအလိုအရ သည်တရားကို အားထုတ်လျှင် မည်သူမဆို ကံကြ ထိုက်ထားတာမျိုး မရှိက နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည် စသဖြင့် လေ့လာ ထားသမျှ စာပေတို့မှဆွဲဆောင်မှုဖြင့်သာ အားထုတ်ခဲ့ခြင်းမျိုးဖြစ်သဖြင့် လုံ့လ စိုက်မှုမှာ ရှိသည်ဆိုရုံသာ ရှိခဲ့လေသည်။ ထို့ကြောင့်လည်း တစ်နေ့လုံး အမှတ်စိတ်ဖြင့် နေထိုင်သွားလာအားထုတ်ရခြင်းမှာ အသားမကျခဲ့ပေ။ ရိပ်သာ များမှာ အားထုတ်ရသည့်အခါ ဖြစ်လေ့ရှိသည်က အများနှင့်မို့ ကိုယ့်အချိန် အဆနှင့်ကိုယ် စီစဉ်၍ မရခြင်းပင်။ နံနက်သုံးနာရီလောက် အုန်းမောင်းခေါ် လျှင် ထပြီး မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်၊ နောက်တော့ တရားထိုင်၊ အာရုဏ်ဆွမ်းစား၊ ဘုရားဝတ်ပြု၊ သီလယူ၊ စင်္ကြံလျှောက်၊ နေ့ဆွမ်းစား နေ့လယ်တရားနာ၊ တရားထိုင်၊ စင်္ကြံလျှောက်၊ ရေမိုးချိုး၊ တရားထိုင်၊ စင်္ကြံ လျှောက်၊ ညပိုင်းတရားလျှောက် တရားစစ်၊ တရားပြန်ထိုင်ပြီး အိပ်။ ထိုအချိန် ဇယားအတွင်းမှာ အများနှင့်အတူ အမှတ်စိတ်မပျက်နေရခြင်းမို့ ရိပ်သာ တွေမှာက တွန်းအားရှိနေသည်။ အများက အားထုတ်နေသဖြင့် ကိုယ်က ခိုနေ၍မရ။ ကျွန်မအဖို့ ယခုအချိန် ထောင်ထဲမှာ အားထုတ်လေတော့ ကိုယ်က လွဲပြီး အားထုတ်နေသူ မရှိသဖြင့် ခိုချင်လည်း ရသလို အားမထုတ်



သော့ဟု နေလျှင်လည်း ရသည်။ တရားလျှောက်ထားရမည့် ဆရာတော်မရှိ၊ တရားစစ်ပေးမည့် ဆရာတော်မရှိ။ သည်တော့ ကိုယ့်တရား ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းလည်း မသိနိုင်။ မှားနေလျှင် ပြင်ပေးမည့်သူမရှိ၊ မှန်နေလျှင် အားပေးမည့်သူမရှိ။ ထို့အပြင် သူက တရားအားထုတ်နေခိုက်မို့ ငါတို့က အတတ်နိုင်ဆုံး ဆူဆူညံညံမလုပ်ဘဲ ကူညီမည်ဟု တွေးပေးမည့်သူလည်းမရှိ။ ထောင်တိုက်သားတွေက အတာန်အသင့် အလိုက်သိတတ်သော်လည်း ရိပ်သာ ထုတ်ဆိုသည့်အသိက သူတို့ကို ထူးပြီးဆင်ခြင်နေထိုင်ဖြစ်အောင် မကြိုးစား နိုင်ခဲ့။ သည်လိုနှင့် ကျွန်မ၏ တစ်ကိုယ်တော် ထောင်ဓမ္မရိပ်သာ ဖွင့်ဖြစ်ခဲ့ သည်။

အပါယ်ကိုကြောက်သည့်အကြောက်သည် သည်မျှသော ခွန်အားနှင့် လုံ့လကို ဖြစ်စေမည်ဟု ကျွန်မ မည်သည့်အခါကမျှ မတွေးဖြစ်ခဲ့။ သို့သော် ကျွန်မသည် စတင်အားထုတ်သည့်နေ့၊ အားထုတ်သည့်အချိန်မှ၎င်းကာ တစ်နာရီဆက်မျှ အားမလျော့ မပျင်းရိဘဲ တစ်ရှိန်ထိုးလုံ့လမျိုးဖြင့် အားထုတ် ခဲ့သည်ကဖြင့် အမှန်တရားပင်။ သည်မှာ ကျွန်မ ပြန်ဆင်ခြင်မိသည်က ကာယ်၍ ကျွန်မသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသင့်သဖြင့် အားထုတ်သင့် သည်ဟု ခံယူပြီး အားထုတ်ခဲ့လျှင် သည်မျှလုံ့လမျိုး ဖြစ်ကောင်းမှ ဖြစ်ခဲ့မည် မဟုတ်ပင်။ ယခုတော့ အပါယ်မှ လွတ်လိုစိတ်၊ ခံစားနေရသော ခံစားခဲ့ရသော ခံစားရလတ္တံ့သော ဒုက္ခအမျိုးမျိုးမှ လွတ်လိုစိတ်ကြောင့်သာ သည်လုံ့လမျိုး ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။ (သည်နေရာမှာ ကျွန်မ၏ 'ဒုက္ခ'အပေါ် အမြင်မှာ လည်း အားမထုတ်မီအချိန်နှင့် အားထုတ်ပြီး ချိန်များမှာ ကွာခြားခဲ့ပြန်ပါ သည်။) ထို့ကြောင့် ကျွန်မက နောက်ပိုင်းမှာ ဗလဝဝိပဿနာ၊ အားကောင်း သောအားထုတ်မှုမျိုးကို ရရန် အခြေခံအကြောင်းမှာ နိဗ္ဗာန်ရောက်လိုစိတ်ထက် အပါယ်နှင့်ဆင်းရဲမှ လွတ်လိုစိတ်ဖြစ်သည်ဟု ပြောဖြစ်ပါသည်။ ၁၉၈၈ နောက်ပိုင်း ကျွန်မတို့၏ နိုင်ငံရေးလှုပ်ရှားမှုများကို ပြန်ကြည့်လျှင်လည်း များစုမှာ ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို နားမလည်ကြရ သေး ဒီမိုကရေစီကို လိုချင်လွန်းသဖြင့် လှုပ်ရှားမှုထဲ ပါလာခြင်းထက် ကျင့်ရှိလှုမှုရေး၊ စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်လိုရင်းတသား များကျသည်ကို တွေ့ရပါမည်။ သို့ဖြင့် ကြောက်စိတ်က လွတ်လိုမြောက်ရေးလမ်းစပေါ် အရှိန်အဟုန်ကောင်းကောင်းဖြင့် တွန်းပို့ခဲ့ပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



အပါယ်နှင့်ဆင်းရဲကို ကြောက်စိတ်ကြောင့် အားထုတ်ရာမှာ ပထမ
အာဇီဝဋ္ဌမကသီလကို ခံယူပြီးသည့်နောက် မိမိကိုယ်ခန္ဓာကို မြတ်
ဘုရားအား ပေးအပ်လှူဒါန်းမှုကို ပြုခဲ့ပါသည်။ အားထုတ်သူမှာ အ
အတွက် ဆက်လက်အားထုတ်မှုကို ရပ်တန့်ဟန့်တားစေသည့် အကြော
များအနက် တစ်ကြောင်းမှာ နေထိုင်မကောင်းဖြစ်မှာ ကြောက်ရွံ့ခြင်း
ထို့ကြောင့် ကိုယ်ခန္ဓာအပေါ် ကြောင့်ကြစိတ်နည်းပါးရန် မိမိခန္ဓာကိုယ်
မြတ်စွာဘုရားထံ လှူဒါန်းထားတတ်ကြပါသည်။ ကျွန်မအဖို့တော့ တစ်
အားဖြင့် ဒုက္ခြားစိုးရိမ်ကြောင့်ကြစရာ မှန်သမျှကို ရှင်းလင်းထားပြီး အပါယ်
ဆင်းရဲကို ကြောက်စိတ်သက်သက်သာ ချန်ထားခဲ့ခြင်းပင်။ ထို့ပြင် မေ
ပို့သည့်အလုပ်ကို အချိန်အတော်ကြာကြာလေး အလျှင်ဦးစွာပြုရသ
သို့မှသာ စိတ်က မေတ္တာစွမ်းကြောင့် မုဒုဖြစ်လာ၊ နူးညံ့သိမ်မွေ့လာမည်
နောက်တစ်ခါ ကျွန်မစဉ်းစားဖြစ်သည်မှာ ရိပ်သာများမှာ ကျင့်သ
အရိယာပုတ်မပြောင်းဘဲ သတ်မှတ်ချိန် နာရီစေ့သည့်တိုင် ထိုင်ခြင်း၊ လျှော
ခြင်းများကို အားထုတ်ခြင်းမပြုရန် ဖြစ်ပါသည်။ အကြောင်းက နှစ်ခု
သည်။ ပထမအကြောင်းက တောင်ထဲမှာဖြစ်နေသည့်အတွက် မိမိ၏အ
နှင့် အခြေအနေကို မိမိဘာသာ အစိုးမရခြင်းဖြစ်ပြီး ဒုတိယအကြောင်း
တော့ ဖတ်ခဲ့သော သစ္စာဒီပကဦးကြည်၏ စာအုပ်အလိုအရ အနတ္တာခန္ဓာကို
ကြီးဖြစ်သဖြင့် မိမိကိုယ်ကို အစိုးရအောင် ဇွတ်ကြိုးစားအားထုတ်ခြင်း
မသင့်ခြင်းကြောင့် ဖြစ်ပါသည်။ တောင်မှာက အချိန်မရွေး ပုံစံအော
ကိုယ့်နေရာကိုယ် အရောက်သွားပြီး ထိုင်ရသကဲ့သို့ ကိုယ့်အတွက် ရေ
လမ်းလျှောက်ချိန်အဖြစ် တံခါးလာဖွင့်ပေးလျှင်လည်း အချိန်မဆွဲဘဲ ထွက်
ရေချိုးအဝတ်လျှော်ဇာဟီရများကို လုပ်မှဖြစ်မည်။ ထို့အတူ ကိုယ့်ကို
အစိုးရမသည့်သဘော၊ ငါမရှိသည့်သဘော၊ စေခိုင်းသူဝိညာဉ် မရှိသ
သဘောကို ဉာဏ်မျက်စိဖြင့် မြင်အောင် အားထုတ်ရမှာမို့ နာချင်နာ၊ ညော
ချင်ညောင်း၊ သေချင်သေ ငါ့အရိယာပုတ်ကို ငါမပြင်ဆိုသည့်စိတ်မျိုး ထ
မှာကလည်း ငါ့သဘောဖြစ်အောင် ဇွတ်တွန်းသလိုဖြစ်နေသည်မို့ မဖြစ်သင့်
တွေးမိသည်။ ထို့ကြောင့် အရိယာပုတ်ကို လိုသလိုပြောင်းဖို့ စိတ်ပိုင်းဖြ
ရသည်။



## ရှုမှတ်သဘာဝ

သို့နှင့် စတင်အားထုတ်စမှာပင် မှတ်အားက ကောင်းနေခဲ့သည်။
သီးဖျားမှ လေအဝင်အထွက်ကို ပင်တိုင်အာရုံအဖြစ်ထားပြီး အားထုတ်
သော်လည်း ယောက်ယက်ခတ်နေသည့်စိတ်ကြောင့် ခဏအတွင်းမှာပင်
ပေါ်သမျှအာရုံတွေနောက် ပြောင်းပြီးမှတ်ရသည်ချည်းပင်။ အားထုတ်စမှာ
မှတ်စိတ်က အတန်အသင့်အားကောင်းသည်ဟု ဆိုရမည့်တိုင် မမှတ်လိုက်
ဘဲ လွတ်ထွက်သွားသည့်စိတ်တွေ ရှိနေသေးသည်။ အမှတ်စိတ်က
သီးဖျားက လေဝင်လေထွက်ကို အာရုံပြုထားတုန်းမှာ စိတ်တွေက အိမ်
ရောက်လို ရောက်၊ တွေးချင်ရာတွေးနေတတ်ပြီး ကိုယ့်ဘာသာကိုယ် တွေးလို့
တွေးနေမှန်း မသိ။ အတော်ကြာကြီး စိတ်ခံစားမှုတစ်ခုခု ထင်ထင်ရှားရှားပေါ်
သမှ 'ဝင်တယ်၊ ထွက်တယ်' ဆိုသည့် မှတ်စိတ်တွေကြားမှာ ကိုယ့်စိတ်တွေ
က ရောက်ချင်ရာရောက်နေခဲ့မှန်း သိပြန်သည်။ ထိုအခါမှ 'စိတ်လွင့်တယ်၊
ပါသဖြစ်တယ်' စသဖြင့် အမှတ်စိတ်ကို ပြန်ကပ်ရသည်။ အမှတ်စိတ်
လေးက အတန်ကြာအားကောင်းလာပြန်လျှင် စိတ်တွေက ဘယ်ကိုမှ
ရောက်တော့ပြန်ရာ အမှတ်စိတ်ကို နှာသီးဖျားထံ ပြန်ကပ်ရသည်။ 'ဝင်
တယ်၊ ထွက်တယ်' အမှတ်လေးကို မှတ်သည့်အခါမှာလည်း နှာသီးဖျားမှာ
ဝင်သွား၊ လေထွက်သွားသည့် ခံစားသိကို မိမိရရသတိထားရသည်။
ဖြင့် အမှတ်စိတ်က ပူးတုံခွာတုံ။ ထင်ရှားအာရုံဖြစ်လျှင် အမှတ်စိတ်က
ကောင်းကောင်းမှတ်နိုင်သော်လည်း အာရုံက မထင်မရှားဖြစ်လျှင်သော်
လည်းကောင်း၊ ကိုယ့်စိတ်က ထိုင်းမှိုင်းပျံ့လွင့်နေလျှင်သော်လည်းကောင်း
အမှတ်စိတ်က မလိုက်နိုင်။ သည်တော့ နမူနာပြရလျှင် စိတ်ထဲက အမှတ်
ပုံမှာ ရံဖန်ရံခါမှာ သည်သို့ဖြစ်လာတတ်သည်။ 'ဝင်တယ်၊ ထွက်တယ်၊
ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်၊ သည်ခြေသံက ဟိုဝန်ထမ်း
ဆိုးရဲ့ ခြေသံပဲ၊ ဝင်တယ်၊ ထွက်တယ်၊ ဘယ်အခန်းကို သွားနေပါလိမ့်
ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်၊ သော့ဖွင့်သံ ခုထိ
သေးပါလား၊ ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်၊ ဘယ်
ဘာလာတွတ်ထိုးမှန်းမသိဘူး၊ ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်၊
ပြဿနာတွေမဖြစ်ပါစေနဲ့၊ ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်၊
ဖြစ်ချင်ရာဖြစ်၊ ငါ့ဘာသာ ငါ့အလုပ်ငါ လုပ်နေတာပဲ၊ ဝင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲ ငါ စိတ်လွင့်နေတာပဲ၊ တွေးနေတာပဲ၊ တွေးတယ်၊ တွေးတယ်၊ တွေးတယ်၊ ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်'

သည်လို အမှတ်စိတ်က ပူးတုံခွာတုံဖြစ်ရခြင်းမှာ ကိုယ့်ဘက်က ဝီရိယအားလျော့သဖြင့်ဟု သတိထားမိလာသည်။ အမှတ်စိတ်ကို ခပ်စိပ်စိပ် မှတ်နိုင်အောင် ကိုယ့်စိတ်က ဖျတ်ဖျတ်လတ်လတ်ရှိဖို့လိုကြောင်းလည်း တွေးမိသွားသည်။ သို့ဖြင့် အမှတ်တွေကို ခပ်စိပ်စိပ်မှတ်စပြုသည်။ နှာသီးဖျား မှ လေအဝင်အထွက်ကို သိရုံသာမက ထိုလေဝင်သွားသည့်နောက် ဝမ်းဗိုက် အဖောင်းအထိ၊ နောက် ဝမ်းဗိုက်ပြန်ပိန်သွားကာ နှာသီးဖျားကနေ လေထွက် သွားသည်အထိ စိတ်မျက်စိနှင့်အသိကို စိုက်ပြီးမှတ်သည်။ သည်အခါ အမှတ်စိတ်မှာ 'ဝင်တယ်၊ ထွက်တယ်'နှင့် မလုံလောက်တော့။ 'ဝင်တယ်၊ ဖောင်းတယ်'ဟု လေဝင်သည့်အခိုက်အတန့်လေးမှ ဝမ်းဗိုက်ဖောင်းသည့် အခိုက်အတန့်လေးအထိကို အာရုံနှင့်မှတ်စိတ် တစ်သားတည်းကျအောင် မှတ်ဖြစ်သည်။ ထို့အတူ 'ပိန်တယ်၊ ထွက်တယ်'ဟု ဝမ်းဗိုက်ပိန်သည့် အခိုက်အတန့်လေးမှ နှာသီးဖျားမှ လေတိုးထွက်သွားသည့်အခိုက်အတန့်လေး အထိ အာရုံနှင့်မျက်စိ တစ်သားတည်းကျအောင် မှတ်ပြန်သည်။ ထိုသို့ အမှတ်စိပ်လာသည့်အခါ အတိတ်က ပုံရိပ်ဟောင်းများ ပြန်လည်မြင်ယောင် လာစိတ်တွေ၊ အနာဂတ်အတွက် စိတ်ကူးယဉ်တွေးတောနေမှုတွေ၊ အကြား အာရုံတစ်ခုခုကြောင့် တဒင်္ဂအတွင်း ခံစားမှုအမျိုးမျိုးဖြစ်လာစိတ်တွေက အတန်အသင့် ကျဲတောက်သွားတော့သည်။ သို့တိုင် 'ဝင်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထွက်တယ်'ဆိုသည့် အမှတ်တွေကြားမှာ စိတ်အခြေအနေပေါင်းစုံ၊ ခံစားသိပေါင်းစုံက ဝင်လာသေးသည်။ သို့သော် မှတ်အားက နိုင်လာချိန်မှာ တော့ ထိုစိတ်မျိုးတွေက ကြာကြာမခံဘဲ ပျောက်သွားတတ်ပါသည်။

ပြောခဲ့သည့်အတိုင်း အမှတ်စိတ်ကို ခပ်စိပ်စိပ်မှတ်မှ စိတ်က တည်ငြိမ် လွယ်သည်မို့ အသေးစိတ်မှတ်သလို ခပ်စိပ်စိပ်လည်း မှတ်ဖြစ်သည်။ အချိန် ကြာကြာမှတ်လာသည့်အခါ ညောင်းညာကိုက်ခဲယားယံတာတွေဖြစ်လာပြီး ထိုအာရုံတွေကိုတော့ ကောင်းကောင်းကြီး သတိထားမိကာ အမှတ်မလွတ် ဖြစ်။ သည်လိုနှင့် ပေါ်သမျှမှတ်ရာမှာ 'ဝင်တယ်၊ ဖောင်းတယ်၊ ထိုင်တယ်၊ ထိတယ်၊ ပိန်တယ်၊ ထွက်တယ်' စသဖြင့် နှာသီးဖျားနှင့် ဝမ်းဗိုက်သာမက ကိုယ်ခန္ဓာအနေအထားနှင့် သိစိတ်တို့ကိုပါ မလွတ်တမ်းမှတ်နိုင်လာသည်။ ထို့ပြင် ကိုယ်ခန္ဓာအနေအထားကို ပြင်ချင်သည့်အခါများမှာလည်း 'ယား



တယ်၊ ယားတယ်၊ ကုတ်ချင်တယ်၊ ကုတ်ချင်တယ်၊ ကုတ်တယ်' စသဖြင့် အမှတ်မပျက် ပြင်နိုင်လာသည်။ စင်္ကြံလျှောက်ရာမှာလည်း ပထမတော့ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်'လောက်မျှသာ မှတ်နိုင်သည်။ နောက်ပိုင်းမှာ တော့ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ သိတယ်'ဟု မှတ်လာနိုင်သည်။ ထိုမှတစ်ဖန် 'ကြွချင်တယ်၊ ကြွတယ်၊ လှမ်းချင်တယ်၊ လှမ်းတယ်၊ ချချင် တယ်၊ ချတယ်၊ ထိတယ်'ဟု 'ချင်စိတ်'လေးတွေ ထည့်မှတ်နိုင်လာသည်။ ထို'ချင်စိတ်'လေးတွေ ပေါ်နေမှန်းသိအောင် လှုပ်ရှားမှုကို ဖြည်းဖြည်းနှေးနှေး ပြုရာမှာလည်း ယခင်ကလောက် မခက်ခဲဘဲ သဘာဝကျကျ ဖြစ်လာသည်။ ရေချိုး၊ ထမင်းစားသည့်အခါတွေမှာလည်း 'ခွက်ကို မချင်တယ်၊ မတယ်၊ ခပ်ချင်တယ်၊ ခပ်တယ်၊ လောင်းချင်တယ်၊ လောင်းတယ်၊ အေးတယ်'၊ 'လက်လှမ်းချင်တယ်၊ လှမ်းတယ်၊ ထမင်းကို ဆုပ်ချင်တယ်၊ ဆုပ်တယ်၊ လက်မချင်တယ်၊ မတယ်၊ ကျွေးချင်တယ်၊ ကျွေးတယ်၊ ခွံ့ချင်တယ်၊ ခွံ့တယ်၊ ဝါးချင်တယ်၊ ဝါးတယ်၊ စပ်တယ်၊ သိတယ်' စသဖြင့် အသေးစိတ်တွေကို ပိုပြီးမှတ်နိုင်လာသည်။ အမှန်တော့ တကယ့်အမှတ်စိတ်မှာ ယခုရေးပြသည် ထက် ပိုအသေးစိတ်ပြီး မှတ်ချက်တွေက လှုပ်ရှားမှုချိန်တာနှင့် လိုက်ကာ အကြိမ်အရေအတွက် များပါသည်။ သို့ဖြင့် အရိယာပုတ်လေးပါးလုံးမှာ အမှတ်စိတ်က မပြတ်တမ်းရှိလာတော့သည်။ သည်မှာ တခြားဘာမှမသိ သေးသော်လည်း ယခင်ကနှယ် လွင့်ပျံ့နေသော စိတ်တွေကို လွင့်နေမှန်းမသိ အမှတ်စိတ်တွေလွတ်ပြီး အတော်ကြာမှ ပြန်သိကာ ပြန်မှတ်လိုက်၊ ပြန်လွင့် သွားလိုက်နှင့် လုံးချာလည်လိုက်နေစဉ်လို ပင်ပန်းတကြီးမဖြစ်တော့ဘဲ သက်သောင့်သက်သာဖြစ်လာခြင်းပင်။ လှုပ်ရှားမှု၊ အာရုံနှင့် အမှတ်စိတ်တို့ အသားကျ၊ တိုင်ပင်ကိုက်စပြုလာသည်။ သို့သော် စိတ်ပျံ့လွင့်မှုမျိုးက လုံးလုံးပျောက်မသွားသေး။ ယခင်ကလို အချိန်အကြာကြီး ပျံ့လွင့်မနေတော့ တာပဲ ရှိသည်။

ထို့နောက် ပြဿနာဖြစ်လာသည်က အကြားအာရုံ။ လောလောဆယ် မှာ ထောင်အခန်းထဲဖြစ်၍ မျက်စိပိတ်ထားသည်ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ မြင်ရသမျှသည် ထူးခြားအာရုံ တယ်မဖြစ်။ အင်္ဂတေနံရံကိုသာ အချိန်တိုင်း လိုလို မြင်နေရသည်။ အနံ့နှင့်အရသာမှာလည်း ထိုင်မှတ်နေသည့်အခိုက်မှာ ထူးခြားမှုမရှိလှ။ ကျွန်မတို့အခန်းတွေမှာ အနံ့ဆိုတာ ကိုယ့်အညှော်အကြေးမှ လွဲလျှင် တယ်မရှိနိုင်။ ဟင်းနံ့ကျွေးနံ့ဆိုတာမျိုးကလည်း မကြာခဏ ရနေ

www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မဟုတ်သလို ပြောစမှတ်ပြုအောင်လည်း မရှိတတ်။ အရသာကတော့ ထိုင်တရားမှတ်နေခိုက် မစားမသောက်နေချိန်ချည်းမို့ မရှိ။ ကိုယ်ခန္ဓာအထိအတွေ့ကလည်း သည်အခန်းထဲက ကွပ်ပျစ်ပေါ်မှာချည်းမို့ ဘာမှအပြောင်းအလဲ မရှိ။ 'ထိုင်တယ်၊ ထိတယ်၊ သိတယ်'လောက် မှတ်ရုံနှင့် အဆင်ပြေနေသည်။ သို့သော် အကြားအာရုံက ပြဿနာ။ နားက ပိတ်ထား၍မရသဖြင့် ဘာမဆိုကြားနေရသည်။ ထို့ပြင် ထောင်ထဲက တိုက်ခန်းထဲမှာ နေကြရသူတွေပီပီ အကြားအာရုံကို အားကိုးလေ့က ရှိနေခြင်းကြောင့် နားကလည်း ပါးလွန်းနေသည်။ အဝေးမှအသံရော၊ အနီးမှအသံပါ ကောင်းကောင်းနားထောင်တတ်နေသည်။ အမှန်တော့ နားကို ခြေနှင့်မျက်စိတွဲဘက်လို အသုံးချတတ်သည့်အကျင့်ကလည်း အတော်အသားကျနေသည်။ အသံတစ်ခုကို ခွဲခြမ်းစိတ်ဖြာမှုက ထောင်ထဲက တိုက်ခန်းတွေမှာနေရသူတွေအတွက် လုပ်နေကျအလုပ်ပင်ဖြစ်သည်။ အချိန်ပြည့် ဆူညံပွက်လောရိုက်နေပြီး မည်သူမည်ဝါ၏မည်သည့်အသံမှန်း မှန်းဆမရနိုင်အောင် တဝုန်းဝုန်း လူသံတွေက ကျွန်မတို့တိုက်ဝင်းအပြင်ဘက် မအချုပ်ဆောင်၏ နောက်တွေမှာ ကြီးစိုးတတ်သဖြင့် ထို အသံတွေ တစ်မုဟုတ်ချင်း တိတ်ဆိတ်သွားလျှင် ထောင်အရာရှိတစ်ဦးဦး ရှောင်တခင်ဝင်ချလာတာမျိုး ဖြစ်နိုင်ကြောင်း၊ တစ်စစ တိုးတိုးပြီးမှ တိတ်သွားပြီး ခဏအတွင်း ပြန်ဆူလာလျှင် အစားအသောက် ဝေတာဖြစ်စေ၊ အမိန့်တစ်ခုခု ကြေညာတာဖြစ်စေ ဖြစ်နိုင်ကြောင်း ပြေးကြည့်စရာမလိုဘဲ အတွေ့အကြုံအရ သိနေကြသည်။ ထို့အတူ ကိုယ့်တိုက်ဝင်းထဲမှာလည်း ဝန်ထမ်းအသီးသီးနှင့် ကိုယ့်အချင်းချင်း အားလုံး၏ မတူကွဲပြားသော ခြေသံများကို ကြားရုံနှင့် ခွဲခြားသိသည်။ သော့ဖွင့်ပိတ်သံကို ကြားရရုံနှင့်လည်း မည်သည့်အခန်းကို ဖွင့်ပိတ်နေကြောင်း ပြောနိုင်သည်။ သည်မျှ အကြားအာရုံကို မှီခိုပြီးနေရသည့် အကျဉ်းသူက ထောင်ထဲမှာ တရားအားထုတ်သောအခါ အကြားအာရုံကို မှတ်ရတာ ပြဿနာဖြစ်လာသည်။

အမှန်တော့ သည်အကြားအာရုံကိုမှတ်ရင်း ဆင်ခြင်ရင်းကပင် အသိတွေ ပြောင်းခဲ့ရသည်။ ပေါ်သမျှကို သိလိုက်သကဲ့သို့ သိသမျှကို မှတ်နိုင်လာချိန်မှာ သည်အကြားအာရုံက မှတ်သည့်သူကို အလုပ်ပိုစေသလို ဖြစ်လာသည်။ ဘာသံမှ မကြားရသည့် ညနက်ပိုင်းတွေမှာ နှာသီးဖျား လေအတိုးကို မှတ်ရတာ အလွန်သိမ်မွေ့ပြီး အလွန်လည်း ထင်ရှားလာနေသည်။ လေရပ်ကလေးတွေ တစ်ခုနှင့်တစ်ခု တွန်းတိုက်ကာ အသက်ရှူသွင်းချင်စိတ်ကလေး



ဖြစ်လာပြီးနောက် လေက နှာသီးဖျားကို ထိတိုက်ပြီး ဝင်သွားကာ ဝမ်းဗိုက်ကဖြည်းဖြည်း ဖောင်းလာတာ၊ အသက်ရှူထုတ်ချင်စိတ်ကလေး ဖြစ်လာတာ၊ ဝမ်းဗိုက်က ပြန်ပိန်သွားတာ၊ လေတွေက နှာသီးဖျားကို တိုးတိုက်ပြီး ပြန်ထွက်သွားတာ စသဖြင့် ရှင်းခနဲ လင်းခနဲ မှတ်ကောင်းသလောက် အသံတွေ ဆူသည့်နေ့ပိုင်းတွေမှာတော့ ခုလိုမဟုတ်တော့။ 'ရှူချင်တယ်၊ ရှူတယ်၊ ထိတယ်၊ ထိတယ်၊ သိတယ်၊ ဖောင်းတယ်၊ ရှူထုတ်ချင်တယ်၊ ပိန်တယ်၊ ထွက်တယ်၊ သိတယ်' စသဖြင့် မှတ်နေရာမှ 'ရှူချင်တယ်၊ ရှူတယ်၊ ထိတယ်၊ သိတယ်၊ ဆဲသံကြားတယ်၊ ဝန်ထမ်းမဘယ်သူလို့ သိတယ်၊ မကြိုက်ဘူး၊ မကြားချင်ဘူး၊ ရှူချင်တယ်၊ ရှူတယ်၊ ဝင်တယ်၊ သိတယ်. . .'စသဖြင့် အပိုတွေ မှတ်နေရသည်ဟု မြင်လာသည်။ ထို့အတူ သီချင်းသံလို အသံမျိုးကြားလာရလျှင်လည်း 'သီချင်းသံကြားတယ်၊ သဘောကျတယ်၊ နားထောင်ချင်သေးတယ်'ဟု သိသမျှကို ပြည့်စုံအောင် လိုက်မှတ်လာရသည်။ သည်မှာ ပိုဆိုးသည်က သီချင်းသံဆိုလည်း မည်သူမည်ဝါက ဆိုထားကြောင်း သိသည့်အခါ သိနေပြီး သိသမျှကိုလည်း မှတ်နေရပြန်သည်။ ထို့ပြင် စိတ်က တည်ငြိမ်ပြီး အေးချမ်းငြိမ်သက်နေခိုက်မှာ ကပ်လျက်အခန်းက တံခါးဖွင့်ပိတ်သံကပင် မိုးထစ်ချုန်းသံလို တော်လဲသံလို ကျယ်လောင်ပြီး ထိတ်လန့်မှုကို ဖြစ်စေသည်။ ထို့အတွက် ကိုယ်တရားထိုင်နေစဉ် တံခါးကို အသံမမြည်အောင် ဖွင့်ပိတ်ပေးဖို့ပြောရန် ဖြစ်သည်လည်းမဟုတ်။ သည်တော့ နားရှိခြင်းနှင့် အသံတွေကြားနေရခြင်းကို စိတ်ထဲမှာ ငြိုငြင်လာသည်။

သည်မှာ ပထမဆုံးငြိုငြင်မိသည်က 'သညာ'။ သည်အမှတ် သညာကြောင့် သည်လိုရှည်လျားထွေပြားတွေ မှတ်နေရသည်ဟု ဆင်ခြင်မိသည်။ အသံတစ်သံကို ကြားတယ်ဟု ရိုးရိုးတန်းတန်း မှတ်၍မဖြစ်အောင် သည်သညာက ရှုပ်နေသည်ဟု သညာကို တရားခံ မှတ်နေလိုက်သေးသည်။ နေ့ခင်းပိုင်း ထိုင်မှတ်ချိန်မှာ သည်သညာကြောင့် နှာသီးဖျားကိုပင် အမှတ်စိတ်ကပ်နိုင်လောက်အောင် ရှည်လျားထွေပြားမှတ်လာရသည်။ 'ကြားတယ်၊ စီးသတ်ကားသံ ကြားတယ်၊ စိတ်ပူတယ်၊ မကြားချင်ဘူး၊ ကြားတယ်၊ ရထားဥသြသံ ကြားတယ်၊ လွမ်းတယ်၊ မေမေ့ကို သတိရတယ်၊ အိမ်ပြန်ချင်တယ်၊ တွေးတယ်၊ မောတယ်၊ စိတ်ညစ်တယ်၊ ရှူချင်တယ်၊ ရှူတယ်၊ ဝင်တယ်၊ သိတယ်၊ ကြားတယ်၊ သီချင်းသံကြားတယ်၊ တွံ့တေးသိန်းတန်လို

www.burmeseclassic.com



သိတယ်၊ အလှူလားလို့ တွေးတယ်၊ ရုပ်ရှင်ထဲက ဖိုးပါကြီးကို မြင်ယောင်တယ်၊ ပြုံးချင်တယ်၊ သဘောကျတယ်၊ တွေးနေတယ်၊ တွေးတယ်၊ ကြားတယ်၊ ကြားတယ်' စသဖြင့် ဆန်စင်ရာ ကျည်ပွေ့လိုက်ရသလို နားထဲဝင်လာသမျှကို လိုက်မှတ်လိုက် လိုက်တွေးလိုက်ဖြင့် ရှိလာရာမှ အကယ်၍ သညာမရှိခဲ့လျှင် 'ကြားတယ်'ဆိုရုံဖြင့် ကိစ္စပြီးမှာပဲဟု လမ်းလွဲကာ ဆင်ခြင်ဖြစ်ပြန်သည်။

## သိစိတ်တရားခံ

သို့သော်။ ကျန်အရိယာပုတ်တွေမှာလည်း တတ်နိုင်သမျှ အမှတ်စီးစိပ် မှတ်ဖြစ်ရာ ဆင်ခြင်မှုတွေ ပြောင်းလာသည်။ ရေခပ်ချိုးခိုက်မှာလည်း ယခင်ကဆို 'ခွက်ကို မချင်တယ်၊ မတယ်၊ ခပ်ချင်တယ်၊ ခပ်တယ်၊ လောင်းချင်တယ်၊ လောင်းတယ်၊ အေးတယ်'ဟု မှတ်ဖြစ်ပြီး ခုတော့ 'ခွက်ကို မချင်တယ်၊ မတယ်၊ အေးတယ်၊ သိတယ်၊ သဘောကျတယ်၊ ဆက်မချင်တယ်၊ မတယ်၊ ခပ်ချင်တယ်၊ ခွက်နှစ်တယ်၊ အေးတယ်၊ သဘောကျတယ်၊ ခပ်တယ်၊ မချင်တယ်၊ မတယ်၊ လောင်းချင်တယ်၊ လောင်းတယ်၊ အေးတယ်၊ သဘောကျတယ်၊ ထပ်ချိုးချင်တယ်၊ လက်လှမ်းချင်တယ်၊ လှမ်းတယ်' စသဖြင့် ပိုပြီး အသေးစိတ်မှတ်ဖြစ်လာသည်။ နောက်တစ်ခါ 'ချင်စိတ်'တွေကို စောင့်မှတ်နေစရာမလိုအောင် သိသိလာပြန်သည်။ ချင်စိတ်တွေကို ကျော်သွားလို့မရအောင် ချင်စိတ်တွေက ထင်ရှားလာသည်။ သည်တော့ ရေဆာလို့ ရေသောက်ဖို့အတွက် သောက်ရေအိုးဘေးမှာ ထိုင်ပြီး အမှတ်မှတ်သည့်အခါမှာပင် သည်လိုတွေ့လာရသည်။ 'ရေဆာတယ်၊ ရေဆာတယ်၊ ရေသောက်ချင်တယ်၊ ရေသောက်ချင်တယ်၊ လက်လှမ်းချင်တယ်၊ လှမ်းချင်တယ်၊ လှမ်းတယ်၊ ဆန့်တယ်၊ ခွက်ကို ထိချင်တယ်၊ ထိတယ်၊ သိတယ်၊ အေးတယ်၊ သဘောကျတယ်၊ လက်လှမ်းချင်တယ်၊ လှမ်းတယ်၊ အဖုံးကို မချင်တယ်၊ မတယ်၊ ထိတယ်၊ သိတယ်၊ ဘယ်လိုမနေဘူး၊ ဖယ်ချင်တယ်၊ ဖယ်တယ်၊ ခပ်ချင်တယ်၊ ခပ်တယ်၊ အေးတယ်၊ သဘောကျတယ်၊ ခွက်ကို မချင်တယ်၊ မတယ်၊ လက်ကို ကွေးချင်တယ်၊ ကွေးတယ်၊ သောက်တယ်၊ အေးတယ်၊ ကြိုက်တယ်၊ ထပ် သောက်ချင်တယ်' စသဖြင့် သိတာတွေ များတာနှင့်အမျှ မှတ်တာတွေ များလာ



သည်။ သည်မှာ တရားခံကိုစပြီး ဆင်ခြင်မိပြီ။ တရားခံ သည်အခြည်တိုင်သိသော၊ ကောင်းသည် ဆိုးသည်ဟု သမုတ်ပေးသော သညာမဟုတ်။ တရားခံသည် အာရုံကို သိသော၊ ခံစားမှုကို သိသော သိစိတ်၊ ဝိညာဏ်။ ကြားခြင်းမှာ သီချင်းသံဟု သိသည်က နောက်၊ ကြားသည့် သိစိတ်က အလျင်။ ကြားသည်ဟု သိသည်နှင့်တစ်ပြိုင်နက် မည်သည့်အသံမှန်း သိသည်၊ မည်သည့်အသံဟု ပြောနိုင်သည်၊ ထိုအသံအပေါ် ကောင်းသည် ဆိုးသည်ဆိုသည့် ဝေဒနာခံစားမှုကို ဖြစ်စေသည်။ ထိုခံစားမှုအပေါ် မူတည်ကာ ထိုအသံကို ဆက်ကြားလိုစိတ် သို့မဟုတ် ဆက်မကြားလိုစိတ်ဖြစ်စေသည်။ ကြားခြင်းမှာ အသံနှင့်နားတို့ ထိတွေ့ရာမှ ဖြစ်လာသော ကြားသိစိတ်။ ထိုကြားသိစိတ်ကြောင့် မည်သည့်အသံ၊ မည်သူမည်ဝါ၊ မည်ကဲ့သို့ ဝေဒနာ၊ မည်သည့်ပြုပြင်ချင်မှု စသည့်အရာတွေ တသီကြီးလိုက်ပါလာသည်။ သည်မှာ ရိုးရိုးလေးနှင့် ရုပ်နာမ်ခန္ဓာငါးပါးကို တွေ့လိုက်ရသည်။ နားနှင့်အသံသည် ရုပ်၊ ထိုရုပ်တို့မှ ကြားသိစိတ်နာမ်ကို ဖြစ်စေသည်။ ထိုကြားသိစိတ်သည် သညာ၊ ဝေဒနာ၊ သင်္ခါရတွေကို တစ်ပြိုင်နက်ဖြစ်စေသည်။ ရုပ်နှင့်နာမ်တို့၏ သဘော။ နောက်တစ်ဖန် ပြဿနာတို့၏ တရားခံ။ တရားခံက သိစိတ်။ သည်သိစိတ်ကြောင့် နောက်ဆက်တွဲ လောဘ၊ ဒေါသနှင့် မောဟတို့ ဖြစ်ရသည်။ ကြားချင်သေးသည်၊ မကြားချင်တော့ဘူး၊ ဘယ်လိုမှ မခံစား၊ မဖြစ်ချင် စသဖြင့်။ သည်လိုပဲ အခြားသိစိတ်အားလုံးက နောက်မှာဖြစ်လာမည့် ဝေဒနာ၏ တရားခံ။ ခုမှ တရားခံပေါ်တော့သည်။ ဖြစ်ရလေ။ စောစောက သဘောမပေါက်ခဲ့။ ထို့ကြောင့်သာ သိမြဲတိုင်း သိချင်နေခဲ့သည်။ သိချင်စိတ်တွေကြောင့် သိ။ သိသည့်စိတ်ကြောင့် ဝေဒနာတွေဖြစ်။

သိစိတ်ဝိညာဏ်က နောက်မှာဖြစ်လာသည့် ဝေဒနာတွေ၏ တရားခံဆိုတာ သဘောပေါက်လျှင် သံသရာလည်ပုံကို ဆင်ခြင်သဘောပေါက်သွားပြန်သည်။ သည်သိစိတ်ကြောင့် နာမ်ရုပ်တို့မှာ အပြောင်းအလဲတွေ ဖြစ်ရပြန်သည်။ နာမ်ရုပ်မှာ အာရုံအထိအတွေ့များ ရှိလာလျှင် ခံစားမှုဝေဒနာတွေ ပေါ်လာသည်။ သည်ခံစားမှုတွေက စွဲလမ်းမှုတွေကို ဖြစ်စေသည်။ စွဲလမ်းမှုတွေ မရပ်သွားလျှင် ထိုစွဲလမ်းမှုအတိုင်း ဖြစ်လာအောင်၊ ရရှိအောင် အားထုတ်တော့သည်။ အားထုတ်မှုကြောင့် ထိုအရာတွေကို ရလာသည်။ ထိုအရာတွေ ဆိုရာမှာ 'ဘဝ'တွေ ပါလာပြီ။ ဘဝ၊ ဘဝတွေ ရလာလျှင် အိုနာသေဘေးဆိုသည့် အပျက်တရားတွေ ကြုံရတော့မည်။ သို့သော် သည်

www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ မသုံးသပ်ကြ၊ သည်လိုလည်း သံသရာစက်ဝန်းကို မမြင်မသိ
ကြ။ မသိတော့ သည်စက်ဝန်းကြီး မလည်လည်အောင် ကြိုးစားခဲ့ကြသည်
ကြည့်။ ကိုယ်မကြိုက်သည့်အသံတစ်သံကို ကြားသည်။ ကြားသိစိတ်ဝိညာဏ်
ဖြစ်သည်နှင့် မရပ်။ သဘောကျခြင်း မကျခြင်းတွေ ပါလာပြီ။ သဘောက
လျှင် ထပ်ကြားချင်သည်။ ထပ်ကြားချင်တော့ နားစိုက်ထောင်သည်။ ရုပ်နှင့်
နာမ် အလုပ်ရှုပ်ပြန်သည်။ အသံက နားမှာ ခံတွင်းတွေ့သည်။ ထပ်ကြားချင်
လာသည်။ ဝေဒနာတွေ တက်လာပြီ။ သည်တော့ ကြားမြဲကြားနေလိုစိတ်
တဏှာတွေ တရှုရှုဖြစ်လာသည်။ မကြားရမနေနိုင် စွဲလမ်းလာသည်။ သည်
တော့ ကြားမြဲကြားနေအောင် အားထုတ်တော့သည်။ သည်လိုနှင့် ကြားမြဲ
ကြားရသည်။ ကြားရသည့်အတွက် ဖြစ်လာရသည့် နောက်ဆက်တွဲက
သည်အတိုင်း ဆက်သွားနေသည်။ ကြားလိုသည့်တဏှာ အစမသတ်သရွေ့
ကြားရခြင်းတွေ ပြီးမှာမဟုတ်။ သည်သို့ပင် ဘဝဘဝတွေ ကုန်လွန်ခဲ့ကြပြီး
ရှင်မြဲတိုင်း ရှင်လိုသည်။ ဆင်းရဲကို မသိတော့ ရှင်ချင်သည်။ ရှင်ချင်စိတ်
ကြောင့် ရှင်ကြရသည်။ ရှင်သည်နှင့် သိမှတ်စိတ်တွေ၊ နာမ်ရုပ်တွေ ပိုင်ကြရ
သည်။ နာမ်ရုပ်တွေ အာရုံတွေ ထိတွေ့ကြ၊ ခံစားကြ၊ ဝေဒနာဖြစ်ကြ
လိုချင်ကြ၊ စွဲလမ်းကြ၊ ရရှိအောင် အားထုတ်ကြ၊ ရရှိကြ၊ ရှင်ကြ သေကြ
ဆက်ရှင် ချင်ကြ၊ ရှင်ကြရ။ သည်လိုဆင်ခြင်မိလေတော့ မြတ်စွာဘုရား၏
တရားတော်ကား စာတွေ့နှင့်ငါတွေ့ ညီလှချည့်ဟု သဘောပေါက်ကာ
ကြည်ညိုသဒ္ဓါပွားများလာပြန်သည်။

သည်လိုနှင့် အမှတ်တွေကို တိုးပြီးသာ ဆက်မှတ်နေဖြစ်သည်။
ရုပ်နှင့်နာမ်၏သဘောကို စတင်သိလာရာမှ နောက်ပိုင်းမှာ မှတ်ရတာ ပိုပြီး
လွယ်ကူလာသည်။ သည်နေရာမှာလည်း ငယ်စဉ်က ကြားဖူးမှတ်ဖူးသည်က
ရုပ်နှင့်နာမ် ကွဲအောင်မှတ်ဟုဖြစ်ပြီး ရုပ်ကြီးက သပ်သပ်၊ နာမ်က သပ်သပ်
ဖြစ်နေတာကို ရှာနိုင်းသည်ဟု ထင်မှတ်ခဲ့ပုံတွေကို သတိရမိသည်။ သည်
တစ်ခါလည်း ဘာသာပြန်ပုံ၊ ဝေါဟာရသုံးနှုန်းပုံ လွဲခဲ့ပြီဟု သဘောပေါက်ရ
သည်။ ရုပ်နှင့် နာမ်ကွဲမှ ငါ ပြုတ်မည်ဆိုသည်မှာ ရုပ်နှင့်နာမ်အပြင်
အခြားမရှိတာကို သဘောပေါက်မှ ဖြစ်မည်ဟု ဆိုလိုရင်းဖြစ်ပြီး ရုပ်နှင့်နာမ်
ကွဲသည့်ကိစ္စမှာ အချို့လူတွေ ထင်ကြသလို လက္ခဏာများမှ ခွဲခြားသိခြင်းဟု
ဆင်ခြင်မိလာပါသည်။ တကယ်တော့ အမှတ်ကောင်းနေခိုက်မှာ ဖြစ်လာ
တတ်သည်က ကိုယ်ခန္ဓာ၏ ဖောက်ပြန်မှုများပင်။ ဟိုက နာ၊ သည်က



သား၊ တစ်ခါတစ်ခါမှာ ထုံကျင်ကိုက်ခဲမှုကြောင့် ခြေတစ်ချောင်းလုံး မရှိတော့
သလိုလို၊ တစ်ခါခါမှာတော့ ခေါင်းတစ်ခုလုံး ပေါက်ကွဲထွက်လုမတတ်
လေတွေ တိုးဝှေ့နေတာမျိုး။ အဖြစ်များသည်ကတော့ နှုတ်ခမ်းနှင့် နှာခေါင်း
များတစ်ဝိုက်မှာ တရှုရှုနှင့် တိုးနေသည့် အထိအတွေ့ကို သိနေခြင်းပင်။
တစ်ခါတစ်ရံမှာ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်က အပြင်မှ ပြန်မြင်နေရတာမျိုး၊
သို့မဟုတ် ကိုယ်ခန္ဓာတစ်ခုလုံး ပျောက်သွားပြီး စိတ်ချည်းကျန်နေသလို
မျိုး ဖြစ်လာတတ်သော်လည်း ရုပ်သဘာဝနှင့် နာမ်သဘာဝကို ခွဲခြားသိခြင်း
သည်သာ တရားဟု သဘောပေါက်ခဲ့ပြီမို့ စိတ်ကူးယဉ်ဆန်သည့် တွေ့မြင်နိုင်
မှုတွေနောက် မျောပါမသွားတော့ပါ။

သည့်နောက်မှာလည်း ရုပ်နာမ်တို့၏ သဘာဝကို ဆက်ပြီး မှတ်မြဲ
မှတ်ရင်း ဆင်ခြင်ဖြစ်ပြန်သည်။ သိစိတ်ဝိညာဏ် ပြိုလဲလျှင် ကျန်နာမ်ခန္ဓာ
တွေလည်း ပျောက်တော့သည်။ ကြားတယ်ဟု သိမှတ်နေရာမှ ယားတယ်ဟု
သိစိတ်က ထင်ရှားလာသည့်အခါ ကြားသိက ပျောက်နေပြီ။ ကြားသိစိတ်
ပျောက်သည်နှင့်တစ်ပြိုင်နက် မည်သည့်အသံဟု သိသည့် သညာ၊ ကောင်း
သည် ဆိုးသည် ခံစားသည့် ဝေဒနာနှင့် ထပ်ကြားလို မကြားလို ဆုံးဖြတ်
သည့် သင်္ခါရတွေလည်း ပျောက်တော့သည်။ ယားသည်ဟု သိသည်နှင့်
တစ်ပြိုင်နက် မည်သည့်နေရာက မည်ကဲ့သို့ ယားသည်ကို သိသော သညာ၊
ဆိုးသည်ဟု ခံစားသည့်ဝေဒနာနှင့် ကုတ်လိုသည်၊ အယားဖျောက်လိုသည်ဟု
ပြုပြင်ချင်သော သင်္ခါရလည်း တစ်ပြိုင်နက်ပေါ်လာသည်။ သည့်နောက်မှာ
အယားဖျောက်လိုစိတ်၏ စေ့ဆော်မှုအရ ခြေလက်ရုပ်ခန္ဓာတွေကို သိစိတ်က
အမိန့်ပေးလှုံ့ဆော်ရပြန်သည်။ ချင်စိတ်ကြောင့် ရုပ်တို့ လှုပ်ရှားရသည်။
သည်ရုပ်လှုပ်ရှားမှုတိုင်းမှာ ချင်စိတ်နှင့် သိစိတ်တွေက ထိန်းချုပ်ထားသည်။
နာမ်ကနိုင်း ရုပ်ကလုပ်၊ ဒါမှမဟုတ် ရုပ်က ဖောက်ပြန် နာမ်က သိ၊
နာမ်က ခံစား၊ အမည်တပ်၊ ပြုပြင်ချင်၊ ရုပ်ကို စေစား၊ ရုပ်က ပြောင်းလဲ၊
ရုပ်ပြောင်းလဲမှုတွေကို နာမ်က သိ၊ ခံစား၊ အမည်တပ်၊ ပြုပြင်ဖို့ကြိုးစား
သည်မှာ ရုပ်နှင့် နာမ်၏ အပြန်အလှန်သဘော အညမညနှင့် အဝေးအလှ
သည့်သဘော သဟဇာတတွေကို မြင်လိုက်ရသည်။ သို့သော် အမှတ်စိတ်
တွေက လျော့မသွားဘဲ ယခုကဲ့သို့ ဆင်ခြင်မိသမျှကိုလည်း "ဆင်ခြင်တယ်၊
ဆင်ခြင်တယ်၊ သဘောပေါက်တယ်" စသဖြင့် ဆက်ပြီး မှတ်နေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းနှင့် အကျိုး

ထို့နောက် အတော်ကြီးစိတ်ပျက်လက်ပျက် ဖြစ်လာသည်က အသေး စိတ်မှတ်ရင်းကနေ စက်ဆုပ်ဖွယ်ခန္ဓာကို ပိုသိလာခြင်းကြောင့်ပင်။ ထောင် အခန်းကျဉ်းလေးမှာမို့ ဆီးသွားရန်နေရာသည် ခြေလှမ်းဆယ်လှမ်း မပြည့်ချင်။ သို့သော် ကွပ်ပျစ်ပေါ်မှာ ထိုင်နေသည့်အခိုက်မှာ ဆီးသွားလိုလျှင် အမှတ် သမားအဖို့ မှတ်ရမည့်အဆင့်ဆင့်ကို ကြည့်ပါဦး။ 'ဆီးသွားချင်တယ်၊ ဆီးသွားချင်တယ်၊ ထချင်တယ်၊ ထချင်တယ်၊ ခြေထောက်မချင်တယ်၊ မချင်တယ်၊ မတယ်၊ မတယ်၊ ဒူးထောင်ချင်တယ်၊ ထောင်ချင်တယ်၊ ထောင် တယ်၊ ထောင်တယ်၊ ကိုယ်ကြွချင်တယ်၊ ကြွချင်တယ်၊ ကြွတယ်၊ ကြွတယ်၊ ခါးဆန့်ချင်တယ်၊ ဆန့်ချင်တယ်၊ ဆန့်တယ်၊ ဆန့်တယ်၊ ကိုယ်မတ်ချင်တယ်၊ မတ်ချင်တယ်၊ မတ်တယ်၊ ခြေထောက်ရွှေ့ချင်တယ်၊ ရွှေ့ချင်တယ်၊ ကြွချင် တယ်၊ ကြွတယ်၊ လှမ်းချင်တယ်၊ လှမ်းတယ်၊ ချချင်တယ်၊ ချတယ်၊ ထိတယ်၊ သိတယ်၊ ဆီးသွားချင်စိတ် ပိုလာတယ်၊ သွားချင်တယ်၊ ကြွချင် တယ်၊ ကြွတယ်၊ လှမ်းချင်တယ်၊ လှမ်းတယ်၊ ချချင်တယ်၊ ချတယ်၊ ထိတယ်၊ သိတယ်' စသဖြင့် ခြေလှမ်းဆယ်လှမ်းကျော်အတွက် မှတ်ပြီးလျှင် ဆီးအိုးပေါ်မှာထိုင်ဖို့ အကုန်းအကွအားလုံးကို မှတ်ရမည်။ သည့်နောက် ကိုယ်ပေါ်မှ အဝတ်အစားများကို ဖယ်ရှားရန် မှတ်ရမည်။ သည့်နောက် ဆီးသွားသည့်အချိန်တစ်လျှောက် ပေါ်သမျှတွေကို မှတ်ရမည်။ ပြီးလျှင်လည်း သန့်ရှင်းရေးပြုလုပ်မှုမှသည် ကွပ်ပျစ်ပြန်အရောက်အထိ မှတ်စရာတွေ အနန္တ။ သည်တစ်လျှောက်မှာ ပေါ်သမျှတွေကို မမှတ်ဘဲလည်း နေလို့မရ။ ဆီးလေးသွားရဖို့အရေး သည်မျှလောက် (အသေးစိတ်မှတ်သည့်အတိုင်း ချရေးလျှင် စာမျက်နှာ ဆယ်မျက်နှာမက ဖြစ်လောက်သည်) ပင်ပန်းဆင်းရဲ သည့်အဆင့်ဆင့်များ ဖြတ်သန်းရမှာကိုတွေးပြီး မသွားတော့ဖို့လည်း ဩဇာ မပေးနိုင်။ ဆီးသွားချင်စိတ်ဆိုတာမျိုးကို တားမြစ်ထားနိုင်သည့် ကိုယ့်ကိုကိုယ် အစိုးရနိုင်သူမျိုးလည်း မရှိ။ မသွားတော့ဘဲ ပေနေလျှင်လည်း သည်နေရာ မှာပဲ ထွက်ပြုကျကုန်ကာ အသုဘကောင်က သူ မည်မျှရွံရှာဖွယ်ကောင်း ကြောင်းကို လက်တွေ့ပြပေမည်။ သည်တော့ ဆီးသွားချင်စိတ်လေးတစ်ခု ပေးနိုင်သော ဒုက္ခကပင် ကြီးမားလှပြီ။ ဘယ်မှာလဲ ငါ။ သည်စိတ်ကလေး ကို ချုပ်နှိမ်းနိုင် ပြုပြင်နိုင်မည့် ငါလည်း မရှိ။ သည်စိတ်ကလေးက ခိုင်းသမျှ လုပ်ပေးဦးတော့ အဆင့်ပေါင်း ကုဋေ၊ သိမှတ်မှုပေါင်း အနန္တ။



## အနိစ္စ၊ ဒုက္ခ၊ အနတ္တ

သည့်နောက်မှာတော့ ကိုယ့်ခြေလက်အင်္ဂါအစိတ်အပိုင်းများကို ကြည့် မိလျှင် ယခင်ကလို ငါ့ခြေငါ့လက်ဟု မမြင်တော့ဘဲ ဖောက်ပြန်ပြောင်းလဲ တတ်သော ရုပ်၊ စိတ်မှ မခိုင်းမချင်း မစေ့ဆော်မချင်း သူ့ဘာသာ ဘာမှ လှုပ်နိုင်သော ရုပ်အဖြစ် မြင်တတ်လာသည်။ ထို့အပြင် ထိုကဲ့သို့ သဘာဝ ရှိသော ရုပ်နှင့် ထိုရုပ်၏ဖောက်ပြန်ပြောင်းလဲမှုတို့ကို သိသိနေသော နာမ် အစုအဝေးမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရှာမတွေ့တော့။ ရုပ်က ဖောက်ပြန်ပြောင်းလဲ၊ နာမ်က သိ၊ မှတ်သားမိ၊ ခံစား၊ ပြုပြင်ချင်၊ စေ့ဆော်၊ ရုပ်က နာမ်စေရာ ပြောင်းလဲ စသည့် ဖြစ်စဉ်ကြီးကလွဲလျှင် အခြား မည်သည့် အရာကိုမျှ ရှာမတွေ့။ သည်ဖြစ်စဉ်ကြားမှာ ကိုယ့်အခန်းကဏ္ဍလည်း မရှိတော့။ သိပေးနေသည့် အမှတ်စိတ်ကလေးသည်ပင် သိစရာရုပ် အာရုံ များကြောင့် ပေါ်လာရခြင်းသာ။ သိမှတ်စရာ အာရုံရှိသဖြင့်သာ သိမှတ် စိတ်ပေါ်လာရခြင်း။ သိစိတ်ကို မှတ်လိုက်သည်နှင့် ထိုသိစိတ်က ပျောက် သွားပြီ။ နောက်ထင်ရှားအာရုံတစ်ခုက ဖျတ်ခနဲပေါ်လာပြန်သည်။ ပေါ်လာ သည့်အာရုံကို သိလိုက်သည်။ သိကြောင်းမှတ်လိုက်ပြန်တော့ ထိုသိစိတ်က ပျောက်သွားနှင့်ပြီ။ သိစိတ်က ပုဖောင်းလိုဖြစ်ပြီး မှတ်စိတ်က အပ်ချောင်းလို ဖြစ်နေပါပေါ့လားဟု ဆင်ခြင်မိပြန်သည်။ သိလိုက် မှတ်လိုက် ပေါ်လိုက် ပျောက်လိုက်။ ပေါ်တာက သိစိတ်၊ မှတ်စိတ်ဖြစ်တော့ ပျောက်တာက ရှေ့က သိစိတ်။ မှတ်နေချိန်မှာ ရှေ့ကသိစိတ် မရှိတော့။ နောက်သိစိတ်ပေါ် လာလျှင် ရှေ့က မှတ်စိတ် မရှိတော့။ ပေါ်တာရော ပျောက်တာပါ မြန်လွန်း လှသည်။ အားထုတ်စမှာ အာရုံကို သိနေခိုက်မှာပင် အမှတ်ကို ပြုနိုင်သည်ဟု ထင်ခဲ့သည်။

ခုတော့ မဟုတ်။ အာရုံသိစိတ်ကို အာရုံသိစိတ်မှန်းသိသည့် အမှတ် စိတ်က ပေါ်လာလျှင် ရှေ့က အာရုံသိစိတ်ကား မရှိတော့။ အမှတ်စိတ် ပေါ်နေချိန်မှာ အာရုံသိစိတ် မရှိ။ တစ်ချိန်မှာ တစ်စိတ်သာ တတ်နိုင်သည်။ လက်ထဲမှာ တစ်စုံတစ်ခုကို ကိုင်ထားခိုက် နောက်တစ်ခုခုကို ပေးလာလျှင် ထိုရှေ့က တစ်စုံတစ်ခုကို လွှတ်မချဘဲ နောက်တစ်ခုကို မယူနိုင်သကဲ့သို့ စိတ်ဆိုတာ တစ်ချိန်မှာ တစ်ခုသာဖြစ်သည်ကို ဉာဏ်မျက်စိမှာ ကွက်ဝါးထင် ထင်မြင်လာသည်။ ကြားခိုက်မှာ ကြားမှန်းသိလိုက်လျှင်ပင် ကြားစိတ်လေး

www.burmeseclassic.com

www.burmeseclassic.com



က ပျောက်နေပြီ။ ယားခိုက်မှာ ယားမှန်းသိလိုက်လျှင် ယားစိတ်လေးထ ပျောက်နေသည်။ လှစ်ခနဲ လှစ်ခနဲ။ မျက်လှည့်ပွဲကြည့်နေရသလို။ နားနှင့် အသံ တွေ့၊ အကြားအာရုံ ပေါ်၊ ကြားမှန်း သိ၊ မည်သည့်အသံမှန်း သိ၊ ခံစားချက် ဖြစ်၊ ဆက်ကြားချင်စိတ် ပေါ်၊ ကြားသိစိတ်ကို မှတ်စိတ်ဖြင့် ကြားစိတ်နှင့် သူ့အစွယ်အပွားများ ပျောက်။ နောက်ကပ်လျက်ကအသံနှင့် နား ထပ်တွေ့၊ အကြားအာရုံ ထပ်ပေါ်၊ ကြားမှန်း သိ၊ စသဖြင့် ပေါ်ပျောက် ဖြစ်စဉ်ကြီးက နောက်ထပ် ထင်ရှားအာရုံသစ်တစ်ခု မပေါ်မချင်းသော်လည်း ကောင်း၊ အသံမတိတ်မချင်းသော်လည်းကောင်း၊ နားမချွတ်ယွင်းမချင်းသော် လည်းကောင်း ဆက်ဖြစ်မြဲ။ ပေါ်ပျောက်၊ ပေါ်ပျောက်။ မပေါ်ပါနှင့်လည်း မတားနိုင်၊ မပျောက်ပါနှင့်လည်း တားမရ။ အကြားမှာလည်း ဘာမှမရှိ။ ပေါ်ပျောက်ဖြစ်စဉ်ကလွဲလျှင် ဖန်ဆင်းသူမရှိ။ ဟန့်တားသူ မရှိ။ ကိုယ်ဆို တာလည်း ရှာမရ။ ကိုယ်ဆိုတာ ရှာမတွေ့မှတော့ ထိုကိုယ်က သည်ဖြစ်စဉ် မှာ ဘာဩဇာမှ ပေးမရ။

## ထမင်းပြဿနာ ဝင်ရှင်းခြင်း

သည်လို ကျွန်မက အမှတ်တွေကြားမှာ အသားကျပြီး မိမိကိုယ်ကို တူးဆွရှာဖွေနေခိုက်မှာ ထမင်းပြဿနာက ဖြစ်လာပြန်သည်။ တစ်နေ့မှာ ဆေးရုံစားထမင်းက ညနေနှစ်နာရီလောက်မှ ရောက်လာပြီး စားမရလောက် အောင် မနူးမနပ်နှင့်။ သည်မှာ ထိုထမင်းမျိုးကို မစားနိုင်ကြောင်း၊ နူးသော ထမင်းဖြင့် ပြန်လဲပေးရန် မချူးတို့ မဒွေ့တို့က တာဝန်ကျဝန်ထမ်းကို ပြောကြ သည်။ ထိုဝန်ထမ်းက မချေမင်နှင့် သူများတွေ ပုံစံထမင်းက သည်လောက် မကောင်းတာတောင် ချေးမများဘဲ ဆေးရုံစားထမင်းကိုတောင် ချေးများရ ကောင်းလားဟု ပြန်ပြောရာမှာ သူတို့ အကြီးအကျယ်စိတ်ဆိုးကုန်ကြသည်။ ကျွန်မလည်း ထိုမနပ်သော ထမင်းကို မစားနိုင်။ အမှတ်ဖြင့်စားလျှင် အရသာအပေါ် ခံစားမှုက ဒေါသနှင့်သောကကို ပျောက်စေနိုင်သော်လည်း နေမကောင်းဖြစ်ပြီးစမှာ သည်လိုထမင်းမျိုးစားပြီး အစာမကြေလျှင် မဖြစ်။ တစ်ခါ ဝန်ထမ်း၏ ဖြေရှင်းပုံကလည်း သဘာဝမကျ၊ လက်မခံနိုင်။ တစ်ခုခု တော့ ဝင်ရှင်းသင့်သည်ဟု တွေးနေခိုက်မှာပင် အဘွားက ရောက်လာပြီး တရားထိုင်တာ ခဏထားပြီး သည်ပြဿနာကို ဝင်ပါပေးဖို့၊ မချူးနှင့်



ဒွေ့တို့က စိတ်လှုပ်ရှားပြီး ပြန်ပြောလျှင် လိုရင်းမရောက်ဘဲ ပြဿနာတွေ ရှုပ်ထွေးသွားမှာမို့ဟု ဆိုလာသည်။

သည်တော့လည်း အမှတ်ကို ခပ်ကျဲကျဲသာမှတ်ရင်း ထမင်းလာပို့ သည့် အချုပ်သူနှင့် တာဝန်ကျဝန်ထမ်းကို တိုက်ကထမင်း လက်မခံဘဲ ပြန်ပို့လိုက်သည်ဟု အကြောင်းကြားရန်နှင့် ထောင်ဆရာဝန်တစ်ဦးဦး ကိုယ်တိုင်လာပို့မှ လက်ခံမည့်အကြောင်း ပြောရသည်။ ထောင်ဝန်ထမ်းတွေ က ကျွန်မ စတင်အားထုတ်စမှာ စတန့်ထွင်တာလား၊ လွတ်ကြောင်ကြောင် သွားတာလားဟု မသဲကွဲကြဘဲ နောက်ပိုင်းမှာတော့ သူတို့ထင်ထားတာတွေ တစ်ခုမှမဟုတ်ဘဲ ကျွန်မမှာ ကိုယ့်အကြောင်းတရားနှင့်ကိုယ် သည်လို အားထုတ်နေခြင်းကို နားလည်စပြုလာသည်။ မိုးလင်းက မိုးချုပ် မနေမနား အားထုတ်နေသည်ကို သူတို့ကိုယ်တိုင် မြင်နေရသည်ကိုး။ ထိုစဉ်က ကျွန်မမှာ ညအချိန်များမှာပင် ထိုင်လျက်သော်လည်းကောင်း၊ စင်္ကြံလျှောက်လျက်သော် လည်းကောင်း၊ လှဲလျက်သော်လည်းကောင်း မှတ်နေဖြစ်ပြီး အိပ်ပျော်ချိန်ဟူ၍ တစ်နေ့မှာ လေးနာရီဝန်းကျင်ခန့်သာ ရှိတော့သည်။ ထို့ကြောင့် ညတာဝန်ကျ ဝန်ထမ်းများမှတစ်ဆင့် ကျွန်မက စိုက်လိုက်မတ်တတ် အားထုတ်နေကြောင်း ဝန်ထမ်းအားလုံးလိုလိုနှင့် တိုက်ကလူတွေက သိသွားကြကာ ကျွန်မ ဘာလုပ် နေသည်ကို ကောင်းကောင်းနားမလည်သည့်တိုင် သရော်စော်ကားခြင်းကို တော့ မပြုရဲကြတော့ပါ။ ထို့ကြောင့် ကျွန်မက သည်လိုထမင်းကို လက်မခံဟု ပြောတော့ ကျွန်တိုက်သူတွေရော ဝန်ထမ်းကပါ ဘာမှစောဒကမတက်တော့ ဘဲ သတင်းပို့သည့်အလုပ်ကိုသာ လုပ်ပေးတော့သည်။

မကြာခင်မှာ ထောင်ဆေးရုံမှ တာဝန်ကျဆရာဝန် ရောက်လာသည်။ သည်အခါမှာတော့ စကားက အများကြီးပြောစရာမလိုတော့ပါ။ ခုနင်က ပေးခဲ့သော ထမင်းကို ထိုဆရာဝန်အားပြပြီး စားသင့် မစားသင့် အဖြေ ပေးလိုက်ချိန်မှာ ပြဿနာက ပြေလည်သွားသည်။ နူးနပ်သော ထမင်းကို နာရီဝက်အတွင်း အရောက်ပို့ပေးမည့်အကြောင်း ကတိပေးတော့သည်။ ကယ်လည်း နာရီဝက်အတွင်းမှာ ခါတိုင်းထက်ပိုကောင်းသောဆန်နှင့် ချက်ထားသည့် ထမင်းပူပူက ရောက်လာသည်။ တာဝန်ကျဝန်ထမ်းကိုလည်း ဆေးရုံစားကိစ္စအတွက် နောင်မှာ ကြားကနေ ဘာမှတ်ချက်မျိုးမှ ဝင်မပေးရန် နှင့် ကိုယ့်တာဝန်အရ ဆိုင်ရာကို သတင်းပို့ခြင်းကသာ အကောင်းဆုံးဖြစ် ကြောင်း သဘောပေါက်ရန် ပြောဖြစ်ခဲ့သည်။ သည့်နောက်မှာတော့ ထောင်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေက ကျွန်မက ဆရာဝန်ခေါ်ပေးပါဟုဆိုလျှင် ရောဂါပြဖို့၊ ဆေးကုသမှုခံယူဖို့မဟုတ်ဘဲ ပြဿနာတွေ ဖြေရှင်းဖို့ဟု သဘောပေါက်လာကြသည်။ အမှန်တော့ ထမင်းကိစ္စမှာ တာဝန်ရှိသည်က ထောင်ဆေးရုံဖြစ်သည့်ပြင် ကျွန်မက ထောင်ဝန်ထမ်းများနှင့် ပြဿနာကို ဖြေရှင်းဖို့မကြိုးစားဘဲ ဆေးဝန်ထမ်းကို သတင်းပို့နိုင်းခဲ့ခြင်း ဖြစ်သည်။ သည်တော့ စကားတွေအများကြီး ပြောနေစရာ မလို၊ ဒေါသတိုရှည်ထွက်နေစရာမလိုဘဲ အဖြေက ထွက်လာသည်။ သည်တော့လည်း အမှတ်အရှိန်မပျက် ဆက်လက်အားထုတ်လိုက်နိုင်သည်။ ထိုပြင် တရားအားထုတ်နေသဖြင့်၊ လောကုတ္တရာရေး လုပ်နေသဖြင့် လောကီရေးနှင့် နိုင်ငံရေး၊ လူ့အခွင့်အရေးကိစ္စများကို ကျောခိုင်းသွားတော့မည်၊ တစ်ကိုယ်ရေ လွတ်လမ်းကိုရှာပြီး အများအတွက် နှုတ်ဆိတ်နေတော့မည်ဟု အထင်ရောက်နေသောသူတို့လည်း ကျွန်မကို ကျေးဇူးတင်ကြောင်းသာ ဆိုနိုင်တော့သည်။

အမှန်တော့ ကျွန်မအနေဖြင့် တစ်နေ့မှာ နာရီနှစ်ဆယ်နီးပါး တရားအားထုတ်ဖြစ်ခဲ့ခြင်းမှာ သံသရာလွတ်လမ်းကို ခြေချချင်သည့် ဆန္ဒကြောင့်သာဖြစ်ပြီး အများအတွက် နှုတ်ဆိတ်ရာဆိတ်ကြောင်းကို မရည်ရွယ်ခဲ့ပါ။ အမှန်ဆိုရလျှင် အမှန်တရားကို မြတ်နိုးသဖြင့်သာ မိမိကိုယ်တွင်းမှ အမှန်တရားအစစ်အမှန်ကို ရှာဖွေရန် အားထုတ်ခြင်းဖြစ်ပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော ဝမ်းများအရ ဆန့်ကျင်ကွဲပြားမှုမရှိသော အမှန်တရားအားလုံးကို ရှာဖွေကာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားဖို့ရန်လည်း စိတ်ပိုင်းဖြတ်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာတရားကြောင့် အကျဉ်းသားအခွင့်အရေး လူ့အခွင့်အရေးကို လျစ်လျူရှုကျောခိုင်းရန် အကြောင်းမရှိခဲ့ပါ။ ထိုအခွင့်အရေးတို့ကို မဆုံးရှုံးသွားစေရန် ကာကွယ်ရာမှာလည်း မိမိ၏ ပြုကျင့်ဆဲဖြစ်သော သီလ၊ သမာဓိ၊ ပညာများကို ထိပါးစရာမလိုခဲ့ပါ။ ထောင်တွင်းပြဿနာအများစုမှာ ဝန်ထမ်းများ၏ စေတနာနိမ့်ပါးမှု၊ ပညာမဲ့မှု၊ အစီအမံညံ့ဖျင်းမှု၊ နီးရာခေါက်ကြောက်မှု၊ သူတို့ကြမ္မာကို သူတို့ဖန်တီးခွင့် မရှိမှုတို့အပေါ်မှာ မူတည်နေပါသည်။ အလွန်လွယ်ကူသော ပြဿနာများကို နှစ်ဦးနှစ်ဘက် အနစ်နာခံရမှုမရှိဘဲ ဖြေရှင်းနိုင်ပါလျက် အကျဉ်းသားမှန်လျှင် ဘာကြီးဖြစ်ဖြစ် အရှုံးပေးရမည်ဆိုကာ အနိုင်ကျင့်လိုသည့်စိတ်က ဝန်ထမ်းမှာ ရှိသကဲ့သို့ ဝန်ထမ်းမှန်လျှင် ဆန့်ကျင်ရမည်၊ တိုက်ခိုက်ရမည်ဆိုသည့်စိတ်ကလည်း အကျဉ်းသားတွေမှာ ရှိနေတတ်ခြင်းဖြစ်သည်။ ပြဿနာ၏ ရင်းမြစ်အပေါ်



အခြေတည်သည့် အဖြေမျိုးကို မည်သည့်ဘက်ကမှ မချဉ်းကပ်ကြသဖြင့် တစ်ဘက်ဘက်က အရှုံးကြီးရှုံးကာ အငြိုးအတေးများ၊ နောင်တများဖြင့်သာ အဆုံးသတ်ခဲ့ကြဖူးပေပြီ။ ထိုပြင် အကျဉ်းသူ၊ အကျဉ်းသားအချင်းချင်းကြားမှာလည်း အခွင့်ထူးတွေကို လိုချင်ကာ အမှန်တရားကို လက်တစ်လုံးခြားလုပ်ချင်သူများလည်း ရှိတတ်ရာ ပြဿနာများကတော့ ရှိနေမြဲသာ။ သည်တော့ ထိုကဲ့သို့သော ငါ ဝန်ထမ်း၊ ငါ အကျဉ်းသား၊ ငါက လေးစားအပ်သော အခွင့်ထူးခံအပ်သော အကျဉ်းသားဟူသည့် အစွဲအလမ်းများမှ လွတ်ကင်းရာ ရုပ်နာမ် သဘာဝတို့အပေါ် အမြင်မှန်အတိုင်း မြင်နိုင်ရေးအတွက် တော်မြဲတိုင်း ဆက်မှတ်ရပြန်ပါသည်။

## ဖြစ်ပျက်အစဉ်တန်း

ရက်ပေါင်းများစွာ နာရီပေါင်းများစွာ မှတ်စိတ်ပေါ်မှာ အသားကျနေသဖြင့် သည်လိုရှောင်တခင် ဖြစ်လာတတ်သည့် ကိစ္စတိုထွာလေးများ မည်မျှပေါ်ပေါ် အခြေအနေပေး၍ သတိပြန်ကပ်လိုက်သည်နှင့် ရုပ်နာမ်တို့၏ သဘာဝက ထင်သာမြင်သာ ရှိမြဲဖြစ်နေပါသည်။ မှတ်စိတ်ကလည်း အားကောင်းမြဲမို့ ပေါ်သမျှ ရုပ်နာမ်တို့၏ ပေါ်ပျောက်ဖြစ်စဉ်များကို မလွတ်တမ်း မှတ်နိုင်မြဲဖြစ်နေပါသည်။ တစ်စစနှင့် သိစိတ်များကို မှတ်ရာမှာ သိစိတ်ပေါ်လိုက်၊ မှတ်စိတ်ဖြစ်လိုက်၊ သိစိတ်ပျောက်သွားတာ မြင်လိုက်၊ တစ်ခါ သိစိတ်ပြန်ပေါ်လာတာ မြင်လိုက်၊ ပျောက်သွားပြန်တာ မှတ်လိုက်နှင့်။ ပေါ်ပျောက်ဖြစ်စဉ်၊ တစ်နည်း ဖြစ်ပျက်ဖြစ်စဉ်ကို ဉာဏ်မျက်စိဖြင့် ရှင်းရှင်းကြီး သဘောပေါက်လာပါတော့သည်။ ထို့နောက်မှာတော့ စိတ်များ ဖြစ်ပျက်ပုံကို အနီးကပ်စောင့်ကြည့်ရင်း လက်ဖျစ်တတွက်မှာပင် အကြိမ်ပေါင်းများစွာ ဖြစ်နေပျက်နေသော ရုပ်နာမ်ခန္ဓာတို့၏ မမြဲမှုကို သဘောပေါက်လာပါသည်။ သို့သော် သိစိတ်နှင့် မှတ်စိတ်တို့၏ လိုက်တမ်းပြေးတမ်းကစားသလို သိစိတ်ပေါ်၊ မှတ်စိတ်ဖြစ်၊ မှတ်စိတ်ဖြစ်ချိန် သိစိတ် ပျောက်၊ တစ်ခါ သိစိတ်ထပ်ပေါ်လာ၊ ထိုစဉ် မှတ်စိတ်ပျောက်၊ သိစိတ်ပျောက်သွားကြောင်း မှတ်စိတ်ဖြစ် စသဖြင့် ရှေ့ကစိတ်နှင့် နောက်က စိတ်အကြား မပြုံးခန့် ကျော်ခနဲ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားသည့် သဘောတရားကို ကြည့်ရသည်မှာ ဒီရောင်စုံများကို စီတန်းထားပြီး တစ်ပွင့်ပြီးတစ်ပွင့် ဖွင့်လိုက်ပိတ်လိုက်ကို

www.burmeseclassic.com



အမြန်လုပ်သွားသည့်အခါ မီးတန်းတစ်ခု ပြေးလွှားနေသကဲ့သို့ ထင်ရသည့် အတွေ့အကြုံကို ပြန်လည်သတိရလာပါသည်။ ထိုကဲ့သို့ တစ်စုံတစ်ခုက ထိုမီးတန်းထဲမှာ ပြေးလွှားနေသကဲ့သို့ ထင်ရသော်လည်း အမှန်တကယ်တော့ ရှေ့မီးသီးလေးပိတ်ခိုက်မှာ နောက်မီးသီးက ပွင့်ပြီး တစ်ခါ ထိုမီးသီးပိတ်သွားခိုက်မှာ နောက်မှာ ကပ်လျက်ရှိသော မီးသီးလေးက ပွင့်ကာ ထိုနည်းအားဖြင့် လက်ဆင့်ကမ်းလင်းသွားကြခြင်းသာဖြစ်ကြောင်း သဘောပေါက်ရပါသည်။ ထို့ကြောင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်အစဉ်သည် မြန်လွန်းနေသဖြင့် တစ်စုံတစ်ဦး တစ်ယောက်က ထိုဖြစ်စဉ်ကြီးကို မောင်းနှင်နေသယောင်၊ တစ်စုံတစ်ဦး တစ်ယောက်က ထိုဖြစ်စဉ်ထဲမှာ ပြေးလွှားလှုပ်ရှားနေသယောင် ထင်ရသော်လည်း အမှန်မှာတော့ ရှေ့က ရုပ်နာမ်နှင့် နောက်က ရုပ်နာမ်တို့၏ ဖြစ်ပြီး ပျက်သည့်၊ ပေါ်ပြီး ပျောက်သည့် ဖြစ်စဉ်ကြီးသာ ဖြစ်ကြောင်း ဉာဏ်မျက်စိမှာ ထင်ရှားပေါ်လာပါတော့သည်။

ထိုကဲ့သို့ ဖြစ်ပျက်ဖြစ်စဉ်ကြီးကို သိသွားပြီးနောက်မှာတော့ အရာရာသည် မမြဲ၊ ထို့ကြောင့် ဆင်းရဲ၏။ ထိုမမြဲနှင့်ဆင်းရဲကို ပြောင်းလဲအောင် အစိုးရမည့်သူဟူ၍လည်း မရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှလည်း ထိုဖြစ်စဉ်ထဲမှာ မပါမရှိ။ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကား ဖြစ်ပျက်မြဲသာ ဖြစ်တော့၏ဟု သဘောပေါက်လာပါသည်။ စောင့်မှတ်နေသည့် ရုပ်နာမ်တို့၏ မမြဲမှုတို့သာမက အရာရာ၏မမြဲမှုတို့ကို ဆင်ခြင်မိလာပြန်ပါသည်။ ထိုစဉ်က မချူးမှာ တာဝန်ကျ ဝန်ထမ်းနောက်တစ်ဦးနှင့် အဆင်ပြေအောင် ပေါင်းနိုင်သဖြင့် မနက်စောစောပိုင်းနှင့် ညနေပိုင်းတွေမှာ အခန်းတံခါးတွေ ဖွင့်ပေးထားတတ်ရာ သူက သန့်ရှင်းရေးသမားတွေခေါ်ပြီး တိုက်နောက်ဘက် မြေကွက်လပ်မှာ နီကိုဥပင်တွေ စိုက်နေပါသည်။ သူမှာလည်း ညတိုင်စကားပြောဖော် မရှိတော့သလို 'အားဆေး'မှီဝဲဖော်လည်း ပျောက်နေသဖြင့် ခုလို စိတ်လည်းအပန်းပြေ အသီးအနှံအစိုလည်း စားရသည့်နည်းကို သုံးပုံရပါသည်။ ကျွန်မကတော့ စတင်အားထုတ်ကတည်းက 'အားဆေး'ပင်မလိုတော့ဘဲ နှစ်ဆယ့်လေးနာရီကို 'ဖြစ်ပျက်'မှတ်စိတ်ဖြင့် အလွယ်တကူကုန်ဆုံးစေပါတော့သည်။ ထိုအချိန်မှာ မမြဲ၊ ဆင်းရဲ၊ အစိုးမရဟူသည့် အသိတရားသုံးခုကသာ ကြီးစိုးနေပါသည်။ အခန်းတံခါးများ ဖွင့်ပေးထားသည့်အတွက် ကောင်းချက်မှာ စင်္ကြံ လျှောက်ချိန် ပိုရပြီး ပိုဝေးဝေးလျှောက်နိုင်ခြင်းပင်။ တိုက်ဝင်းကိုပတ်ပြီး လျှောက်ရာမှာ နီကိုဥခင်းတွေနားရောက်လျှင် အချို့နီကိုဥပင်များမှာ အသီး



များသလောက် အချို့မှာ နည်းနေပြီး အချို့အရွက်တွေ ညှိုးငယ်နေတာတွေ လည်း တွေ့ရသည်။ သည်အခါမှာ 'မမြဲ၊ အနိစ္စ'ဆိုသည့် သဘောတရားက အကောင်ရော၊ အရိပ်ပါ ကိုယ်ထင်ပြနေသလို မြင်မိဆင်ခြင်မိပြန်ပါသည်။

ရံဖန်ရံခါမှာ တိုက်ဝင်းပေါ် အကိုင်းအချို့ မိုးကျနေသော ကုက္ကိုပင် ကြီးမှ ရွက်ဟောင်းအချို့ ကြွေကျလာကာ စင်္ကြံလျှောက်နေသည့် ခြေ ထောက်နားမှာ ကျလာသည်ကို တွေ့လိုက်ရလျှင်လည်း 'မမြဲ၊ အနိစ္စ' သဘောကို သည်းသည်းလှုပ်လှုပ် လက်ခံဆင်ခြင်မိပြန်ပါသည်။ ပြောနေကျ စကားမှာ လေတိုက်၍ သစ်ရွက်လှုပ်တာမြင်လျှင်ပင် ဆယ်ကျော်သက်များက ရယ်စရာထင်သတဲ့ဟူ၍ဖြစ်ပြီး ကျွန်မမှာတော့ လေတိုက်၍ သစ်ရွက်ကြွေ သည်ကိုမြင်လျှင် အနိစ္စ၊ မမြဲ၊ ဆင်းရဲ၏။ အစိုးလည်း မရဟုသာ သံဝေဂတွေ နေမိပါသည်။ သည်လိုနှင့် သက်ရှိသက်မဲ့အရာရာတို့အပေါ် မြင်တွေ့ကြား သိခံစားခိုက်မှာဖြစ်စေ၊ တွေးတောဆင်ခြင်ခိုက်မှာဖြစ်စေ တွေ့ရှိသဘောပေါက် ရာ 'မမြဲ၊ အနိစ္စ'သာ ဖြစ်လာပါသည်။ ထိုမှတစ်ဖန် မမြဲမှုတော့ ဆင်းရဲပင် ဖြစ်တော့သည်ဟုလည်း နှစ်နှစ်ကာကာ ယုံကြည်လာပါသည်။ ထို့ပြင် ကိုယ်ခန္ဓာကြီး၏ ကာယိကဒုက္ခအသီးသီးကိုလည်း ရှုမှတ်ရင်းမှာ ပိုသဘော ပေါက်ရသဖြင့် နှစ်လိုဖွယ်မရှိ၊ ဆင်းရဲအတိသာဖြစ်သော သည်ခန္ဓာကို စိတ်ပျက်လက်ပျက် ဖြစ်မိပါသည်။ တစ်ဖန် အင်မတန်မှ ကိုယ့်ကြမ္မာကိုယ် ဖန်တီးချင်ခဲ့သော၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ကို ဘယ်နေရာရောက်ရောက် အရယူခဲ့သော မိမိကိုယ်မှာ 'မိမိ'ကို ရှာမတွေ့ခဲ့သည့် အမှန်တရားကြောင့် လည်း အစိုးမရ၊ မပိုင်ဆိုင်သော အနတ္တသဘောကို လည်စင်းပြီးတော့သာ လက်ခံဖြစ်လာပါသည်။ ကိုယ့်ကိုကိုယ် ပြန်ကြည့်မိသည့် အခိုက်အတန့်မျိုး မှာပင် မြင်နေရသည်က မိမိမဟုတ်တော့ဘဲ သိစိတ်မှ မလွှဲဆော်သမျှ အပြုံးအရယ် အမဲ့အငို မလုပ်တတ်သော၊ အထိုင်အထ အရှုံ့အရွှံ့က် မလုပ် နိုင်သော၊ သူ့အလိုလိုသာဆိုလျှင် ဖောက်ပြန်ပျက်စီးတတ်သော၊ အချိန်မလပ် ဖြစ်ပြီးပျက်နေသော အသုဘကောင်၊ မမြဲဆင်းရဲကောင်ဟုသာ မြင်လာပါ သည်။

## မိန်းမြစ်မှာကို ပျက်မှာထက် ကြောက်

ထိုစဉ် မချူးက ကျွန်မကို မြေပိုလေးမှာ သစ္စာပန်းလှလှလေးများ စိုက်ရလျှင်ကောင်းမလားဟု မေးလာသည့်အခါ 'မချူးရယ် အားလုံးအနိစ္စ တွေပါ၊ ပျက်သွားမှာပဲ'ဟုသာ ပြန်ဖြေနိုင်ပါသည်။ သည့်အခါ မချူးက

www.burmeseclassic.com



'အို··· ပျက်သွားလည်း နောက်အသစ် ပြန်စိုက်မှာပေါ့၊ ဘာဖြစ်လဲ'ဟု ပြောလာပြန်ပါသည်။ 'ဟုတ်တာပေါ့၊ ပျက်သွားတာ အပြီးပျက်သွားတာ ဆိုရင် ဘာအရေးလဲ၊ ပြန်ဖြစ်နေလို့ ခက်နေတာပေါ့။ ပြန်ဖြစ်နေသရွေ့ ပြန်ပျက်နေဦးမှာပဲ။ သည်ပြန်ပြန်ဖြစ်နေတာတွေ မရပ်သွားမချင်း ပျက်နေတာတွေက ရှိနေဦးမှာလေ။ ဒါကြောင့် ပြန်မဖြစ်တော့တဲ့ အနေအထားတစ်ခုကို ရောက်အောင် အားထုတ်မှဖြစ်မှာ'ဟု ကျွန်မက သူ့ကိုပြန်ဖြေရင်း ကိုယ့်ကိုယ် သတိပေးဖြစ်ပြန်ပါသည်။ အမှန်လည်း စိတ်ထဲမှာ အဖြစ်တွေရှိနေသေးသဖြင့်သာ အပျက်တွေ ပေါ်နေသည်ကို ခံရခက်နေပါသည်။ သည်အဖြစ်တွေကလည်း မရပ်မနား။ မဖြစ်ပါတော့နှင့်ဟုလည်း မတားနိုင်။ အဖြစ်ကိုမတားနိုင်တော့ အပျက်ကိုလည်း မတားနိုင်။ သည်လိုပဲ ကြည့်ရင်း ကြည့်ရင်းနှင့် ချောက်ချားလာနေသည်။

သည့်နောက်မှာ မှတ်ရတာ ပိုပြီးသက်သောင့်သက်သာ ဖြစ်လာသည်။ တချို့အချိန်များမှာ စိတ်က တွေးနေလွှင့်နေတာမျိုး ဖြစ်လာလျှင်ပင် ဖြစ်ခြင်းသိလိုက်ကာ အမှတ်စိတ်က ပေါ်လာသည်။ ထို့ကြောင့် ပေါ်သမျှ မှတ်နိုင်လာရင်း ကွဲထွက်မတတ် နာကျင်ကိုက်ခဲထိုးခွဲနေသည့် ဝေဒနာတွေက ပူဖောင်းကို အပ်နှင့် ဖောက်လိုက်သကဲ့သို့ ဖောက်ခနဲ ပျောက်သွားတာမျိုး လေးလံနေသည့် ခန္ဓာကိုယ်ကြီးက အလင်းတန်းတစ်ခုထဲသို့ ဝါဂွမ်းဖတ်လေးလို ပေါ့ပေါ့ပါးပါး လွင့်ထွက်သွားတာမျိုး ခံစားလာရသည်။ အလင်းထဲမှာ မှတ်သိစိတ်လေးဖြင့် အချိန်အကြာကြီး ရှိနေသလိုလည်း ခံစားလာရသည်။ ဖရဏာပီတိ ဂွမ်းဆီထိဆိုသည့် စာတွေ့ဝေါဟာရကို လက်တွေ့သိလာသည်။ မှတ်ရသည်မှာလည်း အဆင်ပြေလွန်းနေသည်။ ဖြစ်ပျက်အားလုံးက လျင်မြန်လွန်းနေသည့်တိုင် မှတ်သိစိတ်ကလည်း ချက်ကျကျလိုက်နိုင်နေသည်။ စိတ်ကလည်း ကြည်လင်နေပြီး ဝီရိယကလည်း အထူးကောင်းနေသည်။ နေ့စဉ် အချိန်ပြည့်နီးပါး အားထုတ်နေသည့်တိုင် ကိုယ်ခန္ဓာနွမ်းလျတာမျိုး၊ အားနည်းတာမျိုးအလျဉ်းမရှိ။ ရှုးစိုက်တည်ကြည်မှုကလည်း အထူးအားကောင်းနေသည်မို့ ပေါ်သမျှကို 'ကြားတယ်၊ သိတယ်၊ ဝမ်းနည်းတယ်' စသဖြင့် စိတ်အမှတ်မျိုးပင် မလိုလိုက်ဘဲ သိမှတ်မှုလေး ညွှတ်ပေး၍ပြီး မိမိရရဖြစ်လာသည်။ အမှတ်ဖြင့် နေရခြင်းထက် သက်သောင့်သက်သာနေရခြင်း မရှိနိုင်တော့ဟု သဘောကျလာသည်။ ထို့နောက် စိတ်မှာ ကြည်နူး



ခမ်းသာဖြစ်ပြီး မချူးနှင့်တကွ ကျန့်တိုက်သူတွေကို သည်တရား၏အရသာအား မြည်းစမ်းနိုင်စေရန် အားထုတ်လှည့်ပါဟု ပြောချင်လာနေသည်။

သည့်နောက်ပိုင်း အလင်းတန်းကြီးထဲမှာ ဝါဂွမ်းလေးလို လွင့်နေလိုက်၊ စိတ်က အခြားဘယ်ကိုမှ မသွားတော့ဘဲ သိမှတ်မှုထဲမှာ တည်ကြည်လိုက် ဖြစ်နေရာက ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များမှာ မှန်လှပါပေသည်ဟု အသိဖြင့် တစ်ခါဖူးမှမဖြစ်ခဲ့သော ကြည်နူးခြင်းများဖြစ်လာသည်။ ကြောင့်ကြမှုများကင်းပြီး တည်ငြိမ်အေးချမ်းနေလိုက်သည်မှာ စိမ့်စမ်းရေအိုင်ထဲမှာ စိမ်နေရသကဲ့သို့ပင်။ သို့သော် သည်အလင်းနှင့်ပီတိသည် တရားမဟုတ်ဟု ဆင်ခြင်သိ သိပြန်သည်။ သည်အာရုံများသည်ပင် မှတ်စရာ။ မှတ်ပစ်လိုက်ပြန်သည်။ မှတ်လိုက်ပြန်တော့လည်း သည်အလင်းနှင့် ပီတိများက ကြာကြာခံ။ သည့်နောက်မှာ မှတ်ရတာ သွက်လွန်းလာသည်။ အဖြစ်ကို သိလိုက် ပျက်သွားလိုက်နှင့် ပေါ်ရာနေရာမှာပင် ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေသွားသည့် အပျက်များကို ထင်ထင်ရှားရှား သိလာပြန်သည်။ နှာသီးဖျား လေအတိုးမှ သည် ဝမ်းဗိုက်ဖောင်းလာသည်အထိ ကာလအတွင်းမှ လေရုပ်ကလေးများ အဆင့်ဆင့်တွန်းတိုက်သွားရာက ဝမ်းဗိုက်ပြန်ပိန်လိုက်သည့်အခါ လေရုပ်ကလေးများ အဆင့်ဆင့်တွန်းတိုက်ပြန်ကာ နှာသီးဖျားမှ ထွက်သွားသည့် ကာလအတွင်း ယခင်ကထက်ပိုပြီး အပျက်တွေကို သတိပြုမိနေသည်။ ထိုစဉ်မှာ နှာသီးဖျားနှင့် ဝမ်းဗိုက်အစရှိသည့် အကောင်အထည်ကို မြင်ယောင်၍မရတော့ဘဲ အာရုံနှင့် သိစိတ်တို့မှာ အတွဲလိုက်ပေါ်လိုက် ပျောက်လိုက် ဖြစ်နေသည်ကိုသာ သိနေတော့သည်။ သည်အခါမှာ စိတ်ထဲက အမှတ်တွေ ကိုပင် 'တယ်'ကို မထည့်တော့ဘဲ 'ဝင်၊ တိုက်၊ ဖောင်း၊ ပိန်၊ တိုက်၊ ထွက်၊ သိ' စသဖြင့် အလျှင်အမြန် မှတ်လာရသည်။ အမှတ်နိုင်ပြီး အာရုံကို အမီမှတ်နိုင်သည်ဆိုသည့်တိုင် မှတ်လိုက် ပျောက်လိုက် ဖြစ်နေသည်မှာ ဘုတ်ဖုတ်နှင့် ကြွေနေသကဲ့သို့ ဖြစ်လာနေသည်။ သိ၊ မှတ်၊ ပျက်ဆိုသည့် အတွဲလိုက်သဘောကိုသာ သိနေဖြစ်သည်။

## ပြေးစရာ မြေမရှိ

နောက်တော့ သည်အသိတွေထဲမှာ အပျက်တွေကိုချည်း မြင်ကာ ပေါ်လာတာတွေပင် မထင်ရှားတော့ဘဲ ပျက်သွားတာတွေ ထင်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောက်စိတ်က ပြန်ပေါ်လာပြီ။ သည်မျှ မျက်စိတမှိတ် လျှပ်တပြက် အတွင်းမှာ သည်းသည်းလှုပ် ပျက်နေသည်ကို မြင်နေရခြင်းလောက် ကြောက် စရာကောင်းသည်မှာ မရှိတော့။ တော်ပါတော့။ ပျက်နေတာတွေ ရပ်ပါတော့။ မရ။ အစိုးရသူ မရှိ၊ ငါ မရှိ။ ငါ့သဘော မဟုတ်။ အားကိုးမရှိတော့သလို ခံစားလာရသည်။ ဝမ်းနည်းစိုးရိမ်လာသည်။ သည်လိုနှင့် သည်အပျက်တော ထဲက ထွက်လို့လည်းမရ။ ပြေးစရာ မြေမရှိဆိုသည်မှာ ခုမှ အစစ်ပဲဟု ခံစားလာရသည်။ သည်ဘဝ သည်ခန္ဓာ နာမ်ရုပ်များရှိနေ ပိုင်ဆိုင်နေသမျှ နောင်ဘဝ နောင်ခန္ဓာ နာမ်ရုပ်များ ရှိနေသမျှ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့မှ ထွက်ပြေးလွတ်မြောက်နိုင်သည့် အရပ်ဟူသည် မရှိ။ အခန်း ထဲမှာ ထိုင်လျက်ပဲ မှတ်မှတ်၊ ဝင်းထဲမှာ လျှောက်လျက်ပဲ မှတ်မှတ် နောက်ဆုံး ထောင်အပြင်က ရိပ်သာဖြစ်စေ၊ တောတောင်ရိပ်မှာဖြစ်စေ နတ်ပြည်ပဲတက်တက်။ ဗြဟ္မာ့ပြည်ပဲသွားသွား၊ အပါယ်ပဲလားလား၊ သည် ဖြစ်ပျက်အစဉ်ကြီးကနေ ထွက်ပြေး၍ ရနိုင်သည်မဟုတ်။ သွားပြီ။ လွတ်လမ်း မရှိတော့။ ကြောက်စရာကောင်းလှချည့်။ ကောင်းစရာ ဘာမှမရှိ။ ဖြစ်လာ သမျှ ပျက်နေမှတော့ ကောင်းတာလည်း မရှိ။ မှတ်စိတ်တွေက ကောင်းနေ သလောက် တွေ့နေရသမျှက အပျက်ချည်းမို့ အကောင်းလည်း မမြင်နိုင် တော့။ ပျက်နိုင်လှချည့်။ အခြားအာရုံတွေလည်း ထွေထွေပြားပြား မပေါ်လာ တော့သည်မို့ မှတ်စိတ်မှာလည်း ရေရွတ်နေရတာ 'ဖြစ်၊ ပျက်'သော်လည်း ကောင်း၊ 'ပေါ်၊ ပျောက်'သော်လည်းကောင်း ဒါပဲရှိတော့သည်။ အမှတ် မထည့်ဘဲ အာရုံကို မှတ်စိတ်ညွတ်ရုံ မှတ်ပြန်လည်း မြင်ရသည်က အဖြစ်နှင့် အပျက်။ ဩကာသလောကတစ်ခုလုံးမှာ တခြားဘာဆိုဘာမှ မရှိတော့ဘဲ အဖြစ်နှင့်အပျက်ရယ်၊ ထိုအဖြစ်အပျက်ကို သိသော မှတ်စိတ်ရယ်သာ ရှိတော့ သည်ဟု ဆင်ခြင်မိရာမှ အတော်လေး ငြီးငွေ့လာသည်။ တော်ပြီလေ။ ရပ်ကြပါတော့။ အဖြစ်တွေ မလာပါနှင့်တော့။ အပျက်တွေ မလာပါနှင့် တော့။ မသိလို့ လိုချင်ခဲ့ပြီးပြီ။ လိုချင်လို့ ရခဲ့ပြီးပြီ။ ရခဲ့လို့ ဆင်းရဲနေရပြီ တော်ပါပြီ။ ခုတော့ သိပါပြီ။ မလိုချင်တော့ပါ။ အဖန်ဖန်သေရခြင်းကို တွေ့ရပြီမို့ ရှင်ရခြင်းတွေကို မလိုချင်တော့။ ဖြစ်နေတာတွေ ရပ်ပါတော့။

သို့သော် သည်လိုဆုတောင်းတားမြစ်လို့ မရနိုင်မှန်းလည်း သိနေ သည်။ မရ။ သည်လိုထိုင်ညစ်နေရုံနှင့်တော့ မဖြစ်။ သည်ဖြစ်ပျက်တွေမှ လွတ်မြောက်ရာ ရှိကိုရှိသည်။ လွတ်မှ ဖြစ်မည်။ ပြေးစရာ မြေမရှိသည့်



အဖြစ်မှ လွတ်မြောက်လိုပြီ။ အာရုံတွေ မှတ်သိနေမှုတွေ အားလုံးအဆုံးသတ် စေချင်ပြီ။ ဘာဆက်လုပ်မလဲ။ မမှတ်ဘဲ နေကြည့်သည်။ မရ။ ဖြစ်ပျက်တို့ သိသော သိမှတ်စိတ်တွေက တစ်ရံမလပ် ဖြစ်နေမြဲ။ ဖြစ်ပျက်တာလည်း ဖြစ်နေမြဲ။ သည်တော့ အခြားမရှိ။ ဆက်မှတ်ရုံသာ။ သည်လမ်းကလွဲပြီး အခြားလမ်းမရှိ။ တိုးတိုးပြီး မှတ်သည်။ ဖြစ်ပျက်တွေကို တိုးတိုးပြီးသိသည်။ သည်ဖြစ်ပျက်တွေလက်က လွတ်မှဖြစ်မည်။ သည့်နောက်မှာ ကြိုးစားမှတ် နေရင်းက မှတ်ရတာ ဖွယ်တယ်တယ် ဖြစ်နေသလိုဖြစ်လာပြန်သည်။ သည် တော့ ထိုင်မှတ်နေရာမှ ခါးလှန်ချပြီး အိပ်တစ်ဝက် ထိုင်တစ်ပျက် မှတ်လိုမှတ်၊ ဒူးထောင်တစ်ဝက် ပက်လက်တစ်ဖုံ မှတ်လိုမှတ်ဖြင့် အမှတ်ကို အစေးကပ် အောင် လျှောက်လုပ်နေမိသည်။ ကွပ်ပျစ်ပျဉ်ချပ်လေးပေါ်မှာ အနေအထား ပြောင်းပြီး အားထုတ်နေလိုက်သည်မှာ မသိသည့်သူများက စကောဝိုင်းသိုင်း တျှင့်နေတာလားဟု ထင်ချင်စရာပင် ဖြစ်တော့မည်။ နောက်တော့ မဖြစ်သေး၊ မှတ်ရတာလည်း အစေးမကပ်သလို မမှတ်ဘဲလည်း နေလို့မရမှတော့ အသေ အချာပြန်မှတ်မည်ဟု ခွဲပြန်ခတ်ရသည်။ ခဏအတွင်းမှာပင် မှတ်စိတ်တွေ ပြန်အစေးကပ်လာသည်။ မှတ်ရတာ ချောမွေ့သွားပြန်ပြီးမှ တကူးတက အားမထုတ်ရဘဲ သိနေသည့်တိုင် အမှတ်တွေလွတ်နေပြီလားဟု ဖြစ်နေမိပြန် သည်။ သို့သော် မဟုတ်။ အလိုလို လွယ်လွယ်ကူကူမှတ်နိုင်နေကာ ယခင် နေ့တွေမှာ ဖြစ်သလို ကြောက်ရွံ့အားငယ်စိတ်တွေလည်း မဖြစ်တော့။ ပျင်းရိ ငြီးငွေ့စိတ်တွေလည်း မရှိတော့။ သစ်ရွက်ခြောက်မြင်မြင်၊ သစ်ရွက်စိမ်းတွေ တွေ့ အနိစ္စကို သူ့သဘောအတိုင်း ဆင်ခြင်နိုင်လာသည်။ ဆိုးသွားရသည့်ဒုက္ခ တိုလည်း ယခင်ကလောက် သည်းသည်းလှုပ် စိတ်မပျက်တော့။ စကြံ လျှောက်ရတာပင် ခြေလှမ်းတွေက နှေးလွန်း မြန်လွန်း မရှိတော့ဘဲ အဆင်ပြေ နေသည်။ ထိုင်လျှင်လည်း သက်သောင့်သက်သာနှင့် အချိန်အကြာကြီး ထိုင်နေမှန်းမသိ ထိုင်နိုင်လာသည်။ ထောင်က ဆယ့်ငါးမိနစ်တစ်ကြိမ် သံချောင်းခေါက်သံကြောင့်သာ အချိန်တွေ ကုန်သွားမှန်း သတိထားမိသော် လည်း ထိုကာလအတွင်း အာရုံက များများမှတ်စရာမလိုအောင် တည်ငြိမ်နေ သည်။ သည်လိုနှင့် ရုပ်နာမ်တို့၏ လမ်းဆုံးကို ဆက်လက်ရှာဖွေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အားထုတ်ပြီးနောက်

နောက်ပိုင်းဆက်လက်အားထုတ်မှုများကိုတော့ ဆက်မရေးလိုတော့ပါ။ သည်အားထုတ်မှုဖြစ်စဉ်ကို လျှောက်ထားရမည့်ဆရာတော် မရှိခဲ့သည့်အတွက် နောင်အချိန်အတော်ကြာမှ မချူး၏အကူအညီဖြင့် တွေ့ကြုံရသမျှကို အကျဉ်းချုပ်ရေးပြီး ဖေဖေတို့ထံ ပေးပို့စေခဲ့ပါသည်။ ထို့နောက် ဖေဖေမှတစ်ဆင့် ငယ်စဉ်က အားထုတ်ခဲ့ဖူးသော ချမ်းမြေ့ရိပ်သာကျောင်းမှ ဥပဇ္ဈာယ်ဆရာတော်ကြီးထံ လျှောက်ထားရပါသည်။ (သည်စာအုပ်မရေးမီ ဆရာတော့်ထံ မေးမြန်းရာမှာ အားထုတ်မှုအဆင့်ဆင့်ကို သိထားသည့်အလျောက် အားထုတ်မှု၏ နောက်ဆုံးအနေအထားထိတော့ မရေးပါနှင့်ဟုဆိုသဖြင့် သည်မျှသာ မျှဝေလိုက်ပါသည်။) အားထုတ်မှုအပြီးမှာ 'ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ပြီ' ဟု ရဲရဲဝံ့ဝံ့ဆိုနိုင်ပါပြီ။ မြတ်စွာဘုရားနှင့် ဘုရား၏တရားတော်အပေါ် မမိုတ်မသုန် ယုံကြည်စိတ်လည်း ဖြစ်ခဲ့ပါပြီ။ အနှစ်သာရပြည့်ဝသည့် လွတ်မြောက်မှုဆို သည်ကိုလည်း နားလည်ခဲ့ပြီ။ ခံစားစရာမလိုသည့် အေးချမ်းမှုကိုလည်း မြင်ခဲ့ပြီ။ မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အစိုးမရသော အနတ္တကိုလည်း မျက်မြင်ဒိဋ္ဌ သဘောပေါက်ခဲ့ပြီ။ ဆင်းရဲဖြစ်ကြောင်း တရားခံကိုလည်း သိခဲ့ပြီ။ ဘဝဘဝအသစ်အသစ်တွေ မလိုချင်တော့။ သည်ဘဝမှာပင် ရာထူး ဂုဏ်သိန်၊ ဘွဲ့ထူးဂုဏ်ရှိန်နှင့်တကွ ကျော်ကြားမှုဆိုသည့် အများသူငါ သဘောကျစရာတွေကိုလည်း မတပ်မက်တော့။

ထိုအချိန်မှာ တွေးနေမိသည်က အောင်မြင်ကျော်ကြားမှုနှင့် သိက္ခာ တို့ကို သည်တစ်ဘဝစာအတွက် အကောင်းဆုံးကြိုးစားနိုင်သည့်တိုင် သံသရာ ရေးကိုမှ စိတ်အေးအောင် မကြံဆောင်နိုင်သေးလျှင် မိမိကိုယ်ကို အကောင်း ဆုံးစောင့်ရှောက်နိုင်သူဟူ၍ မဖြစ်နိုင်ခြင်းပင်။ ဘယ်သူတွေ ဘယ်လောက် အောင်မြင်နေပြီ၊ ဘယ်လောက်ချမ်းသာနေပြီ၊ ဘယ်လောက်များသည့်ဘွဲ့တွေ ရနေပြီ စသဖြင့် ကြားရသည့်အခါမျိုးမှာ ယခင်က ဖြစ်ခဲ့ဖူးသော အားကျ စိတ်၊ ဝမ်းသာစိတ်မျိုးပင် ဖြစ်မလာတော့ဘဲ စိတ်က တည်ငြိမ်အေးချမ်းနေ သည်။ သည်အရာတွေကို မရလည်း ပြည့်စုံလုံလောက်နေသလို ခံစားနေရ သည်။ အမှတ်စိတ်ထဲမှာ နေထိုင်နေရခြင်း၏ ချမ်းသာမှုအရသာမှာ ပကတိ အေးချမ်းလွန်းလှသည်ကိုး။ ယခင်ကတော့ လူက ပစ္စုပ္ပန်မှာ ရှိနေသည့်တိုင် စိတ်က အတိတ်နှင့် အနာဂတ်ဆီမှာ ဝဲပျံကာ လောဘ၊ ဒေါသ၊ မောဟ



အစချီသော မောစရာ တရားများဖြင့်သာ ရုန်းချည်ဆန်ချည် ပြေးလွှားနေခဲ့ရ သည့်အတွက် ကျောက်ရုပ်လို မလှုပ်မယှက်ထိုင်နေစေဦး ခေါင်းက မီး တောက်၊ အာခေါင်က ခြောက်၊ ရင်ဝမှာ ဆို့တို့တို့ဆိုတာမျိုးတွေက မမှုအား ခုတော့ ဖြစ်လာသည့် ခဏက ရုပ်နာမ်တို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ကို သိသိပေးနေသည့် အမှတ်လေးက မြဲနေလေတော့ ပေါ်သည့်အခိုက်မှာ ပေါ်မှန်းသိပြီးသည်နှင့် ရှေ့မှာ ဘာမှဆက်မလာတော့။ လောဘ၊ ဒေါသ၊ မောဟ ဆက်ရခက်လှချည့်။ သည်တော့ အေးချမ်းငြိမ်သက်သမှု လိုအပ်လို့ ပြေးလွှားကာ သွားရစေဦး၊ ခေါင်းထဲမှာ အတွေးမဲ့။ ရင်ထဲမှာ အမှတ်စိတ်၊ ပစ္စုပ္ပန်ကို သိသော စိတ်၊ ပစ္စုပ္ပန်မှာ နေသောစိတ်ကြောင့် ပကတိရှင်းလင်း။ ရှင်းရာမလို၊ ကြောင့်ကြစရာမရှိ။ အတိတ်ကလည်း လာမနှောင့်ယှက်၊ အနာဂတ်ကလည်း လာပြသနာမရှာ။ ပေါ်လာလျှင်ပင် အမှတ်စိတ်ကြောင့် ဖြစ်ခနဲ ပျက်ခနဲ လုံးလုံးကို မမြဲ။ ဖြစ်နေသမျှမှာလည်း ကိုယ်ကမပါ။ ရှိသဘောနှင့်သူ ရုပ်နာမ်တွေ ပေါ်သမျှ ပျောက်သမျှကို ပေါ်ခိုက် ပျောက် ခိုက်မှာ စောင့်ကြည့်နေရသည့်အလုပ်လောက် အေးချမ်းတာ မရှိတော့။ အနှောင်အဖွဲ့ကင်းလှသည့်အဖြစ်။ သည်လိုနှင့် သံသရာလွတ်လမ်းပေါ်မှာ ဆိမ်းမယိုင် လျှောက်နေနိုင်ရေးသည်သာ ဘဝ၏ပန်းတိုင် ဖြစ်လာသည်။ ကျန်အရာတွေကတော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး၏ အလိုအတိုင်း သာ ဖြစ်စေတော့။

▢

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အမှောင်ထဲမှ လျှောက်ထွက်ခြင်း

## ပကတိကို လက်ခံခြင်း

### ထောင်တွင်း ထောင်ပ ကမ္ဘာ

BURMESE CLASSIC

တရားအားထုတ်မှုတွေကို တစ်နေ့လျှင် နာရီနှစ်ဆယ်နီးပါး ကြိုးစားခဲ့ရာမှ အချိန်အတိုင်းအတာ လျှော့ချလိုက်ချိန်မှာ ၁၉၉၆ ဖေဖော်ဝါရီလ ရောက်နေပြီဖြစ်သည်။ ဖေဖေနှင့်မေမေကတော့ အားထုတ်နေစဉ်မှာ တွေ့ရသည့် ထောင်ဝင်စာတွေအရ ကျွန်မမှာ မည်မျှအထိ အားထုတ်မှုထဲမှာ ပျော်ပိုက်နေကြောင်း သိကြသည်မို့ ဝမ်းသာအားရ ဖြစ်နေခဲ့ကြပါသည်။ သို့သော် သူတို့တွေးနေသည်က ထိုကုသိုလ်တရားများကြောင့် ကျွန်မ ထောင်ကနေ အမြန်ဆုံးလွတ်မြောက်လာမည်ဟု ဖြစ်သည်။ ကျွန်မကတော့ ဘာကိုမှ မတွေးဆနိုင်သေး။ အားထုတ်မှုအရှိန်က ကျန်နေသေးသလို သတင်းတွေကိုလည်း မျက်ခြည်ပြတ်နေသည်။ ထောင်ဝင်စာမှာ ပြောလို့ရသမျှတွေက ပြည်တွင်းသတင်းအများစုဖြစ်ပြီး ထိုစဉ်က အမျိုးသားညီလာခံမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထွက်ထားသည်မို့ ...မာမှုတွေ ပြန်စနေချိန် ထို့ကြောင့် ဇန်နဝါရီလထဲမှာ ယာဆာအာရဖတ် ပါလက်စတိုင်းခေါင်းဆောင်အဖြစ် ပြန်အရွေးခံရတာကို မသိခဲ့။ မချူးနှင့် အရင်ကလို စကားအတန်အသင့်ပြန်ပြောဖြစ်သော်လည်း ညတိုင်လေကန်သည့်အလုပ်နှင့် အားဆေးကိစ္စကိုတော့ ချက်ချင်းပြန် မလုပ်နိုင်သေး။ စိတ်မှာ ဒွိဟလည်း ဖြစ်နေသည်။ သည်မျှလွတ်မြောက်သောအရသာကို အဖန်ဖန်ပြန်ဝင်စားရင်း ကျေနပ်နေသေးသလို တစ်ဘက်မှာလည်း ဝန်ထမ်းအပြောင်းအလဲများ၊ အကျဉ်းသားအချင်း



ကြား ဆက်ဆံရေးတို့ကြောင့် ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေများနှင့် ကိုက်ညီအောင်လည်း ကြိုးစားချင်သေးသည်။ သည်လိုနှင့် မှောင်အရှိန်မြင့်ရန် မဖြစ်နိုင်တော့ဘဲ ပုံမှန်အချိန်လေးများဖြင့် ရှုမှတ်မှုကိုသာ ...လုပ်ဖြစ်တော့သည်။

မတ်လထဲမှာ မနှစ်က ထောင်တွင်းရှာဖွေရေးကြောင့် တွေ့ရသော ...န်တက္ကသိုလ်စိန်ရတု အပါအဝင် ထောင်တွင်းထုတ် လက်ရေးစာစောင် ... ကုလသမဂ္ဂထံပေးစာများ၊ ပြင်ပမှထုတ်သည့် ပြည်တွင်းပြည်ပမဂ္ဂဇင်းစောင်များ၊ လှိုင်းတို့ရေဒီယိုအချို့တို့ကြောင့် ဆရာဦးဝင်းတင်နှင့် ဦးမျိုးမြင့်... တို့အပါအဝင် ၂၄ ဦးမှာ ထောင်ခုနစ်နှစ်မှ ဆယ့်နှစ်နှစ် အသီးသီးထပ်ကျကြသည်။ သည်သတင်းကြောင့် ပထမအမှုနှင့် လွတ်ရက်စေ့ခါနီးဖြစ်သည့် ဦးမျိုးမြင့်ညိမ်း၊ ကိုစိန်လှိုင်တို့အတွက် စိတ်မကောင်း။ ကျန်သူတွေအတွက်လည်း စိတ်မကောင်း။ ထောင်မှာ ပြစ်မှုတစ်ခုကို ထောင်တွင်းအထပ်ပေးပြီးလျှင် တရားရုံးတင်ရန် မလိုတော့သော်လည်း ခုကိစ္စကတော့ ...ထက်နှစ်ရပ် ချမှတ်ခဲ့သည့်အတွက် အတော်ကြီးမတရားဟု ခံစားရသည်။ ...တော့ သည်တစ်ခါလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးဆီ ...ပို့ခဲ့သော အကျဉ်းသားဝတ်စုံဂျာစီပေါ်က စာတစ်စောင်နှင့်ပတ်သက်သည့် ကျွန်မ၏ အခန်းကဏ္ဍ မပေါ်ခဲ့သဖြင့် သိလျက်နှင့် မဖော်ခဲ့သော ...မျိုးမြင့်ညိမ်းကို ကျေးဇူးတင်ရသည်။ ယခင်ကမှ သူ ထောင်ကျတော့ ...အလုပ်တွေကို ကျွန်မ ဂုဏ်ယူခဲ့သည်။ သူ့မိသားစုကို ဖေးမနိုင်ခဲ့သည်။ ...ခုတော့ ကျွန်မလည်း ဘာမှမတတ်နိုင်။ မချူးနှင့် ကျွန်မတို့၏ ကိုယ့်...သနာအပေါ် အပူတွေတော့ လျော့သွားကြသည်။ သည်လထဲမှာပင် ...အမေအပါအဝင် အဖွဲ့ချုပ်အဖွဲ့ဝင်အချို့က မန္တလေးကို ရထားဖြင့် သွားရို...ခဲ့ကြသည်။ မုတ်ဆိတ်ညီအစ်ကိုများအမည်နှင့် နိုင်ငံရေးဟာသအချို့...င်ဆက်လေ့ရှိသော လူရွှင်တော်ပါပါလေးတို့ ညီအစ်ကိုကို ဖမ်းဆီးထားရာ ...ရုံးချိန်းရှိသဖြင့် အစ်မတို့က ထိုရုံးချိန်းကို သွားဖို့ကြိုးစားခြင်းဖြစ်သည်။ ...သော် ရထားတွဲဖြုတ်ချတာ ခံလိုက်ရသည်။ သည်သတင်းတွေကိုကြားရ...တော့ အတော်လေးစိတ်ပျက်သည်။ ကလေးကလားဆန်သည့် ပြောင်းရွှေ့...ကို သုံးနေပါလားဟု အံ့လည်းအံ့ဩရသည်။ ပြီးတစ်ရက်မှာ ...ထောင်...ထားအား လစာ၏ ဆယ်ဆတန်ဖိုးရှိသောငွေကို ထုတ်ချေပြီး ...အတွင်း...ဆပ်ရမည်ဟုဆိုသည်။ ထောင်က ဝန်ထမ်းတွေက ပျော်သလိုလို ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



သလိုလို ဖြစ်နေကြသည်။ ကုန်ဈေးနှုန်းတွေက တက်လိုက်လာသဖြင့် ဖြ ဆယ်ရငွေရော ပိုသုံးရငွေ ပေါင်းနှုတ်လိုက်လျှင် နဂိုက ရသလောက် ပြန်ဖြစ်နေသတဲ့။

ထိုအချိန်က ထောင်ဆရာဝန်မကြီး၏ဆေးစာဖြင့် တစ်ပတ်မှာ သုံး ရက် ပေါင်မုန့်နှင့် ဟင်းသီးဟင်းရွက်စိမ်းစိမ်းစိုစိုကို အိမ်မှ ပါဆယ်ပို့ခွင့်ရနေ သည့် ဆီးချိုဖြစ်သည့်အကျဉ်းသူတစ်ဦးရှိနေရာ တိုက်မှာ စားစရာအတွက် အခက်မပွေချိန် ဖြစ်ပါသည်။ သူတို့အိမ်က မိသားစုဝင်များပြီး ငွေကြေးတတ် နိုင်သဖြင့် ပါဆယ်ထုပ်ဆိုသည့်တိုင် ကောင်းပေ့ဆိုတာတွေချည်း ထည့်ပေး ကာ တစ်ယောက်ယောက်က တစ်ရက်ခြားဆိုသလို ထောင်ကို လာပို့တတ် သည်။ ဟင်းသီးဟင်းရွက်ဆိုရာမှာ ဆီနည်းနည်းဖြင့် ကြော်ထားသည့် အစိမ်းကြော်မျိုးအပါအဝင် အသုပ်လို အစိမ်းစားသည့် တို့စရာလိုမျိုးကအစ ပါတတ်သည်မို့ အူစိုသည့်ကာလလည်း ဖြစ်ပါသည်။ ထောင်မှာ စားနေ စာဖတ်ခွင့်လည်း မရှိသည်မို့ အများစု၏ တစ်နေ့တာအချိန်ဇယားတွေမှာ အစားအသောက်အတွက် ပြင်ဆင်ခြင်းက အတော်ကြီးအရေးပါခဲ့ပါသည်။ အမှန်တော့ အထားခံအောင်လုပ်ထားသည့် အစားအစာတွေကိုသာ စားနေရ သဖြင့် အခြောက်ခံမဟုတ်သည့် အစားအသောက် အစိုများကို စားနိုင်ဖို့အရေး က ထောင်မှာ အတော်ကြီးရှားတောင့်ရှားခဲပင်။ သည်လိုအချိန်မျိုးမှာ ဖို တစ်ပတ်သုံးရက် ဟင်းရွက်ပါဆယ်က အတော်လေးအထောက်အကူပြု သည်။ အနည်းဆုံး ထမင်းတစ်နပ်မှာ ဟင်းသီးဟင်းရွက်အစိုလေးနည်းနည်းတို့ ကိုယ့်မှာ ရှိသည့် ငါးခြောက်ငါးခြမ်း ငါးပိကြော်များနှင့် ရောစားရလျှင် ဝမ်းချုပ်တတ်တာမျိုးလည်း လျော့ပါးသွားနိုင်သည်။

သည်အချိန်မှာ ထောင်မှူးမအသစ် ပြောင်းသွားပြန်တာမို့ တာဝန်ကျ ဝန်ထမ်းတွေက ယခင်ကလို မနက်စောစောနှင့် ညနေပိုင်း အချိန်မှာ အခန်း တံခါးအားလုံး ဖွင့်ပေးထားတာမျိုး မလုပ်ပေးရဲကြတော့။ မချူးက ဦးဆောင် ပြီး အခန်းတံခါးတွေကို အရင်လိုပဲ မနက်စောစောနှင့် ညနေခင်းအချိန်အချို့မှာ ဖွင့်ပေးထားဖို့ ထောင်မှူးမအသစ်ကို ပြောကြည့်ကြသည်။ မရ။ သည်ကိစ္စမှာ လာဘ်ပေးပြီး လက်ရှိအခွင့်အရေးကောင်းတွေ ရထားသည့် အကျဉ်းသူ အချို့ကလည်း ထောင်မှူးမဘက်က အခက်အခဲများကို စာနာသဖြင့် သည် အခွင့်အရေးကို မတောင်းသင့်ဟု ဆုံးဖြတ်ခဲ့ကြသေးသည်။ သည်နေရာမှာ ကျွန်မတို့ မချူးတို့က လက်ဗလာဖြင့် အခွင့်အရေးတန်းတူရေးကို တောင်းဆို



ရာ မအောင်မြင်ခြင်းမှာ မဆန်းချေ။ သို့သော် ထိုအကျဉ်းသူတို့က ကျွန်မတို့ကို အပေးအကမ်းမပျက်။ သူတို့လုပ်ပုံကိုင်ပုံတွေကို မြင်လျှက်ပြီး မြော်အရော ဖုတ်ပိတ်ခံသဘော ပေးကမ်းနေသည်လားဟု တွေးမိပြီး ကျွန်မတို့ တုန့်လှုပ်မိ ကြသည်။

## နှစ်ပတ် ဥပုသ်

သည့်နောက် မှတ်မှတ်ရရ ၁၉၉၆ ဖေ ၅ ရက်နေ့မှစကာ ထောင်ထဲမှာ တရားပွဲတွေ ကျင်းပပေးလာသည်။ ပထမတော့ ဆရာတော်ကြီးများကို ပင့်ဖိတ်ပေးသည်။ အဆောင်တစ်ဆောင်ဆောင်မှာ ဆရာတော်ကြီးတစ်ပါးပါး ကြွပြီး ဟောပြောသမျှကို အဆောင်တိုင်း တိုက်တိုင်းကနေ ကြားနာနိုင် အောင် ဆောင်းဘောက်စ်တွေ ဆင်ပေးထားသည်။ သက်ဆိုင်ရာ အဆောင်နေ သူတွေကတော့ ဆရာတော်ကို ဖူးမြင်နိုင်ကြသည်။ လှူဖွယ်တချို့ကိုလည်း ဆပ်လှူနိုင်ကြသည်။ အကျဉ်းသူအများစုကတော့ သည်တရားပွဲတွေ ကျင်းပ သာမှုအပေါ် သဘောကျကြသည်။ ကျွန်မအတွက်လည်း အတော်ကြီး အထောက်အပံ့ဖြစ်ပါသည်။ တရားအားထုတ်မှုကို ပိုပြီးထိန်းထားလိုက်နိုင် သည်။ အခန်းတံခါးတွေ ပြန်ပိတ်သွားသဖြင့် စကြံ့လျှောက်ရသည်မှာ အခက်အခဲဖြစ်လာသည့်တိုင် တရားနာစရာရှိလာခြင်းအတွက် ဝမ်းသာရ သည်။ သည့်နောက်မှာ မချူးကို တရားအားထုတ်ဖို့ အတော်ကြီးတိုက်တွန်း ဖြစ်သည်။ မချူးကတော့ အချိန်ပိုင်းမျှသာ အားထုတ်ဖြစ်ပြီး ရိပ်သာမှာလို အချိန်ပြည့်အားထုတ်ရန် မဖြစ်နိုင်သေးဟု ဆိုသည်။ သို့သော် ဘာသာရေးအရ သန့်ရှင်းသဘောမျိုး ချမှတ်နိုင်မည့် ပုံမှန်အားထုတ်မှုတစ်ခုခုကိုတော့ ပြုလို နေသည်။ သည်မှာ စဉ်းစားပြီး တစ်ပတ်မှာ သုံးရက် ဥပုသ်မှန်မှန် စောင့်ကြဖို့ စိတ်ကူးမိကြသည်။ တနင်္လာ, ဗုဒ္ဓဟူး၊ သောကြာ။ မြတ်စွာဘုရားလောင်း ဖြစ်စဉ်အရ သောကြာမှာ ဖွားမြင်သောနေ့၊ တနင်္လာမှာ တောထွက်သောနေ့နှင့် ဗုဒ္ဓဟူးမှာ ဘုရားအဖြစ်သို့ ရောက်သောနေ့ ဖြစ်သည့်အတွက် ထိုသုံးရက်ကို ဥပုသ်စောင့်မည်ဟု တွေးကြခြင်းဖြစ်သည်။

တီဘီဆေးတွေလည်း သောက်စရာမလိုတော့သလို ရောဂါရှင်တစ်ဦး သူ့အလိုလို ထိန်နေပြန်သဖြင့် ကျန်းမာရေးက ကောင်းနေသည်တဲ့၊ ရသည်။ တရားအားထုတ်မှုအချိန်တွေ လျော့သွားသဖြင့် တစ်နည်းနည်းအားဖြင့် တရား

www.burmeseclassic.com

www.burmeseclassic.com



မမွေးရာမှာ အရှိန်မလျှော့လိုသည့်အတွက်လည်း ကျွန်မက သည်တစ် သုံးရက် ဥပုသ်ကို စောင့်ချင်လှသည်။ နောက်တစ်ခု ဝန်ခံရလျှင် သူများဆီ စားနေရသော တစ်ပတ်သုံးရွက် အသီးအရွက်အစိုအပေါ်မှာ မှီခိုလာသ ရသတဏှာကိုလည်း လန့်လာသည်။ သည်ကိစ္စမှာ ရသတဏှာအ သက်မွေးမစင်ကြယ်သလို ဖြစ်နေမှာ စိုးနေမိသည်။ သည်အခွင့်အရေးသ ရာနှုန်းပြည့်သွေးရိုးသားရိုး ရလာသည့်အခွင့်အရေးမျိုး မဟုတ်မှန်း သိ သည့်အတွက်လည်း သည်အစားအပေါ်မှာ အားထားနေမိသည့် မိမိ၏ တဏှာနှင့် အသက်မွေးမှုကို စိန်ခေါ်ကြည့်ချင်စိတ်လည်း ဖြစ်နေလေသည် တဖန် သည်အလေ့အထက ထုံသွားလျှင် နောင်မှာ တစ်ပတ်လျှင် သုံး တော့ ခေါင်းရှုပ်စရာမလိုဘဲ နေတတ်သွားမည်။ နို့မဟုတ်လျှင် တစ် အတွက် အတွေးနှင့် အလုပ်က စားရသည်နှင့်ပင် မကာမိဘဲ ဗာဟီရအရ တဏှာဆန္ဒအရပါ များလွန်းလှသည်။

သို့နှင့် ကျွန်မနှင့် မချူးက ဥပုသ်စောင့်တော့မည့်အကြောင်း အား ကို အကြောင်းကြားရသည်။ ထောင်ဝန်ထမ်းတွေက ထမင်းဝေချိန်မှာ မ လျှင် ဆန္ဒပြသည်ဟု ထင်မှတ်မှာကလည်း ရှိနေသေးသည်ကိုး။ ဥပုသ်စော မည့်နေ့များအရ စားကောင်းသောက်ဖွယ်များကိုလည်း ကျောခိုင်းတော့မှ အကြောင်း ပြောဖြစ်ကြပါသည်။ သည်ထောင်လိုနေရာမျိုးမှာ အခြားမည် တစ်ဦးတစ်ယောက်မျှ မရရှိထားသည့် ရတောင့်ရခဲအခွင့်အရေးဖြစ်သည ပါဆယ်ဟင်းသီးဟင်းရွက်အပေါ် ပိုင်းဝန်းမှီခိုပြီး ရှင်သန်သွားမလား၊ ဘယ် အနေအထားမျိုးမှာမဆို ကိုယ့်ပိုင်ဆိုင်မှုအစစ်ဖြစ်သည့် သီလ၊ သမာ ပညာကို အခြေပြုသော တင်းတိမ်ရောင့်ရဲနိုင်မှုနှင့် စောင့်စည်းထိန်းသိမ်း တို့အပေါ် ရပ်တည်ရင်း ရှင်သန်သွားမလားဆိုသည်ကသာ ကျွန်မအတွ စိန်ခေါ်ချက်ဖြစ်ကြောင်း တိုက်နေဝေနေယျများကို ရှင်းပြဖြစ်ခဲ့ပါသည်

ကိုယ့်ကိုကိုယ် စောင့်ကြည့်ရင်းမှ ဩကာသလောကအကြော ပိုသိလာခဲ့သော ကျွန်မမှာ ကိုယ့်ကိုကိုယ် စိန်ခေါ်ဖို့သာ တွေးနေဖြစ်ခဲ့ပါသည် နောက်ပိုင်းမှာ မချူးက ဥပုသ်စောင့်တာကို မဖျက်သည့်တိုင် သံယော လက်ကျွန်ဖြင့် ဟင်းတစ်ခွက်မျှကို ပြန်လက်ခံဖြစ်သော်လည်း ကျွန်မကာ ယတိပြတ်အဆုံးအဖြတ်မှ ပြန်မပြင်ဖြစ်တော့ပါ။ ဘာသာရေးကြောင့် အရာ ကို အရှုံးပေးကာ ပျော့ညံ့သွားလိမ့်မည်၊ စိတ်ဖောက်ပြန်တာမျိုး ဖြစ်သွား မည်ဟု ထင်ထားခဲ့သူတို့မှာ ကျွန်မ၏ ခိုင်မာသော ဆုံးဖြတ်ချက်များ



များကိုဝါးထင်ထင် တွေ့မြင်ရသဖြင့် စောဒကမတက်နိုင်လောက်အောင် အံ့ဩ သွားခဲ့ကြပြီး ကျွန်မ၏ အဆုံးအဖြတ်ကို လက်ခံခဲ့ကြရပါသည်။ အများထင် မြင်သည့် အခွင့်အရေးများအတွက် ဖိနှိပ်သူကို အားကိုးရာအဖြစ် သဘောထား ကာ အငြိုငြင်မခံမှုဘဲ ဖိနှိပ်ခံအချင်းချင်းကိုသာ သည်းခံခိုင်းသည့်နည်းမျိုး တွေဖြင့် ထောင်ထဲမှာ ရှင်သန်သွားရမည်ကို နိုင်ငံရေးအကျဉ်းသား၊ ဗုဒ္ဓ ဘာသာဝင်တစ်ယောက်အနေဖြင့် စိတ်မလုံ။

တစ်ဘက်မှာလည်း ဘာသာရေးကျင့်စဉ်က ကျွန်မကို တံစိုးလက် ဆောင်ဖြစ်စေ၊ အဖိုးတန်လာဘ်လာဘကိုဖြစ်စေ တောင့်မခံနိုင်သည့် လူပျော့ လူညံ့မျိုးဖြစ်သွားအောင် ပြောင်းလဲခဲ့ခြင်းမဟုတ်ကြောင်း သက်သေပြလိုခဲ့ သည်ကို ဝန်ခံရပါမည်။ ဘာသာရေးအရ ခြိုးခြံခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း တို့မှာ ငတ်ငတ်နှင့်လိုက်နာအပ်သည့် အဆုံးအမများ မဟုတ်မှုဘဲ စိတ်အာသာ ဆန္ဒအရပင် ရမ္မက်အပေါင်းကို အတတ်နိုင်ဆုံး အပြတ်ဖြတ်ထားနိုင်ခြင်း ဖြစ်ကြောင်းလည်း သိစေချင်နေပါသည်။ ဘာသာရေးကျင့်စဉ်အရ နူးညံ့ သိမ်မွေ့သွားမှုမှာ ပျော့ညံ့အားငယ်သွားခြင်းမျိုးမဟုတ်မှုဘဲ ကျစ်လျစ်ခိုင်မာပြီး တင်းတိမ်ရောင့်ရဲမှုဖြင့်သာ ငြိမ်းချမ်းပြည့်စုံနိုင်ခြင်းဖြစ်ကြောင်း သူတို့ သိစေ ချင်ပါသည်။ စိတ်မှာလည်း ရသတဏှာ၏ အချုပ်အနှောင်ကို ထောင်မကျ ခင်ကပင် အလွန်အကျွံ မခံခဲ့ဖူးသူပီပီ ရှေ့မှာဆက်ပြီး မခံသွားနိုင်ရန် ယခုလို နေရာမျိုးမှာ ကျင့်ခြင်းက အသင့်တော်ဆုံးဖြစ်မည်ဟု တွေးဖြစ်နေပါသည်။ သည်လိုနှင့် လေသံအေးအေးနှင့် စိမ်းကားသည့် စကားတွေ ဆိုခဲ့သော ဆိုပြီးသော စကားကို မယိမ်းမယိုင် တည်လေအောင် အားထုတ်တတ်သော ကျွန်မကို 'ပျော့ပျော့နှင့်နံသည့်ကြောင်ချေး' ဟု နောက်ကွယ်မှာ ဝိုင်ကြိုက်ပြုလာ ကြပြန်ပါသည်။

## ဇာတိနှင့် သဟဇာတ

အမှန်တော့ သူများက ခွဲဝေပေးသည့် စားကောင်းသောက်ဖွယ်များကို ငြင်းပယ်ပြီး ကိုယ့်မိဘက ပေးပို့လာသည့် ထောင်ဝင်စာကိုသာ အားထား စားတော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ အထူးတလည် စွန့်လွှတ်အနစ်နာခံခြင်း မျိုးမှ မဟုတ်သည်လေ။ ကိုယ့်လောက်မှ စားစရာသောက်စရာမရှိသည့် အကျဉ်းသူအကျဉ်းသားတွေက များမှများ။ ဘယ်လိုအမှုမျိုးနှင့် ရောက်လာ

www.burmeseclassic.com



လာ အကျဉ်းသားမှန်သမျှ ကိုယ်နှင့်ဘဝတူဟု ခံစားမိသဖြင့် ပတီအမှန်တရား အရ ကိုယ့်မိသားစုနှင့် ထောင်ကပေးသမျှအပေါ်မှာ အားထားပြီး စားသောက် သွားဖို့ကိစ္စမှာ ထောင်ကျတစ်ဦးအဖို့ အဆန်းတကြယ်မှ မဟုတ်။ ပကတိ တရားတွေကို လက်ခံတတ်လာပြီမို့ သည်ပတီအရှိတရားကိုလည်း လက်ခံရ ဝန်မလေး။ နောက်တစ်ခါ အမှတ်ဖြင့်သာ ဆက်လက်ရှင်သန်ဖြစ်နေသည်မို့ စားကောင်းသောက်ဖွယ်နှင့် ဆိုးဆိုးဝါးဝါး စားစရာတွေကြားမှာ ခြားနားချက် က မထင်ရှား။ အရသာဆိုသည်မှာ ကောင်းကောင်း၊ ဆိုးဆိုး လျှာပေါ်ခဏ တင်ခိုက်မှာသာ တည်တံ့ပြီး မျိုချလိုက်သည်နှင့် ပျောက်သွားပြီကော အမှတ်စိတ်အတိုင်း သေချာစားလျှင်ဖြင့် ထိုခဏသည် လျှာပေါ်မှာပင်မပြီ အစားကောင်းလည်း လျှာပေါ်မှာ ထာဝရတည်နေနိုင်သည်မဟုတ်။ စား ကောင်းသည်ဟူသည့် အသိကလည်း ထာဝရမတည်နိုင်။ ဆိုးဝါးသည့်အစား တွေကိုလည်း လျှာပေါ်မှာ ထာဝရမတည်။ စားမကောင်းဆိုသည့် အသိက လည်း ထာဝရမတည်။ သို့ဖြင့် ကောင်းကောင်းဆိုးဆိုး ဝေဒနာမှန်သမျှ အပေါ်မှာ ကွာခြားချက် ရှာမရတော့။ ပကတိကို အသာတကြည်လက်ခံပြီး ဆင်ခြင်ကြည့်မြင်တတ်လာခြင်းကြောင့်လည်း မည်သည့်အခြင်းအရာကို ရင်ဆိုင်ရသည်ဖြစ်စေ အရှိကို အရှိအတိုင်း မြင်တတ်လာသည်။ ထို့ကြောင့် ကိုယ့်ဆင်ခြင်မှုအရ ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များအပေါ် နောင်တ လည်း မရှိတော့။ အတိတ်ကို မတွေးသလို အနာဂတ်ကိုလည်း စိတ်မပူ မယဉ်တော့ပြီမို့ နေရထိုင်ရ အတော်ကြီးပေါ့ပါးသက်သာနေတော့သည်။

သည်လိုနှင့် ၁၉၉၆ ဧပြီလ ၅ ရက် သောကြာနေ့မှစပြီး တစ်ပတ် လျှင် သုံးရက် ဥပုသ်စောင့်သည့်နိစ္စဝတ်ကို ပြုခဲ့ရာ နောင် ထောင်မှလွတ်ပြီး ခြောက်လကျော်အထိ ကြာမြင့်ခဲ့ပါသည်။ ဥပုသ်စောင့်သည့်အတွက် ညပိုင်း စကားပြောတာတွေကို နေ့စဉ်မလုပ်တော့ဘဲ ထားလိုက်သည်။ ပြောဖြစ်လျှင် တောင် ဘာသာရေးအကြောင်းတွေ ပြောဖြစ်တာ များလာသည်။ ကျန်သည့် အပိုင်းမှာတော့ ဘာမှထူးထူးခြားခြားမရှိခဲ့။ အစ်မအိမ်ရှေ့မှာ လုပ်နေတဲ့ ဟောပြောပွဲတွေကို ဖွန်လဆန်းမှာ ဆက်လုပ်ခွင့်မပေးတော့ဟု သိလာရသည်။ သည်ကြားထဲ စက်ပူဝန်ကြီးချုပ် လီကွမ်ယုက အစ်မသာ အာဏာရလျှင် ဘော့စ်နီးယားလို တိုင်းပြည်အစိတ်စိတ်အမွှာမွှာဖြစ်မှာမို့ စစ်တပ်က အုပ်ချုပ် တာပဲ ကောင်းသလိုလိုစကားမျိုးပြောသည်ဟု ကြားလိုက်ရသည်။ သည် စကားအတွက် လူအတော်များများက ဒေါသဖြစ်နေကြပြီး အစ်မထံမှ ကျွန်



သံကိုတော့ မကြားရ။ တစ်နှစ်လောက်အတွင်းမှာ နိုင်ငံရေးအခြေအနေတွေက အကောင်းဘက်ထက် အဆိုးဘက်ကို ပိုပြီးပြောင်းလာနေသည်။ ၁၉၉၆ ခုနှစ်ကို စစ်အစိုးရက မြန်မာ့ခရီးသွားနှစ်အဖြစ် ကြေညာပြီး အစ်မကတော့ နိုင်ငံခြားသားတွေ မြန်မာပြည်လာမလည်ဖို့ ပြောသည်။ သည်လိုတင်းမာမှု တွေဖြစ်ချိန်မှာ ထောင်ထဲကတော့ လွတ်ရေးမျှော်လင့်ချက်တွေ နည်းသွားကြ သည်။ မချုးအနေဖြင့်လည်း ‘အားဆေး’တွေ သွင်းရခက်လာသည်။ ထို့ ကြောင့် ပြည်ပသတင်းတွေကို မျက်ခြည်ပြတ်သွားပြန်သည်။

## စာပေဆုနှင့် စာမေးပွဲ ထပ်ကျခြင်း

ဖွန်လဆန်း ထောင်ဝင်စာမှာတော့ စာရေးဆရာအသင်းကြီး တစ်ခုဖြစ် သည့် PEN က ကျွန်မကို စာပေဆိုင်ရာဆုတစ်ခု ချီးမြှင့်ကြောင်း ကြားလိုက်ရ သည်ဟု ဖေဖေနှင့်မေမေက ပြောလာသည်။ သူတို့က သဲသဲကွဲကွဲမပြောနိုင် သလို ကျွန်မကလည်း သည်ဆုတွေအကြောင်း ဗဟုသုတကမရှိ။ ‘ဆုတွေ ဘာတွေထက် အရတော်မှာက တရားပါ ဖေနဲ့ မေရာ။ အဲဒါတွေအပေါ် ဘယ်လိုမှ မခံစားနေပါနဲ့။ ကိုယ့်ကို မမေ့တဲ့အတွက်တော့ ကျေးဇူးတင် ကြောင်း ပြောလိုက်ပေါ့။ မေးတဲ့သူရှိရင်လေ’ဟုသာ ပြောဖြစ်သည်။ တကယ် သည်း ထိုစဉ်က ဖေဖေကိုယ်၌က ထိုသတင်းကြားလာသူက အမောတကော င်းသာအားရ လာပြောချိန်မှာ ‘ဝမ်းမသာဘူးကွာ၊ ငါ့သမီးလွတ်မှ ဝမ်းသာ ယ်’ဟု ပြန်ပြောကြောင်း သိရပါသည်။ နောက်မှသိရသည်က နယူးယောက် PEN မှ Barbara Goldsmith Freedom to Write award လွတ်လပ် ာရေးသားမှုဆုဖြစ်ပြီး ဧပြီလ ၂၅ ရက်နေ့က ပေးခဲ့ခြင်းဖြစ်သည်။ သည်ဆုမှာ ‘လွတ်လပ်စွာရေးသားခွင့်’အတွက် အားထုတ်ခဲ့သဖြင့် ပေးခြင်းဟုသာ ထိုစဉ် ာ နားလည်ခဲ့ပါသည်။ သည်လိုဆုရသဖြင့် အာဏာပိုင်တို့ထံမှ အာရုံစူးစိုက် ပိုရှိလာပြီး ထောင်သက်အပေါ် အဆုံးအဖြတ်အပြောင်းအလဲရှိမည်ဟု များကတွေးကြသလို ကျွန်မတို့ သားအမိတစ်တွေလည်း တွေးမိပါသည်။ ဖေနှင့်မေမေ စိတ်ပူသည်က ထိုသို့နိုင်ငံတကာမှ စိတ်ဝင်စားလာနိုင်ခြေ အာဏာပိုင်တို့က အမြင်မကြည်လေဖြစ်ပြီး ထောင်သက်ရှည်သွားမှာပဲဖြစ် ာ ကျွန်မကတော့ ဝေခွဲမရခဲ့။ သူများတွေ ပြောသလို လွတ်ဆေးပါတာမျိုး သည်း ဖြစ်ချင်ဖြစ်နိုင်သည်ကိုး။ သို့သော် တရားအားထုတ်မှုကြောင့် ယခင်

www.burmeseclassic.com

www.burmeseclassic.com



ကလို လွတ်လိုစိတ်တွေ မပြင်းပြတော့ဘဲ သံသရာလွတ်လမ်းကို ရှာတွေ့တာထက် သာလွန်ကောင်းမွန်သော လွတ်မြောက်ခြင်းမျိုး မရှိနိုင်တော့ဟု သဘောပိုက်မိနေသည်။ ထောင်က လွတ်ရက်မှာလည်း ကိုယ့်ပယောဂ မပါနိုင်ကြောင်း သိနေသလို နိုင်ငံတကာ၏ ပယောဂလည်း မည်သည့်အတိုင်းအတာအထိ ပါမည် မပါမည်ကို မမှန်းတတ်ခဲ့။

သည်လိုနှင့် ဥပုသ်စောင့်ရင်း၊ တရားပုံမှန်မှတ်ရင်း အချိန်တွေကို သူ့သဘောအတိုင်း ဖြတ်သန်းဖြစ်လာသည်။ ယခင်က ထောင်ဝင်စာရက်များကို စောင့်မျှော်ပြီး ထောင်သက်ကို ၁၄ ရက်ဟု တွေးလာရာမှ ပန္နက်ခဏအတွင်းမှာ နေနည်းကို တတ်လာသောအခါ မိနစ်အရ စက္ကန့်အရ ရှင်သန်တတ်လာပြီး အချိန်ကို စောင့်နေသည့် ခံစားချက်တို့ ပါးလျားကုန်တော့သည်။ ဩဂုတ်လ ၁၅ ရက်မှာတော့ စစ်ကြောရေးဟု လာခေါ်ပြန်သည်။ သည်တစ်ခါတော့ အင်းစိန် စီအိုင်ဒီမှ ဗိုလ်မှူးသာဟန်ဆိုသူဖြစ်ပြီး ပထမမှာ အိမ်က ထူးခြားမှုရှိကြောင်း မပြောဘူးလားဟု မေးတော့သည်။ ကျွန်မ မပြောကြောင်း ဖြေဖြစ်ပြီး အတန်ကြာမှ ဆုရတယ်လို့ မကြားဘူးလားဟု ဆိုသည်။ ကျွန်မအနေဖြင့် ထိုအချိန်က ဆုအမည်ပင်မသိထားသဖြင့် ထိုဆုကို ကျွန်မရေးသည့် ဝတ္ထုများအနက် တစ်ပုဒ်ပုဒ်အား ပေးသည်လားဆိုသည်မျိုး မသဲကွဲကြောင်း၊ ဖေဖေနှင့် မေမေကလည်း ဆုအမည်ပင် မပြောနိုင်ကြောင်း ပြန်ဖြေသည်။ သည့်နောက်တော့ ထုံးစံအတိုင်း နေရေးထိုင်ရေးနှင့် ကျွန်မတရားထိုင်သည့်အကြောင်းကို မေးသည်။

နောက်ဆုံးတော့ 'နဝတအစိုးရအပေါ် ဘယ်လိုသဘောထားလဲ' ဟု မေးတော့သည်။ 'အရာရာဟာ မမြဲတဲ့တရားချည်းမို့ အနိစ္စလို့ပဲ မြင်ပါတယ်' ဟု ဖြေတော့ ယဲ့ယဲ့လေး ပြန်ပြုံးပြသည်။ နောက်တစ်ခါ အစ်မအပေါ် ဘယ်လိုမြင်လဲ မေးပြန်တော့ 'သူက သူ့အလုပ် သူလုပ်နေတာပဲ၊ ဒုက္ခခံပြီး လုပ်နေတယ်' ဟု ဖြေလိုက်သည်။ နောက်တော့ ထုံးစံအတိုင်း 'ခင်ဗျားရဲ့ နိုင်ငံရေးအိပ်မက်က ဘာလဲ' ဟု မေးပြန်သည်။ 'နိုင်ငံသားကောင်းတွေ လုပ်တဲ့အလုပ်တွေပဲ လုပ်ခွင့်ရရင် လုပ်ချင်တယ်။ အဲဒီအိပ်မက်ကလွဲပြီး တခြားဘာမှမရှိပါဘူး' ဟု ဖြေတော့ နားမလည်နိုင်သလို ကြည့်သည်။ သည်နေရာမှာ ကလေးတွေကို ငယ်စဉ်မှာ မေးကြသလို ကြီးလာရင်ဘာဖြစ်ချင်လဲ အမေးနှင့် ဘာလုပ်ချင်လဲအမေးတို့ ကွာခြားသလို ကျွန်မ၏အဖြေတွေ ကွာခြားလာသည်ကိုတော့ သတိပြုစေချင်ပါသည်။ ကျွန်မက နိုင်ငံသား



ကောင်းဖြစ်ချင်တယ်ဟု မဖြေတော့ဘဲ နိုင်ငံသားကောင်းတွေ လုပ်တဲ့အလုပ်ပဲ လုပ်ချင်တယ်ဟု ဖြေလာခြင်းဖြစ်ပါသည်။ ခဏနေတော့ 'ခင်ဗျားနဲ့ ဆွေးနွေးလို့လည်း မရဘူး' ဟုဆိုကာ ထပြန်သွားတော့သည်။ သည်တော့ ထောင်သက်ဖြင့် ရှည်ပြန်ပါပေါ့ဟု ရိပ်မိရပြန်သည်။ ထိုနေ့က ဥပုသ်စောင့်သည့်နေ့ မဟုတ်သော်လည်း ထောင်သက်တိုအောင် ရှည်ရှယ်ပြီး လက်ာချောအောင် ပြောဖြစ်ခဲ့ခြင်းအတွက်တော့ နောင်တတစ်ဖန့် မပူပန်ဖြစ်။ တိုက်မှာ ပြန်ပြောပြဖြစ်တော့ ရယ်ကြသည်။ 'သည်တစ်ခါလည်း ကျပြန်ပေါ့' ဟု ဆိုကြသည်။ ကိုယ့်ဘာသာစစ်သည့် ကိုယ့်ကိုကိုယ်စိန်ခေါ်သည့် စာမေးပွဲကတော့ အောင်မြဲပါ။

နောက်ပိုင်းမှာ မချူးက 'အားဆေး' ပြန်ရအောင် ကြိုးပမ်းပြန်သည်။ 'အားဆေး' တွေ ပြန်ရမှ ဇူလိုင်လအတွင်းမှာ ဖြစ်ရပ်တွေ အတော်များတာကို သိလိုက်ရသည်။ ရုရှမှာ ယဲ့လ်ဆင် နောက်တစ်ကြိမ် သမ္မတအဖြစ် အရွေးခံပြန်သည်။ သည်ဟောင်ကောင်ရှိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးမှ ဆားဘီးယားသမ္မတဟောင်း ကရာဇစ်ကို ဝရမ်းထုတ်လိုက်ပြီး မကြာမီမှာ ကရာဇစ် ရာထူးက နုတ်ထွက်သည်။ သိပ္ပံလောကမှာ အဆန်းတကြယ်တွေ ဖြစ်လာသည်။ ပထမဆုံး ပုံတူမျိုးပွားမှုဖြင့် သိုးတစ်ကောင် ပေါ်ထွက်လာသည်။ ဩဂုတ်လကုန်မှာ တောင်ကိုရီးယားသမ္မတ ချွန်ဒူးဝှမ်ကို နိုင်ငံတော်ပုန်ကန်မှုဖြင့် သေဒဏ်ချမှတ်သည်။ ပြည်တွင်းမှာလည်း အောက်တိုဘာလကုန်ပိုင်းမှာ အဝေးပြေးဂိတ်တွင် ကျောင်းသားနှင့်အရပ်သားပြဿနာ အရေးအခင်းလေးတစ်ခုဖြစ်ကြောင်း ကြားရသည်။ သို့သော် မယုံရဲ ယုံရဲ။ နိုဝင်ဘာ ၁ ရက်နေ့က လယ်ပြင်ရွာ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးမှာ ဝန်ကြီး ဦးဝင်းစိန်က အစ်မခေါ်အောင်ဆန်းစုကြည်ကို သတ်ပစ်ရမည်ဟု ပြောကြောင်း ကြားကြရသည်။ သည်မျှ အမုန်းတရားတွေက ပုဂ္ဂိုလ်ရေးအာဃာတမရှိဘဲ ကြီးထွားနိုင်သည်ကို အံ့ဩမဆုံး။ သည့်ထက်အံ့ဩစရာဖြစ်လာသည်က နိုဝင်ဘာ ၉ ရက်နေ့မှာ အစ်မအိမ်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းမှ ဘဘဦးကြည်မောင်အိမ်ရှိရာ ချင်းချောင်းခြံလမ်းအသွား လမ်းပေါ်မှာ လူတစ်စုက အစ်မတို့ကားတန်းကို ဝင်ရောက်ရိုက်နှက်ကြခြင်းဝင်။ သည်လိုလူတွေ အစ်မကို အမုန်းတကယ်ပဲ သေစေချင်နေပြီလားဟု တွေးမိတော့ စိတ်ချမ်းမြေ့။

www.burmeseclassic.com



## ရန်သူမျိုးငါးပါး

သည်နေရာမှာ ရန်သူမျိုးငါးပါးကို တွေးမိသွားသည်။ ရေ၊ မီး မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ။ အာဏာပိုင်တို့အတွက် အစ်မတော် မချစ်မနှစ်သက်သောသူဖြစ်သဖြင့် ရန်သူ။ အစ်မနှင့် ပြည်သူတို့အတွက်ထာ အာဏာပိုင်သည် မင်းဖြစ်သဖြင့် ရန်သူ။ မင်းဆိုရာမှာ မင်းကျင့်တရား ဆယ်ပါးကို ကျင့်ကြံရမည်။ မင်းကျင့်တရားဆယ်ပါးဆိုသည်က ဒါန = ပေးလှူခြင်း၊ သီလ = ငါးပါးသီလနှင့်ပြည့်စုံခြင်း၊ ပရိစ္စာဂံ = အမှုထမ်းတို့အား ရိက္ခာပေးကမ်းခြင်း၊ အဇ္ဇဝံ = ရိုးသားဖြောင့်မတ်ခြင်း၊ မဒ္ဒဝံ = သာယာနူးညံ့ စွာ ပြောဆိုကျင့်ကြံခြင်း၊ တပံ = အကျင့်သီလတို့ကို ခြိုးခြံစွာစောင့်သုံးခြင်း၊ အကောဓံ = အမျက်မထွက်ခြင်း၊ အဝိဟိံသံ = မနှိပ်စက်ခြင်း၊ ခန္တီ = သည်းခံခြင်း၊ အဝိရောဓနံ = ပြည်သူတို့သဘောနှင့် မဆန့်ကျင်ခြင်း။ သည်ဆယ်ပါးမှာ ဘယ်နှပါးနှင့်များ ပြည့်သည့်မင်းကို ကြုံနေရသနည်း။ အမှန်တော့ မင်းကျင့်တရားဆယ်ပါးသည် မြန်မာ ဗုဒ္ဓဘာသာ လူမှုအစွဲ အစည်း ဘုရင်မင်းများအတွက် ကျင့်ဝတ် သို့မဟုတ် ပြည်သူပြည်သားများ၏ ရပိုင်ခွင့်များအတွက် အာမခံချက်များ။ ခုတော့ ပြည်သူတွေက မင်း၏ မချစ်မနှစ်သက်သော ရန်သူစာရင်းမှာ ဝင်စပြုလို့။ ပြည်သူတွေကလည်း မင်းကျင့်တရားနှင့်အညီ မကျင့်သည့်မင်းကို ရန်သူအဖြစ် သတ်မှတ်လို့။ ဗုဒ္ဓ၏အဆုံးအမတွေကို မျက်ကွယ်ပြုကြသည့် ဗုဒ္ဓဘာသာဝင်များ၏ နိုင်ငံ တော်ကြီးဖြစ်နေပေါ့ဟု တွေးမိပြန်သည်။ သည်တော့လည်း ကိုယ်ကတ ရှင်နည်းရာ အဂ္ဂလူထွက်လုပ်ဖို့ မဖြစ်သင့်ဟု ဆက်တွေးကာ ကျင့်မြဲသော နိစ္စပတ်တို့ကို ကျင့်ရပြန်သည်။

## ထောင်ထဲက လုံးချင်းတိုက်

သည့်နောက် ထောင်မှာ ထူးခြားမှုတစ်ခုက ကျွန်မတို့တိုက် နောက်မှာ ခြံစည်းရိုးသာရှိပြီး ထို့နောက်က တောင်ယာနှင့် ကြိုးစင်သာ ရှိသည်။ တောင်ယာမရောက်မီမှာ အမှိုက်ပုံလိုဖြစ်နေသည့် မြေကွက်လပ်လွတ်ရှိသည်။ ခြံစည်းရိုးမှာ သွပ်ပြားချပ်ရှည်များကို ထောင်လိုက်စီပြီး ကာထားသည်မို့ သွပ်ပေါက်တချို့ကြားမှ ချောင်းကြည့်လျှင် ထိုနေရာတွေကို မြင်နေရသည်။



ထိုမြေကွက်လပ်မှာ ဟိုတစ်လောဆီက ကျွန်မနှင့် မချူတို့က မဂ္ဂဇင်းစာရွက် တွေ ရေစိမ်ပြီး လွှတ်ပစ်ထားသည့်နေရာ ဖြစ်သည်။ ယခုတော့ သည်နေရာ မှာ ဆူညံသံတွေ ကြားလာရသည်။ လူသံတွေ၊ ခြေကျင်းသံတွေ၊ ပစ္စည်း အလေးအပင်များ သယ်မချသံတွေ မြေတူးသံတွေ။ သည်တော့ လူအလစ်မှာ သွပ်ပြားအပေါက်မှ ချောင်းကြည့်ကြရသည်။ ရေဆိုးကန်အပေါက်အပေါ် အားမှ မှန်ထောင်ပြီးကြည့်ကြသည်။ သည်တော့မှ သည်နေရာမှာ အဆောက် အဦတစ်ခုကို ဆောက်ရန်ရည်ရွယ်နေမှန်း သိကြရသည်။

သည်အဆောက်အဦက သိပ်တော့ ကြီးပုံမရ။ ကျွန်မတို့တိုက်ကို ကျောပေးပြီး ကြိုးစင်ကို မျက်နှာမူကာ ဆောက်ထားသည့်တိုက် တစ်တိုက် ဖြစ်ပုံရသည်။ နောက်ပိုင်းမှာ တစ်နေ့လုံး တူးဆွဆောက်နေကြသည်မှာ ညနေမှောင်လာသည်ထိ မပြီးနိုင်ကြ။ အားချင်းပြီး ဆောက်နေမှန်း သိသာ သည်။ တာဝန်ကျဝန်ထမ်းလစ်သည့်အခါ ဆောက်လုပ်ရေးလာသည့်အကျဉ်း သားအချို့ကို လှမ်းမေးဖြစ်သည်။ 'ဘာဆောက်နေတာလဲ'ပေါ့။ သူတို့က 'မသိဘူး။ လုံးချင်းအိမ်သဘောမျိုးပဲ။ ရေချိုးခန်းနဲ့ အိပ်ခန်းနဲ့ ရေချိုးခန်း၊ အိမ်သာပါတယ်'ဟုဖြေကြသည်။ အပြင်အခြေအနေနှင့်ဆက်စပ်ပြီး အစ်မ ခေါ်အောင်ဆန်းစုကြည်အတွက်များ ရည်ရွယ်လေသလားဟု အားလုံးက တွေးပူမိကြပြန်သည်။ ထောင်ဝင်းထဲမှာ လုံးချင်းအိမ်တစ်လုံးကို လာဆောက် မှတော့ လူကြီးမင်းများ အပန်းဖြေရန် မဖြစ်နိုင်။ ကြိုးစင်ကို မျက်နှာမူပြီး ဆောက်ကတည်းကလည်း ထားမည့်သူအပေါ် စေတနာက ပေါ်လွင်ပြီး သား။ သည်အိမ်တစ်လုံးကို အကျဉ်းသားအင်အား သုံးဆယ်လောက်နှင့် နေ့ရောညနေခင်းများမှာပါ ဆောက်နေပုံကလည်း အလောသုံးဆယ်နိုင်လှ သည်။ အရေးပေါ်ထားချင်စရာ အချုပ်သားရှိနေသည့်သဘော။ အိမ်လေးကို ဆောက်နေရုံနှင့်မပြီးဘဲ ပရိဘောဂတွေပါ ထည့်နေသည်နှင့် တုလာသည်။ တချို့အကျဉ်းသားတွေအပြောအရ 'မှန်တင်ခုံလည်း ပါတယ်၊ အိမ်သာထ လည်း ဘိုထိုင်'ဟု ဆိုရာ သူတို့ပြောသည့်သတင်း မှန်နေလျှင် အချုပ်ခံရမည့် သူမှာ အမျိုးသမီးဖြစ်ဖို့ များနေသည်။ အမျိုးသမီးဝန်ထမ်းတချို့ဆီမှ အရေး ကြီးအချုပ်သူအတွက် ထောင်မှ အမျိုးသမီးဝန်ထမ်းကိုပင် မသုံးဘဲ မှ ခေါ်မည်ဟူသည့် သတင်းမျိုးလည်း ထွက်လာပြန်သည်။

သတင်းအားလုံးကို ခြုံငုံကြည့်တော့ စိတ်အေးစရာမရှိ သို့သော် စိတ်လှုပ်ရှားစရာလည်း ကောင်းနေသည်။ အမျိုးသမီးဝန်ထမ်းအချို့ထဝင်

www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စကို အတော်ကြီးစိတ်ဝင်စားကြသည်။ သူတို့ကို မစောင့်နိုင်း ရုံးချုပ်မှခေါ်မည့်ကိစ္စကိုလည်း မကျေနပ်ကြ။ အမှန်တော့ ဝန်ထမ်းအများ ကိုယ်တိုင်က အစ်မအပေါ် စိတ်ဝင်စားမှုရှိကြသည်ပင်။ အခြေအနေအ အစ်မအကြောင်း စပ်စုလေ့လာခွင့် မရကြသည့်တိုင် သူတို့အပြောအဆိုတွေ အစ်မနှင့်ပတ်သက်ပြီး မဟုတ်တမ်းတရား ရေးထားသည့် သတင်း အာဘော်များ၏ ထင်ဟပ်မှုတွေ သိပ်မရှိကြ။ မကြည်ညိုကြသော်လည်း စိတ်တော့ဝင်စားကြသည်။ သို့တိုင် သည်အဆောက်အဦသတင်းက ပြင်ပ မည်မျှပျံ့နှံ့ခဲ့ကြောင်းတော့ မသိခဲ့ပါ။ ကျွန်မတို့ အနောက်တိုက်က လူ အားလုံးကတော့ နေ့စဉ်လိုလို သည်တိုက်ဆောက်ပုံကို သတိထားလေ့လာ သည်။ အချိန်တိုတိုအတွင်းမှာ တိုက်တစ်လုံးကို ပြီးအောင်ဆောက်ပုံကြောင့် လည်း ထိုအရေးကြီးအချုပ်သူကို နွေဦး အချိန်မရွေး ခေါ်လာတော့မ မလားဟု စိတ်ပူကြရသည်။ သို့သော် သည်တိုက်သို့ မည်သည့်အချုပ်သူမှ ရောက်မလာခဲ့သည်မှာ ကျွန်မ ထောင်ကလွတ်သည့်နေ့အထိပင်။

## အချုပ်သစ်တွေ

ထိုအချိန်မှာ ပြည်ပက မင်းအစိုးရတွေမှာလည်း အပြောင်းအလဲတွေ ဖြစ်လာသည်။ နိုဝင်ဘာမှာ အမေရိကသမ္မတ ဘီလ်ကလင်တန်က ဒုတိယ အကြိမ် သမ္မတအဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခံရသည်။ ပါကစ္စတန်မှာ ဘနာဇီယာဘူတိုကို လာဘ်ပေးလာဘ်ယူမှုဖြင့် ဝန်ကြီးချုပ် အဖြစ်မှ ဖယ်ရှားလိုက်သည်။ ဒီဇင်ဘာလဆန်းမှာတော့ လှည်းတန်းမှာ ကျောင်းသားဆန္ဒပြပွဲတွေ အကြီးအကျယ်ဖြစ်ကြောင်း ကြားလာရသည်။ ဒီဇင်ဘာ ၆ ရက်မှာ တိုက်ခန်းထဲကို ကျောင်းသူနှစ်ယောက် စရောက်လာခဲ့ သည်။ တစ်ယောက်ကတော့ ဆန္ဒပြပွဲတွေမှာ ပါခဲ့သည့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်ပြီး နောက်တစ်ယောက်က အဝတ်တစ်ထည် ကိုယ်တစ်ခုလောက်နှင့် ရောက်လာခြင်းဖြစ်သဖြင့် အစစအရာရာ ဝိုင်းပြီးကူညီ ပံ့ပိုးပေးကြရသည်။ သူတို့ရောက်ပြီးမကြာခင်မှာ ရှေ့က အချုပ်ဆောင်တိုက် ခန်းဆီ ကျောင်းသူအချို့ ထပ်ရောက်လာကြောင်း ကြားရပြန်သည်။ အဖမ်း အဆီးတွေ ကြမ်းသလို ဆန္ဒပြမှုကို ဖြိုခွင်းပုံကလည်း ပက်စက်သည်ဟု သိရသည်။ ဆန္ဒပြပွဲတွေ စဖြစ်ဖြစ်ချင်းမှာ အစ်မကို နေအိမ်မှ မထွက်နိုင်အောင်



ပိတ်ဆို့ထားပြီး အစ်မခြံရှိရာ လမ်းကိုလည်း ပိတ်ထားလိုက်ကြသည်။ သည်လို ဖြင့် လူထုနှင့်အစ်မ အဆက်အသွယ်ခက်သွားအောင် လုပ်ကြသည်။ ရောက် လာသည့် ကျောင်းသူနှစ်ယောက်က မထင်မှတ်လောက်အောင် အေးသည့် ဆောင်းကို အဝတ်အထည်၊ စောင်များမလုံလောက်ဘဲ ခံကြရရှာသည်။ အချုပ်ကာလမို့ အိမ်ကလည်း ပို့မရသည့်ပြင် အမြဲရှာဖွေရေးလုပ်နေသဖြင့် ကျွန်မတို့ကလည်း သူတို့အခန်းထဲကို ပစ္စည်းကြီးကြီးမားမားတွေ ထည့်ပေး၍ မရ။ အစားအသောက်မှာတောင် စားကြွင်းစားကျန် လက်စလက်န မကျန် အောင် သေချာထုပ်ပိုးပြင်ဆင်ပြီး ပေးကြရသည်။ သူတို့ကို အခန်းကျယ် တစ်ခုမှာထားပြီး အခန်းတံခါးမှာရှိသည့် သံဇကာကွက်က အပေါက်လေး တွေ အောက်အပြင်မှာ အရံသင့်လုပ်ထားသည့် သစ်သားဖုံးကို အမြဲချထားလိုက် ခြင်းဖြင့် ကျန်လူတွေ အလွယ်တကူမမြင်နိုင်အောင် စီစဉ်ထားသည်။ ဘာပဲ ဖြစ်ဖြစ် သူတို့နှစ်ယောက်ကို ညနေတိုင်မှာ စကားစမြည်ပြောရန် ကြိုးစားရ သည်။ အပြင်အခြေအနေလည်း သိချင်ပြီး သူတို့လည်း အထီးမကျန်အောင် ညတိုင်းစကားပြောသည့်အစီအစဉ်ကို ပြန်စသည်။

သူတို့၏ သံဇကာပေါက်ပေါ်က သစ်သားဖုံးမှာ အပြင်ကနေတော့ ဖွင့်နိုင်သည်။ သို့သော် ညနေတွေမှာ သူတို့အခန်းရှေ့သွားကာ အဖုံးလှပ်ပြီး စကားပြောတာမျိုး မလုပ်နိုင်သဖြင့် တစ်မျိုးတစ်မည် စီစဉ်ရသည်။ သစ်ကိုင်း ခြောက် ခပ်သေးသေးမာမာကို သူတို့အခန်း မီးလှာထောင့်မှာ သိမ်းခိုင်းထား သည်။ ညနေမှာတော့ ထိုသစ်ကိုင်းခြောက်လေးဖြင့် သစ်သားဖုံးကို လှမ်း ထောက်ကာ အဖုံးလှပ်အောင် လုပ်စေခြင်းဖြင့် သူတို့ခမျာ အပြင်ကို အတန် အသင့် မြင်နိုင်သလို စကားပြောရတာလည်း အတန်အသင့် ပိုအဆင်ပြေလာ သည်။ သူတို့ပြောသမျှအရတော့ အခြေအနေက မကောင်း။ ဆန္ဒပြမှုတွေက ထိုအပ်သလောက် မကြီးထွားခင်မှာတင် အကြီးအကျယ် နှိမ်နင်းခံရသည်။ ကျည်သတ်ကားနှင့် ရေပက်ပြီး လူစုခွဲသလို မျက်ရည်ယိုဗုံးတွေလည်း ခွဲသည်ဟု သိရသည်။ ရိုက်နှက်နှိပ်စက်မှုတွေကတော့ အထူးပြောနေစရာ မလို။ အဖွဲ့ချုပ် အဖွဲ့ဝင် အချုပ်သူထံမှ နာမည်စိမ်း နာမည်သစ်များစွာကို ကြားရသည်။ ကိုယ်မသိတော့သည့် မျိုးဆက်တစ်ခုသည် သည်လှုပ်ရှားမှုထဲမှာ ရှိလာနေပြီ သည်လိုကြားရတာ အားရစရာကောင်းသည်။ သို့သော် သူတို့ကလည်း ကိုယ်ပတ်သက်ခဲ့သော မျိုးဆက်က လှုပ်ရှားခဲ့ပြီး ထောင်တဲ့မှာ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သူတွေအကြောင်း သိပ်မသိကြတော့တာ ထင်ရှားသည်။ သည်လိုနှင့် သည် သမိုင်းတစ်လျှောက်မှာ မျိုးဆက်တွေ အလှမ်းကွာလာမှာလားဟု တွေးမိခဲ့ သည်။

## အားဆေးများနှင့် နောက်ထပ်ဆု

သည်လထဲမှာ ကိုဖိုးအာနန်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ် ဖြစ်လာသည်။ တောင်ကိုရီးယားမှာ အလုပ်သမားတွေ အကြီးအကျယ် ဆန္ဒပြသည့် သတင်းကိုတော့ 'အားဆေး'တွေမှာ ရေးခွင့်မရကြ၍ ဖြစ်ပျက်ကို မသိခဲ့ကြရ။ မချုးနှင့် ကျွန်မလည်း 'အားဆေး'မှီဝဲမှုကို အထူးသတိထားပြီး ပြန်လုပ်နေကြရသည်။ အသစ်ရောက်လာသည့် နှစ်ယောက်မှာလည်း လူချင်း မလည်ကြသေး ထောင်ပါးမဝကြသေးသဖြင့် အသိခံ၍မဖြစ်။ ထောင်သူ တို့ကိုလည်း ခါတိုင်းထက် ပိုပြီးသတိထားနေရသည်။ သူတို့နှင့် ဝန်ထမ်းတွေ ကြားမှာ ကိုယ်မသိမမြင်နိုင်သည့် ဆက်ဆံမှုတွေ အများကြီးရှိနေသည်ကိုး။ ထို့ကြောင့် ထိုကာလတွေမှာ ဘာသာရေးစာအုပ်တွေကို ပိုဖတ်ဖြစ်ခဲ့ကြသည်။ အထူးသဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ စာအုပ်များဖြစ်သည်။ ဘာသာ ရေးစာအုပ်များကို နှံ့နှံ့စပ်စပ်ဖတ်ဖြစ်လာတော့မှ ကိုယ်ကျင့်ခဲ့သည့် တရား အပေါ် ကိုယ့်ဘာသာပြန်ပြီးဆန်းစစ်နိုင်လာကာ ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ် တိုင်ကျင့် ကိုယ်တိုင်သိ တရားတော်အစွမ်းကို ပိုပြီးသက်ဝင်ယုံကြည်လာ သည်။ ကိုယ်တွေ့ကြောင့် စိတ်မှာ မည်သည့်အခါမှ နှစ်လုံးနှစ်ခွမဖြစ်ရတော့ ဘဲ ယခင်က ကိုယ့်မှာရှိသည့် စာတွေ့ဗဟုသုတများဖြင့် မှန်းဆရမ်းပေါ်ခ် ကာ ယုတ္တိအဖြေရှာခဲ့သည်များကို ရှက်ပြုံးပြုံးဖြစ်ရသည်။ အမှန်တော့ တရားတော်သည် တွေးတောဆင်ခြင်ခြင်း၊ ယုတ္တိအဖြေထုတ်ခြင်းတို့မှ ကျွန် မြောက်သောဉာဏ်အရာသာ ဖြစ်သည်။ အားထုတ်မှုနည်းမှန်လျှင် ဖြစ်စဉ်က လည်း ဒက်ခနဲနေအောင် တိတိကျကျ မှန်နေသည်မို့ ဒါမှ စစ်မှန်တဲ့တရား ပွဲတွေ့အမှန်တရား၊ မှတ်သားတွေးတောရုံဖြင့် မသိနိုင်သည့်တရားဟူ၍ ဝမ်းသာအားရဖြစ်ရသည်။ ရှေးရှေးကဖြစ်ခဲ့ဖူးသော သံသယတွေမှာ ကိုယ့် ဉာဏ်ဖြင့်ပင် ဆင်ခြင်ကာ ကင်းပရှင်းလင်းခဲ့ရပြီမို့ ခုလိုစာပေနှင့် တိုက်ဆိုင် ခွင့်ရခိုက်မှာ ထပ်မံကင်းစင်ရသည့်အခါ ကျေနပ်ရပြန်သည်။ ဒါမှ စမ်းသပ်မ တဲ့ တရားဟု သဘောကျရပြန်သည်။ ထို့ပြင် သည်တရားကို သည်လိုကျင့်



မှ မြတ်စွာဘုရားမှ ဟောကြားခဲ့ရာတွင် တီထွင်ဆန်းသစ်လိုစိတ်ဖြင့် ကိုယ့် ဘာသာထွင်ပြီး ကျင့်လို့မရသော အစစ်အမှန်တရားသဘောကိုလည်း သိရ ပြန်သည်။ ထို့ကြောင့် မချုးတို့ကို 'ဘုရားက သည်လမ်းကလျှောက်ရင် နိဗ္ဗာန်ရောက်မယ်လို့ ပြောထားပြီးသား။ တခြား ကျင့်ကြံအားထုတ်မှုတွေ ကိုတော့ မပြောလိုဘူး။ နိဗ္ဗာန်ရောက်ကြောင်း တရားကိုတော့ ကိုယ့်ဘာသာ ဆန်းသစ်ထွင်လျှောက်ကြည့်ဦးမယ်ဆိုပြီး လျှောက်ကြည့်တာ နိဗ္ဗာန်မရောက် ခဲ့သွားရင် ဘုရားကို အပြစ်မဆိုနဲ့။ ကိုယ်လျှောက်တဲ့လမ်း မှားနေတာကို သတိထား။ သည်ကိစ္စမှာတော့ မကွန့်လေနဲ့ပဲ'ဟု ပြောဖြစ်သည်။

နောက်တော့ ဒီဇင်ဘာလကုန်လောက် မချုး ထောင်ဝင်စာထွက်ပြီး ပြန်လာတော့ 'မသီတာ ဆုရပြန်ပြီတဲ့'ဟု ပြောလာသည်။ စဉ်းစားမရ။ ဖြစ်နိုင်ကြောင်း၊ ပထမဆုအကြောင်းကို ခုမှပြောတာ ဖြစ်မှာဟု ပြန်ပြော ဖြစ်သည်။ သို့သော် ကိုယ့်ထောင်ဝင်စာရောက်တော့ ဖေဖေနှင့်မေမေက 'လူ့အခွင့်အရေးဆုတစ်ခု ထပ်ရတယ်။ Reebok Human Rights award တဲ့။ မြိုင်က သမီးကိုယ်စား တက်ယူတယ်လို့ ပြောတယ်။ အမေရိကမှာ ပေးတာတဲ့။ ဖေဖေတို့လည်း သေချာမသိဘူး။ ရေဒီယိုက ကြားတာပဲ'ဟု ဆိုကြသည်။ နောင်မှ သိရသည်မှာ ထိုဆုကို အခြားဆုရှင်လေးဦးနှင့်အတူ ရခဲ့ခြင်းဖြစ်ကာ ထိုဆုရှင်လေးဦးမှာ အခြားနိုင်ငံများမှဖြစ်ပြီး လူ့အခွင့်အရေး အတွက် ကာကွယ်လှုပ်ရှားခဲ့သူ လူငယ်များကို ပေးသည့်ဆုဖြစ်ကြောင်း၊ ဆုကြေးငွေကို ဆုရှင်များမှ ညွှန်းဆိုရာ မည်သည့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများကိုမဆို ပေးအပ်သွားမှာဖြစ်ကြောင်းတို့ ဖြစ်ပါသည်။ ကိုယ့်ကို ပေးကြသည့် ကမ္ဘာကြီးကို ကျေးဇူးတင်ရုံကလွဲပြီး ဘာမှလည်း မတတ်နိုင်။ မြိုင်ဆိုတာ ကျွန်မ၏ ငယ်သူငယ်ချင်း။ မတွေ့ကြတာ ၁၉၈၈ စက်တင်ဘာ လကတည်းက။ မည်သူတွေက မည်သို့များ ကျွန်မကို သိနေခဲ့ကြပြီး ခုလို အသိအမှတ်ပြုလာခဲ့ပါသလဲ။ ကျွန်မ မမှန်းဆတတ်ခဲ့။ ထောင်မှာ ပြောလေ့ ရှိသည်က နံရံတွေမှာ နားတွေရှိသည်ဟု။ ခုတော့ ကမ္ဘာကြီး၏ မျက်စိနှင့်နား က ထောင်နံရံကို ဖောက်နိုင်သွားကြပြီပေါ့ဟု တွေးနေမိသည်။ အမှန်တော့ ကမ္ဘာကြီးက မြန်မာပြည်အရေးကို အားလုံးက လျစ်လျူမရှုဖြစ်အောင် ခုလိုကြိုးစားလာတာမို့ ထိုဆုသည် ကျွန်မတို့ လှုပ်ရှားသူတွေအားလုံးကို ရည်ရွယ်ပြီးပေးခြင်းဟု ကျွန်မယုံကြည်ခဲ့သည်။ ဖေဖေနှင့် မေမေကတော့ ဝမ်းသာဝမ်းနည်းဖြစ်နေကြသည်။ သူတို့အတွက် အကောင်းဆုံးဆုလာဘ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ လွတ်မြောက်ရေးပင် ဖြစ်ပါမည်။ သို့သော် ထိုစဉ်က မောင်လေး အငယ်မှာ လွတ်ရက်စေ့ကာ လွတ်ခါနီးမို့ သူတို့နှစ်ယောက်အဖို့ မကြာခင် ထောင်ဝင်စာဒုက္ခကို အတန်အသင့်တော့ လျော့ပါးသွားတော့မည်ဟု တွေးပြီး ဖြေသိမ့်ရသည်။ သည်လိုအိုကြီးအိုမအရွယ်ရောက်ကာမှ ထောင်ဝင်စာအထုပ်ကြီး အထုပ်ငယ်ကို ပြည်သူပိုင်ဘတ်စ်ကားများ တိုးဝှေ့စီးပြီး သယ်မယူခင်ကာ သမီးနှင့်သားကို လာတွေ့ရသည့် သူတို့၏ဖွဲ့နှင့် မေတ္တာတရားကတော့ ကျွန်မအတွက် အဖိုးမဖြတ်နိုင်သည့် ဆုကြီးလာဘ်ကြီးများသာ ဖြစ်သေးသည်။ သည်ကြားထဲ မေမေက ကျွန်မ စာအခမဲ့သင်ပေးခဲ့သည့် ဘုန်းကြီးကျောင်းမှာ ကျွန်မအစားဆက်သင်ပေးနေသကဲ့သို့ ဖေဖေကလည်း ရွှေတောင်ကုန်းဆရာတော်ဘုရားကြီး၏ ရိပ်သာအတွက် စာရင်းများကို လုပ်အားပေးအဖြစ် စစ်ပေးနေသည်ကို သိရတော့ ကျွန်မက 'ဘဝမှာ ဂုဏ်အယူရဆုံးက မြန်မာနိုင်ငံသား၊ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက် ဖြစ်ရတာရယ်၊ သည်အဖေနဲ့ အမေရဲ့သမီး ဖြစ်ရတာရယ်ပါ။ တခြားဆုထူး ဂုဏ်ထူးတွေအတွက်ကတော့ ဝမ်းသာကျေးဇူးတင်တာပဲရှိတယ်'ဟု အမြဲပြောဖြစ်လာသည်။ သည်လိုနှင့် ၁၉၉၆ လည်း လွန်မြောက်ပြန်လေပြီ။

❖

## အမှုကို အာခံခြင်း

### ဝင်လာမစဲ တသဲသဲ

၁၉၉၇ ခုနှစ်ကိုတော့ ကျွန်မတို့အဆောက်တိုက်သို့ နောက်ထပ် အချုပ်သူသစ်တစ်ယောက် ရောက်လာခြင်းဖြင့် စဖွင့်လှစ်လိုက်သည်။ သည်ကလေးမက အခုမှ အသက်ဆယ့်ရှစ်နှစ်။ ဒဂုံတက္ကသိုလ်မှ ပထမနှစ်ကျောင်းသူ လေးလေးမွန်။ ဆံပင်အရှည်ကြီးနှင့်ဖြစ်သည်။ သူလည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ရောက်လာခြင်းဖြစ်သည်။ ထိုနှစ်ကဆောင်းမှာ အတော်ကြီးအေးသဖြင့် သူ့ကို ဝိုင်းသနားကြရပြန်သည်။ သူ့ကို နောက်ထပ်အခန်းကျဉ်းတစ်ခုမှာ ထားပြီး ထိုအခန်းကျဉ်းတွေမှာ နေခဲ့ကြသည့် ဒေါ်အုန်းမြနှင့် ဒေါ်ညွန့်တို့ကိုတော့ ကျွန်မအခန်းဘေးက အခန်းမှာ ပြောင်းထားသည်။



လေးလေးမွန်က ပထမရောက်နှင့်သည့်နှစ်ယောက်ထက် စိတ်ပိုဓာတ်ကျပြီး သည်။ ကျွန်မတို့က သူ့အတွက် စားစရာအစ လိုမည်ထင်သမျှကို စီစဉ်ပေးသည့်အခါ 'သူတို့မှာပဲ တာဝန်ရှိတာပါ။ သူတို့က ဒီလိုပဲထားရင် ဒီလိုပဲ နေလိုက်ရုံပေါ့။ မကြီးတို့ မပေးနေနဲ့'ဟု ဆိုသေးသည်။ သူ့ကိုလည်း သစ်တိုင်းပြောက်နှင့် ကဲလားဖွင့်ဖို့ စီစဉ်ပေးကာ ညတိုင်မှာ စကားပြောဖြစ်လာကြသည်။ ဆိုရလျှင် ထိုစဉ်က ကျွန်မနှင့် မချူးမှာ မဟာသမယသုတ်နှင့် မဟာသတိပဋ္ဌာနသုတ်ကို အလွတ်ကျက်နေကြချိန်ဖြစ်သည်။ ပရိတ်ကြီး ဆယ့်တစ်သုတ်နှင့် ကျန်ရွတ်နေကျသုတ္တန်တို့မှာ အလွတ်ရပြီးဖြစ်သဖြင့် သည်သုတ်ကြီးတွေကို ဆက်ကျက်နေကြချိန် ဖြစ်သည်။ ထိုစဉ်က ညတိုင်မှာ 'အားဆေး'တွေကို တိတ်တခိုးဖတ်ကာ ညနက်မှအိပ်ပြီး မနက်ငါးနာရီ ခန်းစီအမိ ထသည့်အချိန်မှစကာ စားရေးသောက်ရေး၊ သန့်ရှင်းရေး၊ ရေချိုး အဝတ်လျှော်ရေးနှင့်တကွ လမ်းလျှောက်ထွက်ချိန်မှာ အသစ်တွေအတွက် ညီစီစဉ်ပေးရေး၊ သုတ္တန်တွေကျက်ရေး၊ နေ့လယ်ဆယ့်နှစ်နာရီမှ ၂ နာရီ ထောင်မှာတန်းပိတ်နားချိန်မှာ တရားအားထုတ်မှုကို အချိန်ပြည့်လုပ်ရေး သဖြင့် တရစပ်လုပ်လိုက်သည်မှာ ညနေတန်းပိတ်ချိန်ထိ။ ထို့နောက် ညနေပိုင်း ဘုရားဝတ်ပြုပြီး စကားစမြည်ပြောကာ ညထောင်ပိတ်ချိန်မှာ 'အားဆေး'ရသည့်အခါ ဖတ်၊ မရသည့်အခါ တရားမှတ်။ ထို့ကြောင့် ထိုစဉ်က ထောင်ထဲမှာဆိုသော်လည်း အချိန်က မလောက်ချင်။ တရားအားထုတ်စဉ်က အချိန်ကိုသတိမထားမိသလောက် ခုတော့ အချိန်ကို သတိထားပြီး ဝေခြမ်းရေးလုပ်နေရသည်။

သည်အခြေအနေမှာ မောင်လေးသည် ထောင်မှ လွတ်သွားသည်။ ကျွန်မကို ထောင်ဝင်စာတစ်ခါသာ လာတွေ့ပြီး နောက်ထပ်မလာတော့။ ထယ်ထုပ်ထဲမှာတော့ သူ့လက်ရာဟင်းလေးတွေ ပါလာတတ်သည်။ သိပ်မကြာမီမှာ သူက စက်ာပူကို ထွက်သွားသည်။ သည်လိုနှင့် သူ့ကို အဆေး ဟု ကျွန်မစိတ်မှာ ကျန်နေရစ်သည်။ အပြင်မှာလည်း အစ်မနှင့် အဆက်အသွယ်ကြားဆက်ဆံရေးက ပိုမချောမွေ့တော့ဟု သိလာရသည်။ အရှေ့ထ အချုပ် ဆောင်တိုက်ခန်းတွေထဲကို ကျောင်းသူတချို့ ထပ်ရောက်လာသည်ဟု ကြားရသည်။ ဖေဖော်ဝါရီလဆန်းပိုင်းမှာ ကျွန်မတို့ အဆောက်တိုက်သို့ ကျောင်းသူအချို့ ရောက်လာသည်။ နီလာသိန်း၊ ရီရီထွန်း၊ သင်းသင်းအေး သူတို့ထဲမှာ ရီရီထွန်းနှင့် နီလာသိန်းက ကျွန်မကို ကောင်းကောင်းသိနေကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ သူတို့ကိုဇဝေဇဝါ။ သူတို့က ၃၃ လမ်းနှင့် ဆူးလေဘုရားလမ်းမှာ နေကြသူတွေမို့လည်းကောင်း၊ ကျောင်းသားအုပ်စုများနှင့် ကျွန်မအလုပ်တော်တော်များများ တွဲလုပ်ဖူးသဖြင့်လည်းကောင်း သိနေကြခြင်းဖြစ်သည်။ ကျွန်မ ထောင်မကျခင် ၁၉၉၂ နှစ်ကုန်မှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် လွတ်မြောက်လာသော ပုဇွန်တောင်မှ ညောင်တုန်းကျောင်းတိုက်ဆရာတော်ကြီးကို သူတို့ကျောင်းသားတွေက သိက္ခာထပ်ပွဲလုပ်ပေးရာမှာလည်း ကျွန်မက ကူခဲ့သေးသည်ကိုး။ သည်တော့ စကားစမြည်ပြောဖြစ်ကြသည်။ သည်မှာ ဇီရီထွန်းက သူတို့ကို စစ်ကြောရေးမှာ 'မင်းတို့ ဗုဒ္ဓဘာသာကိုသာ သေသေချာချာ -ism အစ်ဇင်တစ်ခုလို လိုက်စားသင့်တယ်' ဟုပြောလိုက်ကြောင်း ကြားရတော့ ပြုံးရပြန်သည်။ စစ်ကြောရေးမှာတုန်းကကျွန်မပြောခဲ့သည့်စကားတွေကို သူတို့က နောက်ရောက်လာသည့် ကျောင်းသားတွေကို ပြန်ပြောနေပါ့လား။ သည်လိုတော့လည်း ထောက်လှမ်းရေးတွေက သင်ယူလွယ်ကြသားဟု ပြောရမည်လားမသိ။

သည်လိုနှင့် သူတို့အုပ်စုနှင့် ကျွန်မက စကားအပြောများလာသည်။ သို့သော် အချို့က မချူးကို လှုပ်ရှားမှုတွေထဲ ပါလာသူမျိုးမဟုတ်ဘဲ အရေးအခင်းကာလ ရှုပ်ထွေးမှုထဲက လူအဖြစ် သဘောထားသည်။ ထိုအချိန်မှာ ထောင်ဆရာဝန်မကြီးက ပြောင်းမိန့်တင်တာ ကျလာပြီမို့ ဒေသန္တရဆေးခန်းတစ်ခုသို့ ပြောင်းရတော့မည်။ ထိုအချိန်က လူသစ်တွေများလာပြီး ရေချိုးလမ်းလျှောက် အချိန်တွေ၊ အစီအစဉ်တွေ အပြောင်းအလဲရှိလာသည်။ သူတို့အုပ်စုကို ရုံးမထုတ်မီမို့ အခန်းတံခါးတွေအားလုံး တစ်ပြိုင်တည်းဖွင့်ထားပေးရေးအတွက် မည်သည့်ထောင်ကျဝန်ထမ်းကိုမှ စည်းရုံးလို့မရ။ သည်ကြားမှာ ကျောင်းသူတစ်ဦးက 'ဟိုအစ်မတစ်ယောက်က သမီးကိုပြောတယ်။ အစ်မနဲ့ သိပ်မပေါင်းပါနဲ့တဲ့။ အစ်မက ဝန်ထမ်းတွေနဲ့လည်း အဆင်မပြေဘူး။ ထောက်လှမ်းရေးဆီပို့တဲ့ မှတ်တမ်းမှာ အစ်မအကြောင်းက ကောင်းမှာမဟုတ်တဲ့အပြင် ထောင်ကျထားတာကလည်း အနှစ်နှစ်ဆယ်ဆိုတော့ တစ်ခုခုကြောင့် လွတ်မယ်ဆိုရင်တောင် ကျန်တဲ့သူ အားလုံးလွတ်ပြီး အစ်မ ပါမှာမဟုတ်ဘူးတဲ့။ ဒီတော့ အစ်မနဲ့ပေါင်းရင် မှတ်တမ်းဆိုးထဲ ပါနေမယ်တဲ့။ ပြီးတော့ အစ်မလုပ်လို့ ဆရာဝန်မလည်း ပြောင်းခံရတော့မယ်ဆို' ဟု ပြောလာပါတော့သည်။ 'ဖြစ်ရလေ။ ကိုယ် အဲဒီလောက် စွမ်းမှန်းတောင် ကိုယ့်ဘာသာ မသိဘူး။ အကျဉ်းသားတစ်ယောက်က တိုက်ခိုက်လို့ ဝန်ထမ်းကပြောင်းခံရမယ်ဆိုတာ ဒီခေတ်မှာ ရှိနိုင်လို့လား။ သူ့ဘာသာ တောင်းပြောင်းတယ်လို့ပဲ ကိုယ်သိထားပါတယ်။ ကိုယ့်ကိုမပေါင်းလည်း ရပါတယ်။ သွားအမီးတို့အဆင်ပြေရင် ပြီးတာပဲ။ လွတ်ရင် ကျန်ခဲ့မယ် မကျန်ခဲ့ဘူးဆိုတာကတော့ လွတ်မှ သိမှာပဲ' ဟုသာ ပြန်ဖြေမိသည်။



## ဂုဏ်ပြုပြန်ပြီ

သည်ကြားထဲ အမေရိကန်ပညာရှင်အဖွဲ့အစည်းတစ်ခုက ကျွန်မကို ဂုဏ်ပြုမှုတစ်ခုလုပ်ကြောင်း သတင်းကြားရပြန်သည်။ ထုံးစံအတိုင်း ဘာမှ မသိကွဲ။ နောင်အပြင်ရောက်မှ American Association for Advancement of Science AAAS က ဂုဏ်ပြုသည်ဟု သိရတော့သည်။ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် သစ်သားပြားတစ်ချပ်ပေါ်မှာ အလူမီနီယမ်ပြားကပ်ကာ ရေးထွင်းထားသည့် မှတ်တမ်းလွှာတစ်ခု လက်ခံရခဲ့သည်။ သည်သတင်းတွေက အနောက်တိုက်မှာပင် တွင်တွင်ကျယ်ကျယ် မသိကြ။ ကျွန်မကလည်း ကိုယ်ရသည့်သတင်းကိုက မပြည့်စုံသဖြင့် မည်သူ့ကိုမှ ပြန်မပြောချင်။ နောက်တစ်ဖန် သည်ဂုဏ်ပြုမှုတွေကြောင့် ကိုယ့်အရည်အချင်းတွေ ပြောင်းလဲသွားမျိုးမဟုတ်ဟု သဘောပိုက်မိသဖြင့်လည်း သည်သတင်းကို သည်အတိုင်း ထားဖြစ်ခဲ့ခြင်းသာ။ သည့်နောက်တော့ အနောက်တိုက်သည် ပိုပြီးရှုပ်ထွေးလာသည်။ ကျောင်းသူအုပ်စုကို ထောင်အသီးသီးကျသွားလျှင် ၁၉၉၄-၉၅ လောက်က အချုပ်ဖြင့် ခဏတာရောက်လာပြီး ထောင်ကျသွားသည့်အခါ အဆောင်ပြောင်းသွားကြရသည့် မကြူတို့၊ လှလှဝင်းတို့ကဲ့သို့ သည်တိုက်မှာ ဆက်မထားဘဲ အဆောင်ကို ပြောင်းထားမည်၊ တိုက်ဆိုတာ အရေးပါသည့် နိုင်ငံရေးသမားနှင့် ကြိုးသမားတို့လိုလူများကိုသာ ထားသည့်နေရာဟု အချို့က ခန့်မှန်းခဲ့သော်လည်း ကျောင်းသူအုပ်စုက ထောင်ကျပြီးသည့်တိုင် သည်မှာပဲ ဆက်နေရသည်။ သည်အချိန်မှာ မချူးနှင့် ကျွန်မကြားမှာလည်း ပြဿနာတစ်ခုက ရှိနေသည်။ ဒါက မချူးကို ကျွန်မက ဆေးလိပ်မသောက်တော့ရန် စိတ်ရှည်လက်ရှည်စည်းရုံးရေးဆင်းနေချိန်ဖြစ်ပြီး ဆေးလိပ်စွဲနေသည့် မချူးက ကျွန်မကို မခံသာအောင် ဆင်ခြေတွေ ခပ်ကြမ်းကြမ်းပေးပြီး ဆန့်ကျင်နေချိန် ဖြစ်သည်။ သည်တော့ အများအမြင်မှာ ကျွန်မတို့နှစ်ယောက် အစေးမကပ်ကြတော့ဟု ဖြစ်နေသည်။ အမှန်တော့ ထိုစဉ်က

www.burmeseclassic.com

www.burmeseclassic.com



မချူးမှာ ဆေးလိပ်ကြောင့် ခြေထောက်သွေးကြောလေးများပိတ်သည့်သဘော မျိုးဖြစ်သည့် ဝေဒနာများ ခံစားနေရပြီး ကျွန်မကြောင့် ဆေးလိပ်လျှော့သည် ထက် လျှော့သောက်လာသော်လည်း ဝေဒနာက မသက်သာသေးသဖြင့် ကျွန်မကို ဂူးဂူးဝါးဝါးနှင့် ပြဿနာရှာနေခဲ့သည်။ ကျွန်မကလည်း သူ့ကို အနိုင်ရရေးထက် သူ ဆေးလိပ်ပြတ်အောင် စွမ်းနိုင်သမျှလုပ်ရေး ဆုံးဖြတ် ချက်ကို မတွန်းလှန်နိုင်သဖြင့် သူပြောသမျှ သည်းညည်းခံကာ ဆေးလိပ်ဖြတ် နိုင်ရေးအတွက် နည်းလမ်းပေါင်းတစ်ထောင်သုံးပြီး ရင်ဆိုင်နေခဲ့တော့သည်။

## ထမင်းဖြူတစ်လုပ်၏ ကြမ္မာ

သည်အချိန် ၁၉၉၇ မတ်လထဲမှာ မချူးက ပြဿနာတစ်ခု အကြီး အကျယ်ဖြစ်လာသည်။ ထောင်ဝင်စာမှာ ခိုးထည့်လာသည့် ထမင်းထုပ်ကို ထောင်မှူးမက မြင်သွားပြီး သိမ်းရန်လုပ်ရာ မချူးနှင့် ထောင်ဝန်ထမ်းမတစ်ဦး ခွန်းကြီးခွန်းငယ် စကားများကြသည်။ အမှန်က ဆေးလိပ်ဖြတ်နေချိန်ဖြစ်ရာ မချူးက ဒေါသသိပ်ကြီးနေသည်။ ထောင်မှာ ပြင်ပက ထမင်းကို စားခွင့်မရှိ ထောင်ကပေးသော ထမင်းကိုသာ ကောင်းကောင်းဆိုးဆိုး စားရသည်။ အိမ်က ထမင်းဖြူကို ခိုးသွင်းပြီးစားလျှင် ပြစ်မှုမြောက်သည်။ မချူးက ထောင်မှာနေလာရတာ နှစ်ကြာလာတော့ အိမ်ကချက်သော ဆန်ကောင်း ကောင်းနှင့် ထမင်းဖြူကောင်းကောင်းလေးကို ရံဖန်ရံခါ စားချင်သည်။ သည်မှာ ထမင်းဖြူသွင်းသည့်ကိစ္စနှင့်ပတ်သက်ပြီး အခြေအတင်ဖြစ်ကာ နောက်ဆုံး မချူးကို ထောင်ဝင်စာပိတ်၊ လမ်းလျှောက်ရေချိုးခွင့်ပိတ်ဆိုတာမျိုး ဖြစ်လာသည်။ ကျွန်မလည်း ဒေါသတွေကြီးနေသော မချူးကို အတတ်နိုင်ဆုံး ဖျောင်းဖျပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာသောနည်းလမ်းဖြင့် ထောင်အာဏာပိုင်ကို ရင်ဆိုင်ရန် နားချပါသေးသည်။ သို့သော် အခြေအနေက အတော်ကြီးလွန်ကျူး နေခဲ့ပြီ။ နောက်ဆုံးတော့ ချမှတ်ထားသည့် ပြစ်ဒဏ်ကို နည်းနည်းဖြစ်ဖြစ် သက်သာအောင် ကူညီနိုင်ရေးသာ ကြိုးစားရတော့သည်။

ရေကို အခန်းထဲမှာပဲ ချိုးနိုင်အောင် မနက်ပိုင်း အခန်းအသီးသီးမှ မိလ္လာချချိန်မှာ မချူးအခန်းထဲက သောက်ရေအိုးထဲ ရေအပြည့်ဖြည့်နိုင်အောင် မိလ္လာလာချသည့် အချုပ်ကျမိန်းကလေးတွေကို စည်းရုံးရသည်။ တာဝန်ကျ ဝန်ထမ်းကိုတော့ မချူးက ကောင်းကောင်းကြီး စည်းရုံးနိုင်သည်။ ကျန်တိုက်



သူအားလုံးကလည်း မချူးအတွက် အကောင်းဆုံးဖြစ်ရေး ဝိုင်းစည်းရုံးပေးကြ သည်။ ထောင်သမ္မာတို့ကတော့ မချူးကို နေ့စဉ်ရေမိုးချိုးပေးရန် စီစဉ်သည်ကို သဘောမကျ။ ရောမလို မကျင့်ပြန်ဟု ယူဆလေသည်။ အမှန်တော့ ကျွန်မတို့ တစ်တိုက်လုံးကို ထောင်အခေါ် ဆေးရုံစားပေးထားပြီးဖြစ်သည်။ ဆေးရုံစား ထမင်းသည် ထောင်ပုံစံထမင်းထက်တော့ အတန်အသင့်သာလေသည်။ ထို့ကြောင့် ထမင်းဖြူပြဿနာက ကျွန်မတို့အတွက် ပိုကြီးကျယ်သွားသည်။ သည်အကြောင်းကို သေချာပြန်စဉ်းစားကြည့်လျှင် ဆန်ကောင်းကောင်းနှင့် နူးနူးနပ်နပ်ချက်ထားသော ထမင်းဖြူလေးတစ်ပန်းကန်အတွက် မချူးပေးဆပ် လိုက်ရသည်က ထောင်ဝင်စာ တစ်ပတ်ပိတ်ခံရခြင်း၊ ရေချိုးလမ်းလျှောက် တစ်ပတ်ပိတ်ခံရခြင်း၊ အကျဉ်းသားလျှော့ရက် သတ်မှတ်ပေးသည့် ကွာစနစ် မှာ မှင်နီတစ်ချက်တိုးသွားခြင်း စသဖြင့် အရှင်းအနှီးများ။ ထို့ကြောင့်လည်း ထောင်ဝန်ထမ်းတွေက ကိုယ့်နာမည်ကိုသာ စာလုံးမပေါင်းနိုင်သဖြင့် ကြက် ခြေခတ်၊ လက်ဗွေနှိပ်နေရသည့်တိုင် အကျဉ်းသားပညာတတ်တွေအပေါ်မှာ တော့ ဘယ်တော့ဖြစ်ဖြစ် ကြောနိုင်ပါတယ်ဟု သဘောထားချင်ကြတာ ဖြစ်သည်။

သည်တုန်းက ဝန်ထမ်းတစ်ဦးက ထိုစဉ်က ခေတ်စားဖူးသည့် ဗီဒီယို ဇာတ်ကားထဲမှ သရုပ်ဆောင်၏အပြောအတိုင်း 'ဒါပေါ့၊ ငါတို့ကို မီးချင်ရင် ဆယ်နှစ်စောင့်လိုက်၊ ဆယ်နှစ်'ဟု ဆိုသည်။ သဘောကတော့ ထောင်ကျ အကျဉ်းသူတွေအနေဖြင့် ထောင်ကလွတ်ပြီးမှသာ သူတို့နှင့် တန်းတူရည်တူ ဘဝမျိုး ရနိုင်မည်ဖြစ်ရာ နောက်ထပ်ဆယ်နှစ်သဘော ကိုယ့်နှစ်မစေ့မချင်း နှစ်ပေါင်းများစွာ စောင့်ပေဦးဟု ဖြစ်သည်။ သည်လိုရမ်းကားသည့် အပြော မျိုးအတွက် ကျန်လူတွေက ဒေါသဖြစ်ကြသည်။ ကျွန်မကတော့ 'စိတ် မကောင်းစရာပဲ၊ သည်လိုစိတ်ကြမ်း ကိုယ်ကြမ်း နှုတ်ကြမ်းနဲ့ သည်နံရံ လေးဘက်ကြားမှာ မိုလ်လုပ်နေတာကို ဟုတ်လှပြီထင်ရလောက်အောင် ဆိုဆုံးမမှုခံခဲ့ရတာ မိဘတွေ ပညာမဲ့လို့။ သည်တော့ ရှင်တို့တွေကတော့ ဆယ်နှစ်စောင့်လို့လည်း လူကောင်းဖြစ်မှာမဟုတ်ဘူး။ နောက်ဘဝဘဝတွေ ထိသာ စောင့်ပေတော့။ ဆိုဆုံးမမှုကောင်းမယ့် မိဘတွေဆီမှာ ဝင်စားနိုင် အောင်'ဟု ပြောမိတော့သည်။ သည်တော့လည်း 'ကြီးကျယ်လိုက်တာ'၊ 'သည်လောက်ဖြစ်နေတာတောင် သည်လောက်မာန်တွေ တတ်နေတာ လွန် တယ်'ဟု ပြောကြပြန်သည်။ သည်နေရာမှာ အလျင်ကဆို ဒေါသနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



သည့်ထက်ပိုပြီး နှစ်နှာအောင် ပြောဆိုတုံ့ပြန်မိမှာ ဖြစ်သည်။ ခုတော့ မူအရ လွဲနေတာကို ထောက်ပြပြောဆိုလိုက်ရမှ ကျေနပ်သည့်တိုင် စိတ်မှာ ဒေါသတွေ ပေါက်ကွဲမသွားခဲ့။ သည်စကားအားလုံးကို သွေးအေးအေးနှင့် ဆိုနိုင်ခဲ့သည်ချည်း။

ထိုအချိန် မတ်လလယ်က အပြင်မှာ ဘာသာရေးအဓိကရုဏ်းများ ဖြစ်လာသည်ဟု ကြားကြရသည်။ မန္တလေး၊ မြင်းခြံနှင့် ရန်ကုန်တို့မှာ အစ္စလာမ်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များအကြား ပြဿနာတွေဖြစ်လာပြီး အားလုံးကတော့ စစ်အာဏာပိုင်တို့က အကွက်ဆင်ဖန်တီးသည်ဟု ယုံကြည်ကြသည်တဲ့။ သည့်နောက်မှာတော့ အာဖရိကတိုက် အယ်လ်ဂျီးရီးယားမှာ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ ဖြစ်လာသည့်တိုင် ကျွန်မနှင့်မချူးမှာ 'အားဆေး' ပြတ်နေသဖြင့် မသိလိုက်ကြ။ ဧပြီလဆန်းမှာ နဝတ အထွေထွေအတွင်းရေးမှူး(၂)၏အိမ်သို့ ရောက်လာသည့် စာတစ်စောင်ကို သမီးဖြစ်သူက ဖွင့်ဖောက်ရာ ဗုံးပေါက်ကွဲပြီး သမီးဖြစ်သူ ကွယ်လွန်သည်။ နောက်မကြာမီ နောက်ထပ်အချုပ်သစ်တွေ ရောက်လာကြပြန်သည်။ ဆန္ဒပြပွဲမှာ ပါခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မချို၊ မခင်မာရီ၊ မကြာသေးမီက စာအိတ်ဗုံးကိစ္စအတွက် အဖမ်းခံရသော ချောချော၊ ဆန္ဒပြကျောင်းသားတွေကို ငွေကြေးထောက်ပံ့သော၊ ပြည်ပရောက် ကျောင်းသားမိခင် ဒေါ်တင့်တင့်ဟန်။ သည်တော့ အနောက်တိုက်၏ အခန်းကျယ်နှစ်ခန်းမှာ လူတွေ ပြည့်လျှံလာတော့သည်။

## ရေပြဿနာ

သည်မှာ နောက်ပြဿနာတစ်ခုက ရေမလုံလောက်သည့် ပြဿနာ။ ထိုနှစ်နွေက ပူပြင်းလွန်းလှသည့်အထဲ ရေက မှန်မှန်မလာ။ သည်တော့ နှစ်ပေသာသာလောက် မြင့်ပြီး ခြောက်ပေ-သုံးပေလောက် ကျယ်သည့် အုတ်ကန်လေးသာရှိသည့် အနောက်တိုက်မှာ ရေမလုံလောက်သည့် ပြဿနာက ဖြစ်လာသည်။ ရေချိုးချရာမှာ အခန်းလိုက် အလှည့်ကျချပေးရာမှာ လူသစ်အုပ်စုနှစ်စုအနက် အလျင်ထွက်ရသည့်အခန်းက လူတွေက နောက်လူကို မညှာဘဲ စိတ်ကြိုက် အကုန်ချိုးသွားသည်။ နောက်လူအတွက် ချိုးစရာမရှိလျှင် ဝန်ထမ်းက ကြည့်စီစဉ်ဟု ဆိုကြသည်။ ဖြစ်ရသည်က ဝန်ထမ်းက



လည်း အချုပ်ဆောင်ထဲက အမှုသိမ်အမှုမှူးများနှင့် ဖမ်းခံထားရသော မရှိနွမ်းပါး အချုပ်သူများခေါ်ကာ အချုပ်ဆောင်ရေကန်မှရေကို အနောက်တိုက် အုတ်ကန်ထဲ ရေဖြည့်ခိုင်းတာကလွဲပြီး ဘာမှမလုပ်တတ်။ ရေက ဖြည့်ပေးလျှင်လည်း နောက်အဖွဲ့က ကျန်အခန်းတွေ ချိုးစရာမကျန်အောင် ချိုးပစ်လိုက်ပြန်သည်။ သည်မှာ ပြဿနာက မပြီးတော့။ ထိုစဉ်က တာဝန်ကျဝန်ထမ်းမှာ သဘောကောင်းသူဖြစ်ရာ အချုပ်သူတွေကို ဖွတ်ခိုင်းတာပဲလုပ်ပြီး လူအားလုံး ရေချိုးနိုင်အောင် ကြိုးစားပေးရှာသည်။ အမှန်တော့ ထိုစဉ်က အချုပ်ဆောင်ရေကန်မှာလည်း အချုပ်သူအလှူရှင်ရှာပြီး မော်တာတပ်ကာ ရေကို ရနိုင်သမျှ စုပ်ထုတ်ပေးနေသည့်တိုင် ရေက မထွက်သည်ကို ကျွန်မတို့ကိုယ်တိုင် မြင်တွေ့နေရသည်။ အချုပ်ဆောင်မှာက လူဦးရေ ငါးရာခန့် အမြဲရှိနေသဖြင့် သူတို့အားလုံးမှာ ပုံစံအော်ပြီး ခပ်ချိုးခွင့်မှာပင် ယခင်လောက် ဝဝလင်လင် ရေကြတော့။ အမျိုးသမီးများအဖို့ အကျဉ်းဆောင်နှင့် အချုပ်ဆောင်နှစ်ဆောင်သာရှိရာ သည်နှစ်ဆောင်လုံးမှာ ရေပြဿနာက ရှိနေပြီး အဆောင်နှစ်ဆောင်မှာလည်း ထောင်ဗူးဝကြီးခြားနေသဖြင့် အဆောင်ကူးပြီး ရေချိုးပေးနိုင်ရန် အဆင်မပြေ။ သည်တော့ ကျွန်မတို့ အနောက်တိုက်ကို ရေဖြည့်ပေးရန် သံစည်ပိုင်းပြတ်တိုလေးတွေနှင့် ရေခပ်ပေးရရှာသည့် အချုပ်သူကလေးတွေမှာ နေ့ခင်းတန်းပိတ်ချိန်ကပင် ချွေးသံတရွှဲရွှဲနှင့် ခပ်ပေးကြရကာ အခန့်မသင့်လို့ ရေကို ဘယ်လိုမှ ထပ်စုပ်မရတော့လျှင် သူတို့လေးတွေက ရေမချိုးကြရတော့။ ကိုယ်ရေဝဝချိုးရဖို့ သူတို့တစ်တွေက ရေလည်း လုံးဝမချိုးရဘဲ ချွေးရွှဲနေအောင် ရေဆွဲပေးကြရတာကိုမြင်တော့ ကျွန်မတို့ စိတ်မကောင်းကြ။ နောက်ဆုံးတော့ တိုက်တာဝန်ကျဝန်ထမ်းလည်း ခေါင်းခဲစပြုလာသည်။ နောက်ဆုံးတော့ အချုပ်ဆောင်ရေကန်၏ အခြေအနေက ဆိုးသထက်ဆိုးလာပြီး ထောင်မှူးမက ရေချိုးအစီအစဉ်သစ်ကို ချမှတ်လိုက်တော့သည်။

## ရှင်းရပြန်ပြီ

အစီအစဉ်သစ်အရ လူတစ်ယောက်ကို ဆယ့်ရှစ်ဖလားပဲ ပေးချိုးမည်ဟု ဆိုလာသည်။ သည်မှာ ပြဿနာတွေတက်ပြီး အသံတွေ ဆူလာသည်။ အပူဒဏ်က ပြင်းလွန်းလှရာ ကျွန်မလည်း နေမကောင်းစ ပြုလာသည်။ ချွေးထွက်များလျှင် အလာဂျီဖြစ်လာတတ်သည့်အကြောင်း သတိထား

www.burmeseclassic.com



နေသည့်ကြားက ချွေးထွက်လွန်လျှင် လေချဉ်တွေတက်ကာ မူးမော်စပြုလာသည်။ သို့သော် တရားမှတ်ပြီး အခြေအနေကို မဆိုးအောင် ထိန်းနိုင်နေသေးသည်။ သို့သော် ဆယ့်ရှစ်ဖလားကိစ္စကတော့ ရှင်းမှရမည်။ သည်တော့ ထုံးစံအတိုင်း ကျွန်မကပဲ ဆရာဝန်နှင့်တွေ့လိုပါသည်ဟု အကြောင်းကြားရသည်။ နေမကောင်းမဖြစ်တာ ကြာနေသည်မို့ ဆရာဝန်ကလည်း ကျန်းမာရေးကိစ္စကြောင့်ခေါ်တာမဟုတ်မှန်း ရိပ်မိပြီး ဆေးရုံအုပ်အသစ်ကိုပါ ခေါ်လာတော့သည်။ ကျွန်မက လက်ရှိဖြစ်နေသည့်ပြဿနာကို သဘောပေါက်သဖြင့် ရေကို အတိုင်းအတာနှင့်သာ ချိုးရမည်ဆိုသည့်ကိစ္စကို လက်ခံကြောင်း၊ သို့သော် ခုလိုအခြေအမြစ်မရှိ တိုင်းတာခြင်းထက် သာမန်လူအများစု၏ ကိုယ်ခန္ဓာမျက်နှာပြင်ဧရိယာ Body Surface Area အရ တစ်နေ့တာသုံးစွဲသင့်သည့် ရေပမာဏကို တွက်ချက်ပြီး ထိုပမာဏနှင့် အနီးစပ်ဆုံး တူသည့် ရေပမာဏကို သတ်မှတ်ပေးရန် လိုမည်ဖြစ်ကြောင်း ပြောဖြစ်တော့သည်။

ထိုစဉ်က ထောင်မှူးမအပြင် အမျိုးသမီးထောင်မှူးကြီးအသစ်လည်း ရောက်နေသည်မို့ သူပါ ပါလာသည်။ ကျွန်မက အဖြစ်အပျက်များကို ပြောပြနေစဉ်မှာပင် ထိုထောင်မှူးကြီးက ထော်လော်ကန့်လန့်စကားမျိုးတွေ ဝင်ပြောတတ်သည်။ အထူးသဖြင့် ကျွန်မက လူချင်းတူသော်လည်း ကိုယ်ခန္ဓာအပိုန်အဝချင်း မတူသဖြင့် သုံးစွဲရမည့်ရေပမာဏမှာ အများအတွက် သင့်တော်မည့် ပမာဏမျိုးဖြစ်ရန် ပြောစဉ်မှာ 'ထောင်မှာ ကိုယ့်အတွက်ဝဲ ကိုယ်ပြော၊ အများအတွက် မပြောနဲ့' ဆိုတာမျိုး သူက ဆိုသည်။ သို့သော် အတူပါလာသည့် ထောင်ဆေးရုံအုပ် ဆရာဒေါက်တာလှမောင်ဌေးမှာ အသစ်ဖြစ်ပြီး သူက ကျွန်မပြောနေသမျှကို ထော်လော်ကန့်လန့် လိုက်ပြောနေသည့် ထောင်မှူးမအား ယဉ်ကျေးစွာဟန့်တားပြီး ကျွန်မ၏ လွတ်လပ်စွာပြောရေးဆိုခွင့်ကို ကာကွယ်ပေးခဲ့သည်။ ဆရာ့ကို အထူးကျေးဇူးတင်ရသည်။ ဆရာဝန်များ ပြန်သွားပြီး မကြာခင်မှာ ပေါင်လယ်လောက်မြင့်သည့် စဉ့်အိုးနှစ်လုံး ရောက်လာသည်။ ထိုစဉ့်အိုးတစ်လုံးစာကို ရေဖြည့်ပြီး ချိုးခွင့်ပြုမည်ဟု ဆိုသည်။ ဆယ့်ရှစ်ခွက်ထက်တော့ များတာ သေချာသွားသည်။ သည်မှာ တီးတိုးစကားမျိုးက ထွက်လာပြန်သည်။ 'သူ့ကို သွားမတုနဲ့။ သူ့နောက်မှာ ထောက်လှမ်းရေးက ရှိနေတယ်။ ဒါကြောင့် သူပြောရင် ရရနေတာ' ဟူ၍။



## ရေနှစ်ခါချိုးခွင့် တင်ရခြင်း

ရေကို စဉ့်အိုးတစ်အိုးစာသာ ချိုးခွင့်ရသည့်အခါ အဝတ်လျှော်ရသည့် ပြဿနာက ပေါ်လာပြန်သည်။ ခေါင်းလျှော်အဝတ်လျှော်ကိစ္စများမှာ ရေက အတော်လေးကုန်သည်ကိုး။ အထူးသဖြင့် ဆံပင်တွေက ရှည်နေကြပြီ။ သည်တော့ ကျွန်မနှင့် မချူးက တစ်မျိုးကြံကြသည်။ ကိုယ့်ရေချိုးချိန် ရောက်မီမှာ အခန်းထဲမှာ ရေဇလုံတစ်လုံးနှင့် လျှော်မည့်အဝတ်ကို ရေနှင့် ဆပ်ပြာရောပြီး စိမ်ထားနှင့်တာမျိုး၊ ဆံပင်ကိုလည်း ရေနှင့်၊ ခေါင်းလျှော်ရည်နှင့်ရောပြီး နယ်ကာ နှပ်ထားတာမျိုး လုပ်ထားကြသည်။ သည်တော့မှ စဉ့်အိုးတစ်လုံးစာ ရေနှင့် ချိုးရလျှော်ရတာ အဆင်ပြေသည်။ ကိုယ့်ဘက်က သည်လို ထွင်လုံးတွေနှင့် ကြိုးစားသော်လည်း ရေမဝသည့်အတွက် ညနေခင်းတွေမှာ ပြဿနာက ဖြစ်လာသည်။ ကျွန်မ၏ တုံ့ပြန်မှု အလွန်မြန်ပြီး ပြင်းထန်သော ခန္ဓာကိုယ်က အပူဒဏ်ကိုမခံနိုင်ဘဲ သွေးပေါင်တွေ ထိုးကျသာ၊ ချွေးတွေထွက်သည့်နောက် အလာဂျီတွေနှင့် နီရဲဖုပိန့်တွေ ထွက်လာသလို လေချဉ်တွေ တအေ့အေ့တက်ပြီး သတိလစ်မလိုတွေ ဖြစ်လာသည်။ တရားမှတ်မှုကြောင့် စိတ်မှာ မထူးခြားသော်လည်း ကိုယ်ခန္ဓာက ချွေးလွန်မှုကြောင့်ဖြစ်လာသည့် ရုပ်အပြောင်းအလဲကို မတွန်းလှန်နိုင်။ သည်ကိစ္စက ဝန်ဆောင်လုပ်ယူလို့ ရသည်လည်းမဟုတ်။ ဖုံးကွယ်ထားလို့လည်း မရ။ ဝန်ထမ်းတွေ ရှေ့မှာ မြင်နေရသည်မို့ သူနာပြုတွေခေါ်ပြီး သွေးပေါင်ချိန်ကြည့်တော့ ၇၀-၅၀။ အငန်ရည်၊ အချိုရည်တွေ သွင်းပေးကြသည်။ သွင်းတုန်းကတော့ ကောင်းပြီး နောက်နေ့မှာ ထပ်ဖြစ်ပြန်သည်။ ဥပုသ်စောင့်နေလို့ သွေးပေါင်ကျတာဟု ပြောချင်ကြသော်လည်း ဥပုသ်မစောင့်သည့်နေ့မှာလည်း သွေးပေါင်က တက်မလာ။ ကျွန်မက ကုထုံးအဖြေကို ရိပ်မိလာပြီ။ အပူတွေ လျော့သွားအောင် ရေနှစ်ခါလောက်ချိုးနိုင်မှဖြစ်မည်ကို သဘောပေါက်သည်။ ကျွန်မ အခန်းက ညနေဘက် ကျနေထိုးသည့်အခန်းမို့ ညနေတွေမှာ အခြေအနေက ဆိုးလာသည်။ နေ့စဉ်ရက်ဆက် ဆေးတွေသွင်းလည်း သွေးပေါင်ချိန်က အပူချိန်မြင့်လာသည်နှင့်အမျှ ကျလိုက်လာသည်။ သည်တော့ တစ်ရက်မှာ တာဝန်ကျဝန်ထမ်းနှင့် သူနာပြုကို အကြောင်းအကျိုးရှင်းပြပြီး ညနေဘက်မှာ ရေတစ်ခါထပ်ချိုးဖို့ လုပ်ရသည်။ ရေချိုးပြီးသည်နှင့် နီရဲဖုပိန့်နေသည့် အလာဂျီတွေလည်း ညှိုးလိုက်လာသည်။ သွေးပေါင်သည်း ဆိုးဆိုး

www.burmeseclassic.com

www.burmeseclassic.com



ဝါးဝါး မကျတော့။ ကိုယ်ခန္ဓာအပူချိန်က လျော့သွားပြီး သွေးပေါင်လည်း သိပ်မကျမို့ လေချဉ်တက်တာတွေလည်း လျော့သွားပြီး နေကောင်းလာသည် သည်တော့ သူတို့က တစ်ဆင့်ပင် တစ်နေ့မှာ ရေနှစ်ခါ တရားဝင်ချိုးခွင့် တင်ရတော့သည်။

သည်မှာ ပြဿနာက လာပြန်ပြီ။ ထောင်မှာ ရေနှစ်ခါချိုးခွင့်ဆိုတာ မည်သူ့ကိုမျှ တရားဝင်မပေးခဲ့ဖူးဟု ဆိုလာသည်။ တကယ်တော့ နားလည်မှု နှင့်ဖြစ်စေ၊ လာဘ်ပေးထားပြီးဖြစ်စေ ရေချိုးခြင်းကို အဆင်ပြေသလို ကြည့် လုပ်သည့်ထုံးစံက ထောင်သမိုင်းတစ်လျှောက်မှာ ရှိခဲ့သည်။ ကျွန်မတို့ မှာတော့ နားလည်မှုနှင့် လုပ်လို့မရသလို လာဘ်ပေးမည့်သူလည်း မဟုတ်ဖြစ် ရာ တရားဝင်စာရွက်စာတမ်းနှင့် ခွင့်ပြုပေးမှ ရမည်မို့ ထုံးစံအတိုင်း ဆရာဝန် တွေခေါ်ပြီး ဖြစ်ပျက်ပုံအလုံးစုံကို ရှင်းပြရသည်။ သည်နေရာမှာ သူများထက် တစ်မူးပိုချင်၍ သည်တောင်းဆိုမှုကို ပြုခဲ့တာမဟုတ်ကြောင်း ကျွန်မ၏သွေး ပေါင်ချိန်အနေအထား၊ အလာဂျီအဖုအပိန့်များနှင့် လေချဉ်တက်မှုတို့အား သက်သေရှိခဲ့သည့်တိုင် ကျွန်မမို့လို့၊ ထောက်လှမ်းရေးတွေက ကျော်ထောက် နောက်ခံပြုပေးလို့ဟု မြင်ကြသည်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ တရားဝင် ရေနှစ်ခါချိုးခွင့်ရသည်။ ကျွန်မကတော့ 'ထောက်လှမ်းရေးသာ ကိုယ့်ဘက် ဘက်လိုက်ပေးရိုးမှန်လျှင် သည်လို ထောင်တွင်းအခွင့်အရေးလောက်ကို မှန်းမနေတော့ဘဲ လွတ်မြောက်ရေးကိုသာ ကြံမှာဖြစ်ကြောင်း'တော့ ပြန်ပြော မိသည်။ အမှန်တော့ ထောက်လှမ်းရေးကလည်း မကြာခဏ တစ်မျိုးပြီး တစ်မျိုး ပြဿနာရှိနေသော ကျွန်မအပေါ် လိုက်လျောချင်လွန်းသဖြင့် လိုက်လျောနေတာမျိုး မဟုတ်မူဘဲ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများက ကျွန်မ၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မှုကို သူတို့နားညည်းလောက်အောင် ပူဆာကြသဖြင့် မလွှတ်နိုင်မချင်းတော့ မသေမနာမှ ဖြစ်မည်ဟု သဘောထား ပြီး လိုက်လျောနေခြင်းဟု ကျွန်မက မှန်းဆကာ သဘောပေါက်နေသည်။ သည်လိုနှင့် ၁၉၉၇ နှစ်သည် ကျွန်မအတွက် မလှပခဲ့။

## ပုံစံပြဿနာ

ထိုစဉ်က ပြင်ပမှာလည်း အခြေအနေက ရှုပ်ထွေးနေသည်။ ကုလ သမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စား



လှယ် ဒီဆိုတိုက အစ်မဒေါ်အောင်ဆန်းစုကြည်၊ န၀တ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်တို့နှင့် တွေ့သွားသည်ဆိုသော်လည်း အစ်မ၏ လှုပ်ရှားခွင့် တော်တော်များများကို န၀တက ချုပ်ကိုင်လာသည်။ နိုင်ငံခြားသတင်းထောက် များနှင့် တွေ့ခွင့်မရှိတော့။ အဖွဲ့ချုပ်မှာလည်း ရွေးကောက်ပွဲ ၇ နှစ်ပြည့် အခမ်းအနား ပေးမလုပ်။ အဖွဲ့ချုပ်က ညီလာခံကို ပြန်သွားချင်နေသည်ဟု သတင်းစာဆောင်းပါးတစ်ပုဒ်မှာ မဟုတ်မမှန်ဘဲ ထည့်ရေးတာခံရ။ အထဲမှာ တော့ နောက်ထပ်ဖြစ်လာသည့် ပြဿနာက ပုံစံထိုင်ခြင်း။ ဆိုခဲ့သည့်အတိုင်း ကျွန်မက မည်သည့်အခါမျှ ပုံစံအပြည့်မထိုင်။ ဝန်ကြီးလာစဉ်ကလည်း မထိုင် ထိုင်ပြီး လက်ကို တရားထိုင်သည့်ပုံစံ ပက်လက်ဖွင့်လျက်သား ထားပြီး မျက်စိမှိတ်နေခဲ့ရာ ဝန်ကြီးက ထင်မထားသည့်ပုံစံဖြင့် ထိုင်စောင့်နေ သော ကျွန်မကို 'သြော်… တရားလုပ်နေတာလား' ဟုသာ မေးသွားနိုင် သည်။ ကျွန်မက 'ဟုတ်ကဲ့ အမြဲ တရားပဲလုပ်ပါတယ်'ဟု ချက်ချင်းပြန်ဖြေ သော့ အယောင်ယောင်အမှားမှားဖြင့် 'နေကောင်းအောင်နေ၊ စားချင်တာ စား'ဟု ပြောကာ ချာခနဲ လှည့်ထွက်သွားဖူးလေသည်။ တစ်ခါကလည်း ထောင်ပိုင်တန်းစီမှာ ကျွန်မက ထိုင်နေကျပုံစံအတိုင်း ထိုင်နေရာ ထောင်ပိုင်က 'သက်က ဘာဖြစ်နေလို့လဲ' ဟု မေးရှာပါသည်။ ကျွန်မက ပုံစံထိုင်ခိုင်းထား လျှင် လက်ပိုက်ရမည်ကို အကျင့်မလုပ်ခဲ့သဖြင့် မေ့ကိုနေတော့ရာ 'ဘာဖြစ် နေလို့လဲ၊ ဘာမှမဖြစ်ပါဘူး'ဟု သူ့စိုးရိမ်စိတ်ကို ဖြေသိမ့်သည့်လေသံနှင့်ပင် ပြန်ဖြေမိလိုက်သည်။ သူလည်း ကြောင်အမ်းအမ်းနှင့် 'သြော်… ဘာမှမဖြစ် ဘူးလား' ဟု ဆိုကာ ထွက်သွားပါလေသည်။ သည်လိုဖြစ်ရပ်တွေ ဖြစ်ပြီး နောက် တိုက်ကို နေ့ခင်းတန်းပိတ်ချိန်တွေမှာ ထောင်ပိုင်က ရှောင်တခင် တိတ်တဆိတ်ဝင်စစ်ချိန်မှာ ကျန်အခန်းတွေက ဘယ်လိုနေသည်မသိသော် လည်း ကျွန်မက အမြဲတရားထိုင်နေရာမှာ တာဝန်ကျဝန်ထမ်းကို ထောင်ပိုင်က 'သူက အသက်ဘယ်လောက်ပဲ ရှိသေးလို့လဲ၊ ခုမှ သုံးဆယ်လောက် ရှိဦးမှာမဟုတ်လား။ တော်တော်ထိုင်နိုင်တာပဲ'ဟု ပြောသွားဖူးကြောင်း သိထားသည်။ ထို့နောက် ကျန်အချိန်တွေမှာ ရှောင်တခင်ရောက်လာ၍ ပုံစံအော်လျှင် ကျန်အခန်းတွေက ပုံစံထိုင်ပေးရသော်လည်း လမ်းလျှောက် ထွက်နေသည့် အခန်းကတော့ ကိုယ့်ဘာသာ တော်ရာမှာ သွားလျှောက်နေ တာ တွေ့ခဲ့ဖူးသည်။ သို့သော်။

သို့သော် ထိုနေ့က ၉၆ အုပ်စုမှ တစ်ခန်းအား လမ်းလျှောက်ထုတ်ခို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အမြဲတံခါးဖွင့်ထားသည့် အခန်းက အကျဉ်းသူတို့က တံခါးအပြ ဘက်ထွက်ပြီး နေပူစာလှုံနေချိန်မို့ တိုက်ဝင်းထဲမှာ လူက အများသ ကျွန်မက အိမ်မှ ဆေးပို့လာရာ စိစစ်စာရင်းသွင်းပြီး လက်ခံနေသည် ထိုအချိန်မှာ ပုံစံအော်သံနှင့်အတူ တိုက်ဝင်းတံခါး ပွင့်သွားကာ ထောင် အသစ်နှင့်အတူ အမျိုးသမီး၊ အမျိုးသားဝန်ထမ်းတွေ တပုံတခေါင်း ပေါ်လာသည်။ ကျွန်မလည်း ခေါင်းတစ်ချက်ငုံ့ကြည့်ကာ ကိုယ့်အလုပ်ကို ဆက်လုပ်လိုက်သည်။ မည်သည့်အခါကမျှ ကျွန်မကို ကြည့်မရသော ထောင်မှူးကြီးအဆင့် အမျိုးသမီးဝန်ထမ်း ဒေါ်ဥမ္မာဦးက 'မသီတာ ပုံစံအော်ထားတာကို ဘာလို့ဆက်ရေးနေတာလဲ။ ဘာတွေရေးနေတာ' ဟု လှမ်းပြောသည်။ 'ဆေးစာရင်းသွင်းနေတာလေ။ ထိုင်နေတာပဲ။ စာ က လုပ်ပေးပါဆိုလို့ လုပ်နေတာ' ဟု ပြန်ပြောတော့ ဝန်ထမ်းတွေ မျက် ပျက်သွားကြသည်။ သူတို့အမြင်မှာ အကျဉ်းသူက အရာရှိကို ပြန်ပက် ပေါ့။ အသစ်ရောက်လာသည့် နာမည်ဆိုးနှင့်ကျော်ကြားသော ထောင် ဦးလှလှက ဘာမှဝင်မပြော။ သို့သော် သူတို့ အရှေ့က အချုပ်ဆောင် ပြန်ရောက်သွားပြီး မကြာမီမှာပင် တိုက်တာဝန်ကျဝန်ထမ်းကို ခေါ် တော့သည်။

သည်ကိစ္စက သည်မှာမပြီး။ 'တိုက်ကလူတွေအားလုံး လူကြီး ရင် ပုံစံထိုင်ရမယ်ဆိုတာ လက်မှတ်ထိုးရမယ်။ တစ်ခန်းချင်း ခေါ်လိမ့်မယ် ဟု ဝန်ထမ်းက ပြောလာသည်။ သည်တော့ တိုက်မှာ အရေးပေါ်ဆွေး ရတော့သည်။ အခန်းတံခါးကိုယ်စီမှာ ကပ်ရပ်ရင်း စကားပြောကြရသည် ထုံးစံအတိုင်း ရောမလိုက်ချင့်မည်ဟု ခံယူထားသူတွေက လက်မှတ်ထိုး ပေါ့။ မချူးနှင့် ကျွန်မက သည်ထုတ်ပြန်ချက်က အသစ်မဟုတ်သ ခုလိုကိစ္စပေါ်မှ ထပ်ပြောတာမျိုးကို သဘောမကျ။ လက်မှတ်ထိုးခိုင်းသ စာသားပေါ်မှာ ဆုံးဖြတ်သွားမည်။ တချို့က ပြဿနာတွေ ကြီးမှာစိုးသ လုပ်သည်ဟု တွေးသည်။ နီလာသိန်းက နဂိုကတည်းက ခေါင်းငုံ့မခံတ သူမို့ သူက လုံးဝလက်မှတ်မထိုးနိုင်ဟု ပြောသည်။ ကျွန်မလည်း အခြေအ ကိုကြည့်ပြီး လုပ်ရန်သာ သတိပေးနိုင်သည်။ စခေါ်တော့ သူတို့အခန်း ထိုးခိုင်းသည့်အကြောင်းအရာက လူကြီးလာလျှင် ပုံစံအော်အော် မအော်အ ထိုင်ရမည်ကို သိရှိကြောင်း ဖြစ်သည်။ ကျန်သူတွေက သိရှိပါသည် လက်မှတ်ထိုးကြသည်။ သို့သော် နီလာသိန်းတစ်ယောက်က လုံးဝလက်မှ



မထိုး။ ကျန်အခန်းတွေကတော့ ထိုးသည်။ သည်လိုနှင့် ကျွန်မအလှည့်။ ကျွန်မနာမည်အောက်မှာ လွတ်နေသော စာမျက်နှာအစိတ်အပိုင်းက များသော 'ယခင်အခေါက်များတွင် သက်ဆိုင်ရာလူကြီးများမှ ရောင်တခင်ဝင်ရောက်ခဲ့ ဆဲ့က ကျန်အခန်းအချို့မှာ အကျဉ်းသူများ အခန်းပြင်ပသို့ရောက်ရှိနေသည့်အခြ နေတို့က ပုံစံထိုင်ခြင်းမရှိခဲ့သော်လည်း ပုံစံထိုင်ရမည်ဟု မည်သူကမျှ ခေါ်ယူသတိပေးခဲ့ခြင်း မရှိခဲ့ဘဲ ယခုအခါတွင်မှ ဤကဲ့သို့ သိရှိကြောင်း လက်မှတ်ရေးထိုးစေခြင်းသာဖြစ်သဖြင့် အမြဲအမှန်မရှိသော စည်းကမ်းဖြစ် ကြောင်း သိရှိပါသည်' ဟု ရေးပြီး လက်မှတ်ထိုးလိုက်သည်။ ကျွန်မရေးနေ စဉ် လိုက်ဖတ်နေသော ထောင်မှူးမ မျက်နှာက မချို့မချဉ်။ မချူးကတော့ သိရှိကြောင်း လက်မှတ်ထိုးပေးလိုက်သည်။ နီလာသိန်းနှင့် ကျွန်မကို အရေး ယူတော့မည်လားဟု အားလုံးက တွေးစောင့်နေသော်လည်း မဖြစ်လာ။ နီလာသိန်းကိုတော့ ထပ်ခေါ်ပြီး ဖျောင်းဖျကာ သိရှိကြောင်း လက်မှတ်ထိုးစေ သည်။ သည်နောက်ပိုင်း နီလာသိန်းကို လူဆိုးစာရင်းသွင်းလိုက်ကြောင်း မှတ်မိနေသည်။

သည်ဖြစ်ရပ်ပြီး နောက်အပတ် ထောင်ပိုင်တန်းစီမှာ ဦးလှလှက ကျွန်မအခန်းရှေ့ရောက်တော့ 'ထောင်ကပေးထားတာတွေ ပြည့်စုံရဲ့လား။ ဂျာစီတို့ဘာတို့ ရရဲ့လား။ အပြည့်အစုံမရရင် ပြော' ဟု ပြောပြောဆိုဆိုနှင့် ကျွန်မပြန်အဖြေကို မစောင့်ဘဲ ထွက်သွားသည်။ ကျွန်မလည်း ဖြစ်မှဖြစ်ရလေ ဟု ပြုံးမိရသည်။ ကျွန်မပြောလေ့ရှိသည့် 'ထောင်တွင်းဥပဒေဆိုတာ သားရေ ကွင်းလိုပဲ၊ မလျော့မတင်းဆိုတာလည်း အမှန်။ ထောင်ဝန်ထမ်းတွေနဲ့ ပြေလည်နေသူဆို မတင်း၊ မပြေလည်သူဆို မလျော့၊ သားရေကွင်းလို လိုသလိုပြင်နေတာ' ဟူသည့်စကားကို တာဝန်ကျဝန်ထမ်းတွေကတစ်ဆင့်ခဲ့ သူတို့ ကြားသွားလေသလား မပြောတတ်။ ကျွန်မနှင့်ပတ်သက်လျှင် သူတို့ ဘက်မှ အများအဖြစ်မခံရအောင် ကြိုးစားချင်ကြောင်းတော့ မှန်းဆမိလာသည်။ ဒေါ်ဥမ္မာဦးကတော့ အမှတ်မရှိဟု ဆိုရမည့်သူ ဖြစ်သည်။ သူက ရုံဖန်ရံခါ တိုက်ဝင်လာပြီး သန့်ရှင်းရေးလုပ်ထား မထား ကြည့်တတ်သည်။ အချိန်တော့ ကျွန်မနှင့် မချူးတို့က အားလျှင် အခန်းကို ရေဆေးတာမျိုး တအေ ... အဆင်ပြေလျှင် တစ်လမှာ တစ်ရက် တစ်တိုက်လုံး ဆပ်ပြာရည်နှင့် ... တာမျိုးအထိ ကိုယ့်သဘောနှင့်ကိုယ် လုပ်နေကျ။ ကျွန်မအခန်းက မရှင်းဘဲ ထားတာက ပင့်ကူအိမ်များပင်။ ကျန်တာကို အပြစ်ပြောစရာတော့ 'ပင့်ကူအိမ်

www.burmeseclassic.com

www.burmeseclassic.com



တွေ မရှင်းဘူးလား၊ သိပ်များနေပြီ'ဟု လာပြောသေးသည်။ 'ကိုယ်တောင် အိမ်နဲ့ မနေရတာ သူများအိမ် မဖျက်နိုင်ဘူး'ဟု ပြောလိုက်တော့လည်း ဘာတစ်ခွန်းမှ ဆက်မပြောနိုင်ဘဲ နောက်ပိုင်းမှာလည်း ကျွန်မအခန်းထဲ ယောင်လို့တောင် လာမချောင်းတော့။ သည်လိုနှင့် ကျွန်မလည်း ထောင့်ချုပ် ဖတ်ဖြစ်မြဲဖြစ်နေတော့သည်။

## တစ်ကျော့ပြန် နာကျင်မှု

သည့်နောက်မှာ ကျွန်မ၏ ကျန်းမာရေးက ပြန်ပြီးဖောက်လာတော့သည်။ ဓမ္မတာပြန်ပေါ်လာပြီး သည်တစ်ခါမှာတော့ နာကျင်မှုက အတော်ကြီး ဆိုးရွားလာသည်။ သွေးပြန်ပေါ်ပုံကလည်း ကြောက်စရာကောင်းလောက်အောင် များလာသည်။ အရောင်ကလည်း ပုံမှန်မဟုတ်။ မေ့မေ့လျော့လျော့ ထားခဲ့သော ပြဿနာက သူ့ကို အမှုမဲ့ထားချိန်မှာ အတော်ကြီး ကြီးထွားနေပြီ လားဟု တွေးမိလာသည်။ သည်တော့ ကြာရှည်ခံစားနေရန် မဖြစ်တော့ဘဲ စနစ်တကျ ဆေးကုသခွင့်ရအောင် တင်ပြရသည်။ သည်တစ်ခါမှာတော့ ဆရာဝန်များဘက်မှရော အာဏာပိုင်များဘက်မှပါ အတတ်နိုင်ဆုံး အမြန်ဆုံး စီစဉ်ပေးကြသည်။ အမှန်တော့ ထိုစဉ် မေလဆန်းမှာ ဆရာ မုံရွာဦးတင်ရွှေက ထောင်ထဲမှာ ကွယ်လွန်သွားသဖြင့် ကျွန်မ တစ်ခုခုဖြစ်လျှင် ထပ်ရှုပ်မှာစိုးပြီး အဆင်ပြေအောင်လုပ်ပေးလိုက်တာ ဖြစ်မည်။ ထိုနေ့ကလည်း ညနေစောင်းမှာ ပုံစံအော်သံတွေ ဆူညံသွားပြီး အချုပ်ဆောင်က မီးကို ရေနှင့်ငြိမ်းလိုက်သလို တိတ်ဆိတ်သွားသည်။ သည်တော့ လူကြီးတွေ ရုတ်တရက်လာနေပြီကို သိလိုက်သည်။ တိုက်မှာလည်း အဆင်သင့်ထိုင်နေလိုက်ကြရသည်။ ထုံးစံအတိုင်း ကျွန်မက တရားထိုင်သလို ထိုင်လိုက်သည်။ ခြေသံတွေက ကျွန်မ အခန်းရှေ့မှာ လမ်းဆုံးသွားသည်။ 'တရားထိုင်နေတာလား'ဟု မေးသံနှင့် အတူ ကျွန်မအခန်းတံခါး ဖွင့်သံကို ကြားရသည်။ ထောင်ပိုင်အသစ်နှင့်အတူ ဆရာဝန်တွေရော အခြားအဆင့်ဝန်ထမ်းတွေပါ အများကြီး။ ကျွန်မ အခန်းရှေ့ ဘက်ထွက်လိုက်တော့ 'နေကောင်းရဲ့လား။ သွေးဆင်းနေတုန်းပဲလား'ဟု ဆရာဝန်က လှမ်းမေးသည်။ 'အင်း... အများကြီးဆင်းတာတော့ ပြီးသွားပြီ။ အခုတော့ spotting တစ်စက်တစ်စက်တော့ ရှိနေသေးတယ်။ နာတာတော့ တစ်နေ့လုံး မှုန်းမှုန်းမှုန်းမှုန်းနဲ့ မပြတ်ဘူး'ဟုဖြေတော့ ထောင်ပိုင်အသစ်က



'ခင်ဗျားကြည့်တော့လည်း နေကောင်းနေသလိုပဲ။ စကားပြောမပျက်ဘူး'ဟု ဝင်ထေ့သည်။ 'ဒါပေါ့၊ အခု ကိုယ်ထဲမှာ Adrenalin အက်ဒရီနလင်တွေ ထွက်လာနေတယ်လေ။ ဒီတော့ ရင်ဆိုင်စရာရှိရင် ကျွန်မက မာမာပဲ အက်ဒရီနလင်ကြောင့် နေလို့ရတယ်'ဟု ပြန်ပြောလိုက်သည်။ အမှန်တော့ ကျွန်မက တရားအမှတ်တွေကြောင့်ပါ အနာကိုလည်းကောင်း ရောဂါကို လည်းကောင်း ယခင်ကလောက် မမှုတော့ကြောင်း၊ ထို့ကြောင့် မည်မျှ နာနေနေ မာမာပဲ နေနိုင်ကြောင်းတို့ကို ပြောလည်း နားမလည်ဘဲ အရှည်ကြီး ရှင်းနေရမှာမို့ မပြောပြဖြစ်။ သို့သော် ဆရာဝန်နှင့် ကုသမှုတွေအကြောင်း ဆက်ပြောဖြစ်သည်။ သူတို့ ဘာမှထပ်မပြောဘဲ ပြန်သွားပြီး ရုံးခန်းရောက်တော့ ကျွန်မ၏ ဆေးကုသမှုအတွက် လိုတာဆက်လုပ်ပေးရန် ညွှန်ကြားခဲ့သည်တဲ့။ ထို့အပြင် 'သူက ဆရာဝန်လည်းဖြစ်၊ စာရေးဆရာမလည်းဖြစ်တော့ နိုင်အောင်လည်း ပြောလို့မရဘူး'ဟု ညည်းညူသွားကြောင်း ရုံးခန်းမှာ အကူလုပ်နေရသည့် အချုပ်သူတစ်ယောက်က နောက်နေ့မှာ လာပြောပြသည်။ အမှန်တော့ ထိုနေ့က ထိုအချိန်မှာ ဆရာမုံရွာဦးတင်ရွှေမှာ သွေးဝမ်းတွေသွားပြီး ကွယ်လွန်ပြီးခါစမို့ ကျွန်မဆီ ကြောက်လန့်တကြား ရောက်လာခဲ့ကြခြင်းပင်။

သည်လိုနှင့် အင်းစိန်ဆေးရုံကြီးမှာ ပြသခွင့်ရလာသည်။ အင်းစိန်ဆေးရုံမှ သားဖွားမီးယပ်ဆရာဝန်ကြီး ဒေါက်တာဦးဝင်းစိန်ကလည်း သဘောကောင်းသည်။ ရောဂါရာဇဝင်ကို မေးမြန်းပြီး လိုအပ်သည့် စမ်းသပ်မှုတွေ လုပ်ပြီးချိန်မှာ ဆရာက မျက်နှာသိပ်မကောင်း။ ကျွန်မတောင်းဆိုသည့် အာလ်ထရာဆောင်းကိစ္စကို မလုပ်မဖြစ် လုပ်ရမည်ဟု သူ သဘောတူသည်။ ၁၉၉၅ အသည်းပြဿနာဖြစ်ကတည်းက သည်ရောဂါကို ပစ်ထားလိုက်သည်မှာ မကောင်းဟု သူက မြင်သည်။ ကျွန်မကလည်း တီဘီဆေးအပြီးမှာ ဓမ္မတာတောက်လျှောက်ထိန်နေသလို နာကျင်မှုလည်း မရှိသည့်အတွက် ဆေးကုသမှုပြန်ယူရန် မကြိုးစားဖြစ်ခဲ့ကြောင်း ဝန်ခံရသည်။ အမှန်တော့ စနစ်တကျဆေးကုသမှုရရန် နောက်ထပ်လျှောက်ရမည့် ခရီးကြမ်းကို လျှောက်လိုခြင်းလည်း ပါသည်ကိုတော့ မပြောပြဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



## ရောဂါအခြေအနေ ဆိုးသထက်ဆိုးလာပြီ

သည်လိုနှင့် ရက်အတန်ကြာတော့ အင်းစိန်ဆေးရုံမှာပင် အာလ်ထရာ ဆောင်း ရိုက်ခွင့်ရသည်။ ခေတ်မှန်နှင့် အာလ်ထရာဆောင်းဆရာဝန်မကြီး အေးမှာ ဆရာကြီးက ကိုယ်တိုင်လိုက်ထိုင်ပြီး အဖြေကို စောင့်ကြည့်သည်။ ဝမ်းဗိုက်အတွင်း အခြားကြည့်စရာတွေကို အကြမ်းဖျင်းကြည့်အပြီးမှာ ဆရာ ကြီးရော၊ ဆရာမကြီးပါ မျက်နှာတွေ ပျက်သွားသည်မှာ မြင်မကောင်း အေးမှာပါလာသည့် ထောင်မှူးမနှင့် ထောက်လှမ်းရေးဝန်ထမ်းတွေပင် အံ့ဩ စူးစမ်းကြည့်တွေ ဖြစ်လာသည်။ 'သမီး ဘာလို့ သည်လောက်သည်းခံနိုင် တာရဲ့။ မနာဘူးလား။ သမီးနာနေပုံထက် အဆအများကြီး ပိုပြီးနာရမှာ ခုဟာက Rectovaginal septum infiltration ဖြစ်နေပြီ။ အကုန်ကပ်နေ ပြီ'ဟု သူတို့က ဝမ်းပန်းတနည်း ဆိုသည်။ သည်တော့မှ ကျွန်မဖြစ်နေသည့် ဝေဒနာမှာ သားအိမ်၏အတွင်းပိုင်းအလွှာပွားများမှု အရှိန်လွန်ကဲကာ သားအိမ် ပြင်ပနေရာများဖြစ်သည့် အစာဟောင်းအိမ်နှင့် သားမွေးပြွန်ဝနားတစ်ဝိုက်မှာပါ ပျံ့နှံ့ပြီး ကြပ်ခဲလိုဖြစ်နေမှန်း ရိပ်မိသွားသည်။ ထို့ကြောင့် အတွင်းကျကျနေရာ လိုက်ပြီး စုပ်ဆွဲထားသလို နာသောအနာ၏ အကြောင်းခံကို သိရတော့သည်။ သည် ပြဿနာက လွယ်လွယ်နှင့်ဖြေရှင်း၍ရနိုင်သည့် ပြဿနာမျိုးမဟုတ် သည်ကို သိနေသည့်အတွက် ဆရာတို့က အတော်ကြီးစိတ်မကောင်းဖြစ်နေ ကြသည်။ ကျွန်မကတော့ အတွေးတွေ ဆက်ကြည့်သည်။

သည် Endometriosis ရောဂါသည် ဘာကြောင့်ဖြစ်မှန်း ခုထိမသိ နိုင်ကြသေးသလို အမျိုးသမီးအတော်များများမှာ ဖြစ်နိုင်ပြီး သည်မှုအနာကို ခံစားရသူအမျိုးသမီးတွေက ပြောပြသည့်တိုင် သည်ရောဂါနှင့်ပတ်သက်ပြီး ရောဂါအဖြေထုတ်နိုင်ခြင်း မရှိလှကြရကား ထိုအမျိုးသမီးများကို ရုပ်ရှင်ရိုက် နေသည်၊ ဟန်မှုယာပိုနေသည်ဟု သတ်မှတ်လေ့ရှိကြသည်။ သည်ရောဂါက ကင်ဆာမဟုတ်သော်လည်း ကင်ဆာလိုပင် ပွားနိုင်သည်။ ဆိုပါတော့ အနီး အနားရှိ အင်္ဂါအစိတ်အပိုင်းများသို့ ပွားသွားတတ်ပြီး အထူးသဖြင့် အူအစိတ် အပိုင်းများသို့ ပွားကာ အူတွင်းသွေးယိုခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ကျွန်မ ဖြစ်သလောက်အထိ အစာဟောင်းအိမ်နှင့် သားအိမ်အောက်ပိုင်းကြားမှာ အစိုင်အခဲဖြစ်ခြင်းမျိုးကတော့ ဖြစ်ခဲသည်။ ထိုသို့ဖြစ်လျှင် နာကျင်မှုသည်းထန် လွန်းသဖြင့် ရောဂါအဖြေကို စောစောရှာဖြစ်ကြသည်။ ခုတော့ ကျွန်မက



ဘရားအားထုတ်လိုက်ကာ အရာရာကို မေ့နေခဲ့သဖြင့် သည်ရောဂါ သည်မျှ အထိ အခြောက်အချိုကြီးနေသည်ကို မသိခဲ့တော့။ သည်ပြဿနာက ထိုအပိုင် အခဲကို ပျော်သွားပျောက်သွားအောင် သာမန်ခွဲစိတ်ကုသမှုဖြင့် ကုနိုင်ဖို့ လွယ်ခြင်းပင်။ အူနံရံတွေမှာ ကပ်နေသည့် ထိုရောဂါအစိတ်အပိုင်းတွေကို ချာစဉ်မှာ အူနံရံပေါက်ပြီစုတ်ပြတ်သတ်သွားတတ်သဖြင့် နောက်ဆုံး အူကို ဖြတ်ပြီး ဝမ်းဗိုက်နံရံမှာ အပေါက်ဖွင့်ထားကာ ဝမ်းသွားဖို့ လုပ်ပေးရမှာဖြစ်ပြီး သည်ရောဂါ မကောင်းမချင်း စအိုမှ ဝမ်းပြန်သွားနိုင်အောင် အူကို ပြန်ဆက် ပေးနိုင်၊ မပေးနိုင်လည်း မသေချာ။ ဆရာကြီးက တာဝန်ရှိသူတွေကိုပါ သည်ကိစ္စကို ရှင်းပြလိုက်သဖြင့် ကျွန်မမှာ ကျေးဇူးတင်နေရသည်။

ထို့နောက်မှာတော့ ကျွန်မ၏ ကျန်းမာရေးအခြေအနေကို အာဏာပိုင် တွေကပါ လန့်လာသည့်အနေအထား ဖြစ်လာသည်။ ထိုနေ့က ပြန်ရောက် ရောက်ချင်း ထောက်လှမ်းရေးက ထောင်ဆရာဝန်ကြီးနှင့် အာဏာပိုင်များနှင့် အစည်းအဝေးတစ်ခု လုပ်ရစ်ကြပြီး ကျွန်မကို တိုက်ပြန်ပို့သည်။ ခဏအတွင်း မှာ သူနာပြုတွေက ကျွန်မကို သွေးပေါင်ချိန်၊ သွေးခုန်နှုန်းမှတ်တာတွေ လာလုပ်သည်။ ထို့နောက်မှာ သူနာပြုတစ်ယောက်က ကျွန်မကို တစ်ပတ် တစ်ခါ သွေးပေါင်ချိန်လာတိုင်း၊ သွေးခုန်နှုန်းလာယူတာမျိုး လုပ်လာသည်။ ကျွန်မအခြေအနေကလည်း နာကျင်မှုကို တစ်စစပိုခံစားလာရသည်။ သည် အနာသည် မည်သည့်အနာမျိုးနှင့်မျှ မတူ။ ကျွန်မ၏ သားအိမ်က နဂိုက တည်းက အနောက်ဘက်ကိုငိုက်သည်။ သည်တော့ အစာဟောင်းအိမ်ဘက် ကို နီးသည်။ သည်အထဲမှာ ပြဿနာက ထိုနေရာနားမှာဖြစ်လေတော့ နာသည့် အနာသည် အတွင်းပိုင်းကျကျမှပေါ်လာကာ အလွန်ကြီးမားတောင့်တင်းခိုင်ခံ့ သော လက်ဖြင့် ဆုပ်ဆွဲထားသလို ခံစားရစေသည်။ ထို့ပြင် ပွားနေသည့် အစ်သျှူးတွေက အစာဟောင်းအိမ်၊ သားအိမ်နှင့် ဆီးအိမ်တို့ကို ကြားမှာ ညှပ်ကြဲဆုပ်ခဲနေပုံရသည့်အတွက် ဝမ်းသွားရတာ ခက်ခဲလာသည်။ တစ်စစနှင့် ဝမ်းတင်မက လေပင် ချုပ်လာတော့သည်။ နာသည့်ကာလမှာလည်း နံနက် ဆယ့်တစ်နာရီလောက် ထမင်းစားချိန်မျိုးမှာ စတင်နာပြီး ညရှစ်နာရီလောက် မှာ အနာမခံနိုင်တော့ဘဲ နွမ်းပြီး အိပ်ပျော်သွားတာမျိုးဖြစ်သည်။ သည်တစ်ခါ နာသည့်အနာသည် အမှန်အတိုင်းဆိုရလျှင် ၁၉၉၅ ခုနှစ်တုန်းက နာသည့် အနာထက် အဆပေါင်းများစွာ ပိုပြီး နာသည်။ ယခင်ကလို တရားအားထုတ် မှုမလုံမလောက်ဖြစ်ခဲ့လျှင် သည်တစ်ခါနာသည့်အနာမျိုးကြောင့် သတိလစ်

www.burmeseclassic.com



တာ၊ အသက်ပျောက်တာပင် ဖြစ်လောက်သည်။ သို့သော် ဝေဒနာ၏သဘော ကိုဉာဏ်ဖြင့် သိခဲ့ပြီးသည်ကတစ်ကြောင်း၊ နာနေသည့်အချိန်မှာ တရားအမှတ် က မြဲအောင် ကပ်နေပြီဖြစ်သဖြင့်ကတစ်ကြောင်းတို့ကြောင့် သတိလစ်မှာနေ အသက်ထွက်မှာကိုပါ မပူပင်တော့ချေ။ စိတ်မှာ မပန်းသော်လည်း လူက တော့ နွမ်းလှသည်။

## အနာချင်းမတူသည့် အနာ

လူနွမ်းရပုံကလည်း ခုပြန်တွေးလျှင်ပင် ကြက်သီးထသည်။ ဥပုသ် စောင့်ကျင့်ဖြစ်နေသဖြင့် နံနက်ဆယ်နာရီခွဲလောက်မှာ နံနက်စာစားဖို့ ပြင်ဆင် ရသည်။ ယခင့်ယခင်က ရှိတာလေးနှင့် စားဝင်အောင် အနည်းနည်းအဖုံဖုံ ကြံခဲ့သော်လည်း ခုနောက်ပိုင်းမှာ အမှတ်နှင့်စားသည်မို့ သိပ်တော့ ကြိုးမပြင် ဖြစ်တော့။ ဆယ့်တစ်နာရီခွဲလောက်မှာ ထမင်းကို တဝကြီးစားလျှင် ညနေပိုင်း မှာ ပိုပြီး အဆာခံမည်ဟု တွေးနိုင်သော်လည်း ပုံမှန်အားဖြင့် နေ့ဆယ့်တစ်နာရီ ကျော်ကျော်မှာ နာလာသည့်တတ်သည့်အတွက် ထမင်းစားရင်းတန်းလန်းနှင့် ဆက်မစားနိုင်မှာကို ကြိုသိနေကာ ခပ်စောစောပဲ စားဖြစ်သည်။ အမှန်တော့ ထောင်မှာက ဘာအလုပ်မှ လုပ်စရာမရှိသည်မို့ ဥပုသ်စောင့်ရတာ အခက်အခဲ မရှိ။ တော်ရုံနှင့်လည်း ဆာလေ့မရှိ။ လှုပ်ရှားမှု နည်းသဖြင့် စွမ်းအင်အသုံး နည်းတာမို့ သိပ်များများစားစရာမလို။ သို့သော် သည်အနာက သည်းရှာ တစ်ခါတစ်ခါမှာ အနာဒဏ်ကြောင့် အန်ထွက်သွားတာတွေက ရှိနေသည်။ သည့်အတွက် စားနိုင်သလောက် စားနှင့်ရသည်။ အန်မိပြီးလျှင် နေရတာ ပိုမကောင်းတော့။ ဝမ်းချုပ်နေသည့်အတွက်လည်း နာကျင်မှုက ပိုဆိုးသည်။ နောက်ပိုင်း လေပါ မလည်တော့သည့် အချိန်တွေမှာတော့ တရားမှတ်ရတာ ပင် အတော်ကြီးခက်ခဲလာသည်။

'ဝေဒနာသည် ငါမဟုတ်။ ငါသည် ဝေဒနာမဟုတ်။ ငါ၌ ဝေဒနာ မရှိ။ ဝေဒနာ၌ ငါမရှိ'ဟု နှလုံးသွင်းပြီးမှတ်သည့်အတွက် စိတ်မှာ နာကျင်မှု မျိုး မခံစားရသော်လည်း လူကတော့ မလှုပ်ရှားနိုင်လောက်အောင် နာကျင် လာသည်။ မှတ်နေသည့်ကြားက အထဲမှ အူတွေကို ဆွဲကိုင်ဖျစ်ညှစ်လိုက် သလို၊ သံလက်သီးဖြင့် အစာဟောင်းအိမ်နှင့် ဆီးအိမ်အကြားကို တအုံးအုံးထိုး လိုက်သလို နာကျင်မှုတွေ ဆက်ဆက်ပြီးဖြစ်လာချိန်မှာ 'ဝေဒနာနှင့် ငါ'



သည် ပူးမတတ်။ နာတာကိုမှတ်၍ နာသိစိတ်ကို မြင်ပြီး ထိုနာသိစိတ် ပျောက်သွားတာကိုလည်း မြင်နေသည့်တိုင် မရပ်မနား တရစပ်ဆက်ဆက်ပြီး နာတာတွေ နာသိစိတ်တွေ ဖြစ်လာသောအခါ အမှတ်တွေနှင့်အတူ ကိုယ့်ထွက် သက်ဝင်သက်တွေ ပါသွားမတတ် ဖြစ်လာသည်။ ထိုင်တာပင် မှီးမှီးခထိုင် နိုင်တော့။ ဝမ်းဗိုက်ထဲမှာ စောင်ပါးတစ်ထည်ခေါက်ကာ ခုထားပြီး ကိုယ်ကို ကုန်းထားရသည်။ သည်လိုနှင့်လည်း မသက်သာ။ တစ်ခါ ခါးကွေးပြီး ဘေစောင်းလှဲနေရင်းက မှတ်ပြီးကျော်လွှန်ဖို့ ကြိုးစားသည်။ မှတ်ရင်း နာရင်း အမှတ်စိတ်တွေ မလွတ်အောင် ကြိုးစားရင်း နာသိစိတ်တွေ ပြင်းထန်လာရင်း ဖြစ်လာပြန်သည်။ လမ်းလျှောက်မှတ်ဖို့ကတော့ မည်သို့မျှ ကြိုးစားလို့မရ။ သည်အချိန်မှာ အိမ်က ပို့ပေးထားသော ရေနွေးအိတ်ကလေးရှိနေပြီမို့ ဓာတ်ဗူး ထဲက ရေနွေးကိုဖြည့်ပြီး ရေနွေးအိတ်ကပ်ဖို့ဆိုရာမှာလည်း ကိုယ့်ကွပ်ပျစ် ဘေးချပ်ကနေ ခြေလှမ်းငါးလှမ်းသာ ကွာသည့်နေရာမှာရှိသော ဓာတ်ဗူးဆီ လမ်းလျှောက်ဖို့မပြောနှင့် တွားပင်မသွားနိုင်တော့။ လှုပ်ရတာပင် အခက်ကြီး ခက်လှပြီ။ သည်လိုအနာဆိုးလေ အမှတ်စိတ်ကို တိုးလေဖြစ်အောင် ကြိုးစား ချိန်မှာ အခန်းပြင်မှာ ဖြတ်သွားကြသည့် ဝန်ထမ်းတွေက ကျွန်မ မျက်ဖြူလန် နေပြီဟု သတိထားမိကြသည်။ ကျွန်မကတော့ တစ်စုံတစ်ယောက် ကိုယ့် အခန်းရှေ့လာခိုက်မှာ သည်လိုအဖြစ်ဆိုးနေပုံမျိုး မြင်မသွားအောင် အတတ် နိုင်ဆုံး ကြိုးစားခဲ့သော်လည်း အနာသည်းနေချိန်မှာ ပတ်ဝန်းကျင်ကို လုံးဝ သတိမမူမိဘဲ အနာနှင့်အမှတ်ကို နပန်းလုံးနေရသည်။

သည်လိုနှင့် သည်အနာက အကိုက်အခဲပျောက်ဆေးဖြစ်သည့် Ponstan (Mefanemic acid) ပွန်စတင်စားဆေးနှင့် Voltaren(Diclofenac) ဗော်ထရန် ထိုးဆေးတို့ ကုသည့်တိုင် မရပ်မနား။ ညပိုင်းမှာ မချူးနှင့် ကျန်သည့်လူတွေ စကားပြောနေတာကို ကြားသည့်တိုင် အပေါက်နားမပြောနှင့် ကိုယ့်နေရာမှာ ပင် ထိုင်ပြီးနားမထောင်နိုင်တော့။ ခွေခေါက်လှဲနေရင်းမှသာ နားထောင်နိုင် သည်။ ကြားသိစိတ်ကို အာရုံကျလျှင် နာသိစိတ်လျော့မည်ဟု တွက်လို့လည်း ရ။ နာသိစိတ်ကသာ အမြဲပိုထင်ရှားလာပြီး ညရှစ်နာရီခွဲလောက်မှာတော့ အမှတ်စိတ်က ပိုစိပ်လာသလို ကိုယ်ခန္ဓာနွမ်းလျမှုကလည်း များလာပြီး အိပ်ပျော်သွားတတ်သည်။ မနက်မိုးလင်းလျှင်တော့ လူကောင်းပတတိ။ သည်တော့ မနက်တိုင်တွေမှာ အလုပ်များများလုပ်ထားရသည်။ ရေချိုးအဝတ် လျှော်၊ ပန်းကန်ဆေး၊ စားဖို့ပြင် စသည့် ဟာဟီရတွေအားလုံး မနက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြိုလုပ်ထားမှဖြစ်မည်ကိုး။ သည်လိုနာနေတာက တစ်နေ့ကိစ္စမဟုတ် နှစ်ရက်၊ သုံးရက်ကိစ္စ မဟုတ်၊ တစ်ပတ်ကိစ္စလည်းမဟုတ်တော့။ ဆိုးလာသည်က လေလည်းလုံးဝမလည်ဘဲ ဝမ်းလည်းချုပ်ကာ လေတွေက ဝမ်းဗိုက်အနှံ့မှာ မိုဟာမက်အလီလက်သီးထိုးသလို လိုက်ထိုးလိုက်၊ အစာဟောင်းအိမ်နှင့် ဆီးအိမ်ကြားမှာ ခုတုတု စို့တို့တို့ ဆုပ်စွဲထားသလို နာကျင်လိုက်နှင့်ဖြစ်နေခဲ့သည်။ ဆရာဦးဝင်းစိန်က ခွဲစိတ်ကုသရန် အလွန်ခက်ခဲမှာဖြစ်သဖြင့် ဟော်မုန်းကုထုံးကိုပင် ဆက်ပေးသည်။ စားဆေးကတော့ မဖြစ်နိုင်တော့ဆိုကာ ထိုးဆေးထိုးရသည်။ အများသိထားသည့် သုံးလခံ ပဋိသန္ဓေတားဆေး Depo Provera (Progesterone injection) ကို ကျွန်မက ရက်သတ္တပတ်နှစ်ပတ်မှာ နှစ်လုံး တစ်ပြိုင်နက်တည်း ထိုးရသည်။ ထိုးနေသည့်ကြားမှာ အနာက သက်သာလှသည်မဟုတ်။ ဆေးရုံကို မှန်မှန်ပြခွင့်တော့ ရှိလာသည်။

## ဖိနှိပ်မှုနှင့် သွေးခွဲမှု

သည်အချိန်မှာ နောက်ပြဿနာတစ်ခုက ပေါ်လာပြန်သည်။ ထောင်ဝန်ထမ်းတွေအတွက်နှင့် အကျဉ်းသားတွေအတွက် လိုက်နာရမည့်စည်းကမ်းဆိုပြီး အသီးသီးဖြန့်ဝေကာ အလွတ်ကျက်ရမည်ဟု ဆိုသည်။ အကျဉ်းသားလိုက်နာရန် စည်းကမ်းတွေကို မမှတ်မိတော့သော်လည်း အစီအစဉ်တကျဖြစ်မနေတာကိုတော့ မှတ်မိသည်။ ဝန်ထမ်းတွေကို အပြီးပြောထားလိုက်သည်။ ကိုယ့်တော့ လာမေးမနေနှင့်။ သည်လိုကဘောက်တိကဘောက်ရေးစာမျိုးကို အလွတ်မကျက်နိုင်ဟု။ ရောမလိုကျင့်လိုသူတို့ကတော့ ရောမသူပီကျက်သည်။ မချုးကလည်း မကျက်နိုင်ဟု ပြောသည်။ ကျန်လူသစ်အုပ်စုကလည်း မကျက်နိုင်ဟု ထားသည်။ တကယ်တမ်းမှာ လာမေးတော့ လူသစ်အုပ်စုကိုပဲ မေးသည်။ သူတို့က ဖြေကိုမဖြေ။ သည်စာမကျက်မှုနှင့် သူတို့အခန်းကို ရေချိုးပိတ်၊ လမ်းလျှောက်ပိတ် လုပ်လာသည်။ ကျွန်မတို့ ကျန်လူဟောင်းတွေကို လုံးဝမေးမသွားသလို အရေးလည်းမယူ။ ကျွန်မနှင့်မချုးက ထုံးစံအတိုင်း သူတို့တွေ အခန်းထဲမှာပင် ရေချိုးနိုင်အောင် စီစဉ်ပေးသည်။ သည့်နောက်မှာ သူတို့နှင့်ကျွန်မတို့ ပိုပြီးနားလည်မှုရှိလာကြသည်။

သည်တော့ မကြာမီ သူတို့တွေ ပြစ်ဒဏ်ကာလပြီးသည်နှင့် ကျွန်မတို့



က အလှည့်ပြောင်းသွားသည့် ဝန်ထမ်းကို နားလည်မှုယူကာ နေ့ဘက်မှာ အခန်းတံခါးတွေအကုန်လုံးဖွင့်အောင် ကြိုးစားဖြစ်သည်။ ထိုစဉ်က ဟော်မုန်းထိုးဆေးများကြောင့် ကျွန်မ၏မျက်နှာမှာ ဝက်ခြံတွေ ပေါချင်းသောချင်းပေါက်နေချိန်ဖြစ်သဖြင့် ဝန်ထမ်းတွေ အဆောင်လေးမှာရှိသည့် မှန်ချပ်လေးမှာကြည့်ပြီး ဆေးလိမ်းရသည်။ မချုးလမ်းလျှောက်ချိန်မှာ ဝန်ထမ်းကို ညိုတာအောင်မြင်လုဖြစ်ပြီး သူအခန်းထဲ ပြန်ဝင်ချိန် ကျွန်မက အပြင်ထွက်ချိန်မို့ ထိုမှန်ရှိရာ တန်းသွားလိုက်သည်။ မှန်ရှိသည့်နေရာမှာ ထောင့်ချိုးလေးမို့ အဆောင်ထဲ ဝင်ဝင်ချင်းမှာ ထိုနေရာ၌ လူရှိသည်ကို အမှတ်ထားနိုင်ချင်မှထားနိုင်သည်။ သည်အချိန်မှာ ထောင်သမ္ဘာကြီးက ကျွန်မကို သတိမမူမိဘဲ ဝန်ထမ်းရှိရာ ကမန်းကတန်းရောက်လာပြီး ဒေါသတကြီးနှင့် ခပ်တိုးတိုးလာပြောသည်။ သူ တိုးတိုးပြောသော်လည်း ကျွန်မက ပီပီသသကြီး ကြားနေရသည်။ 'မလုပ်နဲ့နော်၊ မဖွင့်ပေးနဲ့။ သူတို့တွေအားလုံး ရောသွားရင် ရှုပ်ကုန်မယ်။ သွား... ထောင်မှူးမကို သွားပြောချည်။ ငါတို့အခန်းတံခါးကိုပါ လာပိတ်လိုက်လို့။ ဒါမှ သူတို့လည်း ဖွင့်ပေးဖို့ပြောလို့မရမှာ။ လာ... ငါတို့ကို ခုပိတ်ချေ'တဲ့။ ကျွန်မ အမှတ်စိတ်တောင် မမှတ်နိုင်လောက်အောင် ရှင်သက်နေမိသည်။ ပြီးသွားပါပြီ။ ကျွန်မတို့ ဘာများဆက်လုပ်နိုင်ပါဦးမည်နည်း။

ထို့နောက် မကြာမီမှာ လူသစ်အုပ်စုမှအချို့ကို အကျဉ်းဆောင်ဘက်ပြောင်းထားပြီး ကျွန်မတို့ကို လူစုခွဲလိုက်သည်။ အဘွားကလည်း ဆရာဝန်မကြီးမပြောင်းမီမှာ ဆီးချိုကို ထိန်းမရသဖြင့် အိမ်က အစားအသောက်မှန်မှန်ပို့ပေးနိုင်မည့် ဆေးရုံကြီးက အကျဉ်းကျလူနာဆောင်မှာ တက်နိုင်ရန် ဆေးရုံကြီးကို သွားပြနှင့်ရသည်။ တစ်နေ့တော့ ဆေးရုံကြီးကအပြန်မှာ အဘွားသွေးတွေ မတရားတိုးလာပြီး ထောင်မှာ ရှုပ်ယှက်ခတ်သွားကြသည်။ အဖြစ်က ဆေးရုံကြီးပြင်ပလူနာဌာနကိုရောက်တော့ လူနာမှတ်ပုံတင်ရန် ဆေးမြီးစဉ်က အဘွားက သူ့ကိုယ်သူ ကွန်မြူနစ်ဟု ခါတိုင်းလိုဂုဏ်ယူဝင့်ကြွားအပြောမှာ တာဝန်ကျဆရာဝန်မက 'အို ဒီလောက်အသက်ကြီးမှ ကွန်မြူနစ်တွေ ဘာတွေ လုပ်မနေပါနဲ့။ ဆိုဗီယက်တောင် အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားတာ မသိဘူးလား'ဟု ပြန်ပြောရာက စသည်။ အမှန်တော့ သည်သတင်းကို အဘွား အတန်အသင့်တော့ သိခဲ့ပုံပေါ်သည်။ သို့သော် အခြားတစ်ယောက်က မချေမငံလှစွာပြောတာကို ခံလိုက်ရတော့ ယမ်းပုံမီးကျဖြစ်ကာ သွေးတွေတိုး

www.burmeseclassic.com



လာသည့် အဘွားကို ကမန်းကတန်းပြန်ခေါ်လာကြရသည်။ နောက်တော့ အဘွားလည်း ရှုလိုင်ထဲမှာ ဆေးရုံကြီးကို ပြောင်းသွားရသည်။ မဒုံကတော့ အဘွား ဆေးရုံကြီးကနေပဲ မကြာခင်မှာ လွတ်သွားလိမ့်မည်ဟု အမြင်ရှိ သည်။ ကျွန်မကိုပင် အဘွားက သည်ကို မည်သည့်အခါမျှ ပြန်မလာနိုင် တော့သဖြင့် အဘွားနှင့် ဘာမှာလိုက်ဦးမလဲဟု မေးပါသေးသည်။

ဒက်ပိုထိုးဆေးတွေဆက်တိုက်ထိုးပြီးတော့ နာတာအတန်ငယ်သက်သာ လာသော်လည်း သိသိသာသာနာနေဆဲ။ တရားမှတ်နိုင်နေသဖြင့်သာ အနာ တွေက ဒဏ်ရာလိုမကျန်ရစ်။ လနှင့်ချီပြီး နေ့စဉ်နံနက် ဆယ့်တစ်နာရီလောက် ကနေ ညရှစ်နာရီ၊ ကိုးနာရီလောက်အထိ ဆေးထိုးဆေးသောက်သည့်တိုင် မလျော့တမ်းနာသည့်အနာကို ဗုဒ္ဓ၏အဆုံးအမဖြစ်သော ဓမ္မကို နှလုံးသွင်းနိုင် ၍သာ ခံနိုင်ခဲ့ရသည်။ သို့မဟုတ်လျှင် ထိုအနာ၏ နှိပ်စက်မှုနှင့် ချုံးချုံးကျ ရုံသာ ရှိတော့သည်။ ခုတော့ မနက်စောစောပိုင်းတွေမှာ အေးအေးလူလူ ပြောပြောဆိုဆိုနှင့် နိုင်သမျှအလုပ်ကို ကျုံးလုပ်ထားကာ အနာတွေ သည်းလာ ချိန်ကို မမျှော်သော်လည်း ကြိုဆိုရသည်။ အနာတွေကြားမှာ ပြုနေရ နိစ္စပတ်တွေ မပျက်အောင်၊ အသစ်တွေကို ကူနေကျအလုပ်တွေ ကူနိုင်အောင် ကြိုးစားရင်း တစ်နေကုန်ရပြန်သည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် သာ သည်မျှသော ဝေဒနာအစဉ်အဆက်ကို ခံနိုင်ခဲ့ခြင်းပင်။ တရားများ အားမထုတ်ဖြစ်ခဲ့လျှင် သည်လိုအနာမျိုးကို မည်ကဲ့သို့ခံယူရင်ဆိုင်နိုင်မည်ကို မမှန်းဆနိုင်။ ဝမ်းချုပ်သည့်ဘဝမှာ ဝမ်းချုပ်သောလုံးနှင့်လည်း အဆင်မပြေရ နောက်ဆုံး မိမိ၏လက်ကို သုံးပြီးကြိုးစားရသည့်အထိ အခြေအနေက ဆိုးလာ ခဲ့သည်။ သို့တိုင် လေလည်း မလည်နိုင်။ လေတွေ၏အတိုးက ဝမ်းဗိုက် တစ်ပြင်လုံး ဖြောင်းဆန်နေခဲ့သည့်အခါများမှာတော့ ဝေဒနာနှင့်ငါကို အတတ် နိုင်ဆုံးခွဲကာ ပကတိအနာတရားကို ရင်ဆိုင်ခံယူရသည်။ သို့တိုင် အနာက သိပ်သည်းလွန်းလျှင် အမှတ်တွေ ကြောင်ကြားသည့်အထိဖြစ်လာပြီး ထိုအခါ မျိုးမှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ရင်း ဗုဒ္ဓ၏ဂုဏ်တော် များကို ပွားများရင်းဖြင့်သာ ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်သဘာဝကို တွန်းလှန် ရတော့သည်။ သည်တော့လည်း အစာမှာမှာ ကြမ်းကြမ်းဖြစ်စေ၊ စားကောင်း သောက်ဖွယ်ကိုဖြစ်စေ စားရသည့်အခါများမှာ လျှာပေါ်ခဏသာ ခံကြသည့် ကောင်းသော ဆိုးသော၊ ထပ်ထပ်စားချင်သော၊ ဆက်မစားချင်သော ထိုထို ဝေဒနာများကို မတူခြားနားမှု မရှိသကဲ့သို့ မြင်နိုင်၊ ခံယူနိုင်လာတာ အဆန်း



ဘုတ်တော့။ ကိုယ်ခန္ဓာ၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ အခြေအနေ ထူးထူးခြားခြား ပြောင်းလဲသွားတိုင်း အမှတ်စိတ်က သတိကြီးကြီးဖြင့် ပေါ်ထွက်လာကာ အားမှုတွေနောက် အစွန်းရောက်မျောပါမသွားအောင် ကူညီတတ်ပြန်သဖြင့် ည်း ပြင်းထန်သော အားထုတ်မှုအပြီး မြဲမြံသော သတိဖြစ်တည်လာခြင်း ပေါ် အားရဝမ်းသာရှိမိရပြန်ပါသည်။

## တမှသည် နအဖ

ထိုအချိန်မှာ ၁၉၉၇ နောက်ပိုင်းဖြစ်ကာ တရုတ်က ဟောင်ကောင်ကို လန်ထံမှပြန်ရသွားပြီး တစ်နိုင်ငံ စနစ်နှစ်ခုဖြင့် ဆက်သွားမည်ဟု ကြေညာ ၁။ ကမ္ဘောဒီးယားမှာတော့ ဟွန်ဆန်က အာဏာသိမ်းလိုက်သည်။ တခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်ကြီးစောမောင် ကွယ်လွန်သွားပြီး သူ့ ယနက သာမန်ထက်ပင်အကျဉ်းရုန်းဆန်သည်ဟု ကြားလာရသည်။ အိန္ဒိယ ယခင်က ဇာတ်အနိမ့်ဆုံးဟု သတ်မှတ်ပြီး လူတွေ အထိမခံသင့်သူဟု ကြသော ဒါးလစ်မျိုးနွယ် ကေအာရ်နာရာယန်နာက သမ္မတဖြစ်လာသည်။ တိသျှမှ လေဒီဒိုင်ယာနာ ပြင်သစ်မှာ ကားမတော်တဆ ဖြစ်မှုတစ်ခုတွင် ယ်လွန်သည်။ သည်သတင်းတွေကို အချိန်လွန်မှသွင်းလာသည့် 'အားဆေး' ရ ဖတ်ကြရသည်။ ဩဂုတ်လလယ်လောက်မှာ မနှစ်က ကျောင်းသားဆန္ဒ မှုတွေပြီးကတည်းက ပိတ်ထားခဲ့သော အထက်တန်းကျောင်းတွေ ပြန်ဖွင့် ပေးလိုက်သည်။ ထို့နောက် နိုဝင်ဘာ ၁၅ မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ နဝတအား ဖျက်သိမ်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ နအဖကို ဖွဲ့စည်းလိုက်သည်။ ခေါင်ပိုင်းက ဗိုလ်ချုပ်ကြီးများ ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေး၊ ဗိုလ်ချုပ်ခင်ညွန့်တို့ တော့ ပြောင်းမသွား။ အောက်ခြေက တိုင်းမှူးတော်တော်များများတော့ ပြုတ်ကုန်ကြသည်။

## ထောင်ပြောင်းကြပြီ

နောက်နေ့ညပိုင်းမှာ ကိုးနာရီသံချောင်းခေါက်ပြီး မကြာခင် ကျွန်မတော ခိပ်ပျော်သွားပြီး မချူးအခန်းအတက်မှ ခေါက်သံကြောင့် နိုးလာသည်။ ဘာတို တိုး ထမေးတော့ မချူးက 'ထောင်ပြောင်းလို့ လာခေါ်နေတယ်။ ဘတ်တွေနဲ့ နော်။ သွားမယ် သိလား။ မသိတာတော့ မပါဘူး။ တခြားဘယ်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ပါသေးလဲတော့ မသိဘူး။ ခုပစ္စည်းတွေ ထည့်နေတယ်'ဟုဆိုသည်။ ကျွန်မလည်း သိသိချင်း စိတ်မကောင်းတာရော၊ စိတ်ပူတာရော ဖြစ်သွားသည်။ နောက်တော့ ကိုယ်လည်း ဘာမှတတ်နိုင်သည်မဟုတ်ဟုဖြေကာ တံခါးပေါက်မှာ ရပ်ရင်း မချူးကို ဆေးလိပ်ပြတ်လက်စနှင့် ဆက်မသောက်ရန် ဘာသာရေးကိုသာ စွဲစွဲမြဲမြဲအားထုတ်ရန် စသဖြင့် စိတ်ထဲပေါ်လာသမျှကို မှာနေမိသည်။ သည်လိုအချိန်မှာ စကားပြောခွင့်မရှိတော့သော်လည်း ဝန်ထမ်းက နောင်လည်းပြန်ဆုံဖို့ မသေချာသူတွေဆိုတာ သဘောပေါက်ပြီး မဟန့်တား။ 'တစ်ယောက်ယောက်က အရင်လွတ်သွားရင်တောင် တစ်ယောက်နဲ့တစ်ယောက် လွတ်ချိန် တစ်နှစ်ထက် ပိုမများချင်ဘူး' ဟု မကြာသေးမီက ပြောဖြစ်ခဲ့တာတွေကို သတိရနေကြသည်။ ထောင်သက်တမ်းတစ်လျှောက်မှာ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် နားလည်ခဲ့ကြသူတွေမို့ မချူးကို ခုလိုခွဲရမှာ စိတ်မကောင်း။ သို့သော် တရားနှလုံးသွင်းပြီးသာ နှုတ်ဆက်လိုက်ရသည်။ သူလိုမည်ထင်သည့်ပစ္စည်းမျိုး အမှတ်တရပေးလိုက်မည် စဉ်းစားသော်လည်း အခြေအနေက မပေးတော့။ သည်လိုနှင့် အထုပ်အပိုးတွေကို မနိုင့်တနိုင်သယ်ရင်း ညအမှောင်ထုထဲကို လျှောက်ဝင်သွားသည့် မချူး၏ ကျောကုန်းကိုသာ ငေးမောရင်း ကျန်ရစ်ခဲ့ရသည်။

ထိုညက ထောင်ပြောင်းမှာ မချူးနှင့်အတူ အမျိုးသမီးများနှင့် အမျိုးသားရာဂဏန်း ပါသွားခဲ့သည်။ ဒေါ်အုန်းမြ၊ လေးလေးမွန်၊ သင်းသင်းအေး၊ နီလာသိန်း၊ ရီရီထွန်း၊ သီသီအောင်၊ အေးအေးမိုး၊ အိရွှေစင်ညွန့်နှင့် သီတာဝင်းတို့ဖြစ်ပြီး တချို့က အမျိုးသမီးအကျဆောင်ဘက်မှဖြစ်သည်။ အမှန်တော့ သူတို့အားလုံးလိုလိုမှာ ရောဂါမရောက်သော်လည်း ရောမလိုမကျင့်နိုင်သည့် ကျွန်မလိုလူများသာ ဖြစ်ကြသည်။ သို့ဖြင့် အနောက်တိုက်မှာ ရောမလိုကျင့်နိုင်မည့်သူ အများစု ကျန်ရစ်သည်။ ကျွန်မကိုတော့ ရောဂါပြဿနာများကြောင့်ဖြစ်စေ၊ တစ်ဦးတည်း ရောမလို မကျင့်မည့် အဖော်မဲ့စွာကျန်စေလို၍ဖြစ်စေ တစ်ကြောင်းကြောင်းကြောင့် ထောင်မပြောင်းခဲ့။ သည်လိုလူရွေးပြီး ထောင်ပြောင်းရသည့်အကြောင်းရင်းနှင့် လူရွေးရပုံဇာစ်မြစ်ကိုလည်း သဘောပေါက်သလို ရှိလိုက်မိသည်။ နောင်မှသိရသည်မှာ အမျိုးသားများတွင် ဦးမျိုးမြင့်ညိမ်းနှင့် ကိုစိန်လှိုင်လည်း ပါသွားသည်ဟု။ မချူး ထောင်ပြောင်းပါသွားပြီးစ ရက်တွေမှာ လူက သိသိသာသာ ငေါင်းစင်းစင်းဖြစ်သွားသည်။ မည်သူနှင့်မှ စကားမပြောဖြစ်တော့ဘဲ တရားကိုပြန်ပြီး အသေအချာမှတ်



သည်။ သို့သော် အမှတ်က ကောင်းမလာ။ စိတ်ထဲမှာ သည်နှစ်အတွင်း ဖြစ်ခဲ့သမျှတွေကို ပြန်စဉ်းစားရင်း အတော်ကြီးစိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။ သည်လောကကား အမှန်တကယ် ရှုပ်ထွေးလှသည်။ အမှန်တကယ်တော့ နံရံလေးဘက်နှင့် ကာယိကကျဉ်းကျပ်မှုသည် ကျွန်မကို မည်သည့်အခါကမျှ ဒုက္ခမပေးနိုင်ခဲ့။ သို့သော် ထောင်ဝန်ထမ်းများနှင့် အခြားအကျဉ်းသူများကတော့ ကျွန်မကို အတိုင်းအတာတစ်ခုအထိ စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်ဟု ဝန်ခံရမည်။ သို့သော် ကိုယ့်ကိုကိုယ် သားကောင်ဟု မည်သည့်အခါကမျှ မယူဆခဲ့သော ကျွန်မက ကိုယ့်ကို ဒုက္ခပေးနိုင်မည့်သူမှာ ကျွန်မ၏ စိတ်နှင့် ကျွန်မကိုယ်တိုင်ဟု ခံယူထားသည်မို့ ကိုယ့်ကိုကိုယ် ဆုံးမပြုပြင်နိုင်အောင် ကြိုးစားဖြစ်ခဲ့သည်။ ဒါကတော့ ရှေးရိုးလမ်းဟုဆိုဆို အမှတ်မြဲမြဲစွာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်မှုကို ပြန်သုံးသပ်ဆင်ခြင်ပွားများခြင်းပင်။ ထို့ကြောင့်လည်း သည်လိုအရှုပ်အထွေးအခက်အခဲများက လူတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးအတွက် စိန်ခေါ်မှုတစ်ရပ်သာ ဖြစ်နိုင်ကြောင်း သဘောပိုက်ကာ တွေ့ကြုံရသမျှအပေါ် လက်တွေ့ကျကျ တုံ့ပြန်ရင်ဆိုင်နိုင်ခဲ့ရသည်။

သည့်နောက်မှာ တိုက်သန့်ရှင်းရေး ပြည့်တန်ဆာလေးတွေနှင့်သာ စကားစမြည်ပြောဖြစ်သည်။ သူတို့အတွေ့အကြုံတွေနှင့် ဖြတ်သန်းမှုတွေက စိတ်ဝင်စားစရာကောင်းလှသည်။ အထူးသဖြင့် ရှမ်းမဆိုသည့် ကောင်မလေးက စကားပြောကလည်း ကောင်းသည်မို့ သူပြောသမျှကို စိတ်ဝင်တစားနားထောင်ဖြစ်သည်။ ရှမ်းမက ရဲဘော်မယား။ သူ့ယောကျ်ား တိုက်ပွဲမှာကျတော့ သူ့ကို တပ်ရင်းမှူးက နောက်ရဲဘော်တစ်ယောက်နှင့် ယူခိုင်းလိုက်သည်။ လစာနှင့် စားမလောက်တော့ ကျည်ဆန်ကို မှောင်ခိုရောင်းစားသည်။ သူတို့ သွားရောင်းရတာက ပဲခူးရိုးမကျော်ပြီး တောတွေထဲကို သွားရသည်။ ကျည်ဆန်ကို ဆန်ထည့်သည့် ဝါးကျည်တောက်ထဲမှာဖြစ်စေ၊ စစ်ဖိနပ်လည်ရှည်ထဲမှာဖြစ်စေ ခိုးထည့်သွားကာ သူပုန်တွေထံသွား ရောင်းရသည်။ သည်လိုနှင့် သူက သူပုန်ဗိုလ်တစ်ယောက်နှင့် တိတ်တိတ်ပုန်းအဆက်ညားသည်။ စစ်တပ်နှင့် သူပုန်တပ်ကြားမှာ ငွေရလျှင်ပြီးရော မှောင်ခိုချလိုက်ရတာ အကုန်ချသည်။ လက်နှက်တင်မက ဘိန်းလည်း ကယ်ရီသယ်သည်။ ဘိန်းကတော့ တောသွားမရောင်းရ။ မြို့တက်ရောင်းရသည်။ သည်လိုနှင့် ရုံးတုန်ကို လာရတတ်သည်။ လူမသုံးရဲသည့် မြေအောက်အိမ်သာတွေနှင့် အချို့

www.burmeseclassic.com



အများသုံးအိမ်သာခန်းတွေမှာ ပစ္စည်းကို အမှတ်အသားဖြင့် ထားခဲ့ပြီး ငွေအပေးအယူကို တစ်နေရာမှာ သွားလုပ်သည်။ သည်ကိစ္စမျိုးနှင့်တော့ ရှမ်းမက ဘယ်တုန်းကမှ အမိမခံရ။ သူက အဆင်ပြေလျှင် ရဲတွေနှင့်လိုက် အိပ်ကာ အမှုကို လက်စတုံးတတ်ပြန်သည်။ သူ့အပြောအရတော့ အေ့ တစ်ခေါက်မိတာ လက်နက်တွေနှင့်ဖြစ်ပြီး လက်နက်မှုဆိုလျှင် သူတို့စကား ကိုင်းကြီးကြီးနားသွားမှာ တစ်နည်း နှစ်ကြီးကြီးကျသွားမှာမို့ ရဲနှင့်တစ်ည အိပ်ပြီး ပြည့်တန်ဆာပုဒ်မပြောင်းကာ အချုပ်ကျလာခြင်း ဖြစ်သည်တဲ့။ ရှမ်းမလို ရဲသော်နှင့် သူပုန်မယား တစ်ပြိုင်တည်းဖြစ်သကဲ့သို့ ရဲနှင့်အိပ်သည့် ညငှက်တွေ ဘယ်နှစ်ယောက်ရှိမလဲဆိုတာ မတွေးနိုင်တော့။ အိမ်ထောင် ယောကျ်ားကို ဈေးမှာ သန့်ရှင်းရေးလုပ်ရသည်ဆိုကာ ညာပြီး ကန်တော်ကြီး တစ်ဝိုက်မှာ လာရှာတတ်သည့် စတစ်ကာကပ်ထားသော ကားနက်ကြီးတွေ ထဲမှာပင် ဈေးတည့်အလုပ်ဖြစ်အောင် လုပ်နေသည့် ပုဒ်မ၃(က) သမားတွေ လည်း မရှား။ သူတို့ဇာတ်လမ်းတွေက နားထောင်နိုင်လျှင် မကုန်နိုင်မခန်းနိုင် ကြာတော့လည်း စိတ်မကောင်းရတာရော ဖျောင်းဖျပြပြင်လို့ရမည့်ပုံလည်း မပေါ်တာရောကြောင့် ဆက်နားမထောင်နိုင်တော့။

## ဆယ်နှစ်တည်စေအမိန့်

၁၉၉၇ ဒီဇင်ဘာ ၁၁ ရက်နေ့မှာ နအဖမှ အမိန့်အမှတ် ၁/၉၇ ကို ထုတ်ပြန်သည်။ သည်အမိန့်မှာ သေဒဏ်၊ အနှစ် ၂၀ နှင့် နှစ်အကန့် အသတ်မရှိပြစ်ဒဏ်များ၊ ဆယ်နှစ်နှင့် အထက်ပြစ်ဒဏ်များအတွက် ဆယ်နှစ် အဖြစ် ပြောင်းလဲတည်စေရန် ဖြစ်သည်။ သည်အမိန့်မှာ မချူတို့ အကျုံးဝင် မည်ဟု တွက်ဆမိပြီး သူနေခဲ့သည့် နေသားနှင့်တွက်လျှင် သူ လွတ်ရက်နီး သွားပြီဟု တွေးမိကာ ဝမ်းသာရသည်။ ကျွန်မကတော့ စုစုပေါင်း အနှစ် နှစ်ဆယ်ကျသည် မှန်သော်လည်း တစ်မှုမှ ဆယ်နှစ်အထက်မပါသဖြင့် သည်အမိန့်မှာ အကျုံးမဝင်။ ထိုအချိန်မှာ လွမ်းမိသည်က မချူသာမကဘဲ မချူကမှ သွင်းပေးနိုင်သော 'အားဆေး'များဖြစ်သည်။ ထို့ကြောင့် ညတိုင် တွေမှာ တံရားမှတ်ပြီးတော့သာ အချိန်များကို ကုန်ဆုံးရသည်။ လကုန်ခါနီးမှာ နအဖက အဖွဲ့ချုပ်လူကြီးတချို့ကိုခေါ်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာရေး ဒိုင်ယာ လော့ဆိုတာ မဖြစ်နိုင်ကြောင်း ပြောသည့်သတင်းနှင့် အဖွဲ့ချုပ်မှ ဘဘဦးကြည် မောင် အနားယူသလိုလို သတင်းများ ကြားလာရသည်။



ထို့နောက် နှစ်မကုန်မီလေးမှာ အကျဉ်းသစ်ရောက်လာသည်။ ရေနံချောင်း မြို့နယ် မဲဆန္ဒနယ်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်။ ကျွန်မတို့က အန်တီမေဟု ခေါ်သည်။ စကားပြောတာ ဟောဟောဒိုင်းဒိုင်းနှင့် အလွန်ခင်ဖို့ ကောင်းသည်။ အန်တီမေ့ဆီမှ အစ်မအကြောင်း၊ အဖွဲ့ချုပ်အကြောင်းတွေ ကြားလာရသည်။ စိတ်မောစရာက အများသား။ အန်တီမေက အားလုံးနှင့် အဆင်ပြေအောင် ပေါင်းသော်လည်း မူအရ ရောမသူလုပ်မည့်ဟန်မရှိ။ ဆရာဝန်ချင်းလည်းဖြစ်သည်မို့ ရောဂါအခြေအနေကိုပါ တိုင်ပင်နိုင်သဖြင့် အန်တီမေရောက်လာတာ အတော်ကြီးအားရှိရသည်။ သူ့အတွက်တော့ စိတ် မကောင်း။ သူက မချူအခန်းကိုရောက်လာသဖြင့် မချူအစား ရောက်လာ သည့်အသွင် ကျွန်မအတွက် အဖော်ကောင်းဖြစ်လာသည်။ ရှေ့မှာဖြစ်သွားခဲ့ သည့် တိုက်တွင်းအခြေအနေ အကြမ်းဖျင်းကို ပြောပြဖြစ်သော်လည်း အဓိက ပြောဖြစ်ကြသည်မှာ အဖွဲ့ချုပ်အနေအထားနှင့် ရှေ့နိုင်ငံရေးအလားအလာများ ဖြစ်သည်။ အစ်မကို ညှာမည့်အနေအထားမရှိသည်ကို နှစ်ယောက်လုံး ရိပ်စားမိသော်လည်း တွေ့ဆုံဆွေးနွေးရေးအတွက် မျှော်လင့်ချက်တွေ လုံးလုံး ကောက်ခမ်းနိုင်သေး။ ထို့ပြင် ဆရာဦးဝင်းတင် လွတ်ဖို့လည်း အလွန်ကိုမျှော်လင့် သည်။ ဆရာနှင့် အလုပ်အတူလုပ်ခဲ့ရသည့် အတွေ့အကြုံတို့ကို ခုတိုင် မှတ်မိနေသေးသဖြင့် ဆရာလွတ်လျှင် မည်မျှကောင်းမည်နည်းဟု မျှော်မိကြ သည်။

ထောင်ထဲရောက်ပြီးမှ ဆရာ့ကို နှစ်ခါသာ လှမ်းမြင်ရသည်။ ပထမ ဆုံးတစ်ခါက ဒုတိယအကြိမ် ရင်ဘတ်ဓာတ်မှန်ပြန်ရိုက်ရန် ထောင်ဆေးရုံ သွားရရာ ဆေးရုံဆောင်အပေါ်ထပ်ဝရန်တာမှာ ဆရာရပ်နေခိုက်နှင့် ကြုံ၍ လက်လှမ်းပြနိုင်ခဲ့သည်။ နောက်တစ်ခါကတော့ ဆရာက အထူးထောင်ဝင်စာ ထွက်ရန် ခေါင်းစွပ်ကြီးနှင့်ဖြစ်နေစဉ် ကျွန်မက ထောင်ဝင်စာအထွက် လှမ်း တွေ့ပြီး လက်လှမ်းပြသည်။ ကျွန်မက မျက်နှာမမြင်ရသဖြင့် ဘယ်သူလဲဟု တွေးနေသလို ဖြစ်နေရာ သူက ကမန်းကတန်း ခေါင်းစွပ်ကို ဆွဲလှန်ပြကာ လက်မထောင်ပြသွားခဲ့သည်။ နောက်တော့ တိုက်ကို အမျိုးသားဝန်ထမ်းတွေ က ရှာဖွေရေးလာရာမှာ ကျွန်မအခန်းကို တာဝန်ကျသည့် ဝန်ထမ်းကောင်း လေးနှစ်ယောက်က ဘာမှမရှာသည့်အပြင် ဆရာဦးဝင်းတင်က နှုတ်ဆက် ကြောင်း၊ ကျန်းမာရေးဂရုစိုက်ဖို့မှာကြောင်း ပြောသွားတာကို တအံ့တဩ ဖြစ်ခဲ့ရဖူးသည်။ နောက်တစ်ခါကတော့ ဒေါ်အုန်းမြ၏ အတွင်းထောင်ဝင်စာမှာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ခင်ပွန်း နိုင်ငံရေးအကျဉ်းသား ဦးဇော်ထူးမှတစ်ဆင့် ကော်ဖီမစ်နှစ်ထုပ် လှူကြဲပို့ပေးတာကို ရှူးသည်။ ကော်ဖီမစ်ထုပ်တွေမှာ ဒဗလျူတီဟု ဆရာက သူ့နာမည်အတိုကောက်ကို ရေးထိုးထားသည်။ သည့်ထက်ပိုပြီး အခြား သင်္ကေတတွေလည်း ကော်ဖီမစ်ထုပ်ပေါ်မှာ ရှာမတွေ့ခဲ့။ ထိုအချိန်က ဆရာ ၏ တည်ကြည်အေးချမ်းသော အပြောအဆို အမူအရာများကို ပြန်လည်မြင် ယောင်ရင်း ဆရာသာ လွတ်လာပြီး အစ်မနှင့် စစ်ခေါင်းဆောင်များအကြား ရင်ကြားစေ့ပေးနိုင်အောင် လုပ်ခွင့်ရနိုင်ခဲ့လျှင်ဟု တွေးနေမိသည်။ ဆရာ့ကို ယုံကြည်တာရော အားကိုးတာပါ ပါသဖြင့် မည်သည့်အချိန်မှာ မည်သူက မေးမေး 'ထောင်ကနေ တစ်ယောက်တည်းပဲ လွတ်ပေးနိုင်မယ်၊ ရွေးပေတော့ ဆိုရင် ကိုယ့်ကိုကိုယ်မရွေးဘူး၊ ဆရာဦးဝင်းတင်ကိုပဲ ရွေးမယ်' ဟု အမြဲလိုလို ပြောဖြစ်ခဲ့သည်။ သည်လိုနှင့် ၁၉၉၇ ခုနှစ် နှစ်သာကုန်ရော မည်သူမျှ မလွတ်။

❖

## အဂတိမဲ့ ဆက်ဆံခြင်း

### ဂရုစိုက်ပြလာခြင်း

တစ်နှစ်ကုန်၍ တစ်နှစ်ပြောင်းခြင်းသည် တကယ်တော့ ထောင်မှာ ဘာမှထူးခြားပြောင်းလဲသွားတာ မရှိ။ ပြက္ခဒိန်ဆိုတာလည်း မတွေ့ရ။ မြန်မာကောဇာသက္ကရာဇ်နှင့် လပြည့်လကွယ်ရက်တွေကို 'တန်ခူးရက်မစုံ ၂၉၊ ကဆုန်ရက်စုံ ၃၀' ဟူသည့် သံပေါက်အတိုင်း တေးမှတ်တွက်ချက်ယူ ကြရသည်။ သည်တော့မှ အဖိတ်၊ ဥပုသ်နေ့တွေကို မလွဲတမ်းမှတ်ထားနိုင် သည်။ ၁၉၉၈ ခုနှစ်ဆန်းမှာကြားလာရတာတွေက အဆင်မချော။ ဖေဖော်ဝါရီ ၁၈ မှာ ဆရာမြသန်းတင့် စမ်းချောင်းနေအိမ်၌ ရုတ်တရက်ကွယ်လွန်ကာ အဖွဲ့ချုပ်၏ ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီဝင် ဦးသိန်းတင်က အင်းစိန် ထောင်ထဲမှာ ကွယ်လွန်သည်။ ဦးသိန်းတင် ကွယ်လွန်ရ သည့်အကြောင်းရင်း ကိုမူ သေချာမသိရ။ ကျွန်မအတွက် ဆေးကုထုံးမှာလည်း အချိန်ကြာ သလောက် ထူးခြားတိုးတက်မှု မရှိ။ သည်တော့ ယခင်က တစ်ပတ်တစ်ခါ



သွေးပေါင်ချိန်၊ သွေးခုန်နှုန်းတိုင်း လုပ်လာရာမှာ နေ့စဉ်မှန်မှန် သွေးပေါင် လာချိန်၊ သွေးခုန်နှုန်းလာတိုင်း လုပ်လာသည်။ ထောင်မှာ တစ်ယောက် ယောက်သေတိုင်း ကျွန်မကို ပိုဂရုစိုက်ပြလာတာကို သိရသည့်အတွက် စိတ်မကောင်းသလို ရယ်လည်း ရယ်ချင်သည်။ သည်လိုတော့လည်း ကျွန်မ ကို သေမှာ စိုးရိမ်သယောင်။

ထုံးစံအတိုင်း ကျွန်မက နေ့စဉ်သွေးပေါင်လာချိန်သည့်ကိစ္စအပေါ်မှာ စောဒကတက်ဖြစ်သည်။ အကြောင်းကတော့ တိုက်မှာ လူသစ်တွေလည်း ရောက်နေကာ အများစုက လူကြီးတွေဖြစ်နေသည်။ သည်လထဲမှာ သံဃာ တော်များထံ နိုင်ငံရေးကိစ္စအတွက်အကူအညီတောင်းသည့်သဘော လျှောက် ကြားစာကို စာစီစာရိုက်ပေးခဲ့သည့် မိတ္ထူဆိုင်ပိုင်ရှင် မခင်ဆွေရင်၊ ရန်ကုန်မြို့ တွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရန် အေဘီအက်စ်ဒီအက်ဖ်မှ လွှတ်လိုက်သူဟု စွပ်စွဲခံရသော ကိုသိန်း၏ အစ်မနှစ်ယောက်၊ ညီမနှစ်ယောက်နှင့် ကရင် အမျိုးသမီးကြီးတစ်ဦး ရောက်လာကြသည်။ ညီမနှစ်ယောက်မှာ အမြွှာမို့ တစ်ယောက်ကို တစ်ဘက်က အကျဉ်းဆောင်မှာထားကာ တစ်ယောက်ကိုတော့ သူ့အစ်မကြီးတွေနှင့်အတူ ကျွန်မတို့ အနောက်တိုက်မှာ လာထားခြင်းဖြစ် သည်။ အစ်မကြီးတစ်ယောက်က မောင်က မုန့်ဖိုးတောင်းတာကို ပေးမိပြီး နောက်တစ်ယောက်က မှတ်ပုံတင်ရအောင် ကူမိကာ အမြွှာနှစ်ယောက်က တော့ ကရင်အမျိုးသမီးကြီးမှ တစ်ဆင့် နယ်စပ်ကို ဝတ္ထုစာအုပ်တွေ ပို့ပေးမိ၍ ဟု ဆိုသည်။ မောင်နှမငါးယောက်လုံး ထောင်ထဲရောက်နေတာဖြစ်သည်။ အစ်မကြီးနှစ်ယောက်ဖြစ်သည့် အန်တီမြင့်နှင့် အန်တီဆင့်၊ အမိုး၊ ဒေါ်တင့် တင့်ဟန်နှင့် အန်တီမေတို့က အမှန်တကယ် သွေးတိုးရှိနေသူတွေဖြစ်သည်မို့ ကျွန်မက မချစ်သော်လည်း အောင့်ကာနမ်းသဘောမျိုးဖြင့် ကျွန်မကို ဂရုစိုက် ချင်ယောင်ဆောင်ပြနေမည့်အစား သွေးပေါင်ချိန်ရန် အမှန်တကယ်လိုအပ်သူ များကိုပါ သွေးပေါင်မှန်မှန် ချိန်ပေးမှ ကျွန်မလည်း အချိန်ခံမည်ဟု ပြောဖြစ် ပြန်သည်။ ထောင်မှူးမကြီးက မခံ။ ကျွန်မကို စေတနာရှိပြီး ချိန်ပေးနေတာ မဟုတ်ဘဲ ထောက်လှမ်းရေးက ချိန်ခိုင်းလို့ ချိန်ပေးနေတာဟု ဝန်ခံသည်။ ကျွန်မက သည်အဖြစ်ကို ရိပ်မိနေသဖြင့် ကိုယ်ဖြစ်ချင်ရာကိုသာ တွန်းပြော သည်။ သူတို့သူနာပြုတွေက မချိန်ပေးလျှင်တောင် ကျွန်မကပဲ ယူလာသည့် ကိရိယာများဖြင့် တိုက်ကလူတွေကို ကိုယ်တိုင်ချိန်ပေးပါမည်ဟုလည်း ပြော လိုက်သည်။ ထုံးစံအတိုင်းထောင်မှာ အများအတွက် လာမပြောနှင့်ဟုဆိုသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်ဆုံးတော့ နေ့စဉ်ကျွန်မကို သွေးပေါင်လာချိန်စဉ်မှာ နောက်ထပ် နှစ်ဦးကို အလှည့်ကျချိန်ပေးသွားမည်ဟု စျေးတည့်သွားသည်။ သည်လိုမှ စျေးမတည့်လျှင်လည်း ကျွန်မအနေဖြင့် ခံစားနေရသည့် ဝေဒနာကိုထိရောက် အောင် မကုပေးဘဲ မည်မျှဂရုစိုက်နေပါသည်ဟု သက်သေပြရန် သွေးပေါင် လာချိန်ပေးတာမျိုးကို ထီးတည်းစံစားပြီး အမှန်တကယ် သွေးပေါင်ချိန်ရန် လိုအပ်နေသည့် လူတွေက သွေးပေါင်ချိန်ရဖို့အရေး ဆေးမှူးထံ သတင်းပို့ပေး ဖို့ တာဝန်ကျဝန်ထမ်းကတစ်ဆင့် ပြောနေရမည်ဆိုသည့်အဖြစ်မျိုးကို လက်မခံ နိုင်။ လိပ်ပြာလည်း မလုံနိုင်။ ထုံးစံအတိုင်း ငွေကြီးတော့ ဖြစ်သွားသော် လည်း ကိုယ့်လူတွေအတွက် အကျိုးဖြစ်သွားသဖြင့် ကျေနပ်ရသည်။

## မချူး လွတ်ပြီ

မတ်လဆန်းမှာ မချူး လွတ်ပြီဟု ဖေဖေနှင့်မေမေက ပြောသည်။ နောက်ထောင်ဝင်စာပတ်တွေမှာ မချူးထည့်ပေးလိုက်သည့် ပစ္စည်းတွေ စားစရာတွေ ပါလာသည်။ သူက သည်တစ်နှစ်အတွင်း မသိတာ လွတ်မှာပါ ဟု နှစ်သိမ့်စကားပြောလိုက်ကြောင်းလည်း ကြားရသည်။ မည်သို့ပင်ဖြစ်စေ သူလွတ်သွားသည်ကို အတိုင်းမသိဝမ်းသာသည်။ ပျော်ပြီး ဆေးလိပ်ဖြန့် သောက်တာမျိုး မလုပ်ဖို့သာ ပြန်မှာရသည်။ သည့်နောက်မှာ ကျွန်မက အန်တီမေနှင့် မခင်ဆွေရင်တို့နှင့် ပိုပြီးခင်မင်လာသည်။ အထူးသဖြင့် အပိုကြီး မခင်ဆွေရင်နှင့် လေပေးပိုဖြောင့်သည်။ သူကလည်း ထောင်ထဲမှာဆိုသော် လည်း သူ့အချိန်တွေကို စေ့နေအောင် ဇယားဆွဲပြီး ဘာသာရေးရော၊ ကျန်းမာ ရေး၊ သန့်ရှင်းရေးများအတွက်ပါ လုပ်တတ်သူမို့ ပေါင်းသင်းရတာ အဆင် ချောသည်။ သည်လထဲမှာ အစ်မနှင့် မသီဂီကြား ပြဿနာတွေရှိသည်ဟု ကြားလာရပြန်သည်။ အကြောင်းရင်းကို သေချာမသိသော်လည်း စီးပွားရေး ပိတ်ဆို့မှုနှင့်ပတ်သက်ပြီး မသီဂီက ဆန့်ကျင်သည်ဟု ပြောနေကြသည်။ ထိုစဉ်က ကျွန်မနှင့်အတူသွားခဲ့သော ခရီးစဉ်တစ်လျှောက် ကျွန်မကသာ အစ်မအပေါ် ကလေးတစ်ယောက်လို အလိုက်မသိနေခဲ့ဆက်ဆံခဲ့သော်လည်း မသီဂီမှာ အစ်မအတွက်ဆိုလျှင် ဘာမဆိုလုပ်ပေးမည့်သူဖြစ်သလို မည်သူ့ကို မျှလည်း သူ့လုပ်ပေးနိုင်ခွင့်ကို မမျှချင်ခဲ့တာတွေ သတိရပြီး သည်လိုဖြစ်ရ သည့်အကြောင်းတွေကို မရှင်းလင်းခဲ့။ နောင်မှ မသီဂီ၏ ဆောင်းပါးမှာ



အစ်မကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှုမျိုးမဟုတ်ဘဲ မူအရ တိုက်ရည်ရွယ်တာကို ပြန်လည်ဆန်းစစ်ရန် ရေးထားခြင်းဟု သိရသည်။ အစ်မနှင့် ဝတ်သတင်း အမျိုးမျိုးပြောလာကြတာကိုလည်း ကြားနေရသည်။ သို့သော် အစ်မသည် ကျွန်မရင်ထဲက တစ်နေရာမှာ ရှိမြဲတိုင်း ရှိနေခဲ့သည်။

သည်နှစ်တော်လှန်ရေးနေ့မိန့်ခွန်းမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက 'ငြေ ဆေါ်မှာရှိတဲ့ နိုင်ငံရေးပါတီတွေအပေါ် အာဃာတစိတ်မထားဘူး'ဟု သဘော ဆောင်သည့် မိန့်ခွန်းပြောသွားကြောင်း လူပြောများလာကာ လွတ်ငြိမ်းချမ်းသာ ခွင့်ကို မျှော်လာကြသည်။ သို့သော် မနှစ်က ဆယ်နှစ်တည်စေအမိန့်အပြီးမှာ ဘာအမိန့်မျိုးမှ ထပ်မပေါ်လာ။ ပေါ်လာသည်က ဧပြီလကုန်မှာ ဗြိတိန်နှင့် သြစတြေးလျနိုင်ငံသားတစ်ယောက်ဖြစ်သည့် ဂျိမ်းစ်မော်စလေကို အစိုးရ ဆန့်ကျင်ရေးစာရွက်စာတမ်းများ ဖြန့်ချိမှုဖြင့် ဖမ်းဆီးလိုက်သည့်သတင်းဖြစ် သည်။ ထိုနောက်ပိုင်းမှာ နိုင်ငံတကာသတင်းတွေက 'အားဆေး'မရှိသဖြင့် သေိတော့ဘဲ ဖေဖေ၊ မေမေတို့နှင့် ထောင်ဝင်စာတွေ့သည့်အခါမှာသာ ရံဖန်ရံခါ ထူးခြားသည့်သတင်းအချို့ကို ကြားရတော့သည်။ မေလထဲမှာ အင်ဒိုနီးရှားက သမ္မတဆူဟာတို နုတ်ထွက်ပေးလိုက်ရသည့်သတင်းမျိုး ဖြစ်သည်။ နောက်ထပ်ကြားလာရသော သတင်းကတော့ မေလကုန်မှာ သာယာဝတီထောင်၌ လွတ်ရက်စေ့နေသည့်တိုင် မလွှတ်ပေးသေးသဖြင့် အစာငတ်ခံဆန္ဒပြသည့် နိုင်ငံရေးအကျဉ်းသား ကိုအောင်ကျော်မိုးကို ထောင်မှ ညှင်းပန်းနှိပ်စက်သဖြင့် ကွယ်လွန်ကြောင်း သတင်းဖြစ်သည်။ သည်လို တရားမှုတွေ သည်နိုင်ငံထဲမှာ ရှိနေကြောင်း သက်သေအဖြစ် အသက်ဆုံးပါး ရသူတွေ များများလာတာကို တွေးမိပြီး လှိုက်လှိုက်လှဲလှဲ ကြေကွဲမိသည်။

## မပြီးနိုင်သော ကုထုံးနှင့်ဝေဒနာ

ကျွန်မ၏ဝေဒနာက ဒက်ပိုကြောင့် သက်သာသွားသော်လည်း အာလ သရာဆောင်း ထပ်လုပ်ကြည့်ပြီး ဆေးဖြတ်သင့်၊ မဖြတ်သင့်ကို ချင့်ချိန်ရာမှာ အခြေအနေက မကောင်း။ ကြည့်ရတာ ပိုပြီးရှုပ်ထွေးနေသည်။ သေချာသည် မှာ ဆေးမတိုးဘဲ ရောဂါမပျောက်သော်လည်း ကျွန်မ၏ ခံနိုင်ရည်တိုးလာကာ အနာသက်သာနေခြင်းပင်။ အမှန်တော့ နှစ်လနီးပါး တစ်နေကုန် အပြင်း အထန်နာခဲ့သည့်အတွက် သည့်ထက်သည်းသည့်အနာလာလျှင်ပင် မသိနိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် နာခြင်းကို ထုံသွားခြင်းနှင့် ဝေဒနာနှင့်ငါကို အမှတ်အားဖြင့် ကောင်းကောင်းခွဲနိုင်ကာ အနာကို ပြဿနာတစ်ခုအဖြစ် မမြင်တော့ခြင်းပင်။ သည်နေရာမှာ ပြောစရာရှိသည်က ဝိပဿနာ အားထုတ်ပြီးနောက် စိပ်ပုတီးကို လုံးဝမကိုင်ဖြစ်တော့ဘဲ အမှတ်စိတ်ကိုသာ မြဲအောင် ကြိုးစားလာခြင်းဖြစ်သည်။ ထိုစဉ် ဆရာဦးဝင်းစိန်မှာ မန္တလေးသို့ ရာထူးတိုးကာ ပြောင်းသွားရပြီး နောက်ထပ်ဆရာဝန်မတစ်ဦးက ဆက်ကြည့်ပေးသည်။ သူက သိပ်စိတ်မဝင်စားဘဲ ဒက်ပိုပဲ ဆက်ထိုးလျှင် ကောင်းသွားမည်ဟု ပြောသည်။ နောက်တစ်ခေါက် ပြန်ချိန်းတော့ သူကလည်း ပြောင်းသွားပြန်သည်။ သည်တော့ ကျွန်မက ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုတစ်ဦးဦးနှင့် ပြခွင့်ရရေးကို တင်ပြဖြစ်သည်။ အပျက်အပျက်နှင့် အခြေအနေက ပိုဆိုးလာလျှင် အစာဟောင်းအိမ်ဖြတ်ထုတ်ကာ ဗိုက်အရေပြားမှာ အပေါက်ဖောက်ပြီး မစင်စွန့်ရမည့်အဖြစ်မျိုး ဖြစ်သွားနိုင်နေသည်လေ။ ထုံးစံအတိုင်း ဗျူရိုကရေစီယန္တရားက အချိန်တော့ ပေးရသည်။ အပြန်အလှန်ပြောဆိုတင်ပြမှုတွေ အပါအဝင် တစ်ခါတစ်ခါ သည်းထန်လာသည့် ကျွန်မ၏ ဝေဒနာများကို မျက်မြင်ကိုယ်တွေ့ဖြစ်လာရာမှ နောက်ဆုံးဗဟိုအမျိုးသမီးဆေးရုံကြီးမှာ ဆေးကုသခွင့်ကို ရသွားသည်။ သည်ကြားထဲမှာ ဝန်ထမ်းနှင့် အကျဉ်းသူတချို့က ကျွန်မကို ထောင်အပြင်ထွက်ချင်သဖြင့် ခုလိုပြဿနာရှာနေသည်ဟု စကားတင်ဆိုလာတာမျိုးတွေလည်း ကြုံရပြန်သည်။ တစ်ခါက ဂျူတီကုတ်ဖြူဖြူတကားကားနှင့် နားကြပ်ကို လည်ပင်းချိတ်ကာ သွားလာနေခဲ့သောသည်နေရာကို ခုလိုထောင်ယူနီဖောင်းဝတ်စုံဖြူနှင့် သွားရခြင်းသည် ကျွန်မအတွက် မချိအောင် နာစရာကောင်းမည်ကို ကိုယ်ချင်းစာမြင်ကြည့်နိုင်ကြလျှင် ယခုလို ပြင်ပဆေးရုံ၌ ဆေးကုသခွင့်တောင်းခြင်းသည် ကျွန်မ၏ ရောဂါဝေဒနာအတိမ်အနက်နှင့်သာ အတိအကျပတ်သက်ကြောင်း သိစေချင်မိသည်။ ထိုအကြောင်းကို ထုတ်ပြောပြီးချိန်မှာတော့ စကားတင်ဆိုသံတွေ ပျောက်သွားပါသည်။ အမှန်တော့ ထိုစဉ်က ကျွန်မမှာ ဆေးရုံဝန်းကျင်ကို ထောင်ယူနီဖောင်းနှင့် မသွားလိုစိတ်သည် တရားအားမထုတ်မီကလောက် မပြင်းထန်တော့ပါ။ ပစ္စုပ္ပန်မှာ နေတတ်ပြီမို့ကြောင့်တစ်ကြောင်း၊ ငါသူတစ်ပါးဆိုသည့်အမြင်မျိုးလည်း မရှိတော့ဘဲ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုသာ အာရုံထားနေသောကြောင့်' တစ်ကြောင်းတို့ဖြင့် 'သူတစ်ပါးက ငါ့ကို ဘယ်လိုမြင်မှာပါလိမ့်' ဟူသည့်အတွေးမျိုး မတွေးဖြစ်တော့ပါ။



ဗဟိုအမျိုးသမီးဆေးရုံမှာ ဆရာဝန်ကြီးဒေါက်တာဦးစိုးအောင်မှ ကြည့်ပေးပြီး သူကလည်း သည်ပြဿနာက လွယ်လွယ်နှင့် မရနိုင်မှန်းသိကာ Depo Provera(ဒက်ပို)ထက် ပိုထိရောက်နိုင်မည့်ဆေး (Danazol)ကိုညွှန်လိုက်သည်။ ဖြစ်ချင်တော့ ထိုဆေးက မြန်မာပြည်ဈေးကွက်ထဲမှာ မရှိသေး။ စင်္ကာပူမှာရှိသည့် မောင်လေးမှတစ်ဆင့် လှမ်းမှာနိုင်ဖို့ ဖေဖေနှင့် မေမေက ကြိုးပမ်းပေးရသည်။ နောင်လွတ်ပြီးအတန်ကြာမှ သိရသည်မှာ သည်ဆေးရရေးအတွက် ပြည်ပရှိ 'လူ့အခွင့်အရေးအတွက် ဆရာဝန်များ Physicians for Human Rights' ကဲ့သို့သော အဖွဲ့များက ကူညီရှာဖွေဝယ်ခြမ်းပေးကြသည်။ ရောဂါသဘာဝအရ အမျိုးသမီးဟော်မုန်းဓာတ်နှစ်မျိုးလုံးကို လုံးဝထွက်မလာနိုင်တော့အောင် ဦးနှောက်ရှိဟော်မုန်းထွက်ရာနေရာကို ထိန်းချုပ်သည့်ဆေးဖြစ်ပြီး ဈေးလည်းကြီးလှသည်။ ထိုသောက်ဆေးကို မောင်လေးက အမြန်ဆုံးပေးပို့နိုင်ခဲ့သည်။ သို့သော် သည်ဆေးက ဘေးထွက်ဆိုးကျိုးများသည့်အပြင် အမျိုးသမီးဟော်မုန်းများ လုံးဝမထွက်တော့သည့်အတွက် အမျိုးသားများမှာ ထွက်သည့် ဟော်မုန်းက အများစုလိုဖြစ်လာကာ အသံတွေသြပြီး မုတ်ဆိတ်တွေတောင် ပေါက်လာနိုင်သကဲ့သို့ အစားကို အငမ်းမရ စားချင်စိတ်အား ဖြစ်စေနိုင်သဖြင့် အဝလွန်မှာ၊ အရိုးပွမှာတွေလည်း ဖြစ်နိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ဆရာက ကျွန်မကို အစားလျှော့စားပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်ရန် သတိပေးသည်။ ကျွန်မက တစ်ပတ်မှာ သုံးရက် ဥပုသ်စောင့်နေကြောင်း ပြောတော့မှ သူလည်း စိတ်အေးသည်။ လေ့ကျင့်ခန်းကိုတော့ မဖြစ်မနေလုပ်ရတော့သည်။ သို့သော် ယခင်က ထိုးထားသည့်ဒက်ပိုတန်ခိုးကြောင့် ကျွန်မ၏ခန္ဓာကိုယ်အလေးချိန်က တီဘီဖြစ်တုန်းကထက် အများကြီးပြန်တက်လာပြီးဖြစ်သည်။ တိုက်မှ လူတွေကတော့ ဝလာခြင်းထက် ဖောသွပ်သွပ်ဖြစ်လာခြင်းဟု ဆိုကြသည်။ အမှန်ကလည်း ဒက်ပိုတရေကို ဆဲလ်ထဲဆွဲသွင်းသည့် သဘာဝရှိရာ ဖောသွပ်သွပ်ဖြစ်လာသည်ဆိုသည်မှာ အတိအကျမှန်သည့် ဝေါဟာရဖြစ်တော့သည်။

## တင်းမာလာသည့် ပြင်ပနိုင်ငံရေး

၁၉၉၈ ခုနှစ်မှာ ၁၉၉၆ ကတည်းက ပိတ်ထားခဲ့သော တက္ကသိုလ်တွေ ပြန်ဖွင့်လာခဲ့သည်။ ထို့နောက် ၃ ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၁ ဩဂုတ်မှာ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်တစ်ရပ်ခေါ်ယူဖွဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



ပေးရန် တောင်းဆိုကြောင်း ကြားလာရသည်။ တင်းမာမှုတွေက အရှိန်မြင့်လာသော်လည်း ခုလိုပြတ်ပြတ်သားသား လုပ်ငန်းစဉ်တစ်ခု ပေါ်ထွက်လာသည်ကို ကြားရတာ နှစ်ထောင်းအားရရှိလှသည်။ အမှန်တော့ သည့်နောက်မှာ အခြေအနေတွေက တိုးပြီးမတည်မငြိမ်ဖြစ်လာသည်။ ဇူလိုင်လ ၇ ရက်နေ့မှာ အစ်မဒေါ်အောင်ဆန်းစုကြည်က ပဲခူးတိုင်း မင်းလှမြို့နယ် အဖွဲ့ချုပ်ဝင် ရွေးကောက်ခံကိုယ်စားလှယ် ဒေါ်လှလှမိုးထံ သွားရောက်ရာ လမ်းမှာ တားဆီးခံရကြောင်း သတင်းတွေထွက်လာသည်။ မကြာသေးခင်က ဆောက်ပြီးခဲ့သည့် တိုက်အသစ်စက်စက်ထဲကိုပဲ အစ်မကို ခေါ်လာတော့မယောင် သတင်းများတွေကလည်း ထွက်လာပြန်သည်။ နောက်တစ်ခါ လကုန်ခါနီးမှာ အစ်မက ပုသိမ်သို့ သွားဖို့လုပ်ပြန်တော့ ထန်းတပင်မှာ ယခင်ကလိုပင် အတားခံရပြန်သည်။ အစ်မက အလျှော့မပေးဘဲ လမ်းဘေးမှာရပ်ထားသည့် ကားပေါ်မှာ ငါးရက်နီးပါး ထိုင်စောင့်ခဲ့ပြီး နောက်ဆုံးမှာ အတင်းအကျပ် အိမ်ပြန်ပို့တာကို ခံရကြောင်း သိလာရသည်။ သည်နောက်ပိုင်းမှာ ထိုသတင်းများကို ဝန်ထမ်းများကိုယ်တိုင်က ပြောပြလာခဲ့သည်။ ထိုရက်များအတွင်း အဖွဲ့ချုပ်၏ ရွေးကောက်ခံကိုယ်စားလှယ်အများအပြား အဖမ်းခံရကြောင်း သတင်းတွေ ထွက်လာသည်။ ထောင်မှာတော့ ခဏနေရင်း လူကြီးလာမည် ပြောပြီး ပုံစံထုတ်ခိုင်းရင်းဖြင့် ငြိမ်ဝပ်ပိပြားအောင် ကြိုးစားနေသည်။

ရှစ်လေးလုံးနှစ်ပတ်လည်နေ့မှာတော့ ပြည်ထဲရေးဝန်ကြီးက အဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးကြည်မောင်တို့မှအပ ကျန်ဗဟို ကော်မတီဝင်များနှင့် တွေ့ဆုံလိုကြောင်း ပြောလာရာ အဖွဲ့ချုပ်က လက်မခံဘဲ ငြင်းပယ်လိုက်သည်ဆိုသည့်အကြောင်း သိလာရသည်။ အခြေအနေက ပိုပို ပြီးတင်းမာလာသည်။ သည်အချိန်မှာ နအဖပြောင်းစမှာ ပြုတ်သွားသည့် တိုင်းမှူးဗိုလ်ချုပ်တစ်ဦးနှင့်ပတ်သက်ခဲ့သော ကောင်မလေးတစ်ယောက်က လည်း အမှုရင်ဆိုင်ရင်းမှ ၄၄ နှစ် ပြစ်ဒဏ်ကျပြီးနောက် ထောင်ဝင်စာမှာ ယိုးဒယားမုန့်ထုပ်တွေကို အထုပ်ငါးဆယ်ခန့် ပုံမှန်သွင်းပြီး ဝန်ထမ်းနှင့် သူ့ခိုင်းဖတ်အကျဉ်းသူအချို့ကို ကျွေးပေးကာ လူမွေးပြီး ထောင်ထောင် ထောင်ထောင်လုပ်နေသည်။ တစ်ခါ နိုင်ငံခြားသား ၁၈ ယောက်က ရန်ကုန် မြို့နေရာအနှံ့မှာ နအဖဆန့်ကျင်ရေးစာရွက်စာတမ်းတွေ ဖြန့်သဖြင့် ဖမ်းလိုက် ကြောင်း ကြားရပြန်သည်။ ကြိုးစင်ရှေ့က တိုက်မှာ လာထားမှာဖြစ်ကြောင်း



ကောလာဟလကလည်း ပေါ်လာသေးသည်။ နောက်တော့ အားလုံးကို နေရင်းနိုင်ငံများ ပြန်ပို့လိုက်ကြောင်း သိရသည်။

သည်လိုနှင့် အဖွဲ့ချုပ်မှ ရာဇသံပေးထားသည့်နေ့ ၂၁ ဩဂုတ်ကို ရောက်လာသည်။ နအဖက ဘာမှအကြောင်းမပြန်။ သည်တော့ အဖွဲ့ချုပ်က သူတို့ဘာသာပင် တိုင်းရင်းသားလူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော ပြည်သူ့လွှတ်တော်တစ်ရပ်ကို မကြာမီ ခေါ်ယူဖွဲ့စည်းမည်ဟု ကြေညာလိုက်သည်။ ဇာတ်စကားအရဆိုလျှင် ပွဲကြီးပွဲကောင်းတော့ စလေပြီဟု ဆိုရမည်။ ပွဲက ဇာတ်ရှိန်တက်လာသလို ကျွန်မလည်း ဆေးအသစ်နှင့် အဆင်ပြေစတော့ ပြုလာသည်။ သို့သော် ဆရာဦးစိုးအောင်က သူ့ထက် ရာထူးကြီးပြီး အတွေ့အကြုံပိုများသည့် သားဖွားမီးယပ်အထူးကုဆရာဝန်မကြီး ခေါ်တာခေါ်လှလှမြိုင်နှင့် ပြစေချင်နေသည်။ သည်ဆေးကို အချိန်အကြာကြီးဆက်သောက်ရန် သင့်၊ မသင့်ပြဿနာကလည်း ရှိနေသည်။ နောက်ထပ် လုပ်သည့် အာလ်ထရာဆောင်းများမှာ ရောဂါအခြေအနေ ထပ်လည်းမတိုး၊ လျော့လည်းမလျော့သဖြင့် သည်ကုထုံးကို မည်မျှကြာအောင် ပေးမလဲဆိုသည်က ရှိသေးသည်။ သည်ကုထုံးအရ အမျိုးသမီးဟော်မုန်းတွေ အားလုံးမထွက်တော့ရာမှာ ကြောက်ရသည်က ရိုးတွင်းခြင်ဆီခန်းခြောက်ခြင်း၊ အရိုးပွခြင်းနှင့် နှလုံးသွေးကြောကျဉ်းသွားနိုင်ခြင်းတို့လည်း ပါနေလေသည်။ ကျွန်မ၏ အနာကိုခံနိုင်ပုံမျိုးနှင့် အထဲကပြဿနာကို မှန်းဖို့က ခက်နေသည်။ အာလ်ထရာဆောင်းဆိုရာမှာလည်း ဝမ်းဗိုက်အရေပြားပေါ်မှသာ ကြည့်ရသဖြင့် တွင်းနက်ကြီးထဲမှာလို ဖြစ်နေသည့်အနောက်ဘက်ကို ငိုက်သော ကျွန်မ၏ သားအိမ်ပတ်ဝန်းကျင်အား စေ့စေ့ငငမမြင်နိုင်။ သားအိမ်ထဲသို့ ပြွန်ထိုးသွင်းပြီး ကြည့်ရမည့် အာလ်ထရာဆောင်းမျိုးမှာလည်း ကျွန်မမှာ အိမ်ထောင်သည် မဟုတ်သဖြင့် ပြွန်ဝင်လောက်အောင် အခြေအနေမရှိ။ သည်တော့ ဆရာမကြီး နှင့်တိုင်ပင်ပြီး ယခုထက်ပိုမိုတိကျသော ရောဂါအမည်ကို ရှာလိုကြသည်။ သို့မှသာ ထိရောက်ပြီး အကျိုးရှိသော ကုထုံးကို ပေးနိုင်မည်ဖြစ်ပြီး ဝေဒနာ သက်သာလျှင် ပြီးရောလည်း အဖြစ်မခံလိုကြ။ သည်တော့ ခုလို အဖွဲ့ချုပ်၏ ရာဇသံတွေနှင့် နိုင်ငံရေးမိုးလေဝသမုန်တိုင်းထန်နေချိန်မှာ ထောင်ပြင်ထွက်ခွင့်က မလွယ်။ ဆရာဝန်တွေက မှန်မှန်ကြည့်လို။ ရှုပ်သထက် ရှုပ်လာတော့ သည်။

www.burmeseclassic.com



## အပြင်က လူဖမ်းပွဲ

ဩဂုတ်လကုန်က လှည်းတန်းမှာ ကျောင်းသားအချို့ ဆန္ဒပြကြပြန်သည်။ နဝတနားပြီး နအဖပေါ်လာသည့်သဘောက နိုင်ငံတော်မှာ ငြိမ်ဝပ်ပိပြားအောင် လုပ်ထားပြီမို့ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင်လုပ်ရန်ဟု အနက်ဆောင်သော်လည်း ပေါ်လာသမျှ ဆန္ဒဖော်ထုတ်မှုမှန်သမျှကို ငြိမ်ဝပ်ပိပြားသွားအောင် ချေမှုန်းဆဲဖြစ်သည်။ သို့ဖြင့် အဖွဲ့ချုပ်မှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအား 'အမြင်ဖလှယ်ရန် ညှိဂေဟာသို့ ခေါ်ယူဆွေးနွေးသည်'ဟု သုံးနှုန်းကာ ဖမ်းပွဲကြီးစတင်တော့သည်။ ကိုယ်စားလှယ်များသာမကဘဲ အဖွဲ့ဝင်လူငယ်များ၊ အမျိုးသမီးများ အများအပြား အဖမ်းခံကြရပြီး ရဲမွန်လိုညှိဂေဟာအမည်ခံ ထောင်အချုပ်ခန်းများဆီ ရောက်ကုန်ကြသည်။ သည်အချိန်မှာ တိုက်ကိုလည်း ဗိုလ်ချုပ်ဟောင်းတစ်ဦး၏ အငယ်အနှောင်းက ပြောင်းလာသည်။ သူ့အတွက်တော့ အဆောင်မှာ ဖြူဖြူမည်းမည်း နွနွဝဲဝဲ ကြမ်းတစ်ပြေးတည်း ခြေချင်းဆိုင်ကျောချင်းကပ် အိပ်စက်ရတာထက်စာလျှင် သည်လိုတိုက်ခန်းမှာ နေလိုသဖြင့် ထုံးစံအတိုင်းလိုင်းဝင်ကာ တိုက်ခန်းထဲရောက်လာသည်ဟု အားလုံးက ယူဆကြသည်။ သည်မှာလည်း ပြဿနာက စပြန်သည်။ သူ့ကို ဝန်ထမ်းအားလုံးက ကြည်ဖြူကြသည်။ သူ့ကို လိုက်လျောမှ လာဘ်လာဘရှင်မည်ကိုး။ သူက သည်မှာ ဗိုလ်ကျချင်သော်လည်း ကျွန်မတို့တိုက်သူတွေက နိုင်ငံရေးနောက်ခံတွေနှင့်မို့ လွယ်လွယ်နှင့် မလျော့။ သူ့ကို ပထမမှာ အန်တီမေနှင့်အတူသွားထားသေးသည်။ အန်တီမေက လူကြီးဆန်ပြီး သည်းခံသော်လည်း သည်လို မိန်းကလေးတစ်ယောက်၏ စရိုက်မျိုးကို မည်သို့မျှ သည်းခံမနေနိုင်။ သည်တော့ အခန်းပြောင်းဖို့ လုပ်ရသည်။ ထိုစဉ်မှာ ပဲခူးဘက်မှ လူမဆန်သည့်လူသတ်မှုတစ်ခုမှာ ပါဝင်ပတ်သက်နေသော ကောင်မလေးတစ်ယောက်ကလည်း သေဒဏ်ဖြင့် ဒေါ်ညွှန့်အခန်းထဲ ရောက်နေသည်။ နောက်ဆုံး အန်တီမေက ဒေါ်ညွှန့်တို့အခန်းထဲ ရောက်သွားသည်။ ကျွန်မကိုတော့ ထာဝရတစ်ယောက်တည်းထားလိုနေကြသေးသည်။ ကျွန်မလည်း ဒီကောင်မလေးနှစ်ယောက်ထဲက တစ်ယောက်ယောက် ရောက်လာမှာ စိုးရိမ်နေရသည်။ မဒုံက တစ်ယောက်တည်းဖြစ်သော်လည်း အဘွားက ဆေးရုံကနေ လွှတ်မသွားသေးသဖြင့် အချိန်မရွေး ဆေးရုံဆင်းလာနိုင်တာမို့ သူ့အခန်းလည်း လူမသွင်း။



သည်ကာလတွေမှာ အန်တီမေကလည်း သွေးတွေအရမ်းတိုးလာသလို လက်ကပ်သည့် ပြဿနာကလည်း ဆိုးဆိုးလာသည်။ သူ့ဗာဟီရတွေကို သူကိုယ်တိုင်လုပ်ရတာပင် အဆင်မပြေတော့။ မသန်စွမ်းဆေးရုံမှာ တာဝန်ထမ်းဆောင်ခဲ့သူမို့ သူ့ပြဿနာမှာ စက်ကိရိယာအကူအညီပါသည့် လေ့ကျင့်ခန်းမျိုးလုပ်မှ အဆင်ပြေလာမည်ကို သူသိနေသည်။ သည်လိုလုပ်ရဖို့အတွက်ကတော့ ဆေးရုံကြီးကို မှန်မှန်သွားရမည်။ မဒုံကလည်း အဘွားမရှိသည့်နောက်မှာ အခန်းတံခါးဖွင့်ခွင့်အပါအဝင် အစားအစာတွေလည်း ယခင်ကလို မရတော့သည့်အပြင် အဘွားလွှတ်နိုးဖြင့် မျှော်သလောက် မလွှတ်လာရာမှာ စိတ်နွမ်းပြီး ချူချာလာသည်။ အမှန်တော့ သူတို့က သည်နှစ်ထဲမှာ နှစ်စေ့မည်ဖြစ်သည်။ သို့သော် ပြင်ပနိုင်ငံရေးအခြေအနေက အတော်ကြီး ရှုပ်ထွေးနေသည်မို့ ဘာမှမရေရာ။ အချို့လွှတ်ရက်စေ့သွားသူတွေကို ပုဒ်မ ၁၀-ဃ ဖြင့် ဆက်လက်ချုပ်ထားတာတွေလည်း ဆက်တိုက်ဆိုသလို ကြားနေရသည်။ သူ့ခင်ပွန်းကိုမိုးဝင်းမှာလည်း အမျိုးသားအကျဉ်းဆောင်မှာ အစာအိမ်အနာက မသက်သာဘဲ ခွဲစိတ်ကုသရမလို ဖြစ်နေသည်။ သည်တော့ သူလည်း စိတ်ရောလူပါ နွမ်းလျကာ နေမကောင်းဖြစ်လာသည်။ အငယ်အနှောင်းက စိတ်မထင်လျှင် အော်ကြီးဟစ်ကျယ်သီချင်းတွေထဆိုပြီး ဆဲဆိုညည်းညူတတ်ရာ ဘုရားရှိခိုး ပုတီးစိပ်တရားအားထုတ်နေကြသူတွေက စိတ်အနှောင့်အယှက်ဖြစ်ရသကဲ့သို့ သေဒဏ်ကလည်း ဝန်ထမ်းကို သတင်းပေးလုပ်ပြီး သူ့အနေချောင်ဖို့ကြံတာမျိုးတွေ ရှိလာသည်။ သည်လိုနှင့် အနောက်တိုက်မှာ ဗြောင်းဆန်နေတော့သည်။

စက်တင်ဘာ ၁၆ ရက်နေ့မှာ အဖွဲ့ချုပ်က လွှတ်တော်အစစ်အမှန် မပေါ်ပေါက်မီ လွှတ်တော်ကိုယ်စားဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ကို တိုင်းရင်းသားလူမျိုးစုနှင့် တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကာ ဖွဲ့စည်းလိုက်သည်။ တန်ပြန်အားဖြင့် သူတို့ဖွဲ့စည်းထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ လူထုဆန္ဒဖော်ထုတ်ပွဲဆိုကာ အစ်မနှင့် အဖွဲ့ချုပ်၏ လုပ်ရပ်များကို ဆန့်ကျင်ပွဲများ ဖန်တီးပေါ်ထွက်လာသည်။ သည်သတင်းတွေကြောင့် ထောင်မှာ အကျဉ်းသားတွေက ဘာကိုဆုတောင်းရမှန်း မသိတော့အောင် ဖြစ်ရတော့ကြသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် စကားအတိုင်း အားလုံးပြေရှင်းပြီးသွားလျှင်သော်လည်းကောင်း၊ တစ်ဘက်ဘက်မှ အပြတ်အသတ်

www.burmeseclassic.com



အနိုင်ရသွားလျှင်သော်လည်းကောင်း လွတ်နိုင်မည်ဟု တွေးထင်ထားကြသည့် အတွက် ယခုအနေအထားများကို ရင်တထိတ်ထိတ်ဖြင့် နားစွင့်ရင်း သည့် အဖြေနှစ်ခုလုံး တစ်ခုမှဖြစ်မလာမှာကို တွေးပူလာမိကြသည်။ နအဖကတော့ အမျိုးသားညီလာခံမှလွဲပြီး မည်သည့်အဖြေကိုမှ လက်မခံဆိုတာမျိုး ဆက် လက်တုံ့ပြန်သည်။

## ရောဂါ ရှာခွင့်မရ

သည်အချိန်မှာ ဆရာဝန်မကြီးဒေါ်လှလှမြိုင်က ကျွန်မကို ကြည့်ခွင့်ရ သွားပြီဖြစ်သည်။ သူက ကျွန်ဆရာတွေထက် အများကြီးပိုပြတ်သားသည်။ ကျွန်မကို စမ်းသပ်ရန် အခန်းထဲခေါ်သွားရာမှာလည်း နောက်ကနေလိုက် ဖို့ပြင်နေသည့် ထောက်လှမ်းရေးကို 'လိုက်မလာနဲ့။ ရှင်တို့လူနာက ထွက် ပြေးမယ့်လူမျိုး မဟုတ်ဘူး။ ဒီမှာပဲ ထိုင်စောင့်။ ကြားလား' ဟု ဟောက်လိုက် သည်။ ကျွန်မလည်း သဘောအကျကြီးကျကာ အဖော်တော့ရပြီဟု တွေးမိ သည်။ နောက်တော့ လက်ရှိဖြစ်နေသော ပြဿနာများအတွက် သူက ကုထုံးနှစ်ခု ဆုံးဖြတ်သည်။ တစ်ခုက ဝမ်းအချုပ်လွန်သည့်ပြဿနာမှာ ဖိုင်ဘာပါသော အစားအစာများ မစားရသဖြင့်လည်း ကုရခက်နေရာ သူ့ ဆေးစာဖြင့် ဟင်းသီးဟင်းရွက်များ တစ်ပတ်တစ်ခါ အိမ်မှပို့ပေးခွင့်ကို ရစေမည်ဖြစ်ပြီး နောက်တစ်ခုကတော့ ပိုမိုတိကျသော စမ်းသပ်စစ်ဆေးမှု ဖြစ်သည့် မှန်ပြောင်းဖြင့်ကြည့်ခြင်း Laproscopy ကို ပြုလုပ်မည်ဖြစ်ကာ ထိုအခြေအနေအရ လက်ရှိသောက်ဆေးကို ရပ်သင့်၊ မရပ်သင့် ဆုံးဖြတ်ရန် ဖြစ်သည်။ သူ့ လက်ဖြင့်စမ်းသည့် အခါမှာတော့ ကြပ်ခဲနေသည့် တစ်သျှူး တွေက ရှိနေသေးသည်ဟု ဆိုသည်။ သူက နောက်တစ်လအတွင်း မှန် ပြောင်းကြည့်ခြင်းကို မေ့ဆေးဖြင့် ဆေးရုံတင်ပြီးလုပ်မှာမို့ ရင်ဘတ်ဓာတ်မှန် အပါအဝင် သွေးစစ်တာတွေပြန်လုပ်ရန် ညွှန်ကြားပေးလိုက်သည်။

သည့်နောက်မှာတော့ သူ့ဆေးစာအရ ဖေဖေ၊ မေမေတို့က တစ်ပတ် လျှင် တစ်ခါ အသီးအရွက်အစိမ်းများကို ပါဆယ်အဖြစ် လာပို့ပေးခွင့်ရလာ သည်။ ပေးပို့သည့် အသီးအရွက်စာရင်းကို စာရွက်တစ်ရွက်မှာ ပြုစုရေး ထားပြီး ထိုစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးကာ ကျွန်မက လက်ခံရန်ဖြစ်သည်။ အသီးအရွက်ရှားပါးသည့် ထောင်မှာ ခုလို အသီးအရွက်များကို စားခွင့်ရနေ



ကလည်း ခက်လှပါသည်။ တီဘီဖြစ်စဉ်ကတည်းက ထောင်ဆေးရုံမှ ကျွန်မ တစ်ယောက်တည်းအတွက်ဆိုကာ အသီးအရွက်ကြော်တစ်မျိုးကို နေ့စဉ်ပေး လေ့ရှိခဲ့သော်လည်း အများအားဖြင့် စားမရလောက်အောင် ရင့်နေသည့် ဟင်းနနွယ်အရိုး၊ ကိုက်လဲအရိုးများဖြစ်ကာ ရံဖန်ရံခါမှသာ နနွင်းကဲထား သည့် သင်္ဘောသီးကြော်လေး ရတတ်ရာ မစားဖြစ်သည်က များသည်။ ခုတော့ အိမ်မှ အမေ့လက်ရာဖြစ်ရာ သန့်သန့်ရှင်းရှင်း ဖွယ်ဖွယ်ရာရာဖြစ် သည့်အတွက် ကျိန်းသေစားပြီး ဝမ်းမှန်လာမည်ဟု မျှော်လင့်ရသည်။

သည်လိုနှင့် မှန်ပြောင်းဖြင့်ကြည့်မည့် စမ်းသပ်မှု Laproscopy အတွက် ဆေးရုံတက်ရမည့်နေ့ကို ရောက်လာခဲ့သည်။ အောက်တိုဘာ ၁၁ ရက် ၁၉၉၈ နေ့မနက်မှာ အင်းစိန်ထောင်တိုက်ခန်းလေးမှ လိုသမျှပစ္စည်း တွေကို ယူသွားဖြစ်သည်။ ကျန်ပစ္စည်းတွေကိုတော့ အန်တီမေ့ဆီမှာ အပ်ထား ခဲ့သည်။ ဆေးရုံကပြန်ဆင်းလာသည့်အခါ သည်တိုက်ကိုပဲ ပြန်ပို့မည်ဟု ထွက်ထားပြီးသား။ ဆေးရုံကိုရောက်တော့ ဆေးရုံတင်ဖို့ မှတ်ပုံတင်ခြင်း အပါအဝင် အဆင့်ဆင့်ကို လုပ်နေစဉ်မှာ ပြင်ပထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့မှ အရာရှိဆိုသူတွေ ရောက်လာကာ ဆရာမကြီးဒေါ်လှလှမြိုင်ကို သည်စမ်းသပ်မှု ပြီးပြီးချင်း မေ့ဆေးပြယ်သည်နှင့် ထောင်ကို ပြန်ခေါ်သွားမည့်အကြောင်း ပြောလာတော့သည်။ ထိုစဉ်က Laproscopy မှာ လုပ်လေ့လုပ်ထရှိသည့် စမ်းသပ်မှုမျိုးမဟုတ်သေးဘဲ ခွဲစိတ်ကုသမှုတစ်ခု လုပ်သလို အစစဂရုစိုက်ပြီး လုပ်ရသဖြင့် မေ့ဆေးပြယ်ပြီးလည်း ပစ်ထား၍မရကြောင်း ဆရာမကြီးက ရှင်းပြသည်။ သူတို့က သည်ဆေးရုံမှာ အကျဉ်းကျလူနာဆောင် မရှိသော ကြောင့် လုံခြုံရေးအတွက် တာဝန်မယူနိုင်သဖြင့် မေ့ဆေးပြယ်ပြီးသည်နှင့် လူနာကို ထောင်ပြန်ခေါ်သွားခွင့်ပြုပါမှ သည်စမ်းသပ်မှုကို လုပ်ရန် သတိပေး လာတော့သည်။

'သမီး ဒို့ကတော့ သည်လိုပစ်စလက်ခတ် မလုပ်နိုင်ဘူး။ သည်တော့ သည်စမ်းသပ်မှုကို မလုပ်တော့ဘူး။ ဆေးသောက်နေတာ အလုံးနှစ်ရာကျော် သုံးရာလည်းရှိနေပြီဆိုတော့ ရပ်မှပဲကောင်းမယ်။ ရောဂါအနေအထားကို တိတိကျကျမသိရဘဲ ဒီဆေးတွေ ဒီလောက်သောက်နေတာ မသင့်ဘူး ရက်ချိန်းပေးလိုက်မယ်နော်။ နောက်တစ်ခါပြန်လာပြချိန်မှာ ဆုံးဖြတ်ကြတာ ပေါ့။ ဒီဒီလိုဆုံးဖြတ်ရတာကို နားလည်ပါ' ဟု ဆရာမကြီးက ဝမ်းနည်းစွာနှင့် ဆိုလာတော့သည်။ ကျွန်မကရော ဘာများတတ်နိုင်ဦးမည်နည်း။ ယခုကာမှ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အသိစိတ်နှင့်ကိုယ် ရှိနေသေးသည်။ မတော် စမ်းသပ်မှုလုပ်တာကို ခံလိုက်ပြီး မေ့ဆေးမပြယ့်တပြယ်နှင့် ထောင်ပြန်ပို့ခံလိုက်ရလျှင် အခြေအနေက မမှန်းနိုင်လောက်အောင် ရှုပ်ထွေးသွားနိုင်သည်။ 'မမရယ် သည်သားအိမ်ဟာ သမီးအတွက် ဘာမှလည်း အသုံးမဝင်ဘဲ အလကားဒုက္ခပေးနေတာကြာပြီ အကုန်လုံးထုတ်ပစ်လိုက်ချင်စိတ်ပဲ ရှိတော့တယ်၊ နားလည်ပါတယ်။ အားလုံးကို နားလည်တယ်။ ဘာမှလည်းမပြောချင်တော့ပါဘူး'ဟုသာ ပြန်ပြောဖြစ်သည်။ အထူးသဖြင့် ဆရာမကြီးကို ကျဉ်းထဲကြပ်ထဲရောက်အောင် မလုပ်ချင်။ သူက ကျွန်မထံမှ ရေတစ်ခွက်တောင် သောက်ထားဖူးတာမဟုတ်ဘဲ ခုလောက် စဉ်းစားစာနာပေးနေသူ။ ပြင်ပအခြေအနေတွေအရ ထောက်လှမ်းရေးတွေကလည်း ကျွန်မကို တာဝန်မယူချင်။ ဒါကိုလည်း နားလည်သည်။ စိတ်ကလည်း အစိုးမရသည့် ခန္ဓာကိုယ်ကြီးကိုသာ ပိုပြီးအပြစ်မြင်တတ်ချိန် ကိုယ့်သားအိမ်ကိုသာ ကိုယ် ရှင်းပစ်ချင်နေသည်။

'ကောင်းပြီလေ၊ သည်လိုစနစ်တကျ စမ်းသပ်မှုမျိုး လုပ်ခွင့်မရတဲ့အတွက် ဆေးကုသမှုတွေ လွဲချော်သွားရင် ဆရာမကြီးမှာ တာဝန်မရှိဘူးလို့ ကျွန်မ နားလည်ထားတယ်။ ခု ထောင်ပြန်မယ်'ဟု အားလုံးကို ပြန်ပြောချိန်မှာ ထောင်ကနေ ပါလာသည့် အင်းစိန်ဗဟိုထောက်လှမ်းရေးက ဝန်ထမ်းလေးမှာ မျက်နှာပျက်ချင်ချင်။ ဆရာမကြီးက ကျွန်မကို အပြည့်အဝနားလည်သည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။ သည်လိုနှင့် နာရီပိုင်းအတွင်းမှာ အင်းစိန်ထောင် အချုပ်ဆောင် အနောက်တိုက်သို့ ကျွန်မ ပြန်ရောက်သွားတော့သည်။ ဖြစ်ကြောင်းကုန်စင်ကို သိရချိန်မှာ ကျွန်တိုက်သူတွေလည်း စိတ်မကောင်းကြ။ အန်တီမေတို့ကတော့ 'ယူနာမည်က အခုအပြင်မှာ အရမ်းထွက်နေတော့ ယူနဲ့ပတ်သက်ပြီး ခေါင်းပိုင်းက တိုက်ရိုက်ကိုင်ထားပုံရတယ်။ သူတို့တွေ ခေါင်းရှုပ်နေချိန်ဆိုတော့ ဘာအမှားမှအဖြစ်မခံတဲ့သဘောပေါ့။ ထားပါလေ။ နောက်ရက်ချိန်းကျရင် ကြည့်ကြတာပေါ့။ ဆေးဖြတ်လိုက်ပြီး ဘာဖြစ်လာမလဲ စောင့်ကြည့်ရမှာပဲ'ဟု ဆိုသည်။ ထိုနောက်ပိုင်းမှာ ထောင်ကတော့ ကျွန်မ၏ ကျန်းမာရေးအတွက် ဆေးမှူးများ၊ ဆေးဝန်ထမ်းများကို ပိုပြီးဂရုစိုက်ရန် မှာကြားလာသကဲ့သို့ ဖြစ်ပျက်ပုံအသေးစိတ်ကို ပိုပြီးနားလည်အောင်လည်း ကြိုးစားလာသည်။ ရောဂါသဘာဝနှင့် နောက်ဆက်တွဲပြဿနာများအကြောင်းလည်း လေ့လာလာသည်။

သည်လိုနှင့် နိုဝင်ဘာလဆန်းမှာ အဖွဲ့ချုပ်ဝင်များက အဖွဲ့ချုပ်မှ



နုတ်ထွက်ကုန်ကြကြောင်း ကြားလာရသည်။ အမှန်တော့ အဖွဲ့ချုပ်ဝင်များ နုတ်ထွက်အောင် နည်းအမျိုးမျိုးနှင့် နအဖက ကြိုးစားခဲ့ခြင်းသာ ဖြစ်သည်။ အဖွဲ့ချုပ်၏ လွှတ်တော်ခေါ်ယူရေး ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကြောင်းကိုလည်း တစည အပါအဝင် နအဖအလိုကျ လိုက်နာကြသည့် တိုင်းရင်းသားအဖွဲ့အချို့က သတင်းစာမှာ ဖော်ပြလာကြောင်း ကြားကြရသည်။ ဖြင်ဝအခြေအနေတွေအရ လက်ရှိနိုင်ငံရေးအခြေအနေမှာ အလွန်ကို နောက်ကျနေပြီကို သတိထားမိရသည်။ ထိုစဉ်မှာ မထင်မှတ်သည့်တစ်ရက် နိုဝင်ဘာ ၆ ရက်နေ့မှာ ဆေးရုံသွားရမည်ဟု ဆိုလာသည်။ ရက်ချိန်းက ၁၂ ရက်နေ့မှဖြစ်သည်။ ဆေးရုံရောက်တော့ ဆရာမကြီးကလည်း အံ့သြနေသည်။ ကျွန်မကလည်း ရက်ချိန်းမစေ့သေးဘဲ ပြပေးရန် ကျွန်မက တောင်းဆိုမထားကြောင်း ရှင်းပြရသည်။ ထိုစဉ်မှာ ဟင်းသီးဟင်းရွက်တန်ခိုးကြောင့်ရော ဆေးသောက်ထားသည့် အကျိုးရခဲ့ပြီးဖြစ်သည့်အတွက်ပါ ကျွန်မအခြေအနေက ဆိုးလှ။ ဝမ်းအတန်အသင့်သွားနိုင်နေပြီ။ ဓမ္မတာလည်းမပေါ်သဖြင့် အနာလည်း သက်သာနေသည်။ ဆရာမကြီးအား ကျွန်မ၏ လက်ရှိကျန်းမာရေးအခြေအနေကို စစ်ဆေးပေးရန် ပြင်ပမှလာသော ထောက်လှမ်းရေးအုပ်စုက ပြောသည်ဟုသာ သိရသည်။ သည့်နောက် တိုက်ကို ပြန်ခဲ့သည်။

နိုဝင်ဘာ ၁၅ မှာ ရေဝတီတိုင်း တိုင်းမှူးဖြစ်ခဲ့သော ဗိုလ်ချုပ်မြင့်အောင် ကွယ်လွန်ကြောင်း ကြားကြရသည်။ ကျွန်မတို့၏ ရေဝတီခရီးစဉ်မှာ အဓိကအနှောင့်အယှက်ပေးခဲ့သူ၊ အစ်မအပေါ် အငြိုးကြီးထားခဲ့သူဖြစ်သည်။ သူကွယ်လွန်တော့ ရာထူးရာခံလည်း မရှိတော့။ နအဖအပြောင်းမှာကတည်းက သူက ပြုတ်သွားခဲ့ပြီ။ သူ မုန်းလှသည့် အစ်မကတော့ တွေ့ဆုံဆွေးနွေးရေးသည်သာ အဖြေဖြစ်ကြောင်း ပြောကာ ပန်းတွေဝေနေအောင် ပန်နိုင်နေဆဲ။ သံဝေဂယူတတ်သူတို့အတွက် တရားရစရာတွေ အများသား။ သည်အနေအထားမှာ အန်တီမေ့လက်အခြေအနေအရ နေ့စဉ် ဆေးရုံကြီးမှာ လေ့ကျင့်ခန်းယူရန် ဆေးရုံကြီးအကျဉ်းကျလူနာဆောင်သို့ ပို့လိုက်သည်။ မခိုင်ကလည်း အထဲမှာနေရတာ အဆင်မပြေဖြစ်လာလွန်းရကား အစာအိမ်အောင့်သည့်ဝေဒနာ ပိုဆိုးလာပြီး အမျိုးသမီးအကျဉ်းဆောင်ဘက်က လူနာဆောင်မှာပင် ခေတ္တသွားတက်လိုက်ရသည်၊ သို့သော် သန့်ရှင်းရေးညံ့လှသည့် ထိုနေရာမှာ သူလည်း ကြာကြာမနေနိုင်။ နောက်ဆုံးတော့ ချော်လဲထားသည့်အတိုင်း အဘွားကိုလည်း မလွှတ်၊ သူနှင့်အဘွားကလည်း တစ်နေရာစီမို

www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်က ပန်းလှပြီ။ သူပါ ဆေးရုံကြီးအကျဉ်းဆောင်ကို ပြောင်းသွားနိုင်ပြီ
အသွားကိုပြုစုစောင့်ရှောက်ရင်း သူ့ဝေဒနာအတွက် ဆေးကုသမှုခံယူခွင့်ရ
တင်ပြလိုက်တော့သည်။ ကျွန်မကတော့ မခင်ဆွေရင်အပါအဝင် ကျွန်အုပ်
တွေနှင့် နေမြဲအတိုင်း။ သည်ကြားမှာ ခရစ်ယာန်သာသနာပြုကိစ္စအတွက်
နယ်စပ်ကိုသွားရင်း အထဲမှတိမ်းရှောင်လာသော ကျောင်းသားများကို ကူညီ
ခဲ့သဖြင့်ဆိုကာ ကရင်ကျောင်းသူတစ်ဦး ထောင်ကျလာပြန်သည်။ နော်ဝါ
ဂေး။ သူက ပွင့်လင်းပြီး ရိုးသားကာ ပညာရေးကိုလည်း အထူးစိတ်ဝင်
စားသဖြင့် ကျွန်မတို့နှင့် အလွန်ခင်မင်သွားကြသည်။ အနောက်တိုက်ထား
အဟောင်းများ ဝေးသွားသော်လည်း အသစ်အသစ်တို့ဖြင့် ပြည့်နက်မြဲ

## သရက်သီးလေးလုံး သင်ခန်းစာ

ကျွန်မလည်း ဆရာဝန်ရက်ချိန်းကို ထပ်သွားရန် စောင့်ရင်း ဆေးဖြတ်
ထားပြီး ပြောင်းလဲတိုးတက်လာမည့် ကျန်းမာရေးအခြေအနေကို စောင့်ကြည့်
နေရုံသာ ရှိတော့သည်။ ဆေးဖြတ်ပြီးနောက် မမွှတာကလည်း ထိန်သွားပြီ
သဖြင့် နာကျင်မှုတွေ သိပ်မရှိတော့။ ဝမ်းက မမှန်သေးသည့်တိုင် ယခင်လို
ချုပ်မနေတော့။ အိမ်က ပို့ပေးသည့် ဟင်းသီးဟင်းရွက် အစိမ်းအစိုထ
တကယ့်ကို အထောက်အကူဖြစ်သည်။ တစ်ပတ်တစ်ခါ အင်္ဂါနေ့တိုင်းမှာ
မေမေက ပါဆယ်လာပို့ရာ ကျွန်မက မခင်ဆွေရင်တို့အခန်းနှင့် မခင်မာရီတို့
အခန်းကို တစ်ပတ်ခြား အလှည့်ကျဝေငှပေးပြီး တစ်ယောက်တည်းနေရသည့်
နော်ဝါးဂေးကိုတော့ အမြဲနီးပါး အတာန်ငယ်ခွဲပေးဖြစ်သည်။ မေမေက စားရုံ
သည့် သရက်ကင်း၊ စိုင်သီး၊ စာကလေးခြေထောက်လေးများ ထည့်ပေးတတ်
သဖြင့် အားလုံးက သည်လိုနေ့ဆိုလျှင် မျှော်တတ်ကြမြဲ။ ဒီဇင်ဘာလဆန်း
အင်္ဂါနေ့တစ်နေ့မှာ ထုံးစံအတိုင်း ကျွန်မဆီကို ပါဆယ်ထုပ်က ရောက်လာ
သည်။ အထုပ်စစ်ကြည့်သည့်အခါ သရက်သီးလေးလုံးဆိုတာ ပါမလာ။
သည်တော့ အထုပ်လာပို့သည့် အချုပ်သူကို အထုပ်ရော စာရွက်ပါ ပြန်ပေး
လိုက်ပြီး သရက်သီးလေးလုံးနှင့်အတူ ပြန်လာမှ အထုပ်ကို လက်ခံမည့်
အကြောင်း အကြောင်းကြားခိုင်းလိုက်သည်။ ခဏနေတော့ အချုပ်သူက
ပြန်ရောက်လာသည်။ 'သရက်သီးက ခွင့်မပြုတာတဲ့။ ယူထားတာမဟုတ်
ဘူး'တဲ့။ အမှန်တော့ သည်ကိစ္စကို သည်လိုပြန်ဖြေမည်ဟု ရိပ်မိပြီးသား။



သိပ်မကြာသေးခင်က ကျွန်မကို အိမ်မှပေးလိုက်သော ပါရာစီတမော
အထုပ်ထဲမှာ ကိုးလုံးလျော့နေခဲ့သည်။ ဒါကို ပြန်လျော်ပေးမည်ဟု ခပ်လွယ်
လွယ်ဖြေရှင်းသည်။ ထောင်မှာ ထောင်ဝင်စာလာသူတိုင်းက ဆေးလိပ်
နာကြပြီး သန့်ရှင်းရေးသမားတွေကို ဆေးလိပ်အား ငွေကြေးသဖွယ် မုန့်ဖိုး
အဖြစ် ပေးကြသည့်ထုံးစံက ရှိသော်လည်း ဝန်ထမ်းတွေက ထောင်ဝင်စာ
ပြန်ကတည်းက ဆေးလိပ်ဆယ်လိပ်ကို အများပိုင်ဆက်ကြေးသဘော
ထည့်နိုင်းရာ အားလုံးလိုလိုက ထည့်ကြသော်လည်း ကျွန်မနှင့် မချူးတို့က
မထည့်ခဲ့ကြဘဲ ကိုယ့်လက်နှင့်ကိုယ် သန့်ရှင်းရေးသမားတွေကို ပေးခဲ့ကြသည့်
အစဉ်အလာရှိခဲ့သည်။ ထိုအကြောင်းကို သူတို့သိလျှက်နှင့် သည်ပါရာစီတမော
ကိစ္စကို လွယ်လွယ်ရှင်းဖို့ ကြိုးစားသည်။ သည်တုန်းက ကျွန်မက ဆေးထုပ်
တို့ စတင်လက်ခံသည့် ပါဆယ်အဝင်ဌာနမှစကာ၊ အကျဆောင်ဆေးခန်း
အလယ်၊ အချုပ်ဆောင်ရုံးခန်းအဆုံး မည်သည့်နေရာတွင် မည်သူ့ကြောင့်
ပျောက်သွားရကြောင်း အဖြေကိုသာ လိုချင်သည်၊ ဆေးအလျော်ပေးရုံနှင့်
မကျေနပ်ဟု တုံ့ပြန်ခဲ့သဖြင့် သူတို့ ခေါင်းခဲခဲ့ဖူးပြီ။ ထိုစဉ်က သူတို့အချင်း
ချင်း စုံထောက်လုပ်ပြီး အကျဆောင်ဆေးခန်းမှာ မရှိခိုက် ခဏယူသုံးမိကာ
ပြန်မဖြည့်ဖြစ်ဟု အကြောင်းပြန်လာသဖြင့် ဆေးအလျော်ကို လက်မခံဘဲ
နောင်ကို ကျွန်မပိုင်ဆေးများအား သုံးလိုလျှင် ကျွန်မထံ ခွင့်တောင်းပြီးမှ
သုံးနိုင်ကြောင်း၊ အမှန်တကယ် လိုအပ်မှုရှိက ဆေးများကို လှူပေးရန်
ဝန်မလေးကြောင်း ပြောခဲ့ဖူးရာ ထိုစဉ်ကတည်းက ကျွန်မ၏ ပစ္စည်းဆိုလျှင်
အရေအတွက် မမှားအောင် သူတို့ ဂရုစိုက်နေကျ။ ခုလိုလျော့နေကတည်းက
ခွင့်မပြုတာဟု ဖြေလာမည်ကို မျှော်လင့်ပြီးသား။

သည်တော့ ကျွန်မက အထုပ်ကို လက်မခံသေးဘဲ 'သွားပြန်မေးချေ
ဒီဟာ ဆရာဝန်ခွင့်ပြုချက်ဆေးစာနဲ့ သွင်းထားတာ ဘာကိစ္စခွင့်မပြုတာလဲလို့'
ဟု ပြောတော့ အချုပ်သူက ခေါင်းကုတ်ပြီး ပြန်ထွက်သွားသည်။ အချိန်
အတန်ကြာတော့ ရုံးခန်းက ဝန်ထမ်းတစ်ယောက်လိုက်လာပြီး 'ယောကျ်ား
ဆောင်တွေဘက်မှာ ဝမ်းလျှောနေလို့ သရက်သီးက ဝမ်းနှုန်းစာမို့ ခွင့်မပြုတာလို့
ပြောလိုက်တယ်'ဟု လာပြောပြန်သည်။ 'အေး… ဒီအသီးအရွက်တွေကို
ဆရာဝန်က ခွင့်ပြုရတာကလည်း ငါ့ကို ဝမ်းနှုန်းစေချင်လို့ပဲ။ ဝမ်းက မလျှော
နိုင်လွန်းလို့ လျှောရအောင် လုပ်နေတာ။ မရဘူး။ သရက်သီးမှမရရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တဲ့အထုပ် လက်မခံနိုင်ဘူး’ဟု ပြောတော့ ဝန်ထမ်းမလည်း နှာခေါင်းရှုံ့ ရှုံ့ ရုံးခန်းပြန်ရောက်သွားပြန်သည်။ သည့်နောက်မှာ အချိန်အနည်းငယ်အတွင်း ဝန်ထမ်းက ပြန်ရောက်လာပြီး ‘ကျွန်တဲ့အထုပ် လက်မခံနိုင်ရင်လည်း မရဘူး။ သရက်သီးကတော့ ခွင့်မပြုနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။ အစ်မရေ၊ သရက်သီးစားချင်ရင် နောက်နေ့ခိုးသွင်းခဲ့ပါမယ်။ ဒီအထုပ်ကို လက်ခံလိုက်ပါတော့။ မောလာပြီ’ဟု လေပြေထိုးသည်။ ‘မရဘူးဟာ၊ သွားမေးစမ်း သည်ဆုံးဖြတ်ချက်က ဘယ်သူချတာလဲ၊ ဘယ်သူ့ကိုပြောရင် သည်ဆုံးဖြတ် ချက်ပြင်နိုင်မလဲလို့’ဟု ဆိုတော့ ဝန်ထမ်းမလေးက အမလေးတပြီး ထွက် သွားကာ သူ့နောက်မှာ ပါဆယ်ထုပ်ကိုဆွဲပြီး လိုက်နေရသည့် အချုပ်သူမ လေးလည်း စပ်ဖြဲဖြဲနှင့် လိုက်သွားပြန်သည်။

နောက်တစ်ခါ သူတို့ပြန်ရောက်လာတော့ ‘ကဲ··· အစ်မရေ မရတော့ မရဘူးပဲ။ ထောင်ပိုင်က ပြောတာတဲ့။ ဘယ်သူ့ကိုပြောလို့မှ သည် ဆုံးဖြတ်ချက်က မပြင်နိုင်တော့ပါဘူးတဲ့။ လက်ခံလိုက်ပါတော့ အစ်မရယ်၊ ကျွန်မနဲ့ သည်ကောင်မလေးလည်း အသက်ထွက်တော့မယ်’ဟု ဆိုလာ သည်။ သည်ပြဿနာအတွက် သူတို့နှစ်ယောက်ကို သနားသော်လည်း သည်ထောင်အာဏာပိုင်တွေနှင့် ဝန်ထမ်းတွေကို ပညာပေးမှဖြစ်မည်ဟု တွေးနေမိသည်။ ‘အေး··· ဒါဆို အဲဒီသရက်သီးလေးလုံးကို ပြန်ယူ၊ ဒီစာရွက်ကိုယူသွား။ အပြင်က ပါဆယ်လက်ခံဌာနမှာ မေမေ့ကို သွားပြန် ပေးပြီး မေမေ့လက်မှတ်နဲ့ သရက်သီးလေးလုံးကို ပြန်ယူသွားတယ်ဆိုတာ မြင်ရမှ ကျွန်တဲ့အထုပ်ကို လက်ခံမယ်’ဟု ပြောဖြစ်လိုက်သည်။ သူတို့လည်း သက်ပြင်းတွေချပြီး ထွက်သွားသည်။ မခင်ဆွေရင်အပါအဝင် ကျွန်တိုက်သူ တွေကတော့ ကျွန်မရစ်နေတာကြောင့် အသီးအရွက်ထုပ်တော့ နွမ်းဖတ်ကုန် တော့မှာပဲဟု ပြောလာကြသည်။ အချိန်အတော်ကြီးကြာမှ ပြန်ရောက်လာကြ သည်။ သည်ဝန်ထမ်းမလေးက ကျွန်မကိုခင်မင်နေသူမို့ စကားတော့ ကောင်း ကောင်းပြောရှာသည်။ ‘အမလေး··· အစ်မရဲ့ သေချင်တော့တာပဲ။ အစ်မ အမေက ပါဆယ်ဌာနမှာ မရှိတော့ဘူး။ အထုပ်ထားပြီးတာနဲ့ ပြန်သွားပြီတဲ့။ အဲဒါ အခု ဘာလုပ်ရမှာလဲ။ သရက်သီးလေးလုံးကို အစ်မတို့အိမ်ထိ လိုက်ပေးပြီး အစ်မအမေရဲ့လက်မှတ်ယူခဲ့မှ သည်အထုပ်ကြီးကို လက်ခံမှာ လားဟင်’ဟု ငေါ်တော့တော့ဆိုလာသည်။ ‘အေး··· အရင်တုန်းက စိတ်



အတိုင်းဆို အဲဒီလိုပဲလုပ်မှာ။ မိုးမီးလောင်သွားမယ်ဆိုတာမျိုးပေါ့။ ခုတော့ ဒီလိုလုပ်။ အဲဒီ စားခွင့်မရှိဘူးပြောတဲ့ လူကြီးကို ပြော၊ သရက်သီးလေးလုံးကို နောက်တစ်ပတ် ထောင်ဝင်စာလာတဲ့အထိ ပုပ်ပုပ်သိုးသိုး သိမ်းထားပေးရ မယ်။ ထောင်ဝင်စာကျရင် ကိုယ့်မျက်စိရှေ့မှာ အဲဒီသရက်သီးလေးလုံးကို အမေနဲ့အမေကို ပေးပေးပါမယ်လို့ ကတိပေးရင် ကျွန်တဲ့အထုပ်ကို လက်ခံမယ် လို့ ဟုတ်ပြီလား’ ဟု ပြန်ပြောတော့ လှစ်ဆို ရုံးခန်းဘက် ပြန်ပြေးသွားကြ တော့သည်။

အမှန်တော့ ကျွန်မသည် ထောင်ဝင်စာထုပ်ကို ကြက်ဥပြုတ်လေး ဆယ်လုံးလောက်ပဲ လာပေးနိုင်သည့် အကျဉ်းသားတွေထံမှ သူတို့ဝန်ထမ်း တွေက ကြက်ဥတစ်လုံးလောက် ခေါင်းပုံဖြတ်ကာ နှိုက်ယူထားတတ်တာမျိုး၊ သူတို့လိုချင်နေသည့် ပစ္စည်းမျိုးဆိုလျှင် ခွင့်မပြုနိုင်ဘူးပြောပြီး ယူထားလိုက် တာမျိုးကို လက်မခံနိုင်။ သရက်သီးလေးလုံး၏ တန်ဖိုးမှာ ဘာမှမရှိတာ ကိုလည်း သိသားပင်။ သို့သော်အကျဉ်းသားများ၏ အိမ်မှပေးသောပစ္စည်း များကို အကျဉ်းသားများမှ စားသောက်သုံးခွဲခွင့်မရလျှင် ထိုပစ္စည်းကို ထောင်ပိုင်ပစ္စည်း၊ ထောင်ဝန်ထမ်းတို့၏ ပစ္စည်းဟု မမှတ်ယူနိုင်ကြောင်း သင်ခန်းစာရစေချင်သဖြင့်သာ ခုလိုလုပ်လိုက်ရခြင်းဖြစ်ပြီး သရက်သီးကို စားရခြင်း၊ မစားရခြင်းက ကျွန်မအတွက် မထူးခြားလှပါ။ ခဏနေတော့ လူကြီးများက သဘောတူကတိပေးပါကြောင်းနှင့် ထိုအထုပ်ကို ချက်ချင်း လက်ခံပါရန် လာပြောတော့သည်။ သည်တော့မှ ကျွန်မလည်း ‘အေး··· မှတ်ထား။ ကျွန်တဲ့ဝန်ထမ်းတွေကိုလည်း ပြောလိုက်။ ဘာပစ္စည်းပဲဖြစ်ဖြစ် အကျဉ်းသားအိမ်တွေက ပေးတဲ့ပစ္စည်းကို ခွင့်မပြုနိုင်ဘူးပြောလိုက်ရုံနဲ့ ကိစ္စက ပြီးမသွားဘူး။ ထောင်က သည်ပစ္စည်းကို သိမ်းလိုက်လို့လည်း မရဘူး။ သည်ပစ္စည်းရဲ့ပိုင်ရှင်ဟာ ထောင်နဲ့ ထောင်ဝန်ထမ်း ဘယ်တော့မှ ဖြစ်မလာ နိုင်ဘူးဆိုတာ မှတ်ထား’ဟု ပြောဖြစ်သွားသည်။ သည်တစ်ခါတော့ ကောင် မလေးက ဘာမှမပြောနိုင်ဘဲ ခေါင်းသာညိတ်ပြတော့သည်။ အထုပ်ဆွဲပေးရ သည့် အချုပ်သူကောင်မလေးကို ဆေးလိပ်လက်ဆောင်ပေးလိုက်ရင်း ‘ညည်း လည်း မောရောပေါ့’ဟု ပြောတော့ ‘ဟီး··· ဟီး··· မောတော့ မောတာ ပေါ့။ ဒါပေမဲ့ ကောင်းတယ်။ အဲ··· မဟုတ်ဘူး သွားတော့မယ်’ဟု ဖြီး ဖြီးဖြီးဖြေပြီး ထွက်ပြေးသွားလေသည်။ သည်တော့ အချိန်က မွန်းပင်တည့်

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ တကယ်လည်း အထုပ်က နွမ်းနေပြီ။ နောက်အပတ်ထောင်ဝင်စာမှာ ဖေဖေနှင့် မေမေကို ထောင်ဝန်ထမ်းက ရုပ်အဆင်းပျက်နေသော သရက်သီးလေးလုံး လာပေးတော့ မေမေတို့က ရယ်နေကြသည်။ သူတို့အခင်မှာကတည်းက ထောင်ဝင်စာဝန်ထမ်းတွေက ကြိုပြောထားသဖြင့် သိနေကြသည်။ 'ကျွန်တော်တို့တွေ အန်တီတို့အိမ်ထိပဲ လိုက်လာရတော့မလို့နဲ့၊ အန်တီ့သမီးက မလွယ်ဘူး'ဟု ပြောထားကြသည်တဲ့။ 'အခု ဒါတွေ ဘာလုပ်ရမလဲ' ဟု မေမေက အူကြောင်ကြောင်မေးနေသေးသည်။ 'ဟာ… လမ်းက အမှိုက်ပုံးတစ်ခုခုမှာ ပစ်လိုက်တော့ပေါ့။ ဘာလုပ်ချင်သေးလို့လဲ အမေက'ဟု ပြန်ပြောမှ ဖေဖေရော၊ မေမေပါ ရယ်လိုက်ကြသည်။ သည့်နောက်မှာတော့ ငပွကြီးကနေ ငရစ်ကြီး ဖြစ်သွားရပြန်သည်။ မတတ်နိုင်။ သည်လိုအသေးအဖွဲလေးများမှအစ အာဏာကို အလွဲသုံးစားပြုနေကြမြဲဖြစ်ကာ သည်လိုအဖြစ်မျိုးကိုလည်း အသေးအဖွဲပဲဆိုကာ သည်းခံလျစ်လျူရှုလျှင် သည်အဂတိစနစ်ကြီးကို ကိုယ်ကပါ အလိုတူအလိုပါ ပါဝင်ဆင်နွှဲရာ ကျနေပေရော့မည်။ သည်လိုရစ်လိုက်သည့်အတွက် ကိုယ့်ဘက်က သီလ၊ သမာဓိ၊ ပညာများကို ထိခိုက်လိုက်ရတာလည်း ရှိမှ မရှိဘဲကိုး။

ဒီဇင်ဘာထဲမှာ အဖွဲ့ချုပ်က စစ်ထောက်လှမ်းရေးများ၏ မတရားပြုလုပ်မှုများအတွက် ဗိုလ်ချုပ်ခင်ညွန့်ကို တရားစွဲလိုက်သည်ဟု ကြားရသည်။ နိုင်ငံတကာသတင်းများကား ရောက်လာခဲဘိခြင်း။ အီရတ်ကို အမေရိကန်၊ ဗြိတိန်ဦးဆောင်ကာ ဆင်နွှဲသည့် သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးသတင်းမျိုးတောင် မကြားရ။ ထောင်ဝင်စာတွေမှာ ပြည်တွင်းက သတင်းထူးသတင်းဦးတွေ နေရာယူနေလွန်းသဖြင့် ပြည်ပသတင်းကို ပြောချိန်မရ။ သည့်နောက်ပိုင်း ကျွန်မ၏ ထောင်ဝင်စာများမှာလည်း ကြာလေဆိုးလေ ဖြစ်လာသည်။ ထောင်ဝန်ထမ်းတစ်ဦးက လိုက်နားထောင်ရုံမကဘဲ စာဖြင့် လိုက်မှတ်သလို အရာရှိတစ်ဦးကပါ အနားမှာရပ်ပြီး ဝန်ထမ်းမှတ်တာ ပြည့်စုံ မပြည့်စုံ စစ်ဆေးသည်။ ထို့ပြင် ကျန်းမာရေးကိစ္စမှာလည်း နေ့စဉ်သွေးပေါင်ချိန်တာမျိုးအပြင် တစ်ပတ်တစ်ခါမှာ တစ်ပတ်လုံးစာ ကျန်းမာရေးအခြေအနေကို မှတ်တမ်းပြန်လုပ်ပေးရသေးသည်ဟု ဆိုသည်။ သူနာပြုများအဆိုအရ မနက်ခြောက်နာရီထိုးလျှင် ဗဟိုထောက်လှမ်းရေးမှ ဝန်ထမ်းတစ်ယောက်ယောက်က ကျွန်မ၏ ဆေးမှတ်တမ်းကို လာတောင်းမြဲဖြစ်သည်



တဲ့။ ဖြစ်နေသည့် ဝေဒနာနှင့် မှတ်တမ်းယူနေသည့် **ကျန်းမာရေးစစ်ချက်တို့**ကြားမှာ အဆက်အစပ်က ကွာဟနေသည်ကိုတော့ **သူတို့ မသိကြ။ ဘာဝဲ**ဖြစ်ဖြစ် သည်လိုမှန်မှန်လာနေသဖြင့် ကျန်တိုက်သူတွေပါ သွေးပေါင်ချိန်နိုင်ခြင်းအတွက်တော့ ကျေနပ်ပြီး လက်ခံနေရသည်။ သည်နှစ်မကုန်ခင်မှာ မဒုံကို အဘွားနှင့်အတူ ဆေးရုံကြီးမှာထားရန် ခွင့်ပြုမိန့်ကျလာပြီး သူလည်း အနောက်တိုက်မှ ထွက်သွားတော့သည်။ ဆေးရုံမှ လွတ်ချင်လည်း လွတ်သွားနိုင်နေသည်မို့ သည်တစ်ခုကတော့ စိတ်ချမ်းသာစရာ။ ဘာပဲဖြစ်ဖြစ် ၁၉၉၈ လည်း ကုန်သွားခဲ့ပြန်ပြီ။

❑

www.burmeseclassic.com

# အလယ်လမ်းမှာ ပျောက်လုမ်းခြင်း

## မျှော်လင့်မထားသော ဖြစ်ရပ်

## တရားမဝင်သိလိုက်ရသော "မောင်လေးဆုံးပြီ"

၁၉၉၉ နှစ်ဆန်းက အင်းစိန်ထောင်ထဲမှာတော့ သာမန်အနေအထားသာ ဖြစ်ခဲ့သည်။ သရက်သီးကိစ္စပြီးကတည်းက ကျွန်မလည်း ဆရာဝန်မကြီးနှင့် ထပ်မတွေ့ရသေး။ ရက်ချိန်းက လိုသေးသကဲ့သို့ ထောင်အာဏာပိုင်တွေက လည်း သည်ကိစ္စကို ဆရာဝန်မကြီးထံ ပြောပြနေမည်ကိုလည်း လန့်ပုံရ သည်။ သည်လိုနှင့် တစ်ရက်မှာ ပြင်ပစာပေးစာယူဌာနမှာ တာဝန်ကျနေ သည့် ဝန်ထမ်းကောင်မလေးတစ်ယောက်က အနောက်တိုက်က တာဝန်ကျ ဝန်ထမ်းတစ်ဦး ရှောင်တခင်ခွင့်ယူထားသဖြင့် အစားလာဆင်းပေးသည်။ သူက လုပ်စရာရှိတာတွေ လုပ်နေရင်းက ကျွန်မအခန်းနား ကပ်လာသည်။ မျက်နှာလည်း မကောင်း။ ပြီးတော့ 'အစ်မ မောင်လေးဆုံးတာ စိတ်မကောင်း ဘူးနော်။ အသက်ဘယ်လောက်ပဲ ရှိသေးလို့လဲ။ ဘာနဲ့ဆုံးတာလဲ'ဟု ကောက်ကာငင်ကာ မေးချလိုက်သည်။ ပထမတော့ ကြောင်နေသေးသည်။ သူ လူမှားမှားနေသလားပေါ့။ နောက်တော့မှ 'ဟင် ဘယ်သူဆုံးတယ်၊ ဘယ်လိုလုပ်သိတာလဲ။ ဘာဖြစ်တာလဲ ပြောပြပါ'ဟု အမောတကောပြော ဖြစ်သည်။

'အစ်မ သိပြီးပြီထင်လို့ ပြောမိတာ။ ဘယ်သူ့မှ သွားမပြောပါနဲ့နော်။ ကျွန်မ ပြဿနာဖြစ်လိမ့်မယ်။ ဟိုနေ့က ကျွန်မ အပြင်မှာရှိတုန်း အစ်မအမေနဲ့ အမျိုးသမီးတစ်ယောက်က ရောက်လာတယ်။ အစ်မမောင်လေး ဆုံးသွားလို့



တဲ့။ အဲဒါ အသုဘချမယ့်နေ့မှာ အစ်မကို အပြင်ထုတ်ပေးဖို့ လာပြောတာတဲ့။ ကျွန်မလည်း စာပေးစာယူဌာနက လူတွေဆီပဲ ညွှန်လိုက်ရတာယ်။ နောက်ပိုင်း တော့ မသိတော့ဘူး။ စိတ်မကောင်းဖြစ်စရာတွေတော့ ပြောမိသွားပါပြီ' သူက အမှန်တကယ်ဝမ်းနည်းမှုသည့်ပုံရှိသည်။ ကျွန်မကတော့ ရုတ်တရက် မို့ ထိတ်ထိတ်ပျာပျာဖြစ်သွားတော့သည်။ မောင်လေး။ မောင်လေး။ ဘယ်သူ များ ဖြစ်မလဲ။ မောင်လေးဆိုရာမှာ စက်ာပူမှာရှိနေသည့် မောင်လေးအကြီးနှင့် ဟိုတစ်နှစ်ဆီက ထောင်မှလွတ်သွားသော မောင်လေးအငယ်။ ဘယ်သူ ဖြစ်မလဲ။

'ဘယ်မောင်လေးတဲ့လဲဟင်'ဟု မေးသာမေးနေရသည်။ စိတ်ထဲမှာ တော့ အတော်ကြီးလှုပ်ရှားနေမိသည်။ အမှတ်စိတ်တောင် ပေါ်မလာတော့။

'အဲဒါတော့မသိဘူး အစ်မ။ ကျွန်မလည်း အခြေအနေအရ အစ်မ အမေကို ကြာကြာနှုတ်မဆက်ရဲဘူး။ အစ်မမှာ မောင်ဘယ်နှစ်ယောက်ရှိမှန်း လည်း ကျွန်မမှ မသိတာ။ ကျွန်မစိတ်ထဲမှာ အစ်မ အသုဘသွားပို့ဖြစ်တယ် ထင်နေတာ။ တော်ပြီ အစ်မရယ်။ ကြာရင် ကျွန်မပြဿနာဖြစ်လိမ့်မယ်။ ဘယ်သူ့ကိုမှ သွားမပြောပါနဲ့နော်။ ထောင်ဝင်စာကျရင်လည်း မသိချင်ယောင် ပဲ ဆောင်နေပေးပါနော်'ဟု ပြောပြောဆိုဆို သူက ကျွန်မကို ကျောခိုင်းကာ နောက်ပိုင်းမှာလည်း ရှောင်နေတော့သည်။

အတွေးတွေက ယောက်ယက်ခတ်လာသည်။ စင်္ကာပူမှ မောင်လေး သာ မိသားစု၏ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်။ သူလုပ်ကျွေးနေ သဖြင့် ဖေဖေနှင့်မေမေမှာ အဆင်ပြေနေသည်။ သူက မော်ဒယ်လ်အဖြစ် သည်း တစ်ခါတလေ လုပ်နေသေးသူဖြစ်ပြီး သူ့ကိုယ်သူ သိပ်ဂရုစိုက်သဖြင့် သူမဖြစ်နိုင်။ သို့သော် ရုတ်တရက်ဆုံးတာမျိုးဖြစ်နေသည်မို့ သူပဲ စင်္ကာပူမှာ တော်တဆ ထိခိုက်မှုတစ်ခုခုကြောင့် ဆုံးရသည်လား။ ဒါလည်း မသေချာ။ အိမ်မှာရှိနေသည့် မောင်လေးကတော့ လူဆိုး။ သူ့ကြောင့် ဖေဖေနှင့်မေမေ သည်း စိတ်ဆင်းရဲပေါင်း များလှပြီ။ ဟိုတစ်လောကတော့ သူ ရှောင်းဆိုး သွင် သွေးပါလာကြောင်း ပြောသံကြားရသဖြင့် ကျွန်မက ဆရာဝန်နှင့် သချာပြပေးဖို့ ပြောမိသေးသည်။ သို့သော် သည်ကောင်က အိမ်တောင် သိပ်မကပ်ဟု သိရသည်။ သူက ထောင်ကလွတ်ပြီးမှ စင်္ကာပူမှာ သွားနေ လိုက်သေးသည်။ နောက်ပိုင်းမှာ မလေးရှားမှာ အလုပ်သွားလုပ်ပြီး ဘာမှ အကြောင်းမည်မည်ရရမရှိဘဲ ပြန်လာပြီး ထိုင်စားကာ ပြဿနာရှာနေသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ဒုက္ခပေးလွန်းသည့်အကြောင်းလည်း ထောင်ဝင်စာမှာ ကြားတော် သရွေ့ ကြားခဲ့ရသည်။ သူ ဆေးပြုတ်သည် မပြုတ်သည်လည်း မသေချာ သူ ဖြစ်ဖို့ကတော့ များနေသည်။ သို့သော် ဖြစ်ချင်မှလည်း ဖြစ်မည်။

စက်ဘီးပူကမောင်လေး ဆုံးတာဆိုလျှင်တော့ အိမ်၏အခြေအနေ လုံးဝမတွေးရဲနိုင်တော့သည့် အခြေအနေအနေကို ရောက်သွားတော့မည် ရန်ကုန်က မောင်လေးဆိုလျှင်တော့ ဖေဖေနှင့်မေမေကို ဒုက္ခပေးမည် လျော့သွားမည်ဖြစ်သော်လည်း အတူနေသားသမီးရယ်လို့ မရှိတော့ဘဲဖြစ် မည်။ မည်သို့တွေးတွေး စိတ်ထဲမှာ မကောင်းလှ။ ကိုယ့်လမ်းလျှောက်တွေ ချိန် မရောက်သေးသဖြင့် အတွေးတွေတသီကြီးတွေးနေလိုက်သည်။ မျက်ရည် တွေလည်း ကျဆင်းလာသည်။ သည်တော့မှ အမှတ်စိတ်တွေက ပြန်ပေါ် လာပြီး ခံစားမှုအားလုံးကို တစိုက်မတ်မတ်ပြန်မှတ်ဖြစ်သည်။ မမြဲသည့် တရားတွေကို ဆင်ခြင်ရသည်။ တည်ငြိမ်လှသည်မဟုတ်သည့်တိုင် မျက်ရည် တွေ မရှိတော့။ ဆက်မှတ်သည်။ သည်လိုတွေ့ကြုံဆုံကွဲ ဒုက္ခတွေ ဇာတိနှင့် ဘဝရယ်လို့ ဖြစ်နေသမျှ ခံစားရမှာမလွဲ။ မောင်လေး ဆုံးပြီ အဖေ အမေ အားကိုးမဲ့မည်၊ ဒုက္ခရောက်မည်၊ ကိုယ်လည်းအတူ အဆင်မပြေ နိုင်တော့။ သည်လိုအတွေးတွေ ဝင်လာလိုက် အမှတ်စိတ်များကြောင့် ဖြစ်ပျက်အစဉ်ကိုသာ ပြန်မြင်ပြီး ငါ၊ သူတစ်ပါးဆိုတာ မရှိကြောင်း သတိထား လာလိုက်။

နောက်တော့ ရေချိုးဖို့ တံခါးလာအဖွင့်မှာ ရေမချိုးမီ မခင်ဆွေရင် ကို ပြေးပြီးပြောပြမိသည်။ ဝန်ထမ်းတွေ ပြန်မသိအောင်တော့ သည်သတင်း ကို သိုသိုသိပ်သိပ်ထားပေးရန် ပြောရပြန်သည်။ နော်ဝါးဂေးကိုလည်း ပြော ဖြစ်သည်။ ကျန်နိုင်ငံရေးနောက်ခံလူတွေ အားလုံးလိုလိုလည်း သိသွားကြ အားလုံးကလည်း လုံးဝစိတ်မကောင်းကြ။ မျှဝေလိုက်ရသည့်အတွက်လည်း ကျွန်မက တစ်စစတည်ငြိမ်လာသည်။ မကြာသေးမီက အိပ်မက်တစ်ခု မက်ခဲ့ပြီး အိပ်မက်ထဲမှာ ကျွန်မ အပြင်မှာတုန်းက မြင်သာမြင်ဖူးပြီး မစီးခဲ့ဖူး သော မှန်လုံကားရှည်ကြီးတစ်စီးပေါ်မှာ မောင်လေးနှစ်ယောက်လုံး မပါ ကျွန်မတို့မိသားစု ခရီးသွားကြကြောင်းဖြစ်ပြီး အိပ်မက်ကို မက်ခဲ့သည် မှတ်မိခဲ့သူမို့ ထိုအိပ်မက်ကို ပြန်တွေးနေမိသည်။ များသောအားဖြင့်တော့ စက်ဘီးပူကမောင်လေးမှာ ၁၉၉၂ ကတည်းက ဟိုကိုရောက်နေသဖြင့် ကျွန်မ ၏ မှတ်ဉာဏ်မှာ သူက ထင်ရှားခဲ့ပြီးသား။ ရန်ကုန်က မောင်လေးကတော့



ထောင်ထဲမှာပင် အတွင်းထောင်ဝင်စာလိုမျိုး တွေ့နေသေးသည့်အပြင် သူ လေးရှားမသွားမီကလည်း လာတွေ့ထားသလို ထိုစဉ်က သူလက်ရာ ဟင်းစွန်းရွက်ကြော်ကို စားလိုက်ရသေးသဖြင့်လည်း ပိုပြီးအမှတ်တရ ရှိနေခဲ့ သည်။ သို့သော် ဆုံးသွားသည်ဆိုသော မောင်လေး မည်သူဖြစ်မည်ဆိုသည့် အမေးက ခေါင်းထဲမှာ ကျန်နေသေးသည်။ တစ်ဘက်ကလည်း သည်လို မိသားစုဝင်တစ်ဦး၏ ဈာပနကိုပင် သိခွင့်၊ ပို့ခွင့်မရအောင် လုပ်ရက်ကြသူတွေ ကိုလည်း အံ့သြမိသည်။

ဟိုယခင် ၁၉၉၁ တုန်းက ဆရာဦးသာခ ကွယ်လွန်ရာမှာ ကိုမင်းလူကို ဈာပနအခမ်းအနား တက်ခွင့်ပေးခဲ့သေးတာကို အမှတ်ရသည်။ သူလိုအဖြစ်မျိုး ကျွန်မလည်း ရင်ဆိုင်ရလိမ့်မည်ဟု မတွေးခဲ့ဖူးသော်လည်း ဖြစ်လာနိုင်ချေ ကတော့ လူတိုင်းမှာ ရှိနေသည်ပင်။ အထူးသဖြင့် ကျွန်မမှာ မိဘက အသက်အရွယ်ကြီးကြပြီ။ ထိုအချိန်မှာ ဖေဖေက ၇၁ နှစ်၊ မေမေက ၆၄ နှစ်။ အချိန်မရွေး တစ်ခုခုဖြစ်နိုင်နေသည့် အရွယ်များပင်။ ဖေဖေမှာ နှလုံးခုန် နှုန်းဖြစ်နေသဖြင့် သမားတော်တစ်ဦးနှင့် ပြနေရချိန်လည်းဖြစ်သည်။ သည် တော့ သူတို့လူကြီးတွေကို စိတ်ပူမိသော်လည်း မောင်အရွယ်တွေကိုတော့ စိတ်မပူမိခဲ့။ ခုတော့ ဒါသည်ပင် မမြဲသောအနိစ္စမှာ အရွယ်အကန့်အသတ်၊ သိင်အကန့်အသတ်တွေမရှိကြောင်း ထင်ရှားနေသည်။ ထားပါတော့။ အနိစ္စ က ရှောင်လွှဲလို့မရသော တရား။ ဒါဖြင့် သည်မောင်ငယ်၏ ဈာပနကို ခစ်မဖြစ်သူ ကျွန်မအား ဘာကြောင့်အသိမပေးသလို ပေးမပို့ရသနည်း။ ချက်ချင်း ဝန်ထမ်းကိုခေါ်ပြီး ထောင်ပိုင်ကို သွားမေးခိုင်းချင်လာပြန်သည်။ ဖြစ်ပြန်။ အခြေအနေမှန်ကို မသိဘဲ လာပြောသွားသည့် ဝန်ထမ်းကို သာသင့်နေသည်။ လျှို့ဝှက်ချက်ကို ပေါက်ကြားသဖြင့်ဆိုကာ သူက အလုပ် တွေဘာတွေပင် ပြုတ်ချင်ပြုတ်သွားနိုင်နေသည်။ သည်တော့ ထောင်ဝင်စာ ရက် မရောက်မချင်း စောင့်ရပေဦးမည်။

သည်လိုစောင့်နေစဉ်အတွင်းမှာ ဖေဖေနှင့် မေမေ မည်မျှ သောက၊ ပါဒတွေဝေပြီး ဗာဟီရတွေ များနေမည်နည်း။ မှန်းကြည့်တာနှင့်ပင် စိတ်မောလူမော ဖြစ်ရသည်။ မြန်မာ့လူနေမှုပတ်ဝန်းကျင်အနေအထား အိမ်နီးနားချင်းနှင့် မွေးစားညီမလေးတို့က သူတို့နှစ်ယောက်ကို စောင့်ရှောက် ကြမည်ဆိုသည်ကို သံသယမရှိသည့်တိုင် သူတို့မှာ အစစအရာရာ တာဝန်ရှိ သည်မို့ မည်မျှဒုက္ခများကြရှာလေမလဲ။ အကယ်၍ စက်ဘီးပူက မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်လျှင် ဈာပနကိစ္စကို မည်ကဲ့သို့ဆောင်ရွက်ကြမှာလဲ။ အတွေးတွေများလာပြန်သည်။ သည်အကြောင်း သိသွားသည့်တိုက်သူတွေက သူတို့ရေချိုးလမ်းလျှောက်ထွက်ချိန်တွေမှာ ကျွန်မအခန်းရှိရာ လာပြီး နှစ်သိမ့်စကားဆိုကြသည်။ ထို့အတွက် အားရှိရသော်လည်း စိတ်ထဲမှာ ဘဝင်မကျမှုတွေရှိနေဆဲ။ ဘာလို့ ငါ့ကို ဈာပနပို့ခွင့်မပေးရတာလဲ။ ဘာလို့အသိမပေးရတာလဲ။ အမေးတွေက ပေါ်လာလိုက်။ အမှတ်စိတ်တွေ ဖြစ်လာလိုက်။ သည်လိုအဆုမီးတွေဟာ ဒုက္ခသစ္စာကို မသိဘဲ ဘဝဘဝတွေ လိုချင်လွန်းသည့် သမုဒယသစ္စာကြောင့် ဇာတိတွေ ရလာရာမှ စခဲ့ပါပကောဟု ဆင်ခြင်လိုက်။ ဝဋ်ကြွေးတွေများ ဆပ်မကုန်လျှင် နည်းလမ်းအဖုံဖုံနှင့် ပေါ်လာတတ်တာပဲဟု တွေးလိုက်။ သူတို့အာဏာပိုင်တွေက ဘာကိုကြောက်လို့ သည်လို အသိမပေးခွင့်မပေး လုပ်ရသလဲဟု စဉ်းစားလိုက်။

'မဆွေ သေချာသွားပြီ။ အရင်က သူများတွေပြောတာ မှန်နိုင်တယ်။ တစ်ထောင်လုံးလွတ်သွားရင်တောင် မီးက ကျန်ခဲ့မယ်ထင်တယ်'ဟု မခင်ဆွေရင်ကို သွားပြောမိသည်။ 'ဟဲ့… ဘာဖြစ်လို့တုံး'ဟု သူမအလန့်တကြားဖြစ်သွားသည်။ 'စဉ်းစားကြည့်လေ ရောဂါအဖြေရှာဖို့ ဆေးရုံတက်ရမယ်ဆိုတုန်းကလည်း လုံခြုံရေးမပေးနိုင်လို့ဆိုပြီး ပေးမတက်ဘူး။ ခု မောင်တစ်ယောက် ဆုံးတယ်ဆိုတော့လည်း အသိလည်းမပေး၊ အသုဘအခမ်းအနားလည်း တက်ခွင့်မပေးဘူး၊ သည်တော့ အဖြေက ပြင်ပကမ္ဘာနဲ့လုံးဝအဆက်အစပ်မလုပ်စေချင်ဘူးဆိုတာပဲ။ သည်တော့ ကျန်းမာအောင်ပဲနေတော့မယ်။ အနှစ်နှစ်ဆယ်မပြည့်မချင်း ဘာကိုမျှ မမျှော်တော့တာအကောင်းဆုံးပဲ'ဟုဆိုတော့ မဆွေက ဘာမှပြန်မပြောနိုင်လောက်အောင်စိတ်မကောင်း ဖြစ်သွားပုံရသည်။ 'ကဲ… ဒီညတော့ စကားမပြောတော့ဘူးနော်။ အော်ပြောတုန်း စကားအများတွေ ပါသွားပြီး ကျန်တဲ့သူတွေ ကြားသွားရင် မကောင်းဘူး။ စိတ်တော့ မပူနဲ့နော်။ တရားပဲ ပြန်မှတ်နေဖြစ်မှာပါ။ နောက်ဆုံးတော့ သံသရာလွတ်လမ်းကို အာရုံပြုတာက အကောင်းဆုံးပဲ။ အိပ်မပျော်မှာလည်း မပူနဲ့။ ဟိုးအရင်ကသာ အိပ်မပျော်သောညများဆိုတာမရေမတွက်နိုင်အောင် ရှိခဲ့တာ။ အခုတော့ တရားမှတ်လို့ သမာဓိလေးကောင်းလာတဲ့ အချိန်မှာ အမှတ်စိတ်လေးကို ကြဲပြီး လှဲ့လလေး လျှော့လိုက်ရင် အိပ်ပျော်သွားတာမို့ အိပ်ပျော်သောညတွေချည်း ဖြစ်နေပြီ'ဟု နှုတ်ဆက်ပြီး ထိုနေ့အဖို့ ကျန်အချိန်များမှာ နှုတ်ဆိတ်နေလိုက်တော့သည်။



ကျွန်မက ဘယ်လိုပဲ စိတ်မပူနှင့်ဆိုဆို မဆွေကတော့ ထိုနေ့က အတော်ကြီးစိတ်ပူခဲ့ပုံရပါသည်။ သူ့ကို ပြောဖြစ်ခဲ့သော စကားတွေကို နားထောင်ပြီး ကျွန်မမျက်နှာကို ငေးနေသည့် သူ့မျက်ဝန်းတွေမှာတိုက စိတ်မကောင်းခြင်း၊ စာနာနားလည်ခြင်း၊ စိတ်ပူပန်ခြင်းတွေ အထင်းသားပေါ်နေခဲ့သည်။ ထိုညက ကျွန်မလည်း မှတ်လိုက်တွေးလိုက်ဖြင့် အတော်ကြီးအလုပ်များခဲ့တာကို ဝန်ခံရပါမည်။ သောကရှိသည့်တိုင် အမှတ်က ထက်ကြပ်ကျွာ ပေါ်လာတတ်သည်မို့ မီးလို မပူခဲ့ပါ။ သည်တော့လည်း သည်မျှသတိကို မလွတ်တမ်းကပ်နေနိုင်အောင် အသားကျနေသည့် အားထုတ်မှုအတွက် ကျေးဇူးတင်မိရသည်။ အမှန်တကယ်လည်း ဗုဒ္ဓမြတ်စွာဘုရားသာမပေါ်ထွန်းခဲ့လျှင်၊ မြတ်စွာဘုရား၏ တရားတော်တို့ကိုသာ မနာကြားခဲ့ရလျှင်၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်များကို မဆည်းကပ်ဖြစ်ခဲ့လျှင်၊ တရားတော်ကိုသာ အားအင်အပြည့် သံဝေဂအပြည့်ဖြင့် အားမထုတ်ဖြစ်ခဲ့လျှင်ဟု တွေးမိတော့ ပူလိုက်သည့်ဖြစ်ခြင်း။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့်သာ သည်မျှစွမ်းသည့် ခံနိုင်ရည်ကို ရရပါ၏။ သည်မျှကောင်းသော သတိကို တတ်နိုင်ပါ၏။ သည်မျှထက်သန်သော သဒ္ဓါကို ရှိရပါ၏။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပွားများကြည်ညိုရင်း ထိုညကို လွန်မြောက်ဖြစ်ခဲ့ပါသည်။

နောက်နေ့မနက် မိုးလင်းတော့ ရေချိုးဆန်ပြုတ်အဝေမှာ မဆွေက ကျွန်မကို တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ထားသော မျက်နှာနှင့် နှုတ်ဆက်နေသည်။ သူ့ကရုဏာမျက်ဝန်းတွေကိုကြည့်ပြီး ကျွန်မ စိတ်မကောင်းဖြစ်သွားသည်။ 'မဆွေ စိတ်မကောင်းမဖြစ်နဲ့လေ။ ကိုယ်တောင်ခုသေမလား တော်ကြာသေမလား မမှန်းနိုင်ဘဲနဲ့။ သည်လိုပဲ ခဏနေမှာလွတ်ချင်လည်း လွတ်သွားနိုင်တယ်မဟုတ်လား။ အနာဂတ်ဆိုတာ ကိုယ်မပိုင်ပါဘူး။ အတိတ်ကလည်း မက်လောက်စရာ ဘာမှမရှိဘူး။ သည်တော့ပစ္စုပ္ပန်မှာ နေတတ်ဖို့အရေးကြီးတယ်။ မီးတော့ မိနစ်တိုင်းမှာ ရှင်ဖို့ကြိုးစားပြီးမိနစ်တိုင်းမှာ နေသွားမှာပဲ'ဟု အေးအေးဆေးဆေး ပြောလိုက်ချိန်မှာတော့ မဆွေက မျက်လုံးတွေ အရည်လဲ့သည်ထိ ရယ်လေသည်။ 'ရှင်ဟာလေ မနေ့က လွတ်မှာမဟုတ်တော့ဘူးလေ ဘာလေးနဲ့ ပြောတော့ စိတ်ဓာတ်တွေကျသွားပြီ ထင်နေတာ။ အခုတော့ ခဏနေ လွတ်ချင်လွတ်သွားနိုင်တယ်လို့ဖြစ်သွားပြီလား။ ကျုပ်ကိုတောင် ပြန်ပြီးအားပေးနေသေးတယ်။ ရှင်စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ကျတာကလည်း ၂၄ နာရီတောင် မခံပါလား။ ရှင့်ကို စိတ်ဓာတ်ကျသွားအောင် ဘယ်လိုလုပ်လို့မှ မရနိုင်ဘူး ထင်တယ်။ ပစ်တိုင်းထောင်လို့ပဲ ရယ်ရတယ်'ဟု ဝမ်းသာအားရ ဆိုလိုက်သည်။ သည်တော့မှ ကျွန်မလည်း ခယိုးခယိုင်ဖြစ်ခဲ့သော ယမန်နေ့က ကိုယ့်စိတ်ကို ပြန်သတိထားမိသလို မခွေပြောသလို ပြန်ပြန်ထောင်ထလာသည့် အကောင်းမြင်စိတ်၊ ပစ္စုပ္ပန်ကိုသာ ရင်ဆိုင်လိုစိတ်တွေကို ပြန်မြင်ယောင်မိသည်။ မှန်ပါသည်။ ကျွန်မသည် အတိတ်မှာလည်း မနေ၊ အနာဂတ်မှာလည်း မနေဘဲ ပစ္စုပ္ပန်မှာသာ နေသောသူစစ်စစ် ဖြစ်နေပါပြီ။ ထို့ကြောင့် မကြာခင် ရောက်လာတော့မည့် ထောင်ဝင်စာရက်မှာ သောကအပေါင်းနှင့် နွမ်းလျနေသော်လည်း သူတို့တရားနှင့်သူတို့ ပစ်တိုင်းထောင်နေနိုင်သေးသည်ဟု ယူဆရသော မိဘနှစ်ပါးကို တွေ့ဖို့ရန် အားအင်တွေပြည့်ကာ ထောင်မတ်နေခဲ့ပါပြီ။

## ပို့ခွင့်မရလိုက်သော မောင်လေးအသုဘ

သို့သော် သည်သတင်းကို မသိချင်ယောင်ဆောင်ထားဖို့ဆိုတာ မလွယ်မှန်း နောက်ရက်အတန်ကြာမှာ ထောင်ဝင်စာခန်းထဲ ဝင်လာသည့် ဖေဖေနှင့် မေမေ့ကိုကြည့်ပြီး သဘောပေါက်ရပြန်ပါသည်။

'ဖေ၊ မေ'

'သမီး'

'ဘယ်သူလဲဟင်၊ ဘယ်သူလဲ၊ ကျော်လား အောင်လား'

'အောင်အောင်။ ဩော်… သမီးကို ပြောပြလား'

သည်စကားတွေက တစ်ပြိုင်တည်းလိုလိုမှာ ထွက်သွားဖြစ်ကြပြီး နောက်မှ မည်သူမျှ တရားဝင်အကြောင်းမကြားကြောင်း ပြောဖြစ်သည်။ သည်အချိန်မှာ ဆားမှာ ထောင်မှူးမက ရှိနေသဖြင့် 'သည်ကိစ္စနဲ့ပတ်သက်ပြီး အခုပေးမယ့်အချိန်နဲ့ မလောက်ဘူး။ ဆယ့်ငါးမိနစ် ပိုပေးပါ'ဟု ပြောဖြစ်လိုက်သည်။ သူကတော့ ထောင်ပိုင်ဆီ ပြောကြည့်မယ်ဟုပြောကာ အမျိုးသားဝန်ထမ်းတစ်တစ်ယောက်ကို ခိုင်းလိုက်သည်။

'မေမေတို့ကို ဘယ်သူက ခွင့်မပြုတာလဲ။ ဘယ်လိုဖြစ်လို့ ဆုံးတာလဲ။ ဘယ်နေ့က ဆုံးတာလဲ။ ဘယ်နေ့က သင်္ဂြိုဟ်လိုက်လဲ' စသဖြင့် အမေးတွေက တသီကြီး။ လူဆိုးဟုသတ်မှတ်ထားသော မောင်အငယ် ဆုံးသွားခြင်း



ဖြစ်ပြီး သူ့နှစ်ဆယ့်ရှစ်နှစ်ပြည့်သည့်မွေးနေ့ ၁၉၉၉ ဇန်နဝါရီ ၁၃ ရက်နေ့မှာ နက်သုံးနာရီကတည်းကထ၊ အာရုဏ်ဆွမ်းကို ကိုယ်တိုင်ချက်ပြီးကပ်တော့ ဆရာတော်တွေကို သူလိမ္မာတော့မည့်အကြောင်း လျှောက်ပြီးနောက် အိပ်ရေးပျက်ထားသဖြင့် မနက်စာမစားမီ တစ်ရေးအိပ်ရာမှ ပြန်မနိုးလာတော့ခြင်းဟူသာ အကြမ်းဖျဉ်းသိလိုက်ရသည်။ မေမေတို့ လာပြောစဉ်မှာ ဝန်ထမ်းတစ်ဦးက စာကို လက်ခံထားလိုက်သော်လည်း 'မျှော်တော့ မျှော်မနေနဲ့၊ အန်တီ့သမီးက ကမ္ဘာ့သိ ရှာသိဖြစ်နေတော့ ထုတ်ပေးမယ့်ပုံမရှိဘူး'ဟု ပြန်ပြောလိုက်သလို အသုဘချသည့်နေ့မှာလည်း ကျွန်မ ရောက်မလာမှသာ သူတို့လည်း ထိုစကားမှန်သားဟု တွေးမိကြသည့်တဲ့။ ဘယ်လိုပဲဆိုဆို အချိန်ပိုပြောခွင့်ကို မပေးနိုင်၊ နောက်တစ်ပတ် ထောင်ဝင်စာမတိုင်မီမှာ ကြိုတင်ပြမှ ရနိုင်မည်ဟု ဆိုလာသည်။ မည်သည့်နေရာကစပြီး မည်သို့ ချောင်းဖျနှစ်သိမ့်အားပေးရမည်ကို မသိတော့အောင် ထိုအချိန်လေးမှာ ဖေဖေ၊ မေမေတို့နှင့် အပြန်အလှန်ပြောရင်း ထောင်ဝန်ထမ်းများနှင့် အချိန်ပိုကိစ္စငြင်းရင်း ဘယ်ကဘယ်လို အနောက်တိုက်အခန်းထဲ ပြန်ရောက်လာမှန်းပင် မသိအောင် ရှုပ်ယှက်ခတ်သွားတော့သည်။ မှတ်မိတာတစ်ခုကတော့ 'မိသားစုဝင်တစ်ယောက်ရဲ့ ဈာပနကို ပို့ခွင့်မရတဲ့ကိစ္စကိုရော အသိမပေးတာကိုပါ လုံးဝလက်မခံနိုင်ဘူး။ သည်ကိစ္စကို ဖြေရှင်းပေးရမယ်လို့ ပြောတယ်ဆိုတာ ထည့်ရေးလိုက်'ဟု ပြောသမျှ လိုက်မှတ်နေသည့် ဝန်ထမ်းကို ပြောခဲ့ကြောင်းသာ။

တိုက်ရောက်တော့ အားလုံးကို ဈာပနသတင်းအား တရားဝင်ပြောလိုက်သည်။ ဝမ်းနည်းကြောင်း စကားသံတွေကြားမှာ ကျွန်မ မောပန်းနေသည်။ အားလုံးက ထောင်ဝင်စာထုတ်ဖြေရန် ခွန်အားပင် မရှိမှာ စိုးနေကြသည်။ အမှန်တော့ သည်သတင်းက ရုတ်တရက်သတင်းဖြစ်သည့်တိုင် ကျွန်မက ကြိုသိနေခဲ့ရသော အမင်္ဂလာသတင်းမို့ သည်နေ့မှာတော့ ထူးပြီး ပုံပျက်ပန်းပျက် မဖြစ်။ အချိန်ပို လုံလုံလောက်လောက် မပေးသည့်ကိစ္စကိုသာ ခံရခက်နေသေးသည်။ ဖြစ်လာသမျှကို ကိုယ့်သီလ၊ သမာဓိ၊ ပညာတို့အတွက် စိန်ခေါ်မှုများအဖြစ် သဘောထားနေသည့်တိုင် စိန်ခေါ်မှုတွေက ထင်ထားတာထက် များနေပြီဟု ခံစားမိလာသည်။ ထိုနေ့ညကတော့ တိုက်မှာ တိတ်ဆိတ်မနေတော့။ အတိအကျမသိရဘဲ မနိုးသောအိပ်ခြင်းဖြင့် ကွယ်လွန်သွားသော အသက်နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးသည့် မောင်ငယ်အကြောင်း ဖြစ်ရပ်က ကျွန်မကို မေးခွန်းတွေ အများကြီးမေးလာတော့သည်။ မေမေတို့

www.burmeseclassic.com

www.burmeseclassic.com



ပြောသွားချက်အရ အိမ်မှာ ကနားဖျင်းထိုးတော့ အိမ်နီးနားချင်းက ဖေဖေဆုံးသည်ဟု ထင်ကြသတဲ့။ မှန်သည်။ ကျွန်မလည်း ကိုယ် ထောင်ကမထွက်ခင် အသက်အရွယ်ကြီးရင့်နေသည့် မိဘနှစ်ပါးကိုသာ တိမ်းပါးသွားနိုင်သည်ဆိုပြီး သိပ္ပံနည်းကျ တွေးပူနေခဲ့ကာ အနိစ္စသဘောအရ အရွယ်မရွေးအချိန်မရွေး တိမ်းပါးသွားနိုင်ကြောင်း တရားနည်းလမ်းကျကျ မစဉ်းစားဖြစ်ခဲ့။ မထင်ထားတာတွေ ဖြစ်လာခဲ့ပြီ။ ထင်ထားတာတွေကော ဖြစ်မလာနိုင်တော့ဘူးလား။ သိပ်ဖြစ်နိုင်ပါသည်။

## မိဘကျေးဇူး ဆပ်ဖို့

ကျွန်မက ထောင်အနှစ်နှစ်ဆယ် ကျထားသည်မို့ ပုံမှန်လွတ်ရက်အရဆိုလျှင် လျှော့ရက်ကို ထည့်တွက်ဦး နှစ်ဆယ်ရာစုထဲမှာ လွတ်ရက်မရှိ။ နှစ်ဆယ့်တစ်ရာစုထဲမှာတောင် ဆယ်စုနှစ်တစ်ခုစာလောက် စွန်းသွားနိုင်သည်။ သည်အချိန်လောက်ဆိုလျှင် မိဘနှစ်ပါး၏ အသက်တွေက ရှစ်ဆယ်ကျော်နှင့် ရှစ်ဆယ်နီးပါးတွေ ရှိသွားကြပေမည်။ နှစ်ဆယ့်ရှစ်နှစ်သားက မနေ့တစ်နေ့မှာ သေသွားနိုင်သေးလျှင် သည်ရှစ်ဆယ်ဝန်းကျင်မိဘတွေက ဒီနေ့ မနက်ဖြန်မှာ သေသွားနိုင်တာလည်း အမှန်။ ရောဂါဝေဒနာတွေ ဇရာနှင့် နဂိုကမှ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေခဲ့သော သုံးဆယ့်သုံးနှစ်သမီးကလည်း ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက် မကွေးမီဆိုသကဲ့သို့ ဗိုက်အနာကို သက်သာရန် ရေနွေးအိတ်ကပ်နိုင်အောင် ဓာတ်ဗူးရှိရာ တွားသွားရင်းမှာ ဇီဝိန်ကြွေသွားနိုင်နေသည်။ ပျက်သွားတာတွေကို စောင့်ကြည့်ဖူးလှပြီ။ ပျက်သွားတာတွေကို မြင်ရဖူးလှပြီ။ ပြန်ပြန်ပြီး ဖြစ်လာတာတွေကိုလည်း မြင်ရဖူးလှပြီ။ သည်လိုဖြစ်ဖြစ်လာလိုက် ပျက်ပျက်သွားလိုက် အဖြစ်အပျက်တွေကို ကြောက်ဖူးလှပြီ။ ညည်းငွေ့ဖူးလှပြီ။ စက်ဆုပ်ဖူးလှပြီ။ ထို့ကြောင့်ပင် လွတ်လမ်းအတွက် အားထုတ်ခဲ့ဖူးပြီ။ အားထုတ်နေသေးသည်။ သည်အားထုတ်မှုကြောင့်လည်း သည်မျှခံနိုင်ရည်နှင့် သည်မျှခွန်အားကို ရခဲ့ကာ သည်မျှသော သောကများကို ရင်ဆိုင်နိုင်နေပြီ။ သမာသတိနှင့် သမာသမာဓိတို့၏ အစွမ်းကိုလည်း ကျေးဇူးတင်နေရပြီ။ သည်အရသာကို သည်အမိ သည်အဖကိုမျှ မမျှဝေနိုင်လျှင် လူဖြစ်ရှုံးရောမည်။ သည်အမိသည် အဖ၏ ကျေးဇူးတရားသည် တွေ့သမျှလူကို 'ဘယ်မိဘကိုမှ မစော်ကားပါ။ ကျွန်မမိဘနှစ်ပါးဟာ အကောင်းဆုံးပဲလို့



ခံယူထားတယ်'ဟု ပြောနေရုံနှင့် ကျေနိုင်ပါရိုးလား။ သီတင်းထူးတည်းအောင်ရှာဖို့လည်း စိတ်မဝင်စား၊ ပညာပဲရှာပြီး မှန်သည်ထင်တာကို လုပ်ရေးခဲ့သမျှ ညည်းတမ်း မငြိုငြင်စတမ်း ကြည်ဖြူဖြည့်ဆည်းပေးခဲ့သော သည်မိဘနှစ်ပါးတို့ကို သည်တရားအရသာအတွက် အားထုတ်ပုံများအား မျှဝေနိုင်သည့် အဆင့်အထိ မျှဝေပေးခြင်းဖြင့်သာ ကျေးဇူးဆပ်နိုင်မည်ဟု သန္နိဋ္ဌာန်ချမိတော့သည်။ သည်လိုမှ မိဘကျေးဇူးကို ဆပ်နိုင်အောင် အားမထုတ်ဖြစ်ဘဲ တစ်ခုခုဖြစ်သွားကြလျှင်ဟု တွေးမိတော့ လက်ခံလို့မရတော့။

သည့်နောက်တစ်ပတ် ထောင်ဝင်စာမှာလည်း အချိန်ပိုတောင်းထားတာကို ဆယ်မိနစ်ပဲ ပိုပေးသည်။ ဖေဖေနှင့် မေမေကို ကျွန်မိသားစုတွေလာခင် ငါးမိနစ် ကြိုခေါ်ပေးပြီး သူများတွေပြန်ပြီး နောက်ငါးမိနစ် ပိုပြောရသည်။ သည်အခါမှာလည်း ပြောစရာတွေက မကုန်နိုင် မခမ်းနိုင်။ မောင်လေးက အိမ်မှာသာ သိုးမည်းဖြစ်ကာ အိမ်နီးနားချင်း၊ သူငယ်ချင်းများနှင့် ရပ်ကွက်၏ အချစ်တော်ဖြစ်နေခဲ့သဖြင့် ယခုတိုင်ဝမ်းနည်းကြောင်း လာအားပေးကြသည့် သူ့ပရိသတ်အပါအဝင် ကျွန်မ၏ မိတ်ဆွေရောင်းရင်းများ၊ မိသားစု ဆွေမျိုးမိတ်ဆွေများနှင့် အိမ်မှာ စည်တုန်းဟု သိရတော့သည် သည်လိုမိတ်ဆွေသင်္ဂဟတွေကို သိကျွမ်းရသည့်အတွက် ဝမ်းသာကျေးဇူးတင်ရပြန်သည်။ သို့သော် မိဘနှစ်ပါးကို ကြည့်ရတာ အထူးနွမ်းလျလှသည်။ တစ်လပြည့်ဆွမ်းကျွေးကိစ္စအပါအဝင် ကိစ္စတွေကလည်း များလှသည်။ စက်ဘုမှ မောင်လေးကိုလည်း ပြန်မလာဖို့ သူတို့ကပင် ပြောလိုက်သည်တဲ့။ သူ့ခများလည်း မယုံနိုင်ဘူးဟု တစ်ချိန်လုံးပြောနေပြီး ပြန်လာချင်သော်လည်း သခုမှ အခြေကျကာစဖြစ်သဖြင့် ခွင့်မယူချင်သလို သူလာလို့လည်း ထူးမသွားနိုင်တော့ဟု ဆုံးဖြတ်လိုက်သည်တဲ့။ သည်တော့ မိဘကျေးဇူးအတွက် ကိုယ်တိုင်အားထုတ်ပြီး ကိုယ်တိုင်သိခွင့်ရလာသော တရားရေအေးများကို မျှဝေတိုက်ကျွေးရန် အချိန်ကမရှိ။ နောက်ထပ် အချိန်ပိုတောင်းလျှင်လည်း ရနိုင်ပါဦးမလား မဆိုနိုင်။ သည်တော့ သည်လိုပုံနှင့် မိဘနှစ်ပါးအတွက် ကျွန်မလုပ်ပေးနိုင်တာ ဘာမှမရှိတော့ဘူးလားဟု တွေးမိပြန်သည်။ မဟုတ်။ လုပ်နိုင်သေးသည်။ သည်တော့…

'ဗထလကို အကြောင်းကြားပါ။ တွေ့ချင်တယ်လို့'ဟု တာဝန်ကျဝန်ထမ်းကို ပြောဖြစ်လိုက်သည်။ သည်တစ်ခါတော့ အချိန်ကို သိပ်စောင့်ရာမလိုခဲ့။ နောက်သုံးရက်လောက်အကြာမှာ ဗထလက ဗိုလ်မှူးရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူကတော့ ထောင်က သူတို့ကို အချိန်မီ အသိမပေးခဲ့သဖြင့်သာ ယခုကဲ့သို့ အသုဘကိစ္စကို မမီလိုက်ရခြင်းဟု ဆင်ခြေပေးသည်။ ဒါက လည်း ရိုးနေပြီ။ ထောက်လှမ်းရေးက ထောင်ကိုပုံချ၊ ထောင်က ထောက်လှမ်း ရေးကို ပုံချ။ ကြက်ဥအစ ရှာရတာကမှ လွယ်ဦးမည်။ သည်တရားခံနှစ်ဖွဲ့ ကြားမှာ မည်သည့်အခါကမျှ လက်သည်မပေါ်။ ထိုအကြောင်းကို ဆွေးနွေး လျှင် လေကုန်သွားမည်မို့ လိုရင်းကို ပြောရသည်။ တွေးမိထားသည့် အနိစ္စ၏လောဂျစ်တွေကို အရင်ဆုံးရှင်းပြရသည်။ ပြီးမှ မိဘနှစ်ပါးနှင့် အချိန်ပိုစကားပြောခွင့်တောင်းထားတာကို ထောင်က တုံ့ပြန်ပုံကိုလည်း ပြော သည်။ လာမည့် ထောင်ဝင်စာပတ်မှာ ဆယ့်ငါးမိနစ် ပိုပေးအောင် စီစဉ်ပေး မည်ဟု ပြောလာသည်။ ထားတော့။

'ကျွန်မ အခုအချိန်မှာ သူတို့ကို ပြောပြမှာက ဆယ့်ငါးမိနစ်ပိုရှိရင် လည်း မလောက်တော့ဘူး'

'သည်တော့ ဘာဖြစ်ချင်တာလဲ' သူ့အသံက ဇဝေဇဝါ။

'စာရေးချင်တယ်။ သည်စာရေးဖို့ကိစ္စကို ဗထလကပဲ စီစဉ်ပေးပါ။ သည်လိုရုံးခန်းမျိုးမှာ စာရွက်နဲ့ဘောပင်သာ ချထားပေးပါ။ တစ်ထိုင်တည်း ကျွန်မ ရေးပေးမယ်။ ပြီးရင် ကြိုက်သလို စိစစ်နိုင်တယ်။ ပြီးရင်တော့ ဖေဖေနဲ့မေမေကို ဗထလက တာဝန်ယူပြီး ပို့ပေးပါ' ကျွန်မက သံပြတ်

'ဘာအကြောင်းရေးမှာလဲ' သူကလည်း ပိုပြတ်သားလာသည်။

'အောက်ဉာဏ် နှစ်ဉာဏ်အကြောင်းပဲ' ကျွန်မက တိတိကျကျ။

'ဗျာ' သူက ဘူးလုံးနားမထွင်း။

'မိုးကုတ်ဆရာတော်ဘုရားကြီးက ရုပ်နာမ်သဘာဝကို ခွဲခြားသိတဲ့ ဉာဏ်နဲ့ အကြောင်းကြောင့် အကျိုးဖြစ်တာကို ဆင်ခြင်သိတဲ့ ဉာဏ်နှစ်မျိုးဟာ အားထုတ်နေလက်စရှိသူတွေကို ပိုသိသွားအောင် ရှင်းပြသင့်တယ်၊ ရှင်းပြ တယ်လို့ ဆိုထားပါတယ်။ သည်အောက်ဉာဏ်နှစ်ဉာဏ်ကို ကျေညက်ထား တတိယဉာဏ်ဖြစ်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်တဲ့ ဆင်ခြင်တဲ့ဉာဏ်ဟာ ထင်ရှားဖြစ်လွယ်မှာပါ။ အဲဒီကနေမှ နောက်ဉာဏ်အဆင့်ဆင့်ကို ဆက် မှာပါ။ မိဘကို ကျေးဇူးဆပ်တဲ့နေရာမှာ တရားအသိဉာဏ်အလင်းကို ရ အတွက် အကူအညီပေးပြီး ဆပ်မှရမှာပါ။ သည်တရားအသိဟာ အလှူ လိုမျိုး အမျှဝေလို့ ရကောင်းတဲ့၊ ရနိုင်တဲ့ကုသိုလ်မျိုး မဟုတ်တဲ့အတွက် ကျွန်မက ခုလိုစာနဲ့ရေးပြီး ရှင်းပြကူညီချင်တာပါ။ သည်လို ရေးလိုက်ရင်



နောက်မှ ကျွန်မထောင်ထဲမှာရှိရှိ ကျွန်မဖြစ်စေ မိဘနှစ်ပါးဖြစ်စေ ထွက်သွား သွားမယ်ဆိုရင် ကျေးဇူးကြွေးဆပ်နိုင်အောင် အားထုတ်ပြီးပြီမို့ စိတ်အေးနိုင် မှာပါ။ ဒါမှမဟုတ်ဘဲ ခုနေများ တစ်ယောက်ယောက်က တစ်ခုခုဖြစ်သွား မယ်ဆိုရင် ကျွန်မအနေနဲ့ သည်လောက်ကောင်းတဲ့မိဘကို သည်လောက်အေး နဲ့ ကျေးဇူးမဆပ်နိုင်သူ ဖြစ်သွားမှာမို့ ပြောနေတာပါ' ကျွန်မက အသေအချာ ရှင်းပြဖြစ်သည်။

'သည်အောက်ဉာဏ်နှစ်ဉာဏ်ဆိုတာကို ကျွန်တော့်ကိုရော ရှင်းပြလို့ ရဘူးလား' သူက စိတ်ဝင်စားစပြုလာသည်။

'ရပါတယ်။ သည်လိုလေ အများက ရုပ်နဲ့နာမ်နဲ့ ကွဲမှ ငါပြုတ်မယ် လို့ ပြောကြတယ်မဟုတ်လား။ ရုပ်နဲ့နာမ်နဲ့ ကွဲတယ်ဆိုတာ ရုပ်ကြီးက သပ်သပ်၊ နာမ်က သပ်သပ်ဖြစ်ပြီး ကိုယ့်ရုပ်ကြီး ထိုင်နေတာကို ကိုယ့်နာမ်က ဆားက ထိုင်ကြည့်သလို မြင်နေရတာမျိုး ပြောတာ မဟုတ်ဘူး။ ရုပ်သဘာဝ နာမ်သဘာဝကို ခွဲခြားသိတာ ဉာဏ်နဲ့ ပိုင်းခြားသိတာကို ခေါ်တာ'ဟု အစချီလိုက်သည်။ သည့်နောက်ပိုင်းမှာတော့ ကျွန်မက တရားနာပရိသတ် တစ်ယောက်ရှေ့မှာ တရားဟောနေသလိုပင် စိတ်ပါလက်ပါ ရှင်းပြဖြစ်သွား သည်။ အနည်းဆုံး သူတို့လိုလူတွေက သည်လိုတရားမျိုးကို ကြားဖြစ်သွား လျှင် မဆိုးဟု တွေးမိသည်။ သနားစရာကောင်းသည့်သူတွေထဲမှာ သူတို့ လည်း ပါသည်ပင်။ စနစ်ပျက်ထဲမှာ ကိုယ်ပိုင်ခံယူချက်၊ ယုံကြည်ချက်ရယ်လို့ ထားမရနိုင်အောင် နှံ့နှစ်နေကြသူတွေ။ အာဏာနှင့် လုပ်ပိုင်ခွင့် အကျဉ်း ထောင်မှာ ကိုယ့်ဘာသာ တစ်သက်တစ်ကျွန်းကျနေသူတွေ။ အမှန်ဆိုရလျှင် သူတို့ကို မြင်တိုင်း သံဝေဂလည်းရ၊ သနားလည်း သနားသည်။ မှားတာကို မှားမှန်း မသိသူတွေ၊ မှားမှန်းသိသိနှင့် မှန်အောင် ကြိုးစားရန်းထွက်နိုင်စွမ်း မရှိဘဲ ဆက်မှားနေကြသူတွေ၊ မှားလက်စနှင့် မထူးဇာတ်ခင်းကာ မှားခြင်း ကြီးသူတွေ၊ မှားတော့ ဘာဖြစ်သေးလဲဟု ဟိန်မာန်ဖြင့် စုံလုံးကန်းနေသူတွေ သံသရာရေးမှာ ဘယ်လိုများစိတ်အေးနိုင်မှာတဲ့လဲ။

ကျွန်မ၏ အထူးတရားပွဲပြီးတော့ ဗထလဗိုလ်မှူးလည်း နားမလည်ချင် တလည်ဖြင့် 'ကျွန်တော် အမြန်ဆုံးအကြောင်းပြန်ပါမယ်။ လူကြီးတွေကို အမြန်ဆုံးတင်ပြပါ့မယ်။ ပြီးရင်တော့ စာရေးဖို့ စီစဉ်ပေးနိုင်မှာပါ။ ဒါတွေ ရေးဖို့က မဖြစ်နိုင်စရာမရှိပါဘူး'ဟု ဆိုကာ ပြန်သွားသည်။ သည်တစ်ခါ တော့ စစ်ကြောရေးမဟုတ်သဖြင့် သူတို့၏မေးနေကျ 'နိုင်ငံရေးအိပ်မက်တ

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ'ဆိုတာပင် မေးမသွားရှာတော့။ ကျွန်မလည်း အောင်စာရင်းမရှိသည့် လူတွေ့ နှုတ်ဖြေမို့ အောင်မှာ၊ ကျမှာကို ပူစရာမလိုတော့။ တိုက်ပြန်ရောက်တော့ အားလုံးက ခါတိုင်းလို စာမေးပွဲခါစစ်သည်လားဟု တွေးကြလေ သည်။ ကျွန်မက ရှင်းပြတော့ 'ကောင်းပါတယ်၊ မပြောနိုင်ဘူး၊ လွတ်ချင် လွတ်သွားမှာ'ဟု ဝိုင်းအားပေးကြသည်။ ထိုအချိန်မှာ လွတ်ချင်စိတ်ထက် သည်စာကို ရေးချလိုက်ချင်စိတ်က အတော်ကြီးပြင်းပြနေခဲ့သည်။ နောက်ရက် မှာ မခင်မာရီက ညက သူ အိပ်မက်မက်ကြောင်း၊ အိပ်မက်ထဲမှာ ကျွန်မ မဟာဒုတ် စာရေးတံမဲပေါက်သဖြင့် ဘုရားပင့်ခွင့်ရရာ ယောဂီဝတ်စုံဝတ်ပြီး မြသပိတ်လွယ်ထားကြောင်း မက်သဖြင့် ကျွန်မ အမှန်တကယ်လွတ်သွားနိုင် သည်ဟု ဆိုလာပြန်သည်။ သည်လိုနှင့် ၂၀ ရာစုကို နှုတ်ဆက်တော့မည့် နှစ်တစ်နှစ်၏ ပထမဆုံးလသည် ကုန်ဆုံးလွန်မြောက်သွားခဲ့ပေပြီ။

❖

## ထင်မှတ်မထားသည့် အိမ်အပြန်

### စစ်ကြောရေးတဲ့

'မသီတာ စစ်ကြောရေးရှိတယ်တဲ့။ ပုံစံဝတ်ထားပါတဲ့'ဟု ဝန်ထမ်းတစ်ယောက်က ၁၉၉၉ ဖေဖော်ဝါရီလ ၁၁ ရက် မနက်ရှစ်နာရီလောက်မှာ လာပြောသည်။ မကြာသေးမီက အိမ်ကို စာရေးခွင့် တင်ထားသည့်ကိစ္စ အတွက်ဖြစ်မည်ဟု တွေးမိသော်လည်း ထုံးစံအတိုင်း မဖြေနိုင်မည့်မေးခွန်း တွေနှင့် ကြုံရပြီး လွတ်မြောက်ရေး စာမေးပွဲထပ်ကျနေမှာကို မလိုလားသဖြင့် စစ်ကြောရေးဆိုသည့်အသံကြားရတာ စိတ်မချမ်းမြေ့။ သို့သော် ပုံစံအဖြူ ဝတ်ပြီး စောင့်နေလိုက်သည်။ စာရေးခွင့်ပေးတာ ဖြစ်နိုင်နေသေးသည်ဟု လည်း တွေးမိကာ ရေးရမည့်စာသားတွေကို စီနေလိုက်သည်။ အခြားအခန်း တွေက ရေချိုးလမ်းလျှောက်ထွက်ချိန်ပင် ရောက်နေပြီ။ လာမခေါ်သေး။ ထိုနေ့က ကျွန်မအခန်းအလှည့်က နောက်ဆုံး။ သိပ်မကြာသေးမီက အခန်း အပြောင်းအရွှေ့တွေ လုပ်ထားသဖြင့် ကျွန်မက မချူး ယခင်နေသွားသော အခန်းထဲရောက်နေသည်။ မခင်ဆွေရင်တို့ မခင်မာရီတို့ အန်တီတွေအားလုံး



က စကားပြောဆင်ခြင်ဖို့ သတိပေးကြသလို လွတ်ခါနီးပြီနဲ့တူတယ်ဟု အားပေးကြသည်။ စာရေးခွင့်ပေးမည့်ပုံဆိုတာတော့ လူတိုင်းက တွေးနေ ကြသည်။ ထိုနေ့က ကြာသပတေးနေ့မို့ ဥပုသ်မစောင့်ထားသော်လည်း ရေချိုးအလှည့် နောက်ဆုံးဖြစ်ရာမှာ ထမင်းစားချိန်နှင့် တိုက်နေသဖြင့်က တစ်ကြောင်း၊ စစ်ကြောရေးမှာ မည်မျှကြာမည်မှန်း မသိသဖြင့်ပါ ထမင်းကို ဖြစ်သလိုပဲ ခပ်မြန်မြန်စားလိုက်သည်။ ပုံစံအဖြူကို ဝတ်လက်စအဝတ်တွေပေါ် မှာ ကောက်ထပ်ဝတ်ထားသဖြင့် လူက အနေကျပ်နေသည်။ စိတ်ထဲမှာ သောင်မတင် ရေမကျဖြစ်နေတာလည်း ပါလိမ့်မည်။ သည်လို အနေအထား မျိုးမှာ စစ်ကြောရေးတဲ့။

### ဆေးရုံဖြစ်သွားပြန်ပြီ

သည်လိုနှင့် ကျွန်မအခန်း ရေချိုးလမ်းလျှောက်ချိန်က ရောက်လာ သည်။ မထူး။ ရေကတော့ ချိုးမှ ဖြစ်မည်။ အဝတ်တွေ မလျှော်တော့ဟု တွေးပြီး ဝတ်နေကျတွေထဲမှာ အကောင်းဆုံးဖြစ်သည့် ဝတ်လက်စ ပါတိတ် ထဘီလေးကိုပင် ရေဝတ်ချိုးလိုက်သည်။ စဉ့်အိုးထဲက ရေတွေကို ခပ်ချိုးရင်း အမှတ်ကို သတိထားပြီး ပြန်မှတ်နေမိသည်။ စစ်ကြောရေးဆိုမှတော့ ကိုယ့် ဘက်က အထူးတည်ငြိမ်နေဖို့လိုသည်။

'မသီတာ ထွက်မယ်။ ဟင်… အခန်းထဲမှာလည်း မရှိဘူး။ ခြော် ရေချိုးနေတာလား။ စစ်ကြောရေးလို့ မပြောထားဘူးလား။ မစောင့်နေဘဲ ဘာလို့ရေချိုးရတာလဲ' စက်သေနတ်ပစ်သလို တရစပ် ပြစ်တင်လိုက်သံနှင့် အတူ နှစ်ပွင့်နှင့် ထောင်မှူးမကြီး ရောက်လာသည်။

'စောင့်နေတာပဲ တစ်မနက်လုံး။ ရေချိုးချိန်မှ မချိုးလို့ ရမလား။ ပြီးခါနီးပြီ'ဟု ပြန်ပြောတော့ သူက ကျွန်မရေချိုးနေရာနားထိ ရောက်လာ သည်။

'ထားလိုက်တော့။ အဝတ်လဲချေ။ အချိန်မရှိဘူး။ မြန်မြန်'ဟု ခေါ်ပြ သည်။

'ဖြစ်ရလေ၊ စောင့်နေတုန်းကတော့ လာမခေါ်ဘဲနဲ့၊ ခုမှတော့ ရေချူး ပြန်စောင့်တော့ပဲ'ဟု ကျွန်မက ဘုတောတော့ သူက ရယ်မှုန်း ရယ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'သြော်… အဝတ်လဲပါတော့။ ရော့… သည်မှာ ရေလဲထဘီ' ဆိုကာ တိုင်မှာတင်ထားသည့် ရေလဲထဘီကိုပင် ကွင်းလုပ်ပြီး လာပေးသည်။

'ဟာ… အစ်မကြီး မလုပ်နဲ့လေ၊ သည်စဥ့်အိုးကုန်မှ ရပ်လို့ရမယ်' ဟု ကျွန်မက ပြောတော့ သူက 'သြော်… ညနေကျရင်လည်း တစ်ခါချိုးလို့ ရနေတာပဲ၊ ညနေကျမှ ချိုးတော့ပေါ့' ဟု ပြောပြန်သည်။

'ဘယ်ရမလဲ၊ ညနေကိုယ်တာက သပ်သပ်၊ ခုကိုယ်တာက ဘယ် နှစ်ခွက်ကျန်မှန်း မသိနိုင်တော့ ကုန်အောင်ချိုးသွားမှ ဖြစ်မယ်' ဟု ကျွန်မက ကပ်နေတော့ သူက စိတ်မရှည်တော့သလို ထဘီကို ဖွတ်လာပေးနေတော့သည်။ ကျွန်မလည်း ခပ်မြန်မြန် ရေကုန်အောင်ချိုးပြီး အဝတ်လဲဖို့ လုပ်သည်။ သူက အခန်းထဲထိ လိုက်ဝင်လာကာ 'ကဲ ပစ္စည်းသိမ်းချေ။ မြန်မြန်နော်' ဟုဆိုသည်။ 'ဘာလို့လဲ စစ်ကြောရေးဆို။ ဘာလို့ ပစ္စည်းသိမ်းရမှာလဲ' ကျွန်မ အတော်လေးလန့်သွားသည်။ ဘာမပြော ညာမပြောနှင့် စစ်ကြောရေး ဆိုပြီး ပစ္စည်းသိမ်းခိုင်းတော့ ထောင်ပြောင်းများလားဟု စိတ်ထင့်သည်။

'အစ်မကြီး အမှန်အတိုင်းပြောနော်။ ထောင်ပြောင်းလား၊ ဘာလဲ နို့မဟုတ်ရင် ပစ္စည်းမသိမ်းနိုင်ဘူး' ဟု ဆိုတော့ 'ဆေးရုံတက်ရမယ်၊ မြန်မြန် လုပ်၊ ဟိုမှာ အားလုံးစောင့်နေကြတယ်' ဟုဆိုပြီး ကျွန်မ ပစ္စည်းတွေကို သူကပင် လိုက်စုစည်းနေသည်။

'နေပါဦး၊ ဆရာဝန်ချိန်းတဲ့ရက်လည်း မရောက်သေးဘဲနဲ့။ ဘာလဲ ဆရာမကြီးက လှမ်းခေါ်လို့လား။ စကိုပီ လုပ်ရတော့မှာတဲ့လား' ကျွန်မ စိတ်ထဲထင်ရာ မေးတော့ သူက ခေါင်းချည်းညိတ်ပြသည်။ သည်တော့ ကျွန်မလည်း ပုံစံအဖြူကို သူချည်းပဲ ဝတ်ဖို့ ပြင်သည်။ 'သြော် အဖြူမဝတ်နဲ့ အပြင်ဝတ်ရိုးရိုးပဲ ဝတ်' ဟု သူက လှမ်းပြောသည်။ ဆေးရုံကို ထောင်တွင်း ထောင်ပနေရာစုံ ထွက်ခဲ့ဖူးသော်လည်း အကျဉ်းသားဝတ်စုံအဖြူနှင့်သာ ထွက်ခဲ့ဖူးပြီး ယခုလို အဖြူမဝတ်နှင့်ဟုတားတာ မခံရဖူးသဖြင့် အံ့သြနေသည်။ ပဟေဠိဆန်သည့် မျက်ဝန်းတွေနှင့် ကျွန်မကို စိတ်မရှည်တော့သလို ကြည့်ပြီး 'မြန်မြန်လုပ်ပါ၊ ပစ္စည်းက ရှင်သိမ်းနေရင် ကြာမယ့်ပုံပဲ။ လူခေါ်ပြီး သိမ်းခဲ့ပေးမယ်။ ရှင်သွားနှင့်။ ဘာတွေယူသွားမလဲသာ ပြော' ဟု ပြောလာပြန်သည်။ 'ဆေးရုံသွားမယ့်ဥစ္စာ အကုန်ယူမှာပေါ့၊ ကြက်သွန်နီလို အစိမ်းတွေပဲ ထားခဲ့မယ်။ မီလ္လာအိုးက သုံးလုံးလုံး ယူမှာနော်။ အဲဒါအရေးကြီး



တယ်။ သေချာထည့်ပေး။ နေဦး၊ ဝတ်စရာထဘီအကောင်းက မရှိတော့ဘူး' ကျွန်မလည်း ယောင်အအဖြစ်စပြုလာသည်။ သည်လိုနှင့် ၁၉၉၅ အစ်မ လွတ်ပြီးစမှာ မေမေတို့က ကျွန်မလွတ်လာသည့်နေ့မှာ ဝတ်ဖို့ဆိုကာ ပေးထားသည့် အင်္ကျီအဖြူနှင့် ကချင်ထဘီလေးကို ကောက်စွပ်လိုက်သည်။

## နောက်ဆုံးအချိန်ထိ ညာ

'ကဲ… သွားပါတော့။ ခေါင်းလည်း လမ်းမှာပဲ ဖြီးသွားတော့' ဟု ကျွန်မလက်ထဲကို ဘီးကအစ ယူလာပေးပြီး ပြောနေပြန်သည်။ ထိုစဉ်က ကျွန်မက ဆံပင်ထပ်ညှပ်ခွင့်မရတော့သဖြင့် ခါးလယ်လောက်ဆံပင်ရှည်မွမွကြီးနှင့် ဖြစ်နေချိန်။ 'ပစ္စည်းတွေ မကျန်စေနဲ့နော်။ တစ်ခုခုဆို အစ်မကြီးတာဝန်ပဲ' ဟု ရအောင်ပြောခဲ့ပြီး အခန်းထဲက ထွက်ကာ ဘေးခန်းက နော်ဝါးဂေးကို 'ဆေးရုံလို့ပြောတယ်။ ဒါပေမဲ့ အရပ်ဝတ် ဝတ်ခိုင်းနေတယ်။ ဘာမှန်းမသိဘူး။ နားစွင့်နေနော်။ ထောင်ပြောင်းလို့ကြားရင် အိမ်ကိုပြောပေးနော်' ဟု အခန်းကတန်းမှာလိုက်ကာ ရုံးခန်းဘက် ထွက်လိုက်သည်။ ထောင်မှူးမကြီးက ကျွန်မနှင့်အတူ အပြေးတစ်ပိုင်း လျှောက်လိုက်လာသည်။ ကျွန်မက ခေါင်းဖြီးရင်း လျှောက်ရတာမို့ အဆင်မပြေ။ သည်လိုနှင့် ရုံးခန်းရှေ့တံခါးကနေ ထွက်လိုက်လာကာ ထောင်ဗူးဝတံခါးမကြီးဆီ ရောက်သည်။ ထောင်ဗူးက တံခါးတွေမှာ တစ်တောင်လောက်အမြင့်ရှိသည့် သစ်သားဘောင်ကို ကျော်ပြီးဖြတ်ရတာမျိုးမို့ သူနောက်က အမြန်လိုက်အကျော်မှာ သိမ်းထားတာ ကြာသဖြင့် တိုက်ဆွေးဖြစ်သွားပုံရသော ထဘီက ဖြန်းခနဲကွဲသွားသည်။

'အစ်မကြီး… ဒုက္ခပါပဲ။ ဘယ်လိုမှ ဆက်လျှောက်လို့ မဖြစ်ဘူး။ လဲစရာထဘီလည်း မရှိတော့ဘူး' ဟု ကျွန်မက မျက်နှာပျက်ပျက်ဖြင့် ပြောမိသည်။ ထောင်ဗူးဝတံခါးနှစ်ထပ်အတွင်းမှာက အမျိုးသားဝန်ထမ်းတွေချည်း။ သူလည်း စိတ်ရှုပ်သွားသလိုဖြင့် နီးရာရုံးခန်းလွတ်တစ်ခုကို ရှာနေသည်။ သည်အချိန်မှာ 'ဟာ… အစ်မ ဘာဖြစ်နေတာလဲ။ မျှော်မထားဘူးလား အစ်မလွတ်တော့မှာလေ' ဟု ဆေးရုံသွားတိုင်း ပါနေကျ ဝထလမှ ဝန်ထမ်းလေးက လှမ်းနှုတ်ဆက်သည်။

'ဘာပြောတယ်။ ဒါပဲ ဆေးရုံတက်ရမှာဆို' ဟု နားမလည်နိုင်သလို မေးတော့ 'ဟင်… ကျွန်တော်တို့က လွတ်တော့မယ်လို့ပဲ ပြောခိုင်းတာ' ဟု

www.burmeseclassic.com



ပြန်ဖြေသည်။ 'သြော်… ဒါဆို သူက လာညာတာပေါ့'ဟု စကားဆက် ဖို့ပြင်မှာ တောင့်မူးမကြီးက ကျွန်မကို အခန်းလွတ်တဲ့ အကောင်းခွဲခဲ့ပေါ်ဂုလိုက် သည်။

'လှည့်သာ ဝတ်လိုက်တော့'

'အစ်မကြီး ဘာလို့ညာရတာလဲ' ကျွန်မက သူ့မျက်နှာစေ့စေ့ကြည့်ပြီး မေးတော့ မဖြေ။

'ရှင်က သိပ်စကားပြောတာကိုး။ အဲဒီပါးစပ်ကြောင့်ပဲ ရှင် ခုမှ လွတ်တာ။ နို့မို့ဆို ပြီးခဲ့တဲ့လကတည်းက ရှင်လွတ်တယ်'ဟု သူက ခပ်တည် တည်ပြောလာသည်။

'ဘာပြောတယ် အစ်မကြီး။ ဘာစကားတွေပြောလို့ သည်လိုဖြစ်ရ တယ် ပြောနိုင်ရတာလဲ။ ပြီးခဲ့တဲ့လက မလွတ်တာဆိုတော့ သည်ကြားမှာ ဘာတွေပြောလဲ။ ဘာလို့ အစ်မကြီးက သည်လိုပြောနိုင်ရတာလဲ။ ခုပြောပါ။ မပြောရင် သည်ကိစ္စအတွက် တိုင်ကြားရလိမ့်မယ်'ဟု ကျွန်မက မာမာထန် ထန်ပြောနေစဉ်မှာ အခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်သည်။

'တော်ပြီ တော်ပြီ၊ ဟိုမှာစောင့်နေကြပြီ။ ထဘီလှည့်ဝတ်ပြီးပြီ မဟုတ် လား၊ သွားမယ်' ဟု ပြောကာ သူက ရှေ့မှ စထွက်သည်။

ကျွန်မတို့က ထောင်ပိုင်ရုံးခန်းရှေ့ကိုရောက်တော့ ထောင်ပိုင်နှင့်အတူ မိလ္လာအိုးသုံးလုံးပါသည့် ဖြစ်သလို သိမ်းထုပ်ထားသော ကျွန်မပိုင်ပစ္စည်းထုပ် ကြီးကို တွေ့လိုက်ရသည်။ ထောင်ပိုင်က 'ပစ္စည်းတွေတော့ ရောက်နေပါပြီ။ အားလုံးမကျန်ပါဘူး။ စစ်ကြည့်ချင်သေးလား'ဟု ဆိုသည်။ 'ဆေးရုံသွား မယ်ဆိုလို့ အားလုံးယူတာပဲ။ အိမ်ပြန်မယ့်ကိစ္စ အားလုံးမလိုပါဘူး။ ယူချင်တာ တစ်ခုနှစ်ခု ယူပြီးရင် ကျန်တာတွေ အနောက်တိုက်ကိုပဲ ပြန်ပေးပေးပါ' ဟုဆိုတော့ 'စိတ်ချပါ။ တစ်ခုမှ မလျော့စေရဘဲ ပေးပေးပါ့မယ်။ ဟိုမှာ မျှော်နေကြပြီမို့ သွားပါတော့' ကျွန်မအကြောင်းကို သိနေကြောင်း ပြသည့် အနေဖြင့် ကတိကို အခိုင်အမာပေးလိုက်သည်။

## လွှတ်လှူ့စကား

ရုံးခန်းထဲမှာတော့ ရစ်ချတ်ဆင်လာတုန်းကလို ကင်မရာမီးရောင်တွေ က ဝင်းထိန်နေသည်။ ကျွန်မက လမ်းလျှောက်တာကို အထူးသတိထား နေရသည်။ ထဘီထပ်ကွဲသွားလျှင် မလွယ်။ ထပ်လှည့်လို့လည်း ရမှာမဟုတ်



တော့။ လူကြီးဆိုသူတွေက အပြုံးတွေ ဝေပြနေသည်။ သတိ၊ အမှတ်စိတ် တွေက ချက်ချင်းပြန်ကပ်လာသည်။ အမှတ်ကြောင့် လူက အေးအေးဆေး ဆေးပဲ ထိုင်ချနိုင်သည်။ နောက်တော့ ၄၀၁ (၁) အရ ဆိုင်းငံ့ပြစ်ဒဏ်အဖြစ် ကျွန်မကို လွှတ်ပေးပါကြောင်း ဖတ်ပြတော့သည်။

'မသီတာလည်း သိပါတယ်။ ကျွန်တော်တို့ထောင်က မသီတာရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင် ရွက်ပေးခဲ့တာချည်းပါပဲ။ မသီတာဘက်ကသာ မကျေနပ်ခဲ့တာပါ။ အဲဒါ' တစ်ခါက ကျွန်မကို စကားအနိုင်ပြောလို့လည်း မရဘူးဟု နောက်ကွယ်မှာ ညည်းတွားဖူးသည့် ထောင်ပိုင်က ခုတော့ ညွှန်မှူးဖြစ်နေကာ ခုလိုစကားမျိုး ဖြင့် နှုတ်ဆက်လိုက်သည်။ ကျွန်မက သူ့စကားမဆုံးခင်မှာ 'အန်ကယ်တို့ အကောင်းဆုံးက ကျွန်မအတွက် အကောင်းဆုံးမှ မဖြစ်ခဲ့တာပဲ။ မကျေနပ်တာ မဟုတ်ဘဲ ကျွန်မလိုချင်တဲ့ အကောင်းဆုံးတွေကို ကျွန်မ ပြောခဲ့တာပဲ'ဟု ဖြတ်ပြောလိုက်တော့ မည်သူမျှ စကားထပ်မပြောနိုင်ကြတော့ပြန်။

'အင်း… ထောင်ကို ဘာများပြောချင်သေးလဲ'ဟု ထောင်ပိုင်က မေးပြန်သည်။

'အန်ကယ်တို့က ဟိုတစ်လောမှာ ဝန်ထမ်းတွေကို လိုက်နာရမယ့် စည်းကမ်းတွေဆိုပြီး အလွတ်ကျက်ဖို့ ချပေးထားတာတွေကို သူတို့ အော် ကျက်နေလို့ သိထားပါတယ်။ အဲဒီထဲမှာ အကျဉ်းသားပင် ဖြစ်လင့်ကစား တိုင်းရင်းသားချင်းဖြစ်သည့်အတွက် ကောင်းမွန်စွာ ဆက်ဆံသဘောထားရန် ဆိုတဲ့အချက်တစ်ချက် ပါနေပါတယ်။ ဒါပေမဲ့ ကျွန်မတို့ အကျဉ်းသားတွေ အားလုံး အဲဒီလို တစ်ခါမှမခံစားကြရတာကို သိကြစေချင်ပါတယ်။ သိချင် နေတာက ကျွန်မမိဘတွေ ဘယ်မှာလဲ။ သူတို့ရော ကျွန်မလွတ်မှာကို သိပြီလား'

'ဟုတ်ပါပြီဗျာ။ မိဘတွေကို သွားအကြောင်းကြားနေပါတယ်။ ကျွန်တော်တို့အစီအစဉ်က ဒီကနေ မသီတာကို ကျွန်တော်တို့ ရုံးကိုခေါ်သွား ပြီး မိဘတွေကိုလည်း သွားခေါ်လာပေးမယ်။ မိဘကို ပြန်အပ်ပြီးမှ အိမ်ပြန် ပို့ပေးမယ်။ သည်လိုပါ။ အခု မိဘတွေကို သွားခေါ်မှာမို့ ဘာမှာချင်သေးလဲ'

'သြော်… ဒါဆို မေမေ့ကို ထဘီတစ်ထည် ယူခဲ့ဖို့ ပြောပေးပါ'ဟု အားမနာတမ်းမှာရသည်။

'စိတ်ချပါဗျာ၊ နောက်ဆုံးအနေနဲ့ရော ဘာပြောချင်သေးသလဲ'

www.burmeseclassic.com



'ဪ… တစ်နေ့မှာ နာရီနှစ်ဆယ်နီးပါး တရားအားထုတ်ဖြစ်အောင် အခြေအနေပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်းတော့ ပြောချင်ပါတယ်။ တကယ်လို့ ကျွန်မသာ ထောင်မကျခဲ့ရင် သည်လောက်အချိန်တွေ ရှိမှာ မဟုတ်တော့ သည်လိုလည်း အားထုတ်ဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့် အန်ကယ်တို့ရော၊ လူကြီးတွေကိုရော ကျေးဇူးတင်တာပါ။ အားထုတ်ရိုးဆုံးဖြတ်ဖြစ်ခဲ့တဲ့ ကျွန်မကိုယ်ကျွန်မလည်း ကျေးဇူးတင်နေမိပါတယ်'

သည်စကားအဆုံးမှာတော့ သူတို့မျက်နှာတွေက စာမဖွဲ့နိုင်သည့် အမူအရာများနှင့် ဖြစ်နေကြသည်။ လွတ်လူက လွတ်ပေးသည့်အတွက်တော့ ဘာမှမပြောဘဲ ထောင်ကျခဲ့ရသည့်အတွက် ကျေးဇူးတင်စကားဆိုနေခြင်းမို့ သူတို့တွေ အနေခက်နေကြသည်။

သည်လိုနှင့် ကင်မရာမီးတွေကြားမှာ ရုံးခန်းထဲက ထွက်လိုက်တော့ ဗူးဝမှာ တံခါးတစ်ထပ်က ရှိနေသည်။ သည်တံခါးကို ဖြတ်ထွက်ရစဉ်မှာ အမှတ်စိတ်တွေက မြဲမြံစွာဖြင့် ခြံရံလျက်။ တံခါးကို ဖြတ်ရာမှာ လူကြီးဆိုသူတွေပါ ပါလာတော့ ခေါင်းငုံ့ဒူးထောက်ပြီး ဝင်ထွက်ရသည့် တံခါးလေးအစား ဆယ့်ငါးပေလောက်မြင့်သည့် တံခါးမကြီးကို ဖွင့်ပေးသည်။ သည်တော့ သတိမြဲမြံသော ခြေလှမ်းများဖြင့် ထောင်တွင်းမှ ထောင်ပြင်ကို အလွန်ကျက်သရေရှိလှစွာ လျှောက်ထွက်သွားနိုင်ခဲ့သည်။ စိတ်က အတော်ကြီးကြည်လင်တည်ငြိမ်နေသည်။ 'ဝင်လာတဲ့ခြေလှမ်းတွေအတိုင်းပဲ ပြန်ထွက်သွားမယ်'ဟု တရားအားမထုတ်ခင်က ပြောခဲ့ဖူးသည့်စကားမှာ ယခုတော့ မှားနေပြီဟု သိနေသည်။ ဝင်လာခဲ့သော ခြေလှမ်းများတုန်းက သည်လို သတိမမြဲခဲ့။ ခုတော့ သတိနှင့်ပညာသည် ခြေလှမ်းတိုင်းမှာ ကပ်လျက်။ ဝင်ခဲ့သည့် ခြေလှမ်းများနှင့် ထွက်လာဖြစ်သည့် ခြေလှမ်းတို့ကြားမှာ အကွာကြီး ကွာခဲ့ပြီ။ အခြားကြီး ခြားခဲ့ပြီ။ သည်အဖြစ်ကိုတော့ ကိုယ်တိုင်မှလွဲပြီး မည်သူမျှ ဂဃနဏ သိနိုင်မှာမဟုတ်။ ထောင်ကထွက်လျှင် စိတ်သစ်လူသစ်ဖြစ်လာပြီဟု ဆိုရိုးမှာ ကျွန်မအတွက် အတိအကျမှန်နေခဲ့ကြောင်း သတိနှင့်ယှဉ်သည့် ယခုခြေလှမ်းတွေက သက်သေခံနေကြပြီ။

## ပြင်ပကမ္ဘာသို့ အဝင်

'မသီတာ ကျွန်တော်က ------ ပါ။ ဗိုလ်မှူးကြီးက ဗိုလ်မှူးကြီး --------ပါ။ မသီတာ ကြည့်ရတာ ဘာမှမဖြစ်သလိုပဲ။ လွတ်တာကို



ဝမ်းမသာဘူးလား။ ခုလို ထောက်လှမ်းရေးတပ်မှူး ကိုယ်တိုင်က မော််တော်ကားကြီးမောင်းပြီး ဗိုလ်မှူးကြီးနဲ့အတူ ထိုင်လိုက်ရင်း ထောင်က လွတ်နေတာကို မအံ့သြဘူးလား။ သည်ကားက နောက်ဆုံးပေါ်။ သူများ မသိတဲ့သူတာ ဗိုလ်မှူးကြီးက သူ့နှမလေးနဲ့အတူ စီးလိုက်လာသလိုလိုနဲ့။ သည်လိုပုံမျိုးနဲ့ ထောင်ကလွတ်တာ မသီတာတစ်ယောက်ပဲ ရှိသေးတယ်'ဟု ကားမောင်းနေရာမှ လူကြီးမင်းက စကားစသည်။ တရားအမှတ်နှင့် သတိ၊ ပညာများကြောင့် ကျွန်မမျက်နှာမှာ သူတို့ဖတ်နိုင်သည့် ပုံရိပ်တွေ မရှိသည့်အတွက် ကျွန်မကို သည်လိုမေးလာခြင်းသာ။

'ဝမ်းတော့ သာပါတယ်။ ဒါပေမဲ့ အဆန်းမှမဟုတ်တာ။ အဝင်ရှိခဲ့လို့ အထွက်ရှိတာပဲ။ စပြီးဝင်ခဲ့ရကတည်းက တစ်နေ့မှာ ထွက်ရမယ်ဆိုတာ သိနေပြီးသားပဲလေ'ဟု ကျွန်မက ပုံမှန်သံနှင့် ပြန်ပြောတော့ သူတို့က ပြုံးလိုက်ကြသည်။

'ဘယ်လောက်ကြာသွားလဲ' ထောင်ဝင်စာတွေ့ရန် စောင့်ဆိုင်းနေကြသည့် အဆောက်အဦးနားက အဖြတ်မှာ ဗိုလ်မှူးကြီးက မေးလိုက်သည်။

အချိန်ခပ်တိုတိုအတွင်းမှာ 'ငါးနှစ် ခြောက်လ ခြောက်ရက်'ဟု ကျွန်မက ဖြေတော့ 'ဘုရားရေ နေ့တိုင်းများ ရက်တွေ တွက်ထားတာလား' ဟု အာမေဋိတ်သံ ထွက်လာသည်။ ကျွန်မက ဘာမှပြန်မဖြေ။ အချိန်တိုအတွင်း ဂဏန်းအပေါင်းအနုတ် လုပ်လိုက်ကြောင်း ပြောပြမနေချင်။

'အခု လွတ်ပြီဆိုတော့ ဘာလုပ်မလဲ။ ကျွန်တော်တို့ ဘာကူညီရမလဲ။ အားမနာနဲ့နော်'

'ဒါဆို ကျွန်မ ပတ်စပို့လိုချင်တယ်'

'ဗျာ… အဲ… ဘာဖြစ်လို့လဲ အခုလောက် မြန်မြန်ကြီးတော့ ပတ်စ်ပို့လျှောက်လို့ မရနိုင်သေးပါဘူး၊ ဘယ်သွားမှာမို့လို့လဲ' တအံ့တသြနှင့် အထိတ်တလန့် ဖြစ်သွားပုံရသည်။ ကားက ထောင်ဗူးဝက ခွာကာစ ထောင်ဝင်းထဲကတောင် မထွက်သေး။ ကျွန်မက ပြည်ပထွက်ဖို့ ကြံနေပြီကိုး။

'ပညာရေးအတွက် ဆက်ရဦးမှာ ရှိတယ်လေ။ ဘွဲ့လွန်တက်ချင်သေးတယ်။ အခုလျှောက်လို့မရရင် ဘယ်တော့ဆို ရနိုင်မလဲ'

'အင်း… ခြောက်လလောက်တော့ စောင့်ရမယ်ထင်တယ်။ အခုတော့ ရှိပြီးသား မဟုတ်လား'

'သက်တမ်းတော့ တိုးရလိမ့်မယ်။ အရင်အတိုင်းပဲ လုပ်စရာရှိတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်လုပ်ရုံပါ။ အထွေအထူးတော့ မရှိပါဘူး’ဟု ဖြေတော့ ကျွန်မတို့ သေချာစိုက်ကြည့်နေသည်။ ဘာမှတော့ ထပ်မမေး။

## နောက်ဆုံးအချိန်ထိ ပြဿနာရှာ

နောက်တော့ ဒဂုံမြို့နယ် တော်ဝင်လမ်းနားမှာရှိသည့် ထောက်လှမ်းရေး အမှတ် ၇ ရုံးထဲ ရောက်သွားသည်။ ဖေဖေနှင့် မေမေကို သွားခေါ်ကြရာ ဖေဖေက မြို့ထဲရောက်နေသဖြင့် လှည့်ပတ်ခေါ်နေရတုန်း အရာရှိတစ်ဦးက ကျွန်မအတွက် မေမေ့ဆီမှ ထဘီတစ်ကွင်း ယူလာပေးသည်။ ထဘီကိုကြည့်လိုက်တော့ ယောဂီထဘီ။ တိုက်အခန်းထဲမှ ထွက်လာစဉ် ကမန်းကတန်းဆွဲလာမိသည်က မွေးပွလက်ကိုင်ပဝါအစိမ်းလေး။ မခင်မာရီ၏ အိပ်မက်ကို သတိရသွားသေးသည်။ ထဘီလဲပြီးပြီး ဖေဖေနှင့်မေမေကို စောင့်နေစဉ်မှာ ကျွန်မကို နိုင်ငံတော်အကြီးအကဲများ၏ စေတနာ မည်မျှကောင်းကြောင်း ပြောလိုက်သေးသည်။ ကျွန်မရော ဘာပြောစရာရှိသေးလဲဟု မေးလာချိန်မှာ တော့ ‘အန်ကယ့်ကို သည်မေးခွန်းမေးသင့်တယ်ထင်လို့ မေးတာပါ။ ကျွန်မက ပြီးခဲ့တဲ့လက လွတ်နိုင်ရက်နဲ့ မလွတ်တာ ဘာလို့ပါလဲ။ ကျွန်မရဲ့အပြောအဆိုတွေကြောင့်လို့ သိရတယ်။ အဲဒါ ဟုတ်ပါသလား’ဟု ပြောချလိုက်သည်။ ဗိုလ်မှူးကြီးက ထိတ်ထိတ်ပျာပျာဖြင့် ‘ဟာ… ဒါ ဘယ်သူပြောတာလဲ။ မဟုတ်တာဗျာ။ ဒုက္ခပါပဲ။ ကျွန်တော်တို့တောင် မသီတာ လွတ်မှာကို ဒီနေ့မှ သိတာပါဗျာ’ဟု ဆိုလာသည်။ ကျွန်မက ထောင်မှူးမကြီးပြောတာဟု ဖွင့်ပြောတော့ ‘ခက်တယ်ဗျာ။ သည်ကိစ္စ သည်လိုတော့ မဖြစ်သေးပါဘူး။ သူတို့က ဘာလို့သိနေရမှာလဲ။ မသိပါဘူး။ ဒါ သက်သက်လျှောက်ပြောနေတာပဲ’ဟု မကျေမချမ်းပြောလာတော့သည်။ နောက်ပိုင်း အချိန်အတော်ကြာတော့ မအချုပ်ဆောင်ရုံးခန်းမှာ အလုပ်လုပ်ရသည့် အချုပ်သူတစ်ယောက် လွတ်လာပြီး ကျွန်မနှင့် လမ်းမှာတွေ့ရာ ကျွန်မလွတ်ပြီး မကြာခင်မှာ ထောင်မှူးမကြီး ထုချေလွှာတင်ရပြီး ရာထူးတိုးစာမေးပွဲကို ထိုနှစ်အတွက် ဖြေခွင့်မရခဲ့ကြောင်း၊ သည်ကိစ္စသည် ကျွန်မကြောင့်ဟု ပြောဆိုနေကြကြောင်း ပြန်ကြားရသေးသည်။ လွတ်သွားတာတောင် ပြဿနာရှာသွားသေးသည်ဟု ကဲ့ရဲ့မကျေဖြစ်နေကြမှာကို တွေးမိတော့ စိတ်မကောင်း။

အချိန်အတန်ကြာမှ ဖေဖေနှင့်မေမေ ရောက်လာသည်။ တွေ့တွေ့ချင်း



ထိုင်ကန်တော့ဖြစ်သည်။ အမှန်တော့ ဖေဖော်ဝါရီ ၁၁ ရက်နေ့သည် သူတို့နှစ်ယောက်၏ မင်္ဂလာပွဲနေ့ဖြစ်ပြီး ထိုနေ့က ၃၄ နှစ်မြောက် ဖြစ်သည်။ သူတို့လည်း လုံးဝထင်မှတ်မထားသဖြင့် အတော်ကြီးဝမ်းသာနေသည်။ ‘ကဲ… လူစုံပြီ အိမ်ပြန်တော့မယ်’ဟုဆိုတော့ ‘ဒီလိုပါ၊ အခု ရွှေတိဂုံဘုရားမှာ ထီးတော်အသစ်တင်လှူ ဖို့လုပ်ထားတာ ရှိပါတယ်။ အဲဒါကို ကျွန်တော်တို့ရဲ့လူကြီးက မသီတာကို လိုက်ပို့ပေးပါလို့ ပြောထားလို့ပါ။ ဘုရားဖူးပြီးမှ ပြန်တာပေါ့။ အိမ်အရောက်ပို့ပေးမှာပါ’ဟု ပြန်ဖြေသည်။ လွတ်မှတော့ အိမ်ရောက်ချင်နေတာကို ရှာကြံပြီး ရစ်နေသလိုဟု ခံစားရသော်လည်း ရွှေတိဂုံဘုရားဆိုတော့ ‘အင်းလေ… သွားတာပေါ့။ မဟုတ်လည်း ကိုယ့်ဘာသာ ကျိန်းသေသွားမယ့်နေရာပဲဟာ’ဟုသာ ပြန်ဖြေဖြစ်သည်။ သူတို့ပြောသည့် နောက်ဆုံးပေါ်မတ်ခ်တူးကားကြီးပေါ် ပြန်တက်ကြသည်။ သည်တစ်ခါတော့ နောက်မှာ ကျွန်မတို့မိသားစု သုံးယောက်။ အမိအဖကြားမှာ ခုလို ထိုင်ခွင့်ရဖို့ ဆယ်စုနှစ်ဝက်ကျော် စောင့်ခဲ့ရသည်မို့ မတ်ခ်တူးအရသာကို ဂရုမထားနိုင်။ သည်အချိန်မှာ အမှတ်တွေလည်း ပူးတုံခွာတုံ။ အရေးထဲမှာ ထိုစဉ်က ခေတ်အစားဆုံးဖြစ်သည်ဆိုသော ထွန်းအိန္ဒြာဗိုသီချင်း ဖွင့်ပြနေပြန်သည်။ ကားက ခဏနှင့် ရွှေတိဂုံခြေရင်းကို ရောက်သွားသော်လည်း ဗဟန်းအမှတ်ရှစ်ကွင်းဘေးလမ်းထဲသို့ ဦးတည်နေသည်။

## အိမ်မရောက်မီ ထရန်စစ်များ

‘အန်ကယ် ရွှေတိဂုံဆို’

‘ဪ ဒီအချိန်က ထမင်းစားချိန်လေ။ ရွှေဘမှာ ထမင်းဝင်စားပြီးမှ သွားကြရအောင်’

‘ဟာ… ကျွန်မ မဆာဘူး။ ဘုရားဖူးပြီး အိမ်ပြန်မယ်’

‘မသီတာ မဆာပေမယ့် ကျွန်တော်တို့ ဆာလို့ပါ။ အိမ်က ထွက် မပြေးပါဘူး။ စိတ်ချပါ။ ခဏတော့ စားရအောင်ပါ’ဟု လေချိုသွေး ပြန်သည်။

‘ကဲ… ဒါဆိုလည်း ဖေနဲ့မေက ကျွေးလိုက်ပါ။ ဒါတိုင်းသာဆိုရင် ကျွန်မစားမယ်’ဟု ကျွန်မက စေဒကတက်ဖြစ်ပြန်သည်။ ဖေဖေနှင့် မေမေကလည်း ကျွန်မသဘောကို ရိပ်မိကာ သူတို့လည်း ကျွန်မအဆိုကို သဘော

www.burmeseclassic.com

www.burmeseclassic.com



တာကြောင်း ပြောကြသည်။ သူတို့ကလည်း သူတို့တာဝန်မို့ သူတို့တွေ့ရပါဟု ဖွတ်တင်သည်။ သည်လိုနှင့် ဆိုင်ထဲရောက်သွားတော့သည်။ ဆိုင်ကတော့ သာမန်မိသားစုတွေ ထမင်းလာစားသည်ဟု ထင်နေနိုင်သည်။ သူတို့က အရပ်ဝတ်တွေသာ ဝတ်ထားကြသည်ကိုး။ သို့သော် သူတို့ဝင်လာသည်နှင့် ဆိုင်ထဲမှ စားလက်စဝိုင်းတစ်ဝိုင်းမှ စီးပွားရေးသမားဟု ယူဆရသူတစ်ဦးက 'ဗိုလ်မှူးကြီး'တွေ၊ 'ဗိုလ်မှူး'တွေ မိုးမွှန်အောင်ခေါ်ရင်း လာနှုတ်ဆက်သည်။ သူတို့ ကျွန်မကို ဆရာဝန်စာရေးဆရာမဆိုပြီး မိတ်ဆက်ပေးလိုက်သေးသည်။ ထိုစီးပွားရေးသမားက ဘာမှရိပ်မိပုံမပေါ်ဘဲ နှုတ်ဆက်ပြီးသူနေရာ ပြန်သွားသည်။ ကြာသပတေးနေ့မို့ ဥပုသ်စောင့်ရက် မဟုတ်တာကို သူတို့က သိထားနေသည်မို့ ဟင်းတွေ ဝေဝေဆာဆာ မှာနေကြသည်။ ကျွန်မက ပုံမှန်ထက် ပိုမစားဖြစ်။ စားပြီးပြီးချင်း ဖေဖေက ငွေရှင်းဖို့ပြင်တော့ ဆိုင်ရှင်က ခုနက လာနှုတ်ဆက်သူမှ ရှင်းသွားပြီဖြစ်ကြောင်း ပြောလာတော့သည်။ ကျွန်မလည်း စိတ်ပေါ့သွားသလို ရှိသည်။ 'မသိတာက တကယ်စွမ်းတာပဲ။ ဆန္ဒတွေ ပြည့်သွားပြီပေါ့လေ။ ဘယ်သူမှ မကျွေးလိုက်ရဘူး။ ကြားဒကာပေါ်သွားပြီ။ လန့်တောင်လန့်လာပြီဗျာ။ ဘာတွေ ဆုတောင်းလိုက်တာလဲ'ဟု ပြောလာကြသည်။ ဘာမှပြန်မတုံ့ပြန်ဖြစ်ဘဲ ပြုံးရုံသာ ပြုံးမိတော့သည်။ သူတို့တွေးတတ်သမျှက သည်မျှသာကိုး။

နောက်ဆုံးတော့ ရွှေတိဂုံဘုရား ခြေတော်ရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရသည်။ ကားရပ်သည်နှင့် 'ဘယ်လိုလဲ မပြောင်းလဲသွားဘူးလား။ ပိုပြီးအရောင်တွေစုံ လှပကြည်ညိုဖွယ် ဖြစ်မလာဘူးလား'ဟု အကဲစမ်းလိုက်ပြန်သည်။ 'အဆင်းမှာ ဖြူနီကြောင်ကြားဆိုတာမျိုး ဘယ်လောက်ပဲဆန်းကြယ်ဆန်းကြယ် အနိစ္စမမြဲတာ သဘာဝပဲ'ဟုသာ စကားပြန်ဖြစ်သည်။ သည့်နောက်မှာ သူတို့သိသမျှ ဒါနအကျိုးတွေကို ပြောနေပြန်သည်။ 'အန်ကယ် သတိထားပါ။ ဒါနက အပါယ်ကနေ ဆွဲထုတ်မပေးနိုင်ဘူး။ သီလမှမရှိရင် ညောင်ပင်ကြီးလောက် လှူပေမဲ့ ညောင်စေ့လောက်ပဲ အကျိုးရတယ်ဆိုတာ သီလမစင်ကြယ်ဘဲ ရထားတဲ့ပစ္စည်းဥစ္စာတွေကို လှူတဲ့အခါဖြစ်တာကို ပြောတာ။ အရေးအကြီးဆုံးက သီလပဲ။ သီလဟာ ဗုဒ္ဓဘာသာရဲ့ အုတ်မြစ်ပဲ'ဟု တရားဟောရပြန်သည်။ ကင်မရာသမားတွေ တသီတတန်းကြီးနှင့် ဘုရားရင်ပြင်တော်ပေါ် ရောက်တော့ တချို့က စူးစမ်းကြည့် ကြည့်ကြသည်။ နာမည်ကျော်မင်းသမီးလည်း မဟုတ်ဘဲနှင့် ဘယ်သူမို့ ဘာကြောင့်မို့



ဘုရားရှိခိုးရသပွာယ်တာကို ဓာတ်ပုံတွေ ဗီဒီယိုတွေ ရိုက်နေပါလိမ့်ဟု ဆင်ကြမည်။ ထီးတော်အသစ်ကို ဖူးမြင်ခိုက်မှာ သူတို့က ဓာတ်ပုံရိုက်စဉ်ကျွန်မက မခင်မာရီ၏ အိပ်မက်ကို တွေးနေမိပြန်သည်။ ဗိုလ်မှူးက ဦးရွှေအောင်၏ စာအုပ်တစ်အုပ်ကိုဝယ်ပြီး မေတ္တာလက်ဆောင်ပေးရင်း 'မသိတာ သည်လိုလွတ်လိမ့်မယ်ဆိုတာ ကြိုသိနေတာမျိုး၊ အိပ်မက်တွေဘာတွေ နိမိတ်တွေဘာတွေ ပြတာမျိုး ရှိခဲ့လား'ဟု မေးပြန်သည်။ ကျွန်မအားထုတ်ခဲ့သော ဝိပဿနာတရားကို အထင်မှားနေကြတာ သေချာသည်။ အိပ်မက်က သူများကတော့ မက်သား။ ကျွန်မ ဘာအိပ်မက်မှ မမက်။ ခေါက်လျှင်တောင် မှတ်မိတာမျိုး ရှားလှသည်။ 'ဝိပဿနာတရားမှာ မြင်တယ်ဆိုတာ အဲဒီလိုအတိတ်နိမိတ်တွေ မဟုတ်ပါဘူး'ဟုသာ ပြန်ပြောနိုင်သည်။

ဘုရားကို တစ်ပတ်ပတ်ကြပြီး လူကြီးတွေက နှုတ်ဆက်ကြပြီ။ သူတို့ သည်ကနေပဲ လမ်းခွဲတော့မည်။ ကျွန်မတို့ကို ဗိုလ်ကြီးတစ်ယောက်ကလင့်ရှိဗာဖြင့် ပို့ပေးမည်ဟု ဆိုသည်။ နောက်မှ သိရသည်က သူတို့တစ်အုပ်စုလုံး ကင်မရာသမားတွေပါ ဘုရားက အဆင်းမှာ တပ်မတော်မော်ကွန်းတိုက်ထဲမှာ ထိုင်စောင့်နေသည့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်ဆီ တိုက်ရိုက်သွားကာ ရိုက်ထားသည့် ဗီဒီယိုကိုပြပြီး အစီရင်ခံကြခြင်းပင်။ ကျွန်မကတော့ အိမ်ရှိရာ လမ်းထဲသို့ ကားအကွေ့မှာ 'ဪ အိမ်ရောက်တော့မယ်။ သည်အိမ်ဟာ ကျွန်မထွက်လာခဲ့တဲ့အိမ်နဲ့ မတူနိုင်တော့ဘဲ။ ကျွန်မ လိုက်ပို့ခွင့်မရလိုက်တဲ့ ရွာပနရှင် ကျွန်မရဲ့မောင်လေး မရှိတော့တဲ့၊ ကျွန်မရဲ့ မိသားစုဝင်တစ်ဦး မရှိတော့တဲ့အိမ် ဖြစ်သွားပြီပဲ'ဟု ပြောလိုက်မိပြန်သည်။ အိမ်အဝင်မှာလည်း ထိုလိုက်ပို့သည့် ဗိုလ်ကြီးက ဓာတ်ပုံတွေ တဖြတ်ဖြတ်ရိုက်ပြန်သည်။ အိမ်မှာတော့ အိမ်နီးနားချင်းအချို့နှင့် အကြောင်းအကျိုး သိသွားသော ရင်းနှီးသည့်မိတ်ဆွေအချို့ ရောက်နှင့်နေကြပြီ။

## အိမ်ပြန်ရောက်ပြီ

ပင့်ကူအိမ်တွေနှင့် မှုန်ကုပ်ကုပ် ညစ်ထပ်ထပ်ရုပ်ပွနေသော အိမ်ဧည့်ခန်းကိုကြည့်ရင်း ကျွန်မက 'အို… အိမ်ရှင်းမှ ဖြစ်မယ်'ဟု ပြောကာဘုရားခန်းဆီ တန်းသွားလိုက်သည်။ ဘုရားရှိခိုးပြီး ပြန်ဆင်းလာတော့မှ ရောက်နေသူတွေကို နှုတ်ဆက်ရသည်။ ခဏချင်းမှာ ဧည့်သည်တွေက တဖွဲဖွဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ မမွေးရောက်လာတော့ ပျော်သလောက် မချုးရောက်လာတော့ နှစ်ယောက်သားဖက်ကာ မျက်ရည်ကျမိသေးသည်။ ကျွန်မတို့နှစ်ယောက်ကြားမှာ လွတ်ချိန်ချင်း တစ်နှစ်ထက်ပိုပြီး မကွာခြားလိုဟု ဆန္ဒဖြစ်ခဲ့တာတွေက အတိအကျမှန်လာခဲ့သည်။ ထိုနေ့ကတော့ အမှတ်တွေကင်းကွာဖြစ်သည့်နေ့သာ ဖြစ်ခဲ့သည်။ ညပိုင်းမှာ မောင်လေးဆီဖုန်းဆက်ဖြစ်သည်။ သို့သော် ညနေပိုင်း ရေဒီယိုသတင်းများအရရော၊ ပါးစပ်သတင်းများအရပါ သိသွားကြသည့် ဆွေမျိုးမိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက်တွေကအဆက်မပြတ်ရောက်လာနေသည့်အတွက် အတွေ့အကြုံတွေကို မနားတမ်းပြောပြကာ ဧည့်ခံရသဖြင့် ထိုညက အတော်ကြီးမှောင်မှ လူစုကွဲသွားသည်။ အိပ်မည်ဟု ကိုယ့်အခန်းက ခုတင်ပေါ်ရောက်တော့ အိပ်မပျော်။ မွေ့ယာကပျော့ပျောင်းနူးညံ့လွန်းသလို ခေါင်းအုံးကလည်း အိစက်နေသည်။ ခြင်ကလည်း မရှိ။ အနောက်တိုက်သူတွေ ဘယ်လိုများ အိပ်နေကြမှာပါလိမ့်။ ကျွန်မလွတ်သွားတာကို ခုလောက်ဆို သိပြီး ဘယ်လိုတွေများ ပြောဆိုခံစားနေကြမှာပါလိမ့်။ သည်ညပိုင်းမှာ သူတို့ကို အသံကျယ်ကျယ်ဖြင့် စကားအော်ပြောပေးမည့်သူတစ်ယောက် လျော့သွားသဖြင့် ဘယ်လိုများနေကြမှာပါလိမ့်။ သည်လို အတွေးတွေဖြစ်လာလိုက် အမှတ်စိတ်က ပေါ်လာလိုက်။ နောက်ဆုံးအတွေးတွေက နိုင်သွားကာ ထိုညက တစ်မှေးမှ မရလိုက်ဘဲ မိုးစင်စင်လင်းသွားတော့သည်။ သည်လိုနှင့် နောက်နေ့နံနက်မှ စတင်ပြီး အင်းစိန်ထောင်နံရံလေးဘက်ကြားမှ လွတ်မြောက်လာခဲ့သော ကျွန်မသည် ထိုထောင်ထက်ပိုကျယ်သော နောက်ထောင်ကြီးတစ်ခုထဲသို့ ရောက်နေပြီဖြစ်ကြောင်း သဘောပေါက်ရပြန်ပါတော့သည်။

❖

## ပိုပြီးကျယ်သည့် ထောင်

### အနှောင်အဖွဲ့များမှ ကြိုဆိုခြင်း

နောက်နေ့မနက်မှာ မနက်စာစားခိုက် မနေ့ကဗိုလ်ကြီးက ပြန်ရောက်လာပြီး ဗိုလ်မှူးက တွေ့ချင်လို့ မိဘတွေပါ လိုက်ခဲ့ပါဟု ခေါ်ပြန်သည်။ အမှန်တော့ ထုံးစံအတိုင်း ကျွန်မဆန္ဒကို မေးမြန်းစစ်ကြောနေလျှင် မနေ့က



ကျွန်မကို သူတို့ လွှတ်နိုင်မှာမသေချာသည့်အလား မနေ့တာ [illegible] ဘာမှမပြောကြဘဲ သည်နေ့မှ မိဘရှေ့မှာ ပြန်ခေါ်ကာ နောင်ကို [illegible] ရေးလှုပ်ရှားမှုမျိုးထဲ မပါဖို့သတိပေးပြီး သိရှိကြောင်း လက်မှတ်ထိုးခိုင်းခြင်းဖြစ်သည်။ သည်နေ့မှာ သူတို့က 'အခု ဘာလုပ်ဖို့ စဉ်းစားထားလဲ'ဟု ဆိုတော့ ထိုစဉ်က ကျွန်မဖြစ်နေသော လတ်တလောဆန္ဒဖြစ်သည့် 'အိမ်ရှင်မဖြစ်မယ်လေ။ အိမ်က သိပ်ညစ်ပတ်နေတယ်' ဟု ပြန်ပြောတော့ ရယ်ကြသည်။ 'နိုင်ငံရေးအိမ်မက်ကို ပြောတာပါ'ဟု ပွင့်လင်းပြလာသည်။ 'ပြောပြီးသားပါ။ ဘွဲ့လွန်တက်မယ်။ ၁၉၈၉ တုန်းက စက်ပေါ်ရောက်ပြီးကာမှ ထောင်ကျသွားလို့ မထုတ်ရသေးတဲ့ဝတ္ထုကို ပြန်ထုတ်ရဖို့ လုပ်မယ်။ ဆေးရုံမှာ လုပ်အားပြန်ပေးမယ်။ ခါတိုင်းလိုပါပဲ။ အရင်လုပ်ခဲ့တာတွေပဲ ပြန်လုပ်မှာ'ဟုဆိုတော့ ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ နောက်တော့လည်း ကျွန်မအတွက် သည်အကြောင်းတွေ ဆုံးဖြတ်နိုင်လောက်အောင် အချိန်မလုံလောက်သေးဖြစ်မည်ဟု သဘောပေါက်ပုံရသည်။ အိမ်ပြန်ပို့ပေးလိုက်ကြသည်။ အိမ်မှာ ဧည့်တွေက ရောက်နှင့်နေပြီ။ မိတ်ဟောင်းဆွေဟောင်းတွေ။ မိတ်သစ်ဆွေသစ်အချို့လည်း ပါလာသည်။ ဘာမှမတွေးအား။ ဧည့်ခံရမည်။

အမှန်တော့ ထိုကာလများမှာ ဖေဖေ့ကျန်းမာရေးအခြေအနေကို သေချာပြန်ဆန်းစစ်ရမည့် အနေအထားမှာ ဖြစ်သည်။ နှလုံးခုန်နှုန်းမမှန်သည့်ပြဿနာ Ectopic Beats and Atrial Fibrillation အတွက် ဆေးစားရင်းကနေ ရုံဖန်ရံခါမှာ TIA Transient Ischemic Attack ဟုခေါ်နိုင်မည့် ခေါင်းထဲမှ အပူငွေ့တွေ ထွက်သွားပြီး ခဏတာ သတိမေ့သွားသလို မေ့သွားတတ်သည့်ပြဿနာက ရှိနေသည်။ မောင်လေးဆုံးပြီးစအပြင် ကျွန်မလည်း ပြန်ရောက်ပြီမို့ လူကြီးတွေက စိတ်ကိုလျှော့လိုက်ရာ လောကဓံအထုအထောင်း၏ ဒဏ်ချက်တွေက သူတို့မှာ ပေါ်လာသည်။ စင်္ကာပူမှ မောင်လေးကလည်း အလုပ်အကိုင် အခြေမခိုင့်တခိုင်။ သားသမီးထဲမှာ အကြီးဆုံးဖြစ်သော်လည်း ကိုယ့်ဆန္ဒကို ဦးစားပေးပြီး မိသားစုကိုပါ ကိုယ့်ဒုက္ခထဲဆွဲသွင်းခဲ့သူ ကျွန်မအနေဖြင့် သူတို့ကျေးဇူးကြွေးနှင့် မေတ္တာကြွေးကို ဆပ်ဖို့ကလည်း ရှိနေသည်။ ကိုယ့်ဘဝကို နောက်ထပ် ကတိမ်းကပါးမဖြစ်အောင် စောင့်ရှောက်ပေးလျှင်ပင် သည်ကြွေးများကို ဆပ်ခြင်းနှင့်တူသည်ဆိုသည့် တောင်းဆိုမှုက မိသားစုထဲမှာ အပြင်းထန်ဆုံးအနေအထား ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှာလည်း ကိုယ်လျှောက်ခဲ့သည့်လမ်း၊ ကိုယ်ရေးခဲ့သည့် သမိုင်းကို မကျေးသွားအောင်ဆိုသည့် အတွေးတွေ ရှိနေသည်။ သံချေးတက်နေသည့် ကလောင်ကို ပြန်ကိုင်မှ စာရေးဆရာတစ်ယောက်၏တာဝန်တွေ ကျေမည်ဟု စာပေအပေါင်းအသင်းတွေက နားချသည်။ ဆရာဝန်ဘဝကို ကြာကြာပစ်ထား လို့ မဖြစ်ဟု ဆေးရုံအပေါင်းအသင်းများက ဆိုသည်။ လေလှိုင်းအစီအစဉ်များ ကလည်း ကျွန်မ၏ နိုင်ငံရေးဘဝကို နောက်ထပ်တစ်လမ်းဖွင့်နိုင်အောင် လမ်းခင်းလိုနေကြသည်။ နိုင်ငံရေးလောက အပေါင်းအသင်းအချို့က လက်ရှိ ရထားသော စိတ်ဝင်စားမှုတွေကို အသုံးချကာ ရွေးကောက်ပွဲအတွက် အိပ်မက်တစ်ခုခုကို မက်လိုက်စေချင်သည်။ ဥပုသ်စောင့်တာလောက်သာ ကျန်တော့ပြီး ပြင်းထန်သော ခံစားမှုတွေပေါ်ကာမှ အမှတ်စိတ်တွေ ပြန်ကာ နိုင်လောက်အောင် ကိလေသာထု ပြန်ထူလာနေသည်ကို သိနေသော ကျွန်မ ကိုယ်တိုင်က အငြိမ်းဓာတ်ကို ခဏမျှ ပြန်ရလိုသည့်အတွက် တရားရိပ်သာ တစ်ခုဆီလည်း သွားချင်နေသည်။ သောင်မတင် ရေမကျ ဖြစ်နေသေးသည့် ရောဂါနှင့်ကုထုံးအတွက်လည်း လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုတွေ လုပ်ရဦး မည်။ သည်ကိစ္စက လွယ်မည့်ကိစ္စမျိုးလည်း မဟုတ်။ သည်လိုတွေးမိလာ တော့ ကိုယ့်ကိုကိုယ် ဆူးကြားက ဗူးခါးလို့ မြင်လာသည်။ ဆယ့်နှစ်ပေပတ် လည်ကမှ ကျယ်ဦးမည်။ ခုတော့ အဆုံးအစမဲ့သည့် အနှောင်အဖွဲ့တွေက တသီတတန်း ဝန်းရံလို့။ ကျွန်မမှာ မလှုပ်သာတော့ပြီ။

## အစ်မနှင့် ပြန်အဆုံ

လွတ်ပြီးပြီးချင်း တနင်္လာနေ့မှာတော့ အစ်မရှိရာ ရွှေဂုံတိုင်အဖွဲ့ချုပ် ရုံးခန်းဆီ သွားလည်ဖြစ်သည်။ အစည်းအဝေးတစ်ခုရှိသဖြင့် အစ်မကို ခေတ္တထိုင်စောင့်ခဲ့ရစဉ်မှာ အစ်မနှင့်ဝေးကွာခဲ့သော ကာလချိန်တာကို ပြန် တွက်ဆနေမိသည်။ ၁၉၈၉ ဇူလိုင် ၁၉ မတိုင်မီကသာ လူချင်း နောက်ဆုံး ဆုံတွေ့ဖြစ်ခဲ့ပြီး အစ်မ နေအိမ်အကျယ်ချုပ်မှပြန်လွတ်တော့ ကျွန်မက အင်းစိန် မှာ။ သည်ကြားမှာ အဆက်အစပ်ဟူ၍ ရစ်ချုတ်ဆင်နှင့် စကားပါးခဲ့တာ လောက်သာ ရှိခဲ့သည်။ သည်တော့ ဆယ်နှစ်နီးပါး၊ ကိုးနှစ်ကျော်ကျော်။ ရက်နှင့် အကြမ်းဖျင်းတွက်လျှင် ရက်ပေါင်းသုံးထောင့်သုံးရာဝန်းကျင်။ တွေး ရင်းက ဝမ်းနည်းလာသည်။ အစ်မရယ် သည်မျှသော ရက်တွေကို စောင့်ခဲ့ရ



ပြီးမှ ပြန်တွေ့ကြရတော့မှာပါလား။ အစ်မ အားတော့ နှစ်ယောက်တည်း အေးအေးဆေးဆေး ပြောကြပါဆိုပြီး ဘဘဦးအောင်ရွှေတို့က အခန်းပြင်ထွက် ပေးကြသည်။ ပြောချင်တာတွေများပြီး ရုတ်တရက်ပြောမထွက်။ နောက်ဆုံး တော့ အမှတ်စိတ်တွေလည်း မကပ်နိုင်ဘဲ မျက်ရည်မိုးတွေ ဖြိုင်သွားမိသည်။ အစ်မလည်း မနေနိုင်တော့။ မျက်ရည်တွေ လိုက်ကျလာသည်။ ကျွန်မတို့ နှစ်ယောက်လုံး မငိုဘဲနှင့် မျက်ရည်တွေကျဖြစ်ကြသည်။ သို့သော် သည် အခိုက်အတန့်လေးက တကယ့်ကို ဘာမှမကြာလိုက်။ နောက်တော့ အစ်မကို နားလည်ပေးဖို့ ပြောဖြစ်သည်။ လောလောဆယ် လုပ်စရာတွေက များနေ သေးသည်။ အစ်မကလည်း သူ့ကို နားလည်ပေးဖို့ ပြောသည်။ သူလည်း လူသားတစ်ယောက်ပါဟု ဆိုသည်။ ထိုအစ်မသည် ကျွန်မ ရက်ပေါင်းသုံး ထောင့်သုံးရာကျော် စောင့်ပြီးမှ ပြန်တွေ့ရသောအစ်မ ဖြစ်ပါသည်။

ထောင်မှ လွတ်ပြီးစ တစ်ပတ်လောက်မှာ တစ်ရေးမှ အိပ်မပျော်သော ညများ ဖြစ်ခဲ့သည်။ တစ်နေကုန် တဖွဲဖွဲရောက်လာသော ဧည့်သည်များကို ဧည့်ခံပြီး ညနက်မှ မိသားစုအရေးကို ဖေဖေ၊ မေမေနှင့် ထိုင်ပြောရသည့် အတွက်ကတစ်ကြောင်း၊ အိပ်ရာပေါ်ရောက်သွားလျှင် အနောက်တိုက်မှာ ဘယ်လိုဖြစ်ကျန်နေမှာပါလိမ့်ဟု တွေးမိနေသည်ကတစ်ကြောင်း၊ အမှတ်စိတ် တွေလည်း ယခင်ကလောက် မပြင်းထန်နိုင်တော့သည့်အတွက်ကတစ် ကြောင်းတို့ကြောင့် ခါးဆန့်ကျောဆန့်လို့ အညောင်းပြေသည့်အချိန် နံနက် မိုးလင်းနေပြီ။ အစားအသောက်လည်း စားရတာ အဆင်မပြေ။ ထမင်းက ပျော့ပျောင်းနူးညံ့လွန်းသဖြင့် ဝါးမည်ကြံတုန်း လျောဆိုမျိုချမိပြီး ဖြစ်နေ သလို ခံစားရသကဲ့သို့ သည်အချိန်မှာ အနောက်တိုက်က ဘာတွေနှင့် စားနေမှာပါလိမ့်ဟု တွေးမိလျှင် မျိုမကျချင်တော့ပြန်။ တစ်ခါ ရေမိုးချိုးလျှင် လည်း ကိုယ်က အုတ်ရေကန်ထဲက ရေကို ချိုးနေရပြီး အနောက်တိုက်မှာ တော့ စဥ့်အိုးလေးတစ်လုံးစာကို ရေလည်းချိုး အဝတ်လည်း လျှော်နေကြ သည်ဟု တွေးမိနေပြန်သည်။ ကျန်အချိန်များမှာတော့ ဧည့်တွေက မပြတ် သဖြင့် နေ့ခင်းပိုင်းမှာတောင် မီးချောင်းတွန်းပြီး ဧည့်ခံနေရကာ လာသမျှ လူတွေကလည်း ကျွန်မ၏ လွတ်ရေးနှင့်အတူ မောင့်နှလေး၏ရှာပနကိစ္စကို မေးကြပြန်သည့်အတွက် စိတ်ထဲမှာ ထိုကာလများကို အသုဘအိမ်တစ်ခုထဲ ရောက်နေသလို ထင်နေခဲ့ပေသည်။ ကျွန်မလွတ်ပြီးနောက်နေ့မှာ ပြည် ထောင်စုနေ့ဖြစ်ပြီး နောက်တစ်နေ့ကတော့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့၊ ကလေး

www.burmeseclassic.com

www.burmeseclassic.com



များနေ့ဖြစ်သကဲ့သို့ မောင်လေးဆုံးတာ တစ်လပြည့်သည့်နေ့လည်းဖြစ်ရာ အိမ်မှာ ဆွမ်းကျွေးအလှူအစီအစဉ်ကလည်း ရှိနှင့်ပြီးဖြစ်သည်။ သည်လိုနေ့ ကွဲကွာနေတာကြာပြီဖြစ်သော မိတ်ဆွေသူငယ်ချင်းတွေ အားလုံးနီးပါး ပြန် တွေ့ရတာကို ဝမ်းသာမဆုံး။ လာလည်သည့် ဧည့်တွေထဲမှာ ကျွန်မ ပေါ် ကျွမ်းဖူးသေးသည့် အဖွဲ့ချုပ်ဝင်များ၊ စာရေးဆရာများနှင့် မိသားစုမိတ်ဆွေ အသစ်များလည်း ပါလာသည်။ လူဟောင်းတွေ အားလုံးက ဘာမှမပြောင်း ကျွန်မ မမှတ်မိဆုံးက ထောင်မကျခင်က ကလေးသာသာအရွယ်တွေ ရှိ သည့် ဝမ်းကွဲတူ၊ တူမများပင်။

သည့်နောက်မှာတော့ ကျွန်မက ဆရာမြသန်းတင့် နှစ်ပတ်လည်ဆွမ်း ကျွေးကို သွားဖြစ်သကဲ့သို့ ဆရာကာတွန်းဦးဖေသိန်း လေဖြတ်သွားသဖြင့် ဆေးရုံမှာ လိုက်ကြည့်ဖြစ်သည်။ မမွေးက ကျွန်မနှင့် တစ်ညလာအိပ်ပြီး ငါးနှစ်ခွဲကာလ ပြတ်လပ်မှုများအတွက် အကျဉ်းချုံးပြန်ပြောပြသည်။ ကျွန်မ က သူနှင့်ပြန်ဆွေးနွေးသည့်အခါတွေမှာ 'နင်က အားလုံးကို သိနေတာပဲ ငါပြောတာ သတင်းတွေမဟုတ်ဘူးလေ။ လူတွေအကြောင်း၊ လူတွေရဲ့စိတ် အကြောင်း နင်အားလုံးကို သိနေသလိုပဲ' ဟု ဆိုသည်။ ယခင်ကလို မဟုတ် တော့ဘဲ ကျွန်မ ပြောင်းလဲသွားသည်ဟု သူက အတပ်ဆိုသည်။ ကျွန်မ ပြောင်းလဲသွားကြောင်း ကျွန်မကိုယ်တိုင် သိခဲ့တာ ကြာပါပကော။ ယခင်က လို အမြင်မတော်လျှင် ထုတ်ပြောဖို့ ဝန်မလေးသေးသည့်တိုင် ပြောပုံချင်း ကွာခြားလာသည်။ ယခင်ကလို မိန်းမဆန်သည့် အပြုအမူနှင့် အဆင်တန်ဆာ တွေကို သဘောမကျ၊ မပြုမူသည့်တိုင် မိန်းမဖြစ်နေရမှုအပေါ် မညည်းညူ ဖြစ်တော့။ (အမှန်တော့ ဖြစ်နေရသမျှတွေကို ညည်းညူစရာထက် ငြီးငွေ့ စရာဟု သိခဲ့ပြီးချိန်မှာ ကျွန်မသည် ပကတိအရှိတရားများအပေါ် အာခံလို ဆန္ဒမရှိခဲ့တော့တာ ဖြစ်သည်။)

## ထောက်လှမ်းရေးနှင့် တွေ့ကြပြန်ပြီ

သည်နောက်မှာတော့ သာမညဆရာတော် ဖူးမြော်ရန်နှင့် ရွှေစက်တော် ခရီးစဉ်များ သွားဖြစ်သည်။ နောက်ပိုင်းမှာ ကျွန်မက ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်နှင့် 'အရောင်စစ်နေကြာ' လုံးချင်းစာအုပ်တို့ ထုတ်ဝေခွင့်ရနိုင်အောင် ပြန်ကြိုးစားဖြစ်သည်။ သည်လိုဖြင့် ဆေးရုံကို ပြန်မဆင်းဖြစ်သေးသည့်တိုင်



နေ့တိုင်းလိုလို အိမ်မှာမရှိ။ ထိုအခိုက်မှာ အိမ်မှာကျန်ခဲ့သည့် ဖေဖေ၊ မေမေ တို့က သတိထားမိလာသည်မှာ လူတစ်ယောက်က ကျွန်မတို့အိမ်နှင့် မျက် ချောင်းထိုးအိမ်မှာ တစ်နေ့ကုန်လာထိုင်နေကာ ကျွန်မတို့အိမ်ကို စောင့်ကြည့်နေ ခြင်းပင်။ ထိုအိမ်မှာ မော်တော်ကားဝပ်ရှော့တစ်ခု ရှိသည်မို့ ထိုသူ့အတွက် ထိုင်စောင့်ရတာ အဆင်ပြေပုံရသည်။ တစ်ပတ်လောက် ထိုသို့ထိုင်စောင့်နေရာ ကျွန်မနှင့် တစ်ခါမျှမဆုံသော်လည်း ဖေဖေ၊ မေမေတို့မှာ စိတ်အနှောင့် အယှက် ဖြစ်နေရသည်။ သည်တော့ ကျွန်မလည်း ထောက်လှမ်းရေးတွေ ပေးထားသည့်ဖုန်းနံပါတ်အတိုင်း ဖုန်းဆက်ကာပြောစရာရှိသဖြင့် ကွာခဲ့ပါရန် ပြောဖြစ်သည်။

တာဝန်ရှိ ဗိုလ်ကြီးတစ်ယောက် ရောက်လာတော့ ကျွန်မက 'ရှင်တို့ တစ်ယောက်ယောက်ကိုများ ကျွန်မကိုစောင့်ကြည့်ဖို့ တာဝန်ပေးထားသလား' ဟု မေးလိုက်သည်။ သူက ဘူးကွယ်သည်။ နောက်တော့ 'ကောင်းပြီလေ။ ကျွန်မ ရှင်တို့ကို အချိန်သုံးရက်ပေးမယ်။ အဲဒီအတောအတွင်း ကျန်တဲ့ ထောက်လှမ်းရေးအဖွဲ့အစည်းအသီးသီးနဲ့ ရပ်ကွက်က အုပ်ချုပ်ရေးသမားတွေ ကိုပါ မေးမြန်းကြည့်ပါ။ ရှင်တို့က မညွှန်ကြားဘဲ သူတို့သဘောနဲ့သူတို့ သည်ကိစ္စကို လုပ်ထားတာများ ရှိနေသလား မပြောနိုင်ဘူးလေ' ဟုဆိုကာ စကားဖြတ်လိုက်သည်။ သည်သုံးရက်အတွင်းမှာလည်း ထိုလူက ရောက် လာမြဲဟု ဖေဖေ၊ မေမေက ဆိုပြန်သည်။ ကျွန်မကတော့ ထုံးစံအတိုင်း အလုပ်တွေများနေကာ မိုးလင်းမိုးချုပ် အိမ်မှာမရှိ။ နောက်သုံးရက်ကြာတော့ ဗိုလ်ကြီးက ပြန်ရောက်လာပြီး 'ကျွန်တော် မေးပြီးပါပြီဗျာ။ ဘယ်သူ့ကိုမှ မညွှန်ကြားထားသလို ဘယ်သူမှလည်း လာမစောင့်နေဘူးလို့ သိရတယ်။ ခင်ဗျားတို့ ထင်ယောင်ထင်မှားဖြစ်နေတာ ဖြစ်မှာပါ' ဟုဖြေသည်။ 'ကောင်းပြီ လေ။ ကျွန်မကလည်း တစ်ခါမှမဆုံလိုက်ရတော့ မပြောတတ်ဘူး။ သည် တော့ ရှင်တို့ကို ကူညီပေးမယ်။ နက်ဖြန် ကျွန်မ ဘာအလုပ်ရှိရှိ အပြင်မသွား တော့ဘဲ အိမ်မှာပဲ နေလိုက်မယ်။ ပြီးရင် အဲဒီလူကို စောင့်ပြီး ဓာတ်ပုံရိုက် ပေးမယ်။ ဖြစ်နိုင်ရင် သူ့ကို စကားစမြည်သွားပြောပြီး နာမည်တို့၊ လိပ်စာတို့ မေးပေးမယ်။ သည်လူဟာ ထောက်လှမ်းရေး အယောင်ဆောင်နေတဲ့သူ ဖြစ်နိုင်တယ်လေ။ ဒီတော့ ကျွန်မ အဲဒီလိုကူညီပေးလိုက်ရင် ရှင်တို့သည်လူ့ ကို အရေးယူလို့ရသွားမှာပဲ' ဟု ကျွန်မကပြန်ပြောတော့ သူ့မျက်နှာပျက်သွား သော်လည်း ရယ်မောပြီး 'ဒုက္ခမရှာပါနဲ့ဗျာ' ဟုဆိုကာ ထပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားသည့်အတိုင်း နောက်နေ့မှစကာ ထိုထိုင်စောင့်နေသော ပုလ္လိပ်ကား မလာတော့။ မည်သည့်အခါမျှ ထပ်မံပေါ်မလာတော့။

## တပ်မှူး၏ တောင်းပန်စကား

သည်နောက်ပိုင်းမှာ 'ဆမ' သက်တမ်းတိုးကိစ္စကတော့ အခက်အခဲ မရှိ ပြီးသွားသည်။ ဆေးရုံပြန်မဆင်းခင် ရိပ်သာခဏဝင်ဖြစ်ပြီး ပြန်ထွက်လာစမှာ အစ်မခင်ပွန်းကိုမိုက်ကယ် ဆုံးသည့်အကြောင်း သတင်းပေါ်ထွက်လာသည်။ သည်တော့ ကျွန်မလည်း အစ်မအိမ်ကို သတင်းမေး၊ ဝမ်းနည်းကြောင်းပြောဆိုသည့်သဘော ထွက်သွားလိုက်သည်။ အစ်မကတော့ ဖြစ်ထားသမျှကို ရင်ဆိုင်ရန် ခွန်အားပြည့်ပြီးသူပီပီ တည်ငြိမ်လှသည်။ မတည်ငြိမ်သည်က ကျွန်မ အိမ်ပြန်ရောက်ပြီး ညနေစောင်းမှာ ဖြစ်သည်။ ဖုန်းတစ်လုံးဝင်လာသည်။ ကျွန်မကို လွှတ်ပေးသည့်နေ့က ကားကို ကိုယ်တိုင်မောင်းခဲ့သော ထောက်လှမ်းရေးတပ်မှူး။ နောက်ပိုင်းမှာ သူ့လက်အောက် ဗိုလ်ကြီးတွေနှင့်သာ ကျွန်မကို ဆက်ဆံခိုင်းထားပြီး သူ့ဘက်က အသံတွေ တိတ်နေခဲ့သူ။ ခုတော့ 'ခင်ဗျား ကျွန်တော်တို့ကို ဘာလို့ အကြောင်းမကြားရတာလဲ။ သည်လိုမျိုး သွားတွေ့မယ်ဆိုရင် အကြောင်းကြားရမယ်ဆိုတာ မသိဘူးလား။ ဘာလဲ ခင်ဗျားက ကျွန်တော်တို့ကို ပြန်အပြစ်ပြောမလို့လား။ ဒီလိုလူမျိုးဆီ သွားတွေ့တာ ဒီလိုနေရာမျိုးတွေ သွားတာကို ဒီလိုလွယ်လွယ်လေး လုပ်သွားလို့ ရမယ်လို့ ခင်ဗျားထင်လား' စသဖြင့် မထင်မှတ်ထားလောက်အောင် ပေါက်ကွဲသံစဉ်တွေ ထွက်ပေါ်လာသည်။ ကောင်းပြီ။ တွေ့ကြတာပေါ့။

'ခဏနေပါဦး အန်ကယ်။ ကျွန်မ ထောင်ကလွှတ်တာ သေချာလား' ဟု ကျွန်မ စကားစသည်။

'လွှတ်တာက လွှတ်တာပဲလေ။ ဒါပေမဲ့ ဒီလိုလွှတ်ပြီဆိုတာနဲ့ လုပ်ချင်တာ လုပ်လို့ရမှာလား။ လုပ်ချင်တာ မလုပ်ရဘူးလားလို့ ခင်ဗျား ကျွန်တော့်ကို ပြန်မေးချင်နေတယ် မဟုတ်လား။ ကျွန်တော်တို့ကို အပြစ်တင်ချင်နေပြီ မဟုတ်လား'ဟု ဒေါသကုမာရက ရမ်းကားလာပြီ။

'စိတ်ထိန်းပါ အန်ကယ်၊ စကားကို ကောင်းကောင်းမွန်မွန် ပြောပါ။ ကျွန်မဘက်က ဘာစကားမှ အလွန်အကျွံမပြောရသေးဘူးနော်။ ခုပြောသမျှဟာ အန်ကယ့်စကားတွေချည်း ဖြစ်နေသေးတယ်နော်။ ဒီမှာ အန်ကယ်။



အန်ကယ့်ဘက်က ခုလိုလေသံမျိုးနဲ့ စကားပြောမယ်ဆိုရင် ကျွန်မဘက်က အန်ကယ်ပြန်ကြားရမယ့် လေသံကလည်း အလားတူလေသံမျိုးပဲ ဖြစ်သွားမယ်လို့ ကျွန်မ သတိပေးတယ်။ ဘုရားပေါ်မှာတုန်းက အန်ကယ်က ကျွန်မကို ကျွန်တော်တို့ဟာ မိတ်ဆွေတွေမဖြစ်နိုင်သေးရင်တောင် ရန်သူတော့မဟုတ်တော့ဘူး မဟုတ်လားလို့ မေးတုန်းက ကျွန်မ ပြန်မဖြေခဲ့ဘူး။ ကျွန်မ အချိန်ယူပြီး စောင့်ကြည့်ချင်လို့ ပြန်မဖြေခဲ့တာ။ အခု အန်ကယ် ကျွန်မကို ပြောနေပုံက အဲဒီအမေးကို ငြင်းဆန်နေရာ ကျနေပြီဆိုတာ သတိထားပါ။ ကျွန်မဘက်က တုံ့ပြန်မှုကို ကောင်းကောင်းမွန်မွန်လိုချင်ရင် ကျွန်မကို ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ လိုပါမယ်'ဟု ကျွန်မက လေသံအေးစက်စက်ဖြင့် သတိပေးလိုက်သည်။

'ကျွန်တော်တို့က ခင်ဗျားကို မသွားပါနဲ့လို့ မပြောပါဘူး။ ကျွန်တော်တို့ကို အကြောင်းကြားပြီးမှ သွားပါလို့ ပြောတာ'ဟု သူက အရှိန်မပြေသေးသည့် ဒေါသသံနှင့် ဆက်နှင်သည်။

'သည်မှာ အန်ကယ်။ ကျွန်မကို လွှတ်ပေးစဉ်တုန်းက သည်လိုမျိုး သွားလာရင် အကြောင်းကြားရမယ်လို့ အန်ကယ်တို့ ကျွန်မကို အသိမပေးခဲ့ဘူး။ အဲဒီအတွက် ကျွန်မက အန်ကယ်တို့ကို အကြောင်းကြားရကောင်းမှန်း မသိခဲ့ဘူး။ သည်အတွက် သည်ကိစ္စ ကျွန်မမှာ ဘာတာဝန်မှ မရှိဘူး။ တာဝန်ရှိချင်းရှိရင် ဘာမှကြိုမပြောခဲ့တဲ့ အန်ကယ်တို့မှာပဲ တာဝန်ရှိတယ်'ဟု ကျွန်မက လေသံအေးအေးဖြင့်ပင် သူ့ကို တရားခံပြန်လုပ်လိုက်သည်။

'ဟာ… ဒါ ဘာပြောစရာလိုလဲ။ အားလုံးသိနိုင်တာပဲ။ ထောင်က ထွက်ပြီးရင်လည်း ကျွန်တော်တို့ကို အကြောင်းကြားသင့်တာတွေ ကြားရမယ်ဆိုတာ ထောင်ကလွှတ်ပြီးတဲ့သူတိုင်းလိုလို သိနေတဲ့ကိစ္စပဲ' သူက စိတ်မရှည်သည့်လေသံ ရှိနေဆဲ။

'ကျွန်မကတော့ မသိဘူး အန်ကယ်။ ကျွန်မဘဝမှာ ထောင်ကျတယ်ဆိုတာ စုစုပေါင်းမှာ ခုတစ်ခါတည်းပါ။ ကျွန်မမှာ ထောင်ကလွှတ်ဖူးတဲ့ အတွေ့အကြုံဆိုတာ သည်တစ်ခါတည်း ရှိတာပါ။ အန်ကယ်က ဒီကိစ္စကတော့ အားလုံးသိနိုင်တဲ့ကိစ္စပဲလို့ ပြောတာက သဘာဝမကျပါဘူး။ ကျွန်မလို ထောင်ထွက်အတွေ့အကြုံကို သည် တစ်ခါပဲ ကြုံဖူးတာဆိုတော့ ဘာလိုလို ဒါမျိုးတွေ မသိနိုင်ဘူး။ ကျွန်မသိရအောင် အန်ကယ်တို့ကလည်း ကြိုမပြောထားဘူး။ သည်တော့ ကျွန်မ နားလည်ထားတာက ထောင်က လွှတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီဆိုရင် ကျွန်မမှာ ကိုယ်သွားချင်ရာကို သွားနိုင်မယ်၊ ကိုယ်တွေ့ချင်တဲ့သူကို တွေ့နိုင်မယ်။ သည်လိုပဲ နားလည်ထားခဲ့တယ်။ ကျွန်မ နားလည်တာ မမှားဘူးဆိုရင် သည်လိုမှပဲ ကျွန်မကို ထောင်က လွတ်ပြီးသူတစ်ယောက်လို့ ဆိုနိုင်မှာမဟုတ်လား။ အန်ကယ် ပြောနေပုံအရ ကျွန်မဟာ ထောင်ကမလွတ်သေးသလို ဖြစ်နေပြီ။ အိမ်မှာ ပြန်ပို့ခံထားရပေမဲ့ ကိုယ်သွားချင်ရာမသွားခင်၊ ကိုယ်တွေ့ချင်သူနဲ့ မတွေ့ခင် အန်ကယ်တို့ကို အကြောင်းကြားရမယ်ဆိုတာ ကျွန်မ မလွတ်လပ်သေးဘူးလို့ဆိုလိုတာပဲ' ကျွန်မက စိတ်ရှည်နေသလောက် သူ့ကို ရစ်ခွေလိုက်ဖြစ်သည်။

'အင်းလေ… အရင်က မသိရင် ခုသိတော့ပေါ့။ သည်လိုအရေးကြီးတဲ့ အကြောင်းအရာမျိုးနဲ့ပတ်သက်ရင် ကျွန်တော်တို့ကို အကြောင်းကြားပေးပါ။ ခုတရားဝင်ပြောတယ်ဗျာ။ ခင်ဗျား လွတ်တာကတော့ လွတ်ပြီပဲ။ ဒါပေမဲ့ ကျွန်တော်တို့မှာလည်း ပြဿနာတွေ အများကြီးကို ရင်ဆိုင်နေရတဲ့အတွက် ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော်တို့က မသိလိုက်ရဘဲ တခြားလူကြီးတွေက ကြိုသိပြီးမေးလာတာမျိုးကျရင် အဆင်မပြေဘူး။ ကျွန်တော်တို့ ညံ့ရာကျတယ်' သူ့စကားထဲမှာ သူတို့အချင်းချင်း၏ ပြဿနာက ပေါ်လွင်နေသည်။

'ဒါကတော့ အန်ကယ်တို့ကိစ္စပဲ'

'ဟုတ်ပါတယ်။ ဒါပေမဲ့ ခင်ဗျားက ကျွန်တော်တို့ကို အကြောင်းကြားပေးရင် ကူညီရာရောက်ပါတယ်' သူ့လေသံတွေက အတန်အသင့်တော့ ပျော့ပျောင်းလာပြီဟု ဆိုနိုင်သည်။ သို့သော် သည်လောက်နှင့် မရ။

'ကူညီစေချင်တဲ့ လေသံက ခုလိုဖြစ်နေတာတော့ သဘာဝမကျဘူးထင်တယ် အန်ကယ်။ အခု အန်ကယ်ပြန်ပြင်ပြောပေးပါ။ ကျွန်မက ထောင်ကလွတ်လပ်ပြီးသူဖြစ်တဲ့တိုင် အန်ကယ်တို့ကို ကူညီစေချင်တဲ့သဘောနဲ့ အရေးကြီးမယ်ထင်တဲ့နေရာနဲ့ ပုဂ္ဂိုလ်တွေဆီသွားရင် အကြောင်းကြားပေးဖို့ဆိုတာမျိုး အန်ကယ် တရားဝင်ပြန်ပြင်ပြောပေးပါ။ အန်ကယ်သိထားဖို့က ဒီလိုသာ မပြောနိုင်ဘူးဆိုရင် ကျွန်မဟာ ကျွန်မကိုယ်ကျွန်မ ထောင်က လွတ်ပြီးသူလို့ ယုံကြည်နိုင်ဖို့ သိပ်ခဲယဉ်းသွားပါမယ်။ တစ်ခါ အန်ကယ်တို့ဘက်က တရားဝင်ပြောဆိုတားမြစ်တာကို မကြားခဲ့ရတဲ့ ထောင်ထွက်တစ်ယောက်အနေနဲ့ ခုလိုသွားလာတွေ့ဆုံမှုကြောင့် ဖြစ်လာတဲ့ နောက်ဆက်တွဲပြဿနာ အပေါ်မှာ ကျွန်မဘက်က ဘာတာဝန်မှ မရှိပါဘူး။ အန်ကယ်



တို့မှာပဲ တာဝန်ရှိခဲ့ပါတယ်။ ဒီတော့ အန်ကယ့်ဘက်က ခုစကားကို ပြန်ပြီး တရားဝင်ဖြစ်အောင် ပြောပေးမှ ကျွန်မလည်း နောင်မှာ အကြောင်းကြားဖို့ သဘောတူမှာ ဖြစ်ပါတယ်' ကျွန်မက အဆုံးသတ်တောင်းဆိုမှုကို ရှည်ရှည်ဝေးဝေးလျားလျားပင် မရပ်မနားပြောလိုက်သည်။

'ဟင်း… ထားပါတော့ဗျာ။ ကျွန်တော်တို့ဘက်က တရားဝင်ကြိုပြောထားမိတာ မှားသွားတာပေါ့။ ကျွန်တော်ကပဲ တောင်းပန်ပါတယ်ဗျာ။ ခု တရားဝင်ပြောပါပြီ။ နောင်ကို ကျွန်တော်တို့ကို ကူညီတဲ့သဘောနဲ့ သည်လိုနေရာမျိုး ပုဂ္ဂိုလ်မျိုးတွေဆီသွားရင် ကြိုတင်အကြောင်းကြားပေးပါ ဆိုတာခင်ဗျား' သူ့လေသံက ပျော့သွားသည့်တိုင် အငေါ်တူးနေသေးသည်။ သည့်ထက်တော့ ကျွန်မ မရစ်ချင်တော့ပါ။

'ကောင်းပါပြီ အန်ကယ်။ ကျွန်မ သဘောတူပါတယ်။ နောင်ကို မိတ်ဆွေမဖြစ်နိုင်သေးရင်တောင် ရန်သူမဟုတ်ချင်တော့ဘူးဆိုရင် ခုလိုချောင်တဲ့ဆက်ဆံရေးမျိုး ရှိစေချင်ပါတယ်'ဟု ပြောပြီး ဖုန်းချပစ်လိုက်သည်။ နောပါ။

သည်ဖုန်းစကားပြောမှုကို ထိုဗိုလ်မှူးဖြစ်သူက သည်တစ်ကြိမ်နောက်ဆုံးပြောခြင်းဖြစ်သည်။ နောက်နောင်မှာ ကျန်ဗိုလ်ကြီးအဆင့်များနှင့်သာ ပြောဖြစ်ပြီး သူ့ဘက်က ဘာမှထပ်စကားမဆိုတော့။ နောက်ထပ်ထပ်ဆက်လျှင် နောက်တစ်ခါ တောင်းပန်နေရမှာ စိုးသည်လား မပြောတတ်။ နောင်မှာ ဗိုလ်ချုပ်ခင်ညွန့် အရေးယူခံရတော့ သူ ပါသွား မသွား ကျွန်မလည်း မသိတော့ပါ။ မကြာမီ ကိုမိုက်ကယ့်ရက်လည်အတွက် အစ်မခြံထဲမှာ ဆွမ်းကျွေးရှိသဖြင့် သွားမည်ဟု ဆုံးဖြတ်ရာမှာ သူတို့ကို အိမ်ကထွက်ခါနီးမှ ဖုန်းဆက်ပြီးအကြောင်းကြားကာ သွားဖြစ်သည်။ သူတို့က ခဏလေးစောင့်ပါ၊ သူတို့လာပါမည်ဟု ဆိုသည်။ ငါးမိနစ်အတွင်း အိမ်ကို ဗိုလ်ကြီးတစ်ယောက်ရောက်လာပြီး ဘာမှမည်မည်ရရမပြောဘဲ အပြန်ညနေမှာလည်း တစ်ခေါက်လာတွေ့ပါရစေဟု ဆိုသည်။ ငြင်းစရာမရှိ။ အစ်မကို တွေ့တော့ သည်အကြောင်း ပြောပြဖြစ်သည်။ ဖုန်းစကားအစပိုင်းပြောစဉ်မှာ အစ်မက 'သိတာကလည်း ပြန်ရန်တွေ့လိုက်ရောပေါ့'ဟု စိတ်ဆိုးသည့်လေသံဖြင့် ပြောလာသည်။ 'ရန်တော့ မတွေ့လိုက်ဘူး အစ်မ။ ကောင်းကောင်းပြန်ပြောပြီး သူ ပြန်တောင်းပန်အောင်တော့ လုပ်ဖြစ်တယ်'ဟု ဆိုတော့ အစ်မက ပြုံးသည်။

www.burmeseclassic.com



## အရောင်စစ်နေကြာ ပြန်ထွက်ပြီ

သည့်နောက်မှာတော့ စာအုပ်များ ထုတ်ဝေခွင့်ရရေးအတွက် လုံးပန်းရသည်။ စာပေစိစစ်ရေးက ထုံးစံအတိုင်း အချိန်ဆွဲပြီး ဟိုရစ် သည်ရစ်လုပ်သော်လည်း သူတို့ထောက်လှမ်းရေးက ဝင်ပြောလိုက်ရာမှာ ပြီးသွားသည်။ 'အရောင်စစ်နေကြာ'မှာ အဖြတ်အတောက်များကြောင့် ကိုယ့်စိတ်ကြိုက် မဖြစ်သည့်တိုင် ထုတ်တော့ ထုတ်ဖြစ်သွားသည်။ စာမူရေးချိန်မှ စာအုပ်ထုတ်ချိန်ကြားမှာ ဆယ်စုနှစ်တစ်စုနီးပါး ကြာသွားရသည်။ 'ချိုရှရှပျားရည်နှံ့အပါအဝင် မဂ္ဂဇင်းဝတ္ထုတိုများ'လည်းထွက်ဖြစ်ပြီး စာရေးကာစ လက်ရာများကို စုထားခြင်းဖြစ်သည်။ နောက်တစ်ခါ ပေဖူးလွှာမှာ 'လေးနက်' နာမည်နှင့် လုပ်ခဲ့သည့် ဝတ္ထုတိုနှင့် ရသစာတမ်းဆရာများ၏ အင်တာဗျူးကို 'ရောင်စဉ်များရဲ့ အစျွတ္တနှင့် ရသနယ်ခြားအတွင်းရေး'အမည်ဖြင့် လုံးချင်းထုတ်ဖြစ်သည်။ သည်လိုသာ ထိုသုံးအုပ်အပေါ် ထောက်လှမ်းရေးက ပြောထားသဖြင့် အဆင်ပြေသော်လည်း နောက်ပိုင်းထပ်တင်သော ၁၉၈၈ နောက်ပိုင်းရေးသည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်များအတွက် ကျွန်မက တကူးတက ထောက်လှမ်းရေးကို မပြောဖြစ်တော့ရာ ခွင့်ပြုချက်က ကျလာဖို့ အချိန်အလွန်အမင်းစောင့်ရသလို ကျလာတော့လည်း စာအုပ်တစ်အုပ်စာ ပြည့်အောင်မကျန်တော့သည်ထိ ဖြတ်ထုတ်သတ်လုပ်ထားသဖြင့် ကိုယ့်ဘာသာပဲ သည်စာအုပ် မထုတ်လိုတော့ပါဟု လက်လျှော့လိုက်ရသည်။ ထိုအတူ မဂ္ဂဇင်းတွေကို ပေးပို့ဖြစ်သည့် ထောင်ထဲမှာရေးဖြစ်သော ဝတ္ထုတိုလေးများ မှာလည်း စိစစ်ရေးက မလွတ်ကြ။ အချို့မဂ္ဂဇင်းအယ်ဒီတာတွေကလည်း ကျွန်မ စာမူပေးမှာကို လန့်နေကြသည်။ တချို့ကတော့ 'စာကောရေးတတ်သေးရဲ့လား'ဟု ရိသည်။ ကျွန်မက 'ကျွန်မ စာရေးတတ်သေးလားသိချင်ရင် စိစစ်ရေးသွားမေးကြည့်ပေါ့'ဟု ပြန်ဖြေမိသည်။ စာရေးဆရာတစ်ဦးကတော့ မိတ်ဆက်ပေးစဉ်မှာပင် ခြေလှမ်းတွေ နောက်ပြန်ဆုတ်ကာ အလန့်ကြီးလန့်သွားသည်။ သည်လိုနှင့် ထောင်ထွက်စာရေးဆရာတစ်ဦး၏ ထောင်မလွတ်စကာလသည် ရောင်စုံလှပါဘိ။

တကယ်တော့ ထိုကာလများမှာ ကျွန်မ တကယ့်ကို စာမရေးတတ်တော့သည့်နှယ်ဖြစ်ခဲ့ကြောင်း ဝန်ခံရမည်။ အကြောင်းက စိတ်ခံစားမှုတွေ အထူးငြိမ်သက်နေခြင်းပင်။ ဆောင်းပါးလိုစာမျိုး ရေးခဲ့သည့် ဝတ္ထုတိုသမား



ကျွန်မမှာ စိတ်ခံစားမှုများလေ ကောင်းလေဖြစ်သင့်သော်လည်း ခုတော့ စိတ်ခံစားမှုတွေက ပြင်းထန်ပြီး အစွန်းရောက်မည်မကြံနှင့် သတိက တခိုင်းနိုင်းဝင်ချလာကာ 'ဝမ်းသာတယ်၊ ဝမ်းသာတယ်' 'ဝမ်းနည်းတယ်၊ ဝမ်းနည်းတယ်' စသဖြင့် တမှတ်တည်း မှတ်ပါတော့သည်။ သည်လိုနှင့် ထိုခံစားမှုတွေနောက် ဆက်မလိုက်ဖြစ်ဘဲ ခံစားမှုတွေ ပျက်ပျက်သွားတာကို သိသိပြီး ပြီးသွားနေသည်။ သည်သတိက ယခုတိုင်ရှိနေသေးရာ ယခုနောက်ပိုင်းမှာ ရသဝတ္ထုတိုတွေ သိပ်မရေးဖြစ်ရခြင်းသည် ထိုသတိကြောင့်တစ်ကြောင်း ဖြစ်ကြောင်း ဝန်ခံရပါမည်။ ငယ်ငယ်ကလို ထစ်ခနဲဆို ချရေးချင်စိတ်များ ဖြစ်မလာဘဲ ထစ်ခနဲဆို အမှတ်စိတ်က ပေါ်လာမြဲမို့ ရသကို ဖန်တီးရတာ ကျွန်မအတွက် ခက်ခဲလာကြောင်းလည်း ဝန်ခံပါသည်။ ထို့ကြောင့် ရေးပြီးသားအဟောင်းများထဲမှ ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့သည့် ဝတ္ထုတိုအချို့ကို ပြန်ပြုပြင်ကာ ပေးပို့တာမျိုးလောက်သာ လုပ်ဖြစ်ပြီး ရင်းနှီးပြီး ကိုယ့်ပေါ်စေတနာအလွန်ရှိကြသူတွေက စာပြန်ရေးဖို့ တိုက်တွန်းကြသည်ကို ကျေးဇူးတင်နေသည့်တိုင် ကိုယ့်ပြဿနာနှင့်ကိုယ် ရှိနေခဲ့ပါသည်။ သည်အမှတ်စိတ်မြဲသော သတိက စာပေရေးသားခြင်းအတွက် အဆင်မချောသော်လည်း ဆရာဝန်အဖြစ်တော့ အတော်ကြီးအဆင်ချောလှပါသည်။

## ဆရာဝန်ဘဝကို ပြန်စ

ထိုအချိန်မှာ ကျွန်မက ဆေးရုံမှာ အလုပ်ပြန်လုပ်နေပြီ။ ဆေးရုံလောကနှင့် စိမ်းနေသော်လည်း ထောင်ထဲမှာ တစ်လျှောက်လုံး စိတ်မှန်းဖြင့် ခွဲစိတ်ထား၍ ခွဲစိတ်ခြင်းက စိမ်းမနေ။ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တစ်ဦးကလည်း စေတနာအပြည့်ဖြင့် ကူညီကာ လက်ပြန်ရဲလာအောင် သူတတ်သိထားသမျှ နည်းနာနိဿယများကို မျှဝေသလို အားလည်းပေးသည်။ သည်လိုနှင့် အလုပ်ပြန်ဝင်ပြီး လပိုင်းလေးအတွင်းမှာ ကျွန်မ၏ လက်က မထင်မှတ်လောက်အောင် ကောင်းလာခဲ့သည်။ ကူညီသင်ကြားပေးသည့် လုပ်ဖော်ကိုင်ဖက်ကရော မေ့ဆေးဆရာဝန်ကြီးတို့ကပါ ကျွန်မ၏လက် သည်မျှကောင်းလာခြင်းအပေါ် အံ့သြနေကြသည်။ ထောင်မကျခင်က လက်အနေအထားထက်ပင် အလွန်အမင်း သာလွန်ကောင်းမွန်နေသည့် ကျွန်မ၏ ခွဲစိတ်စွမ်းရည်ကို သူတို့မျက်စိရှေ့မှာ အဆင့်ဆင့်မြင်နေရသဖြင့်သာ ယုံကြည်ရ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အပြင်လူများဆိုလျှင် ယုံမည်ပင်မထင်ဟု ဖွင့်ပြောလာကြသည်မှန်ပါသည်။ ကျွန်မကို ဆေးကော ကုတာတ်သေးရဲ့လား၊ ခွဲကော ခွဲတာတ်သေးရဲ့လားဟု မေးသူတွေက မေးကြပါသည်။ ကျွန်မလည်း ထုံးစံအတိုင်း လုပ်ဖော်ကိုင်ဖက်များနှင့် လူနာများကိုသာ မေးပါတော့ဟုသာ ပြန်ဖြေဖြစ်ပါသည်။ အမှန်တော့ အမှတ်စိတ်နှင့် သတိမြဲမြဲလာခြင်းဖြင့် ခွဲစိတ်ချိန်တွင် ကျွန်မ၏ အာရုံစူးစိုက်မှုအားမှာ အလွန်အမင်းကောင်းရကား လက်ရော စိတ်ပါ ငြိမ်နေသည့် ခွဲစိတ်ဆရာဝန်တစ်ယောက်၏ ခွဲစိတ်စွမ်းရည်သည် အံ့ဖွယ်တိုးတက် မြန်ခဲ့သည်သာ ဖြစ်ပါသည်။

သည်တည်ငြိမ်မှုကြောင့် ၂၀၀၆ ခုနှစ်မှာ ကျွန်မဖေဖေကိုယ်တိုင် အူအတက်ပေါက်သည့်အခါနှင့် ထိုခွဲစိတ်မှုအပြီး ချုပ်ရိုးအနာ ပြည်တည်မှုတွေအတွက် ခွဲစိတ်မှုများကို ကျွန်မကိုယ်တိုင် ဝင်လုပ်သည့်အခါ လုပ်ဖော်ကိုင်ဖက်များက အံ့သြနေခဲ့ကြပါသည်။ မိသားစုဝင်များကို ခွဲစိတ်ရာမှာ စိတ်လှုပ်ရှားမှုကြောင့် လက်ရော စိတ်ပါ မတည်ငြိမ်ဖြစ်နိုင်သဖြင့် မည်သူကမှ ကိုယ့်မိသားစုကို ကိုယ်တိုင်မခွဲစိတ်လိုကြ။ ကျွန်မအဖို့ကတော့ အစိုးရသည် ပုဂ္ဂိုလ်ဟူ၍လည်း မရှိတော့ဘဲ ခွဲစိတ်နေသည့် နေရာအစိတ်အပိုင်းကိုသာ အာရုံထားပြီး မည်သည့်လူနာမျိုးကိုမဆို မည်သည့်ခွဲခြားကုသမှုမျှ မလုပ်ခဲ့သည့်နည်းတူ ဖေဖေ့ကိုလည်း ဖခင်တစ်ဦးအဖြစ်ထက် လူနာတစ်ဦးအဖြစ် ရုပ်နာမ်အစုအဝေးတို့၏ ဖောက်ပြန်တတ်သော ရုပ်အစိတ်အပိုင်းကို ပြုပြင် ခွဲစိတ်ရခြင်းအဖြစ် သဘောရသည်မို့ အခက်အခဲမရှိ ပြီးစီးအောင် စွမ်းနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ထောင်ထဲမှာ အားထုတ်ခဲ့သည့်တရား၏ အကျိုးကျေးဇူးကို ယခုတိုင်ခံစားနေရခြင်းအပေါ် ရတနာသုံးပါးအား ကျေးဇူး တင်မဆုံး ဖြစ်ရပြန်ပါသည်။

သည့်နှယ် ကျွန်မသည် သက်မွေးပညာလောကများမှာ မအားနိုင်အောင် ရှိသော်လည်း လူမှုရေးကိစ္စများကို ကျွန်မ မလွှတ်ခဲ့ပါ။ အထူးသဖြင့် နာရေးများ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မ၏ အမှုမှာ အစိုးရသက်သေအဖြစ် လာရောက်ထွက်ဆိုပေးခဲ့ဖူးသော အဖွဲ့ချုပ်မှ လူကြီးတစ်ဦး အသည်းအသန် ဖြစ်နေရာ အနီးကပ်ပြုစုပေးမည့်သူလည်း မရှိဟုသိရသဖြင့် ကျွန်မ ရောက် သွားပါသည်။ ကျွန်မက အတိတ်အကြောင်း တစိုးတစိမျှမပြောဘဲ သူ့ ကျန်းမာရေးကိစ္စကိုသာ မေးမြန်းရာ သူက မျက်လုံးများဖြင့် ကျွန်မကို တောင်းပန်ကျေးဇူးတင်ခဲ့သည်။ သို့သော် ထိုလူ့ထံ လူမမာမေးလာသူထဲမှ



ကျွန်မနှင့် မသိကျွမ်းဖူးသူတစ်ဦးက ကျွန်မကို လက်ညှိုးထိုးပြီး 'ခင်ဗျား ဒေါ်လာတွေ ဘယ်လောက်စားပြီးပြီလဲ' ဟု မေးခဲ့ဖူးပါသည်။ သည်တစ်ခါမှာတော့ ကျွန်မ ပြန်ဖြေချင်စိတ်ပင် မရှိတော့လောက်အောင် ဖြစ်ခဲ့ဖူးပါသည်။ သို့သော် ဆုရသည့် ဆုကြေးများမှာ မိမိကြိုက်နှစ်သက်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုခုသို့ ညွှန်ပြပြီး လှူဒါန်းသွားရန်သာဖြစ်ကြောင်း၊ ကိုယ့်တစ်ကိုယ်ရည်ဘဝအတွက် အသုံးပြုခွင့်မရှိကြောင်း၊ ထို့ကြောင့် ကျွန်မ အလုပ်လုပ်နေသည့် ဘားလမ်းမူဆလင်ဆေးရုံကိုသာညွှန်ပြီး ဆေးရုံမှ ခွဲစိတ်ခန်းအတွက် လိုအပ်မည့်ပစ္စည်းကိရိယာများ ပေးပို့လှူဒါန်းနိုင်းမည်ဟု ရည်ရွယ်ထားကြောင်းတို့ကို စိတ်ရှည်လက်ရှည်ပင် ရှင်းပြလိုက်ပါသည်။ ကျွန်မ လွတ်စမှာ အပြင်လောကကို ပြန်အခြေချရန် အခက်အခဲရှိမည်ဟု နိုပ်မိကြကာ သူတို့ဘာတွေ ကူညီနိုင်မလဲဟု မေးကြသူတွေ ရှိသော်လည်း ယခုကဲ့သို့ လူမျိုးတွေလည်း ရှိပါသည်။ ကျွန်မ၏ ကျန်းမာရေးအခြေအနေကိုပင် မေးဖော်မရကြဘဲ ဆုတွေရထားတာမို့ သူတို့ကို ငွေချေးဖို့ ပြောဖူးသူပင် ရှိပါသည်။ ငယ်စိတ်နှင့်ဆိုလျှင် ထိုလူများကို နှုတ်သီးကောင်းလျှာပါး နှုတ်လှန်ထိုးပစ်မိမည်လား မပြောတတ်ပါ။ ခုတော့ ထုံးစံအတိုင်း ကပ်လာသည့် အမှတ်စိတ်ကို အားကိုးပြီးတော့သာ နေဖြစ်တော့သည်။

## ကားစစ်ထိုးမှုများ

သည်လိုသာ ကိုယ့်နိုင်ငံသားချင်းကို မတုံ့ပြန်ခဲ့သော်လည်း အိမ်ပေါ်ကို မဖိတ်ခေါ်ဘဲ ရောက်လာပြန်သည့် စစ်ထောက်လှမ်းရေး ဗိုလ်ကြီးကိုတော့ တုံ့ပြန်၍မရ။ 'မသီတာ ဖလင်လိပ်လေး အပ်ပါ' သည်စကားကြားကြားချင်း သူ ဘာပြောနေမှန်း မသိ။ 'ဗိုလ်ကြီး ရှင်းရှင်းပြောပါ။ ဖလင်လိပ်က ဘာလဲ။ ဘာကိုအပ်ခိုင်းနေတာလဲ' ဟု ပြန်မေးရသည်။ 'ဩော်... ဒီနေ့မနက် သခင်ကိုယ်တော်မှိုင်းနှစ်ပတ်လည်နေ့ အဲဒီအိမ်ဆွမ်းကျွေးကိုသွားပြီး ဓာတ်ပုံ ရိုက်ခဲ့တာတွေလေ။ ဂူကိုသွားတော့လည်း မသီတာ လိုက်သွားပြီး ဓာတ်ပုံတွေ ရိုက်ခဲ့တယ်လို့ သိထားလို့' ဟု ရှင်းမှ အလွဲကြီးလွဲနေတာ သိတော့သည်။ ထိုဆွမ်းကျွေးကို ကျွန်မ သွားခဲ့သည်မှန်သော်လည်း ကျွေး[illegible]စားပြီးသည်နှင့် ပြင်ပလူနာဌာနဖွင့်ချိန် နံနက်ရှစ်နာရီခွဲအမီ ဆေးရုံသို့သွားခဲ့ပြီး ဂူသင်မရာပင် ပါမသွားခဲ့။ စိတ်ထဲမှာ အတော်ကြီး အဆင်မပြေသော်လည်း

www.burmeseclassic.com



သူတို့မျှော်လင့်ထားသည့် တုံ့ပြန်မှုမျိုးမဖြစ်အောင် ခါတိုင်းလို ကြိုးစားရ သည်။ 'စိတ်ကူးကလည်း တူရန်ကော ဗိုလ်ကြီးရေ'ဟု ကျွန်မက ရယ်ရယ် ပြုံးပြုံးနှင့် စကားစတော့ သူက နားမလည်သလို ငေးကြည့်နေသည်။

'ဩော်... ကျွန်မကလည်း ကိုယ့်ဘာသာ ဓာတ်ပုံသွားရိုက်ရင် ဖလင်ဖိုးရင်းရ ဘာရနဲ့ ငွေလည်းကုန် လူလည်းပမ်းမှာမို့ ရေသာခိုပြီး ရိုက်ထားတဲ့သူများဆီက တောင်းကူးမယ်လို့ပဲ ကြံတတ်တာဆိုတော့ ဗိုလ်ကြီး တို့များ ရိုက်ထားမိရင်တောင် တောင်းမလားလို့' ဟု ပြောချလိုက်သည်။ 'ဟာဗျာ... ကျွန်တော်တို့ သိထားတာက တစ်မျိုးဖြစ်နေလို့ပါ။ မသိထား တကယ်မရိုက်ဖြစ်ဘူးဆိုလည်း ပြီးတာပါပဲ။ ဟို... ကျွန်တော်တို့ အချောင်ခိုပြီး သူများရိုက်ထားတာကို တောင်းကူးမလို့ မဟုတ်ပါဘူး ကျွန်တော်တို့ သတိမထားလိုက်မိလို့...'သူက စကားတွေ အယောင်ယောင် အမှားမှားဖြစ်လာသည်။ နောက်ပိုင်းမှာတော့ သူနှင့် ကျွန်မ လေပေးဖြောင့် သွားသည်။ သူက ကျွန်မ၏ မထင်မှတ်သော အကွက်ရွှေ့မှုတွေကို စိတ် မှတ်မကြီးသော ထောက်လှမ်းရေးလည်း ဖြစ်လေသည်။ အမှန်တော့ အလယ်တန်းပြဆရာဘဝမှာ စစ်ထဲဝင်သွားသူဖြစ်သဖြင့် ဒီအကိစ်အဆောင်း ယမ်မွေးခြံပေါက် စစ်ဗိုလ်တွေလိုမဟုတ်။ ယဉ်ကျေးမှုရှိသူဖြစ်သည်။ နောက် ပိုင်းမှာ သူက မကြာခဏပေါ်လာသည့် မိတ်ဆွေမဟုတ်သော ရန်သူမဖြစ် သောလူတစ်ဦး ဖြစ်လာသည်။

၂၀၀၁ ဖေဖော်ဝါရီမှာ နအဖ အထွေထွေအတွင်းရေးမှူး(၂) ဒု- ဗိုလ်ချုပ်ကြီးတင်ဦးအပါအဝင် အရာရှိ ၂၂ ဦး ရဟတ်ယာဉ်ပျက်ကျထား ကွယ်လွန်ပြီးနောက်မှာ အိမ်ရောက်လာသည့်အခါ 'အဲဒါ နမူနာပဲ မှတ်ထား နော်။ ကုသိုလ်နဲ့ အကုသိုလ်မှာ ဘဲစားဘဲခြေလုပ်လို့မရဘူး။ ကုသိုလ်အလုပ် အတွက် ကုသိုလ်အကျိုးရသလို အကုသိုလ်အလုပ်အတွက်လည်း အကုသိုလ် အကျိုးက ရမှာပဲ။ များတဲ့တစ်ခုထဲက နည်းတဲ့တစ်ခု နုတ်လိုက်ရင် ရမယ်လို့ ဘယ်တော့မှ မတွက်ပါနဲ့။ ကံတွေ အကျိုးမပေးနိုင်လောက်အောင် စွမ်းတဲ့ မဂ်ဖိုလ်မျိုးတွေ ရထားရင်တော့ တစ်မျိုးပေါ့။ မဟုတ်လို့ကတော့ စံလည်း စံရမယ်။ ခံလည်းခံရမယ်ဆိုတာ သတိရကြပါ'ဟု ပြောမိသေးသည်။ သည်တစ်ခါတော့ သူက ဘာမှပြန်မပြောနိုင်။ ဆိုရလျှင် အများစုက သေရ ခြင်းကိုသာ ကြောက်နေကြသလို သေရခြင်းကလည်း သတ္တိဖြစ်နေခဲ့သည်။ သည်နေရာမှာ ဇာတိ၊ ဇရာ၊ မရဏနှင့် ဘဝသံသရာ၏ ဒုက္ခအကြောင်းကို



သဘောပေါက်လာချိန်မှစကာ 'ရှင်ရဲသည့်သတ္တိ'လည်း ပြင်းပြလာခဲ့သည် ဟု ဆိုရမည်။ ကိုယ်တွေ့အရလည်း 'သေရခြင်းသည် သတ္တိမည်'ကြောင်း သိပြီးဖြစ်သည့်တိုင် ထောင်ထဲမှာဖွင့်ပေးသည့် ထောင်တန်းသာသနာပြုဆရာ တော်ဘုရားကြီး၏ ပရိတ်တရားခွေထဲမှာ ဆရာတော်ကြီးက သူသည် ဘုရားဆုပန်ယောကျ်ားဖြစ်ကြောင်း ဖွင့်ဟထားကာ 'သေရဲတဲ့သတ္တိလည်း ရှိတယ်။ ရှင်ရဲတဲ့သတ္တိလည်း ရှိတယ်'ဟုပြောရာတွင် ကျွန်မအတွက် 'ရှင်ရဲ တဲ့သတ္တိ' စကားလုံးက အဆွဲဆောင်နိုင်ခဲ့ဆုံးပါ။ ဇာတိနှင့် ဘဝ၏ဒုက္ခ များကို သဘောပေါက်သူတစ်ဦးအနေဖြင့် အသစ်တစ်ဖန် ပြန်ရှင်လိုခြင်း အလျှင်းမရှိတော့ရာ ဆရာတော်ကြီးလို ဆုကြီးပန်ပုဂ္ဂိုလ်ထူးများ၏ ရှင်ခြင်း၏ ဒုက္ခကို သိလျက်နှင့် သတ္တဝါအများကို ကယ်တင်ရန်အလို့ငှာ ဘဝတစ်ဖန် ပြန်ရှင်ရန် ရင်းရဲသည့် သတ္တိကို ကြည်ညိုစိတ်တွေ တဖွဖွဖြစ်ခဲ့ရဖူးပြီ။

## ပတ်စ်ပို့ တင်ခြင်း

ထိုထောက်လှမ်းရေးက တာဝန်အရ ကျွန်မကို အမျိုးမျိုးတီးခေါက် ခေးမြန်းရသူဖြစ်သော်လည်း ကျွန်မပြန်ဖြေလေ့ရှိသည့် အဖြေများကို သဘော ကျလက်ခံကာ အတွန့်မတက်သူလည်း ဖြစ်သည်။ ထို့ကြောင့် ထောင်ဝင်းက မထွက်မီမှာ နောက်ခြောက်လဆိုလျှင် ပတ်စ်ပို့တင်၍ ရနိုင်မည်ဟူသည့် လူကြီးမင်းများ စကားအရ ကျွန်မက လျှောက်လွှာသွားတင်သည်။ သည်မှာ လည်း ဖြစ်ချင်တော့ ကျွန်မကို စစ်ကြောရေးမှာ စစ်ခဲ့ဖူးသူတစ်ယောက်က ပတ်စ်ပို့လျှောက်လွှာရောင်းနေပြီး သူ့ကို မှတ်မိသေးလားဟု မေးသည်။ 'ထောင်ထဲမှာ ကျောင်းသူတစ်ယောက်ပြောတဲ့စကားနဲ့ ပြောရရင် ကိုယ့်ကို ဒုက္ခရောက်အောင် ကူညီခဲ့ဖူးတဲ့လူပဲ၊ ဘယ်မေ့နိုင်ပါ့မလဲ'ဟုဖြေတော့ မချိ သွားဖြဲပြသည်။ 'လုံးချင်းထွက်တယ်ဆို ပေးဖတ်ပါဦး'ဟု အရှက်မရှိ တောင်းလိုက်သေးသည်။ 'ဝယ်ဖတ်ပေါ့။ အားပေးသင့်တယ်လေ။ ရှင်တို့ လက်ဖက်ရည်ဖိုးရတာရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိဘူး'ဟုသာ ပြန်ပြောဖြစ် သည်။ သည်လျှောက်လွှာကတော့ စုဠလိပ်ရေထဲလွှတ်လိုက်သလို မည်သည့် အခါကမျှ ပြန်မကြားရတော့သည့် လျှောက်လွှာသာဖြစ်သည်။ ထိုပတ်စ်ပို့နှင့် ပတ်သက်ပြီး အိမ်လာနေကျ ဗိုလ်ကြီးကိုရစ်တော့ သူကလည်း မနေနိုင်တော့ ဘဲ အထက်အထက်ကို ပြောပုံရသည်။ 'နိုင်ငံခြားထွက်ဖို့က စောပါသေးတယ်'

www.burmeseclassic.com



ဟု စကားပြန်လာသည်။ ကျွန်မက နဂိုကတည်းက မိဘများကျန်းမာရေးကောင်းခိုက်မှာသာ ခုလိုနှစ်ရှည်လများ ပညာသင်သွားဖို့ ဆုံးဖြတ်နိုင်တာဖြစ်ပြီး ကျွန်မက ဆန္ဒရှိလျှင် နယ်စပ်ကို ဖြတ်ကျော်ပြီး ထွက်နိုင်နေသည်ကိုသိစေလိုကြောင်း၊ မြန်မာနိုင်ငံမှလွဲလျှင် မည်သည့်နိုင်ငံသို့မျှ ပြောင်းရွှေ့အခြေချရန် ဆန္ဒမရှိသဖြင့် တရားဝင်လျှောက်လွှာတင်နေတာဖြစ်ကြောင်းတို့ကိုပြောပြထားပြီးဖြစ်သည်။

သည်နှယ် 'စောပါသေးတယ် 'အဖြေမျိုးက ဘာကိုအနက်ကောက်ရမှန်းမသိအောင် ဝေဝါးနေသည်။ နောက်ဆုံးတော့ ကျွန်မက စကားပြောရင်းနှင့် စိတ်ထဲအဆင်မပြေဖြစ်ကော 'ကဲ··· ရှင်တို့လူကြီးကို ပြောလိုက်။ ကျွန်မ ပတ်စ်ပို့စောင့်ရတာ စိတ်မရှည်လွန်းလို့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲထွက်သွားတော့မယ်လို့'ဟု ပြောချလိုက်သည်။ 'ဗျာ'ဟု တစ်လုံးတည်းသာပြန်တုံ့ပြန်နိုင်အောင် ဗိုလ်ကြီးက တွန့်သွားသည်။ 'ဟုတ်တယ်၊ ကော်ဇောပုံပဲစီးပြီးသွားတော့မယ်။ အဲဒီတော့ ဘုရားတွေပေါ် တက်တက်ပြီး ပေါက်ပေါက်ကြဲ ပိုက်ဆံကြဲ မိုးပျံပူဖောင်းလွှတ် လုပ်နေတဲ့ ရှင်တို့လူကြီးတွေကိုပြောထားမတော်လို့ ကျွန်မရဲ့ကော်ဇောပျံနဲ့ တိုက်မိရင် စိတ်ပူမနေနဲ့။ အဲဒါ ကျွန်မလာနှုတ်ဆက်သွားတာပဲ။ ကော်ဇောပျံနဲ့တိုက်မိပြီး ဘုရားပေါ်က လိမ့်ကျမှာကိုတော့ သတိထားလို့'ဟု ကျွန်မက ဆက်ပြောမှ သက်ပြင်းကြီးချကာရယ်မလို ငိုမလိုဖြစ်သွားတော့သည်။ သည့်နောက်ပိုင်းမှာတော့ သူ တကယ်ပဲလူကြီးတွေကို သွားပြောမပြော မသိနိုင်တော့ပါ။ ထိုနေ့ အပြီးမှာကတည်းက အသံမကြား လူမပေါ်လာလိုက်သည်မှာ ၂၀၀၄ နှစ်ကုန် ဗိုလ်ချုပ်ခင်ညွန့်ရာထူးမှ အနားယူသွားပြီး စစ်ထောက်လှမ်းရေးမရှိတော့သည့်တိုင် ဖြစ်တော့သည်။ ကျွန်မလည်း ထိုကာလတိုင် ပတ်စ်ပို့မရခဲ့ပါ။ ထို့ကြောင့် အင်းစိန်ထောင်မှ လွတ်မြောက်လာသော်လည်း ပိုပြီးကျယ်ဝန်းသည့် 'မြန်မာနိုင်ငံအကျဉ်းထောင်'ထဲမှ မထွက်နိုင်ဘဲ ဖြစ်ရပြန်ပါသည်။

❖



## ရွေးချယ်ထားသည့် လက်ရှိဘဝ

၁

အင်းစိန်ထောင်မှ လွတ်ပြီးနောက်ပိုင်းမှာ ကျွန်မ၏ အနာဂတ်အတွက်ရွေးချယ်ဖြစ်သည်က ဆရာဝန်စာရေးဆရာဘဝသာ ဖြစ်ပါသည်။ ယခင်ကတည်းက ကျွန်မ၏ အိပ်မက်မှာ အခမဲ့ရွှေ့လျားဆေးရုံတည်ထောင်ရေး၊ အမြတ်အစွန်းမဲ့ ပုံနှိပ်လုပ်ငန်း လုပ်ကိုင်ရေးနှင့် ပုံစံခွက်မှ ခွဲထွက်သော မိဘမဲ့ကလေးများ ပြုစုပျိုးထောင်ရေးတို့ ဖြစ်ခဲ့သည်မို့ မည်သို့သော ဘဝအပြောင်းအလဲကိုကြုံကြုံ သည်အိပ်မက်များကိုတော့ မက်ဆဲဖြစ်ပါသည်။ သို့သော် ယခင်က အိပ်မက်မှာ ထိုအရာများကို လုပ်ကိုင်သူတစ်ယောက်ဖြစ်ချင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါမှာတော့ ထိုလုပ်ငန်းများ၏ သဘောသဘာဝနှင့်ကိုက်ညီသော မည်သည့်အလုပ်မျိုးကိုမဆို မည်သည့်အဖွဲ့အစည်းနှင့်မဆိုမည်သူတစ်ဦးတစ်ယောက်နှင့်မဆို လုပ်သွားရန်ဆန္ဒဖြစ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မအနေနှင့် ထိုသဘာဝရှိသောအလုပ်များကို ဦးဆောင်သူ၊ တီထွင်သူ၊ လမ်းဖောက်သူ စသဖြင့် ဖြစ်လိုသောဆန္ဒမျိုး မရှိတော့ဘဲထိုအလုပ်မျိုးလုပ်ရလျှင် ပြီးစတမ်း မည်သည့်အခန်းကဏ္ဍမှ ပါရပါရ ပါသွားရန် ဆုံးဖြတ်ဖြစ်လာပါသည်။ ငယ်စဉ်က အသက်အပိုင်းအခြားအလိုက်ဘဝမှာ ဖြစ်အောင်လုပ်မည်ဟု တွေးထား၊ အိပ်မက်ထားသည်များကိုမေ့မရနိုင်သော်လည်း လတ်တလောမှာ ပေးသည့်အခြေအနေနှင့် အခွင့်အရေးအရနိုင်သမျှ လုပ်သွားရန်သာ ရည်ရွယ်ဖြစ်ပါသည်။ ထိုသို့ဖြစ်လာခြင်းမှာ စိတ်ဓာတ်ကျသွားခြင်းမဟုတ်ဘဲ ကိုယ့်အာသာဆန္ဒနှင့် ကိုယ့်အတ္တများရှေ့တန်းသို့ ရောက်မလာတော့ခြင်းသာ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၏သဘောကို ဉာဏ်မှာ ထင်ရှားခဲ့ပြီးဖြစ်သဖြင့် မကောင်းသည့်အလုပ်မဖြစ်လျှင် သို့မဟုတ် ကောင်းသည့်အလုပ်ဖြစ်နေလျှင် ကိုယ့်အခန်းကဏ္ဍကိုချေးမများဘဲ လုပ်လိုစိတ်သာ ဖြစ်လာခဲ့ပါသည်။

ကျန်းမာရေးအခြေအနေမှာမူ လွတ်ပြီးစမှာ မမွတာထိန်နေသေးသဖြင့်ကောင်းနေခဲ့သော်လည်း နောက်ပိုင်းမှ တစစဖောက်လာပြန်ပါသည်။ အဘိဓရာဆောင်းအဖြေများမှာ သိသိသာသာတိုးတက်လာပြီး အလုံးအရွယ်သေးသွားသော်လည်း နောက်ပိုင်းမှာ ခွဲစိတ်မှုအကြီးစားများကို ခွဲစိတ်ခိုက်တွင်နာကျင်လွန်းသည့် ဝေဒနာကြောင့် အပြီးတိုင်ဆက်ခွဲရဖို့ပင် ခက်ခဲလာသည်

www.burmeseclassic.com

www.burmeseclassic.com



အထိ ပြန်လည်ပြင်းထန်လာသကဲ့သို့ သွေးဆင်းမှုလည်း ပုံမှန်မဖြစ်တော့ကာ နောက်ဆုံး ၂၀၀၄ ခုနှစ် နိုဝင်ဘာမှာ ကိုယ့်ဘာသာ ဆေးရုံမှာတင် သားဖွားမီးယပ်အထူးကုများဖြစ်သော မမဒေါက်တာ ဒေါ်ခင်ဝင်းကြူ၊ မေဒေါက်တာဒေါ်ခင်ဖုန်းတင့်တို့က ခွဲစိတ်ပေးပါသည်။ သားအိမ်၊ သားအိမ်လည်တံနှင့် ဘယ်ဘက်ဥအိမ်တို့ကို ထုတ်ပစ်လိုက်ပြီး ဓာတ်ခွဲခန်းအဖြေမှာ ရောဂါမည်သုံးမျိုး Adenomyosis, Leiomyoma Uterus and Cervical Polyp ဟု ထွက်ပေါ်လာပါသည်။ မူလရောဂါအမည်နှင့် ကွဲပြားမှုများရှိသည်ကိုသိရပြီး ထောင်ထဲမှာ စကိုပီဖြင့် မစမ်းသပ်ဖြစ်ခဲ့သကဲ့သို့ လွတ်ပြီးနောက်ပိုင်းမှာလည်း ထိုစမ်းသပ်မှုအား ဆက်မကြိုးစားဖြစ်ခဲ့ခြင်းအတွက် နောင်တဖြစ်ရပါသည်။ ထိုခွဲစိတ်ကုသမှုမှာလည်း ကျွန်မက ခွဲစိတ်ကုသစဉ်တစ်လျှောက်လုံးမှာ အသိမမဲ့ချင်သဖြင့် ခါးအောက်ပိုင်းထုံဆေးဖြင့်သာ ခွဲစိတ်ပေးပါရန် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဦးဟုတ်ဝမ်ကို တောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီးက စေတနာဖြင့် ခါးထုံဆေးမထိုးမီ အရက်ပျံ၊ အိုင်အိုဒင်းများဖြင့် ခါးနေရာကို သေချာဆေးကြောသန့်စင်ပြီး ထုံဆေးကို ထိုးပေးခဲ့သော်လည်း လွဲချော်ကာ မထုံလာခဲ့။ ကမန်းကတန်း မေ့ဆေးပေးခဲ့လိုက်ရပြီး နောက်ပိုင်းမှာတော့ ကျောတစ်ပြင်လုံးမှာ အရက်ပျံနှင့် အိုင်အိုဒင်းမတည့်သည့်အတွက်ရော၊ မေ့ဆေးပြယ်စ ပဋိဇီဝဆေးတစ်မျိုးကို စမ်းထိုးကြည့်ရာမှာတင် ဓာတ်မတည့်မှုအလာဂျီတွေ ဖြစ်လာသည့်အတွက်ပါ ကျွန်မ၏ ကျောတစ်ပြင်လုံး မြွေအရေခွံကွာသလို အလွှားလိုက်ကွာကျကာ ပက်လက်လှန် အိပ်မရခဲ့ပါ။ များသောအားဖြင့် ဝမ်းဗိုက်ခွဲစိတ်ခံထားရသူများကို အနာအသားသေရန် မှောက်လျက်အိပ်ခိုင်းသည့်အခါ ချုပ်ရိုးမှ ပို၍နာလာတတ်သဖြင့် လူနာအများစုက မအိပ်နိုင်ကြပါ။ ကျွန်မကတော့ ၁၉၉၁၊ ၁၉၉၇ တို့မှာ အသည်းအသန် အပြင်းအထန်နာခဲ့ပြီးဖြစ်ရာ ခွဲစိတ်ဒဏ်ကြောင့် အနာကိုဖြင့် သာမန်အမှတ်စိတ်လောက်ဖြင့်ပင် ကျော်လွှားနိုင်ပါသည်။ ခွဲစိတ်ပြီးနောက်နေ့မှာပင် ကျွန်မက သွားလာလှုပ်ရှားနေသဖြင့် လူမမာလာမေးသူအချို့က 'ဘယ်တော့ခွဲမှာလဲ'ဟု မေးယူရသည်အထိ ကျွန်မသည် လူမမာပုံ မပေါက်ခဲ့ပါ။ ကျောမှ အရေပြားကွာနေသည့်ပြဿနာကြောင့်လည်း မှောက်လျက်အိပ်ရသည်မှာ ကျွန်မအတွက် အဆင်ပြေနေပါသည်။ အတွေ့အကြုံရှိသော သူနာပြုအချို့က ကျွန်မကို 'ဒေါက်တာက လုံးဝမနာတတ်ဘူးနော်'ဟု ပြောကြသည်။ အမှန်တော့ ဘာသာခြားဖြစ်သည့် သူတို့ကို



ဝိပဿနာအစွမ်းဖြင့် နာသိစိတ်၏ အပျက်များကို စောင့်ကြည့်နိုင်သောကြောင့် ကျွန်မကို မနာတတ်သူဟုထင်နိုင်ခြင်းဖြစ်ကြောင်း ရှင်းပြရသည်မှာ အတော်ခက်ခဲခဲ့သော်လည်း အကြမ်းဖျင်းအားဖြင့်တော့ ရှင်းပြဖြစ်ပါသည်။

တစ်ပတ်လျှင် သုံးရက် ဥပုသ်စောင့်မှုများမှာမူ ၂၀၀၀ ခုနှစ် နှစ်ဆန်းမှာတင် ကျွန်မနားလိုက်ပါတော့သည်။ ခွဲစိတ်ခန်းမှာ လူနာခွဲနေရင်း မူးလဲသွားလေ့ရှိရာ ကျွန်မအတွက် အဆင်မပြေဖြစ်လာသောကြောင့် နားလိုက်ခြင်းဖြစ်ပါသည်။ တရားအားထုတ်မှုကိုလည်း အချိန်သတ်မှတ်ပြီးလုပ်ဖို့ထက် အချိန်ပြည့်သတိထားပြီး အထူးသဖြင့် စိတ်ခံစားမှုများ အစွန်းမရောက်မီနှင့် အစွန်းရောက်ပြီးစအချိန်တွေမှာ အမှတ်မြဲအောင် အားထုတ်ဖို့သာ ကြိုးစားပါတော့သည်။ကိစ္စများမြောင်လှသော သည်လူ့ဘောင်မှာ ယခင်က စာအုပ်တစ်အုပ်မှ လက်ထဲမရှိလျှင် အိမ်သာတက်လည်း အဆင်မပြေ၊ တစ်နေရာရာမှာ တစ်ယောက်ယောက်ကို ထိုင်စောင့်ရင်လည်း အဆင်မပြေ၊ ညအိပ်ရာဝင်လည်း အဆင်မပြေနှင့် လက်ထဲမှာ စာအုပ်မရှိလျှင် ပြစ်မှုတစ်ခု ကျူးလွန်နေသကဲ့သို့ စိတ္တဇဖြစ်ခဲ့သော်လည်း ယခုအခါမှာတော့ စာအုပ်မရှိသည့် မည်သည့်နေရာမှာမဆို သည်ရုပ်သည်နာမ်သည်ခန္ဓာရှိနေသရွေ့ အမှတ်စိတ်နှင့် သတိကပ်ကာ ဝိပဿနာကို အားထုတ်ခြင်းဖြင့် အချိန်နှင့်နေရာများအပေါ် စိုးမိုးနိုင်လာပါသည်။ နောက်ပိုင်း လေယာဉ်ခရီးရှည်များ စီးလာရသည့် အခါမှာလည်း ခန္ဓာနာမ်ရုပ်ကို စောင့်ကြည့်ရင်းဖြင့် လိုက်ပါနိုင်ရာ သူတကာ ခံစားရသကဲ့သို့ လေယာဉ်ထိုင်ခုံပေါ်မှာ Torture လုပ်ခံရသည့်နှယ် ဖြစ်နေသည်ဟု မခံစားရပါ။ ရုပ်ရှင်ဓာတ်လမ်းများကို ကြည့်ဖြစ်သည့်အခါများမှာ ထိုသတိကပ်မှုက ခံစားမှုတွေ အစွန်းရောက်ခါနီးတိုင်း ပေါ်လာတတ်သဖြင့် နောက်ပိုင်းမှာ ဓာတ်လမ်းရုပ်ရှင်များကို မကြည့်ဖြစ်သလောက် ဖြစ်လာကြောင်းလည်း ဝန်ခံရပါမည်။ မှတ်တမ်းရုပ်ရှင်များကိုတော့ ကြည့်နိုင်နေပါသေးသည်။ သိမ်မွေ့ပြီး မြင်နိုင်ခဲသည့် ကိလေသာအနုစားလေးများကိုမူ သတိချွတ်ချော်နေဆဲ ဖြစ်သော်လည်း ကိလေသာအကြီးစားကြီးများကိုတော့ ဖြစ်သည့်အခိုက်မှာပင် မြင်နိုင်လောက်အောင် သတိမြဲလာရခြင်းကတော့ အားထုတ်မှု၏ အကောင်းဆုံးရလဒ်ဟု ဆိုရပါမည်။ ယခုတိုင် ခံစားနေရသော အကျိုးလည်း ဖြစ်ပါသည်။

သက်မွေးမှုနှင့်ပတ်သက်၍လည်း အတတ်နိုင်ဆုံး စကြိုယ်အောင် အားထုတ်ဖြစ်ပါသည်။ ထောက်လှမ်းရေးတပ်မှူးနှင့် အပြန်အလှန်ပြောဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်များကိုလည်းကောင်း၊ ထောင်တွင်းဝိပဿနာတရား အားထုတ်ခဲ့ပုံများကိုလည်းကောင်း ရွှေတောင်ကုန်းဆရာတော်ဘုရားထံ လျှောက်ထားဖြစ်ရာမှာ 'အေး… မိမိ သူတစ်ပါး နှစ်ဦးသားရဲ့အကျိုးကို ဆောင်နိုင်မှ အာဇာနည်မည်တယ်။ သူတစ်ပါးအကျိုးဆောင်ပြီး မိမိအကျိုး မဆောင်နိုင်ရင်လည်း မရဘူး။ မိမိအကျိုးဆောင်ပြီး သူတစ်ပါးအကျိုး မဆောင်နိုင်ရင်လည်း မရဘူး။ သူတစ်ပါးအကျိုးအတွက် လုပ်ရင်း ထောင်ကျချိန်မှာ မိမိအကျိုးကို ဆောင်နိုင်ကြောင်း သိရလို့ ဝမ်းသာပါတယ်။ ဖုန်းပြဿနာမှာလည်း ပညာရှိလို ရှင်းကြောင်းသိရတော့ ဝမ်းသာပါတယ်'ဟု ပြန်လည်မိန့်ကြားခဲ့သဖြင့်လည်း ကျွန်မအတွက် အားဆေးများ ဖြစ်လာကာ နောင်မှာ သည်နှယ်သာ မိမိ၊ သူတစ်ပါး နှစ်ဦးသားအရေးများကိုသာ လုပ်ဆောင်လိုလာပါသည်။ ယခင်က ဘွဲ့လွန်တွေ တသီတတန်းကြီး လိုချင်ခဲ့ရာမှ ယခုတော့ ဘွဲ့ဆိုတာမျိုးထက် မိမိ၊ သူတစ်ပါးနှစ်ဦးသား၏ အကျိုးကို ဆောင်နိုင်မည့် ပညာရပ်များ၏သဘောကို နားလည်သည့်အတိုင်း ပြန်လည်အသုံးချနိုင်ခွင့်မျိုးကိုသာ တောင့်တတတ်လာပါသည်။ ထို့နောက် ၁၉၉၉ ထောင်မှ လွတ်ကတည်းက မရနိုင်ခဲ့သော ပတ်စ်ပို့ကြောင့် ကိုယ့်စိတ်ကြိုက် ဘွဲ့လွန်တက်ရန် မဖြစ်နိုင်တော့ဟု ရိပ်မိချိန် ၂၀၀၁ မှာ လန်ဒန်တက္ကသိုလ်မှ ပြည်သူ့ကျန်းမာရေးဆေးပညာဆန်သော ကျန်းမာရေးစနစ်များ စီမံခန့်ခွဲသည့် ပညာရပ်ကို ဘားလမ်းဆေးရုံမှာ ခွဲရင်းစိတ်ရင်းမှ စာပေးစာယူတက်ဖြစ်သွားပါသည်။ (ထိုဘွဲ့ပေးသည့်အခမ်းအနားသို့ တက်ရန်ဟု ပတ်စ်ပို့ကို ပြန်တင်ရာမှ ကျွန်မ ပြည်ပထွက်ခွင့်ရလာခဲ့ပါသည်။) ခွဲစိတ်ပညာဘွဲ့လွန်မတက်နိုင်ခဲ့သော်လည်း နေ့စဉ်နှင့်အမျှ ခွဲရလွန်းသဖြင့် လက်ရည်တက်သထက် တက်လာသော ခွဲစိတ်စွမ်းရည်ဖြင့် ဆင်းရဲနွမ်းပါးသည့် လူနာအများစုအား ကုသပေးနေရခြင်းကို ခွဲစိတ်ဘွဲ့လွန်ရခြင်းထက် ပိုပြီးကျေနပ်လာပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိခဲ့ခြင်း၏ အစွမ်းများပင်။

သို့သော် အလုပ်လုပ်သည့်နေရာများမှာ အဆင်ပြေမှုများချည်း ကြုံတွေ့ရသည်တော့ မဟုတ်ပါ။ ဘားလမ်းဆေးရုံမှာ အလုပ်လုပ်စဉ် အခါတစ်ပါးမှာ 'နင်က သိပ်အလုပ်လုပ်တယ်။ ဆေးရုံမှာ တစ်ချိန်လုံးရှိနေတယ်။ လူနာတွေက နင့်ကိုပဲ ချစ်တယ်။ ကျွန်တဲ့ ဆရာဝန်တွေ သူနာပြုတွေကလည်း နင့်ကိုပဲ ဝိုင်းချစ်ကြတယ်။ ဝိုင်းလေးစားကြတယ်။ ဒီတော့ နင့်အထက်ကငါမဲ့ လူတွေက ငါ့ဆို အလေးမထားဘူး။ နင့်ကို ငါမုန်းတယ်'ဟု ကိုယ့်ထက်



နှစ်ပေါင်းများစွာ စီနီယာဖြစ်သူက ပြောခြင်းကို ခံရသည်။ လူနာထံမှ လာဘ်ငွေယူထားမိသည့် ထိုစီနီယာကို လူနာက ဆေးရုံအုပ်အဖွဲ့သို့ တိုင်ကြားသဖြင့် သူ့အဖြစ်မှန်ပေါ်သွားခြင်းအတွက် ကျွန်မက လူနာကို မြှောက်ပေးသည်ဟု စွပ်စွဲပြီး 'နင့်ကို ငါသတ်ချင်တယ်'ဟု ပြောခြင်းကိုလည်း ခံရပြီးသည်။ 'စိတ်မပူပါနဲ့ ဆရာ။ ဆရာ မသတ်လည်း တစ်နေ့တော့ ကျွန်မ သေမှာပါ'ဟု ခပ်ရိုးရိုးပြန်ဖြေတော့ 'နင်ဟာ အတော်ကြောက်စရာကောင်းတဲ့ မိန်းမပဲ'ဟု ထပ်ပြောခံရ ပြန်ပါသည်။ သည်လောက်နှင့်လည်း မပြီးပြန်ဘဲ 'နင် ငါ သည်ဌာနကို အရည်အချင်းမရှိဘဲ အုပ်ချုပ်နေတယ်လို့ ထင်ရင် ငါ့လက်အောက်မှာ မလုပ်နဲ့၊ ထွက်သွား'ဟုပါ နှင်ထုတ်ပါတော့သည်။ ထိုစဉ်က ကျွန်မမှာ ဆေးရုံမှာ လခမယူဘဲ လုပ်အားပေးနေခြင်းဖြစ်သဖြင့် ကျွန်မကို ဆေးရုံအုပ်ကပင် မောင်းမထုတ်နိုင်ချိန်ပါ။ နောက်ပိုင်းမှာ ထိုစီနီယာမှ ပြန်တောင်းပန်ခဲ့သော်လည်း ကျွန်မအနီးဝန်းကျင်မှ ထိုကိစ္စအကြောင်းသိသူတွေက ထိုစီနီယာနှင့်ပင် ထိုဌာနမှာ ဆက်လက်အလုပ်လုပ်နိုင်နေခြင်းကို အံ့သြကြပါသည်။

သည်နေရာမှာ ကျွန်မက ကိုယ်ဘာလုပ်ချင်နေသည်ကို ကိုယ်သိသဖြင့် ထိုသို့အလုပ်ဆက်လုပ်နိုင်နေခြင်းဟု မြင်ပါသည်။ ကျွန်မ လုပ်ချင်သည့်အလုပ်က နွမ်းပါးသူများကို ဆေးကုသပေးချင်ခြင်းသာ ဖြစ်ပါသည်။ လုပ်ငန်းခွင်ဆက်ဆံရေးများမှာ လူပေါ်လိုက်ပြီး ကောင်းသည်၊ ဆိုးသည် သည်နှစ်မျိုးလုံး အမြဲရှိနေမည်ဖြစ်ပါသည်။ ကျွန်မအတွက် အရေးကြီးသည်က လုပ်ငန်းခွင်ဆက်ဆံရေး မဟုတ်ပါ။ သည်ဆေးရုံမှာ အလုပ်လာလုပ်ခြင်းသည် ဆက်ဆံရေးအဆင်ပြေသော လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံနိုင်ရေး မဟုတ်ပါ။ နောက်ဆေးရုံ နောက်ဌာနပြောင်းလုပ်လျှင်လည်း ထိုလူမျိုးမတွေ့လျှင် နောက်တစ်မျိုးတွေ့နိုင်ပါသေးသည်။ သည်ဌာနမှာ သူလိုလူမျိုးနှင့် ဆက်ဆံနေရသည့်တိုင် နွမ်းပါးသည့်လူနာများကို ဆက်လက်ကူညီနိုင်နေပါသည်။ သို့ဆိုလျှင် ကျွန်မ၏ ရည်ရွယ်ချက်အထမြောက်ပြီးဖြစ်ရာ ကျန် အရေးအရာများကို ကျွန်မ ခေါင်းထဲမထည့်တော့ပါ။ ထိုတိုင်တန်းမှုကြောင့် သူကလည်း နောက်ထပ်လာဘ်ယူမှုတွေ မလုပ်နိုင်တော့ပြီ ဖြစ်ပါသည်။ ထိုစီနီယာကိုတော့ လုပ်ငန်းခွင်ဆိုင်ရာ စကားများသာ ရွေးပြောဖြစ်တော့သည်။ သူနှင့်ပတ်သက်ပြီး ကျွန်မချမှတ်ထားသည့်စည်းကမ်းက 'ရန်သူဖြစ်ခွင့်မပေးနိုင်တော့သလို မိတ်ဆွေဖြစ်ခွင့်လည်း မပေးနိုင်တော့ခြင်းသာ'

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး 'တစ်မိုးတည်းအောက်မှာ တစ်ခုသော တူညီသည့်အလုပ်ဖြစ်သည့် ဆေးကုသခြင်းအလုပ်အား အတူလုပ်ခြင်း' ကိုဖြင့် လုပ်နိုင်နေပါသေးသည်။ ပြဿနာများဖြစ်ခဲ့စဉ်က ကျွန်မကိုယ်တိုင် ပူလောင်ခဲ့ဖူးသော်လည်း နောက်ပိုင်း ထိုကဲ့သို့ဆုံးဖြတ်ကာ အလုပ်အတူဆက်လုပ်လိုက်နိုင်ချိန်မှာတော့ အေးချမ်းနေပါသည်။ ပုဂ္ဂိုလ်သတ္တဝါအပေါ် ဆုံးဖြတ်မှုထက် လုပ်ငန်းရည်ရွယ်ချက်အပေါ် ဆုံးဖြတ်မှုကိုသာ ချနိုင်ခြင်းမှာလည်း ဝိပဿနာအားထုတ်မှုမှ ရခဲ့သော အကျိုးအမြတ်ဟု ဆိုချင်ပါသည်။

သည်နေရာမှာ ကျွန်မနှင့်ပတ်သက်ပြီး သတင်းစကားအမှားများကို ပြောတတ်တာမျိုး ကြုံရသည့်အခါမျိုးမှာလည်း ကျွန်မက ခံနိုင်ရည်ရှိလာပါပြီ။ အခြားတစ်ယောက်ယောက်၏ အပြောကြောင့်လည်း နောက်တစ်ယောက်အပေါ် အထင်သေး၊ အထင်ကြီးတာမျိုးတွေ မလုပ်ဖြစ်တော့ပါ။ ကျွန်မအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ ပြောစကားကို မူတည်ပြီးကာမှ နောက်တစ်ဦးတစ်ယောက်အပေါ် မဆုံးဖြတ်ဖြစ်တော့ပါ။ အမှန်တော့ မိမိမှအပ အခြားတစ်စုံတစ်ယောက်အပေါ် သင့် မသင့်၊ တော် မတော် ဆုံးဖြတ်သတ်မှတ်သည့် အလုပ်မျိုးကို ကျွန်မ မလုပ်ဖြစ်တော့။ လူတစ်ယောက်အဖို့ အခြားလူတစ်ယောက်က ယင်းအား ထိခိုက်နာကျင်အောင် လုပ်နိုင်လိမ့်မည်ဟု မယူဆသကဲ့သို့ အခြားတစ်ဦးတစ်ယောက်၏ အရေးကိစ္စများသည် ထိုတစ်ဦးတစ်ယောက်ကိုယ်တိုင်သာ ဆုံးဖြတ်ရမည့်၊ ပူပန်ကြောင့်ကြရမည့် အရေးကိစ္စများဖြစ်သည်ဟု ခံယူထားသဖြင့် ကျွန်မက မည်သူ့အတွက်မျှ ကြားဝင်ပြီး ဆုံးဖြတ်ချက်သတ်မှတ်ပေးရန် အကြောင်းမရှိ စိတ်မဝင်စား။ ကျွန်မပြောလေ့ရှိသည်က 'ကိုယ်က သူများအပေါ်မှာ မကောင်းမိမှာပဲ ကိုယ်ပူပါ။ သူများက ကိုယ့်အပေါ် မကောင်းမှာကို ကိုယ်မပူပါနဲ့။ အဲဒီကိစ္စက သူပူရမယ့် ကိစ္စပါ' ဟု ဖြစ်ပါသည်။ ကံနှင့် ကံ၏ အကျိုးကို ယုံကြည်သူပီပီ သူတစ်ပါး၏ ကံများအတွက် အကျိုးဆက်ကို ကိုယ့်ဆုံးဖြတ် သတ်မှတ်ချက်များဖြင့် ဝင်မစွက်နိုင်သည်မှာ သေချာနေမှတော့ နေရာတကာ ကိုယ့်စံ ကိုယ့်ပေတံနှင့် တိုင်းထွာပြီး သူများတကာကို တော်သင့်၊ ညံ့ဟု အမှတ်တွေပေးကာ မသတ်မှတ်ချင်။ မမြဲ၊ ဆင်းရဲနှင့် အစိုးမရသည့်အကြောင်း ကောင်းကောင်းသိပြီမို့ မည်သူ့ကိုမျှ ထာဝရမချစ်နိုင်၊ မမုန်းနိုင်တော့။ ကိုယ့်ကိုလည်း မည်သူကမျှ တစ်ရက်မှာ နှစ်ဆယ့်လေးနာရီ ထိုင်ချစ်နေ မုန်းနေမှာမဟုတ်ဟု သိနေသည်။ သည်တော့ မိမိကိုယ်ကိုရော



သူတစ်ပါးကိုပါ ပစ္စုပ္ပန်ခဏတိုင်းနှင့်သာ တိုင်းထွာပြီးဆက်ဆံဖို့ သတိရှိရသည်။

၂၀၀၂ နှောင်းပိုင်းမှာ စာပေလောကထဲကို ပိုပြီး ထဲထဲဝင်ဝင်ရောက်ဖြစ်သွားသည့်အခါမှာလည်း ဝိပဿနာအားထုတ်မှုက ကျွန်မကို အထောက်အပံ့ပေးဆဲ ဖြစ်ပါသည်။ ကျွန်မ၏ စာအရေးအသားပုံစံကလည်း ပြောင်းသွားသည်။ ယခင်ကတည်းက ဖြစ်ရပ်မှန်ပေါ် အခြေခံသည့် ဝတ္ထုတိုများကို ရေးခဲ့သူဖြစ်သဖြင့် ယခုတိုင် ဖြစ်ရပ်မှန်များကိုသာ ရေးဖြစ်သည့်တိုင် တင်ပြပုံကို ပိုသတိထားလာသည်။ ဝိပဿနာအားမထုတ်မီက ကျွန်မ၏ အပြောအဆိုအမူအရာများမှာ 'ကြမ်းတော၊ ဂျစ်တိုက်' ဟု ပြောနိုင်သည့် အနေအထားမှ ယခုအခါ 'ပြတ်သားသော်လည်း ယဉ်ကျေး' ဟု ပြောင်းလာသကဲ့သို့ ကျွန်မ၏ စာအရေးအသားမှာလည်း ယခင်ကထက်ပိုပြီး တင်ပြပုံနက်နဲလာခဲ့ပါသည်။ သည်နေရာမှာ ကျွန်မ၏ ဆက်ဆံရေးပြောင်းလဲမှုများသည် ဆေးရုံမှာ အထူးသဖြင့် ထင်ရှားလာကြောင်း ပြောလိုပါသည်။ နဂိုကတည်းက လူနာဟူ၍ဟုဆိုလျှင် စိတ်က ကြင်နာဖေးမလိုစိတ်တွေနှင့်မို့ အကောင်းဆုံးဆက်ဆံတတ်ခဲ့သော်လည်း ယခုအချိန်မှာတော့ မည်မျှလက်ပေါက်ကပ်သည့် လူနာပင်ဖြစ်စေ ကိုယ့်ဘက်ကသာ သူ့လိုအင်နှင့်အဆင်ပြေအောင် ချက်ချင်းပြောင်းလဲပြီး ဆက်ဆံဖို့ ပိုပြီးအားထုတ်ဖြစ်လာပါသည်။ သည်တော့ ရုံဖန်ရံခါ ဘေးမှာရောက်နေတတ်သည့် မမွေးတို့လို သူငယ်ချင်းမိတ်ဆွေဟောင်းတွေက အလိုက်မသိသည့် လူနာအချို့၏ အားကိုးသည်ဆိုကာ မိုနိုလာသည့် တောင်းဆိုချက်များနှင့် ဆက်ဆံပုံများကိုကြည့်ပြီး 'နင် အရင်လိုပဲ ပြန်ပြောပါတော့လား။ ဆက်ဆံပါတော့လား။ ခုတော့ လူတွေက လွန်လွန်းတယ်ထင်တယ်၊ နင်ကလည်း အလိုလိုက်လွန်းနေသလားပဲ' ဟု ဆိုကြသည်အထိ ကျွန်မက ပြောင်းလာခဲ့သည်။ စာရေးဆရာတွေကြားမှာလည်း မူအရသဘောမကျနိုင်လျှင်ပင် သူတစ်ပါး၏ လွတ်လပ်စွာသဘောကွဲလွဲခွင့်နှင့် ပြောရေးဆိုခွင့်များကို အတတ်နိုင်ဆုံး ကာကွယ်သွားရန် အားထုတ်ဖြစ်လာသည်မို့ ယခင်ကနှင့် သိသိသာသာကွာခြားလာသည်။

ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းအယ်ဒီတာတစ်ဦး ဖြစ်လာပြန်သည့်အခါမှာလည်း လူငယ်ထု၏ အသံအစစ်ကို ကိုယ့်မဂ္ဂဇင်းစာမျက်နှာမှာ ထင်ဟပ်နိုင်အောင်ကြိုးစားကာ မျိုးဆက်သစ်လူငယ် စာပေဝါသနာရှင်များကို နေရာပေးလွန်းသဖြင့် အမြတ်အစွန်းလည်း မရသကဲ့သို့ အချို့ကလည်း လူငယ်

www.burmeseclassic.com



တွေကို အလိုလိုက်လွန်းသည်ဟုဆိုတာ ခံရပြန်ပါသည်။ လူတိုင်းအတွ
တစ်ဦးချင်းစီ၏ မတူခြားနားသည့် ပြောချင်စရာများကို ကိုယ့်မဂ္ဂဇင်း စာမျ
နှာများမှာ ထင်ဟပ်ပြခြင်းဖြင့် အားလုံးအတွက် အကောင်းဆုံးအခွင့်အရေး
ပေးလိုစိတ်နှင့် မိမိကိုယ်တိုင်အပါအဝင် တစ်ဦးတည်းတစ်ယောက်တည်း
အခွင့်အရေးများ မပေးလိုစိတ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိ
စသည်ဟု ဆိုချင်ပါသည်။ အမှန်တော့ အနိစ္စ၊ ဒုက္ခနှင့် အနတ္တကို သိ
အသိက ကျွန်မအား အရာရာအတွက် ရင်ကို ဟင်းလင်းပွင့်ပြီး ကြိုဆိုနိုင်
ကိုပါ ပေးခဲ့ခြင်းဖြစ်ပါသည်။ သည်ဟင်းလင်းပွင့်ရင်ခွင်ထဲမှ လိုချင်တာ
ယူလည်း ရမည်။ မလိုချင်တာကို လာထည့်လည်း ခံမည်။ အကောင်း
အဆိုး၊ စိတ်ပျော်ရွှင်ရခြင်းနှင့် စိတ်ညစ်ရခြင်း။ အနိစ္စချည်းပေမို့ ခြားနား
အဆုံးမှာ ရလဒ်က ဒုက္ခသာဖြစ်မည်။ ဘဝဇာတ်ဟူ၍ဖြစ်မှတော့ သည်အ
တွေကို အစိုးလည်းမရ။ မဖြစ်ချင်တာတွေ ဖြစ်မည်။ မလိုချင်တာ
ရမည်။ မရတာတွေ လိုချင်မည်။ အနတ္တ။ သည်တော့ သည်ရုပ် သည်
သည်ခန္ဓာကို အရာရာအတွက် တံခါးဖွင့်ထားခြင်းဖြင့်သာ တပ်မက်
သော၊ အစွဲကင်းသောအနေအထားကို ရောက်နိုင်မည် မဟုတ်လား။

သည်နောက်ပိုင်းဘဝကို အကျဉ်းဆိုရလျှင် ၂၀၀၄ မှာ အင်္ဂလ
လန်ဒန်တက္ကသိုလ်မှ စာပေးစာယူဖြင့် တက်နေခဲ့သော ပြည်သူ့ကျန်းမာရေ
ဆေးပညာဘာသာရပ်တစ်ခုဖြစ်သည့် ကျန်းမာရေးစနစ်များ စီမံခန့်ခွဲမှုပညာ
ဖြင့် ဘွဲ့လွန်ဒီပလိုမာတစ်ခု ပြီးသွားသည်။ ၂၀၀၅ မတ်လဆန်းမှာ လန်ဒ
ဘွဲ့အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားစာဖြင့် ပတ်စ်ပို့ကျလာပြီး ၂၀၀
ဖေဖော်ဝါရီမှာ ဘဝ၏ ပထမဆုံးပြည်ပခရီးကို စထွက်သည်။ ခရီးမထွက်
ကတည်းက ဥရောပ၊ အမေရိနှင့် အာရှရှိ မိတ်ဟောင်းမိတ်သစ်များ၊ အဖွဲ့
အစည်းများကို ဆက်သွယ်ပြီး လေ့လာရေးသွားနိုင်ရန် စီစဉ်ခဲ့ရာ ၂၀၀
ခရီးစဉ်မှာ ဒီဇင်ဘာမှ မြန်မာပြည်ပြန်ရောက်သည်အထိ ဆယ်လကြာမြင့်
ကာ အင်္ဂလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပြင်သစ်၊ စပိန်၊ အီတလီ
ဗာတီကန်၊ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ အမေရိကနှင့် ကနေဒါနိုင်ငံတို့
ရောက်ဖြစ်ခဲ့သည်။ ခရီးစဉ်ထက်ဝက်မှာ အလည်အပတ်ခရီးဖြစ်ပြီး ထက်
ဝက်မှာ လေ့လာရေးခရီးစဉ်များ ဖြစ်သည်။ အမေရိက၏နောက်ဆုံးခရီး
အိုင်အိုဝါတက္ကသိုလ်၏ အပြည်ပြည်ဆိုင်ရာအရေးအသား အစီအစဉ်ဖြစ်သည်။
၂၀၀၆ မှာ မိသားစုနှင့် တရုတ်ပြည်၊ ဟောင်ကောင်၊ မကာအို၊ စင်္ကာပူ



ထိုင်းခရီး၊ လေ့လာရေးသဘော ထိုင်း၊ နယ်သာလန်ခရီးများ ရှိခဲ့ပြီး ၂၀၀၇ မှာ ခရီးယာယီအများဆုံးနှစ် ဖြစ်သည်။ ပြည်တွင်းပြည်ပ ခရီးပေါင်း ၁၀ ခုရှိခဲ့ပြီး နာမည်ကျော် သံဃာ့တော်လှန်ရေးကာလတွင်မှု ရန်ကုန်မှာ ရှိနေခဲ့သည်။ ပြည်ပခရီးများမှာ ဗီယက်နမ်၊ ဂရိ၊ ထိုင်း၊ နော်ဝေ၊ ဆွီဒင်၊ ဂျာမနီ၊ ချက်၊ ဩစတြေးလျတို့ဖြစ်သည်။ ၂၀၀၈ နှစ်ဆန်းမှာ အင်္ဂလန်၊ ရေဒင်တက္ကသိုလ်မှာ ပဋိပက္ခဖြေရှင်းရေးနှင့်ပတ်သက်သည့် လေ့လာသင်တန်း တက်နေစဉ် အမေရိကရှိ ဘရောင်းတက္ကသိုလ်မှ ဆက်သွယ်လာသည်။ ၂၀၀၈ ဧပြီလကုန်မှာ ရန်ကုန်ပြန်ကာ မေလဆန်းမှာ ကျရောက်လာသည့် နာဂစ်မုန်တိုင်းကို မိသည်။ မြောင်းမြကို ဘားလမ်းဆေးရုံက အဖွဲ့တွေနှင့် ဆေးကုသွားလိုက်သေးသည်။ နောက်မှ ၂၀၀၈ စက်တင်ဘာမှစကာ ဘရောင်းတက္ကသိုလ်၏ ဌာနေစာရေးဆရာ ဖြစ်လာသည်။ သည်ကြားမှာ အယ်လ်ကိုးရီးယားနိုင်ငံကို စာပေပွဲတော်တစ်ခုအတွက် သွားဖြစ်သည်။ ဘရောင်းမှ မပြန်မီ ၂၀၀၉ ဇွန်လဆန်းမှာ ဟားဗတ်တက္ကသိုလ်၊ Radcliffe Insittute for Advanced Study မှ ဖိတ်ကြားသဖြင့် ၂၀၀၉ ဇူလိုင်မှ စက်တင်ဘာလဆန်းအထိ ရန်ကုန်ပြန်ပြီး ၂၀၀၉ စက်တင်ဘာမှာ အမေရိကကို ပြန်လာသည်။ ၂၀၀၉ အောက်တိုဘာနှင့် ၂၀၁၁ ဇန်နဝါရီတို့မှာ အိန္ဒိယရှိ စာပေဟောပြောပွဲတစ်ခုကို သွားတက်သည်။ ယခု သည်စာအုပ်ကို ဟားဗတ်မှာရှိစဉ် ရေးပြီးခဲ့ခြင်းဖြစ်သည်။ ထို့အတွက် Radcliffe ကို ကျေးဇူးတင်လှသည်။

ယခုနောက်ပိုင်း နိုင်ငံတကာမှာ ဟောပြောမှုတွေ လုပ်လာတော့လည်း ကျွန်မက တိုးတိုးတိတ်တိတ်သာ လုပ်ဖြစ်သည်။ ပရိသတ်ကို ကျွန်မပြောသမျှအား အင်တာနက်ဝက်ဘ်အခြေခံမီဒီယာများမှာ မဖော်ပြရန် တောင်းပန်ရာမှာ အချို့ပရိသတ်က စာရေးဆရာတစ်ဦးက သူ့အကြောင်းမရေးရဟု တောင်းဆိုခြင်းသည် သဘာဝမကျ၊ စာရေးဆရာဆိုတာ ကိုယ့်နာမည်ကို လူပိုသိအောင်သာ လုပ်သင့်သည်ဟု မှတ်ချက်ပြုဖူးပြန်သည်။ အင်းစိန်ထောင်ထက်ကြီးသော ကျယ်သော 'မြန်မာပြည်အကျဉ်းထောင်'ထဲမှာ ဆက်လက်နေထိုင်နေဆဲဖြစ်သော၊ အခိုက်အတန့်အားဖြင့် ရေခြားမြေခြားသို့ ရောက်နေသည့်တိုင် မြန်မာ့မြေကို အမြဲပြန်သကဲ့သို့ မည်သည့်အခါမျှ ခွဲထွက်သွားရန် မစဉ်းစားသော ကျွန်မအဖို့ နာမည်ဆိုသည်ထက် လုံခြုံမှုက ပိုအရေးကြီးသည်ကတော့ ယခုကဲ့သို့တားမြစ်ရခြင်း၏ ပထမဆုံးအကြောင်းရင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြောင်းကတော့ နေရာတကာမှာ တော်ရုံနှင့် မငြင်းတမ်းဟောပြောမှုတွေ လိုက်လုပ်နေရခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်မ ကိုယ့်နာမည်ကိုယ် ကျော်အောင်လုပ်နေခြင်း မဟုတ်မှုဘဲ 'မြန်မာပြည်အကျဉ်းထောင်' နှင့် ၄င်း၏ 'နိုင်ငံသားအကျဉ်းသားများ' အကြောင်းကိုသာ ပရိသတ်များအား အသိပေးလိုရင်း ဖြစ်ပါသည်။ သည်တော့ ထိုရည်ရွယ်ချက် အထမြောက်လျှင်ပင် ကျွန်မအဖို့ လုံလောက်သောကျေနပ်မှုရပြီး ဖြစ်ပါသည်။ ထို့ပြင် ယခု Radcliffe မှာ အပြည်ပြည်ဆိုင်ရာမှ ပညာရှင်အများအပြား ရှိနေရာ ကျွန်မ ဟောပြောမှုကို နားထောင်ပြီး ကျွန်မနှင့် စကားစမြည် အချိန်အတော်ကြာ ပြောဖူးသူ ဘာသာခြားတို့က ကျွန်မ၏ အပြောအဆိုများမှာ ပြဿနာကို ရင်ဆိုင်ဖို့ထက် ပြဿနာ၏အဖြေကို ပူးပေါင်းရှာသွားနိုင်ဖို့ ဦးတည်လျှက် ရှိသည်ကို သတိထားမိကြသည်ဟု ဆိုကြပါသည်။ အများဆုံးမေးကြသည်မှာ သည်မျှသော ခါးသီးလှသည့် အတွေ့အကြုံများကို ကြုံတွေ့ခဲ့ရပြီးဖြစ်သကဲ့သို့ သည်မျှသော နိုင်ငံတကာအတွေ့အကြုံနှင့် အခွင့်အရေးများ ရနေသည့်တိုင် ကျွန်မက မြန်မာပြည်မှာ ဆက်လက်နေထိုင်ပြီး ဘဝကို ခါးသီးစွာမမြင်တတ်ဘဲ ကျန်နေသေးခြင်း၏ သော့ချက်ပင် ဖြစ်ပါသည်။ ကျွန်မထံလည်း 'ဝိပဿနာတရား အားထုတ်မှု' ဟုသာ အမြဲတစေ ဖြေကြားခဲ့ပါသည်။ ယခုလောက်ဆိုလျှင် သည်အဖြေ မည်မျှမှန်ကန်ကြောင်း စာဖတ်သူတို့ သိနိုင်လောက်ပြီဟု ယူဆပါသည်။

၂၀၀၂ နောက်ပိုင်း တနင်္လာမှ စနေထိ ဆေးရုံမှာ မနက်ပိုင်းနှင့် မဂ္ဂဇင်းတိုက်မှာ ညနေပိုင်း အလုပ်လုပ်ဖြစ်ခြင်းကလည်း ကျွန်မကို ကြီးမား သောစိတ်ကျေနပ်မှုကို ရစေပါသည်။ တစ်ဖန် ဆေးရုံမှာ ပင်ပန်းလာသမျှ မဂ္ဂဇင်းတိုက်ရောက်လျှင် အလုပ်သဘာဝအရရော လုပ်ငန်းခွင်ဆက်ဆံရေး အရပါ ခြားနားသဖြင့် ပြန်လည်လန်းဆန်း တက်ကြွသွားတတ်ပါသည်။ ခွဲစိတ်ဆရာဝန်အဖြစ် အလုပ်လုပ်ရခြင်းသည် သိပ္ပံသမားအဖြစ် အလုပ်လုပ်ရ ခြင်းဖြစ်ပြီး စာရေးဆရာအယ်ဒီတာအဖြစ် အလုပ်လုပ်ရခြင်းမှာ အနုပညာ သမားအဖြစ် အလုပ်လုပ်ရခြင်းဖြစ်ရာ သိပ္ပံစကားနှင့်ဆိုရလျှင် နေ့စဉ်နှင့်အမျှ ဦးနှောက်၏ ဘယ်ညာအခြမ်းနှစ်ခြမ်းလုံးကို သုံးနေရခြင်းဖြစ်ရာ ကျွန်မ၏ စိတ်ခံစားမှုများကို အလယ်မှာ တည်ငြိမ်အောင် ထိန်းသိမ်းရာမှာလည်း အထောက်အကူပြုလှပါသည်။ နိုင်ငံရပ်ခြားမှာ နေရခိုက်များတွင် အများ အားဖြင့် ဆရာဝန်တစ်ဦးအဖြစ်ဖြစ်စေ သို့မဟုတ် စာရေးဆရာတစ်ဦးအဖြစ်



ဖြစ်စေ ရပ်တည်ရလေ့ရှိရာ မြန်မာပြည်တွင်းမှာကဲ့သို့ ဆရာဝန်စာရေးဆရာ တစ်ဦးအဖြစ် မိမိ၏သက်မွေးပညာနှစ်မျိုးလုံးကို အသုံးချခွင့်ရလေ့မရှိသည့်ပြင် ကျွန်မချစ်သော နှမ်းပါးပြီး ရိုးသားသည့် ပြည်သူလူထုကို တိုက်ရိုက်အလုပ် အကျွေးပြုခွင့် မရနိုင်သဖြင့် ကျွန်မကိုယ်ကျွန်မ အသုံးမကျတော့သည့်နှယ် အထင်ရောက်ရမြဲ ဖြစ်ပါသည်။ မြန်မာပြည်ပြန်ရောက်ကာ တစ်ပြိုင်တည်းမှာ သက်မွေးပညာနှစ်မျိုးစလုံး ပြန်အသုံးချခွင့်ရမှသာ အသုံးကျနေသေးပါလား ဟု ခံစားရတတ်ပါသည်။ သို့အတွက်လည်း 'မြန်မာပြည် အကျဉ်းထောင်' ကို မခွဲနိုင် မခွာရက်ဖြစ်နေရခြင်း ဖြစ်ပါမည်။

မည်သို့ပင်ဆိုစေ သည်ကဲ့သို့ ရှုပ်ထွေးလှသည့် လူ့ဘောင်လောကနှင့် သည်ကဲ့သို့ ဆိုးဝါးလှသည့် 'မြန်မာပြည်အကျဉ်းထောင်' မှာ ဆက်လက် ရှင်သန်နေထိုင်နိုင်သည့် အစွမ်းကို ထောင်ထဲမှာ အားထုတ်ဖြစ်ခဲ့သည့် ဝိပဿနာတရားအစွမ်းကြောင့်သာ ရခဲ့သည်ဟု ရဲရဲကြီးဆိုချင်ပါသည်။ ထိုကဲ့သို့ အားထုတ်ဖြစ်အောင် ဆုံးဖြတ်ခဲ့သော မိမိကိုယ်တိုင်ကိုလည်းကောင်း၊ အားထုတ်ချိန် အပြည့်အဝရအောင် ထောင်ထဲထည့်ပေးခဲ့သော 'မြန်မာပြည် အကျဉ်းထောင်' ၏ ထောင်မှူးကြီးများဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး၊ ဗိုလ်ချုပ် ကြီးများကိုလည်းကောင်း၊ သံဝေဂတရား ရသွားစေအောင် အနိဋ္ဌာရုံများကို ထင်ရှားစေခဲ့သည့် 'အင်းစိန်အကျဉ်းထောင်' ၏ ဝန်ထမ်းများနှင့် အကျဉ်းသား များကိုလည်းကောင်း ကျေးဇူးတင်ကြောင်း နောက်ဆုံးပြောလိုပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကို မြင်ယောင်ကြကာ နာမ်ရုပ်အချင်းချင်း နှိပ်စက်ခြင်းနှင့် နှိပ်စက်ခံရခြင်းတို့မှ ကင်းဝေးနိုင်ကြပါစေ။ ။

မသီတာ(စမ်းချောင်း)

၂၇-၀၂-၂၀၁၀

ခေတ္တ ဘော်လစတွန်၊ မန်ဆာချူးဆက်

❐

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စမ်းချောင်း-အင်းစိန်-ဟားဗတ်

ထောင်အတွေ့အကြုံကို စာတစ်အုပ်ရေးလိုသည့်စိတ်ဖြင့် ထောင်အနှစ်နှစ်ဆယ်ချခံခဲ့ရသည့်ကာလအစမှာ ပျော်ခဲ့ဖူးသောကျွန်မသည် တကယ်တမ်း ထောင်မှလွတ်သည့်အခါ ထိုအတွေ့အကြုံများကို ချက်ချင်းမရေးနိုင်ခဲ့ပါချေ။ ချက်ချင်းရေးဖြစ်ခဲ့လျှင်လည်း ယခုစာအုပ်နှင့် မတူခြားနားသောစာအုပ်မျိုးကိုသာ ရေးဖြစ်ခဲ့မည် ထင်ပါသည်။ ထိုစဉ်က မြန်မာ့နိုင်ငံရေးတွင် ပြုပြင်ပြောင်းလဲရေးကို လိုလားသဖြင့် မိမိတို့၏ တစ်ကိုယ်ရည်လွတ်လပ်ခွင့်များကို စတေးရဲသူများအား နံရံကို ခေါင်းဖြင့် တိုက်နေသူများဟု တစ်မျိုး၊ အန္တရာယ်မကင်းသည့် လူပုန်ကန်များဟု တစ်ဖုံ သတ်မှတ်ခံရအောင် ဖန်တီးခံထားရချိန် ဖြစ်နေသေးရာ ထောင်တွင်းအတွေ့အကြုံမှတ်တမ်းကို ရေးပြီးသိမ်းဆည်းထားရန်သည်ပင်လျှင် မဟာစွန့်စားခန်း ဖြစ်ရမည့်အနေအထားပင်။ ထို့ပြင် ထောင်မှလွတ်ပြီးနောက် အဆင်းရဲဆုံးအရာမှာ အချိန်ဖြစ်ခဲ့ရခြင်းကြောင့်လည်း ၅ နှစ် ၆ လ ၆ ရက်တာ အတွေ့အကြုံများကို စာတစ်အုပ်အဖြစ်ရေးရန် အခြေအနေမပေးခဲ့ပါ။ သို့ဖြင့် အင်းစိန်အကြောင်းကို မမေ့နိုင်သည့်တိုင် မသိကျိုးကျွန် ပစ်ထားခဲ့ရပါသည်။

သည်စာအုပ်သည် ထောင်တွင်းအတွေ့အကြုံများကို ပြန်လည်ရေးသားထားသည့် စာအုပ်ဖြစ်သော်လည်း စမ်းချောင်း အင်းစိန် ဟားဗတ်ဟု အမည်ပေးဖြစ်ခဲ့ရခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါချေ။ စမ်းချောင်းသည် အင်းစိန်ကို ရောက်ခဲ့ရသည့် နောက်ခံကားချပ်များအတွက် လိုအပ်မည်ထင်သမျှကို ရေးလိုရင်းဖြစ်သဖြင့် အင်းစိန်မရောက်မီအကြောင်းများကို အတော်အတန်ပြည့်စုံအောင် အားထုတ်ခဲ့ပါသည်။ သည်စာအုပ်သည် ကိုယ်ရေးအကျဉ်းစာအုပ်မျိုး မဟုတ်သဖြင့် အင်းစိန်အကြောင်းကိုသာ ရေးလိုသော်လည်း ဟားဗတ်ကို စာအုပ်အမည်မှာ ထည့်ဖြစ်ရသည့်အကြောင်းမှာမူ ကျေးဇူးတရားကြောင့်ဟုသာ ဆိုချင်ပါသည်။



ဟားဗတ်နှင့် ရက်ကလစ်ဖ်ကသာ မိမိအား ၂၀၀၉-၂၀၁၀ စာသင်နှစ်အတွက် ပညာကုံထံတစ်ဦးအဖြစ် မကမ်းလှမ်းဖြစ်ခဲ့လျှင် သည်စာအုပ်သည် သည်နေ့အချိန်တွင် ပေါ်ထွက်ကောင်းမှ ပေါ်ထွက်နိုင်ပါလိမ့်မည်။ ရက်ကလစ်ဖ်မှ ပေးအပ်ခဲ့သော မတောင့်မတ မကြောင့်မကြ ဆယ်လတာသာ မရှိခဲ့လျှင်၊ ဘရောင်းတွင် နေခဲ့ရသော တစ်နှစ်တာတွင်ပင် မရခဲ့သည့်အခွင့်အရေးဖြစ်သော ဟားဗတ်ကျောင်းသားများကို သုတေသနအကူအဖြစ် စေလိုရာစေ ကူညီနိုင်းနိုင်ခွင့်ကိုသာ မရခဲ့လျှင် သည်စာအုပ်သည် သည်နေ့သည်အချိန်တွင် အဆင်သင့်ဖြစ်နိုင်ဦးမည် မဟုတ်ပါချေ။ ထို့ကြောင့် သည်စာအုပ်အတွက် လိုအပ်သည့် သမိုင်းကြောင်းနှင့် နိုင်ငံရေးဆိုင်ရာ အချက်အလက်များကို ကူညီရှာဖွေပေးခဲ့သည့် ဟားဗတ်ကျောင်းသူ ကိုးရီးယားသွေးတနေဒါသူလေး လီနာဘေးကိုလည်းကောင်း၊ ရက်ကလစ်ဖ်နှင့် ဟားဗတ်၏ ကမ်းလှမ်းမှုကို အရာထင်စေခဲ့သည့် အမေရိကန်စာရေးဆရာမနှင့် ဟားဗတ်ဆရာမ ဂျိန်းအန်ရှူးကိုလည်းကောင်း၊ မိမိစိတ်တိုင်းကျ ရေးလိုရာရေးနိုင်ရန် အစစပံ့ပိုးကာ နေရာပေးခဲ့သော ရက်ကလစ်ဖ်နှင့် ဟားဗတ်ကိုလည်းကောင်း ကျေးဇူးတင်မဆုံးနိုင်ပါချေ။ သို့ဖြစ်ပါ၍ ဟားဗတ်ကို တခုတ်တရမှတ်တမ်းတင်သည့်အနေဖြင့် စာအုပ်အမည်မှာ ဟားဗတ်ကို ထည့်ဖြစ်ခဲ့ခြင်းပင်။ ဟားဗတ်ကြောင့်သာ မဟုတ်လျှင် သည်စာအုပ်သည် ဆက်လက်ကြန့်ကြာနေပေဦးမည် ထင်ပါသည်။


တဖန် ငါတို့စာပေကိုလည်း ကျေးဇူးစကားဆိုပါရစေ။ ပုံမနှိပ်မီ စာပေစိစစ်ရေးသို့ တင်ပြရသည့်အချိန်မှာတည်းက သည်စာအုပ်အကြောင်း ပြောဖြစ်ခဲ့ရာမှ မည်သို့ပင် ကျလာသည်ဖြစ်စေ စိစစ်ရေးသို့ တင်ထားနှင့်ရန်နှင့် ကျလာလျှင်လည်း ထုတ်ဖြစ်အောင်ထုတ်မည်ဟု ရဲရဲကြီးဆုံးဖြတ်ခဲ့သည့်အတွက် ငါတို့စာပေအားလည်း ကျေးဇူးစကားဆိုပါသည်။

ထို့ပြင် အမှာစာရေးသားပေးသည့် ဆရာဟံသာဝတီဦးဝင်းတင်နှင့် ဆရာဦးမျိုးမြင့်ညိမ်းနှင့် ဓမ္မဘောရီအရှင်ဝီရိယ(တောင်ဖွန်း)တို့အားလည်း မမိုတ်မသုန် ကျေးဇူးတင်ပါသည်။

နောက်ဆုံးနှင့် အများဆုံး ကျေးဇူးကိုကား စာဖတ်ပရိသတ်များကို တင်လိုပါသည်။

မသီတာ(စမ်းချောင်း)

www.burmeseclassic.com




မကြာမီထွက်ရှိလာမည့်စာအုပ်များ

## ဘာလဲဟဲ့
## မောင်စွမ်းရည်
(ဆောင်းပါးပေါင်းချုပ်)

"လက်နက်နဲ့အာဏာသုံးပြီး ပြည်သူတွေကို
စစ်ကျေးကျွန်ဖတ်သွင်းခဲ့တဲ့
သမိုင်းကြောင်းကိုတော့ နောက်ပို့ပစ်လို့ မရပေဘူး။
ဗမာပြည်ကြီးပျက်စီးရတာ ဘုန်းကြီးကြောင့်လဲ
မဟုတ်၊ ကွန်မြူနစ်ကြောင့်လဲ မဟုတ်ပါဘူး။
စစ်အာဏာရှင်ကြောင့်ပါ"

ငါတို့စာပေ

ဖုန်း ၀၉-၇၃၀၅၅၅၆၃၊ ၅၃၉၇၇၃

## မြေမှုန်လွင်
## ကျောက်စာကို ခဲဈက်နှင့် ဈက်၍မရ
(ဒုတိယအကြိမ်)

"ခန္ဓာကိုယ်ကိုပဲ ပစ်သတ်လို့ရရင် ရမယ်
ယုံကြည်ချက်ကို ပစ်သတ်လို့မရဘူး"

www.burmeseclassic.com